
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



**လက်ရွေးစင်ဘာသာပြန်ဝတ္ထု**

စာမူခွင့်ပြုချက်အမှတ်- ၆၉၈/၂၀၀၀ (၉)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၅၀၀၂၁၆၀၅၀၂

**ပုံနှိပ်ခြင်း (တတိယအကြိမ်)**

၂၀၀၅-ခုနှစ်၊ မေလ

စောင်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၉၀၀ ကျပ်

**မျက်နှာဖုံးဒီဇိုင်း**

ကိုသိန်းဝင်း (ကွန်ပြူတာ)

**ထုတ်ဝေသူ**

ဦးကျော်ဟင်း (၀၉၁၀-မြ)၊ "ယုံကြည်ချက်စာပေ"

အမှတ်-၁၁၁/၃-ထပ်(ညာဘက်)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့က ထုတ်ဝေသည်။

**မျက်နှာဖုံးရိုက်**

ဦးကျော်စိန်၊ ကျောက်စိမ်းအော့ဖ်ဆက် (မြ-၀၂၉၀၉)

၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

သိရိပိဋကတ်ပုံနှိပ်တိုက်

ဦးရဲမင်းထက် (မြ-၀၃၇၇)

အမှတ်-၃၃၃၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**တာအုပ်ချုပ်**

မိုးမိုးအေး

www.burmeseclassic.com

www.burmeseclassic.com

30 JAN 2014

ကျော်ရင်ထွန်းစာပေတိုက်၏ ဒီဇိုင်းတင်ဆက်မှု (၅)

BURMESE CLASSIC .com

# [illegible]

ဝင်းမြင့်အောင်

# FIRE FOX

## CRAIG THOMAS

ကျော်ရင်ထွန်းစာပေ

အမှတ်-၁၀၇၊ မန္တလေးလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# ဤစာအုပ်ကို သူတို့ ဤသို့မြင်၏

ဖတ်ရသည်မှာ အံ့သြဖွယ်ကောင်းလှသည်။ ရေးသားထားရာတွ
လည်း ထိမိ၏။

***IRA LEVIN***

***Author of the Boys from Brazils***

❖❖❖❖❖

ပထမစာမျက်နှာမှသည် နောက်ဆုံး စာမျက်နှာထိ ရင်တမမန
ဖတ်ရှုဖွယ်ကောင်းသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။

***The Newyork Times Book Review***

❖❖❖❖❖

လူ့အာရုံတွင် ဖြစ်ပေါ်သည့်အတိုင်း လျှပ်ရှားလည်ပတ်သော ယန္တရ
စနစ်ကို ဆိုဗီယက်တို့ တီထွင်နိုင်ခဲ့သဖြင့် အနောက်နိုင်ငံများ၏ ကာကွယ်ရေ
စနစ်ကို ချိုးဖောက်ခဲ့ခြင်းပင်၊ ဖိုင်းယားဖော့စ်လေယာဉ်တွင် ယင်းစန
တစ်ရပ်လုံးကို တွေ့ရလေသည်။

***SIR WILLIAM STEPHENSON***

***The man Called Intrepid***

❖❖❖❖❖

ကျွန်ုပ်သည် ဖိုင်းယားဖော့စ်စာအုပ်ကို အစအဆုံး ဖတ်ခဲ့သည
ဖတ်သည်မှာလည်း သည်းထိတ်ရင်ဖိုဖွယ် ကောင်းလှပေသည်။

***ARTHUR HAILEY***


***Author of Airport***

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# FOXBAT



မစ် ၃၁ မတိုင်မီက ကမ္ဘာ့ဝေဟင်တခွင်တွင် ဘုရင်အဖြစ် ထိပ်တန်းတင်ခဲ့သော အမ်-အိုင်-ဂျီ(မစ်) ၂၅ (သို့) ဖော့ဘက်။

www.burmeseclassic.com

www.burmeseclassic.com




# ကမ္ဘာကျော်စာရေးဆရာကြီး

# CRAIG THOMAS

CRAIG THOMAS သည် CARDIFF တက္ကသိုလ်မှ 1967 - ခုနှစ်တွင် M.A. ဘွဲ့ရပြီး ဈေးကွက်ဝင် ရောင်းကောင်းစာအုပ် (15)အုပ် ရေးသားခဲ့သည်။ ယင်းအနက် FIREFOX, EMERALD, DECISION, WINTE HAWK ALL THE GREY CATS, A HOODED CROW AND PLAYIHG WITH COBRAS စသည့် စာအုပ်များရေးသားခဲ့သည်။ သူ၏စာအုပ်များကို ကမ္ဘာ့နိုင်ငံအသီးသီးမှ ဘာသာအမျိုးမျိုးဖြင့် ပြန်ဆိုထုတ်ဝေခဲ့သည့်အတွက် ကမ္ဘာ့စာအုပ်ဈေးကွက်တွင် အရောင်းရအသွက်ဆုံး၊ အကျော်ကြားဆုံး စာအုပ်များဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ရိုက်ကူးပြသခဲ့သည့် ဖေ့ာစ်ဘက်။

(ယင်းဖြစ်ရပ်ဇာတ်ကြောင်းအား 'ပိုးအိမ်မျှင် စစ်ဆင်ရေး' အမည်ဖြင့် 'ဝင်းမြင့်အောင်'မြန်မာပြန်၍ 'ဇေယျာသီရိ'က ထုတ်ဝေပြီးဖြစ်သည်။)

BURMESE CLASSIC .com

ဖေ့ာစ်ဘက် လေယာဉ် ဂူ့းဂျန်ပြည် ဟိုကိုင်ဒိုကျွန်းတွင် သက်ဆင်းပြီးသည်၏နောက်တွင် ဖြစ်ပွားခဲ့သော ဖေ့ာစ်ဘက်နှင့် ပတ်သက်သည့်သတင်း

**အမ်အိုင်ဂျီလေယာဉ် အိန္ဒိယရှိလို**

နယူးဒေလီ မတ် ၆

အမေရိကန်လုပ်အက်ဖ်-၁၆ နှင့် ပြင်သစ် မီရာ့ချ်တိုက်လေယာဉ်များ ထက်သာပြီး ပိုမိုကောင်းမွန်အောင် မြှင့်တင်ထားသည့် အမ် အိုင် ဂျီ လေယာဉ်များ ရရှိရေး အတွက် အိန္ဒိယ အစိုးရက ဆိုဗီယက်အား မေတ္တာ ရပ်ခံထားသည်ဟု အိန္ဒိယ ကာကွယ်ရေးဝန်ကြီး ဗင်ကာတာရာမန်က လွှတ်တော်တွင် ပြောကြားကြောင်း ပီတီအိုင် သတင်းဌာနက ကြေငြာသည်။

ဆိုဗီယက်ကာကွယ်ရေး ဝန်ကြီးသည် ယခုလက်ရှိနေသည့်အိန္ဒိယနိုင်ငံ၏ လက်နက်ထုတ်လုပ်သည့် စက်ရုံများကို လှည့်လည်ကြည့်ရှုနေစဉ်အိန္ဒိယ ကာကွယ်ရေးဝန်ကြီးက ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အင်္ဂလိပ်အခြေ-ရိုက်တာ

**အမ်အိုင်ဂျီ-၂၅ လေယာဉ် အစွမ်းရေးစဉ်ချွဲ**

**တဲလ်အဗစ် အောက်တိုဘာ ၅**

ဆိုဗီယက်လုပ် အမ် အိုင် ဂျီ-၂၅ တိုက်လေယာဉ် တစ်စင်းကိုအစ္စရေးပိုင်က လျှို့ဝှက် မြှင့်တင် ထားသည့် အမေရိကန်လုပ်"ဟော့ခ်" အမျိုးအစား ဒုံးပျံဖြင့် ဘေရွတ်မြို့ပေါ်တွင် လွန်ခဲ့သည့်နှစ်ဩဂုတ်လ အတွင်းက ပစ်ချခဲ့ကြောင်း အစိုးရ ရုပ်မြင် သံကြား ဌာနက ယမန်နေ့ညက ကြေငြာသည်။

အဆိုပါ လက်နက်သည်ခေတ်မီဆန်းပြားသည့် လေယာဉ်အားချက်ချင်းနိုင်စွမ်းရှိသော ပထမဆုံး ဖြစ်ကြောင်း အစ္စရေးဖျက်ဆီးခဲ့ကြောင်းပြသလိုက်ခြင်းဖြစ်သည်ဟု အဆိုပါဌာနက ဖော်ပြသည်။ ထိုလေယာဉ်သည်ဆိုဗီယက်လေတပ်၏ ခေတ်အမီဆုံးလေယာဉ်ဖြစ်သည်ဟု ယူဆရသည်။

အင်္ဂလိပ်အခြေ-ရိုက်တာ

www.burmeseclassic.com

www.burmeseclassic.com




ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်… …
ကြေငြာထားသည့် ဖိုင်းယားဖော့စ်
ဤရုပ်ရှင်ကားနှင့် ကမ္ဘာကျော်မင်းသားကြီး
'ကလင့်အိစ်ဝုဒ်' ခေါင်းဆောင် ပါဝင်ထားသည်။


အနောက်အုပ်စု၏ လေကြောင်းကာကွယ်ရေးကို တုန်လှုပ်စေသော
ဖိုင်းယားဖော့စ်(သို့)အမ်-အိုင်-ဂျီ(၃၁)




www.burmeseclassic.com


www.burmeseclassic.com

ဧအ အာက်ဖ် တိ အိုင် / အက်ပ် ၁၆ လေယာဉ်ဦးပိုင်းခန်း၏ လေယာဉ်မှူးရှေ့တွင်ရှိ ကွန်ပြူတာက အစီအစဉ် ဖယားတွေ ချပြသည်။ ယင်းတွင် စစ်ဆင်ရေးအစီအစဉ်၊ ဗုံးပြုတ်ရမည့် စက္ကန့်၊အရေအတွက်များ ကိုပါတခါတည်းပော်ပြပေးသည်။ လေယာဉ်မှူးက ယင်းအစီအစဉ်များကိုမကြိုက်လျှင် သူကြိုက်သည့်ပုံစံကို ကွန်ပြူတာအား အသံနှင့်ပြန်ခိုင်းနိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com




















ကမ္ဘာကျော်စာရေးဆရာကြီး **CRAIG THOMAS** ၏
နိုင်ငံအသီးသီးသို့ထုတ်ဝေခဲ့သော မှုခင်းဝတ္ထုစာအုပ်များ

www.burmeseclassic.com

www.burmeseclassic.com





ဗုံးကြဲရန် ပျံတက်သွားသည့်အခါ ဘေ အက်ဖ် တီ အိုင် / အက်ဖ်-၁၆ ရဲ့ လေကြောင်းပြစနစ်က လေယာဉ်ကို သစ်ပင်ထိပ်ပျားလောက်သာ မြင့်စေပြီး၊ ရန်သူ့တင့်ကားစစ်ကြောင်းတည်ရှိရာကို ဦးတည်ပျံသန်းစေပါသည်။

တင့်ကားတွေကို တွေ့မြင်လိုက်သည့်အခါ လေယာဉ်မှူးက ပစ်ကွင်း ရယူဖို့အတွက် အနီလွန်ရောင်ခြည်သုံး ကင်မရာနဲ့ လေဆာရောင်ခြည်လွှတ် ရှာဖွေရေး ကရိယာ အသုံးပြုသည်။




ပုံ(၁)



ပုံ(၂)

www.burmeseclassic.com


www.burmeseclassic.com



၃။ အပူလှိုင်းထိန်း ကွန်ပြူတာကစတင်ပြီ၊ ရန်သူ့တင့်ကားများက လေယာ
အလွယ်တကူပစ်မရအောင် ဘယ်ညာလူးလိမ့်စေပြီး ပစ်ကွင်းအနေအထားကို
လေကာမှန်ကားချပ်မှာ တခါတည်း ဖော်ပြပေးသည်။

၄။ လေယာဉ်ကိုပြန်တွေ့လိုက်သည်နှင့် ရန်သူ့တင့်ကားတစ်ရှဲအလယ်မှ တင့်ကား
ထံ အလိုအလျောက် ပစ်လွှတ်ပြီးသားဖြစ်သွားသည်။

ပုံ(၃)




ပုံ(၄)



www.burmeseclassic.com

www.burmeseclassic.com




အမေရိကန် လေတပ်၊ ရေတပ်၊ အမျိုးသားလေကြောင်းနဲ့ အာကာသ အုပ်ချုပ်ရေးအဖွဲ့(နာဆာ)တို့ ပူးပေါင်းထုတ်လုပ်လိုက်သည့် လေယာဉ်မှူးပါးပေါ်က အမိန့်ပေးရုံနှင့် အလိုအလျောက် ဆောင်ရွက်နိုင်စွမ်းနိုင်သော....

အေ-အက်ဖ်-တီ-အိုင်/အက်ဖ် ၁၆-လေယာဉ်(AFTI F-16-(Aduanced Fighter Technology Integ·ration) ကွန်ပြူတာစက်တွေ အများဆုံး တပ်ဆင်တည်ဆောက်ထားသည်။ လူမပါပဲနှင့် ပစ်မှတ်တွေဆီ တိုက်ခိုက်နိုင်၊ ဗုံးကြဲနိုင်သည်။ ပျံသန်းရေးထိန်းချုပ်ကွပ်ကဲသည့်ကွန်ပျူတာမှနေ၍ ပြောင်းလဲ လုပ်ဆောင်ချက်အဖြစ် မြေပြင်ရော လေထုတွင်ပါ၊ ပစ်မှတ်ကို တမဟုတ်ခြင်း ပစ်ခိုင်းနိုင်စွမ်း၏။

www.burmeseclassic.com

www.burmeseclassic.com



အမ်အိုင်ဂျီ ၂၅ လေယာဉ်ကို ပစ်ချခဲ့ရာ၌ အဓိကနေရာမှ ပါဝင်ခဲ့သည့် အမေရိကန်လုပ် 'ဟော့ခ်အိုင်း'အမည်ရှိ အစောင့်ရှောက်ရေး တိုက်လေယာဉ်။

ယင်းလေယာဉ်သည် ဝေဟင်နှင့် မြေပြင် စစ်ပွဲအခြေအနေ အား မိုင်ပေါင်းများစွာမှနေ၍ကွပ်ကဲထိန်းချုပ်ပေးနိုင်စွမ်းရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



၂။ လေယာဉ်လမ်းကြောင်းပြ ဆက်သွယ်နေပုံ။

၃။ မစ်-၃၁ လေယာဉ်နှင့် ပင်လယ်ပြင်တစ်နေရာ၌ တိတ်တဆိတ် ဆက်သွယ်နေပုံ။




www.burmeseclassic.com

www.burmeseclassic.com



...ence, symbols on screen are manipulated by Hawkeye controller to guide an F-15 in finding and destroying a MiG



အမ်-ဒိုင်-ဂျီ လေယာဉ်အား ခြေမှုန်းခဲ့စဉ်က—
ဟော့ခ်အိုင်းမှ ရှာဖွေ စီစဉ် ညွှန်ကြား ချေဖျက်နိုင်အောင်
စွမ်းဆောင်ပေးခဲ့သော အဆင့်ဆင့်ပြ မှတ်တမ်း။

www.burmeseclassic.com


www.burmeseclassic.com



ဟောခ်ိအိုင်း လေယာဉ်အတွင်းရှိ ဗီဒီယိုမှန်သားပြင်ပျေ့ ၁ယ်—
သက်ဆိုင်ရာ အချက်လက်ပေါင်းများစွာတို့အား ရှာဖွေစူးစမ်း
နေကြသည့် အစွရေးလေယာဉ်မှူး(၃)ဦး—
ဤဗီဒီယိုမှန်သားမှနေ၍ ရန်သူမိတ်ဆွေ ခွဲခြားနိုင်သည်သာမက
ရန်သူတို့၏ အနေအထား အခြေအနေ အားလုံးကိုပါ ပြောဆို
စီစဉ်ညွှန်ပြနိုင်စွမ်းရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



LUNCH WITH SARGENT?
— THURS. 1245

Call H.S. 2136 Ext 74.

ESTIMATES ATTI
Check with Geoffrey


KNOWN FACTS 22 AUG 76

① The A/c 10-15 years ahead of M.R.C.A and USAF's Y16:
② It will be flying by 1980 - Operational by ?
③ Performance - projected Mach 5 plus etc!
④ Designed around Adv. Tech. Engines and possesses Thought Guided Weapons System
— Nato does not. — NOR IS IT LIKELY!
⑤ Nato codenamed - without euphemism —
FIREFOX
⑥ We do not have — a) the budget b) technology.
............ so — we must have the Firefox!

SOLUTION ? ←« Simple really
STEAL ONE

Talk to Plessey
Ferranti
etc.

"ဖိုင်းယားဖော့စ်"နှင့် ပတ်သက်၍ ဗြိတိသျှထောက်လှမ်းရေးမှ.... ဖမ်းရရှိထားသည့် တွေ့ရှိချက် မှုရင်းစာ။
(စာပါအချက်အလက်တို့အား စာမျက်နှာ(၆)တွင် ကြည့်ပါ)။



160843 TUESDAY.

Richard,
Have you seen the S.A.C. Radar reports on the initial trials of Firefox?
The Americans had everything, including the Breakfast bar in the air, monitoring the performance trials, based on Baranovichs Info. ref times, flight path etc.

— she flies and — NOTHING.!

② If it's what I think it is — then the Soviets have developed Anti-Radar for Firefox. and the Dew-Line can be put away along with the longbow and cutlass!

③ Advise the P.M. — . NOW.

In haste
Kenneth

ဗြိတိသျှ ထောက်လှမ်းရေး တာဝန်ခံမှ ထောက်လှမ်းရေးမှူးချုပ်ထံပေးပို့သည့် မှုရင်းစာ—
(စာပါအကြောင်းအရာကို စာမျက်နှာ(၁၃)တွင် ကြည့်ပါ)။

www.burmeseclassic.com

www.burmeseclassic.com



မဟာဗျူဟာ အမြောက်ဆုံး လေယာဉ်

မော်စကိုမြို့တော် အရှေ့ဘက် မိုင်(၆၀၀) ကွာသည့် နေရာတစ်နေရာတွင် ဆိုဗီယက်တို့သည် ကမ္ဘာ့ပေါ်၌အဆင့်မြင့်ဆုံး **"မဟာဗျူဟာ အမြောက်ဆုံး လေယာဉ်"** တို့ကို တည်ဆောက်လျက်ရှိ၏။ လေယာဉ်မှာ စက်ယန္တရားအားလုံး တပ်ဆင်ပြီးဖြစ်သည်။ စစ်လက်နက်များ တပ်ဆင်ရန်သာကျန်တော့သည်။ ထိုလေယာဉ်မှာ **မစ်-၃၁** ( MIG-31) ပင်ဖြစ်သည်။ နေတိုးစစ်မဟာမိတ်အဖွဲ့က ယင်းလေယာဉ်ကို **" ဖိုင်းယား ဖော့စ်"** ( Fire fox) ဟုလျှို့ဝှက်အမည်ပေးထား၏။

လေယာဉ်သည် တစ်နာရီလျှင် မိုင် (၄၀၀၀) ထိပျံသန်းနိုင်ပြီး မည်သည့်ရေဒါနှင့်မှ ဖမ်းမရအောင်ရေဒါရှောင်တိမ်းနိုင်သောယန္တရားလည်းတပ်ဆင်ထား၏။ ကွန်ပျူတာဖြင့် ထိန်းချုပ်ပြီးပစ်မလွဲဒုံးပျံလက်နက်များလည်း တပ်ဆင်ထား၏။ ဤလေယာဉ်သည် အနောက်နိုင်ငံများအဖို့ တုန်လှုပ်ချောက်ချားဖွယ်ဖြစ်နေလေသည်။ မဟာဗျူဟာလက်နက်ကန့်သတ်ရေးနှင့် လက်နက်ထိန်ချုပ်ရေးတို့တွင်လည်း တစ်ဖက်စောင်းနင်းဖြစ်နေလေ၏။ထို့ကြောင့် အနောက်နိုင်ငံ စက်မှုပါရဂူများအဖို့ ဖိုင်းယားဖော့စ်' လေယာဉ်နှင့်ယှဉ်ပြိုင်နိုင်သော လေယာဉ်ကိုထုတ်လုပ်ရန် လိုအပ်လာသည်။

ဤကိစ္စနှင့်ပတ်သက်၍ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့နှင့် **စီ-အိုင်-အေ** ထောက်လှမ်းရေးတို့က အပူတပြင်းစဉ်းစားနေကြသည်။ အနောက်နိုင်ငံ စက်မှုပါရဂူများ တီထွင်ထုတ်လုပ်တောင်မှ ဖိုင်းယားဖော့စ် လေယာဉ် စံချိန်မီရန် အချိန်ကာလအတော်ကြာပေလိမ့်မည်။ သို့ဖြစ်၍ အချိန်ကုန်လူပမ်း မဖြစ်လေအောင် ဆိုဗီယက်တို့၏ မစ်-၃၁ လေယာဉ် တစ်စီးရရန် ကြံစည် ကြလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



✈ လေယာဉ်ပိုင်လော့ကစိတ်အာရုံထဲ စဉ်းစားလိုက်သည်နှင့် လေယာဉ် မှာ တပ်ဆင်ထားတဲ့ ဒုံးပျံလက်နက်တွေဟာ စိတ်အာရုံပေါ်တဲ့ နေရာကို ပစ်ခတ်ပြီးသားဖြစ်နေတယ်။

✈ ဒီလောက်ခေတ်ပီ ဆန်းကျယ်တဲ့ လေယာဉ်ကို အနောက် နိုင်ငံကလူတွေဟာ ပကြောက်ပဲနေနိုင်ပါ့ပလား။ ။



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်ုပ်ဆန္ဒ "

ဥပဒေအားဖြင့် လည်းကောင်း၊ တာဝန်သတ်မှတ်ချက်အားဖြင့် လည်းကောင်း၊ ကျွန်ုပ်စွန့်စားခြင်းမဟုတ်ပါ။

ပြည်သူလူထုက ခိုင်းစေခြင်းလည်းမဟုတ်။

ပြည်သူလူထု ကောင်းချီးသြဘာပေးရန် အတွက်လည်း မဟုတ်။

ကျွန်ုပ်၏သဘောအလျှောက် စွန့်စားခဲ့ခြင်းပင်။

ကျွန်ုပ်သည် တိမ်တိုက်တွေကြားမှာ ပြေးကစားနေချင်သည်။

အတိတ်ကဘဝသည် မည်မည်ရရ ဘာမှတန်းဖိုးဖြတ်၍မရ။ အနာဂတ်ဘဝကို မျှော်ကြည့်ပြန်တော့လည်း မည်မည်ရရ ဘာမှ မျှော်လင့်စရာမရှိ။ လူဆိုသည်မှာ မွေးဖွားလာပြီးနောက် သေခြင်းသို့သာ ရောက်ကြပေသည်။

ကျွန်ုပ်သည်သေမှာကိုလုံးဝမကြောက်။

ကျွန်ုပ်သဘောအလျှောက် စွန့်စားခဲ့၏။

ဒဗလျူ- ဘီ- ယက်သ်



www.burmeseclassic.com

www.burmeseclassic.com



→ (Firefox) ဖိုင်းယားဖော့စ် ဟု နေတိုး စစ်မဟာမိတ်အဖွဲ့က လျှို့ဝှက် အမည်ပေးထားသော လေယာဉ်သည် လေကြောင်းကာကွယ်ရေး လောကကို တုန်လှုပ်ချောက်ချားဖွယ် အကောင်းဆုံး လေယာဉ်ဖြစ်သည်။ ယင်းလေယာဉ်ကား မစ်- (၃၁) ပင်တည်း။

→ (Firefox) ဖိုင်းယားဖော့စ်ဟု နေတိုးစစ်မဟာမိတ်အဖွဲ့က လျှို့ဝှက် အမည်ပေးထားသော လေယာဉ်သည် တစ်နာရီလျှင် မိုင်(၄၀၀၀) ပျံသန်းနိုင်ပြီး မည်သည့်ရေဒါမှ ဖမ်းမမိနိုင်။

→ (Firefox) ဖိုင်းယားဖော့စ်ဟု နေတိုးစစ်မဟာမိတ်အဖွဲ့က လျှို့ဝှက် အမည်ပေးထားသော လေယာဉ်တွင် မလွဲတန်းပစ်ခတ်နိုင်သည့် ဒုံးပျံလက်နက်များ တပ်ဆင်ထားသည်။

→ (Firefox) ဖိုင်းယားဖော့စ်ဟု နေတိုးစစ်မဟာမိတ်အဖွဲ့က လျှို့ဝှက် အမည်ပေးထားသော လေယာဉ်အား မည်သည့်လက်နက်နှင့်မှ ပစ်ချ၍မရနိုင်။

အနောက်နိုင်ငံအတွက် ဤမျှလောက်တုန်လှုပ်ချောက်ချားဖွယ် ကောင်းသော လေယာဉ်ကိုရအောင် မည်ကဲ့သို့ကြံဆောင်ရပါမည်နည်း။ ခိုးမှသာ ရနိုင်တော့မည်။

ယင်းကဲ့သို့ခိုးရန်အတွက် ကြံဆောင်အားထုတ်ခြင်းသည်ပင်လျှင် " မစ်- (၃၁) စစ်ဆင်ရေး " ပင်မဟုတ်ပါလော။



www.burmeseclassic.com

www.burmeseclassic.com



"နေလယ်အိပ်ပျက် ကယောက်ကယက်"

လက်နှစ်ဘက်ပိုက်ထားရင်း ကုတင်ပေါ်လှဲကာ မျက်နှာကျက်ကိုစိုက်ကြည့်နေသည်။ တစ်စုံတစ်ခုကိုလေးလေးနက်နက် စဉ်းစားနေသည်။ ကုတင်ပေါ် စန့်စန့်လေးအိပ်ရင်း စဉ်းစား၏။ သူ့အတွေးကားကမ္ဘာတစ်နေရာသို့ ရောက်နေလေသည်။

ညအိပ်မက် ကယောက်ကယက်တော့မဟုတ်။ သူ့မျက်စိထဲတွင် လေယာဉ်ပျံဝဲနေသည်ကို မြင်ယောင်နေမိ၏။ တိမ်သလ္လာကြားတွင် **အမ်- အိုင်- ဂျီ(၂၁)** ( MIG-21) လေယာဉ်ကိုရုတ်တရက် တွေ့လိုက်ရသည်။ ထိုနောက် ဖန်တန်ဂျက်လေယာဉ်နောက်လိုက်လာသည်ကိုလည်း တွေ့ရ၏။ ဤသည်ကား ဗီယက်နမ် စစ်ပွဲကာလက ,တကယ်ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များပင်။

သူ့အတွေးမရပ်သေး။ အတွေး၏ နောက်ကွယ်တွင် တကယ်ဖြစ် ရပ်များက မျက်စိထဲပေါ်လာ၏။ လွန်ခဲ့သောနှစ်က ဂျပန်ပြည် ဟိုတိုင်ဒိုကျွန်းပေါ်တွင် ထိုးဆင်းခဲ့သည့် ဆိုဗီယက် လေယာဉ်ကို မျက်စိထဲမြင်ယောင်မိပြန်၏။ ထိုအချိန်၊ ထိုအခါက ဆိုဗီယက်တို့၏ မဟာဗျူဟာမြောက်ဆုံး မစ်- ၂၅ လေယာဉ်သည် မဟာမိတ်နယ်မြေတွင် ပထမဆုံး ဆင်းသက်ခဲ့ခြင်း ဖြစ်သည်။ လေယာဉ်ပိုင်လော့၊ မီခေးလ် ဗိုလော့စကီးကိုလည်း မျက်စိထဲတွင် မြင်ယောင်လာ၏။

တစ်ယောက်တည်းကုတင်ပေါ် လူးလွန့်နေ၏။ သူ့တစ်ကိုယ်လုံး ချွေးတွေစိုနေသည်။ အတွေးကြောင့် သူအိပ်နေသော အခန်းပင် **ချာချာလည် နေသလားဟု ထင်မိသည်။ ထိတ်လန့်ဖွယ်အတွေးတို့က** 'မစ်ချယ်ဂျန်' ကို ဆုပ်ကိုင်ဖမ်းစားထားလေပြီ။

\+ \+



www.burmeseclassic.com

www.burmeseclassic.com



၁၉ ၇၅ခုနှစ်၊ ဩဂုတ်လ၊ ၂၂ရက်နေ့ထိ တွေ့ရှိချက်များ

(၁) ယူအက်စ်အေအက်ဖ် (USAF) လေယာဉ် အမျိုးအစားများ ထက် အစွမ်းထက်သည်။

(၂) ၁၉၈၀ ပြည့်နှစ်မှစ၍ ပျံသန်းနိုင်သည်။

(၃) တစ်နာရီလျှင် (၅) မက်နွန်းထိ ပျံသန်းနိုင်သည်။

(၄) လေယာဉ်တွင် ခေတ်မီ ကွန်ပျူတာနှင့် ရေဒါများ တပ်ဆင်ထားပြီး ပစ်မလွဲဒုံးလက်နက်များလည်း တပ်ဆင်ထားသည်။

(၅) ယင်းလေယာဉ်မျိုး နေတိုးအုပ်စုတွင် မရှိသေး။

(၆) ကျွန်ုပ်တို့မှာ ခွင့်ပြုဘဏ္ဍာရေးငွေမရှိ။ အဆင့်မြင့်စက်မှု အတတ်ပညာ လည်းမရှိ။ ကျွန်ုပ်တို့မှာလက်ပဲရှိသည်။

(၇) ကျွန်ုပ်တို့ ဘာလုပ်ကြမည်နည်း။ အဖြေရှာရန်လိုသည်။

(၈) အဖြေကား . . . . . ။

မစ်(၃၁) စစ်ဆင်ရေး . . . . ပင်မဟုတ်ပါလော။

---

USAF - Uinted State Air Force
အမေရိကန် လေတပ်မတော်



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တန်းလျှို့ဝှက်

ထောက်လှမ်းရေးမှူးချုပ်မှ ဝန်ကြီးချုပ်ထံသို့

နေ့စွဲ။ ၄-၂-၇၆

လေးစားအပ်သော ဝန်ကြီးချုပ်ခင်ဗျား . . . .

ဘဲလ်ယာဒ်စခန်းတွင် တည်ဆောက်လျက်ရှိသော မီကိုယန် စီမံကိန်းနှင့်ပတ်သက်၍ အသေးစိတ်အစီရင်ခံပါရန် ဝန်ကြီးချုပ် ညွှန်ကြားချက်အရ လွန်ခဲ့သော ဆောင်းတွင်းတုန်းက ဘဲလ်ယာဒ်စခန်း၏ ထောက်လှမ်းရေးတာဝန်ခံ မစ္စတာ အော်ဗရေးထံမှ ကျွန်တော် လက်ခံရရှိထားသော အစီရင်ခံစာကို ပူးတွဲပေးပို့အပ်ပါသည်။ သူ၏ အစီရင်ခံစာသည် အခြေခံကျပြီး ဝန်ကြီးချုပ်အတွက် ကျယ်ပြန့်စွာ ဝေဖန်သုံးသပ်ခွင့် ရရှိပါလိမ့်မည်။

လေးစားစွာဖြင့်
ရစ်ချက်ကွန်မင်ဟမ်း



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တန်းလျှို့ဝှက်

ထောက်လှမ်းရေးမှူးချုပ်သို့

နေ့စွဲ။ ၁၈-၉-၇၅

လေးစားအပ်သော ကွန်မင်ဟမ်း . . . .

ပို့နေကျ အစီရင်ခံစာကို လူကြီးမင်း လက်ခံရရှိလိမ့်မယ်လို့ ကျွန်ုပ်ယုံကြည်ပါတယ်။ ဘဲလ်ယာဒ်စခန်းမှာ အမ်အိုင်ဂျီ လေယာဉ်ထုတ်လုပ်ရေး စီမံကိန်းနှင့်ပတ်သက်ပြီး ဆိုဗီယက်တို့ဟာ မစ် (၃၁) အမျိုးအစားလေယာဉ်ကို ထုတ်လုပ်နေတယ်ဆိုတာ ကျွန်ုပ်သတင်းပေးပို့ပြီးပါပြီ။ နေတိုး စစ်မဟာမိတ်အဖွဲ့က ဖိုင်းယားဖော့စ် လျှို့ဝှက်အမည်တောင်ပေးထားခဲ့လေပြီ။ မစ် (၃၁) လေယာဉ်ထုတ်လုပ်ရေးနဲ့ပတ်သက်လို့ လူကြီးမင်းဟာ ကျွန်ုပ်အကြံဉာဏ်ကို တောင်းခံထားတယ်။ ကျွန်ုပ်ပေးမယ့် အကြံဉာဏ်နဲ့ပတ်သက်ပြီး လိုအပ်ချက်တွေ စီစဉ်ပြီးပြီလား။

မစ် (၃၁) နှင့်ပတ်သက်ပြီး ဆိုဗီယက်တို့ အဘယ်မျှ အားထားတယ်ဆိုတာ ကျွန်ုပ်ကို မေးဖို့တောင်မလိုပါဘူး။ ဆိုဗီယက်တို့ဟာ မစ်(၃၁) လေယာဉ်ကို အတော်များများ ထုတ်လုပ်ဖို့ ပြင်ဆင်စီမံထားပါတယ်။ မစ် (၂၅) (Foxbat) လေယာဉ်ဟာ အမေရိကန်တို့လက်ထဲ ရောက်သွားတဲ့အတွက် မစ် (၂၅) ထက် အဆင့်မြင့်တဲ့ မစ် (၃၁) ကို ထုတ်လုပ်ဖို့ စီမံလိုက်တာပဲ။

ဒါပေမယ့် မစ် (၃၁) စီမံကိန်းမအောင်မြင်မီ မစ် (၂၅) ကိုပဲ ဆိုဗီယက်တို့ရဲ့လေတပ်မှာ အားအထားရဆုံး လေယာဉ်အဖြစ် အသုံးပြုနေပါတယ်။ မစ် (၂၅) က ယန္တရားအစိတ်အပိုင်းအချို့ကိုဖြုတ်ပြီး မစ် (၃၁) မှာ ပြောင်းလဲတပ်ဆင်တယ်။ သို့သော်လည်း ဆိုဗီယက်တို့မှာ အရေးကြီးတဲ့ စက်ရုံသုံးရုံ ဆောက်လုပ်ထားပါတယ်။ ဒီစက်ရုံတွေဟာ မစ် (၃၁) လေယာဉ်ထုတ်လုပ်ဖို့အတွက်ပဲ။

လေယာဉ်ရဲ့စွမ်းပကားနှင့် ပတ်သက်လို့တော့ ကျွန်ုပ်ရေးသားဖော်ပြခြင်းမပြုတော့ပါဘူး။ ဒီလေယာဉ်နဲ့ ပတ်သက်ပြီး ဆိုဗီယက်တို့ အထူးအားထားနေပါတယ်။ ဆိုဗီယက်တို့ မျှော်မှန်းထားတဲ့ အဆင့်အတန်းမီလိမ့်မယ်လို့လည်း သူတို့ယုံကြည်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေးနဲ့ပတ်သက်ပြီးပြောရယင် ကျွန်ုပ်တို့အင်မတန်ကံကောင်းတယ်လို့ ပြောရမယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်ုပ်တို့ရဲ့ ကိုယ်စားလှယ် 'ဗရန်နိုဗစ်ချ်' ဟာ လေယာဉ်တည်ဆောက်ရေး စခန်းမှာ အလုပ်လုပ်နေရတယ်။ လေယာဉ်ပုံစံထုတ်လုပ်ရေးနဲ့ စစ်လက်နက်များ တီထွင်ရေးဌာနစိတ်မှာ အလုပ်လုပ်နေတယ်။ ၎င်းပြင် အခြားရဲဘော် နှစ်ယောက်ကိုလည်း သူစည်းရုံးထားတယ်။ အဲဒီ ရဲဘော်နှစ်ယောက်က တော့ မော်စကိုမြို့စွန် ရေပိုက်ပြုပြင်ရေးဌာနမှာ အလုပ်လုပ်နေကြတဲ့ ဒေးဗစ်အက်ကလစ်နှင့် ယူပင်းစကီးတို့ဖြစ်ကြပါတယ်။ ဒါပေမယ့် ကျွန်ုပ်တို့မှာ ထောက်လှမ်းဖို့အင်အားမလုံလောက်သေးပါဘူး။ ဗရန်နိုဗစ်ချ် ဟာ မစ် (၃၁) လေယာဉ်ယန္တရား တပ်ဆင်ရေးဌာနစိတ်မှာ အလုပ်လုပ် ရတဲ့သူမဟုတ်တဲ့အတွက် လေယာဉ်နှင့် ပတ်သက်လို့ တစနည်းငယ်ပဲ သိရပါတယ်။ အတွင်းကျကျ မသိနိုင်ပါဘူး။

ဒါကြောင့် ဘဲလ်ယာဒ်စီမံကိန်းနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့ တစ်ခု ခုလုပ်ဖို့ လိုအပ်နေပါတယ်။ ကျွန်ုပ်အကြံပေးချင်တာက လေယာဉ်ကို ခိုးယူဖို့ပဲဖြစ်ပါတယ်။ အခြားနည်းလမ်းမရှိပါဘူး။ ယန္တရားအပြည့်အစုံ တပ်ဆင်ထားတဲ့ လေယာဉ်တစ်စင်းကို ခိုးထုတ်ခြင်းသည်သာ အကောင်း ဆုံးသော ဆောင်ရွက်ချက်ပါပဲ။

ဒါကြောင့် လေယာဉ်ကို ခိုးပြီးမောင်းပြေးဖို့ဆိုတာ ကျွန်ုပ်တို့မှာ အင်မတန် ကျွမ်းကျင်တဲ့ပိုက်လော့တစ်ယောက်ကို လိုအပ်နေပါတယ်။ အမေရိကန် ပိုင်းလော့တစ်ယောက်ခေါ်ယင် ပိုကောင်းမှာပဲ။ ကျွန်ုပ်တို့ ဆီကရှိတဲ့ ပိုင်းလော့တွေဟာ အဆင့်မြင့်သင်တန်းတွေ မတက်ခဲ့ဘူးတော့ အတွေ့အကြုံနည်းတယ်။ အထူးသဖြင့် ဗီယက်နမ်စစ်ပွဲမှာ ပါဝင်ဖူးတဲ့ အမေရိကန်ပိုင်းလော့ဆိုယင် ပိုကောင်းတယ်။ ကျွန်ုပ်လူတွေဟာ မော်စကို မှာလည်းရှိပါတယ်။ ပြီးတော့ ဘဲလ်ယာဒ်စခန်းမှာလည်း ရှိပါတယ်။ သည်ကိစ္စ လွယ်လွယ်ကူကူနဲ့ စီစဉ်လို့ ရနိုင်ပါတယ်။

သည်ကိစ္စနဲ့ပတ်သက်ပြီး စဉ်းစားပါဦး။

ကျွန်ုပ်လည်း အဖြေရှာပါဦးမယ်။

လေးစားစွာဖြင့်

ကက်နက်အော်ဗရေး



www.burmeseclassic.com

www.burmeseclassic.com



နေ့စွဲ။ ၁၁-၂-၇၆

ဝန်ကြီးချုပ်ထံမှ ထောက်လှမ်းရေးမှူးချုပ်သို့

ကျွန်ုပ်၏ မေတ္တာရပ်ခံချက်နှင့်ပတ်သက်၍ စောလျင်စွာ ပြန်ကြားလာသဖြင့် များစွာ ကျေးဇူးတင်ပါတယ်။ လေယာဉ်နှင့် ပတ်သက်တဲ့ အချက်အလက်များစွာ ကျွန်ုပ်သိချင်ပါသေးတယ်။ လေယာဉ်နှင့်ပတ်သက်ပြီး လွန်ခဲ့တဲ့ (၃) နှစ်လောက်က အော်ဗရေး ပေးပို့ထားတဲ့ အစီရင်ခံစာတွေအားလုံး ပို့ပေးပါလား။ အသေးစိတ် လေ့လာချင်လို့ပါ။

လေးစားစွာဖြင့်
အင် ဒ ရူး ဂ ရေ ဟမ်း



www.burmeseclassic.com

www.burmeseclassic.com



နေ့စွဲ။ ၁၃-၂-၇၆

ကက်နက်အော်ဗရေးသို့

ကက်နက် -

မနေ့က ဝန်ကြီးချုပ် ပေးပို့ခဲ့တဲ့စာ ပူးတွဲပေးပို့လိုက်ပါတယ်။ ဝန်ကြီးချုပ်ရဲ့ ထင်မြင်ယူဆချက်ကိုလည်း ခင်ဗျားတွေ့ရပါလိမ့်မယ်။ လေယာဉ်နဲ့ပတ်သက်တဲ့ ထင်မြင်ယူဆချက်တွေပါပဲ။

ဆိုဗီယက်တို့ရဲ့ ဘဲလ်ယာဒ်စီမံကိန်းဟာ ကျုပ်တို့အတွက် ရတက်မအေးစရာပါပဲ။ ဒါကြောင့် ခင်ဗျား အကြံပြုထားတဲ့အတိုင်း ဆောင်ရွက်နိုင်ဖို့ ပိုင်းလော့ကောင်းတစ်ယောက်လိုတယ်။ သည်ကိစ္စနဲ့ ပတ်သက်ပြီး စီ-အိုင်အေကို မေးမြန်းစုံစမ်းကြည့်ယင် မကောင်းဘူးလား။ ဘဲလ်ယာဒ်စီမံကိန်းနဲ့ ပတ်သက်ပြီး စီ-အိုင်-အေ တို့လည်း စိတ်ဝင်စားမှာပဲ။ ပြီးတော့ ဆိုဗီယက်တို့အသုံးပြုတဲ့ လေယာဉ်နဲ့ပတ်သက်တဲ့ ယန္တရားတွေကိုလည်း သိရယင် ကောင်းမယ်။

ယုံကြည်စိတ်ချစွာဖြင့်
ရစ်ချတ်ကွန်မင်ဟမ်း



www.burmeseclassic.com

www.burmeseclassic.com



နေ့စွဲ။ ၂၉-၆-၇၆

ဝန်ကြီးချုပ်ထံသို့

လေးစားအပ်သော ဝန်ကြီးချုပ်ခင်ဗျား -

ကျွန်တော်တို့ မဟာမိတ်အဖွဲ့က "ဖိုင်းယားဖော့စ်" လို့ အမည်ပေးထားတဲ့ အမ်-အိုင်-ဂျီ (၃၁) ဆိုဗီယက်တို့ရဲ့လေယာဉ်မှာ အသုံးပြုတပ်ဆင်ထားတဲ့ စက်ယန္တရားတွေနဲ့ ပတ်သက်ပြီး စုံစမ်းဖို့ ဝန်ကြီးချုပ်ရဲ့ ညွှန်ကြားချက်ကို ကျွန်တော် လက်ခံရရှိပါတယ်။

သည်ကိစ္စဟာ စုံစမ်းဖို့ သိပ်မလွယ်ပါဘူးခင်ဗျား။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ကို သတင်းပေးနေတဲ့ "ဗရန်နိုဗစ်ချ်" ဟာ စက်ယန္တရား တပ်ဆင်ရေးလုပ်ငန်းနဲ့ တိုက်ရိုက်မသက်ဆိုင်တော့ အတွင်းကျကျ မသိနိုင်ပါဘူး ခင်ဗျား။ ဘဲလ်ယာဒ်စခန်းမှာ လုံခြုံရေးကလည်း သိပ်တင်းကျပ်တယ်။ တစ်ခုတော့ရှိပါတယ်၊ လေကြောင်းမှာ ဆိုဗီယက်တို့ လျင်မြန်စွာ တိုးတက်လာတယ်ဆိုတာ ကျွန်တော်တို့ ဝန်ခံရလိမ့်မယ်။ အထူးသဖြင့် စစ်ဘက်ဆိုင်ရာ လေကြောင်းတိုက်ခိုက်ရေးမှာ ပိုပြီး တိုးတက်လာတယ်။ တိုးတက်မှုအားလုံးဟာလည်း ဒီလေယာဉ်မှာ တွေ့ရမှာပဲ။

ကျွန်တော်တို့ ရရှိနေတဲ့ သတင်းတွေဟာ ဗရန်နိုဗစ်ချ် ဆီက လာတဲ့ သတင်းများဖြစ်ပါတယ်။ ဗရန်နိုဗစ်ချ် ဟာ လေယာဉ်မှာ တပ်ဆင်အသုံးပြုတဲ့ အဆင့်မြင့်လက်နက်တွေ ထုတ်လုပ်တဲ့ အီလက်ထရွန်းနစ်ဌာနစိတ်မှာလည်း တာဝန်ထမ်းဆောင်ပါတယ်။ ဘဲလ်ယာဒ်စခန်းမှာ ဆောင်ရွက်နေတဲ့ လုပ်ငန်းအားလုံးနဲ့ သက်ဆိုင်တဲ့သတင်းကိုတော့ "ဗရန်နိုဗစ်ချ်" မပေးနိုင်ပါဘူး။ သူတို့လည်း သတင်းစုံပေးဖို့ ကျွန်တော်တို့ တာဝန်မပေးသင့်ပါဘူး။ လေယာဉ်နဲ့ပတ်သက်ပြီး သတင်းအစ အဆုံး ကျွန်တော်တို့ ရဖို့ မလွယ်ဘူး။ အဆောင့်အကြပ်ကလဲထူပါတယ်။ ဒီတော့ အကောင်းဆုံးကတော့ ယန္တရားအပြည့်အစုံ တပ်ဆင်ထားတဲ့ လေယာဉ်တစ်စီးကို ခိုးယူတာဟာ အကောင်းဆုံးပဲလို့ ကျွန်တော် အကြံပေးချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သည့်အပြင် ယနေ့ ဆိုဗီယက်တို့ လေယာဉ်မှာ တပ်ဆင်ထားတဲ့ ဝေဟင်မှမြေပြင်ပစ်နှင့် ဝေဟင်မှ ဝေဟင်ပစ် ဒုံးပျံလက်နက်တွေဟာလည်း အတော်ဆန်းကျယ်ပြီး ပစ်မှတ်ကို မလွဲတမ်းပစ်ခတ်နိုင်ပါတယ်။ စွမ်းပကားလည်း အလွန်ထက်မြက်ပါတယ်။ ဒီကဏ္ဍနဲ့ပတ်သက်ပြီး ကျွန်တော်တို့ အနောက်နိုင်ငံက လက်နက်ထုတ်လုပ်မှုဟာ နောက်မှာကျန်ရစ်နေပါပြီ။ ဆိုဗီယက်တို့ရဲ့ စွမ်းဆောင်မှု စံချိန်ကိုမီဖို့ဆိုတာ အချိန်အတော်ကြာပါဦးမည်။

သည်အတွက်ကြောင့် ဆိုဗီယက်တို့ ပြုလုပ်ထားတဲ့ စက်ယန္တရား အားလုံး သိရှိအောင် အမ်-အိုင်-ဂျီ (၃၁) တစ်စင်း ခိုးယူဖို့ပဲ ကျွန်တော် အကြံပြုချင်ပါတယ်။

လေးစားစွာဖြင့်
ကက်နက်အော်ဗရေး

ကျော်ခင်ထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



နေ့စွဲ။ ၂၄-၉-၇၆

ဝန်ကြီးချုပ်မှကက်နက်သို့

ချစ်ခင်လေးစားအပ်သော အော်ဗရေး. . . .

ခင်ဗျားရဲ့စာကို ဖတ်ရတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ ခင်ဗျားရဲ့စိုးရိမ်ပူပင်မှုကိုလည်း ကျွန်ုပ်များစွာ စိတ်ဝင်စားပါတယ်။ ဒါပေမယ့် လောလောဆယ်တော့ ခင်ဗျားရဲ့ အကြံပြုချက်ကို ဖယ်ရလမ့်မယ်။ မကြာသေးခင်က ဒုတိယဗိုလ် ဗိုလ့လ္လာစကီး မောင်းပြေးလာတဲ့ မစ် (၂၅) လေယာဉ်ဟာ ကျုပ်တို့ မဟာမိတ်လက်ထဲ ရောက်ခဲ့ပြီး မဟုတ်လား။ ဒီလေယာဉ်မှာတပ်ဆင်ထားတဲ့ ယန္တရားဆိုင်ရာ လျှို့ဝှက်ချက်တွေကို ကျုပ်တို့ သိခဲ့ပါပြီ။ ဒါကို ပြန်လည်ပြုပြင်ဖို့ဆိုတာ ဆိုဗီယက်တို့မှာ နှစ်ကာလအတန်ကြာအောင် အချိန်ယူရလမ့်မယ် မဟုတ်လား။ သိပ်လည်း စိုးရိမ်ကြီးစရာ မလိုသေးဘူးထင်တယ်။

လေးစားခင်မင်စွာဖြင့်
အင်ဒရူးဂရေဟမ်း



www.burmeseclassic.com

www.burmeseclassic.com



နေ့စွဲ။ ၃၀-၉-၇၆

ကက်နက်မှဝန်ကြီးချုပ်သို့

ချစ်ခင်လေးစားအပ်သော ဝန်ကြီးချုပ် ခင်ဗျား . . . .

ဝန်ကြီးချုပ်ရဲ့ စာကို ဖတ်ရသဖြင့် များစွာ ဝမ်းသာမိပါတယ်။ နေတိုးက လျှို့ဝှက်အမည်ပေးထားတဲ့ ဖော့စ်ဘက် (Foxbat) လေယာဉ် မစ် (၂၅) ဟာ အခု နေတိုးက လျှို့ဝှက်အမည်ပေးထားတဲ့ ဖိုးယားဖော့စ် လေယာဉ် မစ် (၃၁) နဲ့ ယှဉ်ကြည့်မယ်ဆိုယင် မစ် (၂၅) ဟာ ကလေး ကစားစရာလို ဖြစ်နေပါတယ်။ ဒီလေယာဉ်နဲ့ ပတ်သက်လို့တော့ ကျွန်တော်တို့ လျှော့တွက်လို့ မဖြစ်ဘူး။ ဖော့စ်ဘက်တောင်မှ ဂျပန်ပြည် ဟိုကိုင်ဒိုကျွန်းမှာ ထိုးဆင်းတုန်းက ဂျပန်ရေဒါတွေ ဖမ်းမမိဘူးဆိုတာ ဝန်ကြီးချုပ်အသိပဲမဟုတ်လား။ ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ မဟာမိတ်တွေရဲ့ ကာကွယ်ရေးစနစ်ဟာ ချွတ်ယွင်းအားနည်းနေ သေးတယ်ဆိုတာ သက်သေပြနေပါတယ်။

ထို့အပြင် ဂျပန်စက်မှု ပါရဂူကြီးများရဲ့ ထင်မြင်ချက်ကိုလည်း သတိပြုသင့်ပါတယ်။ မစ် (၂၅) ဟာ စက်မှုဆိုင်ရာ အတတ်ပညာ အစွမ်းကုန် ဖြည့်ဆည်းတည်ဆောက်ထားခြင်းမဟုတ်နိုင်ဘူးတဲ့။ တိုက်တေ နီယံ သတ္တုထက် သံမဏိသံတွေကို ပိုပြီး အသုံးပြုထားတယ်။ ပျံသန်းနှုန်း ကိုပဲ ကြည့်ကြည့်၊ အီလက်ထရွန်းနစ် ယန္တရား တွေကိုပဲ ကြည့်ကြည့် **ကျွန်တော်တို့ ထင်သလောက် အစမ်းထက်မြက်မှု မရှိခဲ့ပါဘူး။**

မည်သို့ပင်ဖြစ်စေ ဘဲလ်ယာဒ်စီမံကိန်းစခန်းက "ဗရန်နီဗစ်ချ်" ရဲ့ အစီရင်ခံစာကိုလည်း အလေးအနက်ထား စဉ်းစားရမယ်။ မစ် (၃၁) ဟာ မစ် (၂၅) ထက် အဆပေါင်းများစွာသာအောင် စီမံတည်ဆောက် ထားပါတယ်။ မစ် (၂၅) ရဲ့ ချွတ်ယွင်းချက်တွေကို မစ် (၃၁) မှာ ပြုပြင် ထားတယ်လို့ "ဗရန်နီဗစ်ချ်" က မှတ်ချက်ချထားပါတယ်။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘဲလ်ယာဒ်စခန်းမှာ တည်ဆောက်နေတဲ့ ဖိုင်းယားဖော့စ် လေယာဉ် အကြောင်း ကိုတော့ မည်သူတစ်ဦးတစ်ယောက်မှ တိတိကျကျ မသိတာ အမှန်ပါပဲ။

လေးစားစွာဖြင့်
ကက် နက် အော် ဗ ရေး



www.burmeseclassic.com

www.burmeseclassic.com



၁၆၀၀ နာရီ၊ အင်္ဂါနေ့

ထောက်လှမ်းရေးမှူးချုပ်သို့

ရစ်ချတ်. . .

ဖိုင်းယားဖော့စ် ပျံသန်းတဲ့အခါ ရေဒါထဲမှာ မြင်ရသလား။ အမေရိကန်တွေကတော့ လေထုထဲ ဖြစ်ပေါ်တဲ့ တိမ်လွှာအစက်ကလေးတွေ မြင်ရတယ်တဲ့။ ဗရန်နီဗစ်ချ် ပေးပို့ထားတဲ့ အစီရင်ခံစာပါ အချက်အလက်တွေပေါ် အခြေခံပြီး စိစစ်ခဲ့ကြတာပဲ။

ကျွန်တော်တို့ထင်တဲ့အတိုင်း ဆိုဗီယက်တို့ဟာ ဖိုင်းယားဖော့စ်လေယာဉ်မှာ ရေဒါရှောင်တိမ်းတဲ့ ကိရိယာတွေ တပ်ဆင်ထားတာ သေချာတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုလုပ်ယင် ကောင်းမလဲဆိုတာ ဝန်ကြီးချုပ်ကို အကြံပြုတင်ပြပါ။ အခု ချက်ချင်းပဲ တင်ပြပါ။

လေးစားစွာဖြင့်
ကက်နက်အော်ဗရေး



www.burmeseclassic.com

www.burmeseclassic.com



နေ့စွဲ။ ၃-၇-၇၉

ကက်နက်မှ ဝန်ကြီးချုပ်ထံသို့

လေးစားအပ်သော ဝန်ကြီးချုပ်ခင်ဗျား. . . .

ဆိုဗီယက်တို့ရဲ့ ရေဒါရှောင်တိမ်းရေး ကိရိယာဟာ ဘယ်လို ကိရိယာမျိုးဖြစ်တယ်။ ပြီးတော့ ဘယ်လို လည်ပတ်နေတယ် ဆိုတာတွေ ကျွန်တော် မသိရှိသေးပါဘူး။ ဘဲလ်ယာဒ်စီမံကိန်းစခန်းမှာ ကျွန်ုပ်တို့ ကိုယ်စားလှယ်ဆီက သိခဲ့တဲ့အချက်ကတော့ ရေဒါဖမ်းမမိနိုင်အောင် ပြုလုပ်ထားတဲ့ ကိရိယာဟာ စက်ယန္တရားဆိုင်ရာ ကိရိယာလည်း မဟုတ်ဘူး။ အီလက်ထရွန်းနစ် ကိရိယာလည်း မဟုတ်ဘူး။ ဒါကြောင့် မည်သည့် စက်ကိရိယာနဲ့မှ စမ်းသပ်ရှာဖွေလို့ မရနိုင်ဘူးတဲ့။

ဆိုဗီယက်တို့ရဲ့ ရေဒါ ရှောင်တိမ်းရေးကိရိယာဟာ ကျုပ်တို့ဆီက ထုတ်လုပ်တဲ့ ရေဒါလမ်းကြောင်း ရှုပ်ထွေးအောင်ပြုလုပ်တဲ့ 'ချပ်' ဆိုတဲ့ ကိရိယာမျိုးလည်း မဟုတ်ဘူး။ အမေရိကန်တွေ ပြုလုပ်ထားတဲ့ ရေဒါ လမ်းကြောင်း ရှုပ်ထွေးစေတဲ့ ကိရိယာမျိုးလည်းမဟုတ်ဘူး။ ရုရှတွေ အသုံးပြုတဲ့စနစ်ဟာ အမေရိကန်လေတပ်မတော် (USAF) မှာရော ဗြိတိသျှ ဘုရင့်လေတပ်မတော် (RAF) မှာရော မရှိခဲ့သေးပါဘူး။

ဆိုဗီယက်တို့ရဲ့ ညှုးကလီးယား လက်နက်ပိုင်ဆိုင်တဲ့ အချိန်က စပြီး ခုချိန်ခါဆိုယင် ဖိုင်းယားဖော့စ် လေယာဉ်ဟာ အနောက်ကမ္ဘာကို ချိန်းချောက်ဆုံးသော လေယာဉ်ဖြစ်နေပါတယ်။

**လေးစားစွာဖြင့်**
ကက်နက်အော်ပရေး



www.burmeseclassic.com

www.burmeseclassic.com



နေ့စွဲ။ ၁၀-၇-၇၉

ထောက်လှမ်းရေးမှူးချုပ်မှ ကက်နက်ထံသို့

ဝါရှင်တန်မှလည်းကောင်း၊ ဝန်ကြီးချုပ်ထံမှ လည်းကောင်း၊ ခင်ဗျားဆက်သွယ်ခဲ့ပြီးပြီ။ ဆက်သွယ်ရေး တာဝန်ခံ "ဘတ်ဟိုလ်" နဲ့ပဲ ဆက်လက်ဆောင်ရွက်စရာ ရှိတော့တယ်။ လေယာဉ်ပိုင်းလော့ကိစ္စ၊ ဆီဖြည့်ရမည့်ကိစ္စနဲ့ ဘဲလ်ယာဒ်ကို ပိုင်းလော့ဟာ ခိုးသွင်းဖို့ကိစ္စတွေ အားလုံး အတည်ပြုပါတယ်။ အထူးသတိပြုဖို့ကတော့ ပိုင်းလော့ဟာ စီမံကိန်းစခန်း အဝင်အထွက်တွေကို သေချာစွာ သိထားရမယ်။ ဒါမှ လောင်စာဆီဖြည့်ဆည်းရေးကိစ္စမှာ လွယ်လွယ်လျှလျှ ဖြစ်မယ်။ ဤစစ်ဆင်ရေးစတင်ပြီလို့ ဝန်ကြီးချုပ်က အသိအမှတ်ပြုထားပါတယ်။ ဒေဗစ်ဆိုတဲ့ ပိုင်းလော့တစ်ယောက် လွှတ်လိုက်တယ်။ သူနဲ့ပဲ ဆောင်ရွက်ရမယ်။

ဘုရားသခင်ကြည့်ရှု စောင်မပါစေ။

စစ်ဆင်ရေး စတင်ပါပြီ

ရစ်ချတ်ကွန်မင်ဟမ်း



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီး မီခေးလ်ယူရီဗစ် ကွန်တာစကီးသည် ဘဲလ်ယာဒ် လေယာဉ် ထုတ်လုပ်ရေး စီမံကိန်းစခန်း၏ လုံခြုံရေးတပ်မှူး ဖြစ်သည်။ ဗိုလ်မှူးကြီး တစ်ယောက် တည်း အခန်းထဲထိုင်နေ၏။ အခန်းမှာ ဆေးမှုများ သုတ်ထားသဖြင့် တစ်ခန်းလုံး ဆေးနံ့ လွှမ်းနေတော့သည်။ ဗိုလ်မှူးကြီး မီခေးလ်ယူရီဗစ်ကွန်တာစကီးသည် ကေ-ဂျီ-ဘီ ဌာန အမ် (M) ဌာနခွဲ၏ အကြီးအကဲဖြစ်သည်။ သူ့လက်ထောက် မီထရီဗရေ့ဗင်လည်း တာဝန် အရ အပြင်သွားနေ၏။ ဗိုလ်မှူးကြီးသည် နေ့လည်က ထောက်လှမ်းရေးမှူးများ ပေးပို့ထားခဲ့သော အစီရင်ခံစာကို ဖတ်နေရသည်။ သူသည် စားပွဲသစ်ကြီးနောက်တွင် တစ်ယောက်တည်း တည်ငြိမ်အေးဆေးစွာ ထိုင်နေလေ၏။

ဤစီမံကိန်းစခန်းတွင် သူတာဝန်ထမ်းဆောင်ခဲ့သည်မှာ ကာလအတန်ကြာပြီ ဖြစ်၏။ နေ့စဉ်နှင့်အမျှ ထောက်လှမ်းရေးမှူးများ ပေးပို့သည့် အစီရင်ခံစာတို့ကို ဖတ်ရလေသည်။ ဘာမှ ထူးခြားချက်မရှိ။ သူမှာ အစီရင်ခံစာများ ဖတ်နေရသဖြင့် ငြီးငွေ့သလိုလိုဖြစ်ခဲ့သည်။ မစ် (၃၁) ယန္တရားများလည်း တပ်ဆင်ခဲ့လေပြီ။ စစ်လက် နက်တပ်ဆင်ရန် ရက်ပိုင်းမျှသာလိုတော့သည်။ ပြီးခဲ့သောရက်များတွင် မည်သည့် ပြဿနာမျှ ပေါ်ပေါက်ခဲ့ခြင်းမရှိ။ လာမည့်ရက်များတွင်လည်း ပြဿနာ တစ်စုံတစ်ခု ပေါ်ပေါက်လာလိမ့်မည်ဟု သူ မယုံကြည်ခဲ့။ သို့ရာတွင် သူထင်သလိုမဟုတ်ဘဲ ရက်ပိုင်း အလိုတွင် သူ၏လုပ်ငန်းတစ်ခုလုံး လိမ္မော်သီးတေ ာင်း မှောက်ကျသကဲ့သို့ ဖြန့်ကျဲသွား မည်ကို ကြိုတင်မခန့်ထားမိပေ။

သူသည် ပင်ပမ်းနေပုံရ၏။ အဘယ်ကြောင့်ဆိုသော် ဘဲလ်ယာဒ်စခန်းတစ်ခု လုံး၏ လုံခြုံရေးကို တာဝန်ယူထားရသည်မှာ အထူးတာဝန်ကြီး၏ မစ် (၃၁) လေယာဉ် ထုတ်လုပ်ရေးစီမံကိန်းနှင့် ပတ်သက်ပြီး သတင်းပေါက်ကြားနေသလိုလို ကောလဟာလ ထွက်နေသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ စခန်းတွင် တာဝန်ထမ်းဆောင်နေကြသူများ အား ဂရုတစိုက် စိစစ်နေရန် သူ့လက်ထောက်များကို အမိန့်ထုတ်ထားသည်။

ခက်သည်မှာ မိမိလက်အောက်တွင် တာဝန်ထမ်းဆောင်နေသူများကိုလည်း လုံးဝယုံကြည်၍မဖြစ်။ အရာရာတိုင်း သတိထားစရာ မဟုတ်ပါလော။

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၊ ( တစ် )

# အသေခံတပ်သား

ဗြိတိသျှလေကြောင်း ကော်ပိုရေးရှင်းလေယာဉ် ဘီအိုအေစီ (၁၁၁) သည် လေယာဉ်ကွင်းပေါ်သို့ တဖြည်းဖြည်းချင်း ဆင်းသက်လာ၏။ လေယာဉ်ရပ်သည်နှင့် ခရီးသည်များမှာ လေယာဉ်ပေါ်မှ ဆင်းလာကြသည်။ ယင်းခရီးသည်များကြားတွင် အရပ်အမောင်းထွားကြိုင်းလှသည့် လူတစ်ယောက်သည် ခရီးသွားအိတ်ကို လက်တွင် ကိုင်ထားယင်း တစ်လှမ်းချင်း လျှောက်လာလေသည်။ လူအုပ်ကြားတွင် သူ့မှာ မထင်ရှားသော ခရီးသည်တစ်ယောက်သာဖြစ်၏။ သူသည် ထူထဲသော ကော်ကိုင်းမျက်မှန်ကို တပ်ထားသည်။ သူ၏နှုတ်ခမ်းတွင် မည်းနက်သော နှုတ်ခမ်းမွေးရှိ၏။ သူ့နှာခေါင်းက သည်း နီရဲရဲ။ သူသည် အနက်ရောင် ကုတ်အင်္ကျီနှင့် ဘောင်းဘီတို့ကို ဝတ်ဆင်ထား၏။ ဆောင်းထားသော ဖိနပ်မှာ တံဆိပ်အမှတ်အသားမပါဘဲ အလွယ်တကူ ဖျက်ဆီး၍ရသည့် ဖိနပ်မျိုးဖြစ်၏။ သူသည် တစ်စုံတစ်ရာကို စိုးရိမ်ကြောက်ရွံ့နေသဖြင့် အသက်ရှူသံ ပြင်းနေလေသည်။

ဤသည်ကား လုပ်ရိုးလုပ်စဉ်ပင်ဖြစ်၏။

မော်စကိုလေဆိပ်သို့ ရောက်လာကြသော ပြည်ပခရီးသည်အားလုံးကို သက်ဆိုင်ရာ ရှာဖွေထောက်လှမ်းရေးအဖွဲ့က ဓာတ်ပုံရိုက်ယူထား၏။ ဓာတ်ပုံကင်မရာ ကို တစ်နေရာတွင် တပ်ဆင်ထားပြီး ဆင်းလာကြသည့် ခရီးသည်များအား အလိုအလျောက် ဓာတ်ပုံရိုက်ထားပြီးသားဖြစ်သည်။ သူသည် လေယာဉ်ပေါ်မှ ဆင်းလာသည်နှင့် ပျံ့လွင့်လာသော ဖုန်မှုန့်များ နှာခေါင်းထဲ မဝင်ရန် လက်ကိုင်ပဝါဖြင့် ပါးစပ်ကို အုပ်ကာပြီး ခေါင်းငုံ့ကာ လျှောက်ထားလေ၏။

ရုတ်တရက် နွေးထွေးသော ခန်းမဆောင်ထဲ ရောက်လာသည်။ သူသည် အင်္ကျီ ကော်လန်ကို ပြုပြင်ပြီး ဦးထုပ်ချွတ်ကာ ဆံပင်ကို ဖီးလိမ်းလိုက်၏။ ယင်းကဲ့သို့ ဆံပင်ကို ဖီးလိမ်းသည့်အခါလည်း ဓာတ်ပုံကင်မရာက သူ့ကို ရိုက်လျက်ရှိသည်။ ထို့နောက် သူသည် အကောက်ခွန် စစ်ဆေးသော နေရာသို့ လျှောက်သွား၏။ သူ့ပတ်ပတ် လည်တွင် **ခရီးသည်များ ရှိကြသည်။ ခရီးသည်များမှာ ဥရောပတိုက်သားများ၊** အာရှတိုက်သားများနှင့် အာဖရိက တိုက်သားများ ဖြစ်ကြသည်။ နိုင်ငံပေါင်းစုံ လူမျိုး ပေါင်းစုံပင်။

အကောက်ခွန်ရုံး စားပွဲကြီးနောက်တွင် ရပ်နေသူများမှာ လုံခြုံရေးတပ်ဖွဲ့ဝင် "ကေ-ဂျီ-ဘီ" များဖြစ်ကြောင်း သူသိသည်။ သူ၏ ခရီးသွားအိတ်ကို ရှာဖွေရေး စက်ရှေ့

KGB = (Komitet Gosudarstvennoi Bezopastnosti)
= State Security Commitee
= နိုင်ငံတော်လုံခြုံရေး ကော်မတီ



www.burmeseclassic.com

www.burmeseclassic.com



တွင် ချထားလိုက်သည်။ အခြားအိတ်များ၊ အထုပ်အပိုးများမှာ သယ်ဆောင်ရေး ယန္တရ ဖြင့် အလိုအလျောက် ရောက်လာ၏။ အကောက်ရုံး စားပွဲကြီးနောက်တွင် ရပ်နေသေ သူမှာ မည်သည့်နေရာကိုမျှ မရွေ့ဘဲ အကောက်အရာရှိများ စစ်ဆေးနေသည်ကို ကြ ရှုနေ၏။ ထိုလူ့အနားတွင် အခြားသူတစ်ယောက်လည်း ရပ်နေသည်။ ၎င်းနောက် ထိုသူသည် အရှေ့ဘက်သို့လျှောက်လာပြီး သယ်ယူပို့ဆောင်ရေး ယန္တရားဖြင့် ရောက်လ သော သေတ္တာနှစ်ခုကို ယူလိုက်၏။

အကောက်ခွန်အရာရှိက သေတ္တာကို ဖွင့်ပြီး စစ်ဆေးသည်။ ထိုသူလည် အကောက်ခွန် အရာရှိပြုလုပ်နေသည်ကို ဘာတစ်ခွန်းမျှ ဝင်မပြောဘဲ ရပ်ကြည့်နေ၏ အကောက်ခွန် အရာရှိမှာ သေတ္တာကို စစ်ဆေးပြီး သံသယဖြစ်စရာ ဘာမျှမတွေ့ရသေ အခါ စိတ်ကျေနပ်စွာဖြင့် သေတ္တာကိုပိတ်ပြီး ကောင်တာတစ်ဘက်စွန်းသို့ ပို့လိုက်လေ၏ အကောက်ခွန်အရာရှိက သေတ္တာကို ဖွင့်ပြီး မွှေနှောက်ရှာဖွေသည့်အချိန်တွင် ထိုသူ၏ မျက်နှာမှာ ကြည်လင်တောက်ပကာ သားကောင်ကိုတွေ့သော ကျားမျက်လုံးကဲ့သ သေတ္တာကို စူးစိုက်ကြည့်နေမိ၏။ သို့ရာတွင် ဘာမှမတွေ့ရသောအခါ ထိုသူ့မျက်နှာမှ ညှိုးကျသွား၏။

အရာရှိက

"မစ္စတာအလက်ဇန္ဒားသောမတ်စ်အော်တွန်၊ မော်စကို ကို ဘာကိစ္စ လာပါသလဲခင်ဗျာ ဟုမေးလိုက်လေသည်။

ခရီးသည်လည်း ချောင်းတစ်ချက်ဟန့်ပြီး

"အခု ခင်ဗျားမြင်တဲ့ စာရွက်စာတမ်းတွေအရပေါ့။ ကျုပ်ဟာ ဝေးလ်ဂါဒင်းမြ က ပလတ်စတစ်ကုမ္ပဏီရဲ့ အရောင်းကိုယ်စားလှယ်ပါ"

"ဟုတ်ပါတယ်။ စာရွက်စာတမ်းအရတော့မှန်ပါတယ်။"

အရာရှိသည် စာရွက်စာတမ်းများကိုကြည့်ယင်း ပြောလိုက်၏။ ထိုနောက် ရပ်နေသူဘက်သို့လှည့်ပြီး ခရီးသည်ကို မေးလိုက်ပြန်သည်။

"မစ္စတာအော်တွန်၊ လွန်ခဲ့တဲ့ (၂)နှစ်အတွင်း ခင်ဗျားဟာ မော်စကိုကို အကြိမ် ကြိမ်လာနေပါလား"

"ဟုတ်ပါတယ်ခင်ဗျာ၊ အကြိမ်ကြိမ်ပဲ လာဖူးပါတယ်။ ဒါပေမယ့် အခုလိုတစ်ခါ မှ ကျုပ်ကို မစစ်ဆေးခဲ့ကြပါဘူး။ ဘာကြောင့် ကျုပ်ကို ဒီလောက်တောင် စစ်ဆေး နေတယ်ဆိုတာ ကျုပ်အံ့အားသင့်မိတယ်"

ခရီးသည်မှာ စိတ်ဆိုးနေပုံမပေါ်၊ အံ့အားသင့်နေသည့် သဏ္ဌာန်သာ ပေါ်လွင် နေ၏။ ထို့အပြင် ရုရှားပြည်သို့ လာရောက်ရခြင်းကိုလည်း ပျော်ရွှင်နေပုံ ပေါ်လွင်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ သူတို့စစ်ဆေးခြင်းသည် စော်ကားသည်ဟု ထိုသူက ယူဆထားခြင်း မရှိပေ။

"ကျွန်တော် တောင်းပန်ပါတယ်"

အရာရှိက ပြောကြား၏။ ဤတွင် ကေ-ဂျီ-ဘီ အရာရှိက အကောက်ခွန် အရာရှိနှင့် တတွတ်တွတ် တီးတိုး ပြောဆိုနေ၏။ ဘာပြောဆိုနေသည်ကိုတော့ မသိရ။ ခရီးသည်များလည်း တရွေ့ရွေ့နှင့် လျှောက်သွားကြရာ ခန်းမကျယ်တစ်ခုသို့ ရောက်သွားကြလေပြီ။ သို့ရာတွင် မစ္စတာအလက်ဇန္ဒား သော်မတ်စ်အောင်တွန်တစ်ယောက်သာ နောက်တွင်ကျန်နေ၏။

"အရာရှိမင်းခင်ဗျာ ကျွန်တော့မှာ စာရွက်စာတမ်း အထောက်အထား အပြည့်အစုံ ပါပါတယ်။ လန်ဒန်မြို့မှာရှိတဲ့ ဆိုဗီယက်သံရုံးက ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာ တာဝန်ခံလည်း လက်မှတ်ထိုးထားပါတယ်။ ပြီးတော့ လူကြီးမင်းပြောသလိုပဲ ကျွန်တော် မော်စကိုကို အကြိမ်ကြိမ် ရောက်ဖူးပါတယ်။ ခုလိုတစ်ခါမှ မစစ်ဆေးပါဘူး။ ဘာများ ကိစ္စထူးလို့ ကျွန်တော့ကို စစ်ဆေးနေပါသလဲခင်ဗျား"

ခရီးသည်ကရှင်းပြနေစဉ် ကေ-ဂျီ-ဘီ အရာရှိက ရှေ့ဘက်လျှောက်ထွက်လာ၏။ လူပုံပန်းသဏ္ဌာန်မှာ ထွားကြိုင်းပြီး မောင်ဂိုလီးယားရုပ်ပေါက်နေသည်။ သူ့မျက်နှာထားမှာပြုံးနေလေ၏။ ခရီးသည်နားသို့ရောက်လာပြီး ချိုသာသောမျက်နှာထားနှင့် မေးလိုက်ပြန်သည်။

"မစ္စတာအော်တွန်၊ ခင်ဗျားဘာကိစ္စနဲ့ မော်စကိုကို လာပါသလဲ ခင်ဗျာ"

"ကျုပ်ဟာ ကုန်သည်ပဲ။ ပစ္စည်းရောင်းဖို့အတွက် လာတာပေါ့ခင်ဗျာ"

"ခင်ဗျားတို့နိုင်ငံက ကျုပ်တို့ရုရှပြည်ကို ဘာပစ္စည်းတွေ ရောင်းချဖို့ရှိတယ်လို့ ခင်ဗျားမျှော်လင့်ပါသလဲ"

ကေ-ဂျီ-ဘီ အရာရှိ၏ မျက်နှာထားမှာ ပြုံးနေသော်လည်း မစ္စတာအောင်တွန် အပေါ် မသက်သာပုံပေါက်နေ၏။ မစ္စတာအော်တွန်ကို လေ့လာအကဲခတ်နေသည်။ မစ္စတာ အော်တွန်မှာ ဖိးလိမ်းထားသောဆံပင်ကို လက်ဖြင့်သပ်ယင်း ကေ-ဂျီ-ဘီ အရာရှိအား ရှင်းပြလိုက်၏။

"ပလပ်စတစ် ပစ္စည်းတွေပေါ့ဗျာ။ ကစားစရာအရုပ်ကလေးတွေ၊ အိုးခွက်တွေ ပေါ့"

"ဒါနဲ့နမူနာတွေလဲမပါ ပါလား"

"နမူနာတွေလား ပါ, ပါတယ်ခင်ဗျာ"

"နေစမ်းပါအုံး၊ ခင်ဗျားဟာ အင်္ဂလိပ်လူမျိုးလား၊ ခင်ဗျားစကားပြောတာ



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်သံမပေါက်ဘူး"

"ဟုတ်ပါတယ်၊ ကနေဒါမှာ မွေးပါတယ်"

"ဒါပေမယ့် ခင်ဗျား ကနေဒါရုပ်လည်း မပေါက်ပါဘူး"

"အဲ့ဒါတော့ ကျုပ်လည်းမပြောတတ်ဘူး။ ကျုပ်ကတော့ အင်္ဂလိပ်လူမျိုး အစစ်ပဲ။ ဒါနဲ့ နေစမ်းပါအုံး၊ ဘာကြောင့်ကျုပ်ကို ဒီလောက်တောင် စစ်ဆေးနေရတာလဲ"

သူ၏အမေးကြောင့် ကေ-ဂျီ-ဘီ မှာ ဒေါသထွက်ပုံပေါက်၏။ သို့ရာတွင် ဒေါသထွက်နေသည့်ဟန် မပေါ်လွင်စေရန် ချုပ်တီးလိုက်ပြီး မျက်နှာထား တည်ငြိမ်စွာဖြင့် ပြောလိုက်လေသည်။

"ဘာကြောင့် စစ်ဆေးနေတယ်ဆိုတာ ခင်ဗျား သိဖို့မလိုပါဘူး မစ္စတာ အော်တွန်။ ခင်ဗျားဟာ ဧည့်သည်ပဲ"

ထို့နောက် ကေ-ဂျီ-ဘီ အရာရှိသည် ထရန်စစ္စတာရေဒီယိုကို ကောက်ကိုင်ပြီး ဟိုလှည့်ဒီလှည့်နှင့် လှည့်ယင်း မေးလိုက်ပြန်၏။

"ဒါနဲ့ နေစမ်းပါအုံး မစ္စတာအော်တွန်၊ ဘာဖြစ်လို့ ဒီရေဒီယို ယူလာတာလဲ။ ကျုပ်တို့ မော်စကိုမှာ ရေဒီယိုတွေ မရှိဘူးလား။ ကျုပ်တို့ရေဒီယိုနဲ့ ကမ္ဘာ့သတင်းတွေ ဖမ်းလို့မရဘူးလား"

အော်တွန်က ဘာမှပြန်မပြောဘဲ နားထောင်ယင်း ပခုံးသာတွန့်ပြလိုက်၏။ ကေ-ဂျီ-ဘီ အရာရှိလည်း သေတ္တာကို ပြန်ပိတ်လိုက်ပြီး မစ္စတာအော်တွန်နား လာချလိုက်သည်။ မစ္စတာအော်တွန်သည် သေတ္တာကို လက်နှစ်ဘက်နှင့်ဆွဲကာ အမှုအရာဖြင့် နှုတ်ဆက်လိုက်ပြီး ထွက်ပေါက်ရှိရာမှန်တံခါးကြီးဆီသို့ လျှောက်ထွက်လာသည်။ နောက်သို့ လှည့်မကြည့်ချင်တော့။ ကေ-ဂျီ-ဘီ အရာရှိကိုလည်း သူမမြင်ချင်တော့။

သူ့ကို စစ်ဆေးခဲ့ကြသောသူများမှာ အမှတ် (၇) ထောက်လှမ်းရေး ဌာနစိတ် (၁) မှ ထောက်လှမ်းရေးမှူးများဖြစ်ကြောင်း မစ္စတာအော်တွန် သိ၏။ ယင်းဌာနစိတ်၏ ထောက်လှမ်းရေးတာဝန်မှာ အမေရိကန်၊ အင်္ဂလိပ်နှင့် ကနေဒါနိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည်များအား စိစစ်ထောက်လှမ်းရေးပင်ဖြစ်သည်။

မစ္စတာ အော်တွန်သည် လေဆိပ်အဆောက်အအုံ ပြင်ပသို့ရောက်လာပြီး အပြင်တွင် တန်းစီထားသော အငှားကားတစ်စီးကို ခေါ်လိုက်သည်။ ကားအနက်တစ်စီး သူ့ရှေ့ထိုးဆိုက်လာ၏။

"မီ့စ်ကော့ဟိုတယ်ကို"

"မစ္စတာအော်တွန်က ကားသမားကို ပြောလိုက်သည်။ ကားသမားလည်း တံခါးဖွင့်ပေးပြီး အထုပ်အပိုးများကို ကားထဲထည့်လိုက်၏။ ကားသည် စက်နိုးယင်း



www.burmeseclassic.com

www.burmeseclassic.com



ရပ်ထားသည်။ ဘာကြောင့်ရပ်ထားသည်ကို အော်တွန်သိ၏။ သူ့နောက်သို့ လိုက်လာမည့် ကေ-ဂျီ-ဘီ ကားကို စောင့်နေသဖြင့် ရပ်ထားခြင်းပင်။

သူသည် ကားမှန်မှတစ်ဆင့် ကြည့်လိုက်ရာ သူ့ကားနောက်တွင် ဆီဒင်အမျိုးအစား ကားအနက်တစ်စီး မောင်းထွက်လာသည်ကို တွေ့ရလေ၏။

လေဆိပ်မှ ထွက်လာကြသည်။ သူသည် အခက်အခဲတစ်ခုကို ကျော်လွှားခဲ့လေပြီ။ ကားထဲတွင် ခွေးခွေးထွေးထွေးရှိ၏။ သူ့ကို စစ်ဆေးစဉ်က သူ့မှာကြောက်လန့်ခဲ့သည်မှာ အမှန်ပင်။ တစ်စုံတစ်ခု ဖြစ်လေမလား။ စိတ်ထဲတွေးယင်း ထိပ်လန့်မိ၏။

အမှန်စင်စစ် သူသည် **"မစ္စတာ အလက်ဇန္ဒား သောမတ်အော်တွန်"** မဟုတ်။

သူကား **"မစ်ချယ်ဂျန်"** ပင်ဖြစ်၏ သို့သော် တစ်မျက်နှာလုံး ပလတ်စတစ်ဖြင့် မျက်နှာအတု၊ ဆံပင်အတု၊ နှုတ်ခမ်းမွေးအတုများဖြင့် ပြုပြင်ထားပြီး အလက်ဇန္ဒား သောမတ်အော်တွန် ဟူသောအမည်ဖြင့် မော်စကိုသို့ လာခဲ့ခြင်းပင်။ သူ့ကိုယ်သူ မစ္စတာ အော်တွန် အနေနှင့် ကေ-ဂျီ-ဘီ တို့ထံ စစ်ဆေးခံခဲ့သော်လည်း မည်သည့် အနှောင့်အယှက်မှမရှိဘဲ အခက်အခဲကို ကျော်လွှားခဲ့၏။ ဤအစီအစဉ်မှာ ကက်နက်အော်ဗရေး စီစဉ်ပေးလိုက်သော အစီအစဉ်ပင်ဖြစ်၏။ သူ့အစီအစဉ်ဖြင့် ကေ-ဂျီ-ဘီ တို့အန္တရာယ်မှ ကျော်လွှားခဲ့သည်။ ထို့ကြောင့် အော်ဗရေးကို ကြိတ်ပြီးကျေးဇူးတင်မိ၏။

အမှန်စင်စစ် မစ္စတာအော်တွန်ဆိုသူသည် မှောင်ခိုသမားတစ်ယောက် ဖြစ်၏။ ကေ-ဂျီ-ဘီ တို့ကလည်း အော်တွန်ကို မူးယစ်ဆေးဝါး မှောင်ခိုသမားတစ်ယောက်ဟု သံသယဖြစ်ခဲ့ကြသည်။ ဤသည်ကြောင့်လည်း အော်တွန်အမည်ခံ မစ်ချယ်ဂျန်၏ အထုပ်အပိုးတွင် မူးယစ်ဆေးဝါးတစ်ချို့ ရှာဖွေတွေ့ရှိလိမ့်မည်ဟု ကေ-ဂျီ-ဘီ တို့က မျှော်လင့်ခဲ့သည်။ သို့ရာတွင် ဂျန် ၏ အထုပ်အပိုးထဲမှ ဘာမှမတွေ့သောအခါ ကေ-ဂျီ-ဘီ တို့က မကျေနပ်သဖြင့် တည်းခိုသည့် ဟိုတယ်ထိ နောက်ယောင်ခံ လိုက်လာခြင်းပင်။

အငှားကားသည် ကင်မ်ကီရေစင်ကို ကျော်ဖြတ်ကာ မြို့ပြင်ပသို့ ဦးတည်၍ တစ်နာရီမိုင် (၆၀) နှုန်းဖြင့် မောင်းသွားလေသည်။ ပန်းထွက်နေသော ပြာလဲ့လဲ့ ရေပန်းကို တွေ့ရသဖြင့် ချမ်းစိမ့်ချမ်းစိမ့် ဖြစ်မိသည်။ ရေပန်းမှာ မိုးကောင်းကင်ထိ ပန်းတက်နေလေသလားဟု ထင်မှတ်ရသည်။ တစ်ဖြည်းဖြည်းနှင့် အငှားကားလည်း မြို့ပြင်ရောက်လာသည်။

ယခုကဲ့သို့ စွန့်စွန့်စားစား ဆောင်ရွက်ရမည်ကို ကက်နက်အော်ဗရေးက သူ့အား ပြောပြထားခြင်းမရှိ။ သို့ရာတွင် ထာဝစဉ် သတိရှိရမည်ကိုတော့ မကြာခဏ သတိပေးတတ်၏။ အခုတော့ စွန့်စားရန်အတွက် နိဒါန်းမျှသာ ရှိသေးသည်။ ကေ-ဂျီ-ဘီ တို့က သူ့ကို အလစ်မပေး။ သူ၏ တာဝန်ကလည်း ကမ္ဘာ့သမိုင်းတွင် မဟာဗျူဟာ အမြောက်ဆုံး လေယာဉ်ကို မောင်းပြေးရန်ပင် မဟုတ်ပါလော။ သူ့အနေနှင့် လော့အိုင်



www.burmeseclassic.com

www.burmeseclassic.com



ဂျယ်လ်တွင် မစ် (၂၁) လေယာဉ်ကို မောင်းခဲ့ဖူးသည်။ ဖော့စ်ဘတ်ကိုလည်း မောင်းခဲ့သေးသည်။ အခုတော့ ဖိုင်းယားဖော့စ်ကို မောင်းရပေဦးမည်။

သူ့တစ်ကိုယ်လုံး ချွေးပြန်နေသဖြင့် ခေါင်းမှခြေဆုံထိ ချွေးများသုတ်နေလေ၏။ ကားပေါ်လိုက်ပါလာယင်းက အတိတ်မှ အကြောင်းတို့ကို စဉ်းစားနေမိသည်။ အတိတ်သည် အိပ်မက်များပင်မဟုတ်ပါလော။ စဉ်းစားယင်း သူသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ သူ၏ စွန့်စားမှုကို သူ့မိတ်ဆွေများအား ပြချင်ဘိ၏။ အထူးသဖြင့် အော်ဗရေးအား ပြသချင်သည်။ သူသည် ဖိုင်းယားဖော့စ်ကို ယူကာပြချင်သည်။

\+ * ×

ဗိုလ်မှူးကြီး ကွန်တာစကီးသည် အမ် (M) ဌာနစိတ်ရှိ အထက်အရာရှိကြီးများနှင့် ဆက်သွယ်ထားသော တယ်လီဖုန်းနား ရပ်နေလေ၏။ သူ့ လက်ထောက်အရာရှိ မီထရီဗရေ့ဗင်လည်း သူ့အနားတွင် ရှိသည်။ လွန်ခဲ့သော ၂၄ နာရီက ဗိုလ်မှူးကြီးသည် သူ့အထက်အရာရှိနှင့် ပြောဆိုခဲ့သည့် အကြောင်းအရာတို့ကို စဉ်းစားနေမိသည်။

ဘဲလ်ယာဒ်စခန်း ရှိ ကေ-ဂျီ-ဘီ ထောက်လှမ်းရေးမှူးများ၏ အစီရင်ခံစာကို သူလက်ခံရရှိထားသည်။ ထို့အပြင် ကိုယ်ရောင်ဖျောက်ထားသည့် မြေအောက်ထောက်လှမ်းရေးမှူးများ ပေးပို့သော သတင်းတို့ကိုလည်း ရရှိထားသည်။ ဘဲလ်ယာဒ်စခန်းတွင် လျှို့ဝှက်သတင်းပေါက်ကြားနေကြောင်း သူသိသည်။ ဗရန်နီဗစ်ချ်၊ ကရင်ရှင်၊ စမဲလ်လော့စကီးနှင့် ကုန်စုံဆိုင် အရောင်းသမား ဒါကော့တို့ (၄) ယောက် အကြောင်းကိုလည်း သူသတင်းရထား၏။ ယခုကဲ့သို့ ဖိုင်းယားဖော့စ် တည်ဆောက်နေသည့် ကာလတွင် စီမံကိန်းစခန်း၌ ဖြစ်ပျက်သမျှ သူသိ၏။

လွန်ခဲ့သည့် (၄၈) နာရီအတွင်း ဖြစ်ပျက်ခဲ့သမျှ အကြောင်းစုံကိုလည်း သူသိသည်။ ဒါကော့တစ်ယောက် မော်စကိုသို့ ထွက်သွားသည်။ မော်စကိုမှ အပြန်တွင် ကုန်မျိုးစုံတင်ဆောင်လာသော မော်တော်ကားကို သက်ဆိုင်ရာမှ ရှာဖွေသည်။ ယင်းကဲ့သို့ ဘဲလ်ယာဒ်စခန်းသို့ ရောက်လာသော မော်တော်ကားဟူသမျှ ရှာဖွေရန် ဗိုလ်မှူးကြီး ကွန်တာစကီးက အမိန့်ထုတ်ထားသည်။ စက်ရုံခြံစည်းရိုးနားသို့ ကပ်လာသော လူများကိုလည်း ရှာဖွေစစ်ဆေးရန် အမိန့်ထုတ်ထားသည်။ ခြံစည်းရိုးပတ်လည်တွင် ခွေးများ လှည့်ပတ်လျက်ရှိ၏။ လက်နက်ကိုင် တပ်စုတစ်စုလည်း ခြံစည်းရိုးပတ်ပတ်လည်တွင် လှည့်ပတ်သွားလာနေ၏။

ဤကဲ့သို့ သတိမလစ် စောင့်ကြပ်နေသဖြင့် ဗိုလ်မှူးကြီး ကွန်တာစကီးနှင့် ဗရေ့ဗင်တို့ စိတ်သက်သာစွာ နေထိုင်ရခြင်းဖြစ်သည်။ ဗရေ့ဗင်သည် ကေ-ဂျီ-ဘီ ဟယ်လီကော်ပတာဖြင့် ခရီးသွားစရာရှိ၏။ ယင်းကဲ့သို့ ခရီးမသွားမီ စီမံကိန်းစခန်း၏



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးကို တင်းကျပ်စွာ စီစဉ်ထားခဲ့သည်။ အဘယ်မျှ တင်းကျပ်စွာ စီစဉ်ထားခဲ့သနည်းဆိုမူ နာရီပိုင်းအတွင်း စခန်းတစ်ခုလုံးကို ထွက်ပေါက်မရှိအောင် ပိတ်ဆို့နိုင်ရန် စီမံထားခဲ့လေသည်။

ဗိုလ်မှူးကြီး ကွန်တာစကီးသည် တယ်လီဖုန်းကို အသာချပြီး ဘဲလ်ယာဒ်စခန်း၏ ကေ-ဂျီ-ဘီ လက်ထောက်လုံခြုံရေး အရာရှိ မီထရီဗရေ့ဗင် ကို ပြုံးပြလိုက်သည်။ ဘဲလ်ယာဒ်စခန်း၏ လုံခြုံရေးမှူးတစ်ဦးဖြစ်သူ ဗိုလ်မှူး တာနစ် ထံမှ ပေးပို့သော အစီရင်ခံစာကို ရရှိသောအခါ ဗရေ့ဗင် က မော်စကိုသို့ သွားပို့ရမည်ဖြစ်သည်။

ဘဲလ်ယာဒ်စခန်းတွင် ကေ-ဂျီ-ဘီ အရာရှိများနှင့် လက်ရွေးစဉ် အမှတ် (၂) တပ်ခွဲ ရဲဘော်များသာ ရှိသည်။ သို့သော် ကေ-ဂျီ-ဘီ များအား ကူညီရန်အတွက် ဂျီ-အာ-ယူ GRU ဟုခေါ်သော တပ်မတော်ထောက်လှမ်းရေး တပ်ခွဲတစ်ခွဲလည်း လာရောက်စခန်းချထားသည်။ ထို့အပြင် ကိုယ်ရောင်ဖျောက်ထားသော မြေအောက်ထောက်လှမ်းရေးမှူးများလည်း ရှိသေး၏။ ဤအဖွဲ့သုံးဖွဲ့စလုံးသည် လူ (၄)ယောက်နှင့် မိန်းမတစ်ယောက်ကို သတိထားကြည့်နေကြ၏။ စိစစ်နေကြ၏။ ထို့ကြောင့်ပင် အဖြစ်အပျက်ဟူသမျှကိုလည်း သူတို့ သိနေကြသည်။

ဗိုလ်မှူးကြီး ကွန်တာစကီးသည် ဗရေ့ဗင်ကို စိုက်ကြည့်ယင်း

"ဒီမှာရဲဘော် ငါတို့ဟာ သေချာဖို့လိုတယ်နော်။ တို့ချည်းပဲတာဝန်ယူလို့ မဖြစ်ဘူးထင်တယ်။ အမှတ် (၅) လုံခြုံရေး တပ်ဖွဲ့ကိုပါ အကူအညီတောင်းယင် မကောင်းဖူးလား။ ရဲဘော်ဘယ်လို သဘောရသလဲ"

ဗိုလ်မှူးကြီးက စိတ်ပါလက်ပါပြောနေသော်လည်း မီထရီဗရေ့ဗင်မှာ အရေးမကြီးသည့်အနေဖြင့် ပြောကြားလိုက်လေ၏။

"မလိုပါဘူး ဗိုလ်မှူးကြီးရဲ့"

"မလိုပါဘူး မလုပ်နဲ့၊ လိုတယ်ဗျ"

ဗိုလ်မှူးကြီးမှာ ဒေါသထွက်သွားသဖြင့် မျက်လုံးများပင် နီရဲသွားပြီး အမိန့်ပေးသည့်အသံဖြင့် ပြောလိုက်လေသည်။

"စီမံကိန်းစခန်း၊ လုံခြုံရေးအတွက်တော့ ကျုပ်တို့ တင်းတင်းကျပ်ကျပ် ဆောင်ရွက်ရမယ်ဗျ။ တစ်စုံတစ်ခုမဖြစ်ဖူးလို့ ခင်ဗျားတာဝန်ယူရဲသလား"

မီထရီဗရေ့ဗင် မှာ ပြုံးနေမိ၏။ အသက်အရွယ်ငယ်ငယ်နှင့် ကေ-ဂျီ-ဘီ တပ်ဖွဲ့တွင် အဆင့်မြင့်ရာထူးရထားသူ မီထရီဗရေ့ဗင်မှာ ခေါင်းလေး တစ်ခါခါနှင့် ပြန်ပြောလိုက်၏။

"မလိုပါဘူး ဗိုလ်မှူးကြီးရာ။ စခန်းအတွက် လုံခြုံရေးရဲဘော် ဘယ်နှစ်ယောက်ထားချင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ရာလောက်ထားဖို့လိုတယ် ကိုယ့်လူ"

"အခုလက်ရှိ တစ်ရာလောက်ရှိမှာပါ၊ သတင်းပေးသမားတွေပါ ရေတွက်ရမှာပေါ့"

"လုံခြုံရေးတော့ သိပ်လိုတယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ မစ် (၃၁) ဟာ ယန္တရားအပြည့်အစုံတပ်ဆင်ပြီးယင် စမ်းသပ်ပျံသန်းမယ်။ တပ်ဆင်ထားတဲ့ ဒုံးပျံလက်နက်တွေကိုလည်း စမ်းသပ်မယ် ဒီကြားထဲ တစ်စုံတစ်ခု ဖြစ်သွားယင် ကျုပ်တို့မှာ တာဝန်ရှိတယ်မဟုတ်လား"

မိထရီဗရေ့ဗင် က ဘာမျှမပြော။ လေးနက်စွာ စဉ်းစားနေသည့် ပုံသဏ္ဌာန်ဖြင့် ဗိုလ်မှူးကြီး ကွန်ဘာစကီးကို ကြည့်နေ၏။ ဗိုလ်မှူးကြီး ကွန်တာစကီးကပင် ဆက်လက်ပြောနေပြန်၏။

"နိုင်ငံရေးဆိုင်ရာ လုံထိန်းအဖွဲ့ကိုတော့ ကျုပ်စစ်ဆေးရမယ်။ သတင်းပေးသမားတွေကိုလည်း စိစစ်ရမယ်။ ဘာဖြစ်လို့လည်းဆိုတော့ သတင်းပေး သမားတွေဟာ စက်ယန္တရားတပ်ဆင်ရေးဌာနမှာ အလုပ်လုပ်နေကြတယ်"

မိထရီဗရေ့ဗင် က ဘာမှမပြောဘဲ ခေါင်းသာညိတ်နေ၏။ ဗိုလ်မှူးကြီးကပင် ဆက်ပြောပြန်သည်။

"သူတို့နဲ့အဆက်အသွယ်လုပ်လိုက်မယ်။ နေစမ်းပါအုံး။ သစ္စာဖောက် (၃) ယောက် ဘယ်ရောက်နေသလဲ"

မိထရီဗရေ့ဗင် သည် မှတ်စုစာအုပ်ကိုကြည့်လိုက်ပြီး

"သူတို့ သုံးယောက်စလုံး လေယာဉ်ယန္တရားထဲမှာ ရှိတယ်"

"ဟုတ်လား၊ သုံးယောက်စလုံးလား။ ဘာတွေလုပ်တယ်ဆိုတာ အသေးစိတ်ပြောပါအုံး"

"ဟုတ်ကဲ့ ဗရန်နိုဗစ်ချ် ကတော့ လက်နက်တပ်ဆင်ရေးမှာ လုပ်ရပါတယ်။ ဒါတော့ ဗိုလ်မှူးကြီး သိပြီးသားပဲ။ ဒါပေမယ့် ညကတော့ လေယာဉ်ယန္တရား တပ်ဆင်ရေးရုံမှာ အလုပ်လုပ်ရတယ်"

"ဪ ဟုတ်လား။ သူ့ကိုတစ်ခြားနေရာ ရွှေ့လိုက်လို့ မဖြစ်ဘူးလား"

"မဖြစ်ဘူး ဗိုလ်မှူးကြီး"

"ကောင်းပြီလေ၊ ကျန်တဲ့သူတွေရော"

"ကရက်ရှင်နဲ့ စမဲလ်လော့စကီးတို့ နှစ်ယောက်ကတော့ စက်ဆရာတွေပဲ။ သူတို့ဟာ လေယာဉ်လောင်စာဆီဖြည့်တဲ့နေရာ၊ ဒုံးကျည်တွေ ဖာင်ချတဲ့နေရာ၊ လက်နက်

www.burmeseclassic.com



တပ်ဆင်တဲ့ နေရာတွေမှာ အလုပ်လုပ်ရတယ်။ လေယာဥ်နောက်ပိုင်းမှာ တပ်ဆင်ထားတဲ့ ဒုံးပျံတွေမှာလည်း လုပ်ရတယ်"

"သူတို့နှစ်ယောက်ကိုရော မစိစစ်ဘူးလား"

"အနီးကပ် စိစစ်နေပါတယ်။ ကျွန်တော်တို့ဆီက သတင်းပေးသမားတွေဟာ သူတို့နှစ်ယောက်နဲ့အတူ အလုပ်လုပ်နေကြတယ်"

"ကျုပ်တို့ရဲ့ သတင်းပေးသမားတွေကိုကော သူတို့မစည်းရုံးဘူးလား"

"စည်းရုံးတာပေါ့ ဗိုလ်မှူးကြီး"

"ကောင်းတယ်၊ ဒါမှပိုင်တာ။ ဒါနဲ့ ဒါကျော့ဆိုတဲ့ အကောင်ကတော့ မယားနဲ့ပဲ အိပ်နေမယ့်အကောင်ပါ၊ သူ့မယားက ဝဝဖိုင့်ဖိုင့်ပဲ"

ဗိုလ်မှူးကြီး ကွန်တာစကီး သည် သူ့လက်အောက်ထံမှ သတင်းစုံကြားရသဖြင့် စိတ်ကျေနပ်မိ၍ ပြုံးနေလေသည်။ ပြီးတော့မှ ဗရေ့ဗင်ကိုကြည့်ပြီး

"ကောင်းတယ်။ ဒါမှ ကျုပ်တို့သတင်းစုံရမှာပဲ။ အခုတော့ ဘဲလ်ယာဒ်စခန်းမှာ တပ်မတော်ထောက်လှမ်းရေးကလည်း ထောက်လှမ်းနေမယ်။ တို့တောင်းထားတဲ့ လုံခြုံရေး တပ်ဖွဲ့လည်း မနက်ဖြန်ရောက်မယ်။ သူတို့ကို ဂိတ်မှာပဲ နေရာချထားလိုက်ပါ။ ကော်ရုံပတ်ပတ်လည်တော့ တာဝန်ယူစေပေါ့။ အခု တို့တွေ့ထားတဲ့ အကောင်သုံးကောင်ကိုတော့ အနီးကပ် စိစစ်ပါ။ အထူးသဖြင့် ဗရန်နိုဗစ်ချ်ကို သတိထားရမယ်"

"ဟုတ်ကဲ့ သူ့ကိုတော့ ဂရုစိုက်ပါတယ်"

ဗိုလ်မှူးကြီးသည် စိတ်ကျေနပ်စွာဖြင့် သူ့ကုလားထိုင်ပေါ်မှာပင် သက်တောင့်သက်သာ ထိုင်နေရာ မီထရီဗရေ့ဗင် ကိုကြည့်ပြီး. . .

"တို့အလုပ်ဟာ ဒီလောက်နဲ့ ရပ်နေလို့မဖြစ်ဘူး။ မော်စကိုက သတင်းတွေကိုလည်း တို့သိထားဖို့လိုတယ်။ စခန်းက ဘယ်သူတွေ ထွက်သွားတယ်။ ဘယ်ကိုသွားတယ်။ ဘယ်သူတွေနဲ့ တွေ့တယ်ဆိုတာလည်း စုံစမ်းထားပါ"

"ဟုတ်ကဲ့ ဗိုလ်မှူးကြီး၊ ကျွန်တော်အားလုံး စီစဥ်ထားတယ်။ လူတွေကို စိစစ်နေဖို့ အလုပ်ရုံတစ်ရုံမှာတောင် စခန်းဖွင့်ထားတယ်။ မြေအောက် စခန်းပေါ့"

"ကောင်းတယ်၊ ကောင်းတယ်။ မနက်ဖြန် ဘဲလ်ယာဒ်စခန်းကို ကျုပ်သွားမယ်။ သွားခင် စခန်းမှာ ဖြစ်ပျက်နေတာအားလုံး ကျုပ်သိချင်တယ်"

"ဟုတ်ကဲ့ခင်ဗျား"

ဗိုလ်မှူးကြီး ကွန်တာစကီးသည် ကျေနပ်စွာဖြင့် ပြုံးပြုံးကြီး ဖြစ်နေလေသည်။

× ✱ ×



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကားအနက်သည် မို့စ်ကော့ ဟိုတယ်ရှေ့ ဆင်ဝင်အောက်တွင် ထိုးရပ်လိုက်၏။ ဂျန်သည် ကားပေါ်မှဆင်းပြီး ဟိုတယ်ထဲသို့ လှမ်းဝင်သွားသည်။ သူသည် ခရီးသည်တစ်ဦးဖြစ်ကြောင်း လိုအပ်သော စာရွက်စာတမ်းများပြရန် အိတ်ထဲ နှိုက်ကာ ရှာဖွေနေသည်။ သူ့နောက်က နောက်ယောင်ခံလိုက်လာသောကားလည်း ဟိုတယ်ရှေ့ ထိုးရပ်နေလေပြီ။ ကားပေါ်မှ လူနှစ်ယောက်သည် မဆင်းတော့ဘဲ ကားထဲမှာသာ ထိုင်နေကြသည်ကို ဂျန် သတိပြုမိ၏။ တစ်ယောက်က သတင်းစာဖတ်နေ ပြီး၊ ကျန်တစ်ယောက်မှာ စီးကရက် သောက်နေ၏။ ဂျန်သည် သူတို့ကို ဂရုမစိုက်သည့် ပုံဖြင့် ဟိုတယ်စာရေး ကောင်တာဆီသို့ လျှောက်သွားပြီး တည်းခိုရန်အတွက် စကား ပြောဆိုနေ၏။

ဂျန်သည် အခန်းသော့ယူပြီး တည်းခိုရမည့်အခန်းသို့ လျှောက်သွားလေသည်။ ကားထဲထိုင်နေသူနှစ်ယောက်အနက် တစ်ယောက်မှာ သူ့ကိုစိုက်ကြည့်ကြောင်း ဂျန် တွေ့ရသည်။ ဂျန်သည် အခန်းထဲဝင်လာပြီး ပြတင်းပေါက်ဖွင့်ကာ အခန်းကို အကဲခတ်ကြည့်လိုက်သည်။ အခန်းမှာ သိပ်မကြီး။ ရှည်လျားသော ပြတင်းပေါက်များ ရှိသည်။ ပြတင်းပေါက်မှ ကြည့်လိုက်ပါက ရင်ပြင်နီကို ကောင်းစွာမြင်နေရသည်။ သူသည် ဆိုဖာပေါ် ထိုင်ချလိုက်ပြီး ခေတ္တမျှ အမောဖြေနေယင်းက နံရံတွင်တပ်ထားသော မှန်ကြီးကို ကြည့်လိုက်သည်။ သူ့နောက်သို့လိုက်နေသော ထောက်လှမ်းရေးသမားများကို လည်း စဉ်းစားနေသည်။ သူ့အပေါ် မည်သို့ယူဆပြီး နောက်ယောင်ခံလိုက်နေပါသနည်း။ သူသည် စားပွဲပေါ်တွင်ရှိသော စကော့အရက်တစ်ခွက်ကို သောက်လိုက်၏။ သူသည် မစ္စတာ အော်တွန် အသွင်ဆောင်ကာ ရုပ်ဖျက်လာသည့်အဖြစ်ကို စဉ်းစားမိသော အခါ ရယ်လည်းရယ်ချင်သည်။ ကက်နက်အော်ဗရေး ၏ အစီအစဉ်ဖြင့် ခုတော့ မော်စကိုမြို့ သို့ ကောင်းစွာ ရောက်လာခဲ့လေပြီ။

ဆိုဗီယက်တို့၏ ကာကွယ်ရေးစနစ်ကို သူစဉ်းစားနေမိ၏။ သို့ရာတွင် ဆိုဗီယက် တို့၏ စနစ်မှာ အတော်လေးရှုပ်ထွေးသဖြင့် ရုပ်တရက်စဉ်းစား၍မရပေ။ ဖော့စ်ဘက်လေ ယာဉ် လေ့ကျင့်ပျံသန်းရေးကိစ္စကိုလည်းကောင်း၊ ဖိုင်းယားဖော့စ် လေ့ကျင့်ပျံသန်းရေး ကိစ္စကိုလည်းကောင်း သူစဉ်းစားနေမိ၏။ ၎င်းပြင် ဘဲလ်ယာဒ် စီမံကိန်းစခန်း၏ ဓာတ်ပုံ ကိုလည်းကောင်း၊ သတင်းပို့နေသူများကိုလည်းကောင်း၊ သူစဉ်းစားနေမိသည်။ သူသည် ပြတင်းပေါက်မှနေ၍ မြို့ထဲသို့ မျှော်ကြည့်လိုက်သည်။ ရင်ပြင်နီအပြင် သမိုင်းဝင်ပြတိုက် လီနင်၏ ကျောက်ရုပ် စသည်တို့ကိုလည်း မြင်နေရသည်။

စကော့အရက်တစ်ခွက်ကို ထပ်သောက်လိုက်ပြီး ရှေ့ဆက်ရမည့်ခရီးကို စဉ်းစားနေသည်။ သူသည် ယနေ့ညတွင် ကျုံးအောက်၌ သူမသိကျွမ်းသေးသော လူ (၃) ဦးနှင့် တွေ့ဆုံရန် ချိန်းဆိုထားခဲ့သည်။ ညစာစားပြီးသည်နှင့် ဟိုတယ်မှ ကမ္ဘာလှည့် ခရီးသည်တစ်ယောက်အဖြစ် ထွက်ခွာသွားရမည် မဟုတ်ပါလော။

ည (၁၀) နာရီ ထိုးလေပြီ။ သူ့ ဟိုတယ်မှ ထွက်ခွာရပေဦးမည်။ မှူစရာ ရှိသော စာရွက်စာတမ်းများ ကုတ်အင်္ကျီအိတ်တွင်ထည့်ပြီး ဦးထုပ်ဆောင်းကာ ဟိုတယ်မှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့၏။ သူ့လက်တွင် ထရမ်စစ္စတာ ရေဒီယိုကို ကိုင်လာလေသည်။

\+ * +

ရင်ပြင်နီဘက်သို့ ဦးတည်လျှောက်လာခဲ့သည်။ တစ်နေရာ၌ အရပ်ပုပြတ်ပြတ် လူတစ်ယောက်က စီးကရက်မီးညှိကာ လမ်းဘေးတွင် ရပ်နေသည်ကို ဂျန် တွေ့ရ၏။ ထိုစဉ် ရပ်ထားသောကားမှ စက်နှိုးသံ ထွက်ပေါ်လာပြီး ကားခေါင်းမှမီးလည်း လင်းလာသည်။ သူ့အနေနှင့် ဟိုတယ်မှ ထွက်ခွာခွင့် မရမှာကို စိုးရိမ်နေမိသည်။ သို့ရာတွင် ထိုသူတစ်ဦးတစ်ယောက်မှ သူ့ကိုတားဆီးခြင်းမရှိပေ။ လေအေးတိုက်ခတ်သဖြင့် ဂျန်သည် ကုတ်အင်္ကျီကော်လန်ကို ထောင်တင်ပေးလိုက်သည်။

သူသည် ဖြည်းဖြည်းနှင့် လျှောက်လာရာ ရင်ပြင်နီနှင့် နီးလာ၏။ သူ့နောက်တွင် အရပ်ပုပြတ်ပြတ် လူလိုက်လာသည်ကို သတိထားမိ၏။ ကားမှာလည်း တစ်ဖြည်းဖြည်း မောင်းလာနေသည်။ သို့ရာတွင် သူ့နောက်သို့ လူလိုက်လာကြောင်း မသိလေဟန်ဖြင့် တစ်လှမ်းချင်း လျှောက်လာသည်။ မို့စ်ကာမြစ်ကမ်းသို့ ရောက်လျှင် တံတားပေါ်တက်လိုက်သည်။ လေတိုက်သဖြင့် သူ့ဦးထုပ် လွင့်မထွက်ရန် လက်ဖြင့် ဖိထားရ၏။ လေသည် မြစ်ကိုဖြတ်ပြီးတိုက်ခတ်လာသဖြင့် အတော်အေးသည်။ တံတားပေါ်မှ နေ၍ မော်စကိုမြို့ကို ကြည့်နေမိသည်။ သူ့နောက်မှ လိုက်လာသူမှာ ကိုက် (၅၀) မျှ ခွာပြီး လျှောက်လာလေ၏။ ထိုသူ့နောက်တွင် ကားနက်ကြီးသည် တစ်ဖြည်းဖြည်းနှင့်မောင်းလာပြီး ခပ်လှမ်းလှမ်းမှာပင် ရပ်ထားကာ ကားမီးလည်း ငြိမ်းလိုက်လေသည်။ ဂျန် သည် တစ်ယောက်တည်း ပြုံးနေမိ၏။

သူသည် မြစ်ကမ်းဘက်သို့ လျှောက်ဆင်းသွား၏ အင်္ကျီကော်လန်ကိုလည်း ကြယ်သီးတပ်လိုက်သည်။ သူ့နောက်တွင် လူတစ်ယောက်လိုက်လာနေဆဲပင်၊ သူသည် ကန့်ကြီးကိုကျော်ဖြတ်လိုက်သည်။ ခပ်လှမ်းလှမ်းလျှောက်သွားမိသောအခါ ကျောက်ခဲ တစ်လုံးကျသံကို ကြားလိုက်သည်။ သူရောက်နေသည့် နေရာမှာ မီးမှောင်နေ၏။ လေအေးလည်း တစ်ဟူးဟူး တိုက်ခတ်နေသည်။ သူ့စိတ်တွင် စိုးရွံ့လာမိသဖြင့် သူ့လက်သည် အိတ်ထဲရှိအရာတစ်ခုကို တင်းကြပ်စွာ ကိုင်ထားမိသည်။ နောက်ကိုလည်း လှည့်ကြည့်လိုက်သည်။ ကားကိုမတွေ့တော့။ လူတစ်ယောက်လိုက်လာပုံ အရိပ်သဏ္ဌာန် တစ်ခုကိုသာ ရေးရေးလေးတွေ့နေရသည်။

နာရီကိုကြည့်လိုက်၏။ (၁၀) နာရီ မိနစ် (၂၀) ရှိလေပြီ။ နောက် (၁၀) မိနစ်အတွင်း အခြားတံတားတစ်ခုသို့ အရောက်သွားရပေမည်။ တံတားပတ်ဝန်းကျင်မှာ တိတ်ဆိတ်လှသည်။ ထိုစဉ် ခပ်လှမ်းလှမ်းမှ လူနှစ်ယောက် လျှောက်လာသည်ကို သူတွေ့လိုက်ရ၏။ ရုတ်တရက်မို့ သူ့မှာ ထိပ်လန့်သွားသည်။ သို့နှင့် သတိထားပြီး တစ်ဖြည်းဖြည်းနှင့်လျှောက်သွားရာ မျက်နှာချင်းဆိုင်လျှောက်လာသူ နှစ်ယောက်နှင့် ဆုံမိလေ၏။ ထိုလူနှစ်ယောက်သည် ဘာမျှမပြောဘဲ ဆက်လျှောက်သွားသည်။ သည်တော့မှ သူမှာ



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချမိ၏။ လျှောက်သွားသူနှစ်ယောက်ကိုလည်း ငေးကြည့်နေမိ၏ လူနှစ်ယောက်လည်း တစ်ဖြည်းဖြည်းနှင့် မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။ သို့တို သူ့မှာ စိုးရွံ့နေတုန်း။ ပြေးပင်ပြေးချင်လာသည်။

သူသည် မြစ်ကမ်းပါးအတိုင်း လျှောက်သွား၏။ မြစ်ရေပေါ်သို့ ရုတ်တရက် မီးရောင်တွေ့ရသဖြင့် မီးရောင်လာရာဘက်သို့ ကြည့်လိုက်ရာ သူ့နောက်တွင် လိုက်ေ သော ကားနက်ကို တွေ့ရပြန်သည်။ ကားနှင့်လူသည် ကြို၍ မြစ်ရိုးတွင် စောင့်နေလေပြ သူသည် အမှောင်ရိပ်ရှိသော ကျုံးဘက်သို့ ချိုးဝင်သွားပြီး နာရီကို ကြည့်လိုက်ရာ (၁ဝ နာရီခွဲပြီ ဖြစ်သည်။ တစ်ခဏ၌ ခြေသံလိုလိုကြားလိုက်ရသည်။ ခပ်လှမ်းလှမ်းတွ လူတစ်ယောက်ရပ်နေသည်ကို တွေ့ရ၏။ ထိုသူသည် သူ့နောက်လိုက်နေသူပင်။ သူနှ ကိုက်တစ်ရာမျှ ဝေးမည်ဟု ခန့်မှန်းရသည်။ သူသည် ခပ်သွက်သွက်ပင် လျှောက်သွားရ ခေါ်သံတိုးတိုးလေး ကြားလိုက်ရသည်။

"မစ္စတာအော်တွန်"

"ဟုတ်ပါတယ်"

ခေါ်လိုက်သောအသံမှာ နိုင်ငံခြားသားအသံ မဟုတ်။ ခေါ်သံလာရာသို ကြည့်မိရာ လူသုံးယောက်လာနေသည်ကို တွေ့ရလေသည်။ လူတစ်ယောက်က လက်နှ ဓာတ်မီးဖြင့် သူ့မျက်နှာကို ထိုးကြည့်လိုက်သည်။ ထို့နောက် တစ်ယောက်က အင်္ဂလိပ် အသံဖြင့်

"ဟုတ်တယ် သူပဲ" ဟု ပြောလိုက်လေ၏။

ထိုလူ သုံးယောက်အနက် အရပ်မြင့်မြင့်လူက. . .

"ခင်ဗျားနောက် ဘယ်နှစ်ယောက်လိုက်လာသလဲ"

အော်တွန်သည် စောစောက ကားရပ်ထားသည့်ဘက်သို့ ကြည့်လိုက်ယင်း. . .

"ကားတစ်စီးနဲ့ လူနှစ်ယောက်"

ခပ်တိုးတိုးလေး အသံအုပ်ပြီး ပြောလိုက်လေသည်။

"ကောင်းပြီ"

ရုရှလိုပင် ပြောလိုက်၏။ အင်္ဂလိပ်လို ပြောသောလူမှာ သံရုံးကလူဖြစ်ကြောင်း အော်တွန်သိ၏။ ထိုသူ၏ အရပ်အမောင်းမှာ အော်တွန် အရပ်အမောင်းအတိုင်းပင်။ ထိုသူဝတ်ထားသည့် ကုတ်အင်္ကျီမှာလည်း သူဝတ်ထားသည့် ကုတ်အင်္ကျီကဲ့သို့ပင်။ ခေါင် ထားပုံထားနည်းနှင့် ဖိနပ်စီးထားပုံလည်း သူနှင့် တစ်ထေရာတည်းဖြစ်၏။ ထိုသူသည် ပြုံးရွှင်စွာဖြင့် သူ့ကို မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို သူတို့ ဘာလုပ်သေးလဲ"

အော်တွန်သည် ဘာမျှ မပြောသေးဘဲ သူ့နောက်လိုက်နေသူကိုလှည့်ကြည့် ပြောကြားလေ၏။

"ဟိုမှာလေ၊ ကျုပ်နောက်လိုက်နေတဲ့လူပဲ။ အခုပြန်လှည့်ထွက်သွားပြီ။ ကျုပ်တို့ းယောက်ကိုမြင်လို့ ကြောက်ပြီးလှည့်ထွက်သွားတာနဲ့တူတယ်"

ပြောယင်းက သူတို့လေးယောက် ရယ်နေကြသည်။

အော်တွန်ကတော့ သွားရန်အဆင့်သင့် ဖြစ်နေလေပြီ။

ရောက်လာသူ သုံးယောက်တွင် "ဖင်တန်" ဟုခေါ်သော အင်္ဂလိပ်သည် အော်တွန်နှင့် ချွတ်စွတ်တူလှ၏။ လွန်ခဲ့သော (၂) နှစ်လောက်လည်း 'ဖင်တန်' သည် အော်တွန်အဖြစ်ဖြင့် အလုပ်ကိစ္စအတော်များများ ဆောင်ရွက်ခဲ့ဖူးသည်။ ရုတ်တရက် ကြည့်လိုက်ပါက အမွှာများလားဟု ထင်ရသည်။

တစ်ခဏ၌ အရပ်မြင့်မြင့် လူကောင်ထွားထွား ရုရှကြီးက ကုတ်အင်္ကျီအိတ် ထဲမှ သံတုံးတစ်တုံးနှိုက်ပြီး လျှပ်တစ်ပျက်အတွင်း 'ဖင်တန်' ခေါင်းပေါ် ထုချလိုက်ရာ ရာမှာပင် ခွေကျသွားသည်။ စကားပင် မေးမရတော့။ ထို့နောက် အော်တွန်သည် စ်ပို့များထုတ်ပြီး ထိုသူ့ ကုတ်အင်္ကျီအိတ်ထဲ ထိုးထည့်လိုက်၏။ ရုရှကြီးက က်တစ်ချက်။ ပြီးတော့ နောက်တစ်ချက်။ ဆင့်ကာဆင့်ကာ ထုချလေ၏။ ခုတော့ သူမှာ အသက်မရှိတော့။ ထိုသူ့အိတ်ထဲမှ စာရွက်စာတမ်း အားလုံးကိုလည်း အော်တွန် နှိုက်ယူလိုက်သည်။ မျက်နှာကိုလည်း မမှတ်မိရန် သံတုံးဖြင့် ထုချေလိုက်လေ၏။

"ဟေ့ မြန်မြန်လာကြ၊ ငါ့နောက်လိုက်ခဲ့ကြ"

ပြောပြောဆိုဆိုနှင့် သုံးဦးသား ကျုံးပေါ်တက်ပြီး မီးရထားဘူတာဘက်သို့ တ်ခြေတင်သွားကြလေတော့သည်။ မရှေးမနှောင်းမှာပင် အော်တွန်နောက်လိုက်နေ သော သူသည် သူ့အဖော်ကိုခေါ်၍ လဲနေသည့် လူဆီသို့ ရောက်လာပြီး သေနေသူ၏ က်နှာကို ဓာတ်မီးဖြင့် ထိုးကြည့်ကာ အိတ်ထဲနှိုက်ကြည့်လိုက်သည်။ မစ္စတာ သက်ဇနွားသောမတ် အော်တွန် ၏ ပတ်စပို့ကို တွေ့ရသည်နှင့် -

"အော်တွန်ကိုတော့ သူ့အဖွဲ့ မူးယစ်ဆေးဝါးဂိုဏ်းသားတွေ သတ်သွားပြီ"

ဟု ကေ-ဂျီ-ဘီ နှစ်ယောက် မှတ်ချက်ချလိုက်လေတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အခန်း ၊ ( နှစ် )

## မရဏာခရီး

အော်တွန်သည် ခပ်သွက်သွက်ပင် အနောက်မှ လိုက်သွား၏။ သူ သုံးယောက် ကျုံးထဲမှထွက်လာပြီး ဘူတာရုံဘက်သို့ ဦးတည်လျှောက်သွားကြသည် မီးထိန်ထိန်လင်းနေသော ဘူတာရုံကို လှမ်းမြင်နေရ၏။ သုံးယောက်သား စကားတစ်ခွ မှ မပြောဘဲ လျှောက်လာကြရာ ဘူတာရုံနား ရောက်လာကြ၏။ ဘူတာရုံမှာ ခေတ် ပြတိုက်ကြီးတစ်ခုလို ခမ်းနားလှသည်။ သူတို့ သုံးယောက် ဂုံးတံတားကို ကျော် စင်္ကြံဘက်သို့ လျှောက်သွားကြ၏။ ဘူတာမှာ 'ပါဗ့်လက်မက်ထရို' ဘူတာဖြစ် မော်စကို မြို့လယ်တွင် တည်ရှိသည်။ ဤကဲ့သို့သော ဘူတာမျိုး နယူးရောက်၊ လန် ပါရီ စသည့် မြို့များတွင် မတွေ့ဘူးချေ။

မီးရထားစင်္ကြံတွင် ခရီးသည် ရှင်းနေ၏။ လူသွားလူလာနည်း၏။

စင်္ကြံပေါ် ရောက်သည်နှင့် သူတို့သုံးယောက်မှာ ပူးကပ်မနေကြ ခပ်ခွာခွာပင် ရပ်နေကြသည်။ ပါပေါ့ဆိုသည့် ရုရှကြီးသည် အော်တွန်နား လျှောက်လာ အထုပ်တစ်ခုကိုကမ်းပေးလိုက်၏။ အော်တွန်သည် သံတိုင်ကိုမှီပြီး ရပ်နေသဖြင့် အရိပ် ရပ်နေသလိုဖြစ်၍ ရုတ်တရက်မည်သူကမျှ ပါပေါ့ကမ်းပေးသော အထုပ်ကိုမမြင်လို ပေ။ အထုပ်ထဲတွင် ဗြိတိသျှ နိုင်ငံသားပတ်စ်ပို့အပြာတစ်ခုလည်းပါ၏။

ပါပေါ့က လေသံလေးဖြင့် အော်တွန်ကို ပြောလိုက်သည်။

"ရထားပေါ်က မဆင်းခင် စာတွေဖတ်ကြည့်ပါ။ ခင်ဗျားဟာ ခုချိန်ကစ အော်တွန်မဟုတ်တော့ဘူး။ 'မစ်ချယ်ဂျန်' ဆိုတာလည်း မှတ်ထားအုံး။ ခင်ဗျားဟ ကမ္ဘာလှည့်ခရီးသည်တစ်ယောက်ပဲ။ ဝါဆော ဟိုတယ်မှာ တည်းခိုတယ်။ ကေ-ဂျီ- တွေဟာ အင်္ဂလိပ်လူမျိုးဆိုယင် သိပ်မရှာဘူး။ ဒါပေမယ့် တည်တည်ငြိမ်ငြိမ် နေပါ"

ပါပေါ့သည် ပြောပြီးသည်နှင့် ဂျန့် နားရပ်မနေဘဲ စင်္ကြံအတို ဆက်လျှောက်သွား၏။ ဂျန် က ပါပေါ့ကမ်းပေးသော ပတ်စ်ပို့ပုံကို ကြည့်နေမိသည် ထို့နောက် ပတ်စ်ပို့ကို ကုတ်အင်္ကျီထဲ ထည့်လိုက်လေသည်။ ကုတ်အင်္ကျီကို ချွတ်က လက်မောင်းဖြင့် ပွေ့ထားလိုက်သည်။ သူသည် ထိုနေရာမှာပင် ရပ်စောင့် နေဆဲ။ ရုရှ တစ်ယောက်၊ နှစ်ယောက်ကို ကြည့်လိုက်သေး၏။ ဘာမှတော့ မြေးမြန်းခြင်း မရှိ။

ခဏအကြာ ဘူတာထဲသို့ ရထားဝင်လာ၏။ ဂျန် သည် ကုတ်အင်္ကျီကို ပခုံးပေ တင်ပြီး ရထားဆီသို့ လျှောက်သွားသည်။ ပါပေါ့တက်သော တွဲထဲသို့ လိုက်တက်သွာ ပါပေါ့သည် ခုံတန်းတစ်ခုတွင် ထိုင်ပြီးသတင်းစာဖတ်နေသည်။ ဂျန် လည်း ပါပေါ့န ခပ်လှမ်းလှမ်း လွတ်နေသည့် ခုံတန်းတစ်ခုတွင် ဝင်ထိုင်လိုက်သည်။ ရထား စတ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လေပြီ။ သူတို့နှင့် ပါလာသူတစ်ယောက်က သူတို့တွဲတွင် မရှိဘဲ တခြားတွဲသို့ ရောက်နေလေ၏။

တွဲထဲပါလာကြသော ခရီးသည်များကို ဂျန် ကလိုက်လံ ကြည့်ရှု၏။ သူတို့မှာ မင်ပန်းလာပုံဖြစ်နေသဖြင့် ခရီးသည် အစစ်များသာ ဖြစ်ကြောင်း ဂျန် အကဲခတ်မိသည်။ တွဲထဲ ပါလာကြသော သူများကလည်း သူတို့ကို ကြည့်ကြ၏။ ဤကဲ့သို့မျက်နှာမျိုး ဂျန် အကြိမ်ကြိမ် တွေ့ဖူးခဲ့သည်။ ရထားစတင်ထွက်လေပြီ။ မော်စကိုမြို့၏ အရှေ့မြောက်ဘက်သို့ ဦးတည်ခုန်မောင်းသွားသည်။ တခဏတွင် ရထားတွဲတံခါးမှာ တစ်ဖြည်းဖြည်းနှင့် ပွင့်လာ၏။ မည်သူများ ဝင်လာပါသနည်း။ ဂျန့် ရင်ထဲ တထိတ်ထိတ်နှင့် ကြည့်နေမိ၏။ တစ်ခြားခရီးသည်များမှာ မည်သူတစ်ဦးတစ်ယောက်ကမျှ တံခါးဘက်သို့ တံခါးဘက်သို့ လှည့်မကြည့်ကြပေ။ ဂျန် မှာသာ ရင်တထိတ်ထိတ်နှင့် ဇောချွေးများ ပျံလာသည်။ သူသည် ပါပေါ့ကို လှည့်ကြည့်လိုက်မိ၏။ ပါပေါ့ကလည်း ဂျန့် ကို ကြည့်လိုက်သည်။

ပါပေါ့က ခေါင်းညိတ်ပြလိုက်မှ ဂျန် မှာ သက်သာသလို ရင်ထဲ ပေါ့သွားသည်။ ယခုအခါ သူသည် မည်သည့်အရပ်သို့သွားနေပါနည်း။ သူနှင့်အတူလိုက်ပါလာသော မိတ်ဆွေကသူ့ အပေါ် အဘယ်မျှကြာအောင်သစ္စာရှိပါသနည်း။ သူမစဉ်းစားတတ်။ သူ့ဘဝသည် အော်ဗရေး၏ အစီအစဉ်ဖြင့် လှုပ်ရှားနေရသည်။ စောစောက လူသတ်ခဲ့သည်အကြောင်း စဉ်းစားမိပြန်သည်။ ယခုအချိန်ဆိုပါက သက်ဆိုင်ရာရဲများက အလောင်းကိုဆေးရုံသို့ ယူသွားကြပေမည်။ သူသေပြီဟု ကေ-ဂျီ-ဘီ တို့မှတ်ချက်ချလေမလား။ သို့မဟုတ်သူတို၏ လှည့်ကွက်ကိုသိသွားကြလေမလား။ ဂျန်တစ်ယောက် ရတက်မအေးဘဲ ရင်လေးရပြန်သည်။ ထိုသို့လူသတ်ပြီး မိနစ်ပိုင်းအတွင်း ဘူတာရုံသို့ ရောက်အောင် နေရာမှန် ရွေးထားသဖြင့်ဂျန်သည် အော်ဗရေးကိုကြိတ်ပြီးချီး ကျူးမိ၏။ ထိုနောင်သူသည် အော်ဗရေး ပေးထားသော မော်စကိုမြို့ မြေပုံကိုကြည့်နေမိ သည်။

ဘဲလ်ယာဒ်စခန်းသို့ သွားရမည့်ခရီးစဉ်ကို အော်ဗရေးက သူ့အားပြောကြားထားခြင်းမရှိပေ။ သူသည် မျက်ကန်းတစ်ယောက်ပမာ တစ်ပါးသူ နောက်သို့ လိုက်နေရသည်။ ဂျန်တစ်ယောက်စဉ်းစားယင်း ရထားဥဩဆွဲသံကြားရသဖြင့် အတွေးမျှင်များ ရပ်သွားရသည်။ ရထားမှာ ကူစကာရီးဘူတာသို့ ရောက်လာချေပြီ။ ပြတင်းပေါက်မှမကြည့်မိရန်နှင့်ရထားမှဆင်းသွားကြသောခရီးသည်များကို မကြည့်မိရန်လည်း သူ့ကိုယ်သူသတိထားနေရသည်။ ရထားဆက်လက် ထွက်ခွာလာ၏။ ဂျန်သည် နောက်တန်းတွင်ထိုင်နေသော ပါပေါ့ကို လှည့်ကြည့်လိုက်သည်။ ပါပေါ့ကတော့ ပြတင်းပေါက်မှနေ၍ စကြိန်ဘက်သို့ ငေးကြည့်နေသည်။ ရထားပေါ်မှ ဆင်းသွားကြသောခရီးသည်များကို ဘူတာရုံထွက်ပေါက်၌ သက်ဆိုင်ရာတို့က စစ်ဆေးမေးမြန်းလျက်ရှိသည်။

ဂျန်သည်ပါပေါ့ကို ငေးကြည့်နေ၏။ ပါပေါ့လည်း ရထားထွက်လာပြီးဖြစ်၍ ဂျန်ကိုလှည့်ကြည့်ပြီး ခေါင်းညိတ်ပြသည်။ ဂျန်သည် မော်စကိုမြို့မြေပုံနှင့် ရထားအ



www.burmeseclassic.com

www.burmeseclassic.com



စာရင်းကို ကြည့်နေပြန်သည်။ ဘူတာစဉ်နှင့်အချိန်စာရင်းကို စိစစ်ကြည့်၏။ အော်ပရေးသည် ခရီးစဉ်အတွက် လိုအပ်ချက်အားလုံး အပြည့်အစုံပေးခဲ့လေသည်။

ရထားလည်း ဆက်လက်ခုတ်မောင်းလာ၏။ ဂျန်သည် စောစောက ပါပေါ့ပေးထားခဲ့သော စာရွက်စာတမ်းများကို ကြည့်နေပြန်၏။ ဂျန်သည် တစ်တွဲနှင့်တစ်တွဲ ဆွဲချိတ်ထားသည့်နေရာကို ကြည့်လိုက်ရာ တစ်ဦးတစ်ယောက်က တံခါးတွန်းဖွင့်ပြီး ထွက်လာလေ၏။ ထိုသူမှာ မီးရထားဝန်ထမ်းဖြစ်ကြောင်း ဂျန် တွေ့ရသည်။ ရထားအရှိန်လျှော့လာပြန်၏။ ဥသြဆွဲသံကြားရသဖြင့် တစ်ဘူတာရောက်ကြောင်း ဂျန် သိသည်။ ယခုရောက်လာသည့် ဘူတာမှာ ကွန်ဆိုမိုကီးယားဘူတာဖြစ်၏။ ဂျန် သည် ပါပေါ့ကို လှည့်ကြည့်လိုက်သည်။ ပါပေါ့ လည်း မတ်တပ်ထပြီး တံခါးနားရှိ လက်တန်းကို ကိုင်ကာ ရပ်နေလေသည်။ ဂျန် သည် မနေသာတော့ သူလည်း ရှပ်တရက် မတ်တပ်ထရပ်လိုက်၏။

တစ်ဖြည်းဖြည်းနှင့် ရထားရပ်သွား၏။ ခရီးသည်တစ်ချို့လည်း ဆင်းသွားကြသည်။ ဂျန် လည်း ပါပေါ့ အခြေအနေကိုသာ အကဲခတ်နေသည်။ ပါပေါ့ ကရထားပေါ်မှ ဆင်းသွားရာ ဂျန် လည်း မသိမသာ ခရီးသည်များ နောက်တွင် လိုက်ဆင်းလေသည်။ ခုလည်း သူ့မှာ စိုးရိမ်ထိတ်လန့်ရသဖြင့် ချွေးပြန်နေ၏။ စောစောက ပါပေါ့ ပေးထားသော စာရွက်စာတမ်းပါ အကြောင်းအရာတို့ကိုလည်း သူမေ့သွားလေပြီ။ သူ့ အမည် "မစ်ချယ် ဂျန်" ဟူလောက်သာ သတိရနေ၏။ ထွက်ပေါက်ကို လိုက်လံကြည့်၏။ ထွက်ပေါက်တွေ့ရပါပြီ။ အပေါက်ဝတွင် စစ်ဆေးရေးအရာရှိ နှစ်ယောက် ရပ်နေသည်ကို တွေ့ရလေသည်။

ပါပေါ့လည်း သူ့အနားရောက်လာသည်။ သူတို့ နှစ်ယောက် ခရီးသည်များနောက် တစ်ဖြည်းဖြည်း လျှောက်သွားရာ ထွက်ပေါက်နား ရောက်သွားလေ၏။ ရထားဘူတာတွင် မည်သည့် ကြော်ငြာစာကိုမျှ ဂျန် မတွေ့ရ။ သူတို့နှစ်ယောက် လူအုပ် နောက်လိုက်သွားသည်။ ပါပေါ့က ရှေ့၊ ဂျန် က နောက်။ ဂျန် သည် သူ့ ပတ်စ်ပို့ကို စစ်ဆေးကြည့်ပြန်သည်။ သူ့နာမည် "မစ်ချယ် ဂျန်"။ ဒါကိုတော့ မိမိရရမှတ်မိနေရမည်။ ဂိတ်ဝမှ စစ်ဆေးရေး အရာရှိများက ထွက်လာသော ခရီးသည်များကို တစ်ယောက်ပြီး တစ်ယောက် စစ်ဆေးနေ၏။ ဂျန် မှာ ရင်ထဲ တထိတ်ထိတ်။ ဟန်မပျက်ဘဲ လူအုပ်နောက် လိုက်သွားရာ ဂိတ်ဝသို့ ရောက်သွားလေသည်။ ဂျန် က သူ့ပတ်စ်ပို့ကို စစ်ဆေးရေး အရာရှိအား ထိုးပြလိုက်သည်။ အရာရှိက ပတ်စ်ပို့ကို ကိုင်ယင်း ဂျန်အား ပြောလိုက်လေ၏။

"မစ္စတာဂျန် ခင်ဗျားကို ကြည့်ရတာ နေမကောင်းဘူးထင်တယ်"

ဂျန်က ပြုံးလျက် စစ်ဆေးရေးအရာရှိကို ကြည့်နေ၏။

"နေကောင်းပါတယ်၊ ဒါပေမယ့် ခရီးပန်းလို့ ထမင်းမစားနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဝါဆောဟိုတယ်က အစားအသောက်မကောင်းဘူးလား"

စစ်ဆေးရေးအရာရှိသည် မယုံသင်္ကာလုံးဝမရှိဘဲ ကရုဏာသက်ပြီး ပြောဆိုနေကြောင်း ဂျန် သိ၏။

"ကောင်းပါတယ်။ ဒါပေမယ့် ကျုပ်အဖို့တော့ ခရီးပန်းနေတဲ့လူ ဆိုတော့ သိပ်ခံတွင်းမတွေ့ဘူး"

စစ်ဆေးရေးအရာရှိသည် ဂျန် ပြောဆိုနေသည်ကို ခေါင်းတစ်ညိတ်ညိတ်နှင့် နားထောင်နေ၏။ ပြီးတော့ ဂျန့် ထံမှ ယူထားသော ပတ်စ်ပို့နှင့် စာရွက်စာတမ်းများ ပြန်ပေးသည်။

"ကျေးဇူးတင်ပါတယ် မစ္စတာဂျန်။ ခင်ဗျား ပတ်စ်ပို့ တွေပြန်ယူပါ"

စစ်ဆေးရေးအရာရှိသည် ပတ်စ်ပို့နံပါတ်နှင့် စာအမှတ်များ မှတ်သားပြီး ပြန်ပေး လိုက်၏။ ဂျန် သည် အပေါက်မှ ထွက်လာသည်။ မည်သူ့ကိုမှ မကြည့်မိရန် သတိထားပြီး လှမ်းထွက်လာ၏။ အထူးသဖြင့် ပါပေါ့ ကို မကြည့်မိရန် သတိကြီးစွာထားရလေသည်။ ခြေလှမ်း ဆယ့်နှစ်လှမ်းမျှ လှမ်းသွားပြီး သူသည် စစ်ဆေးရေး အရာရှိ၏ မြင်ကွင်းမှ ရှောင်ထွက်သွားသည်။ သို့ရာတွင် မည်သည့်နေရာသို့ သွားရမည်ကို သူမသိ။ အကယ်၍သာ ပါပေါ့ ကို ဖမ်းထားပါက သူသည် အဘယ်အရပ် သို့ သွားရပါမည်နည်း။ မျက်ကန်း ကဲ့သို့ပင်မဟုတ်ပါလော။

သူသည် လှေခါးထက်သို့ တက်သွားသည်။ ထို့နောက် မီးရထား ဘူတာရုံကို ညွှန်ပြသော မြေပုံကို သွားကြည့်နေပါသော်လည်း သူ့မှာ ပူပင်နေရသည်။ ပါပေါ့ တစ်ယောက် ဘယ်ရောက်နေပါသနည်း။ စိုးရိမ်စွာဖြင့် တွေးတောနေ၏။ ယင်းကဲ့သို့ တွေးတောနေစဉ် သူ့ပခုံးပေါ် သို့ လက်တစ်ဘက်ရောက်လာသည်။ လှည့်ကြည့်လိုက်ရာ ပါပေါ့ ကိုတွေ့ရသည်။ ပါပေါ့ သည် သူ့ကိုကြည့်ပြီး ပြုံးစိစိနှင့် ပြောလိုက်လေ၏။

"မစ္စတာဂျန် ခင်ဗျား ဘာဖြစ်နေသလဲ။ ခင်ဗျားကို ကြည့်ရတာ ကြောက်နေသလိုလိုပဲ"

"ဟုတ်တယ်ကိုယ့်လူ။ ကျုပ်မှာ နေမကောင်းသလိုလို ဖြစ်နေတယ်"

ပါပေါ့သည် ဂျန်ကို သေချာစွာ စိုက်ကြည့်နေမိသည်။ ထို့နောက် မော်စကိုမြို့ ရှိ ဗြိတိသျှ သံရုံးမှ အက်စ်အိုင်အက်စ် **(SIS)** အကြီးအကဲ မစ္စတာ ဒေးဗစ်အက်ကလစ် ပြောခဲ့သည့်စကားကို ပါပေါ့ သတိရမိသည်။

"ကျုပ်တို့ လွှတ်လိုက်တဲ့ လူကတော့ တကယ်စွန့်စားမယ့်လူပဲ။ ဒါပေမယ့် အကြောင်းတစ်ခုခုကြောင့် မမျှော်လင့်ဘဲ အခက်အခဲနဲ့ တွေ့ကြုံလာယင် လူပုဂ္ဂိုလ်

SIS = Secret Intelligence Service



www.burmeseclassic.com

www.burmeseclassic.com



ပဓာနမထားဘဲ လုပ်ငန်းအောင်မြင်ရေးအတွက်သာ ဦးစားပေးဆောင်ရွက်ပါ"

ပါပေါ့ သည် အက်ကလစ်၏ စကားကို စဉ်းစားယင်း ဂျန်ကို ကြည့်နေမိ၏။ ဂျန့် မျက်နှာမှာ စိုးရိမ်ကြောက်ရွံ့နေသည် အမှန်ပင်။ ထို့ကြောင့် ပါပေါ့ က အသံခပ်မာမာနှင့် ဂျန် အားပြောလိုက်လေ၏။

"ဒီမှာကိုယ့်လူ။ ခုနေခါ ဂိတ်ဘက်ကို မသွားနဲ့အုံး။ ဟိုဘက်မှာ ကေ-ဂျီ-ဘီတွေ စောင့်နေတယ်။ သွားယင်တော့ အနည်းဆုံး (၄) ခါလောက် အစစ်ခံရမယ်။ ဒီတော့ လောလောဆယ် ခင်ဗျား အိမ်သာထဲမှာ သွားပုန်းနေပါ။ လူတွေ အတော်ရှင်းမှ ကျုပ်တို့ ထွက်မယ်"

ခုအတိုင်းဆို သူတို့နှစ်ယောက် ချောင်ပိတ်မိနေပြီလား။ ဤကား ကွန်ဆိုမိုကီးယား ဘူတာကို ရောက်လာခဲ့သည့် အဖြစ်ပင်။

\+ \+ \+

ဗြိတိသျှ သံရုံးမှ ကူးသန်းရောင်းဝယ်ရေး အရာရှိ ဒေးဗစ် အက်ကလစ်သည် မို့စ်ကော့ ဟိုတယ်ခန်းမ အရက်ကောင်တာတွင် ထိုင်ပြီး အရက်သောက်နေ၏။ သူထိုင်သည့် နေရာမှနေ၍ ဟိုတယ်တွင်း ဝင်ထွက်သွားလာကြသူအားလုံးကို မြင်နေရလေသည်။

ကေ-ဂျီ-ဘီ အရာရှိများ ရောက်လာကြသည်ကို အက်ကလစ် တွေ့ရ၏။ နိုင်ငံရေး ထောက်လှမ်းမှု ဗျူရိုမှ ပုဂ္ဂိုလ်နှစ်ဦးလည်းပါ၏။ အကယ်၍ မိမိတို့၏ လုပ်ကြံမှု အောင်မြင်သွားပါက ဖင်တန် သေဆုံးခြင်းမှာ အချိုးအနှိုး သေဆုံးခြင်းမဟုတ်ပေ။ တန်ဖိုး **ရှိသော သေဆုံးခြင်းသာဖြစ်မည်။ ကေ-ဂျီ-ဘီ အရာရှိများ၏ လှုပ်ရှားနေပုံကို ကြည့်ခြင်း** အားဖြင့် ထူးခြားသည်တော့အမှန်ပင်။ မစ္စတာအော်တွန်သည် မူးယစ်ဆေးဝါးရောင်းဝယ်ယင်း အသတ်ခံရသည်ဟု ယူဆပုံပေါက်၏။ အက်ကလစ်သည် ခေါင်းလေးတစ်ညိတ်ညိတ်နှင့် စကော့အရက်ကို သောက်နေလေ၏။ **"အော်တွန်သေဆုံးလေပြီ။ ဂျန် တစ်ယောက် သက်တောရာကျော်ရှည်ပါစေ"** ဟု ဆုတောင်းရမည် မဟုတ်ပါလော။

သူသည် တစ်ယောက်တည်း သဘောကျစွာဖြင့် ပြုံးနေမိ၏။ စားပွဲထိုးက အရက်တစ်ခွက်နှင့် ရေတစ်ခရား ဗန်းထဲထည့်ကာ ယူလာလေသည်။ အက်ကလစ်က ကျသင့်သော အရက်ဖိုးငွေ ပေးလိုက်၏။ ထိုစဉ် ကေ-ဂျီ-ဘီ အရာရှိများသည် အော်တွန်၏ အထုပ်အပိုးများကို သယ်ထုတ်လာကြသည်။ အော်တွန်နေခဲ့သော အခန်းကိုလည်း ရှာဖွေကြပေလိမ့်မည်။ အက်ကလစ်မှာ အောင်ပွဲရသဖြင့် သာယာကြည်နူးစွာ ပြုံးနေမိသည်။ ထိုည အော်ဗရေးထံသို့ သတင်းပို့ရာတွင် အောင်မြင့်ခဲ့သည့် အကြောင်းကို အားပါတရ သတင်းပို့ ရပေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် မစ္စတာ အော်တွန်အား မူးယစ်ဆေးဝါး မှောင်ခိုသမား တစ်ယောက်အဖြစ် ထင်မှတ်ရန်အတွက် စာရွက်စာတမ်း အတုများကိုလည်း ပါပေါ့အား သူပေးခဲ့၏။ ယင်းစာရွက်စာတမ်းများသည် သေဆုံးသွားသူ၏ အိတ်ထဲထည့်ထားခဲ့သဖြင့် သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့တို့သည် မူးယစ်ဆေးဝါးကြောင့် လူသတ်မှုဖြစ်ခဲ့ရသည်ဟု ယုံမှတ်ကြမည်။ လူသတ်တရားခံကိုလည်း မူယစ်ဆေးဝါး မှောင့်ခိုသမားများကြားတွင် ရှာဖွေဆောက်လှမ်းကြမည်။ အက်ကလစ်မှာ ပီတိဖြာနေတော့သည်။

\+ \+ \+

ဘူတာရုံတွင် စစ်ဆေးရေးအဖွဲ့သည် ခရီးသည်များအား ပိုက်စိတ်တိုက်စစ်ဆေးနေသည်ကို ပါပေါ့ တွေ့ရ၏။ ဂျန်တစ်ယောက် ဗိုက်နာကာအိမ်သာတက်နေသယောင် ဟန်ဆောင်နေရ၏။ အတန်ကြာသောအခါ အိမ်သာအပြင်ဘက်၌ ခြေသံကြားပြီး တဒုန်းဒုန်းဖြင့် အိမ်သာတံခါးကို ထုနေသဖြင့် ဂျန်က အထဲမှနေ၍ အော်ပြောလိုက်သည်။

"ဟေ့ ဘယ်သူလဲကွ"

"ဟေ့ လူ မြန်မြန်လုပ်ပါ။ ခင်ဗျားစာရွက်စာတမ်းတွေ လာပြပါ"

"ဟုတ်ကဲ့လာပါ့မယ်"

ဂျန်သည် စစ်ဆေးရေးစခန်းသို့ ရောက်လာသည်။ သူ့ပတ်စ်ပို့နှင့်စာရွက်စာတမ်းများအား စစ်ဆေးရေးအရာရှိကို ထုတ်ပြသည်။

"ခင်ဗျားအင်္ဂလိပ်လူမျိုးလား"

စစ်ဆေးရေးအရာရှိက ပတ်စ်ပို့ ကိုကြည့်ယင်း ဂျန်ကို မေးလိုက်သည်။ ဂျန်က ဘာဘာမှမပြောဘဲ ခေါင်းသာညိတ်ပြလိုက်၏။

"ခဏလောက် ထိုင်စောင့်ပါ"

ဂျန်သည် ခုံတန်းရှည်တစ်ခုတွင် ထိုင်နေလေ၏။ စစ်ဆေးရေးအရာရှိသည် စာရွက်စာတမ်းများ ကိုင်ထားယင်း ထိုင်နေသော ဂျန် ထံသို့လျှောက်လာပြီး ပြောကြားလေ၏။

"မစ္စတာဂျန် စာရွက်စာတမ်းတွေ ဒါပဲလား။ ကြည့်ပါအုံး။ ကျန်သေးတယ်ထင်တယ်"

ဂျန်လည်းဟိုနှိုက်သည်နှိုက်နှင့် ရှိသမျှစာရွက်စာတမ်းများ နှိုက်ထုတ်ပြီး အရာရှိကို ကမ်းပေးလိုက်သည်။ အရာရှိလည်း လိုအပ်သော စာရွက်စာတမ်းများယူပြီးစခန်းသို့ပြန်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးရေး စခန်းတွင်လူ (၆) ယောက်သာရှိသည်။ ခရီးသည်များမှာ မျ သောအားဖြင့် နိုင်ငံခြားသားများဖြစ်ကြ၏။ ၎င်းအထဲတွင်အမေရိကန်လည်းပါသည် သူတို့အချင်းချင်း စကားပြောသံကို ဂျန် ကြားနေရ၏။ ဂျန်သည် ပါပေါ့ ကို လိုက်လံကြ ၏။ ပါပေါ့ တစ်ယောက် ဂိတ်အပြင်ဘက်သို့ ရောက်သွားလေပြီ။ ခုတော့ ဂျန်မှာ တစ်ယောက်တည်းဖြစ်နေတော့၏။ ရှေ့ဆက်ဘာဖြစ်မည်ကို မတွေးရဲအောင် ထိတ်လ နေသည်။ စစ်ဆေးရေးအရာရှိများက သူ့ကိုဘာလုပ်မည်နည်း။ (၁၅) မိနစ်မျှ ကြာသောအခါ စောစောက သူ့ဆီလာခဲ့သည့် စစ်ဆေးရေးအရာရှိက ဂျန် ထံ ရောက်လာ ပြီး ဂျန့် မျက်နှာကို သေချာစွာ ကြည့်ပြီး ပြောလိုက်လေ၏။

"ဒီမှာကိုယ့်လူ။ ခင်ဗျား အင်္ဂလိပ်လူမျိုးလား"

"ဟုတ်ပါတယ်"

"ခင်ဗျား ဝါဆောဟိုတယ်မှာ တည်းခိုတယ်ဟုတ်လား"

"ဟုတ်ပါတယ်။ စာရွက်စာတမ်း အပြည့်အစုံပါပါတယ်"

"စာရွက်စာတမ်း အပြည့်အစုံပါတာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် ခင်ဗျား တည်းခိုတဲ့ ဟိုတယ်ကိုလှမ်းပြီး မေးမြန်းရအုံးမယ်။ ဟိုတယ်က အကြောင်းပြန်မှ ခင်ဗျား ကိစ္စပြီးမယ်။ ခုတော့ ခဏ ထိုင်စောင့်အုံးပေါ့"

ဂျန် မှာ စိတ်ပျက်မိသည်။ စိတ်ပျက်ရုံမက တစ်စုံတစ်ခု ဖြစ်ပေါ်မှာကိုလည်း စိုးရိမ်နေ၏။ ပါပေါ့လည်း မရှိတော့။ သူတစ်ယောက်တည်း။ အားကိုးစရာ၊ တိုင်ပင်စရာ လူပင်မရှိတော့။ ဂျန် သည် မျက်နှာငယ်လေးနှင့် ထိုင်နေရသည်။ ထိုနောက် စစ်ဆေးရေး အရာရှိက ဂျန် ထံ လျှောက်လာပြီး ပြောလိုက်ပြန်၏။

"မကြာပါဘူး မစ္စတာဂျန်။ (၁၀) မိနစ်အတွင်း သိရပါမယ်"

စစ်ဆေးရေးအရာရှိသည် ဝါဆောဟိုတယ်က ဖုန်းနံပါတ်ကို လှည့်နေစဉ် ဂျန် သည် စိုးရိမ်စွာဖြင့် ငေးကြည့်နေမိ၏။ ဘာများဖြစ်လေမည်နည်း။ လူသတ်မှုပင် ပေါ်လာ နိုင်မည်လား။ သို့သော် သူ့အနေနှင့် မဟုတ်နိုင်တော့။ ဖြစ်ပေါ်သမျှ ရင်ဆိုင်ရန် ဂျန် တစ်ယောက် အားတင်းလိုက်ရသည်။

"ဝါဆောဟိုတယ်လား။ ဒီမှာ မစ္စတာ ဖရက်ကော့ရှိသလား။ ဖရက်ကော့နဲ့ စကားပြောချင်တယ်။ ခဏခေါ်ပေးပါလား။ ကွန်ဆိုမိုကီးယား ဘူတာရုံက စစ်ဆေးရေး အဖွဲ့ကပါ။ ဟုတ်တယ်"

စစ်ဆေးရေးအရာရှိသည် ဖုန်းကိုကိုင်ထား၏။ တစ်ဘက်မှ ပြောဆိုလာမည့် စကားကို စောင့်နေလေသည်။ သူစောင့်နေသည့် ဖရက်ကော့ဆိုသူမှာ ဝါဆောဟိုတယ် လုံခြုံရေးတပ်မှူးဖြစ်သည်။ သို့ရာတွင် ဟိုတယ်၌ စားပွဲထိုးအဖြစ်လည်းကောင်း၊ သို့မဟုတ် ပန်းကန်ဆေးသမားအဖြစ်လည်းကောင်း။ သို့မဟုတ် တံခါးစောင့်အဖြစ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း တာဝန်ထမ်းဆောင်နေသော်လည်း လက်တွေ့၌မူ ဟိုတယ်မန်နေဂျာထက်ပင် ချွဲ ဩဇာရှိသူဖြစ်သည်။

ထိုနောက် ဖုန်းမြည်လာ၏။

"ဟဲလို၊ ဖရက်ကော့လား။ ကျွန်တော်ပါ။ ကွန်ဆိုမိုကီးယားဘူတာက လုံခြုံရေး ပါ။ ဒီမှာ ခင်ဗျားဟိုတယ်မှာ မစ်ချယ်ဂျန်ဆိုတဲ့ ခရီးသည် တစ်ယောက် တည်းခိုတယ် ဆိုတာ ဟုတ်ပါသလား။ သူပြတဲ့ စာရွက်စာတမ်းအရ အခန်းနံပါတ် (၃၀၈) မှာတည်းခို တယ်။ သူ့ကို သိသလား။ မစ်ချယ်ဂျန်ဟာ ဘယ်လိုပုံပန်းသဏ္ဌာန်ရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပါလား။ ဘာဖြစ်လို့လည်းဆိုတော့ သူအခု ကျွန်တော်တို့ဆီမှာ ရောက်နေတယ်။ ဟုတ်ကဲ့။ ဟုတ်ကဲ့၊ ဟုတ်ပါတယ်။ ကောင်းပြီ၊ ကောင်းပြီ။ ကျေးဇူး တင်ပါတယ်"

စစ်ဆေးရေးအရာရှိသည် ဖုန်းချလိုက်ပြီး ထိုင်စောင့်နေသော ဂျန် ထံသို့ လျှောက်လာ၏။ သူ့မျက်နှာမှာ ကျေနပ်သည့်အနေနှင့် ပြုံးရွှင်နေသည်။ ဂျန့် အပေါ် သံသယမရှိတော့။ တင်းကြပ်သော စစ်ဆေးမှုလည်းမလုပ်တော့။ တာဝန်အရ ဆောင်ရွက်ရသည့်အနေနှင့်သာ စစ်ဆေးတော့မည့်ပုံမျိုးနှင့် မျက်နှာထားချိုနေတော့ သည်။

"ကျေးဇူးတင်ပါတယ်။ မစ္စတာဂျန်။ အခုလို ကြန့်ကြာသွားတဲ့အတွက် ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော့်မှာလည်း တာဝန်အရဆောင်ရွက်တာပါ။ ဘယ်စစ်ဆေးဝါးသမားတွေ သောင်းကျန်းနေလို့ ကျွန်တော်တို့မှာ စစ်ဆေးနေရ တာပါ။ ကဲ ခင်ဗျားသွားချင်တဲ့နေရာ သွားနိုင်ပါပြီ"

စစ်ဆေးရေးအရာရှိသည် အင်္ဂလိပ်လို ပြောလိုက်၏။ ယခုကဲ့သို့ အင်္ဂလိပ်လို သွက်လက်စွာ ပြောဆိုတတ်သဖြင့် သူ့ကိုယ်သူ ဂုဏ်ယူဝင့်ကြွားချင်ပုံပေါ်သည်။ သူသည် စားပွဲတန်းလျားမှ ထလာသော ဂျန် အား လက်ကမ်းနှုတ်ဆက်လိုက်၏။ ဂျန်လည်း အလိုက် သင့်စွာပင် လက်ဆွဲနှုတ်ဆက်လိုက်သည်။ ဂျန် သည် အနားတွင် ရပ်နေသော အခြား အရာရှိ တစ်ယောက်ကိုလည်း နှုတ်ဆက်သည့်အနေနှင့် ခေါင်းညိတ်ပြ၏။ ဂျန် သည် လက်ဆွဲအိတ်ကို ကောက်ကိုင်ကာ ဂိတ်ဝဘက်သို့ လျှောက်လာလေ၏။ ဂိတ်ဝမှ ထွက်လိုက်သည်နှင့် လေနုအေးကသူ့ကို ကြိုဆိုလိုက်သည်။ ချမ်းစိမ့်စိမ့်ပင် ခံစားမိ၏။ ဂျန် မှာ ဘယ်သွားရမှန်းမသိ။ ယောင်လည်လည် ဖြစ်နေရသည်။ သို့ရာတွင် တာဝန်းကျင်ကလူများမသိအောင် ဣန္ဒြေမပျက် ခပ်ဖြည်းဖြည်း လျှောက်ထွက်လာ၏။ ထိုစဉ် တစ်ဦးတစ်ယောက်က သူ့ပခုံးကို လာပုတ်သဖြင့် လှည့်ကြည့်ရာ ပါပေါ့ကို တွေ့ရ လေသည်။ ပါပေါ့ က အသံအုပ်ပြီး ဂျန် ကို ပြောလိုက်သည်။

"ဟေ့လူလာ။ အချိန်တောင် အတော်ကုန်သွားတယ်။ ဒီမှာ အကြာကြီး ရပ်နေလို့မဖြစ်ဘူး။ တစ်ခုခုဖြစ်လာမှာ စိုးရိမ်နေရတယ်။ ကဲခင်ဗျားလမ်းအတိုင်း တည့်တည့် လျှောက်သွားပါ။ ကျုပ်နောက်ကနေပြီး မလှမ်းမကမ်းက လိုက်လာမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘူတာရုံနဲ့ ဝေးတော့မှ ဘယ်သွားရမယ်ဆိုတာ ပြောပြမယ်။ ကဲ သွားတော့မြန်မြန်

သို့နှင့် ဘူတာမှ ထွက်လာကြ၏။ ခုတော့ သူတို့ သုံးယောက် ပြန်ဆုံမိကြပြ
သည်။ ရထားထွက်လာကတည်းက တစ်ခြားတွဲတွင် လိုက်ပါစီးနင်းလာသည့် ရဲဘော်
ပြန်တွေ့ရသဖြင့် ဂျန်တစ်ယောက် အားတက်သွားမိသည်။ ယင်းရဲဘော်မှာ ဇက်စ
ဖြစ်သည်။ ပါပေါ့ သည်လည်းကောင်း၊ ဇက်စကီးသည်လည်းကောင်း အိမ်ထောင်သ
များဖြစ်ကြသည်။ သူတို့သည် အလုပ်သမားရပ်ကွက်၌ နေထိုင်ကြ၏။ ဇက်စကီးသ
ကုန်ရုံတစ်ရုံမှ အစောင့်တစ်ဦးဖြစ်၏။ သုံးဦးသား လျှောက်လာကြသည်မှာ ဘူတာရုံ
အတော်ပင် ဝေးလာပြီဖြစ်သည်။ အလုပ်သမားရပ်ကွက်သို့ ရောက်လာကြသည်။ (၁
ထပ်မျှရှိသော တိုက်တွင် သူတို့နေထိုင်ကြ၏။ သူတို့နေထိုင်သော နေရာ
ရောက်သောအခါ တိုက်ရှေ့တွင် ကားနက်တစ်စီး ရပ်ထားသည်ကို တွေ့ရသဖြင့် သုံး
သား အမှောင်ကွယ်ကာ ပုန်းအောင် လိုက်ကြရသည်။ ကားနက်ထဲတွင် လူ (၃) ယော
ထိုင်နေ၏။ ခဏအကြာ ကားထဲမှ လူတစ်ယောက်ဆင်းလာပြီး (၁၄) ထပ်တိုက်ပေါ်
တက်သွားသည်။ (၃) မိနစ်မျှ ကြာမည်ထင်ရ၏။ (၁၄) ထပ်တိုက်ပေါ်မှ မီးရော
မြင်ရသည်။ ကားပေါ်ရှိ လူနှစ်ယောက်က ငြိမ်သက်စွာ ထိုင်ပြီး ဆေးလိပ်သောက်နေ
သည်။ ကားပေါ်မှ လူနှစ်ယောက်က သက်ဆိုင်ရာသို့ ကားတွင် တပ်ဆင်ထားသေ
ဖုန်းဖြင့် အစီရင်ခံသည်။ ခဏအကြာ တိုက်ပေါ်တက်သွားသူ ပြန်ဆင်းလာပြ
ကားနက်သည် တစ်ဖြည်းဖြည်း မောင်းထွက်သွားသည်။

သူတို့ သုံးယောက်လည်း ကားထွက်သွားပြီးနောက် ဆက်လက်လျှောက်သွ
ရာ ဂိုဒေါင်တစ်ခုထဲဝင်သွားကြသည်။ ထိုညတွင် သူတို့ ဂိုဒေါင်ထဲ အိပ်ကြလေသည

\+ \+ \+

တံခါးဖွင့်သံ ကြားရသဖြင့် ဂျန် နိုးလာ၏။ ပါပေါ့တစ်ယောက် ဘယ်အချိန်က
နိုးနေသည်မသိ။ ဖျာပေါ်ထိုင်နေသည်ကို ဂျန် တွေ့ရလေသည်။ မနက်မိုးလင်းသ
နှင့် ကူဘိုင်ရှော့အရပ်သို့ သူတို့ထွက်ခွာသွားရမည်။ ကူဘိုင်ရှော့အရပ်သည် ဘဲလ်ယာ
စခန်းနှင့် မိုင် (၁၀၀) ကွာဝေးပြီး မော်စကိုမြို့နှင့် မိုင် (၆၀၀) မျှ ဝေးသည်။ ပါပေါ့ခမြ
ရှေ့ဆက်ရမည့်ခရီးကို စဉ်းစားနေ၏။

"ဂျန် ခင်ဗျားနိုးပြီလား"

"နိုးပြီ ရဲဘော်ရေ၊ ဘယ်နှစ်နာရီရှိပြီလဲ"

"၅ နာရီခွဲတော့မယ်။ ၆ နာရီမထိုးမီ ဘဲလ်ယာဒ်ကို သွားရမယ်။ ကဲလ
ကော်ဖီသောက်ဦးမလား။ ကော်ဖီသောက်ချင်ယင် ဖျော်ထားတာရှိတယ်"

ဂိုဒေါင်တံခါးပိတ်ထားသဖြင့် မည်သည့်အသံမှ မကြားရပေ။ တိတ်ဆိတ်လှ၏



www.burmeseclassic.com

www.burmeseclassic.com



ဂျန် တစ်ယောက်ညက အိပ်မပျော်။ ချမ်းကလည်းချမ်းလှသည်။ ရှေ့ဆက်ရမည့်ခရီးကို တွေးစားမိသောအခါ ရတက်မအေးနိုင်ရှာ။ ခုတော့သူ့ဘဝသည် ပါပေါ့ ပေါ်မှီခိုနေရသည် မဟုတ်ပါလော။ ပါပေါ့ သည်တစ်ခါက ဂျူးအမျိုးသမီးတစ်ယောက်နှင့် အိမ်ထောင်ကျဖူး၏။ ဂျူးအမျိုးသမီးမှာ ရှုရှတို့ 'ချက်ကိုစလိုဗက်' ကို ကျူးကျော်ဝင်ရောက်စဉ်ကမကျေနပ်၍ ဆန္ဒပြခဲ့သဖြင့် အလုပ်သမားအကျဉ်းစခန်း ပို့ခံခဲ့ရလေသည်။

ပါပေါ့နှင့် ဂိုဒေါင်းစောင့်အဘိုးကြီးနှစ်ယောက် ခုံတန်းရှည်အပေါ်တွင် ထိုင်နေကြသည်။ ပါပေါ့ ကအပြင်တွင်ကားနက်ရှိနေဦးမလားဟူ၍ အဘိုးကြီးအား အချက်ပြပြီး သွားကြည့်ခိုင်း၏။ ဂျန် ကအဘိုးကြီးထွက်သွားသည်ကိုတွေ့ရသောအခါ 'ဘယ်လဲ' ဟူသောအဓိပ္ပာယ်ဖြင့် ပါပေါ့ကို မျက်စပစ်ပြသည်။

"အပြင်မှာ အစောင့်တွေ ရှိသေးလားဆိုတာ သွားကြည့်ခိုင်းတာပါ"

"အစောင့်ဟုတ်လား။ အစောင့်ဆိုတာ ကေ-ဂျီ-ဘီ တွေကိုပြောတာလား"

"မဟုတ်ပါဘူး၊ ခင်ဗျား ဘယ်ရောက်နေတယ်ဆိုတာ ကေ-ဂျီ-ဘီတွေ မသိပါဘူး။ ခင်ဗျားဘူတာမှာ တွေ့ခဲ့တဲ့ လူတွေဟာ ဘူတာမှာပဲရှိပါတယ်။ ဒါပေမယ့် စီမံကိန်းစခန်းက လုံခြုံရေးတပ်ဖွဲ့တွေဟာ ကျုပ်ကိုမျက်ခြေမပြတ် စောင့်ကြည့်နေတတ်တယ်။ ခုလဲ အဲဒီစခန်းက ထောက်လှမ်းရေးအဖွဲ့ ရောက်နေမှာစိုးရိမ်ရတယ်"

"ဒါဖြင့်ယင် ကျုပ်ဒီရောက်နေတယ်ဆိုတာ သူတို့သိကြမှာပေါ့"

"မသိပါဘူး။ သူတို့ဟာ ကျုပ်ကို အမြဲစောင့်ကြည့်နေတတ်တယ်။ ဒါကြောင့် အပြင်မှာ ရောက်နေပြီလားဆိုတာ သွားကြည့်ခိုင်းတာ"

"တကယ်လို့များ ကျုပ်တို့ အဖမ်းခံရယင်တော့ အစီမစဉ်တစ်ခုလုံးပျက်တော့မှာပဲ"

"မပျက်ပါဘူး ဂျန်။ သိပ်လည်း စိုးရိမ်မနေပါနဲ့။ ဒီလို လုပ်လို့မရယင် ဟိုလို လုပ်ရမှာပေါ့။ မဟုတ်ဖူးလား။ ခုနေခါ သိပ်အရေးကြီးနေတယ်။ ကျုပ်တို့ ဒီစခန်းက လွတ်သွားယင် လမ်းဆုံကြီးကို ရောက်သွားမှာပါပဲ။ အဲဒီ လမ်းဆုံမှာ ခင်ဗျားကို ခေါ်သွားဖို့ မော်တော်ကားအဆင်သင့် စောင့်နေမယ်"

ဂျန် သည် ဘာမှ မပြောဘဲ အတန်ကြာ ငေးနေမိ၏။ ပြီးတော့မှ 'ဟုတ်လား' ဟု မေးလိုက်လေသည်။

"ကဲ ကိုယ့်လူ မျက်နှာသစ်၊ သွားတိုက်တော့။ ကျုပ်တို့ ကော်ဖီသောက်ပြီးယင် ထွက်မယ်"

ဂျန် လည်း ရေခွက်ကိုင်ပြီး ထွက်သွား၏။ သူသည် ပါပေါ့ကို ခုမှ သတိထား ကြည့်မိသည်။ ပါပေါ့မှာ ဆံပင်ကို ခပ်တိုတို ညှပ်ထားပြီး နှုတ်ခမ်းမွှေးကိုလည်း ရိတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ ဤသည်ကိုကြည့်၍ ဂျန်မှာ မစ္စတာအော်တွန်အဖြစ် ဟန်ဆောင်လာ သူမှာနှုတ်ခမ်းမွေးရှိခဲ့သည်ကို ပြန်သတိရမိ၏။ ခုတော့ သူသည် မစ္စတာအော်တွ မဟုတ်တော့၊ ထို့ကြောင့် နှုတ်ခမ်းမွေးလည်း မရှိတော့ပေ။ သူသည် မစ္စတာ မစ်ချယ်ဂျ ဖြစ်နေ၏၊ မစ္စတာမစ်ချယ်ဂျန် တွင် နှုတ်ခမ်းမွေးမရှိ။ မစ္စတာမစ်ချယ်ဂျန်တစ်ယော သက်တော်ရာကျော် ရှည်ပါစေတည်း။

ဂျန် ပြန်လာသည့်အခါ ပါပေါ့တစ်ယောက် ခရီးထွက်ရန် အဆင်သင့် ဖြစ်နေ ၏၊ စောစောက လုံခြုံရေးတပ်ဖွဲ့တွေ ရှိမရှိ ထွက်ချောင်းသော အဘိုးကြီးလည် ပြန်ရောက်လာ၏။ အဘိုးကြီးသည် စိုးရိမ်သည့် မျက်နှာထားဖြင့် ပါပေါ့နားကပ်ပြီ ပြောလိုက်လေသည်။ ပါပေါ့လည်း စိုးရိမ်ထိတ်လန့်သွားပုံရ၏။ ထိုနောက် ဂျ ဘက်လှည့်ပြီး ပြေပြလိုက်သည်။

"အပြင်မှာ အစောင့်တွေရှိတယ်"

"ဘယ်နှစ်ယောက် ရှိသလဲ"

"ကားတစ်စီးနဲ့ လူသုံးယောက်"

ဤလုံခြုံရေး တပ်ဖွဲ့ဝင်များကို အဘိုးကြီးမြင်ဖူး၏။ ဘဲလ်ယာဒ်စခန်းမှ လုံခြ ရေးမှူးများဖြစ်ကြသည်။ သူတို့သည် ဘဲလ်ယာဒ်စခန်းမှ ထွက်လာကြသော သူမျာ နောက်တွင် လိုက်လံထောက်လှမ်းတတ်၏။ ယခုလည်း လုံခြုံရေးမှူးများသည် ထောက်လှမ်းရန်အတွက်သာ လာကြသည်။ ဖမ်းဆီးရန်အတွက် မဟုတ်နိုင်။ အကယ်၍ ဖမ်းဆီးရန်အတွက် လာပါက သူတို့ကိုလာဖမ်းကြပေလိမ့်မည်။

ထိုနောက် ပါပေါ့သည် အင်္ကျီအိတ်ထဲမှ သေနတ်တစ်လက်ထုတ်ပြီး ဂျန်ကို ကမ်းပေးလိုက်၏။ ဤသေနတ်မျိုးကို ဂျန် မမြင်ဖူး။ အမေရိကန်လုပ် ဝေါလ်တာမီ-၃ အမျိုးအစားသေနတ်နှင့် ခပ်ဆင်ဆင်။

"ကိုယ့်လူ ရော့ ဒါယူထား။ ဒါပေမယ် မလွှဲမရှောင်သာမှ သုံးရမယ်နော် အထူး သတိထားပါ"

"ဟုတ်ကဲ့ စိတ်ချပါ"

"ဘယ့်နှယ်လဲ သွားဖို့ အဆင်သင့်ဖြစ်ပြီလား"

"အဆင်သင့်ပဲ"

"၆ နာရီမထိုးမီ ဒီကနေထွက်ရမယ်။ နောက်ကျယင် မိုးစင်စင်လင်းသွားလိ မယ်။ ငါတို့ဟာ မိုင် (၆၀၀) ခရီးကို သွားရမယ်"

ပါပေါ့သည် ပြောပြောဆိုဆိုနှင့် တံခါးဖွင့်ပြီး ထွက်သွား၏။ ဂျန် လည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်မှ လိုက်ထွက်သွားသည်။ ဂိုဒေါင်ရှေ့တွင် ရပ်ထားသော ထရပ်ကားပေါ် တက်သွားကြ၏။

ပါပေါ့က ကားမီးဖွင့်ပြီးစက်နှိုးသည်။ ဂီယာထိုးကာ ကားဘီးလည်း တစ်ဖြည်းဖြည်း လိမ့်ထွက်သွား၏။ သူတို့နှစ်ယောက် အစောင့်အဘိုးကြီးကို ပြုံးပြီး နှုတ်ဆက်လိုက်သည်။ ဂျန် သည် ရပ်ထားသော ကားနက်ကို လှမ်းကြည့်မိသည်။ ကားတစ်စီးနှင့် လူ (၃) ယောက်။ သို့ရာတွင် သူတို့သည် ကားနက်ကို မမြင်ဟန်ဆောင်ပြီး ထရပ်ကားကို မောင်းထွက်လာ၏။

ကားနက်မှာ လှုပ်ရှားမှုမရှိ။ ငြိမ်သက်နေ၏။ ဤတွင် ကားနက်ထဲမှ လူတစ်ယောက်က ဗိုလ်မှူးကြီး ကွန်တာစကီးထံ ဖုန်းသတင်းပို့လေသည်။

“အမှိုက်သယ်တဲ့ ထရပ်ကားနဲ့ နှစ်ယောက်ထွက်သွားပြီ။ ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ ဗိုလ်မှူး။ အမိန့်ရှိပါ”

ခေတ္တရပ်နေ၏။ ပြီးတော့မှ -

“နေဦး၊ ဗရေ့ဗင်ကို မေးကြည့်အုံးမယ်။ အခုလောလောဆယ်တော့ ထရပ်ကားနောက် လိုက်သွားပါ။ ဒါပေမယ့် သိပ်မကပ်နဲ့။ ခပ်ခွာခွာလိုက်ပါ”

“ဟုတ်ကဲ့ဗိုလ်မှူးကြီး”

ထိုသူသည် ဖုန်းချပြီး ကားစက်နှိုးကာ ထရပ်ကားနောက် မောင်းထွက်သွားသည်။ ထရပ်ကားမှာ အတော်လှမ်းသွားပြီး၊ ကိုင်းရှော့လမ်းဆုံပင် ရောက်နေလေပြီ။ ထရပ်ကားသည် အရှေ့မြောက်သို့ ဦးတည်မောင်းသွားလေသည်။

“ကပ်ပြီးမောင်းစမ်း”

နောက်တွင်လိုက်လာသော ကားနက်မှ တာဝန်ခံအရာရှိက ဒရိုင်ဘာကို ပြောလိုက်သည်။

“ဒါပေမယ့် သိပ်မကပ်နဲ့”

ထရပ်ကားကြီးရှေ့၊ ကားနက်က နောက်နှင့် မောင်းသွားကြသည်။ ကားနက်သည် မီတာ (၁၀၀) လောက်ခွာပြီး မောင်းသွားလေ၏။ လမ်းဆုံလမ်းကွေ့များ ရောက်သောအခါ ထရပ်ကားမှာ နှေးလာ၏။ နောက်ကလိုက်လာသော ကားနက်လည်း နှေးလိုက်လာသည်။

ထရပ်ကားသည် မြို့ပြင်သို့ထွက်ကာ 'ဆာဒိုးဝါရာ' သို့ ဦးတည်မောင်းသွားသည်။ ဤတွင် နောက်မှ လိုက်နေသော ကားနက်က ဗိုလ်မှူးကြီးထံ သတင်းပို့သည်။

“ဗိုလ်မှူးကြီးခင်ဗျား၊ ထရပ်ကားဟာ မြို့ပြင်ထွက်ပြီး ဆာဒိုးဝါရာ ကို ဦးတည်



www.burmeseclassic.com

www.burmeseclassic.com



မောင်းသွားနေတယ်"

"ဟုတ်ကဲ့ ကားပေါ်မှာ (၂) ယောက်ပါ"

ဤတွင် စကားပြောခွက်မှ ဗိုလ်မှူးကြီး၏ အသံက ကြည်လင်စွာထွက်ပေါ် နေသည်။

"နှစ်ယောက်ဟုတ်လား။ စောစောက ဗရေ့ဗင် သတင်းပို့တယ်။ ပါပေါ့က ထရပ်ကားပေါ်မှာ စမဲလ် လော့စကီးနဲ့ ကရုက်ရှင်တို့ နှစ်ယောက်ဟာ ဘဲလ်ယာဒ်မှာ ရှိတယ်။ အခုထရပ်ကားပေါ်မှာ ပါပေါ့နဲ့အတူ လိုက်ပါနေတဲ့သူဟာ ဘယ်သူလဲ"

"ကျွန်တော်တို့လည်း တိတိကျကျမသိဘူး၊ ဗိုလ်မှူးကြီး"

ထရပ်ကားဘယ်ကိုသွားတယ်ဆိုတာ နောက်ကနေလိုက်ပါ။ သူတို့ ဘယ်မှာ ဆင်းသလဲ။ လိုက်ကြည့်၊ ဟုတ်လား"

"ဟုတ်ကဲ့၊ ထရပ်ကားဟာ မြို့ပြင်ရောက်နေပြီး ကားလမ်းမတလမ်းမအတိုင်း မောင်းနေတယ်"

"ကောင်းပြီ၊ ကောင်းပြီ၊ သူတို့နောက်လိုက်နေပါ။ ပါပေါ့ ဟာ အဲဒီလူကို ဘယ်မှာချခဲ့တယ်ဆိုတာ ကြည့်နေပါ။ သူတို့နောက်လိုက်ပါ"

"ဟုတ်ကဲ့ ဗိုလ်မှူး၊ ကျွန်တော်တို့ လိုက်ကြည့်နေပါ့မယ်"

"ဘာပဲဖြစ်ဖြစ် အဝေးပြေး ခရီးသွားဂိတ်တွေမှာတော့ သူတို့သတင်း ပို့ရမှာပဲ။ သူတို့ကို စိစစ်နိုင်ပါတယ်။ အဝေးပြေး ခရီးသွားကားဂိတ် ရောက်တဲ့အထိ သူတို့နောက် လိုက်နေပါ။ စမဲလ်လော့စကီးနဲ့ ကရုက်ရှင်တို့ နှစ်ယောက်ကို ဗရေ့ဗင် ခေါ်ထားတယ်။ သူတို့နှစ်ယောက်ကိုမေးယင် ပါပေါ့အစီအစဉ်ကို သိပါလိမ့်မယ်"

ဗိုလ်မှူးကြီး ကွန်တာစကီးသည် ရယ်သံကို ဖုန်းမှ ကြားနေရ၏။ ဖုန်းကို ချလိုက်ပြီး ရှေ့တွင် မောင်းပြေးနေသော ထရပ်ကားကိုသာ ကြည့်နေမိ၏။ ကားသည် မြားတစ်စင်းကဲ့သို့ အရှေ့မြောက်ကို ဦးတည်မောင်းနှင်သွားလေသည်။ ဂေါ်ကီလမ်းမ ကြီးသို့တည်း။

"အဝေးပြေး ကားဂိတ်ရောက်ပြီး ခင်ဗျားရဲ့ စာရွက်စာတမ်း ပတ်စ်ပို့ တွေ ပြရအုံးမယ်"

ပါပေါ့ သည် ထရပ်ကားကို လမ်းဘေးထိုးရပ်ယင်း ဂျန် အားပြောလေ၏။ ဂျန် သည် ဂိတ်ကို ကြည့်နေမိသည်။ အကောက်ရုံးနှင့် လူဝင်မှု ကြီးကြပ်ရေးရုံးကို တွေ့ရသည်။ ဂျက်က ပါပေါ့ ဘက်လှည့်ပြီး မေးလိုက်သည်။

"အဲဒီ လူတွေဟာ ကေ-ဂျီ-ဘီ တွေလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ သက်ဆိုင်ရာဌာနကလူတွေပါ။ ထောက်လှမ်းရေး ရဲတွေလည်း ရှိမှာပေါ့"

"စာရွက်စာတမ်းနဲ့ ပတ်စ်ပို့ပဲ စစ်ဆေးသလား၊ သည့်ပြင် ဘာတွေစစ်ဆေးသေးလဲ"

"ထုံးစံအတိုင်းတော့ စာရွက်စာတမ်းနဲ့ ပတ်စ်ပို့လောက်ပဲ စစ်ဆေးတယ်။ ပြီးတော့ ခရီးသွားမယ့်သူရဲ့ ဓာတ်ပုံလည်း ရိုက်ကူးထားတယ်။ ခပ်တည်တည်နေပါ။ အချိန်မပျက်ပါစေနဲ့"

ဂျန်သည် ကားတံခါးဖွင့်ပြီး ဆင်းသွားလေ၏။ သူ့မှာတုန်လှုပ်ချောက်ချားနေသည်။ ကားနက်လည်း သူတို့နောက်လမ်းတစ်လျှောက် လိုက်လာခဲ့သည်ကို ပါပေါ့ က သူ့အားပြောပြခဲ့သည်။ ကားနက်ထဲတွင် မည်ကဲ့သို့သောလူများ လိုက်ပါလာကြသနည်း။ ဂျန် သိချင်သည်။ ကားနက်ထဲက လူတွေကို ကြည့်ချင်၏။ ပါပေါ့လည်း ကားပေါ်မှ ဆင်းလာပြီး ဂျန် နောက် ရပ်နေသည်။ ဂျန် ကသူ့နောက်ရပ်နေသူကိုလည်း လှည့်မကြည့်မိရန် သတိထားနေရ၏။ သူသည် မည်သူ့ကိုမျှ ဂရုမစိုက်။ ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်သည့် ဟန်မျိုးနှင့် သတိထားနေရသည်။

ရုံးခန်းမှ ရဲဘော်တစ်ယောက် ထွက်လာ၏။ ဂျန် သည် ထွက်လာသော ရဲဘော်အား စာရွက်စာတမ်းများကို ကမ်းပေးလိုက်သည်။ ထိုရဲဘော်သည် ဘာမှမပြောဘဲ ရုံးခန်းထဲပြန်ဝင်သွားသည်။ ထိုအချိန်တွင် ကားနက်ထဲမှ လူတစ်ယောက်လည်း ရုံးခန်းထဲဝင်သွား၏။

ခဏမျှကြာသောအခါ စာရွက်စာတမ်းယူသွားသော ရဲဘော်ကပြန်ထွက်လာသည်။ ဂျန် ထံမှ ယူသွားသည့် စာများနှင့် ပတ်စ်ပို့ကို ပြန်ပေးလိုက်သည်။ ဤတွင်မှ 'အင်းကနဲ့' ဟု ဂျန် တစ်ယောက် သက်ပြင်းချမိတော့သည်။ သူ့စာရွက်တွင်လည်း ခရီးသွားခွင့်တံဆိပ် ရိုက်နှိပ်ထားသည်ကို ဂျန် တွေ့ရ၏။ သူတို့သည် ဂေါ်ကီလမ်းမကြီးသို့ ဦးတည်သွားရပေမည်။ ဂေါ်ကီလမ်းမအဝင်တွင် တစ်ဖန်စစ်ဆေးပေဦးမည်။ ထိုမှတဆင့် 'ကာဆန်'သို့ ဆက်လက်သွားရမည်။ ဂျန် နောက်တွင် ရပ်နေသော ပါပေါ့က သောက်လက်စ ဆေးလိပ်တိုကို ပစ်လိုက်ပြီး ကားဘက် လျှောက်လာ၏။ ဂျန်သည် ကားပေါ်တက်သည်။ ပါပေါ့လည်း ကားပေါ်တက်ပြီး စက်နှိုးယင်း ဂျန်အား ပြောလိုက်လေသည်။

"အလုပ်ကတော့ လွှောလွှောလျူလျူပဲ။ ဂေါ်ကီစခန်းရောက်မှ နံနက်စာစားကြတာပေါ့။ ကာဆန်ရောက်ယင် လက်ဖက်ရည်ပေါ့ မဟုတ်လား"

ပါပေါ့ က ပြုံးနေ၏။ ဂျန် လည်းပြုံးလျက် ရတက်မအေးသော မျက်နှာထားဖြင့် ပါပေါ့ကို မေးလိုက်သည်။

"နေစမ်းပါအုံး ရဲဘော်၊ ကျုပ်တို့နောက် ကားနက်ကြီးလိုက်လာအုံးမလား"



www.burmeseclassic.com

www.burmeseclassic.com



ပါပေါ့သည် ကားမှန်ကို ကြည့်လိုက်၏။ ကားနက်လိုက်လာသည့် အရိပ်လက္ခဏာ လုံးဝ မတွေ့ရ။

"ဒီလူတွေတော့ လိုက်လာမှာမဟုတ်ဘူး။ လူလဲပြီး လိုက်ချင်လိုက်မယ်။ ဘာဖြစ်လို့လည်းဆိုတော့ ခင်ဗျားဟာ ဘယ်သူလဲဆိုတာ သူတို့ သိချင်တယ်"

"ကျုပ်ဟာ ကလက်ဖူးနေ့ပဲ ဆိုတာ သူတို့မယုံဘူးလား"

မစ္စတာဂျန် သည် ကလက်ဖူးနေ့အသွင်ဖြင့် ထရပ်ကားပေါ် လိုက်လာခဲ့၏။ သို့ရာတွင် ထောက်လှမ်းရေးမှူးတို့က ဂျန်သည် မည်သူမည်ဝါဖြစ်ကြောင်း သိချင်ကြသည်။

"သူတို့ ယုံယင်တော့ ဆက်ပြီးလိုက်မှာမဟုတ်ဘူး။ ခင်ဗျား ဓာတ်ပုံကိုတော့ ရုံးခန်းမှာ သူတို့ တွေ့မှာပဲ။ ပြီးတော့ ကလက်ဖူးနေ့ပုံနဲ့ တိုက်ပြီး စစ်ဆေးမယ်"

"ဟုတ်လား၊ ဒါဖြစ်ယင် ကျုပ်တို့ကို ရပ်ပြီး စစ်ဆေးအုံးမလား"

"ဖြစ်နိုင်တာပေါ့ ရဲဘော်။ ဒါပေမယ့် ကေ-ဂျီ-ဘီ ရဲ့ လုပ်ငန်းဟာ အင်မတန် လျှို့ဝှက်တယ်။ တစ်ခါတစ်ရံ သိလျက်နဲ့ ဘာမှမလုပ်ဘဲ စောင့်ကြည့်နေတယ်။ နောက်ဆုံးအဆင့်ရောက်တော့မှ တစ်ခါတည်း ဖမ်းလိုက်တယ်။ ကျုပ်တို့ဟာ သူတို့ရဲ့လုပ်နည်းလုပ်ဟန်တွေကို သိထားဖို့လိုတယ်။ ဒါပေမယ့် ခင်ဗျားအတွက်တော့ မပူပါနဲ့။ စစ်ဆေးရေးစခန်း တစ်ခုရောက်တိုင်း သူတို့ စစ်ဆေးလို့မရအောင် စီစဉ်ထားတယ်"

ပါပေါ့ စကား ကြားရသောအခါ ဂျန်မှာ အတော်ရှုပ်ထွေးပြီး ခေါင်းကိုက်နေမိသည်။

\+ \+ \+

ဒေးဗစ်အက်ကလစ် သည် ရင်ကွဲရုံ၌ ဖင်တန်၏ အလောင်းကို ကြည့်ရှု စစ်ဆေးနေ၏။ သူနှင့်အတူ မော်စကိုမြို့မှ ရဲမှူး သော်ယက် လည်းပါသည်။ သေသူမှာ အလက်ဇန္ဒားသောမတ်အော်တွန်ပင် မဟုတ်ပါလား။ အက်ကလစ်သည် အဝတ်ကို မတင်ပြီး မျက်နှာကို သေချာစွာ ကြည့်လိုက်၏။ စိတ်မကောင်းသည့်အနေနှင့် မျက်နှာ ညှိုးနေလေသည်။

"အော်တွန် မင်းအဖြစ်ဆိုးလှချည်လား"

ဒဏ်ရာအတော်များသဖြင့် ရုပ်ပျက်နေလေပြီ။ သေဆုံးသူသည် အင်္ဂလိပ် တစ်ယောက်လား၊ သို့မဟုတ် အမေရိကန်တစ်ယောက်လားဆိုသည်ကိုပင် မခွဲခြားနိုင်တော့။ အက်ကလစ်သည် အလောင်းကို အတန်ကြာအောင် ကြည့်ပြီးမှ ရဲမှူးဘက်လှည့်ပြီး ဝမ်းနည်းသည့်အသံဖြင့် ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျုပ်သိသလောက်တော့ မစ္စတာအော်တွန်ပဲ"

ရဲမှူးသည် ဘာမှမပြောသေးပဲ အလောင်းကိုအဝတ်ဖြင့်ဖုံးလိုက်ပြီး မစ္စတာအက်ကလစ် ထံ လျှောက်လာ၏။

"မစ္စတာအက်ကလစ် သေချာကြည့်ပါအုံး၊ မှားနေအုံးမယ်နော်"

"မမှားနိုင်ပါဘူး ရဲမှူး၊ ဒဏ်ရာတွေကလည်းများတော့ ရုပ်ပျက်နေပြီ။ ဒါပေမယ့် ကျုပ်မှတ်မိသလောက်တော့ မစ္စတာအော်တွန်ပါပဲ"

"သေချာတယ်နော် မစ္စတာအက်ကလစ်"

မစ္စတာအက်ကလစ်သည်ရဲမှူးကိုသာ ငေးကြည့်နေမိသည်။သော်ယက် သည် လူတစ်ယောက်ဖြစ်လင့်ကစား အမှန်စင်စစ် ကေ-ဂျီ-ဘီ အရာရှိငယ်တစ်ယောက် ဖြစ်၏။ သော်ယက်၏ ရုပ်လက္ခဏာမှာ မွန်ရည်ပြီး သူ၏ပြာပြာလဲ့လဲ့မျက်လုံးတို့က အကင်းပါးမှုကို ဖော်ပြနေသည်။ သူသည်တက္ကသိုလ်ဘွဲ့ရလူငယ်တစ်ယောက်ဖြစ်သည် သာမက ကေ-ဂျီ-ဘီ၏ အမာခံတပ်သားကောင်းတစ်ယောက်လည်းဖြစ်သည်။ "ဒီမှာရဲမှူး၊ သေတဲ့သူဘယ်သူဘယ်ဝါဆိုတာ သူ့ရဲ့ဝိညာဉ်က သူ့အိမ်ကိုရောက်သွား မှာပဲ"

မစ္စတာအက်ကလစ်သည် ရဲမှူးကိုကြည့်ပြီး ပြောလိုက်လေ၏။ ရဲမှူးကလည်း ပြုံးရွှင်စွာနှင့် -

"ဒါက မော်စကိုဗျာ့။ ဝိညာဉ်ဟာဘယ်လိုလုပ်ပြီး ပြန်မလဲ။ လူသတ်သမားဟာ ဘယ်သူဘယ်ဝါဆိုတာ မကြာခင် ကျုပ်တို့မိမှာပဲ"

ရဲမှူးက အဝတ်ဖြင့် ဖုံးထားသော အလောင်းကို ကြည့်ယင်း ပြောလိုက်လေ၏။ ထို့နောက် ရဲမှူးသည် မစ္စတာ အက်ကလစ်ထံ လျှောက်ပြီး -

"ကဲ မစ္စတာ အက်ကလစ် လူသတ်တရားခံတော့ တစ်နေ့နေ့ ပေါ်မှာပေါ့လေ။ သာဗျာ။ အရက်လေးဘာလေး သောက်ကြရအောင်"

တစ်နေ့လုံး ခရီးပန်းလာသဖြင့် ဂျန် တစ်ယောက် မောနေမိ၏။ ထရပ်ကားသည် တောင်ကုန်းကိုလည်းကောင်း၊ ချိုင့်ဝှမ်းကိုလည်းကောင်း၊ တောအ ထပ်ထပ် တောင်အထပ်ထပ်တို့အပြင် ကျယ်ပြန့်သော ရှုရှုပြည် လွင်ပြင်တို့ကို ဖြတ် ကျော်လာ၏။ ဂျန် သည် ဘဲလ်ယာဒ်နှင့် မိုင် (၂၀၀) ကျော်ဝေးသည့် ယူရယ်လွင်ပြင်ကို ဖြတ်ကျော်လာလေပြီ။ သူဖြတ်သန်းလာရသော ခရီးရှည်ကြီးကို ပြန်လည်မြင်ယောင် နေမိသည်။ သူ့ နိုင်ငံအလယ်ပိုင်းနှင့် ခပ်ဆင်ဆင်။ တစ်နေ့လုံး ကားခေါက်ဆီအနံ့ ရလာသဖြင့် သူ့မှာ နေမကောင်းချင်သလို ဖြစ်နေလေသည်။

အတော်လေးမှောင်နေပြီ။ ပါပေါ့သည် ကားမီးဖွင့်လိုက်၏။ သူတို့နောက်တွင် ကားတစ်စီးသည် မီတာ (၅၀၀) ခွာပြီး မှန်မှန်ပင်မောင်း၍ လိုက်လာ၏။ သူတို့သည်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာဂါမြစ်ကို ဖြတ်ကူးထားသော လီနင်တံတားကြီးကိုလည်း ဖြတ်ကူးလာခဲ့၏။ သူတို့နောက်တွင် လိုက်လာသောကားမှာ မီးမဖွင့်။

"ဘယ်လောက်ဝေးသလဲ"

နှစ်ယောက်သားစကားမပြောဘဲ အတန်ကြာ တိတ်နေကြရာမှ ဂျိန် က ပါပေါ့ကို မေးလိုက်၏။

"လမ်းဆုံရောက်ဖို့ (၄) မိုင်ဝေးသေးတယ်။ အဲဒီလမ်းဆုံကနေ ဘဲလ်ယာဒ်ကို (၁၄) မိုင်ဝေးတယ်"

"ခင်ဗျား မြေပုံထဲပြတဲ့အတိုင်း ကျုပ်အဲဒီလမ်းဆုံမှာ ဆင်းရမလား"

"ဟုတ်တာပေါ့"

"ဒါဖြင့် ကျုပ်ဆင်းဖို့အချိန် ရောက်တော့မှာပေါ့"

"နေအုံး၊ လိုသေးတယ်"

"ဆင်းရမယ့်နေရာရောက်ယင် ပြောပါ"

ဒီမှာခင်ဗျားကို စမဲလ်လော့စကီး ခေါ်သွားလိမ့်မယ်။ သူပြောတဲ့ အစီအစဉ်အတိုင်းပဲလုပ်ပါ"

"နေစမ်းပါအုံး၊ စမဲလ်လော့စကီးကို ခင်ဗျား ဘယ်မှာတွေ့ခဲ့သလဲ"

"တွေ့ခဲ့ပါတယ်။ တို့ထွက်လာတော့ သူ့ကို ကာဆန်မှာ တွေ့ခဲ့တယ်။ နောက်ကလိုက်နေတဲ့ လူတွေ မရိပ်မိအောင် သူ့ကို နှုတ်မဆက်ခဲ့ဘူး"

"စမဲလ်လော့စကီး၊ ဘဲလ်ယာဒ်စခန်းကနေ ဘယ်လိုထွက်လာသလဲ"

"သူ့အမေ နေမကောင်းဘူး ပြောပြီး ခွင့်နဲ့ထွက်လာခဲ့တာပေါ့။ ဒါပေမယ့် သူတစ်ယောက်တည်းတော့ မဟုတ်ဘူး။ လုံခြုံရေး ရဲဘော်တွေ ရောက်ပြီး ထွက်လာခိုင်းမှာပဲ။ ကဲ ဒါတွေ ထားလိုက်ပါ။ စမဲလ်လော့စကီးဟာ ခင်ဗျားကို လမ်းဘေးမှာ စောင့်နေမယ်"

ဂျိန် သည် ဘာမှမပြော။ တိတ်ဆိတ်စွာပင် လိုက်လာ၏။ သူနှင့် ဆက်သွယ်လုပ်ကိုင်သူ ဖူးသမျှသည် သေမင်းခံတွင်းဝတွင် လျှောက်နေသူများပင်။ သူသည် ပါပေါ့ပြောသည့် နေရာရောက်သောအခါ ထရပ်ကားပေါ်မှ ခုန်ဆင်းသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခန်း ၊ ( သုံး ၊ )

## မယုံသင်္ကာစရာ

ရဲမှူးသော်ယက်၏ စားပွဲပေါ်တွင် ဖိနပ်နှစ်ရံတင်ထား၏။ ရဲမှူးသည် ဖိနပ်နှစ်ရံ သေချာစွာကြည့်နေသည်။ တစ်ရံက ကြီးပြီး တစ်ရံကသေး၏။ သူသည် ထိုင်ကိုမှီယင်း စဉ်းစားနေသည်။ အခန်းထဲ၌ သူတစ်ယောက်တည်းရှိ၏။ ဖိနပ်ကို ပြီး စဉ်းစားနေသည်။ နာရီဝက်မျှကြာသည်။ ဖိနပ်နှစ်ရံ၏ အခြေအနေမှာလည်း စားစရာဖြစ်နေသည်။ သို့ရာတွင် ဖိနပ်နှင့် ပတ်သက်၍ မည်သို့မျှ မဆုံးဖြတ်ပေ။

ထိုင်နေရာမှ မတ်တတ်ထလာပြီး ဖိနပ်တစ်ဖက် ကောက်ကိုင်ကြည့်လိုက် ထို့နောက် ဖိနပ်တွင် တပ်ထားသော လေဘဲလ်ကဒ်ပြားကို ကြည့်နေ၏။ ဤဖိနပ် သည် အလက်ဇန္ဒားသောမတ် အော်တွန်၏ ဖိနပ်များဟုတ်မှ ဟုတ်ပါလေစ။ စဉ်းစား ခေါင်းခါလိုက်သည်။ ဖိနပ်နှစ်ရံကို ယှဉ်ထားလိုက်သည်။တစ်ရံမှာ အညိုရောင်။ ရံမှာ အနက်ရောင်။ အညိုရောင်ဖိနပ်သည် ဟိုတယ်မှယူလာသော ဖိနပ်ဖြစ်ပြီး၊ တ်ရောက်ဖိနပ်မှာ အလောင်းမှချွတ်ယူထားသော ဖိနပ်ဖြစ်၏ ဖိနပ်၏ ဖနောင့်ကို ကြည့်လိုက်သည်။ စီးထားဖန်များသောကြောင့် ဖနောင့်တွင် ပွန်းပဲ့နေလေပြီ။ ဖိနပ် ၏ ဖနောင့်ကို ယှဉ်ကြည့်မိ၏။ ပွန်းပဲ့ပုံမတူချေ။ လူတစ်ဦးတည်း စီးထားပါက နောင့်၌ ပွန်းပဲ့ပုံ တူရမည်။ ခုတော့။

ဖိနပ်နှစ်ရံကို ခွဲထားလိုက်၏။ ထိုနောက် ယှဉ်ထားကြည့်ပြန်သည်။ ရဲမှူး သော်ယက်သည် ဖိနပ်ကို သေချာစွာ ကြည့်ပြီး စဉ်းစားနေ၏။ အဘယ်ကြောင့် ဤကဲ့သို့ ရွယ်မတူဖြစ်နေပါသနည်း။ ဦးထုပ်ကိုလည်း စစ်ဆေးကြည့်၏။ ကွဲပြားမှုမရှိ။ ကုတ် အင်္ကျီများကိုလည်း စစ်ဆေးကြည့်၏။ ကွဲပြားမှုမရှိ။ ကော်လာအနေအထားလည်း စစ်ဆေးကြည့်၏။ ခြေစွပ်များလည်း စစ်ဆေးကြည့်၏။ ကွဲပြားမှုမရှိ။ ဖိနပ်ကျတော့မှ အဘယ်ကြောင့် တစ်ရံကြီး တစ်ရံသေး ဖြစ်နေပါသနည်း။ လူတစ်ဦးတည်း ဖိနပ်အရွယ် အစား နှစ်မျိုးစီးလေသလား။ အဘယ်ကြောင့် ဤကဲ့သို့ဖြစ်လေသနည်း။

ဖိနပ်ကိစ္စမှာ အထူးစဉ်းစားစရာဖြစ်နေသည်။ လျှို့ဝှက်ချက်တစ်စုံတစ်ခု သည်တော့အမှန်ပင်။ သော်ယက်တစ်ယောက်တည်း အဖြေရှာနေမိသည်။ ကျွုံးဘေး ၌ သေဆုံးသွားသောသူသည် မ္ဗိစ်ကော့ဟိုတယ်မှ လူမဖြစ်နိုင်။ အသတ်ခံရသူသည် အခြားတစ်ဦးသာဖြစ်ရမည်ဟု သော်ယက်စဉ်းစားနေမိ၏။ အဘယ်ကြောင့် ဤကဲ့သို့ ဖြစ်လေပါသနည်း။ ဖိနပ်ကြောင့် သဲလွန်စပေါ်နေ၏။ ဤလူသတ်မှုမှာ လျှို့ဝှက်ဆန်း သော အမှုတစ်ခုဖြစ်ရမည်။ မစ္စတာအော်တွန်နှင့် လာတွေ့သော လူသုံးယောက် က် မစ္စတာအော်တွန်အဖြစ် တစ်ယောက်အသတ်ခံသွားလေသလား။ ဘာကြောင့် ဤကဲ့သို့ဖြစ်လေပါသနည်း။

သော်ယက်အဖို့ အထူးစိတ်ဝင်စားမိသည်။ သော်ယက်သည် သာမန် ရဲမှူး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မဟုတ်။ ကေ-ဂျီ-ဘီ ၏ အမာခံ အမှတ် (၇) ထောက်လှမ်းရေးဌာ ထောက်လှမ်းရေးမှူးတစ်ယောက်လည်းဖြစ်၏။ သူသည် မော်စကို ရဲဌာနတွင် အမှ နေသော်လည်း အမှန်စင်စစ် နိုင်ငံရေးဆိုင်ရာ ဗျူရိုလုံခြုံရေးဌာနမှ ဒုတိယတာ တစ်ယောက်ဖြစ်သည်။ အစီရင်ခံစရာ ရှိပါက နိုင်ငံရေးဗျူရို လုံခြုံရေးဌာနသို့ အစ ခံရသည်။

အော်တွန် အသတ်ခံရသည့်ကိစ္စတွင် သော်ယက်ကစုံစမ်းစစ်ဆေးရန် တာ ရှိ၏ အဘယ်ကြောင့်ဆိုသော် လူသတ်မှုမှာ မော်စကိုမြို့နယ်အတွင်း ဖြစ်ပေ သောကြောင့်ဖြစ်၏။

သော်ယက်သည် မူးယစ်ဆေးဝါးကို မုန်း၏။ မူးယစ်ဆေးဝါး ရောင်းဝယ်သူ လည်း မုန်း၏။ ကမ္ဘာပေါ်ရှိ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသော ဂိုဏ်းမျာ လည်းမုန်း၏။ မူးယစ်ဆေးဝါး နှိမ်နင်းရေးလုပ်ငန်းတွင် ဝါရှင်တန်၊ လန်ဒန်၊ ပါရီမြို့ ရဲများ ဆောင်ရွက်ကြသကဲ့သို့ ဆောင်ရွက်သည်။ အော်တွန်ကိုလည်း လူမုန်း မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းမှ လူတစ်ယောက် အသတ်ခံရကြောင်း ကြားရကတည်း အော်တွန်ကို အလိုလိုမုန်းနေမိသည်။ အော်တွန်နှင့် သူ တွေ့ဆုံရင်ဆိုင်ချင်၏။ အော် ကိုလည်း သူအပြစ်ပေးချင်သည်။ အော်တွန် အသတ်ခံရခြင်းမှာ သူ့အတွက် အ မကြီး။ အော်တွန်နှင့် ဆက်သွယ်ကာ မူးယစ်ဆေးဝါး ရောင်းဝယ်သူတို့ကို ဖော်ထု ရန်သာ သူ့အတွက် အရေးကြီးနေ၏။

အော်တွန်တစ်ယောက် လုံးဝ သေဆုံးခြင်းမရှိဟု သော်ယက်ယုံကြည်သ သူသည် အခန်းထဲထိုင်ယင်း အံကြိတ်ကာ စဉ်းစားနေသည်။ တယ်လီဖုန်း ကောက်ကိုင်လိုက်၏။ မည်သူ့ထံဆက်လိုကြောင်း အော်ပရေတာက မေးသည်။

"အမှတ်(၇) ထောက်လှမ်းရေးဌာန၊ ဗိုလ်မှူးကြီး အိုစီပေါ့ကို ပေးပါ"

သော်ယက်သည် အော်ပရေတာအား ပြောပြီး ခေတ္တစောင့်နေ၏ ဗိုလ်မှူးကြီးမှ ဖုန်းပြန်လာသောအခါ ကမ္ဘာလှည့်ခရီးသည် အော်တွန် သေဆုံးသ အကြောင်း ပြောပြ၏။

အကျိုးအကြောင်းပြောပြပြီးသောအခါ ဖုန်းချလိုက်ပြီး ဖိနပ်ရှိသည့် နေရာ လျှောက်သွားပြန်၏။ ဖိနပ်ကို သေသေချာချာ စစ်ဆေးကြည့်ပြန်၏။ ထိုနော ရဲကြပ်ကြီးဖီလီပေါ့နှင့် ရဲသား (၂) ယောက်ခေါ်ပြီး ယခင်အခါများက မော်စကိုမြို့အတွ အော်တွန်သွားလာခဲ့ဖူးသည့် နေရာများ၊ ဆက်သွယ်ခဲ့ဖူးသည့် လူများတို့အား စစ်ဆေ ရန်အမိန့်ပေးလိုက်သည်။ ၎င်းပြင်မစ္စတာ အော်တွန်နှင့်ပတ်သက်သော မှတ်တမ်းများ လည်း တောင်းယူလိုက်၏။ သူ့လက်အောက်က ရဲဘော်များအား အမိန့်ပေးလိုက် ဖြစ်သော်လည်း သော်ယက်သည် စိတ်ထဲမချင့်မရဲနှင့် ဖိနပ်နှစ်ရံကိုပင် ကြည့်နေ ဖိနပ်နှစ်ရံသည် သူ့ကို စိန်ခေါ်နေပြီမဟုတ်ပါလော။

ထိုနောက်လေဆိပ်တွင် အကောက်အခရာရှိများ တွေ့ခဲ့သော ထိန်ရန်စစ္စတာ



www.burmeseclassic.com

www.burmeseclassic.com



ယ်ကို သော်ယက် သတိရမိသည်။ ထရန်စစ္စတာ ရေဒီယိုကို အလောင်းနားတွင် မတွေ့ရ။ ဟိုတယ်တွင်လည်းမတွေ့ရ။ ပျောက်နေ၏။ ရေထဲပင်ကျသွားလေသ သော်ယက်အဖို့ စဉ်းစားစရာဖြစ်နေလေသည်။ ရေဒီယိုဘယ်ရောက်နေပါသနည်း။

\+ \+ \+

မော့ဗစ်ကားနက်ကို လမ်းဘေးရပ်ထားယင်း စမဲလ်လော့စကီးတစ်ယောက် ဂျန် ကိုစောင့်နေ၏။ ကားကို ဘဲလ်ယာဒ်စခန်းဘက်သို့ ဦးတည်ခေါင်းလှည့် သည်။ ကားတံခါးပွင့်လာ၏။ ဂျန်သည် ကားထဲထိုင်နေသော စမဲလ်လော့စကီး ကြည့်ပြီး ခပ်သွက်သွက်လေး လျှောက်လာ၏။ ပတ်ဝန်းကျင်ကိုလည်း ကြည့်လိုက် မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့ရ။ သူတစ်ယောက်တည်း စောင့်နေသည်ကို တွေ့ရသည်။ ဂျန် လည်း ကားထဲဝင်ထိုင်ပြီး မေးလိုက်လေ၏။

"ကျုပ်ကို ဘယ်တုန်းကတည်းက လာစောင့်နေသလဲ"

စမဲလ်လော့စကီး က ဘာမှမပြော။ "မြန်မြန်လုပ်ပါ" ဟူသော ဟန်အမူအရာ ခေါင်းညိတ်ပြ၏။ ထိုနောက် ပါပေါ့ က "စမဲလ်လော့စကီး"ဟု ရုရှားလို အော်ခေါ် သည်။ ထရပ်ကားမှာ မရပ်။ ဆက်မောင်းသွားလေ၏။

စမဲလ်လော့စကီး က ဘာမှ ပြန်မပြော။ ခေါင်းသာညိတ်ပြနေ၏။ သူ့ကို ကြည့် ည်မှာ စိတ်လှုပ်ရှားနေပုံရသည်။ သူ့ခေါင်းပေါ်ရှိ ဆံပင်များလည်း ဖြူဖွေးနေပြီ။ တ်အပိုင်းအခြားအားဖြင့် (၅၀) ပတ်ဝန်းကျင်မျှရှိမည်။ သူသည် ကုတ်အင်္ကျီရှည် ားပြီး အပေါ်တွင် မိုးကာအင်္ကျီထပ်ဝတ်ထား၏။ သူသည်မှန်ကို သေချာစွာ ည့်ယင်းအကဲခတ်နေသည်။ ထိုနောက် -

"ခင်ဗျား နောက်ကျလှချည်လား" ဟုမေးလိုက်၏။

"ဟုတ်တယ်မိတ်ဆွေ။ လမ်းမှလည်း စစ်ဆေးခံနေရတယ်။ ဒါနဲ့နေစမ်းပါအုံး၊ ယ်ယာဒ်စခန်းကို ကျုပ်ဘယ်လိုဝင်ရမှာလဲ"

"ဘယ်လိုဝင်ရမှာလဲဟုတ်လား။ ကားနောက်မြီးမှာ ပုန်းလိုက်လာရမယ်"

"သက်ဆိုင်ရာက မရှာဘူးလား"

"ရှာတော့ရှာတာပေါ့။ ဒါပေမယ် သူတို့ရဲ့ ရှာပုံရှာနည်းက တစ်မျိုးပဲ ဂိတ်တွေ များကြီးရှိတယ်။ အထွက်ဆိုယင် ဂိတ်တစ်ဂိတ်ပဲ သေသေချာချာ ရှာတယ်။ ကျန်တဲ့ တွေကမရှာတော့ဘူး။ အဝင်မှာဆိုယင်လည်းဒီအတိုင်းပဲ။ ဂိတ်တစ်ဂိတ်ပဲ သေသေ ချာရှာပြီး၊ ကျန်တဲ့ဂိတ်တွေဟာ မရှာတော့ဘူး။ ကဲ ခင်ဗျား ဒီထဲပုန်းပြီး လိုက်လာ ယ်"

စမဲလ်လော့စကီး သည် ကားနောက် လျှောက်လာပြီး ကားနောက်က အံဖုံးကို လိုက်သည်။ ထိုနောက် ရပ်နေသော ဂျန် ကိုလည်း စိုက်ကြည့်ယင်း "အချိန်မဖြုန်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အဓိပ္ပါယ်ဖြင့် ကြည့်ပြန်မိသည်။ ဂျန်လည်း ဘာမှမပြောဘဲ ပခုံးတွင် လွယ်ထ
သည့် သေနတ်ကို ထုတ်ပြီး အိတ်ထဲထည့်ကာ မိခင်ဝမ်းဗိုက်တွင်းရှိ သန္ဓေသား
အနေအထားကဲ့သို့ ကားအံဖုန်းထဲ ဝင်ကွေးလိုက်သည်။ စမဲလ်လော့စကီးလည
ကြည့်ကာ ကျေနပ်သည့်သဘောဖြင့် ခေါင်းညိတ်ပြ၏။ ပြီးနောက် အံဖုန်းကို ပိတ်လို
သည်။ ဂျန် သည် ကားစက်နှိုးသံကြားရ၏။ သူမှာ ဤကဲ့သို့ အနေအထားမျိုး ဆေးရုံတ
လှေကျင့်နေခဲ့ဖူးသဖြင့် ကြပ်ကြပ်တည်းတည်း မဖြစ်ပေ။ ကားလည်း တဖြည်းဖြည်း
ထွက်လာကြောင်း ဂျန် သိသည်။

စမဲလ်လော့စကီးလည်း ဘဲလ်ယာဒ်အလုပ်ရုံများ တည်ရှိသည့် အဆော
အအုံအပြင်ဘက်တွင် ရှိသော လေယာဉ်စက်မှုဆိုင်ရာ ဝန်ထမ်းများနှင့် သိပ္ပံပညာရှင်မ
နေထိုင်ကြသော အိမ်တန်းများသို့ သွားရမည့်လမ်းကို စဉ်းစားနေ၏။ လမ်းမှာ ကျဉ်း
မတ်စောက်သည်။ စီမံကိန်းစခန်းသို့ စက်ကိရိယာများ သယ်လာကြသော မော်တေ
ကားကြီးများလည်း အခါမလပ်သွားနေ၏။ စမဲလ်လော့စကီး သည် သူဆောင်ရွက်ရမ
တာဝန်ကို စဉ်းစားနေသည်။ သူ့တာဝန်ကား 'မစ်ချယ်ဂျန် နှင့် မစ် (၃၁)' တို့ နီးစပ်
အတွက်ဖြစ်သည်။

သူ့ကို ဗရန်နိုဗစ်ချ်က စည်းရုံးသိမ်းသွင်းခဲ့ခြင်းဖြစ်၏။ သူသည် စက်မှုဆိုင်
ပါရဂူတစ်ဦးဖြစ်ပြီး ဘာသာရေးကို ကြည်ညိုလေးစားသူဖြစ်၏။ ကေ-ဂျီ-ဘီ မှ ပုဂ္ဂိုလ်မ
က သူ့ကို ဘာသာရေးသမားဟု ယုံကြည်သတ်မှတ်ခဲ့သည်။ အမှန်စင်စစ် စမဲလ်လေ
စကီး သည် ဂျူးတစ်ယောက်ဖြစ်၏။ သူသည် ဆိုဗီယက်နိုင်ငံအနှံ့အပြား စစ်လက်န
ပစ္စည်းထုတ်လုပ်သော စက်ရုံများ၌ တာဝန်ထမ်းခဲ့သည်။ တာဝန်ထမ်းဆောင်ခဲ့သ
ကာလများတွင် အထက်လူကြီးများနှင့် ကေ-ဂျီ-ဘီ တို့ စိတ်ကျေနပ်အောင် တာဝ
ထမ်းဆောင်ခဲ့သည်။ သူ့ကိုလည်း လူချစ်လူခင် ပေါများ၏။ လွန်ခဲ့သည့်တစ်နှစ်လော
က ဗရန်နိုဗစ်ချ်နှင့် ခင်မင်ရင်းနှီးခဲ့သည်။ ဗရန်နိုဗစ်ချ်ကပင် နိုင်ငံရေးသဘောတရားအ
သူ့ကို စည်းရုံးသိမ်းသွင်းခဲ့၏။

စမဲလ်လော့စကီး သည် ချိုင့်များကို ရှောင်တိမ်းယင်း ကားကိုမောင်းနှ
လာသည်။ ဘဲလ်ယာဒ်စခန်းကို လှမ်းမြင်ရလေပြီ။ သွတ်နန်းကြိုးဖြင့် (၇) ပေမျှ မြ
အောင် စခန်းတစ်ခုလုံးကို ကာရံထားသည်။ လေယာဉ်အတက်အဆင်းလမ်းကြော
လည်း စခန်းထဲတွင် တည်ဆောက်ထားသည်။ ဤနေရာသည် မူလက ရွာဟောင်းရှိ၏
ရွာ၏အမည်မှာ ဘဲလ်ယာဒ်ဖြစ်သည်။ ယင်းရွာငယ်အမည်ကို အကြောင်းပြု၍
'ဘဲလ်ယာဒ်စီမံကိန်း' ဟု အမည်ပေးထားသည်။ ရွာငယ်မှာ ယခုတိုင်ရှိ၏။ စခန်းပြင်
တွင် တည်ရှိလျက်ပင်။ စခန်းကိုတော့ အစောင့်များ၊ လျှို့ဝှက်ထောက်လှမ်းရေးစခ
များ၊ သစ်ပင်များတို့ဖြင့် ဝိုင်းရံထားသည်။

သွတ်နန်းကြိုး ကာရံထားသော ဂိတ်တံခါးသို့ ရောက်လာသဖြင့် စမဲလ်လော
စကီးသည် ကားကို အရှိန်လျှော့လိုက်သည်။ ဂိတ်တံခါးနှင့် ကိုက်(၅၀) လောက် အေးသည
နေရာတွင် မျှော်စင်တစ်ခုရှိသည်။ အစောင့်စစ်သားများသည် မျှော်စင်မှငေး၍ လာသမ



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကားများ၊ လူများကို ဆလိုက်မီးဖြင့် ထိုးထား၏။ စမဲလ်လေ့စကီး ၏ ကားသည် တဖြည်းဖြည်းနှင့် မောင်းလာရာ ဂိတ်ရှေ့ ရောက်သောအခါ ရပ်ထားလိုက်သည်။ အစောင့်ရဲဘော်တစ်ယောက်လည်း ကင်းစခန်းမှ ထလာပြီး လက်နှိပ်ဓာတ်မီးဖြင့် မော်တော်ကားကို ဟိုထိုး ဒီထိုး ထိုးယင်းရှာဖွေလေ၏။ စမဲလ်လေ့စကီး သည် သူ့ကားကို လာရောက်စစ်ဆေးသော ရဲဘော်ကို သိသည်။ ထို့ကြောင့် ကားပြတင်းမှန်ကို ချပြီး ခေါင်းထုတ်ကာ အစောင့်ရဲဘော်ကို နှုတ်ဆက်လိုက်၏။

"ဟေ့ ဖီဒေါ ဘယ့်နဲ့လဲကွ၊ မင်းဂျူတီလား"

"ဟာ ဒေါက်တာစမဲလ်လေ့စကီးပါလား၊ ဆရာကြီး ဘယ်ကလာသလဲ၊ အစောင့်ရဲဘော်တွေ ဆရာ့ကို တစ်နာရီလောက် စစ်ဆေးနေသလား"

အခြားအစောင့်ရဲဘော်တစ်ယောက်လည်း ဂိတ်စခန်းမှ ထွက်လာ၏။ ဂိတ်တွင် အရာရှိလုပ်သူက ကုလားထိုင်ပေါ် ထိုင်နေသည်။ ဒုတိယဆင်းလာသော ရဲဘော်က ကားဆီသို့ လျှောက်လာပြီး ကားခေါင်းကိုဖွင့်ရန် ပြောလိုက်လေသည်။ သို့ရာတွင် စမဲလ်လေ့စကီးက ဖီဒေါနှင့် စကားကောင်းနေသဖြင့် အစောင့်ရဲဘော် ပြောသောစကားကို မကြားချင်ဟန်ဆောင်နေ၏။ ထို့နောက် ကားပေါ်မှဆင်းလာပြီး ဒုတိယရဲဘော် ပြောသည့်အတိုင်း ကားခေါင်းကို ဖွင့်ပေးလိုက်သည်။ အင်ဂျင်မှာ ပြင်ဆင်ထားသဖြင့် ဝါယာကြိုးများ ရှုပ်နေ၏။ ဤတွင် ဖီဒေါက အင်ဂျင်ကိုကြည့်ပြီး ပြောလိုက်သည်။

"ဘယ့်နဲ့လဲ ဒေါက်တာ၊ အင်ဂျင်ကလည်း လူနာတစ်ယောက်လို ဖြစ်နေပါလား"

"လူနာဆို မပြောနဲ့တော့၊ တစ်ခါမှ အင်ဂျင်မချရဘူး။ အလုပ်ကလည်းများတော့ ကားကိုလှည့်မကြည့်အားဘူး"

"ခင်ဗျား စက်မှုပါရဂူပဲဟာ၊ ကိုယ့်ကားကိုယ်ပြင်လိုက်ပါလား"

"ပြင်ဖို့ကို အချိန်မရဘူး၊ သွားယင်းနဲ့ ပြင်သွားတာပဲ"

ဒုတိယရောက်လာသော ရဲဘော်က ဘာမှ မပြောတော့ဘဲ ကားနောက်သို့ လှည့်ပတ်သွား၏။ ဤတွင် စမဲလ်လေ့စကီးမှာ ရင်တစ်ထိတ်ထိတ်ဖြစ်နေမိသည်။ အစောင့် ရဲဘော်က ကားနောက်အံ့ဖုံးကို လက်ဖြင့်ပုတ်ကာ 'အထဲမှာဘာရှိသလဲ' ဟု မေးလိုက်၏။ ရင်ထိတ်နေသော စမဲလ်လေ့စကီးက မကြားဟန်ဆောင်ကာ ဖီဒေါနှင့်သာ စကားပြောနေသည်။ ဒုတိယရဲဘော်လည်း ဘာမှဆက်ပြီး မမေးတော့၊ ထိုသူနှစ်ယောက် စကားပြောနေသည့်ဘက်သို့ လျှောက်လာသည်။

ယင်းနောက် စမဲလ်လေ့စကီးသည် ကားပေါ်ပြန်တက်ကာ စက်နှိုးပြီး ဂိတ်အနီးသို့ မောင်းလာသည်။ ဂိတ်တဲထဲ၌ အရာရှိတစ်ယောက် ထိုင်နေ၏။ ရဲဘော်နှစ်ယောက်လည်း ကားကိုစစ်ဆေးပြီးကြောင်း အရာရှိထံသို့လာရောက်သတင်းပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရာရှိသည် ကားနံပါတ်နှင့် ကားမောင်းသူအမည်တို့ကို မှတ်ပုံတင်စာအုပ်တွင် ရေးမှတ် စေပြီး ထွက်ခွာခွင့်ပြုလိုက်၏။ ဂိတ်၌တန်းထားသော မောင်းတံလည်း တဖြည်း ဖြည်းနှင့် ထောင်တက်ကာ ဂိတ်တံခါးကြီးပွင့်သွားသည်။ ဤတွင်မှ စမဲလ်လော့စကီး သည် ဟင်းကနဲသက်ပြင်းချနိုင်တော့သည်။

စမဲလ်လော့စကီး၏ တာဝန်မှာ မစ်ချယ်ဂျန်ကို ဘဲလ်ယာဒ်စခန်းသို့ သွင်းရသည့် တာဝန်သာရှိ၏။ စခန်းထဲသို့ မစ်ချယ်ဂျန် ရောက်ပြီးပါက သူ့တာဝန် ကျေပွန်လေပြီ။ စမဲလ်လော့စကီးသည် သွားခွင့်ရပြီးဖြစ်၍ ကားစက်နှိုးကာ လူနေအိမ် ခြေရှိရာသို့ မောင်းလာလေ၏။ အိမ်များမှာ တစ်ထပ်သစ်သားအိမ်များဖြစ်သည်။ တန်းစီ ကာ အစီအရီ ဆောက်ထား၏။

စမဲလ်လော့စကီး သည် ကားကို အိမ်များကွေ့ပတ်မောင်းနှင်လာသည်။ သူတို့ နေသော ရပ်ကွက်တွင် ဈေး၊ ရုပ်ရှင်ရုံ၊ လက်ဖက်ရည်ဆိုင် စသည်တို့လည်းရှိ၏။ ကားကို တဖြည်းဖြည်းနှင့်င မောင်းလာရာ ကားဂိုဒေါင် တစ်ခုထဲသို့ ဝင်သွားသည်။ ဂိုဒေါင်ထဲ ရောက်ပြီး ဂျန်ကိုဖွင့်မပေးသေးဘဲ ဂိုဒေါင်တံခါးကို အယင်ပိတ်လိုက်သည်။ ပြီးတော့မှ ကားနောက်အံဖုံးကို ဖွင့်ပေးလေ၏။

× × ×

'ဗရေ့ဗင် ဘာသတင်းမှ မရသေးဘူးလား။ မေးကြည့်အုံးကွ"

ဗိုလ်မှူးကြီး ကွန်တာစကီး၏ အသံကမာကြောလှ၏။ သူ့အနေနှင့် သိချင်သည့် ကိစ္စတစ်ခုရှိသည်။ ယင်းကိစ္စသိရန်အတွက် စိတ်ဆန္ဒစောနေသည်။ သူသိချင်သော အချက်ကား ပါပေါ့ကားပေါ်တွင် ပါသွားသောသူသည် မည်သူဖြစ်လေသနည်း။ ဗိုလ်မှူးကြီး ကွန်တာစကီးသည် စားပွဲပေါ် ချထားသော ဓာတ်ပုံကို ကောက်ကြည့်ပြန်၏။ သူ့လက်ထောက်ဗရေ့ဗင်ကတော့ သူ့ရှေ့ရှိစားပွဲတွင်ထိုင်နေ၏။ ဗရေ့ဗင်သည် ရောက်လာသော အစီရင်ခံစာများကို ဖတ်နေလေသည်။ အချိန်မှာ ည (၁၀) နာရီ (၇) မိနစ်ရှိပြီးဖြစ်၏။ လွန်ခဲ့သော (၁၅) မိနစ်လောက်က ဗရေ့ဗင်သည် 'ကရှက်ရှင်' ကို စစ်ဆေးခဲ့သေး၏။ ပါပေါ့နှင့်လိုက်ပါသွားသူမှာ 'ကလက်ဇူးနော့' ဟု ကရှက်ရှင် က ပြောသည်။ သို့ရာတွင် ဗရေ့ဗင် တို့က ယုံကြည်ပုံမရ။ ကလက်ဇူးနော့ မဖြစ်နိုင်ဟု စိတ်ထဲထင်နေမိ၏။ သူသည် ဗိုလ်မှူးကြီး ကွန်တာစကီး ကိုင်ထားသည့် ဓာတ်ပုံကို တောင်းပြီး ကြည့်နေမိသည်။

"ကရှက်ရှင်ဆီက သတင်းကတော့ ကလက်ဇူးနော့ပဲလို့ ပြောနေတယ်။ ဒီကိစ္စ အတော်စဉ်းစားရခက်တာပဲ"

ဗိုလ်မှူးကြီးကွန်တာစကီးလည်း ဗရေ့ဗင်ထံသို့ လျှောက်လာပြီး ရှုပ်ထွေးသော ပြဿနာကို စဉ်းစားနေ၏။ ထရပ်ကားတွင်ပါသွားသော သူသည် မည်သူဖြစ်ပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



...ဖို့အတော်ခက်နေ၏။ ဗြိတိသျှစပိုင်လား။ သို့မဟုတ် အမေရိကန်စပိုင်လား။ သို့ရာတွင် ...ထားသည့်သတင်းအရ မူးယစ်ဆေးဝါးသမားသာ မော်စကိုသို့ ရောက်လာသည်။ သူလျှို ...များရောက်လာကြောင်း သူတို့သတင်းရမထားပေ။ အကယ်၍ သူလျှိုဖြစ်ဦးတော့၊ ဤသူ ...တစ်ယောက်တည်း ဘဲလ်ယာဒ်စခန်းမှ သတင်းများ မည်ကဲ့သို့ပို့နိုင်ပါသနည်း။ ...မှုးကြီး ကွန်တာစကီးသည် ပြဿနာကို စဉ်းစားနေမိသည်။

ဘဲလ်ယာဒ်စခန်းရှိ သစ္စာဖောက်သုံးယောက်ဖြစ်ကြသော ဗရန်နိုဗစ်ချ်၊ ...လ်လောစကီးနှင့် ကရုက်ရှင်တို့သုံးယောက်သည် ညအခါ၌သာ တစ်ညလုံးအလုပ်လုပ် ...ရ၏။ ဤသုံးယောက်နှင့်အတူ ကေ-ဂျီ-ဘီ သတင်းပေးများကိုလည်း တွဲထားပြီးဖြစ်၏။ ...ကြောင့် စပိုင်တစ်ယောက်သည် အမ်-အိုင်-ဂျီ နှင့် နီးစပ်မှုမရနိုင်။ ဓာတ်ပုံလည်း ...ရိုက်၍မရ။ သတင်းလည်း ပို့၍မရနိုင်။ မည်သို့လုပ်၍မရနိုင်သည့်အခြေတွင် ဗြိတိသျှ ...က ဖြစ်စေ၊ အမေရိကန်တို့ကဖြစ်စေ သူတို့၏ ထောက်လှမ်းရေးမှူးကို စေလွှတ်မည် ...ဟုတ်ချေ။

ဗရေ့ဗင်သည် ဗိုလ်မှူးကြီးကို ကြည့်နေမိ၏။ သူ့ဗိုလ်မှူးကြီးကျေနပ်ပုံမရှိ ...ကြောင်းသူသိသည်။ ကေ- ဂျီ- ဘီ တပ်ဖွဲ့သုံး ဟယ်လီကော့ပတာ လေယာဉ်တစ်စီးလည်း ...လ်မှူးကြီးအတွက် အဆင့်သင့်ဖြစ်နေ၏။ ဗိုလ်မှူးကြီးကွန်တာစကီးသည် ရပ်နေရာမှ ...လှောက်လာပြီး ဗရေ့ဗင်အား ပြောလိုက်လေသည်။

"ကဲ ကောင်းပြီ၊ လမ်းဆုံးယင် ရွာရောက်မှာပေါ့ကွာ။ ဒီကောင်ဟာ ဘယ်သူ ...ဆိုတာ သိရအောင် နောက်ကလိုက်သွားတဲ့ကားဆီ ဖုန်းဆက်စမ်း ဗရေ့ဗင်"

"ဟုတ်ကဲ့ခင်ဗျား"

ဗရေ့ဗင်သည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ ကာဇန်သို့ ဖုန်းဖြင့် ...အကြောင်းကြားသည်။ ကာဇန်မှ တဆင့် ထရပ်၊ ကားနောက်သို့ လိုက်နေသော ကားအား ...အကြောင်းကြားရန် ဖြစ်သည်။

"ဘဲလ်ယာဒ်လမ်းဆုံက ကင်းစခန်းမှာ ဘာအကူအညီ လိုသေးတယ်ဆိုတာ ...ကြည့်ပေးပါအုံး။ ပြီးတော့ကားထဲမှာ လူဘယ်နှစ်ယောက်ပါလဲဆိုတာ မေးပါ"

"လူသုံးယောက်ပါတယ်။ ထရပ်ကားလည်း ဘဲလ်ယာဒ်လမ်းဆုံးကို ကျော်သွား ...တယ်။ အရှိန်တောင် မလျှော့ဘူးတဲ့။ ရပ်လည်းမရပ်ဘူးတဲ့။ ဆက်မောင်းသွားတယ်"

ဗရေ့ဗင်သည် လက်တစ်ဘက်ဖုန်းကိုင်ထားယင်း ဗိုလ်မှူးကြီးအား ရှင်းပြ၏။

ဗိုလ်မှူးကြီး မျက်နှာထားတင်းမာစွာဖြင့် ဗရေ့ဗင်အား ပြောလိုက်သည်။

"ကဲ ဒါဖြင့်ယင် ထရပ်ကားကို အခုချက်ချင်း ရပ်ခိုင်းလိုက်ပါ။ ကားပေါ်မှာ ...လူဘယ်နှစ်ယောက်ပါလာတယ်ဆိုတာ ကျုပ်သိချင်တယ်"

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com



ပါပေါ်သည် ဘဲလ်ယာဒ်လမ်းဆုံ ကျော်ဖြတ်သွားသည်နှင့် ကင်းစခန်းကို ကြည့်လိုက်သည်။ သူ့အဖို့ ဆက်လက်မောင်းသွားရန် အခွင့်အရေးမရတော့ကြောင်း သူသိသည်။ သူ့အတွက် ခရီးဆုံးပြီဖြစ်ကြောင်းလည်း သူသိသည်။ ကားကို အရှိန်မလျှော့ဘဲ လက်တစ်ဘက်ဖြင့်လက်ကိုင်ကို ကိုင်ထားပြီး ကျန်လက်တစ်ဘက်ဖြင့် ဂျက်ကက်အင်္ကျီအိတ်တွင် ထည့်ထားသော အော်တော်မစ်တစ် သေနတ်ကို ထုတ်ပြီး မစ္စတာဂျန်ထိုင်ခဲ့သော ထိုင်ခုံအောက် ထိုးထည့်လိုက်သည်။

သူ့နောက်မှ လိုက်လာသော ကားမှာ မီးမငြိမ်းဘဲ လိုက်လာ၏။ သူ့နောက်တွင် လိုက်နေကြောင်း ပါပေါ်သိသည်။ သူ့နောက်မှလိုက်လာသောကားသည် ကင်းစခန်းတွင် ရပ်ပြီး မေးမြန်းစုံစမ်းလိမ့်မည်ဟု သူထင်ခဲ့၏။ သို့ရာတွင် ကားသည်လုံးဝမရပ်။ ရေဒီယိုဖုန်းဖြင့် မေးမြန်းစုံစမ်းကောင်း စုံစမ်းလိမ့်မည်ဟု သူယုံကြည်၏။ သူသည် ရပ်လည်း မရပ်၊ အရှိန်ပင် မလျှော့ကြောင်း ကင်းစခန်းမှ သူတို့ သိကြလိမ့်မည်။ ဘာကြောင့် မရပ်သည်ကို သူတို့အဖို့ စဉ်းစားစရာပင် ဖြစ်တော့မည်။

အကယ်၍ ရပ်ပြီး သူ့အကြောင်းစုံစမ်းနေမည်ဆိုပါက သူသည် ၁၀ မိုင်မျှ ခရီးပေါက်၍သွားပြီဖြစ်သည်။ သူ၏ လျှို့ဝှက်ချက်ကို ရုတ်တရက် ကေ-ဂျီ-ဘီ တို့ စုံစမ်းမရနိုင်ပေ။ သူ့နောက်မှ လိုက်လာသော ကားသည် သူ့ကို ကျော်တက်ပြီး ရပ်ခိုင်းလိမ့်မည်ဟု သူယုံကြည်နေ၏။ ဤဒေသ၏ လမ်းခရီးအကြောင်းကို သူကောင်းစွာသိ၏။ ဤအရပ်သည် မွေးမြူရေးအရပ်ဖြစ်ပြီး တစ်ရွာနှင့်တစ်ရွာ (၁၅)မိုင်လောက်ဝေးသည်။ ကားလမ်းမတွင် မြို့မရှိပေ။

သူသည် စွန့်စွန့်စားစားပင် ဆောင်ရွက်ခဲ့သည်။ ဘဲလ်ယာဒ်စီမံကိန်းသည် ဆိုဗီယက်တို့အဖို့ အဘယ်မျှအရေးကြီးကြောင်း သူသိ၏။ ထို့အတူ နေတိုး စစ်မဟာမိတ်အဖွဲ့အတွက်လည်း အဘယ်မျှအရေးကြီးပြီး သေရေးရှင်ရေးဖြစ်နေသည်ကိုလည်း သူသိ၏။ လေယာဉ်ကို ခိုးထုတ်ရန် စီမံချက်၏နောက်ကွယ်တွင် အဘယ်မျှ သက်စွန့်ဆံဖျား ဆောင်ရွက်ရသည်ကိုလည်း သူသိ၏။ လေယာဉ်ခိုးထုတ်ရေး စီမံချက် အောင်မြင်ရေး အတွက် အက်ကလစ်လည်း စွန့်စားရမည်။ ဖင်တန်တစ်ယောက် အသက်ပင်ပေးခဲ့ရလေပြီ။ အခြားသူများလည်း လိုအပ်လာပါက စတေးခံရန် အသင့်ဖြစ်နေရမည်။ သူ၏ ဆောင်ရွက်ချက်သည် အဘယ်မျှတန်ဖိုးရှိကြောင်း အက်ကလစ်သိ၏။ သူ၏ စွန့်စားမှုသည် အသက်နှင့် ရင်းထားခဲ့ရသည်။ အက်ကလစ်က သူ့ကို ပစ်ပယ်လိမ့်မည်မဟုတ်ဟု သူယုံကြည်သည်။ အခုတော့ သူ့မှာ စွန့်စားနေရ၏။ သူအဖမ်းမခံရဖို့ အရေးကြီးသည်။ အနည်းဆုံး (၁၂) နာရီအတွင်း သူအဖမ်းမခံရအောင် ရှောင်တိမ်းနေရမည်။ သို့မှသာ မစ်ချယ်ဂျန်တစ်ယောက် ဘေးကင်းရန်ကင်းဖြစ်သည့်နေရာသို့ ရောက်သွားပေမည်။

ကားကို ဆက်လက်မောင်းနှင်သွားရန် ပါပေါ် ဆုံးဖြတ်လိုက်၏။ ရှေ့တွင် လမ်းများ ပိတ်ဆို့ထားခြင်းမရှိ။ ဤကဲ့သို့ မောင်းနှင်သွားပါမှ သူ့အတွက် ပုန်းရှောင်ရန် အခွင့်အရေး ရတော့မည်။ အကယ်၍ သူ့နောက်မှ ကေ-ဂျီ-ဘီ များ ဆက်လက် လိုက်



www.burmeseclassic.com

www.burmeseclassic.com



ထာပါက သူသည် ဤအရပ်တွင် မည်သူတစ်ဦးတစ်ယောက်မျှမသိ၍ ပုန်းရန်နေရာကို လည်းကောင်း။ စားရန်ထမင်းဆိုင်ကိုလည်းကောင်း ရှာဖွေရတော့မည်။

သူ့ဘဝကို ပြန်စဉ်းစားမိ၏။ သူ့ဇနီးသည် မေရီယာကိုလည်း သတိရမိ၏။ သူ့အဖို့ လူ့ဘဝတွင် အေးအေးချမ်းချမ်း နေရန် အချိန်ရောက်နေပေပြီ။ သူ့ဇနီးမှာ ထောင် (၁၂) နှစ် ကျခဲ့သည်။ ၁၉၆၀ ခုနှစ်က ဆိုဗီယက်တို့ ချက်ကိုစလိုဗက်ကို ကျူးကျော်ဝင်ရောက်မှုနှင့်ပတ်သက်ပြီး မေရီယာဆန္ဒပြ ကန့်ကွက်ခဲ့သည်။ ယင်းကဲ့သို့ ဆန္ဒပြကန့်ကွက်ခဲ့သဖြင့် ထောင် (၄) နှစ်ကျသွားသည်။ ထောင်ထဲရောက်သောအခါ သက်ကမ်းပိုစတာများကမ်းခြင်း၊ ထောင်ထဲ စည်းရုံးခြင်းတို့ကြောင့် သူ့ကို နောက်ထပ် (၈) နှစ်ထောင်ချပစ်လိုက်ပြန်သည်။ ထို့ကြောင့် သူသည် ထောင်(၁၂) နှစ် ကျသွားခြင်းပင်။

မေရီယာသည် ဂျူးအမျိုးအနွယ်ဖြစ်ပြီး ပညာတတ် အမျိုးသမီးတစ်ယောက် ဖြစ်သည်။ ယခင်က သူမသည် ကျောင်းဆရာမတစ်ယောက် ဖြစ်၏။ ထောင်ထဲတွင် အမျိုးမျိုးနှိပ်စက်ခံရလေမလားဟု ပါပေါ့တွေ့မိသည်။ မတတ်နိုင်လေပြီ။ ဖြစ်သမျှ ဒဏ် ခံစီးခံရမည် မဟုတ်ပါလော။

သူသည် ကားမှန်ကို ကြည့်လိုက်၏။ သူ့နောက်လိုက်လာနေသည်ကို တွေ့ရသည်။ သေသေချာချာကြည့်လိုက်သည်။ သူ့ကို သေနတ်ဖြင့် ချိန်ရွယ်ထားခြင်း မရှိကြောင်းတွေ့ရသည်။ နောက်မှ ကားသည် မီးဖွင့်လိုက်သည်။ သူ့ကို ကျော်ဖြတ် ရန်အတွက် ပြင်ဆင်ခြင်းသာဖြစ်သည်ဟု သူယူဆသည်။ ထို့ကြောင့် ပါပေါ့သည် ခြေဖြင့် ဆနင်းချရာ ကားမှာ တစ်နာရီ (၇၀) မိုင်နှုန်းအထိ ပြေးလွှားသွားလေသည်။ နောက်မှ လိုက်လာသောကားမှာ တဖြည်းဖြည်းနှင့် ပြတ်ကျန်သွား၏။

သူတို့သည် ဖြောင့်တန်းနေသော ကားလမ်းမတစ်လျှောက် မောင်းလာကြ သည်။ လမ်းမမှာ ဖြောင့်မတ်သော်လည်း ကျဉ်းမြောင်းသည်။ နောက်မှကားလည်း အရှိန် မြင့်ပြီးလိုက်လာသည်။ သူ့ကို ကျော်ပြီး ရပ်ခိုင်းလိမ့်မည်ဟု ပါပေါ့ ယုံကြည်နေ၏။ ထို့ကြောင့် ပါပေါ့သည် ခြေထောက်ဖြင့် လီဗာနင်းပြီး အရှိန်နှုန်း မြှင့်လိုက်ပြန်၏။ သို့ ရာတွင် နောက်မှလိုက်လာသောကားလည်း မလျှော့ချေ။ သူလည်းအရှိန်မြှင့် မောင်းလာ သည်။ ကားတွင်ပါလာကြသော ကေ-ဂျီ-ဘီ များ ဒေါသထွက်ကြမည်ဖြစ်ကြောင်း ပါပေါ့ သိ၏။ ပါပေါ့လည်း အလျှော့မပေးဘဲ မောင်းလာသည်။

ရှေ့တွင် လမ်းမှာ ကွေ့ကောက်လာ၏။ နောက်မှလိုက်လာသော ကားလည်း ဆက်လက်မကွာလိုက်လာသည်။ ပါပေါ့သည် လမ်းချိုးကိုရောက်လာ၍ချိုးဝင်ရာ နောက်မှ လိုက်လာသည့်ကားလည်း ပါပေါ့ကားရှေ့ရောက်ရန်အတွက် ဖြတ်တက်ရာ ကားနှစ်စီး တိုက်မိကြ၏။ ပါပေါ့၏ ထရပ်ကား ပွတ်တိုက်လိုက်သဖြင့် နောက်မှ လိုက်လာ သောကားသည် လမ်းဘေးသို့ လွင့်စင်ထွက်သွား၏။ ပါပေါ့လည်း ချက်ချင်းဘရိတ်နင်းပြီး ကားကိုရပ်ကာ မည်သို့မည်ပုံဖြစ်သည်ကို ဆင်းကြည့်၏။ လမ်းဘေးသို့ စင်ကျသွားသော



www.burmeseclassic.com

www.burmeseclassic.com



ကားမှာ ချိုင့်ထဲကျသွား၏။ ဘာသံမှမကြားရ။ တိတ်နေသည်။ ပါပေါ့သည် ထိုင်ခုံ အောက်တွင် ထည့်ထားသော သေနတ်ကိုယူလိုက်သည်။ လမ်းဘေး ကျသွားသည့် ကားနှင့် သူ့ကားမှာ ကိုက် (၁၀၀) လောက်ဝေးသည်။ သူသည် ကားကို လှမ်းကြည့်လိုက် ရာ ကားထဲမှ ပါလာသူ (၂) ယောက်က လက်ထဲ သေနတ်ကိုင်ပြီး ထွက်လာသည်ကို ရိပ်ရိပ်မျှ ရ၏။ ကားသည် လမ်းဘေးသို့ စင်ကျသွားသော်လည်း ကားမီးများ မငြိမ်းသေး အလင်းရောင်ကြောင့် ကောင်းစွာမြင်ရလေသည်။

လူနှစ်ယောက် လမ်းမပေါ်သို့ ပြေးတက်လာသည်ကို မြင်ရသောအခါ ပါပေါ့ သည်း အံ့အားသင့်မိသည်။ သူသည် ထရပ်ကားရှိရာသို့ ပြေးလာ၏။ သို့ရာတွင် သူနောက်ကျသွားလေပြီ။ ဒိုင်း ဒိုင်း ဟူသော သေနတ်သံ (၂) ချက်ကြားရ၏။ တစ်ချက် မှာ သူကိုမထိပေ။ နောက်တစ်ချက်ပစ်လိုက်သည့် ကျည်ဆန်သည် သူ့ပခုံးထိမှန်သွား ၏။ သူလည်း ထရပ်ကားကို အကာကွယ်ယူပြီး (၂) ချက်ပြန်ပစ်၏။ ထိုလူ (၂) ဦးလည်း မြောင်းထဲဝပ်နေကြသည်။ လမ်းမပေါ်၌ အမှောင်ထုဖုံးလွှမ်းထားသဖြင့် တစ်ယောက် ကိုတစ်ယောက် သဲကွဲစွာမမြင်ရ။ သူသည် ရထားသောဒဏ်ရာကိုပင် သတိမပြုနိုင်ဘဲ ထရပ်ကားပေါ် တွယ်တက်၏။ ဒဏ်ရာမှ နာလာပြီဖြစ်၍ ကားပေါ်ရောက်အောင် ခက်ခက်ခဲခဲပင် တွယ်တက်ရသည်။

ကားပေါ်ရောက်သည်နှင့် စက်နိုး ဂီယာထိုးပြီး တအားမောင်းထွက်သွားသည်။ နာနေသော ဒဏ်ရာကို သတိမထားနိုင်တော့။ လက်တစ်ဘက်ဖြင့် ကားမောင်းသွားရ သည်။ သူ့တစ်ကိုယ်လုံးလည်း သွေးတွေ ပေကျံနေ၏။ ညဉ့်မှာ အတော်အေးနေသဖြင့် ဒဏ်ရာလည်း တဖြည်းဖြည်းနှင့် နာလာ၏။ သူ့မှာ အချက်နှစ်ချက်သာ စဉ်းစားမိသည်။ ပထမအချက်မှာ "ရစ်နီ" အရပ်သို့ အရောက် ကားမောင်းသွားရန်ဖြစ်၏။ ဒုတိယ အချက်မှာ သူ့ဇနီး မေရီယာနှင့် သွားတွေ့ရန်ဖြစ်သည်။

သို့ရာတွင် -

သူစဉ်းစားသလို ဖြစ်မလာနိုင်တော့။ ကားကို အရှိန်ပြင်းစွာ ရမောင်းလာရာ လမ်းကွေ့တစ်နေရာ ရောက်သောအခါ ပါပေါ့သည် ကားလက်ကိုင်ကို မထိန်းနိုင်တော့။ သူ့မှာ ဒဏ်ရာကြောင့် သွေးလွန်ပြီးမလှုပ်ရှားနိုင်ပေ။ ကားသည် အရှိန်လွန်ပြီး လမ်းလေးထဲ ထိုးကျကာ မှောက်သွားလေ၏။ သူ့ခန္ဓာကိုယ်လည်း ထရပ်ကားအောက် တွင် ရုပ်ပျက်ဆင်းပျက်နှင့် ပိနေလေတော့သည်။

× × ×

မစ်ချယ်ဂျန်တစ်ယောက် ဗရန်နိုဗစ်ချ်အိမ်တွင် ပုန်းလျှိုကာ တည်းခိုနေရ၏။ အိမ်သို့လူစိမ်းတစ်ယောက် ရောက်လာသဖြင့် ဗရန်နိုဗစ်ချ်မှာ ရင်တစ်ထိတ်ထိတ်နှင့် ခံစားနေရသည်။ ကေ-ဂျီ-ဘီ များ သိသွားလေမလား။ တစ်မိနစ်မျှပင် ရတက်မအေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပေ။ သည်ကြားထဲ အမေရိကန်လူမျိုးဖြစ်သော မစ်ချယ်ဂျန်၏ အပြုအမူ အနေအထိုင်တို့လည်း စိတ်အနှောင့်အယှက်ဖြစ်စရာပင်။

မစ်ချယ်ဂျန်မှာ သိုသိုသိပ်သိပ်နှင့် ပုန်းအိပ်နေရ၏။ အစားအသောက်စားသည့်အခါလည်း ခိုးချောင် ခိုးဝှက်နှင့် စားရသည်။ ဗရန်နီဗစ်ချ်က အစစအရာရာ စီစဉ် ပေးရသည်။ အစားအသောက်ကို ကရုက်ရှင် အိမ်တွင် နေထိုင်သူ အမျိုးသမီးက ချက်ကျွေး၏။ အမျိုးသမီးသည် ဘဲလ်ယာဒ်စီမံကိန်းစခန်း ဘဏ္ဍာဌာနမှ အတွင်းရေးမှူး အဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

မစ်ချယ်ဂျန်နှင့် ဗရန်နီဗစ်ချ်တို့သည် တစ်ခါတစ်ရံ စကားလက်ဆုံကျကြ၏။ မစ်ချယ်ဂျန်တစ်ယောက် မော်စကိုမြို့မှ ထွက်ခွာလာခဲ့သည့်အကြောင်းကို ဗရန်နီဗစ်ချ်က မေးမြန်း၏။ မစ်ချယ်ဂျန်ကလည်း ဟိုတယ်မှ ထွက်ခွာလာခဲ့ပြီး ကျုံးကြီးအနားတွင် ပါပေါ့က ဖင်တန်ကိုလုပ်ကြံခဲ့သည်မှအစ သူဖြတ်သန်းလာခဲ့ရသော စွန့်စားမှုအဖုံဖုံကို ပြောပြလေ၏။ သူယူဆောင်လာသော ထရန်စစ္စတာရေဒီယိုကိုလည်း သေသူနှင့် မလှမ်းမကမ်းတွင် ပစ်ချထားခဲ့ပုံလည်းပါသည်။ နောက်ဆုံးတွင် ဘဲလ်ယာဒ်လမ်းဆုံ၌ ထရပ်ကားပေါ်မှ ခုန်ဆင်းလာခဲ့သည့်အချိန် ပြောပြလေသည်။

ခုတော့ ပါပေါ့တစ်ယောက် ဘယ်ရောက်နေသနည်း။ ပါပေါ့သည် ကေ-ဂျီ-ဘီ တို့ ဖမ်းဆီးထားခဲ့လေပြီလား။ သို့မဟုတ် သူ့ဇနီး မေရီယာ ထံ ရောက်ရှိနေလေသလား။ မစ်ချယ်ဂျန် မသိရှာပေ။ ပါပေါ့၏ ကံကြမ္မာကို ဘုရားသခင်မှတစ်ပါး မည်သူမျှ မသိတော့။

သူတို့သည် ဘဲလ်ယာဒ်စခန်းတွင် တည်ဆောက်လျက်ရှိသော မစ် (၃၁) လေယာဉ်အကြောင်းလည်း ပြောဆိုဆွေးနွေးကြသည်။ နေတိုး စစ်မဟာမိတ်အဖွဲ့က 'ခိုးယားဖော့စ်' ဟု အမည်ပေးထားသော လေယာဉ်စက်ယန္တရားအကြောင်းလည်း ဗရန်နီဗစ်ချ်က မစ္စတာဂျန်အား ပြောပြ၏။ ဂျန်သည် စီအိုင်အေ ဒုတိယညွှန်ကြားရေးမှူး ဘတ်ဟိုလ်၏ စကားကို သတိရမိသည်။ ဘတ်ဟိုလ်သည် မစ် (၃၁) လေယာဉ်ယန္တရားအကြောင်း ပြောပြခဲ့ဖူး၏။ ယခု ဗရန်နီဗစ်ချ် ပြောပြသည့်အကြောင်းနှင့် တစ်ထေရာတည်း တူနေသည်ကို ဂျန် သတိပြုမိသည်။

သူသည် မစ် (၃၁) လေယာဉ်ကို ခိုးပြေးရန်အတွက် စီ-အိုင်-အေ ညွှန်ကြားရေးမှူးက သူ့အား လိုအပ်သည်တို့ကို ညွှန်ကြားပြီး လန်ဒန်သို့ ပို့ခဲ့သည်။ လန်ဒန်ရောက်သောအခါ ဗြိတိသျှ ထောက်လှမ်းရေးမှူး ကက်နက်အော်ဗရေးကလည်း လိုအပ်သည်များကို ညွှန်ကြားပြီး သူ့ကို မော်စကိုသို့ ပို့ခဲ့၏။ မော်စကိုမြို့ရှိ ဟိုတယ်ကြီးတစ်ခုတွင် တည်းခိုယင်း စွန့်စားမှုအဖုံဖုံနှင့် ပါပေါ့၏ အကူအညီဖြင့် ဘဲလ်ယာဒ်စခန်းသို့ ရောက်လာခဲ့သည်။ ဆောင်ရွက်ပေးကြသူများ၏ တာဝန်ကုန်ဆုံးလေပြီ။ သူ့ တာဝန်သာ ကျန်တော့သည်။

သူ့ တာဝန်ကား မစ် (၃၁) ကို မောင်းပြီး အမေရိကန်ပြည်သို့ ပြန်လာရန်ပင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလော။

စမဲလ်လော့စကီး သည် ဂျန် ကို ကားပေါ် ချထားပေးသည့် အချိန်မှစ၍ ဂျန်နှင့် လုံးဝအဆက်အသွယ်မလုပ်ပေ။ ဂျန်အကြောင်းကိုလည်း လုံးဝမမေး။ ယောင်လို့ပင် မပြောမိရန် အထူးသတိထား၏။ သူတို့သည် ညအခါ အလုပ်ဆင်းကြရသည်။ သူနှင့် ကရှက်ရှင်တို့နှစ်ယောက် အလုပ်အတူတူ လုပ်ရ၏။ အလုပ်လုပ်ရာ၌လည်း ဂျန် အကြောင်း မပြောမိရန် သတိထားနေ၏။ မိုးလင်း၍ အလုပ်ချိန်ပြီးဆုံးသည့်အခါမှသာ သူတို့တတွေ အလုပ်စခန်းမှ ထွက်လာကြ၏။ သူတို့အလုပ်ဆင်းသည့်အခါတွင်လည်း ကောင်း၊ အလုပ်ပြန်သည့်အခါတွင်လည်းကောင်း လုံခြုံရေးစခန်းက သူတို့ကို ရှာဖွေကြ ၏။

ကေ-ဂျီ-ဘီ တို့သည် စမဲလ်လော့စကီးကိုလည်းကောင်း၊ ကရှက်ရှင်ကို လည်းကောင်း၊ ဗရန်နိုဗစ်ချ်ကိုလည်းကောင်း မျက်ခြေမပြတ် တစ်ညလုံး စစ်ဆေးနေ မည်ဖြစ်ကြောင်း ဗရန်နိုဗစ်ချ် သိသည်။ လေယာဉ်စမ်းသပ်မပျံသန်းမီ နာရီပိုင်းအလိုတွင် သူတို့ သုံးယောက်စလုံးကို ဖမ်းဆီးမည်ဖြစ်ကြောင်းလည်း ဗရန်နိုဗစ်ချ် ယုံကြည်၏။ သို့ရာတွင် လေယာဉ်စက်တပ်ဆင်မှုအားလုံး ပြီးစီးသည်အထိ သူတို့သုံးယောက်ကို ကေ-ဂျီ-ဘီ တို့က လက်ဖျားနှင့်ပင် ထိကြလိမ့်မည်မဟုတ်ပေ။ သူတို့သုံးယောက်၏ လှုပ်ရှားမှု မှန်သမျှ လုံခြုံရေးဆိုင်ရာဝန်ထမ်းတို့က မျက်စိ ဒေါက်ထောက် ကြည့်နေကြသည်။ သူနှင့် လက်ပွန်းတတီး အလုပ်လုပ်ကြသည့် သူများကိုလည်း ကေ-ဂျီ-ဘီ တို့ စည်းရုံးထားပြီး ဖြစ်၏။ ထို့ကြောင့် မစ္စတာဂျန်တစ်ယောက် အိမ်ရောက်နေခြင်းသည် သူတို့အဖို့ အဓိက အန္တရာယ်ဖြစ်နေလေ၏။ ဂျန်၏ လုံခြုံရေးအတွက် အမြဲတမ်း သတိထားနေရသည်။ လေယာဉ်ယန္တရားပြီးမြောက်ပြီး ဒုံးလက်နက်များ တပ်ဆင်ပြီးပါက သူတို့သုံးယောက်ကို စတေးပစ်ကြမည် ဖြစ်ကြောင်း ဗရန်နိုဗစ်ချ် ယုံကြည်နေ၏။ ဂျန်ကို အခြားနေရာ၌ ဝှက်ထားခြင်းထက် ဘဲလ်ယာဒ်စခန်းတွင် ဝှက်ထားခြင်းက လုံခြုံဆုံး နေရာဖြစ်သည်။

လန်ဒန်တွင် နေထိုင်သူ အော်ဗရေးကဲ့သို့လည်းကောင်း၊ မစ်ချယ်ဂျန် ကဲ့သို့ လည်းကောင်း၊ ဗရန်နိုဗစ်ချ်သည် အနာဂတ်ဘဝကို မျှော်မှန်းတမ်းတ နေသူတစ်ဦး မဟုတ်ပေ။ သူ့အဖို့ အနာဂတ်ဘဝသည် မှောင်မှောင်နှင့် မည်းမည်းမျှသာ ဖြစ်သည်ဟု ယုံကြည်ထားသူဖြစ်သည်။ ပစ္စုပ္ပန်အချိန်သာ သူ့အဖို့ တန်ဖိုးရှိအောင် အသုံးပြုချင်၏။ အနာဂတ်ကို အိပ်မက်နေသူ တစ်ဦးမဟုတ်။ သူသည် 'မာရင်နို' အလုပ်သမား အကျဉ်း စခန်းတွင် နေထိုင်ရပုံကိုလည်း လေ့လာထား၏။ သူ့ကိုယ်သူ ဘာလုပ်နေသည်ကိုလည်း သူသိ၏။ ဤကဲ့သို့ ပြုလုပ်သဖြင့် မည်ကဲ့သို့ ပြစ်ဒဏ်မျိုး ကျခံရမည်ကိုလည်း သူသိသည်။

သူသည် သက်ဆိုင်ရာမှ အမိန့်စာ ရရှိသည်။ သီဝရီအရ မှန်ကန်မှုကောက် ချက်ချထားသော လက်နက်ထုတ်လုပ်ရေးလုပ်ငန်းကို လက်တွေ့အကောင်အထည်ဖော် ရန် သူ့အား တာဝန်ပေးခဲ့သည်။ သူတာဝန်ယူရမည့် လက်နက်မှာ ပိုင်းလော့က စဉ်းစား ပြီး အာရုံပြုလိုက်သည်နှင့် အလိုအလျောက်ပစ်မှတ်ကို ထိအောင် ပစ်ခတ်နိုင်သည့် လက်နက်ပင်ဖြစ်သည်။ သူ၏ စွမ်းဆောင်နိုင်သည့် အရည်အချင်းကို ကေ-ဂျီ-ဘီ တို့

www.burmeseclassic.com



သည်။ ဗရန်နိုဗစ်ချ်မှာ တာဝန်များထမ်းဆောင်နေရသော်လည်း လူ့ဘဝတွင် ပျော်ရွှင်မှုမြေ့ခြင်း လုံးဝမရှိပေ။

"ဘယ့်နဲ့လဲမိတ်ဆွေ၊ ကျုပ်တို့အစီအစဉ် ခင်ဗျားဘယ်လိုမြင်သလဲ"

သူတို့အဖို့ ကရှက်ရှင်၏ ဧည့်ခန်းတွင်ထိုင်ယင်း စကားစမြည်းပြော ဆိုနေကြ၏။ အခန်းမှာ သေးငယ်သော်လည်း သပ်သပ်ယပ်ယပ်ပင်။ အိမ်ခန်းထဲ၌ သူတို့သာရှိကြ၏။ အိမ်ရှင် ကရှက်ရှင် မရှိပေ။ သူလည်း လွတ်ရာကျွတ်ရာ လုံခြုံရေးအတွက် ရှောင်တိမ်းနေရ၏။ ၎င်းပြင် တယ်လီဗီရှင်းတွင် အသံသွင်းရန်အတွက် အီလက်ထရွန်းစ် ပါရဂူများနှင့်အတူ ကရှက်ရှင်က အလုပ်လုပ်ရသည်။ ယင်းကြောင့်လည်း အိမ်ထဲမရှိဘဲ အလုပ်သို့ သွားနေရ၏။

"လွန်ခဲ့တဲ့ (၂) နှစ်လောက်တုန်းက မစ် (၂၁) လေယာဉ်ကို ကျုပ်တို့ စမ်းသပ်မောင်းနှင်ခဲ့ရတယ်။ ခုတော့ ကျုပ်တို့ဟာ မစ် (၃၁) လေယာဉ်ကို စမ်းသပ်ရမှာပဲ။ အခုမယ့် အောင်မြင်ဖို့ ရှိပါတယ်"

တစ်ခေါင်းလုံး ဆံပင်များ ဖြူဖွေးပြီး ဆိတ်ချိုကဲ့သို့ မုတ်ဆိတ်ပိုင်ရှင် ဗရန်နိုဗစ်ချ်က သူဆောင်ရွက်ခဲ့ဖူးသည့် အကြောင်းတို့ကို ပြောပြနေ၏။ ဂျန်မှာ ဤစစ်ဆင်ရေးတွင် ယခုအခါ ဗရန်နိုဗစ်ချ်၏ အစီအစဉ်အတိုင်း လိုက်နာဆောင်ရွက် ရပေမည်။

မစ်ချယ်ဂျန်လည်း မစ် (၂၅) လေယာဉ်ကို မောင်းနှင်ခဲ့ဖူးကြောင်း။ မစ် (၂၅) တွင်ရှိသော စက်ယန္တရားအကြောင်းနှင့် ဒုံးပျံလက်နက်အနေအထား အကြောင်းတို့ကို လေ့လာသင်ကြားခဲ့ရကြောင်းကိုလည်း ဗရန်နိုဗစ်ချ်အား ပြောပြလေသည်။ ဗရန်နိုဗစ်ချ်သည် ဂျန်မရှင်းလင်းသော အချက်များ ပြောဆိုဆွေးနွေးသည်။ နောက်ဆုံးတွင် ဗရန်နိုဗစ်ချ်က ပြုံးရွှင်သော မျက်နှာထားဖြင့် မစ်ချယ်ဂျန်ကို ကြည့်ပြီး ပြောလိုက်လေသည်။

"အခုလို လေ့ကျင့်ပျံသန်းခဲ့ဖူးတယ်ဆိုယင် စိတ်ချရပါပြီ"

ဗရန်နိုဗစ်ချ်သည် ဆေးတံသောက်ယင်းနှင့် ပြောဆိုဆွေးနွေးကြသည်။ သူတို့သည် တက္ကသိုလ်ခန်းမတစ်ခုတွင် ဆွေးနွေးကြသလိုပင်။ အမှန်စင်စစ် လေယာဉ်တည်ဆောက်ရေးတွင် ဗရန်နိုဗစ်ချ်မှာ အနှစ် (၄၀) မျှ အတွေ့အကြုံရှိသူတစ်ဦးဖြစ်သည်။ မစ်ချယ်ဂျန်လည်း ခေါင်းတညိတ်ညိတ်နှင့် ပြောဆိုနေ၏။ ထိုနောက် မစ်ချယ်ဂျန်က ဆိတ်ချိုကဲ့သို့ ချွန်ထက်နေသော ဗရန်နိုဗစ်ချ်၏ မုတ်ဆိတ်မွေးကို ကြည့်ယင်း ပြောလိုက်လေသည်။

"လေယာဉ်မောင်းနှင်ရေးတော့ ဟုတ်ပါပြီ။ အဲဒီလေယာဉ်မှာ တပ်ဆင်ထားတဲ့ ဆောင်ကနေ ဝေဟင်ပစ်ဒုံးပျံအကြောင်း၊ ဝေဟင်ကနေ မြေပြင်ပစ် ဒုံးပျံအကြောင်းလည်း ပြောပြပါအုံး၊ အဲဒီအကြောင်းတွေ ကျွန်တော်သိထားဖို့ လိုတာပေါ့"

ဗရန်နိုဗစ်ချ်သည် မစ်ချယ်ဂျန်ကို ကြည့်ကာ ပြုံးနေမိ၏။ ဟုတ်ပါပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျန်အနေဖြင့် မေးရပေမည်။ လေယာဉ်ပေါ်ရောက်ပြီးမှ တပ်ဆင်ထားသော ဒုံး လက်နက်များကို ပစ်ခတ်တတ်ရန် လိုအပ်ပေသည်။

"ဟုတ်တာပေါ့ မစ္စတာဂျန်။ လေယာဉ်ပေါ်မှာ တပ်ဆင်ထားတဲ့ လက်န ယန္တရားအကြောင်းကို ပြောပြဖို့လိုတာပေါ့။ ဒါပေမယ့် အဲဒီ အစိတ်အပိုင်းကတေ ကျုပ် တိုက်ရိုက်လုပ်ဆောင်ရတဲ့အပိုင်းတော့ မဟုတ်ဘူး။ ကျုပ်တာဝန်ကတော အီလက်ထရွန်းနစ်နဲ့ သက်ဆိုင်တဲ့အစိတ်အပိုင်းတွေပဲ"

ဗရန်နိုဗစ်ချ်သည် ပြောယင်း ဆေးတံထုတ်ပြီး ဆေးထည့်ကာ မီးညှိသောက်ေ ၏။ ပြီးတော့မှ ပါးစပ်မှ ဆေးတံပြန်ချကာ မစ်ချယ်ဂျန်ကို ကြည့်ပြီး ပြောကြားပြန်၏

"လေယာဉ်မှာ တပ်ဆင်ထားတဲ့ ဒုံးပျံလက်နက်တွေအကြောင်းတော့ စာထဲမ ခင်ဗျားဖတ်ရမှာပဲ။ လက်တွေ့မှာလည်း စာထဲပါတဲ့အတိုင်းပဲ။ ပိုင်းလော့ရဲ့ စဉ်းစား ဟူသမျှ ပိုင်းလော့ဆောင်းတဲ့ ဦးထုပ်မှာ ကွန်ပျူတာစနစ်နဲ့ ထိမ်းချုပ်ထားတယ ပိုင်းလော့ စဉ်းစားသလို စိတ်အာရုံမှာ လှုပ်ရှားမှုမှန်သမျှ ကွန်ပျူတာယန္တရားတွေ လှုပ်ရှားတယ်။ ဒုံးပျံခလုပ်တွေလည်း ကွန်ပျူတာယန္တရားနဲ့ဆက်သွယ်ထားတေ ပိုင်းလော့က မိမိပစ်ချင်တဲ့ပစ်မှတ်ကို စဉ်းစားလိုက်တာနဲ့ စိတ်အာရုံလှုပ်ရှားလာတယ် စိတ်အာရုံလှုပ်ရှားတာနဲ့ ကွန်ပျူတာယန္တရားလည်း လှုပ်ရှားလာတယ်။ ကွန်ပျူတ လှုပ်ရှားတာနဲ့ ဒုံးခလုတ်ဟာ လှုပ်ရှားလာပြီး အလိုအလျောက် ဒုံးကျည်ထွက်တော့တာပ ပိုင်းလော့ရဲ့ စိတ်အာရုံမှာ ပေါ်လာတဲ့ ပစ်မှတ်ကို ထိမှန်တယ်"

မစ်ချယ်ဂျန်သည် စိတ်ဝင်စားစွာ ခေါင်းတစ်ညိတ်ညိတ်နှင့် နားထောင်နေ၏ ဗရန်နိုဗစ်ချ်ကပင် ဆေးတံကို တစ်ဖွာနှစ်ဖွာရှိုက်ပြီး ဆေးတံကို ပြန်ချကာ ဆက်ပြေ ပြပြန်၏။

"ယန္တရားတွေကို ပိုင်းလော့ဆောင်းတဲ့ ဦးထုပ်နဲ့ ကွန်ပျူတာစနစ်အ ဆက်သွယ် ထားရုံမကဘူး။ ရန်သူရဲ့ပစ်မှတ်တွေကိုလည်း ရေဒါစနစ်နဲ့ ရှာဖွေတယ ဒီရေဒါတွေလည်း ပိုင်းလော့ရဲ့ဦးထုပ်နဲ့ ဆက်သွယ်ထားတော့ ရေဒါစနစ်အ ရန်သူ့ပစ်မှတ်တွေ့တာနဲ့ ပိုင်းလော့အလိုအလျှောက် သိလာတယ်။ ရေဒါစနစ် ရှာဖွေတွေ့ရှိတဲ့ ပစ်မှတ်ကိုပိုင်းလော့က သိတာနဲ့ ပိုင်းလော့ရဲ့ အာရုံကပေါ်လာတဲ့ ပစ်မှ ကို ကွန်ပျူတာယန္တရားတွေက အလိုလိုလှုပ်ရှားပြီး ဒုံးကျည်လည်းပစ်မှတ်ကို မလွဲတ ပစ်တော့တာပဲ"

မစ်ချယ်ဂျန်သည် အံ့သြစွာဖြင့် ဗရန်နိုဗစ်ချ်ကို ငေးကြည့်နေမိ၏။ သူ့မှာဘ မေးရမှန်းတောင်မသိ။ အထူးအံ့အားသင့်သည်။ ဗရန်နိုဗစ်ချ်ကအံ့အားသင့်နေသေ မစ္စတာဂျန်ကို ကြည့်ပြီးပြောပြန်၏။

"ဒီမှာ မစ္စတာဂျန်၊ စိတ်မပူပါနဲ့။ ဆိုဗီယက် ပိုင်းလော့ တွေဟာရဲဘော်ချေ မသွက်လက်ပါဘူး။ မှတ်ဉာဏ်လည်းမကောင်းပါဘူး။ ပိုင်းလော့ဦးထုပ်ဆောင်းလိုက်တ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ယန္တရားတစ်ခုလုံးကို လည်ပတ်နိုင်တယ်။ ရေဒါစနစ်အရ ပစ်မှတ်ကို ရှာနိုင်တယ်။ ကွန်ပျူတာစနစ်အရ ပစ်မှတ်ကိုမလွဲတမ်းပစ်နိုင်တယ်။ ပိုင်းလော့ရဲ့ စိတ်အားကို ဦးထုပ်မှာတပ်ထားတဲ့ ယန္တရားတွေကထိန်းကွပ်တာပဲ။"

ဗရန်နိုဗစ်ချ်သည်လေယာဉ်တွင်တပ်ဆင်ထားသောလက်နက်များ အကြောင်း ကိုရှင်းပြ၏။ မစ္စတာဂျန်လည်းအံ့အားသင့်စွာဖြင့် နားထောင်နေ၏။ ဂျန်မှာ နားထောင်သည်ကိုမကျေနပ်၍ သူကိုယ်တိုင်လေယာဉ်ပျံကိုချက်ချင်းတက်မောင်းချင်တော့သည်။ ဗရန်နိုဗစ်ချ်လည်း ဆေးတံကိုဖွာနေပြန်၏။ ပြီးတော့မှ ဂျန်ကိုစိုက်ကြည့်ရင်း ပြောပြပြန်သည်။

"လေယာဉ်မှာထိန်းချုပ်ရေးခလုတ်လည်း တပ်ဆင်ထားတယ်။ ဥပမာအားဖြင့် ပိုင်လော့ဟာလေယာဉ်ကိုမောင်းရင်း စိတ်အာရုံဖောက်ပြန်ပြီးတစ်စုံတစ်ခုစဉ်းစားမိရင် လေယာဉ်ကြီးမပေါက်ကွဲအောင် မကောင်းတဲ့စိတ်အာရုံကို တားဆီးပိတ်ဆို့တဲ့ ခလုတ်ရှိတယ်။ အာရုံဟာမကောင်းတာစဉ်းစားမိတာနဲ့ အဲ့ဒီခလုတ်လည်း အလိုအလျောက်ပိတ်သွားတာပဲ။ ဒါမှလေယာဉ်ဟာမပေါက်ကွဲတော့မှာပေါ့။"

ဗရန်နိုဗစ်ချ်သည် ခေတ္တရပ်နေ၏။ လေယာဉ်နှင့်ပတ်သက်၍ ယန္တရားတစ်ခုလုံးအကြောင်းကိုအကျဉ်းချုံးပြီး ပြောပြခဲ့သည်။ ခုတော့ မစ္စတာဂျန်သိသင့်သိထိုက်တာကို ပြောပြပြီးဖြစ်၍သူကျေနပ်နေမိ၏။ ပြီးတော့ မစ္စတာဂျန်ကိုပင်မကြည့်ပဲပြောနေပြန်၏။

"လက်နက်ယန္တရားတွေရဲ့ အရေးပါပုံအကြောင်းကတော့ ခင်ဗျာတို့အစိုးရ သိပါတယ်။ ယုတ္တိဗေဒသဘောအရ လက်နက်အပြိုင်တပ်ဆင်ရေးမှာ ရှေ့တစ်လှမ်းတိုးသွားတာပဲ။ ဒီလောကမှာ မဖြစ်နိုင်တာ ဘာတစ်ခုမရှိဘူး။ လူစိတ်ကူးရသမျှတော့ အားလုံးတီထွင်စမ်းသပ်လို့ရတယ်။ ကျုပ်အနေနဲ့ ခင်ဗျာတို့အစိုးရကို အများကြီးပြောပြချင်တယ်။ ဒါပေမယ့် ကျုပ်ကတော့ ရုရှားပြည်ကနေထွက်လို့ မရဘူး။ အဲဒါအခက်ဆုံးပဲ။ အမ်-အိုင်-ဂျီ ခိုးဖို့ကတော့ လွယ်ပါတယ်။ ကျုပ်တို့ပြည်ပရောက်အောင် လုပ်ဖို့ကတော့ မလွယ်ဘူး။"

ဗရန်နိုဗစ်ချ်သည် ဆေးတံမှဆေးချေးများ ကလော်ထုတ်ကာ တုတ်ချောင်းဖြင့် ဆေးတံထဲထိုးထည့်နေ၏။ ၎င်းနောက်ဆေးများ ပြန်ထည့်သည်။ မီးမညှိသေးဘဲ ဆေးတံကိုကိုင်ထားရင်း ဆက်ပြောပြန်သည်။

"အမေရိကန်ပြည်ထောင်စုအနေနဲ့ ဆိုဗီယက်တို့ရဲ့ လေယာဉ်တစ်စင်းမရဘဲနဲ့ ဒီလိုအဆင့်တန်းမီ လိုက်လုပ်ဖို့မလွယ်ဘူး။ သုတေသနပြုလုပ်ရဦးမယ်။ စမ်းသပ်ရဦးမယ်။ အချိန်တွေအများကြီးကုန်ပြီး ငွေကြေးလည်း အများကြီးကုန်ဦးမှာပဲ။ ဒါကြောင့် ကျုပ်ကိုအမေရိကန်တို့ မရနိုင်ရင်း အမ်- အိုင်- ဂျီ တစ်စင်းတော့ ရအောင်လုပ်ပေးရမှာပဲ။ အခု သုတေသနပြုလုပ်ထားတဲ့ နည်းတွေဟာ ရှေ့ဆက်အများကြီး တည်ဆောက်လို့ ရသေးတယ်။ မစ္စတာဂျန် ခင်ဗျားကတော့ ပိုင်လော့တစ်ယောက်အနေနဲ့လည်း စိတ်ဝင်စားတယ်။ သိပ္ပံပညာရှင်တစ်ယောက်အနေနဲ့ စိတ်ဝင်စားတာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဗရန်နီဗစ်ချ်သည် မစ္စတာဂျန်ကို စိုက်ကြည့်နေ၏။ ဂျန်ကတော့ ဘာမှ မပြော။ တွေဝေနေ၏။ ဆိုဗီယက်တို့တွင် လေယာဉ်ထုတ်လုပ်ရေး၌ ဤမျှလော တိုးတက်နေသည်ကို ကြားရသောအခါ မစ္စတာဂျန်တစ်ယောက်အံ့အားသင့်နေ သည်။ ဗရန်နီဗစ်ချ်သည်မှာလည်း မကျေနပ်သောမျက်နှာထားနှင့် ခံစားချက်ပြောဆို သည်ကို ဂျန်အကဲခတ်မိသည်။ အတန်ကြာမှ မစ္စတာဂျန် မေးလိုက်၏။

"ရေဒါနဲ့ဖမ်းလို့ မရအောင်လုပ်ထားတဲ့စနစ်ကကော"

"အဲဒါလား"

"ဗရန်နီဗစ်ချ်က ခေါင်းကို တွင်တွင်ခါရမ်းနေ၏"

"အဲဒီအကြောင်းတော့မမေးနဲ့။ ကျုပ်ဘာမှမသိဘူး။ လေယာဉ်ထုတ်လုပ် စီမံကိန်းတစ်ခုလုံးမှာ အဲဒီစနစ်ဟာ လျှို့ဝှက်ဆုံးပဲ။ ကျုပ်တို့လို ဆိုဗီယက်အစိုးရ အယုံအကြည်မရှိကြတဲ့ ဂျူးတွေကိုတော့ အဲဒီ ရေဒါပြုလုပ်တဲ့လုပ်ငန်းမှာ လုံးဝအ မပြုဘူး"

မစ္စတာဂျန်က ခေါင်းတစ်ညိတ်ညိတ်နှင့် နားထောင်ယင်း မေးလိုက်လေသည်

"ကျွန်တော်ကြားဖူးသလောက်တော့ ရေဒါဖမ်းလို့မရအောင် ထိန်းချုပ် ခလုတ် လုပ်ထားတယ်လို့ပြောတယ်။ လေယာဉ်ပျံသွားယင်းနဲ့ ရန်သူနယ်မြေ ရေဒါစခ ရှိတဲ့ဒေသရောက်တဲ့အခါ မြေပြင်မှာရှိတဲ့ ရေဒါဖမ်းလို့မရအောင် ခလုတ်ပိတ်ထား စနစ်လုပ်ထားတယ်လို့ ပြောသံကြားရတယ်။ အဲဒါတကယ်ပဲလား"

ဗရန်နီဗစ်ချ်သည် ဘာမှမပြောဘဲ စဉ်းစားနေ၏။ ဆေးတံကိုသာ ရှိုက်နေ သည်။ ပြီးတော့မှ -

"မဟုတ်ဘူး"

ခေါင်းတွင်တွင်ခါယင်းပြောလိုက်၏။ ထို့နောက် ပါးစပ်မှ ဆေးတံကို ယူလိုက် ပြီး လက်မနှင့်လက်ညှိုးဖြင့် နှာခေါင်းပွတ်သပ်၏။ ပြီးတော့ မျက်လုံးမှာကြုတ်ကာ ပြော ကြားလေသည်။

"ကျုပ်ကြားရတဲ့ သတင်းအရဆိုယင်တော့ ရေဒါဖမ်းလို့မရအောင် ပြုလုပ်တဲ့ အရာဟာ စက်ယန္တရားမဟုတ်ပါဘူး။ သတင်းဆိုတာ မှန်မှလည်း မှန်မှာပေါ့လေ ကျုပ်လည်း ဒီကိစ္စကို မကြာခဏ စဉ်းစားနေပါတယ်။ ခန်းမှာတော့ ဒီကိစ္စနဲ့ပတ်သက် ပြီး ထိပ်တန်းလျှို့ဝှက်အဖြစ် ဆိုဗီယက်တို့ လျှို့ဝှက်ထားတယ်"

"စက်ယန္တရားမဟုတ်ယင် ဘာနဲ့လုပ်ရမှာလဲ"

"စက်ယန္တရားနဲ့တော့ မဟုတ်ဘူး။ ကျုပ်ကြားရသလောက်တော့ လေယာဉ် ကိုယ်ထည်ကို သားရေတစ်မျိုးမျိုးနဲ့ ဖုံးထားတယ်။ ဒါမှမဟုတ် ဆွဲငင်အားရှိတဲ့ ဆေး



www.burmeseclassic.com

www.burmeseclassic.com



...မျိုးမျိုး သုတ်ထားတယ်။ ဒါမှမဟုတ် ဆွဲငင်အားနည်းတဲ့ သတ္တုတစ်မျိုးမျိုးနဲ့ လေယာဉ်...ထည်ကို လုပ်ထားတယ်။ အမေရိကန်မှာလည်း ရေဒါဖမ်းလို့မရအောင် တီထွင်...ယ်မဟုတ်လား။ အမေရိကန်တွေ တီထွင်တဲ့စနစ်အားလုံး ကျုပ်တို့သိပါတယ်။ ...မေရိကန်တို့ရဲ့ လုံခြုံရေးစနစ်ဟာ လုံခြုံမှုရှိတယ်လို့ ပင်တဂွန်က ထင်နေပေမယ့် ...မေရိကန်တွေ တီထွင်သမျှ ကျုပ်တို့အားလုံးသိတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ ကျုပ်ပြော...ပါပဲ။ ရေဒါဖမ်းလို့မရအောင် လုပ်ထားတဲ့ စနစ်ကတော့ လေယာဉ်ကိုယ်ထည်ကိုပဲ ...င်အားမရှိတဲ့ သတ္တု၊ ဒါမှမဟုတ် ပစ္စည်းတစ်ချို့နဲ့ ဖုံးအုပ်ထားတယ်။ မြေပြင်ကလာတဲ့ ...ါလှိုင်းဟာ ပြန်လည်တုံ့ပြန်ခြင်းမရှိဘဲ ရေဒါဒိုင်ခွက်မှာ မပေါ်တော့ဘူး။ မြေပြင်က ... တက်လာတဲ့ ရေဒါလှိုင်းကို ခြေဖျက်နိုင်တဲ့ ကိရိယာဟာ ဘာလည်းဆိုတော့ ...လည်း မသိသေးဘူး။ ဒါပေမယ့် အားမလျှော့ပါနဲ့။ ရေဒါလှိုင်း တွန်းကန်လွှဲပြောင်း ...ကိရိယာဟာ ဘဲလ်ယာဒ် စခန်းမှာပဲ လုပ်နေတာမဟုတ်ပါဘူး။ တခြားစခန်းတွေမှာ ... ပြုလုပ်နေတယ်။ မကြာခင် သိရမှာပဲ"

သူတို့နှစ်ယောက်ဘာမှမပြောဘဲ တိတ်ဆိတ်နေကြသည်။ အတန်ကြာတော့ ... မစ်ချယ်ဂျန်က မေးလိုက်ပြန်သည်။

"ဒါနဲ့နေစမ်းပါဦး ခင်ဗျား။ ကျွန်တော့်ကိုဘယ်တော့ လေယာဉ်ပေါ် တင်ပေး...လဲ၊ အချိန်ဆွဲနေလို့ မဖြစ်ဘူးနော်"

"အချိန်တိတိကျကျ ပြောလို့မရဘူး။ လုံခြုံရေးကလဲ အယင်ကနဲ့မတူဘူး။ပို...င်းကြပ်လာတယ်။ မနက်ဖြန်ဆိုယင် ထိပ်တန်းအစိုးရအရာရှိကြီးတွေ ဒီစခန်းကို ...ကြမယ်။လုပ်ငန်းအခြေအနေကိုလာကြည့်ကြတာပဲ။အဲ့ဒီအကြောင်းရယ်၊ ပြီးတော့ ...ကိုရယ်၊ ကရုက်ရှင်ရယ်၊ စမဲလ်လော့စကီးရယ်၊ ဒီသုံးယောက်ကိုလည်း လုံခြုံရေး ...မျက်ခြေ အပြတ်မခံဘူး။အမြဲတန်း စစ်ဆေးနေတယ်။ ပြီးတော့ မနေ့ကပဲ တပ်မ...ော် ထောက်လှမ်းရေးက ရဲဘော် (၁၀၀) လောက် ရောက်လာတယ်။ အဲဒီ ရဲဘော်...လဲ ဒီမှာရှိတဲ့စခန်းလုံခြုံရေးတာဝန်ခံ ကေ-ဂျီ-ဘီ အကြီးအကဲကပဲကြီးကြပ်ကွပ်ကဲ...ယ်။ ဒါကြောင့် ခင်ဗျားကို လေယာဉ်ပေါ် တင်ပေးဖို့ဆိုတာ အချိန်သတ်မှတ်လို့မရဘူး ...ထမအဆင့်အနေနဲ့ ခင်ဗျားကို လေယာဉ်ရုံထဲ ရောက်အောင်ကြံဆောင်ရမယ်"

ဗရန်နိုဗစ်ချ်သည် ဆက်မပြောသေးပဲ မစ္စတာဂျန်ကို ကြည့်နေ၏။ပြီးတော့ ...ဆေးတံမီးညှိကာ မျက်နှာထား စောင်းငဲ့ယင်း ဆက်ပြောပြန်၏။

"လောလောဆယ် အရေးကြီးတာက ခင်ဗျားဆံပင်တွေ တိုပစ်ဖို့လိုတယ်။ ဒါမှ ...င်းလော့ ဦးထုပ်မှာရှိတဲ့ ယန္တရားတွေဟာ ချောမွေ့စွာလည်ပတ်နိုင်မယ်"

မစ်ချယ်ဂျန်က ဘာမှပြန်မပြော။ ပခုံးသာတွန့်ပြလိုက်၏။ မည်သို့ပင်အကြံပေး ...ပြောကြားသော်လည်းဂျန်ကတော့ ဘာမှပြန်မပြော။ လေယာဉ်မောင်းသည့်စနစ်နှင့် ပတ်...သက်၍ စီ-အိုင်-အေ အကြီးအကဲ ဘတ်ဟိုလ်ကသူ့အား သင်တန်းပေးထားခဲ့လေပြီ။ ...လေယာဉ် ခိုးရန်အတွက် စေလွှတ်ခဲ့သော ထောက်လှမ်းရေး တယောက်ကို လေယာဉ်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပတ်သတ်ပြီးအမျိုးမျိုးသင်တန်း ပေးခဲ့ပြီးဖြစ်သည်။ ဤကိစ္စနှင့်ပတ်သတ်၍ မစ်ချယ် ဂျန်မမှုပေ။ သူ အနေနှင့် မစ္စတာအော်တွန်အဖြစ် သရုပ်ဆောင်ခဲ့ပြီးဖြစ်၏။ ကလေ ဇူးနော့ အနေနှင့်လည်း သရုပ်ဆောင် ခဲ့ရသည်။ ခုတော့ မစ်ချယ်ဂျန်သာဖြစ်နေ ဂျန်အနေနှင့် လေယာဉ်ပေါ် တက်ရရေးသာအဓိကဖြစ်သည်။

မစ္စတာဂျန်သည် လက်ထဲဆေးတံပွတ်သပ်နေသော ဗရန်နီုဗစ်ချ်အားကြည့် ပြီး မေးလိုက်လေသည်။

"နေစမ်းပါအုံး ၊ ကျွန်တော်ဘယ်လမ်းက သွားရမှာလဲ။ လေယာဉ်ရုံတည်ရှိတ နေရာကိုလဲ ပြောပြထားပါဦး"

ဗရန်နုဗစ်ချ်လည်း ဂျန်ကို လှမ်းကြည့်လိုက်၏။ ပြီးတော့မှ ခေါင်းတညိတ်ညိတ် နှင့် မတ်တတ်ထလာပြီး အခန်းထောင့်တွင် လိပ်ပြီးထောင်ထားသောမြေပုံလိပ် တလိ ယူလာ၏။ မြေပုံလိပ်ကို ထမင်းစား စားပွဲပေါ်ဖြန့်ချလိုက်သည်။

ဗရန်နီုဗစ်ချ်သည် ခဲတံတချောင်းဖြင့် ဘဲလ်ယာဒ်၏ နယ်နိမိတ် ကိုထောက် ကာ မစ်ချယ်ဂျန်အား ပြလိုက်သည်။

"အခု တို့ ဒီ နေရာမှာရှိတယ်။ လူနေရပ်ကွက်အနေ နဲ့ဆိုယင် အလယ်ဗဟို လောက်မှာပဲ။ စက်မှုပညာရှင်ရော၊ သိပ္ပံပညာရှင်ပါ တခြားအလုပ်သမားတွေနဲ့အတူ ဂိတ်တံခါးကိုစုရုံးပြီး ဝင်သွားကြရတယ်"

ဗရန်နီုဗစ်ချ် ထောက်ထားသော ခဲတံသည် ယင်းတို့ တည်ရှိသည့်နေရာမှဂိတ် သို့ ရောက်သည့်အထိ လမ်းတလျှောက် လျှောက်သွားရသည့်လမ်းကြောင်းကို ခဲတံဖြင့် ညွှန်ပြသွားလေ၏။ ထိုနောက် သူ့ ခဲတံသည်အနီပြထားသော နေရာသို့ရောက်သောအခါ ရပ်သွားသည်။

ဒီမှာကြည့်။ ဒါလဲ ဝင်းခတ်ထားတဲ့ နေရာပဲ။ ဒီနေရာမှာဆိုယင်လျှပ်စစ်ဓာတ် အားတွေ လွှတ်ထားတယ်။ လုံခြုံရေးတပ်သားတွေလဲ နာရီမလပ် စောင့်ကြပ်နေကြတယ်"

ဗရန်နီုဗစ်ချ်၏ခဲတံသည် ထောက်ပြယင်းရပ်သွားပြန်၏။ သူထောက်ပြီး ရပ်နေ သည့် နေရာမှာခဲတံနီနှင့် ပြထားသည့် နောက်နေရာ တနေရာဖြစ်သည်။ ပြီတော့မှ

"ဒီနေရာကြည့်ပါ။ ဒါဟာလမ်းခွဲနေရာပဲ။ သာမန်အလုပ်သမားတွေစက်မှု ပညာရှင်တွေ၊ သိပ္ပံပညာရှင်တွေဆိုယင် ဒီလမ်းအတိုင်း ဝင်ရတယ်။ အဲ အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေ၊ ပိုင်းလော့တွေဆိုယင် ဒီဘက်လမ်းကို ဝင်ရတယ်။ ခင်ဗျားဟာ အဲဒီပိုင်းလော့ တွေ-ဝင်တဲ့လမ်းဘက်ကိုဝင်ရမယ်"

"ဘုရားရေ ကျွန်တော်ဒီလမ်းဝင်ရမယ် ဟုတ်လား။ အဲဒီလမ်းထဲမှာ အ စောင့်တွေမရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဗရန်နိုဗစ်ချ်က ဘာမှပြန်မပြောပဲ ပြုံးနေမိ၏။

"အစောင့်တွေ အကြောင်းတော့ မပူပါနဲ့။ ကျုပ်ရှိသားပဲ။ ပြီးတော့တခြားရဲ ဘော်တွေလဲ ရှိပါသေးတယ်။ ခင်ဗျားကို အကူအညီပေးပါ့မယ်"

ဗရန်နိုဗစ်ချ်သည် ဆေးတံကိုသာ သောက်နေပြန်၏။ မစ်ချယ်ဂျန်ကတော့ ဆောင်ရွက်ရမည့် လုပ်ငန်းကိုသာ စိတ်စောနေမိသည်။ သူ့အနေနှင့်အခုချက်ခြင်းပင် လေယာဉ် ပေါ် တက်ပြီး မောင်းပြေး ချင်တော့သည်။ထိုနောက် ဗရန်နိုဗစ်ချ်က မစ်ချယ် ဂျန်အား ကြည့်ပြီးမေးလိုက်၏။

"ခင်ဗျား ဆေးလိပ်သောက်တယ် မဟုတ်လား"

"မသောက်ပါဘူးခင်ဗျား။ မသောက်ပါဘူး"

ဗရန်နိုဗစ်ချ်လည်း ဆေးလိပ်ယူပေးရန် ပြင်ဆင်လိုက်သေး၏။သို့ရာတွင် မစ် ချယ်ဂျန်က မသောက်ကြောင်း ပြောလိုက်သဖြင့် ပြန်ထိုင်ချပြီး ဖြန့်ထားသော မြေပုံကို ကြည့်ပြီး ခဲတံနှင့် ထောက်ထားယင်း ပြောကြားပြန်၏။

"ဒီဂိတ်ကနေပြီး ဒီဘက်ကို ရောက်လာအောင် ခင်ဗျားလျှောက်လာရမယ်။ သူတို့နန်းကြိုး ခတ်ထားတဲ့အတိုင်းပဲ လျှောက်လာရမယ်"

ဗရန်နိုဗစ်ချ်သည် လျှောက်ရမည့် လမ်းကြောင်းကို ခဲတံဖြင့်ဆွဲပြသည်။ပြီးတော့ ဆက်ပြောသည်။

"ဒီအဆောက်အအုံဟာ လေယာဉ်ရုံပဲ။ လေယာဉ်ရော၊ လေယာဉ်နဲ့ပတ်သတ် တဲ့ ယန္တရားတွေဟာ ဒီနေရာမှာပဲ သိုလှောင်ထားတယ်။ တို့တော့ ဒီအထဲမှာပဲ ညလုံး ပေါက် အလုပ်လုပ်ရတာပေါ့။ လေယာဉ်ယန္တရားတွေတပ်ဆင်ရတယ်။ ဒီရုံကြီးရဲ့ ညာ ဘက်အစွန်းက အဆောက်အအုံငယ်ဟာ လုံခြုံရေးစခန်းပဲ။ အဲဒါနဲ့တွဲနေတဲ့ အဆောက် အအုံငယ်ဟာ ပိုင်းလော့အဆောင်ပဲ။ မြင်တယ်မဟုတ်လား"

ဂျန်ကခေါင်းညိတ်ပြ၏။

"ကောင်းပြီ။ ခင်ဗျားအပေါ်ထပ်ကို တက်သွားရမယ်"

ဗရန်နိုဗစ်ချ်၏ခဲတံသည် အဆောက်အအုံ အပေါ်ထပ်သို့ညွှန်ပြပြီးအခန်းနေ ရာကို ထောက်ထားလေ၏။

"အဲဒီ အပေါ်ထပ်ကနေ ကော်ရက်တာဘက် လျှောက်လာပြီး ခန်းမထဲဝင်လာ ရမယ်။ တခြားအဆောက်အအုံတွေကတော့ ဓာတ်ခွဲခန်းတွေ၊ လေဖိနှိပ်အား စမ်းသပ်တဲ့ အခန်းတွေ။ တိမ်လွှာတိုင်းတာတဲ့ အခန်းတွေပေါ့လေ။ အခန်းတွေကတော့ အစုံပေါ့။ ခင်ဗျားအနေနဲ့ကတော့ အဲ့ဒီအခန်းတွေထဲဝင်မနေနဲ့။ ပိုင်းလော့ခန်းကိုပဲ တခါထဲဆက် သွားပါ။ လေတပ်မတော်က ဒုတိယဗိုလ်မှူးကြီး ယူရီးဇော်ဝဲစတော့ဟာ လေယာဉ်မပျံသန်းမီ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာမယ်။ အဲဒီအချိန်ဆိုယင် ခင်ဗျားအနေနဲ့အဆင်သင့်ဖြစ်ရမယ်"

"တခြားပိုင်းလော့တွေကော ရှိသေးလား။ ကျွန်တော့် အနေနဲ့ အဲဒီမှာဘယ်လောက် ကြာကြာနေ နေရမှာလဲ"

ဇရန်နီဗစ်ချ်က ကလေးတယောက်ကို ရှင်းပြသကဲ့သို့ စိတ်ရှည်လက်ရှည်ရှင်းပြပြန်၏။

အဲဒီအခန်းထဲရောက်တာနဲ့ ထင်ထင်ပေါ်ပေါ် မနေရဘူး။ ပုန်းကွယ်တဲ့သဘောနဲ့ နေရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားဟာ လူသစ်လိုဖြစ်နေတယ်။ယူရီးဗေါ်စတော့နဲ့ မျက်နှာမတန်းမိသေးဘူး။ ဒီတော့ ဗေါ်စတော့ဟာ ခင်ဗျားဆီလာပြီး လက်ဆွဲလား နှုတ်ဆက်လား လုပ်လိမ့်မယ်"

"အဲဒီအခန်းထဲမှာ ဘယ်လောက်ကြာလဲ"

"တော်တော်ကြာပါတယ်၊ တစ်နာရီ၊နှစ်နာရီကြာတက်ပါတယ်။ ဒါပေမယ့် အကောင်းဆုံးကတော့ခင်ဗျားဟာ ပိုင်းလော့အဝတ်အစားတွေဝတ်နေရမယ်။ ပိုင်းလော့ဦးထုပ်ကို ဆောင်းထားရမယ်။ ဒါမှ ခင်ဗျားရဲ့ပကတိရုပ်အခြေအနေ မသိရတော့ဘူး။ လက်နက်တပ်ဆင်တဲ့ ကျုပ်တို့အလုပ် လုပ်တဲ့ဌာနစိတ်ကလဲ ပိုင်းလော့တွေဟာအဝတ်အစားလဲ ဦးထုပ်ဆောင်းထားပြီးယင် ဓက်ခွဲခန်းကိုလာဖို့ မေတ္တာရပ်ခံတာပါပဲ။ ပိုင်းလော့အဝတ်အစားဝတ်ထားရင် ခင်ဗျားဟာ သူစိမ်းတယောက်လို ဖြစ်မနေတော့ဘူး"

ဇရန်နီဗစ်ချ်က စိတ်ရှည်လက်ရှည်ပင် ရှင်းပြ၏။ ဂျန်ကတော့ခေါင်းတညိတ်ညိတ်နှင့်သာ နားထောင်နေသည်။ ဇရန်နီဗစ်ချ် ရှင်းပြပြီးသောအခါဂျန်ကသိချင်သောအချက်များမေးလေသည်။

"အဲဒီအခါဆိုယင် ညွှန်ကြားချက်တွေ ပြောသေးလား"

"ဒီကိစ္စနဲ့ ပတ်သတ်ပြီး ခင်ဗျားဘာမှ မပူပါနဲ့။ ကျုပ်မှာအလွန်သေးငယ်တဲ့ရေဒီယိုတစ်လုံးရှိတယ်။ ခင်ဗျားဘာလုပ်ရမယ်ဆိုတာ အဲဒီရေဒီယိုက ညွှန်ကြားနေမယ်။ လေယာဉ်ရှုံထဲ ရောက်လာပြီဆိုယင် ဘာမှပြောမနေနဲ့၊ တခါတည်း လေယာဉ်ပေါ် တက်သွားရမယ်။ ဘယ်သူမှလဲခင်ဗျားကို သံသယရှိကြမှမဟုတ်ဘူး"

မစ္စတာဂျန်၏မျက်လုံးများပြူးကျယ်လာ၏။ သူသည်ခေတ္တစဉ်းစားနေမိသည်။ ပြီးတော့မှ မရှင်းသောအချက်ကို မေးလိုက်ပြန်သည်။

"ကျွန်တော်က လေယာဉ်မောင်းတက်သွားပြီးယင်ခင်ဗျားမှာဘာဖြစ်ကျန်မလဲ"

သူ့အသံမှာ အေးစက်တည်ငြိမ်၏။ စိတ်ထဲမှာလည်း ရုတက်မအေးဖြစ်နေသည်မှာအမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေမေးမနေပါနဲ့။ အရေးလည်းမကြီးပါဘူး"

ဗရန်နီဗစ်ချ်ဟာ လေးနက်စွာဖြင့် ပြောလိုက်သည်။

"ခင်ဗျားမှာ ဒုက္ခဖြစ်မကျန်နေဘူးလား"

ဂျန်သည် လျှောက်ထွက်လာကာ လက်တစ်ဖက်မြှောက်တင်ထားရင်း ဗရန်နီဗစ်ချ်ကိုကြည့်ကာ ပြောလိုက်ပြန်သည်။

"လောကကြီးမှာ ခင်ဗျားလောက်မိုက်တဲ့လူ မရှိတော့ပါဘူး။ ဘာဖြစ်လို့ သတွင်းထဲ ခုန်ဆင်းချင်သလဲ။ ကျုပ်တော့ဖြင့် ခင်ဗျားလုပ်နေပုံ မြင်ရတာ နားကို လည်နိုင်တော့ဘူး"

ဗရန်နီဗစ်ချ်သည် ဘာမှပြန်မပြောဘဲ တိတ်ဆိတ်နေသည်။ တစ်စုံတစ်ခုကိုသာ စဉ်းစားနေသကဲ့သို့ပင်။ အတန်ကြာတော့မှ နာကျည်းသော မျက်နှာထားဖြင့် ပြောလိုက်လေ၏။

"ခင်ဗျားပြောနိုင်တာပေါ့ မစ္စတာဂျန်။ ခင်ဗျားဟာ အမေရိကန်တစ်ယောက်ပဲ။ ခင်ဗျားမှာ လွတ်လပ်မှုရှိတယ်။ ကျုပ်မှာ မလွတ်လပ်ဘူး။ ဒါဟာ ခင်ဗျားနဲ့ ကျုပ်ရဲ့ အဓိကခြားနားချက်ပဲ။

ဗရန်နီဗစ်ချ် သည် သူ့ရှေ့တွင် ဖြန့်ထားသော မြေပုံကို ငေးကြည့်နေမိ၏။ သို့ရာတွင် သူ့အာရုံမှာ အခြားတစ်နေရာသို့ ရောက်နေသဖြင့် ဘာမှမမြင်နိုင်တော့။ မစ္စတာဂျန်လည်း သူ့ကို ကြည့်နေသည်။ ပြီးတော့မှ မစ္စတာဂျန်က စိတ်မကောင်းသည့် အနေထားနှင့် ပြောလိုက်သည်။

"ဝမ်းနည်းပါတယ်။ ဗရန်နီဗစ်ချ်"

"ကိစ္စမရှိပါဘူး။ ဘဝက်အကျိုးပေးသလိုပေါ့ဗျာ။ ဒါတွေထားလိုက်ပါတော့။ လေယာဉ်မှာ တပ်ဆင်တဲ့လက်နက်တွေအကြောင်း ဆွေးနွေးကြရအောင်။ အခု လောလောဆယ်တော့ ဝေဟင်ကနေ ဝေဟင်ပစ်ကိုပဲ ဦးစားပေး တပ်ဆင်နေတယ်။ ဝေဟင်ကနေ မြေပြင်ပစ်တဲ့ လက်နက်ကိုတော့ ဦးစားမပေးဘူး။ ဂြိုဟ်တုတွေကို ဖျက်ဆီးရေးအတွက် ရည်ရွယ်ထားတာပေါ့"

ဗရန်နီဗစ်ချ်သည် ၎င်းတာဝန်ယူ လုပ်ဆောင်နေသည့် လက်နက်တပ်ဆင်ရေး လုပ်ငန်းကို ရှင်းလင်းပြောပြနေ၏။ ထိုနောက် မစ္စတာဂျန် ထိုင်နေသည့် နေရာသို့ လျှောက်လာပြီး ဂျန်၏ ကျောကို ပုတ်ကာ ပြောလိုက်ပြန်၏။

"ကဲ ကိုယ့်လူ ဆေးလိပ်လေး ဘာလေးသောက်ထားပါ။ ပိုင်းလော့အဆောင်ထဲ ရောက်သွားတော့မှ ဆေးလိပ်သောက်ချင်လို့တော့ မရဘူးနော်"

\+ + +



www.burmeseclassic.com

www.burmeseclassic.com



မော်စကိုမြို့မှ ပြန်လာရာတွင် သူ့ခေါင်းပေါ်ရှိ ရဟတ်ယာဉ်၏ ပန်ကာသည် မမောမပန်းနိုင်ဘဲ လည်ပတ်နေ၏။ ည (၁၀) နာရီမျှ ရှိလေပြီ။ ဘဲလ်ယာဒ်စခန်း လမ်းခရီးတစ်ဝက်လောက်သာ ရောက်သေးသည်။ လသာသာနှင့် ရဟတ်ယာဉ်ပျံသန်း လာ၏။ အောက်သို့ ငုံ့ကြည့်နေသာအခါ ကြိုးတိုကျဲတဲ မီးရောင်များ ဖြာထွက်နေသော မွေးမြူရေး ကျေးရွာများ၊ စုပေါင်းလယ်ယာများကို တွေ့ရ၏။ တစ်ခါတစ်ရံ ဂေါ်ဂီနှင့် ကာဇန် လမ်းမကြီးကြား မောင်းနှင်လာသော မော်တော်ကားမီးကိုလည်း တွေ့ရလေ သည်။ ဟယ်လီကော့ပတာမှ အမ်-အိုင်-အဲလ် (၈) အမျိုးအစားဖြစ်ပြီး ထိုင်ခုံများမှာ ထိုင်ချင့်စဖွယ် ကူရှင်များဖြင့် ပြုလုပ်ထား၏။ ဟယ်လီကော့ပတာကို ပိုင်းလော့ တစ်ယောက်နှင့် အကူပိုင်းလော့ တစ်ယောက်၊ ပေါင်း (၂) ယောက် မောင်းရသည်။ ဗိုလ်မှူးကြီး ကွန်တာစကီးသည် ပိုင်းလော့နောက်တွင်ရှိသော ထိုင်ခုံ၌ ထိုင်နေ၏။ ဟယ်လီကော်ပတာမှာ လူပေါင်း (၂၈) ယောက် လိုက်ပါစီးနင်းနိုင်သည်။ သို့ရာတွင် ဟယ်လီကော့ပတာတွင် ခုံ (၄) ခုံသာ ထိုင်နေကြ၏။ ဟယ်လီကော့ပတာပေါ်၌ လူ (၄) ယောက်သာ လိုက်ပါလာသည်။ ၎င်းတို့မှာ ဗိုလ်မှူးကြီး၏ ကိုယ်ရံတော်၊ ရေဒီယို အော်ပရေတာနှင့် ဗိုလ်မှူးကြီး၏ အပါးတော်မြဲတို့ဖြစ်ကြသည်။ သူတို့ (၄) ယောက်စလုံး ကေ-ဂျီ-ဘီ တပ်ဖွဲ့ဝင်များဖြစ်ကြသည်။

ဗိုလ်မှူးကြီးမှာ အလုပ်ပင်ပန်းနေသဖြင့် အိပ်ချင်နေ၏။ ဘဲလ်ယာဒ်စခန်းနှင့် ပတ်သက်၍ သတင်းများ ရလိုရညား လိုက်လံစုံစမ်းခဲ့ရသည်။ ဂေါ်ဂီနှင့် ကာဇန် ကားလမ်းမတစ်လျှောက် ထရပ်ကားပေါ်တွင် လိုက်ပါသွားသူမှာ ကလက်ဇူးနော့ ဟုတ်မှဟုတ်ပါလေစ။ ဗရေ့ဗင်တင်ပြသော သတင်းလည်း စဉ်းစားစရာဖြစ်နေ၏။ ထရပ်ကားနောက်သို့ လိုက်ပါသွားသော ကားအခြေအနေ သိခဲ့ရပြီ။ ထို့နောက် ဘဲလ်ယာဒ်လမ်းဆုံအလွန် (၁၀) မိုင်လောက်တွင် ထရပ်ကားအောက်ပိနေသော ပါပေါ့ရဲ့ အလောင်းကိုလည်း တွေ့သည်ဟု ပြောနေပြန်၏။ သို့ရာတွင် ထရပ်ကားပေါ်၌ လိုက်ပါ သွားသောသူ၏ အရိပ်လက္ခဏာကို လုံးဝမတွေ့ရ။ ထို့ကြောင့် ထရပ်ကားပေါ် လိုက်ပါခဲ့သောသူသည် ခြေလျင်ဖြင့် ခရီးဆက်သွားနေသလား။ ဒါမှမဟုတ် ဘဲလ်ယာဒ် စခန်းသို့ တစ်ခြား သယ်ယူပို့ဆောင်ရေးအစီအစဉ်တစ်ခုဖြင့် ခရီးဆက်သွားနေသလား။ ဂိုဒေါင်စောင့်အဖိုးကြီးကိုတော့ လုံခြုံရေးရဲဘော်တွေ စစ်ဆေးခဲ့ရာ လက်စွမ်းပြကြ သောကြောင့် မျော့မျော့လေးသာ ဖြစ်နေလေ၏။ ယခုကဲ့သို့ မသေချာ မရေရာသော အဖြစ်မျိုးကို ဗိုလ်မှူးကြီး ကွန်တာစကီးက မကြိုက်။ ဒေါသထွက်နေလေသည်။

ထရပ်ကားပေါ်တွင် လိုက်ပါလာသောလူ၏ ဓာတ်ပုံကို ဘဲလ်ယာဒ်စခန်းရှိ လုံခြုံရေးဌာနသို့ ပေးပို့ထားခဲ့ပြီဖြစ်၏။ ယင်းဓာတ်ပုံရှင်ကို တွေ့သည့်နေရာတွင် ဖမ်းရန် လည်း အမိန့်ပေးထားခဲ့သည်။ သတိဝီရိယထားပြီး စောင့်ကြပ်ရန်လည်း တပ်လှန့်ထား သည်။ ထို့ကြောင့် ဘဲလ်ယာဒ်စခန်းသို့ ချက်ချင်းပြန်ပြီး အောက်ခြေသိမ်း စုံစမ်းရန် ဗိုလ်မှူးကြီး ကွန်တာစကီးက စဉ်းစားထား၏။ သူသည် ဘဲလ်ယာဒ်စခန်းသို့ အမြန် ရောက်ချင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးသည် စီးကရက်တစ်လိပ် ထုတ်သောက်ယင်း ရေဒီယိုအော်ပရေတာကို အမှတ်မထင်ကြည့်နေမိ၏။ ယခုကဲ့သို့ ဗိုလ်မှူးကြီးက ကြည့်နေသဖြင့် ရေဒီယိုအော်ပရေတာမှာ စိတ်ထဲကြောက်ရွံ့ကြသည်။ ဗိုလ်မှူးကြီးက ဘာများ ဘဝင်မကျလေသနည်း။ ထိုနောက် ဗိုလ်မှူးကြီးသည် လေယာဉ်ပိုက်လော့ကို ကြည့်နေမိပြန်၏။ အမှန်ငစ်စစ် ဗိုလ်မှူးကြီး ကွန်တာစကီး၏ ရင်ထဲတွင် အေးငြိမ်းခြင်းမရှိ။ ရင်တမမနှင့် တုန်လှုပ်ချောက်ချားနေသည်။ မျက်လုံးများ ဖန်စပ်စပ်ဖြစ်နေသဖြင့် လက်နှင့် ပွတ်သပ်နေ၏။ ဤကိစ္စမပေါ်မချင်း သူ့မှာ အိပ်ချိန်ရမတော့မည် မဟုတ်ကြောင်း သူသိ၏။ ဘဲလ်ယာဒ်စခန်း၏ လုံခြုံရေးမှူး တစ်ယောက်အနေနှင့် သူ့တွင် တာဝန်ရှိသည်မဟုတ်လော။

ထိုအချိန်တွင် ပတ်စ်ပို့ အတုဖြင့် မော်စကိုသို့ ပြည်ပထောက်လှမ်းရေးတစ်ယောက်ဝင်ရောက်လာကြောင်း ဗဟိုကွန်ပျူတာမှတ်တမ်းဌာနမှ ဗရေ့ဗင်သတင်းရခဲ့သည်။ ယခုအခါ ထရပ်ကားတွင် လူပိုတစ်ယောက် ပါသွားခဲ့သည်။ ထိုသူသည် မည်သူမည်ဝါဖြစ်ကြောင်း အတိအကျ မသိရသေး။ ပြည်ပမှ ဝင်လာသောထောက်လှမ်းရေးသာ ဖြစ်ဖွယ်ရှိပြီး ယင်းထောက်လှမ်းရေးသည် ဘဲလ်ယာဒ်စခန်း မစ် (၃၁) လေယာဉ်တည်ဆောက်ရေး နေရာသို့ သွားရန် ကြံရွယ်ထားဟန်ရှိ၏။ ထရပ်ကားကို မောင်းသွားသော ပါပေါ့လည်း သေဆုံးပြီးကြောင်း သိခဲ့ရ၏။ ကားပေါ်ပါသွားသောသူသာ ပျောက်နေသည်။

ယခုကဲ့သို့ ပြည်ပထောက်လှမ်းရေး တစ်ယောက်ဝင်လာပြီး ယင်းထောက်လှမ်းရေးကို မိအောင် မဖမ်းနိုင်ခြင်းမှာ ဗိုလ်မှူးကြီး ကွန်တာစကီးအဖို့ စိတ်ထဲ မကျေမနပ်ဖြစ်နေ၏။ ပျောက်နေသူကို မည်ကဲ့သို့ ရှာဖွေရမည်နည်း။ သဲလွန်စရဖို့ပင် ခက်နေ၏။ ဗဟိုကွန်ပျူတာ ဌာနမှ မှတ်တမ်းတင်ထားသော အချက်အလက်များကိုပင် အခြေပြု၍ ဖမ်းထောက်လှမ်း ရတော့မည်။

အခြားပြဿနာတစ်ခုရှိသေး၏။ ဘဲလ်ယာဒ်စခန်းတွင် သစ္စာဖောက်နေသောသူ သုံးယောက်ရှိသေးသည်။ ယင်း လူသုံးယောက်မှာ စက်မှုအတတ် ပညာရှင်များဖြစ်ပြီး လေယာဉ်တည်ဆောက်ရေး၌ မရှိမဖြစ်သူများဖြစ်ကြ၏။ သို့ရာတွင် ထိုသူသုံးယောက်မှာ ယုံကြည်စိတ်ချရသူများ မဟုတ်တော့။ ဗိုလ်မှူးကြီး ကွန်တာစကီးအဖို့ အခက်တွေ့နေ၏။ ဤကိစ္စနှင့်ပတ်သက်၍ တစ်နေ့နေ့တွင် ကေ-ဂျီ-ဘီ ဗဟိုဌာနသို့ သူတင်ပြရန်လိုအပ်နေ၏။ ထို့ကြောင့် ဘဲလ်ယာဒ်စခန်း ရောက်သည်နှင့် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို အမိန့်ချမှတ်ရမည်။ သူ့အဖို့ အချိန်သည် အလွန် အဖိုးတန်နေတော့သည်။

\+ + +

ရဲမှူး သော်ယက်သည် မစ္စတာ အလက်ဇန္ဒားသောမတ်အော်တွန်၏ ဓာတ်ပုံကို စိစစ်လျက်ရှိ၏။ ဓာတ်ပုံများကို သူ့စားပွဲပေါ် ဖြန့်တင်ထားသည်။ တစ်ပုံပြီးတစ်ပုံ စိစစ်ကြည့်နေသည်။ ဓာတ်ပုံများ ရိုက်ကူးခဲ့သည့်နေ့စွဲ ရိုက်ကူးခဲ့သော နေရာ စသည်တို့



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း စိစစ်ကြည့်၏။ တစ်ပုံနှင့်တစ်ပုံလည်း နှိုင်းယှဉ်ကြည့်သည်။

နာရီဝက်မျှ ကြည့်ရှုစစ်ဆေးပြီးနောက် မစ္စတာအလက်ဇန္ဒားသောမတ်အော်တွန်နှင့်ပတ်သက်၍ အချက်အလက် အပြည့်အစုံရရန် သူ့ရဲဘော်များအား အမိန့်ပေးလိုက်၏။ သူသည် ကွန်ပျူတာဖြင့် မှတ်တမ်းတင်ထားခြင်းကို အယုံအကြည် မရှိပေ။

ဖိနပ်နှစ်ရံကိုလည်း သော်ယက် စိတ်ဝင်စားလျက်ရှိ၏။ ထို့ပြင် လွန်ခဲ့သော (၂) ရက်က လေဆိပ်၌ မစ္စတာ အလက်ဇန္ဒားသောမတ်အော်တွန်အား ရိုက်ကူးခဲ့သော ဓာတ်ပုံနှင့် လွန်ခဲ့သည့် (၁၈) လလောက်က မော်စကိုမြို့ တစ်နေရာတွင် ရိုက်ကူးခဲ့သော ဓာတ်ပုံတို့ကို ယှဉ်တွဲ စစ်ဆေး၏။ ဓာတ်ပုံများကို ထောက်လှမ်းရေးမှူးများက ရိုက်ကူးခဲ့၏။ တစ်ဦးတစ်ယောက်တည်း ရိုက်ကူးထားခြင်း မဟုတ်ပေ။ သော်ယက်သည် မစ္စတာအော်တွန်နှင့် ပတ်သက်ပြီး အထူးစိတ်ဝင်စားနေသည်။ သူသည် ဓာတ်ပုံ (၂) ပုံကိုယူပြီး သူ့လက်ထောက်များ ဖြစ်ကြသော ဖီလီပေါ့တို့အား ကမ်းပေးလိုက်သည်။

"ကြည့်စမ်းပါဦး၊ ဒီပုံ (၂) ပုံဟာ ဘာထူးခြားချက်ရှိသလဲ"

ဟိုလိုကော့က ဓာတ်ပုံကို လှမ်းယူလိုက်၏။ ဖီလီပေါ့မှာ ကိုယ်ကို စောင်းငဲ့ပြီး လှမ်းကြည့်လိုက်သည်။ ဝဝဖိုင့်ဖိုင့် လုံ့ခြုံရေးမှူး ဟိုလိုကော့သည် ဓာတ်ပုံကို သေချာစွာ စစ်ဆေးကြည့်နေ၏။ အတန်ကြာတော့မှ ခေါင်းခါယမ်းယင်း 'ရဲမှူးကြီး ခင်ဗျား၊ ကျွန်တော်က ဘာကို ထင်မြင်ချက်ပေးရမှာလည်း' ဟု မေးလိုက်လေ၏။

ရဲမှူး သော်ယက် ပြုံးနေမိ၏။

"ဓာတ်ပုံ (၂) ပုံကို သေသေချာချာကြည့်ပါဦး ရဲဘော်ကြီးရ၊ ဓာတ်ပုံ (၂) ပုံဟာ မတူဘူးလို့ထင်တယ်"

ဟိုလိုကော့သည် ဖီလီပေါ့အား ကြည့်ပြီး ဓာတ်ပုံ (၂) ပုံကို ကမ်းပေးလိုက်၏။ ပြီးတော့ . . .

"ကြည့်စမ်းပါဦး၊ လူတစ်ယောက်တည်းလား"

ဖီလီပေါ့လည်း ဓာတ်ပုံကို ယူလိုက်ပြီး သေချာစွာ စစ်ဆေးကြည့်နေ၏။ ထို့နောက် -

"ကျွန်တော်လည်း အတိအကျမပြောနိုင်ဘူး။ ဓာတ်ပုံအနေအထားကြည့်ရတာတော့ လူတစ်ယောက်တည်းတော့ မဖြစ်နိုင်ဘူး"

"ဟုတ်တယ် ခင်ဗျားပြောတာ ဟုတ်တယ်။ ဘယ့်နဲ့လည်း ရဲဘော် ဟိုလိုကော့၊ ခင်ဗျားအမြင်လည်း ဒီအတိုင်းပဲ မဟုတ်လား"

"ကြည့်ရတာတော့ လူတစ်ယောက်တည်းတော့မဟုတ်ဘူး။ ဒါပေမယ့် ဒီနှစ်ယောက်အနက်တော့ ဘယ်သူဟာသေလို့ ဘယ်သူအသက်ရှင်နေတယ်ဆိုတာ ဘယ့်နဲ့



www.burmeseclassic.com

www.burmeseclassic.com



...မှာလည်း"

"ဟုတ်တယ်။ သူတို့နှစ်ယောက်သိပ်တူတော့ ဘယ်သူက သေလို့ ဘယ်သူ ...အသက်ရှင်နေတယ်ဆိုတာ ပြောရခက်တယ်"

ဖီလီပေါ့က ဓာတ်ပုံကို စားပွဲပေါ်ပစ်ချယင်း ပြောလိုက်၏။

"သူတို့ရဲ့ ကိုယ်ခန္ဓာပုံသဏ္ဍာန်ကတော့ သိပ်တူတယ်။ အလောင်းရဲ့ မျက်နှာ ...က လူရုပ်မပေါ်အောင် ပျက်စီးနေတော့ မျက်နှာကို စစ်ဆေးလို့ မရဘူး။ ဘာကြောင့် ...နှစ်ယောက်ဟာ မော်စကိုကို လာကြသလည်း"

ဟိုလိုကော့မှာ ဓာတ်ပုံကို ကြည့်ယင်း ကျေနပ်နေပုံရ၏။ သို့သော်လည်း ဖီလီ...ကတော့ ဘာမှမပြော၊ တတ်ဆိတ်နေသည်။ ရဲမှူးသော်ယက်မှာ သူ့စားပွဲသို့ ...ာက်သွားပြီး နာရီကြည့်လိုက်၏။ နံနက် (၁၀) နာရီခွဲပြီးဖြစ်သည်။ သူသည် ...ကော့ ထံ ပြန်လျှောက်လာပြီး မေးလိုက်လေသည်။

"ဒါနဲ့ နေစမ်းပါဦး။ မနေ့ညနေက ဘူတာရုံမှာ လုံခြုံရေးရဲဘော်တစ်ယောက် ... ဘယ်သူ သတ်သွားသလဲ"

"မစ္စတာ အောင်တွန်ရဲ့ လူတစ်ယောက်ယောက်က သတ်သွားတာကော မဖြစ် ...ဘူးလား"

"မစ္စတာအော်တွန်ကိုယ်တိုင်ကော မဖြစ်နိုင်ဘူးလား။ ဘာဖြစ်လို့လဲဆိုတော့ ...သေသေးဘဲ"

ရဲမှူးသော်ယက် က မတ်တပ်ရပ်ရင်း ပြောလိုက်လေ၏။ ဖီလီပေါ့သည် ...တွန့်လိမ်ပြရင်း .....

"မစ္စတာအော်တွန်ကိုယ်တိုင် မဟုတ်ဘူးလား၊ ဟုတ်လား။ မစ္စတာအော်တွန် ... သူဆိုတာလဲ ဘယ်သူဖြစ်မလဲ။ မစ္စတာအော်တွန် သွားဖူး ၊လာဖူးတဲ့နေရာတွေ၊ ...တာအော်တွန်နဲ့ ခင်မင်ရင်းနှီးတဲ့ လူတွေကို စစ်ဆေးပြီးပြီမဟုတ်လား။ ဘာတွေ့ရလဲ။ ...ခြားခြား ဘာမှမတွေ့ရဘူးမဟုတ်လား။ "

ဖီလီပေါ့က မကျေနပ်သည့် မျက်နှာထားဖြင့် ပြောလိုက်လေ၏။

သော်ယက်သည် သူ့စားပွဲရှိရာသို့ လျှောက်သွားပြီး မတ်တပ်ရပ်နှင့် ပြောကြား...၏။

"ဒါဖြင့်ရင် မစ္စတာအော်တွန်ဘယ်ရောက်နေလဲ။ မစ္စတာအော်တွန်ကို ဘယ်မှာ ...ထားကြသလဲ။ ဘာကြောင့် မစ္စတာအော်တွန်အသတ်ခံရပြီးလို့ ပြုလုပ်ကြသလဲ။ ...တို့ရဲ့ ထောက်လှမ်းရေးစနစ်ကို စိန်ခေါ်ချင်လို့လား။ ဘာကြောင့် လန်ဒန်တွင် ...သတ်မခံရသလဲ။ သေသူနဲ့ပတ်သက်ပြီး ကျုပ်တို့ကဘာကြောင့် သဲလွန်စမရနိုင်သလဲ။



www.burmeseclassic.com

www.burmeseclassic.com



သော်ယက်တစ်ယောက်တည်း မကျေနပ်သဖြင့် ရေရွတ်ပြောဆိုနေ
ထိုနောက်သူသည် ခေတ္တရပ်နေ၏။ ဟိုလိုကော့နှင့် ဖီလီပေါ့တို့နှစ်ယောက် အ
ဝင်မပြော တိတ်ဆိတ်နေကြသည်။

"အဖြေကတော့ တိတိကျကျမသိရသေးဘူး။ မစ္စတာအော်တွန်ဟာမော်စ
ပဲ ရှိနေသေးသလား။ တစ်ခြားနေရာ ရောက်သွားပြီလား။ ဘာကြောင့် သည်
ဖြစ်သလဲ"

ရဲမှူး သော်ယက် သည် ခေတ္တရပ်နေပြန်၏။ သူ့ ရဲဘော် နှစ်ယောက်လည်း
ဘာမှဝင်မပြော၊ အတွေးကိုယ်စီနှင့် တွေးနေကြပုံရသည်။ ထိုနောက် သော်ယက် က
တစ်ယောက်တည်း ဆက်ပြောပြန်သည်။

"မစ္စတာ အလက်ဇန္ဒားသောမတ်အော်တွန်ဟာ မူးယစ်ဆေးဝါး ရောင်းဝယ်
တစ်ယောက်သာ ဖြစ်ကြောင်း ကျုပ်တို့လှည့်စားမခံရဘူးဆိုယင် မစ္စတာအော်တွ
ပတ်သက်လို့တော့ ဘာမှ စဉ်းစားစရာမရှိပါဘူး။ သို့သော်လည်း လုံခြုံရေးရဲအ
တစ်ယောက် အသတ်ခံရတဲ့ကိစ္စ ဖြစ်ပေါ်နေတဲ့အကြောင်းအရာတွေနဲ့ ဆက်စပ်
ကျုပ်တို့စဉ်းစားဖို့လိုတယ်"

သော်ယက်သည် သူ့ရဲဘော်နှစ်ယောက်ကို ငေးကြည့်နေမိသည်။ သူယူဆသ
သူ့ရဲဘော်နှစ်ယောက်က ယူဆစေချင်သည်။ ဟိုလိုကော့က စကားပြောရန် ခံတွင်းမ
သည့်အနေနှင့် ချောင်းတစ်ချက်ဟန့်ပြီး ပြောလိုက်လေ၏။

"သူလျှိုတစ်ယောက် မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တာပေါ့ဗျာ"

သော်ယက်က စိတ်ပါလက်ပါ ထောက်ခံလိုက်၏။

"ဒီလူဟာ သူလျှိုပဲ။ ဗြိတိသျှ သူလျှိုလား၊ အမေရိကန် သူလျှိုလားဆိုတာ
တိတိကျကျ သိဖို့လိုတယ်။ မူးယစ်ဆေးဝါးသမားဆိုတာ သက်သက် ကျုပ်တို့ကို လှည့်စ
တာပဲ။ ခုတော့ ဒီလူပျောက်နေတယ်။ ဘာကြောင့် ပျောက်နေသလဲ။ သူဘယ်မှာလဲ
ဘယ်ရောက်နေသလဲ။ ဒါဟာ အဓိကပြဿနာပဲ"

ရဲမှူး သော်ယက်သည် ဘာမှ မပြောတော့ဘဲ သူ့စားပွဲပေါ်ရှိ မစ္စတာအော်တွ
နှင့် ပတ်သက်သော စာရွက်စာတမ်းများ ရှာဖွေထုတ်ယူလာ၏။ ထိုနောက် သူသည်
ရဲဘော်နှစ်ယောက်ရှိရာသို့ လျှောက်လာပြီး -

"ဟိုလိုကော့၊ ကျုပ်နဲ့လိုက်ခဲ့ပါ။ တို့ဗဟိုကွန်ပျူတာ စခန်းကိုသွားကြရအော
ဒီလူနဲ့ပတ်သက်ပြီး အထောက်အထားခိုင်ခိုင်လုံလုံ ကျုပ်သိချင်တယ်။ ဒီလူဟာ ကျုပ်တ
ကို ဒုက္ခပေးမယ့်လူပဲ။ သူဟာ ဘယ်သူဘယ်ဝါလဲ ဆိုတာလဲ ကျုပ်တို့အတိအကျ သိ
လိုတယ်။ တကယ်လို့ ဗဟိုကွန်ပျူတာအဖွဲ့သံရုံး ကလည်း ဒီလူဟာ စပိုင်တစ်ယောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



...ယင် ဒီလူနဲ့ပတ်သက်ပြီး ဗြိတိသျှသံရုံး ကိုပဲဖြစ်ဖြစ် အမေရိကန်သံရုံးကိုပဲ ဖြစ်ဖြစ် ...တို့ဆက်သွယ်ပြီး မေးမြန်းစုံစမ်းရမယ်"

ရဲမှူးသော်ယက်သည် ဖီလီပေါ့ဘက်သို့ လှည့်ပြီးပြောလိုက်ပြန်၏။

"ကဲ ရဲဘော်ဖီလီပေါ့လည်း မစ္စတာအော်တွန်ဟာ ဘယ်ကုမ္ပဏီက ...စားလုပ်လဲ သူ့ကို ဘယ်သူတွေက ထောက်ခဲ့ပြီး မော်စကိုကို လွှတ်ခဲ့သလဲဆိုတာ ...ပါ။ ချက်ချင်းသိချင်တယ်လို့ပြောပါ။ ကျုပ် ချက်ချင်းပဲသိချင်တယ်"

"ဖီလီပေါ့ ခေါင်းညိတ်ပြ၏။ သော့်ယက်နှင့် ဟိုလိုကော့တို့နှစ်ယောက် ...သွား ကြပြီး ဖီလီပေါ့သည် စားပွဲပေါ် ချထားသော ဓာတ်ပုံတစ်ပုံ ကောက်ကြည့် ...၏။ ၎င်းပုံမှာ မစ္စတာအော်တွန်အဖြစ် ရိုက်ကူးထားသော မစ္စတာမစ်ချယ်ဂျန် ...သည်။ သူသည် ဓာတ်ပုံကို သေသေချာချာ စစ်ဆေးကြည့်၏။ မီးရောင်အောက် ...ပြီး စစ်ဆေးကြည့်သည်။

သံရုံးကို မေးမြန်းစုံစမ်းသည့် ကိစ္စနှင့် ပတ်သက်၍ ချက်ချင်းဆောင်ရွက်၍ ...။ အဘယ့်ကြောင့်ဆိုသော် သံရုံးတွင် မြှုပ်နှံထားသော သတင်းပေးသူများကို ... စုံစမ်းရမည်။ ဗြိတိသျှသံရုံးတွင် ထမင်းချက်၊ မာလီ၊ လက်နှိပ်စက်စာရေး စသည် ... လူယုံများကို အလုပ်သွင်းထားခဲ့သည်။ သံရုံးအား မေးမြန်းစုံစမ်းခြင်း မပြုမီ ဤရဲ ...များကို ကြိုတင်မေးမြန်းဖို့လို၏။ မိမိတို့မြှုပ်နှံထားသူများကို မေးမြန်းပြီးမှ သံရုံး ...နခံနှင့် ပြောဆိုရပေမည်။

အမှန်စင်စစ် အသတ်ခံရသူ မစ္စတာဖင်တန် သည် ဗြိတိသျှ အထူးထောက် ...ရေးတပ်ဖွဲ့ (အက်စ်-အိုင်-အက်စ်) မှ ထောက်လှမ်းရေးမှူး တစ်ယောက်ဖြစ်သည်။ ...သည် ကမ္ဘာလှည့်ခရီးသည်တစ်ယောက်အဖြစ် မော်စကိုသို့ ရောက်လာ၏။ မော်စကို ...က်လာပြီး သံရုံးနှင့် တစ်နာရီမျှ အဆက်အသွယ်ပြုလုပ်ပြီးနောက် ကိုယ်ရောင် ...ာက်သည့်အနေနှင့် လီနင်ဂရက်မြို့သို့ ထွက်သွား၏။ ဤကဲ့သို့ သွားလာလှုပ်ရှား ...သည်ကို တချို့သောလူများက တွေ့ရှိပေမည်။

ဗြိတိသျှ သံရုံးမှ မစ္စတာ အက်ကလစ်ကို မေးမြန်းပါက မစ္စတာအက်ကလစ် ...အဆုံး ပြောပြရမည်ဖြစ်ကြောင်း သူသိသည်။ သို့ရာတွင် သော်ယက်အခန်းမှ ဖုန်း ...၍မဖြစ်ပေ။ ၎င်းဖုန်းများကို သက်ဆိုင်ရာ လုံခြုံရေးဗဟိုအဖွဲ့က ဖမ်းယူထားသည်။ ...သည်း ရုံးခန်းမှ ထွက်သွား၍မဖြစ်သေး။ သော်ယက်တို့က ဗဟိုကွန်ပျူတာစခန်းသို့ ...နေသဖြင့် သူကရုံးစောင့်နေရသည်။ သော်ယက်မကြာမီ ရောက်လာမည်။ ၁၀- ... ၁၅-မိနစ် မျှသာ ကြာပေမည်။ သော်ယက် အပြန်ကို စောင့်ယင်း အောက်ထပ် ...ရှိသော ဖုန်းကို သတိရမိ၏။ ထို့ကြောင့် သူသည် ရုံးတံခါးပိတ်ပြီး အောက်ထပ်သို့ ...သွားလေသည်။

\+ + +



www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေးရုံးချုပ်မှ တိုက်ရိုက်လာသော အမိန့်အရ ကက်နက်အော
ရေး သည် သူ၏ အက်အို-၄၊ ထောက်လှမ်းရေးဌာနစိတ်ကို ပိတ်ပြီး ကာကွယ်ရေးဝန်
ဌာန၊ စစ်ဦးစီးချုပ်နှင့် တိုက်ရိုက်ဆက်သွယ်ထားသော အထူးထောက် လှမ်းရေးတ
(အက်စ်-အိုင်-အက်စ်) သို့ ပြောင်းရွှေ့တာဝန်ယူရသည်။ အော်ဗရေးသည် သူ
ထောက် ရှယ်လီနှင့် ကာကွယ်ရေးဝန်ကြီးရုံးတွင် သီးသန့်အခန်းတစ်ခန်း၌ တာ
ထမ်းဆောင်ရ၏။ အခန်းထဲတွင် ဖုန်းများ၊ မြေပုံများ အဆင်သင့်ရှိသည်။ မြေပုံမျာ
ဥရောပနှင့် ရုရှားနိုင်ငံတို့ကို ဆက်သွယ်ထားသည့် ဘာရိန်ပင်လယ်အော်၊ အာတိ
သမုဒ္ဒရာ၊ မော်စကိုမြို့၊ မော်စကို ဘူတာရုံ စသည်ဖြင့် ဆိုဗီယက်နိုင်ငံနှင့် သက်ဆိုင်သ
မြေပုံများဖြစ်သည်။ ယနေ့ သူတို့ဆောင်ရွက်လျက်ရှိသော လေယာဉ်ခိုးယူမှု စစ်ဆင်
နှင့် ပတ်သက်သည့်နေရာများကို မြေပုံတွင် ရှာဖွေနေကြ၏။

သူတို့ ရောက်ရှိနေသော အခန်းတွင် အခြားလူနှစ်ယောက်လည်း ရှိသည
အမေရိကန် ဗဟိုထောက်လှမ်းရေးမှ မစ္စတာ ဘတ်ဟိုလ်နှင့် မစ္စတာ အစ်ဒါ
ဖြစ်ကြသည်။ သူတို့အခန်းထဲ ဝင်လာစဉ်က မစ္စတာ ဘတ်ဟိုလ်တစ်ယောက် တယ
ဖုန်းအနီဖြင့် ဖုန်းဆက်နေ၏။ မစ္စတာအင်ဒါမှာ ဂြိုဟ်တုမှ သိရှိခဲ့ရသော ရာသီဥ
ထောက်လှမ်းရေးအမှတ်အသားများကို ရေးမှတ်နေ၏။ အထူးသဖြင့် အာတိတ်သမုဒ္
မှ ထောက်လှမ်းရေး ဂြိုဟ်တုက ရိုက်ကူးခဲ့သော ဓာတ်ပုံပါ အချက်အလက်တို့ကို မြေ
တွင် ရေးမှတ်နေ၏။ မြေပုံမှာ ဥရောပနှင့် ရုရှားပြည် နယ်နိမိတ်ဆက်စပ်နေသေ
မြေပုံ ဖြစ်ပြီး ယင်းဒေသတစ်ပိုက်ကိုလည်း ဂြိုဟ်တုမှ ရာသီဥတုအခြေအနေ
ထောက်လှမ်း ခဲ့၏။

အခန်းထဲသို့ လူ (၄) ယောက်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မှ ဝင်
မရှိပေ။ တင်းကြပ်စွာ တားမြစ်ထား၏။ ယခုအချိန်မှာ လန်ဒန်မြို့တွင် ညဉ့်သန်းခေါ
ကျော် တစ်နာရီရှိပြီး မော်စကိုမှာ (၂) နာရီကြိုစောသဖြင့် ညဉ့် (၃) နာရီဖြစ်သည်

ရှယ်လီသည် အော်ဗရေးရှိရာသို့ လျှောက်လာပြီး နံရံတွင် ဆွဲချိတ်ထားသေ
မြေပုံကို ကြည့်နေသည်။ မြေပုံကို ကြည့်ပြီးတော့မှ ယခုအခါ ဂျန်တစ်ယောက် မိခင်နိုင်
နှင့် မိုင်ပေါင်းများစွာဝေးကွာသော အရပ်သို့ ရောက်ရှိနေကြောင်း တွေ့ရသဖြင့် စိတ်
စိုးရိမ်မိသည်။ ယခုတော့ သူတို့သည် ဆိုဗီယက်တို့၏ ကာကွယ်ရေးစနစ်ကို ထိုးဖေါ
ကာ မစ် (၃၁) လေယာဉ်တစ်စင်းပါ ခိုးယူရန် ဆောင်ရွက်နေကြလေပြီ။ မစ် (၃
လေယာဉ် တည်ဆောက်နေသော ဘဲလ်ယာဒ်စခန်းကိုလည်း မြေပုံတွင် ခဲနီဖြင့် မှတ်သာ
ထား၏။ ယင်းခဲနီအမှတ်အသားမှနေ၍ ဘာရိန်ပင်လယ်ဘက်သို့ ဦးတည်ကာ မြား
ဖြင့်လည်း ရေးဆွဲမှတ်သားထားသည်။ ယင်းအမှတ်အသားမှာ မစ် (၃၁)ကို မောင်းပြေ
လာပါက ပျံသန်းရန် လျာထားသော လမ်းကြောင်းပင်ဖြစ်၏။

'ယင်းလမ်းကြောင်းသည် ဆိုဗီယက်တို့၏ မြေပြင်တွင် ဖြန့်ကြက်ထားသေ
ဒုံးပျံစခန်းနှင့်လွတ်နိုင်ပါမည်လား။ တဖန် ပင်လယ်ပြင်တွင် သွားလာနေကြသော ဆို



www.burmeseclassic.com

www.burmeseclassic.com



ယက်တို့၏ ကင်းစောင့်ရေတပ်ဖွဲ့ အန္တရာယ်နှင့်လည်း လွတ်ကင်းနိုင်ပါမည်လား။ ရှယ်လီ တစ်ယောက် မြေပုံကြည့်ယင်း စဉ်းစားနေပါသည်။ ထိုနောက် ဘာရန်ကမ်းခြေ အစွန်း တွင် ခဲတံအနီဖြင့် စက်ဝိုင်းနှစ်ခု မှတ်သားထားသည်။ မြေပြင်ရှိ ဒုံးပျံစခန်းနေရာကို မှတ်သားထားသော စက်ဝိုင်းများဖြစ်သည်။ ၎င်းနေရာတွင် မြေပြင်မှ ဝေဟင်ပစ်ဒုံးပျံ အသုံးဆုံး တစ်ဒါဇင်မျှ ဖြန့်ကြက်ထားသည်။ ထို့အပြင် မော်တော်ယာဉ်ပေါ်တင်ပြီး မိုင် (၁၀၀) အတွင်း လျှင်မြန်စွာ ရွှေ့ပြောင်းနိုင်သည့် ဒုံးပျံများလည်း ချထားကြောင်း မြေပုံတွင် မှတ်သားထားသည်။ ဒုံးပျံများနှင့်အတူ ရန်သူ့လေယာဉ်ကို ရှာဖွေသော ရေဒါများလည်း တပ်ဆင်ထား၏။ ယင်းရေဒါသည် ဗဟိုရေဒါစခန်းနှင့်လည်း ဆက်သွယ် ထားသည်။

စကဝိုင်းအနီပြထားသည့်နေရာကို ရှယ်လီက သေချာစွာစစ်ဆေးကြည့်၏။ စက်ဝိုင်းအနီတစ်ခုမှာ ကမ်းခြေတွင် တည်ရှိပြီး အခြားစက်ဝိုင်းအနီတစ်ခုမှာ ကျွန်းပေါ်တွင် ပြထား၏။ တစ်ခုနှင့်တစ်ခု စကေးအနေအထားအရ မိုင် (၃၀၀) လောက် ကွာဝေးသည်။ စကေးအနေအထားကို ကြည့်ခြင်းအားဖြင့် ရန်သူလေယာဉ် ထိုးဖောက်၍ မရအောင် ဒုံးပျံများကို အစီအစဉ်ပြုလုပ်ပြီး ချထားကြောင်း ပေါ်လွင်လေသည်။ ဆိုဗီ ယက်တို့သည် လေကြောင်းရန်ကို စနစ်တကျ ကာကွယ်ရန် စီစဉ်ထားခဲ့ခြင်းပင်။

သူတို့သည် မြောက်ဘက်ရှိ ဆိုဗီယက်တို့၏ ရေတပ်အန္တရာယ်မှ လွတ်မြောက် ရန် မည်ကဲ့သို့ ပြုလုပ်ရမည်ဖြစ်ကြောင်း စဉ်းစားကြ၏။ ဘတ်ဟိုလ်လည်း မစ်ချယ်ဂျန် မောင်းပြေးမည့် လေယာဉ်ကို အန္တရာယ်မှ လွတ်ကင်းရန်အတွက် ထွက်ပေါက်ကို စဉ်းစားနေ၏။ အော်ဗရေးက မြေပုံရှိနေသော ရှယ်လီထံ လျှောက်လာပြီး ပြေလိုက် လေ၏။

"ဆိုဗီယက်တို့ရဲ့ ဒုံးပျံစခန်းတွေဟာ နေရာအနှံ့ ချထားတယ်။ ဂျန်အတွက် လွယ်ဘူးကွ"

"ဟုတ်တယ်။ မြေပြင်မှာ ဒုံးစခန်းတွေပဲ"

ရှယ်လီသည် စားပွဲသို့ လျှောက်လာယင်း ညည်းလိုက်လေ၏။

"ဂျန်အတွက်တော့ မလွယ်ဘူး"

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com



အခန်း၊ (၄လ၊)

## ဝှက်ထားခြင်း

မစ်ချယ်ဂျန်တစ်ယောက် ကိုယ်နွမ်းစိတ်ပန်း ဖြစ်နေ၏။ သို့သော်လည် ဆောင်ရွက်ရမည့်တာဝန်ကို တစ်လက်မပင် မလျှော့။ ဗရန်နီဗစ်ချ်နှင့် ကရျက်ရှင် ဇနီးတို့က သူ့ကို ယူနီဖောင်းအသစ် ဝတ်ဆင်ပေးနေ၏။ မစ္စတာကရျက်ရှင်မှာ ပက်လက် ကုလားထိုင်တွင် ထိုင်ပြီး ကြည့်နေသည်။ မစ်ချယ်ဂျန်သည် ရုရှားအမျိုးသားတို့၏ ဟန် ကဲ့သို့ သွားလာတတ်ပြီလား။ ရုရှားတို့၏ အထာကို သိပြီလား စသည်ဖြင့် အကဲခ လေ့လာနေသည်။ သူ့ကို ရုရှားစစ်ဗိုလ်ဝတ်သည့် အဝတ်အစားနှင့် ဝတ်ဆင် ပေး သည်။

မစ်ချယ်ဂျန်ကတော့ ပြေပုံဆံပုံ၊ သွားလာလှုပ်ရှားပုံမှန်သမျှ ရုရှားစစ်သာ ကဲ့သို့ဖြစ်အောင် အတတ်နိုင်ဆုံး အတုခိုး၏။ ပြီးတော့ လေယာဉ်ရုံထဲ ရောက်ရှိ အတွက် မည်ကဲ့သို့ ဝင်ထွက်ရမည်ကိုလည်း လေ့လာခဲ့သည်။ လေယာဉ်ရုံသို့ ရောက် မှာ အခက်ခဲဆုံးဖြစ်သည်။ ဂိတ်အဆင့်ဆင့်နှင့် အမျိုးမျိုး ရှာဖွေစစ်ဆေးခံရပြီး လေယာဉ်ရုံထဲ ဝင်ရသည်။

"ဂျန်ရေ ခင်ဗျားတော့ ရုရှားရုပ်ပေါက်နေပြီ၊ ရုတ်တရက်မြင်လိုက်ယ ခင်ဗျားဟာ ရုရှားတစ်ယောက်မဟုတ်ဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး။

ဒါပေမယ့်ပြောဆိုတဲ့အခါမှာပဲ သတိထားရမယ်။ သတိထားဖို့ကတော့ စကာ ပြောဆိုပုံပဲ"

မစ်ချယ်ဂျန်လည်း ယူနီဖောင်း အကျီဝတ်ပြီးဖြစ်၍ ကိုယ်လုံးပေါ်မှန်ကို ကြည့် နေ၏။ သူဆောင်းထားသော ဦးထုပ်မှာ ခပ်တိုတို ညှပ်ထားသည့် သူ့ဆံပင်ကို ဖုံးအု နေသည်။ ဦးထုပ်အနေအထားမှာ ခေါင်းနှင့် အံဝင်ခွင်ကျဖြစ်နေသဖြင့် သူ့မှာ ဘဝ ကျနေသည်။ ထို့အပြင် ယခုကဲ့သို့ ဦးထုပ်နှင့် ခေါင်း အံဝင်ခွင်ကျဖြစ်မှသာ ဦးထု အတွင်းရှိ ကွန်ပျူတာယန္တရားများ ကောင်းစွာလည်ပတ်နိုင်မည်။ ယင်းဦးထုပ်တွင် ရှိသော ကွန်ပျူတာယန္တရားမှာ ဒုံးပျံခလုတ်ကို ထိန်းချုပ်သော ယန္တရားဖြစ်၏။ ယင်းခလုတ်သည် ပိုင်းလော့၏ အာရုံကြောနှင့် ဆက်သွယ်ထားပြီး ပိုင်းလော့က စဉ်းစားလိုက်သည်နှ အာရုံကြောလှုပ်ရှားကာ ကွန်ပျူတာယန္တရားတို့လည်း ဆက်လက် လည်ပတ်လျက် ဒုံးပျံ ခလုတ်ကို မောင်းဖြုတ်ပြီးသား ဖြစ်နေလေသည်။

ပိုင်းလော့ဦးထုပ်မှ အစွန်းထွက်သော အရာသည် မျက်နှာကို မိုးထားသဖြ မျက်နှာမှာ အရိပ်ဖုံးအုပ်ထား၏။ ယင်းကဲ့သို့ မျက်နှာကို ဖုံးအုပ်ထားသောကြောင့် သူ့ရု ကို ရုပ်တရက်မမှတ်မိပေ။ ဂျန်သည် နံရံတွင် တပ်ထားသော မှန်ကို ကြည့်လိုက်သည် သူ့ရုပ်လုံးကို ပေါ်လွင်စွာ တွေ့ရ၏။ လည်ပတ်အနက်၊ အညိုရောင်ယူနီဖောင်း အကျီနှ



www.burmeseclassic.com

www.burmeseclassic.com



...ောင်တက်နေသော ကော်လန်ကိုလည်း တွေ့ရ၏။ ယူနီဖောင်းတွင် တပ်ဆင်ထားသည့် ...ရောင်တလက်လက် တောက်ပနေသော ကြယ်သီးများကိုလည်း တွေ့ရသည်။

"အတော်ပဲဟေ့"

ဗရန်နိုဗစ်ချ် အားရဝမ်းသာစွာ ပြေလိုက်သည်။

"အပ်ချုပ်သမား နားတာလီးယားတော့ စံတင်လောက်တယ်။ တစ်ခါတည်း ...င်းလေ့ယူနီဖောင်းပုံစံအတိုင်းပဲ။ ချုပ်ရိုးချုပ်သားတွေကလည်း အတော့ကို ...ောင်းတယ်"

မစ်ချယ်ဂျန်ကတော့ ပီတိတွေဖြာနေလေ၏။ ကရုက်ဂျင်ဇနီး အိုင်ယာသည် ...လားထိုင်တွင် ထိုင်ယင်း ယူနီဖောင်းဝတ်ထားသော ဂျန်ကို ကြည့်နေသည်။ ထို့နောက် ...င်ယာက ဗရန်နိုဗစ်ချ် ဘက်လှည့်ပြီး -

"တပ်မတော်ထောက်လှမ်းရေးက ဗိုလ်ကြီး ဂျော်ဂျီဂျက်ကော့ကို ဗိုလ်မှူး ...နစ်နဲ့ ပူးတွဲထားတယ်။ အခုလောလောဆယ်တော့ ဘဲလ်ယာဒ်စခန်း လုံခြုံရေး ...ဝန်ခံဟာ ဗိုလ်မှူး တာနစ်ပဲ"

ဗရန်နိုဗစ်ချ်သည် ခေါင်းတစ်ညိတ်ညိတ်နှင့် အိုင်ယာကို မေးလိုက်သည်။

"ဘယ့်နဲ့လဲ ဗိုလ်ကြီးဂျက်ကော့နဲ့ တူသလား"

"တူတယ်၊ သိပ်တူတာပဲ။ ရုတ်တရက်ဆိုယင် ဗိုလ်ကြီးဂျက်ကော့ပဲ"

"ဟုတ်လား"

ဗရန်နိုဗစ်ချ်သည် မစ်ချယ်ဂျန်ဘက်လှည့်ပြီး -

"မစ္စတာဂျန် အိုင်ယာကတော့ ခင်ဗျားကို ကူညီတဲ့လူတွေထဲမှာ ထိပ်ဆုံးကပဲ။ ...ကြည့်ပါလား မစ္စတာမစ်ချယ်ဂျန်ကနေ ဗိုလ်ကြီးဂျက်ကော့ဖြစ်အောင် ခင်ဗျားကို ...ပြောင်းပေးလိုက်ပြီ"

အားရပါးရ ရယ်ယင်းပြောလိုက်လေ၏။ ထို့နောက် ဗရန်နိုဗစ်ချ် ကပင်-

"ဘယ်နဲ့လဲ မစ္စတာဂျန်၊ ခင်ဗျားဆောင်ရွက်ရမည့် အလုပ်တွေ၊ ခင်ဗျား ...သိတယ် မဟုတ်လား"

ဂျန်ကခေါင်းညိတ်ပြ၏။

"ကိုင်း ဒါဖြင့်ယင် သက်တောင့်သက်သာ နေလိုက်ပေါ့လေ။ ဝတ်ထားတဲ့ ...ူနီဖောင်း အသားသေအောင်တော့ ဟိုလျှောက်ဒီလျှောက် လျှောက်လိုက်ပါအုံး"

မစ္စတာဂျန်လည်း ဗရန်နိုဗစ်ချ် ပြောသည့်အတိုင်း အခန်းထဲမှာပင် ခေါက်တုံ့



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ပြန် လျှောက်နေ၏။ ဗရန်နိုဗစ်ချ် က ကြည့်ပြီး ပြုံးနေလေသည်။ ထိုနောက်

"မဟုတ်သေးဘူး၊ မဟုတ်သေးဘူး၊ လက်မကို ခါးပတ်ခေါင်းမှာ ချိပ်ထား ဒါမှအနေအထားမှန်မယ်"

မစ္စတာဂျန်လည်း ဗရန်နိုဗစ်ချ်ပြောသည့်အတိုင်း လက်မကို ခါးပတ်ခေါင်းတွ ချိပ်ပြီး အခန်းထဲမှာပင် ဟိုလျှောက် ဒီလျှောက်နှင့် လျှောက်နေလေ၏။

"ဟုတ်ပြီ၊ ဟုတ်ပြီ။ အဲဒီအနေအထားပဲ။ တစ်ခုတော့ သတိထားရမယ်။ ခင်ဗ ဗိုလ်ကြီးတစ်ယောက်ပဲဆိုတာ။ ကိုယ့်ကိုယ်ကို သတိထားရမယ်။ ဂိတ်ထဲဝင်သွားတဲ့အ ဂိတ်စောင့်ရဲဘော်တွေကိုလည်း သတိပြုရမယ်။ စစ်စည်းကမ်းအရ ဆေးလိပ်သော နေတဲ့ ရဲဘော်တွေ၊ ယူနီဖောင်းကို ကျကျနန မဝတ်ထားတဲ့ ရဲဘော်တွေကို တွေ့ယ သတိပေးတဲ့အနေနဲ့ လက်ညှိုးထိုးပြရမယ်။ ဒါမှ ခင်ဗျားကို ရဲဘော်တွေက ကျကျ မစစ်ဆေးတော့ဘဲ သူတို့ကိုယ်သူတို့ ပြန်ကြည့်ကြမယ်"

ဗရန်နိုဗစ်ချ်က တပ်မတော်လောကတွင် တွေ့ကြုံတတ်သော အသေးအ ကိစ္စပါမကျန် မစ္စတာဂျန်အား ပြောပြနေသည်။ ဗရန်နိုဗစ်ချ်သည် တပ်မတေ ရဲဘော်များကို နှစ်ရှည်လများ လေ့လာခဲ့သူဖြစ်၏။ ရဲဘော်များ၏ အားနည်းချက်တို့ သတိပြုခဲ့သည်။ ရဲဘော်နှင့် ဗိုလ်များအကြား ဆက်ဆံကြသည့် အနေအထားကိုလည ဗရန်နိုဗစ်ချ် သတိပြုခဲ့၏။ မစ္စတာဂျန်ကတော့ ခေါင်းတစ်ညိတ်ညိတ် နားထောင် လေသည်။

"ကဲ မစ္စတာဂျန် ထိုင်တော့၊ ထိုင်တော့"

ဗရန်နိုဗစ်ချ် က မတ်တတ်ရပ်နေသော ဂျန်အား ထိုင်ခိုင်း၏။ မစ္စတာဂျန်လည လက်ရန်းရှိသော ကုလားထိုင်တစ်လုံးတွင် ထိုင်ချပြီး၊ သက်တောင့်သက်သာ ထိုင်နေ ဂျန်သည် အရာရှိဆိုင်တွင် ဝယ်ယူထားခဲ့သော ငွေရောင်စီးကရက်ကို အိတ်မ နှိုက်ထုတ်ပြီး သောက်နေ၏။ သူတို့အားလုံး တိတ်ဆိတ်နေကြသည်။ မည်သူမျှ စကာ မပြော။ ဂျန်သည် အားရပါးရ စီးကရက်ကို ရှိုက်ကာ သောက်နေလေသည်။ ကရက်ရှ က ခပ်လှမ်းလှမ်းရှိ ကုလားထိုင်တွင် ထိုင်ပြီး ကြည့်နေလေသည်။ ထိုနောက် ဗ နိုင်ဗစ်ချ်သည် ကရက်ရှင် ထံ လျှောက်လာပြီး -

"ကဲ ရဲဘော်ကြီး အခြေအနေ အရပ်ရပ်လည်း ပြောပါအုံး။ အခု တစ်ယေ စခန်းတစ်ခုလုံး လုံခြုံရေးတပ်ဖွဲ့တွေ အားဖြည့်ထားတယ်။ ဘာများထူးခြားချက်ရှိသလ

ဤတွင် မစ္စတာဂျန်သည် သူ့အိတ်တွင် ထည့်ထားသော ပတ်စ်ပို့အတုနှ သက်ဆိုင်ရာ စာရွက်စာတမ်းများကို စစ်ဆေးကြည့်သည်။ ဤပတ်စ်ပို့နှင့် စာရွက်စာတ များကို မည်သို့မည်ပုံ အတုပြုလုပ်ထားခဲ့ကြောင်း ဂျန်အနေနှင့် မေးမြန်းစုံစမ်း မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



ကရှက်ရှင်သည် ဗရန်နီဗစ်ချ်ကို ကြည့်ကာ ပြုံးရွှင်စွာဖြင့် -

"ဂိတ်မှာတော့ အစောင့်တွေ အားဖြည့်ထားတယ်။ ကေ-ဂျီ-ဘီ ရဲဘော်တွေ ပဲ။ ဒါပေမယ့် ခါတိုင်းထက်များတယ်။ နောက်ရောက်လာတဲ့ တပ်မတော် ထောက်လှမ်း ရေးက ရဲဘော်တွေတော့ ဂိတ်မှာမစောင့်ခိုင်းထားဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဗိုလ်မှူး ဘာနစ်ကတော့ တပ်မတော်ထောက်လှမ်းရေးကလူတွေကို ဂိတ်မှာ မစောင့်ခိုင်းနိုင်ဘူး ဘဲ"

"ပတ်ပတ်လည် ခြံစည်းရိုးမှာရော"

"အစောင့်မျှော်စင်မှာတော့ လုံခြုံရေးတပ်သား အခါမလပ်စောင့်နေကြတယ်။ ပြီးတော့ အပြင်ဘက် ပတ်ပတ်လည်မှာလည်း ခွေးဘီလူးတွေ လွှတ်ထားတယ်။ ၁၀- မိနစ်တိုင်း၊ ၁၀-မိနစ်တိုင်း လှည့်ပတ်သွားလာနေကြတယ်။ ခြံစည်းရိုးလည်း (၂) ထပ် ခတ်ထားတယ်။ ခွေးတွေကလည်း အမြဲလိုလို ရှိနေတယ်။ မည်သူတစ်ဦးတစ် ယောက်မှ သွပ်ကြိုးကို ဖြတ်ကျော်လိမ့်မယ်လို့တော့ သူတို့ဘယ်ထင်မလဲ။ အစောင့် မျှော်စင်လည်း ကိုက် (၁၀၀) တိုင်းမှာ တစ်ခုဆောက်ထားတယ်။ တကယ်လို့ သွားယင် အနည်းဆုံး မျှော်စင် (၄) ခု ဖြတ်ကျော်ရတယ်"

"မစ္စတာဂျန်အနေနဲ့တော့ ဂိတ်တွေကို စစ်ဆေးတဲ့ အနေနဲ့ သွားရမယ်။ သွပ်ကြိုးတွေကိုလည်း စစ်ဆေးရမယ်။ ဂိတ်က ရဲဘော်တွေ မြင်ပြီး ကြောက်မသွားနဲ့၊ ရဲရဲတင်းတင်း သွားဖို့လိုတယ်"

ဗရန်နီဗစ်ချ်သည် စိတ်ဝင်စားစွာဖြင့် နားထောင်နေ၏။ ပြီးနောက် အိုင်ယာ ဘက်လှည့်ပြီး -

"အိုင်ယာ အနေနဲ့ကော ဘာတွေတွေ့ခဲ့သေးလဲ"

"ညအခါဆိုယင် ဂိတ်တွေမှာတော့ ဆလိုက်မီးတွေ ထွန်းထားတယ်။ ခပ်လှမ်း လှမ်းက မီးကိုမြင်ရမှာပဲ။ ဆလိုက်မီးကတော့ လျှောက်လာတဲ့လူတိုင်းကို ထိုးကြည့်တယ်။ အပြင်ဘက်က ခတ်ထားတဲ့ သွပ်ကြိုးတိုင်းတွေဟာ တော်တော်လေး ခိုင်ခိုင်ခန့်ခန့် လုပ် ထားတယ်။ ဂိတ်နားရောက်လာယင် ပတ်စ်ပို့ကို စစ်မှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ လူတွေ ဘာတယောက်ကိုတယောက် မမှတ်မိကြဘူး။ ဒါပေမယ့် တပ်မတော် ထောက်လှမ်းရေး ယူနီဖောင်းနဲ့ဆိုယင် သူတို့သိပ်မစစ်ကြဘူး။ ဝင်ခွင့်ပြုလိုက်တာပဲ။ အထဲကိုရောက်သွား ပြီဆိုယင် အတွင်းဂိတ်ဆီသွားရသေးတယ်။ အတွင်းဘက်ကတော့သံဇကာတွေနဲ့ကာရံ ထားတယ်။ အစောင့်တွေဟာ ဂိတ်အတွင်းမှာနေကြတယ်။ တံခါးကတော့အမြဲပိတ်ထား တယ်၊ ပတ်စ်ပို့ကို စစ်ဆေးပြီးမှ အစောင့်တွေဟာ ဂိတ်တံခါးကိုဖွင့်ပေးတယ်"

"အစောင့်တွေဟာ ဂိတ်တံခါးကို တခါတည်း ဖွင့်ပေးတာလား"

မစ္စတာဂျန်က မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပူမနေပါနဲ့ မစ္စတာဂျန်။ ခင်ဗျားကို ကျုပ်တို့ပေးထားတဲ့ပတ်စ်ပို့ရော၊ စာရွက်စာတမ်းတွေပါ အခုလောလောဆယ် တပ်မတော်ထောက်လှမ်းရေး အထူးတပ်ဖွဲ့က သုံးတဲ့ပုံစံတွေပဲ။ အားလုံးစနစ်တကျ လုပ်ထားတယ်။ဘာမှမပူနဲ့"

ဗရန်နိုဗစ်ချ်က ရှင်းပြ၏။ ဂျန်လည်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။ ဗရန်နိုဗစ်ချ်ကပင် ဆက်လက်ရှင်းပြပြန်သည်။

"အထဲရောက်သွားတာနဲ့ လေယာဉ်ကွင်းကို ဖြတ်သွားရမယ်။ ခေါင်းပေါ်ပျံသန်းနေတဲ့ ဟယ်လီကော့ပတာတွေကို ဂရုမစိုက်ပါနဲ့။ ခင်ဗျားဝတ်ထားတဲ့ယူနီဖောင်းကြောင့် ခင်ဗျားကိုဘယ်သူမှ မစစ်ဆေးတော့ဘူး။ယူနီဖောင်းမြင်ယုံနဲ့ ခွင့်ပြုမှာပဲ။ အထဲမှာရှိတဲ့ အုပ်ချုပ်ရေးရုံး အဆောက်အအုံရောက်တာနဲ့ လေယာဉ်ရုံဘက်ကို တခါတည်းတန်းသွားပါ။ အဲဒီ လေယာဉ်ရုံထဲမှာ 'ဖိုင်းယားဖော့စ်' လေယာဉ်ရှိတယ်။ ခင်ဗျားရဲ့လုံခြုံရေးကပ်ပြားကိုတော့ ပြရတာပေါ့။ ဒါပေမယ့် ခင်ဗျားဟာ အတွင်းလုံခြုံရေးစခန်းကိုလျှောက်ဝင်သွားတယ်ဆိုယင်ပဲ ဘယ်သူမှ ခင်ဗျားကို သံသယရှိကြမှာ မဟုတ်ပါဘူး"

ဗရန်နိုဗစ်ချ်က ရှင်းပြလိုက်ရသဖြင့် ကျေနပ်သွား၍ ပြုံးနေလေသည်။ ပြီးတော့-

"အထဲရောက်တာနဲ့ အချိန်မဖြုန်းဘဲ ပိုင်းလော့အခန်းထဲဝင်သွားရမယ်။ အဲဒီအချိန်ဆိုယင် ဘယ်ပိုင်းလော့မှ မရှိသေးဘူး"

"ပိုင်းလော့တာဝန်ခံ ဗော့စကောရော"

ဂျန်က စိတ်ဝင်စားစွာဖြင့် မေးလိုက်၏။

"အဲဒီအချိန်ဆိုယင် သူအိပ်နေမှာပဲ"

ကရှက်ရှင်နေ့က ဝင်ပြောလိုက်၏။

"ဗော့စကော့ဟာ ကေ-ဂျီ-ဘီ တာဝန်ခံတွေနဲ့ အခြားအထက်တန်း အရာရှိတွေနေတဲ့ အိမ်ယာစခန်းတွေမှာ အိမ်ရထားပါတယ်"

"ဒါပေမယ့် ပိုင်းလော့အခန်းကို မလာဘူးလား"

"လာတော့လာတာပေါ့။ အဲဒီအချိန် ထမင်းစားချိန်ဆိုတော့ ထမင်းစားချင်စားနေမယ်။ ထမင်းစားပြီးလို့ ခဏ အိပ်ချင်အိပ်နေမယ်"

ဗရန်နိုဗစ်ချ်တို့က လေယာဉ်ရုံထဲမည်သို့မည်ပုံ ဝင်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောပြ၏။ ဂျန်လည်း စိတ်ပါဝင်စားစွာ နားထောင်သည်။ သို့ရာတွင် အချို့အချက်အလက်တို့မှာ စိတ်ထဲ သိပ်ရှင်းလင်းခြင်းမရှိသေး။ အထူးသဖြင့် လေယာဉ်တွင် တပ်ဆင်ထားသော ယန္တရားအကြောင်းပင်။ ထို့ကြောင့် မစ္စတာဂျန်က မျက်လုံးကလေး မှေးယင်း မေးလိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦးဗျာ၊ လေယာဉ်မှာ တပ်ဆင်ထားတဲ့ ဒုံးပျံလက်နက်အကြောင်း၊ ကွန်ပျူတာနဲ့ ရေဒါတို့အကြောင်းတွေ ရှင်းပြပါဦး။ ကျွန်တော် ကောင်းကောင်း မရှင်းသေဘူး"

× × ×

မီထရီဗရေ့ဗင် နှင့် အလက်ဇီးသော်ယက် တို့သည် ခင်မင်ရင်းနှီးကြသော မိတ်ဆွေများ မဟုတ်ကြသော်လည်း တစ်ဦးကိုတစ်ဦး သိခဲ့ကြသည်။ သူတို့သည် သင်တန်းအတူတူ တက်ခဲ့ကြ၏။ အရာရှိငယ်ဘဝကလည်း အတူတကွ လက်တွဲ လုပ်ကိုင်ခဲ့ဖူး၏။ ဗရေ့ဗင် မှာ ပညာဉာဏ်စွမ်း ကောင်းပြီး ဝီရိယ ကြီးသူတစ်ဦး ဖြစ်သောကြောင့် ရာထူးတိုးမြှင့် ခံရပြီး ကေ-ဂျီ-ဘီ ၏ အထူးတပ်စိတ်ဖြစ်သော အမ် (M) ဌာနစိတ်တွင် တာဝန် ထမ်းဆောင်ရ၏။ သူသည် ဗိုလ်မှူးကြီး ကွန်တာစကီး၏ လက်ထောက်ဖြစ်သည်။

သော်ယက်မှာလည်း ခေသူတစ်ယောက်မဟုတ်။ မှတ်ဉာဏ်ကောင်းပြီး အဖြစ်အပျက်တစ်ခုကို အကြောင်းအကျိုး ဆက်စပ်တတ်သော ဉာဏ်စွမ်းရှိသဖြင့် ကေ-ဂျီ-ဘီ ဌာနစိတ်တစ်ခုဖြစ်သော မော်စကိုမြို့ ရဲဌာနသို့ ပြောင်းရွှေ့ခန့်ထားခံရသည်။ သော်ယက်သည် ရဲဌာနစိတ်တွင် နိုင်ငံရေးဆိုင်ရာ မှုခင်းများကို စုံစမ်းထောက်လှမ်းရသူ ဖြစ်သည်။

သို့ရာတွင် သူတို့နှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် မနာလိုတတ်၏။ တစ်ဦးပေါ်တစ်ဦး အပြိုင်ဖြစ်နေကြသည်။ ယခုတော့ သူတို့နှစ်ယောက်သည် ဗဟို ကွန်ပျူတာဌာန၏ ခန်းမတစ်ခုတွင် ဆုံတွေ့ကြသည်။ သာကြောင်း၊ မာကြောင်းနှင့် ပြောဆိုနှုတ်ဆက်ကြသည်။ သူတို့၏ မိသားစုအကြောင်း၊ သူတို့၏ အထက်အရာရှိ အကြောင်းလည်း စကားလက်ဆုံကျကြသည်။ လက်ရှိသူတို့ စုံစမ်းထောက်လှမ်းနေရသော အမှုအခင်းအကြောင်းလည်း ပြောဆိုဆွေးနွေးကြသည်။

သူတို့နှစ်ယောက်မှာ တိုက်တိုက်ဆိုင်ဆိုင်ပင်။ အမှုတစ်ခုတည်းနှင့် ပတ်သက်သော အကြောင်းအရာနှင့် ဗဟိုကွန်ပျူတာသို့ ရောက်လာကြ၏။ သူတို့အချင်းချင်း ဆွေးနွေးရာတွင် သူတို့လက်အောက် အရာရှိငယ်များ လျှင်မြန်ဖြတ်လတ်သည့် အကြောင်း၊ သူတို့အထက်အရာရှိမှာလည်း သဘောထားပြည့်ဝသည့် အကြောင်း ပြောဆိုကြ၏။

သူတို့နှစ်ယောက်စလုံး လီနင်တက္ကသိုလ်မှ ထောက်လှမ်းရေးပညာဘွဲ့ ရထားသူများဖြစ်ကြသည်။ စုံစမ်းထောက်လှမ်းရာတွင် အလွန်တော်ကြသည့် ထောက်လှမ်းရေး သူများဖြစ်ကြသည်။ ဗရေ့ဗင်သည် ကုလားထိုင်တစ်လုံးတွင်ထိုင်ယင်း ဆေးလိပ် သောက်နေကြ၏။ သော်ယက်ကတော့ မစ္စတာအော်တွန်နှင့်ပတ်သက်၍ ကွန်ပျူတာမှ



www.burmeseclassic.com

www.burmeseclassic.com



မည်သို့အဖြေထွက်ကြောင်း စိတ်မောစွာဖြင့် စောင့်နေလေ၏။ ဤတွင် ဗရေ့ဗင်က -

"အခုလို ဌာနတွေ ခွဲခြားထားတာဟာ ထောက်လှမ်းရေးလုပ်ငန်းတွေမှာ ဘယ်လောက်နှောင့်နှေးတယ်ဆိုတာ လူကြီးတွေ သဘောမပေါက်တာ ခက်တယ်ရဲဘော်"

သော်ယက်သည် ဗရေ့ဗင်၏ စကားကြားရသောအခါ သဘောတူသည့်အနေဖြင့် ပြုံးနေမိ၏။ ပြီးတော့မှ -

"ဟုတ်တယ်၊ ရဲဘော်ပြောတာမှန်တယ်။ အခုတို့ကိုပဲကြည့်တော့။ တို့နှစ်ယောက် စလုံးဟာ နိုင်ငံခြားသူလျှိုကို စုံစမ်းနေကြတယ်။ ဒါပေမယ့် တိကျတဲ့အဖြေ တို့မရသေးဘူး။ ဟုတ်တယ်မဟုတ်လား"

တို့နှစ်ယောက်သား ဘာမှဆက်မပြော။ တိတ်နေကြ၏။ ဗရေ့ဗင်မှာ ဆေးလိပ်ရှည်ကို ညှိသောက်နေပြန်သည်။ သူတို့၏ ဗဟိုကွန်ပျူတာဌာနသည် ပြည်ပသူလျှိုများကို ထိန်းချုပ်ရန်အတွက် ဖွဲ့စည်းထားသည့် ဌာနစိတ်တစ်ခုဖြစ်၏။ အကြောင်းအရာတစ်ခုကကို ကွန်ပျူတာဖြင့် အဖြေရှာပါက လွယ်လွယ်နှင့် အဖြေထွက်မလာ။ အချိန်အတော်ကြာ၏။ ဤသည်ကိုပင် ဗရေ့ဗင် မကျေနပ်။ သူ့တပ်မှူး ဗိုလ်မှူးကြီး ကွန်တာစကီးလည်း ဘဲလ်ယာဒ်စခန်းသို့ ပြန်သွားလေပြီ။ သို့ရာတွင် သူ့တပ်မှူး ပြောကြားခဲ့သည့်စကားကို နားထဲကြားလျက်ပင်။

"ဗရေ့ဗင်၊ ကလက်ဇူးနော့ ဆိုတဲ့လူ ဘယ်ရောက်နေလဲ။ ထရပ်ကားတော့ မှောက်သွားပြီ။ ပါပေါ့ တစ်ယောက်တည်း သေနေတာကို တွေ့ရတယ်။ ကလက်ဇူးနော့ ဘယ်ရောက်နေလဲ။ ဒီကိစ္စချက်ချင်းစုံစမ်းပါ"

ဗရေ့ဗင်သည် သူ့တပ်မှူး မှာကြားခဲ့သည့် စကားကို သတိရနေ၏။ အကယ်၍ ကွန်ပျူတာမှ အဖြေမရပါက သူ့အနေနှင့် ဆက်လက်စုံစမ်းရမည်။ မည်ကဲ့သို့ စုံစမ်းရပါသနည်း။ သူ့အဖို့ သေရေးရှင်ရေးပင် ဖြစ်နေတော့သည်။ ဗရေ့ဗင်သည် စဉ်းစားယင်း သော်ယက်ကို ကြည့်နေမိသည်။

"ဟုတ်ပြီ"

သော်ယက်က အားရကျေနပ်စွာဖြင့် ပြောလိုက်သည်။

"ရဲဘော် ကျုပ်တို့ရဲ့ ကွန်ပျူတာက ရှာပေးလိုက်တဲ့ အဖြေဟာ ကျုပ်သိချင်တဲ့ အဖြေပဲ။ ကျုပ်အမြင်နဲ့ ပြောရယင် မစ္စတာအော်တွန်ဟာ အသက် မသေသေးဘူးလို့ပဲ ကျုပ်ယူဆတယ်"

သော်ယက်၏ စကားကြားရသောအခါ ဗရေ့ဗင်အဖို့ အထူးအဆန်းလို ဖြစ်နေသောကြောင့် အံ့အားသင့်ကာ မျက်ခုံးမွေးများပင် အပေါ်သို့တက်နေ၏။ ထိုနောက် သော်ယက်ကို မေးလိုက်လေသည်။

"ဒါဖြင့် သူဘာကြောင့် သေချင်ယောင်ဆောင်နေသလဲ"



www.burmeseclassic.com

www.burmeseclassic.com



သော်ယက်သည် စဉ်းစားသည့်အနေဖြင့် ခဏမျှ တိတ်ဆိတ်နေပြီးမှ -

"သူဟာ မူးယစ်ဆေးဝါးမှောင်ခိုသမားတစ်ယောက်အနေနဲ့ အယောင်ဆောင်ပြီး မော်စကို ကို ရောက်လာတယ်။ ဒီတော့ မစ္စတာအော်တွန်ဆိုတဲ့ မူးယစ်ဆေးဝါးမှောင်ခိုသမားကို ဆေးဝါးမှောင်ခိုယင်း သူ့ကို သတ်ပစ်လိုက်ပြီလို့ဆိုပြီး ခြေရာဖျောက်လိုက်တာပဲ။ ဒါကြောင့် အခုသေသွားတဲ့လူဟာ လွန်ခဲ့သော (၂) ရက်က မော်စကိုလေဆိပ်ကို ရောက်လာတဲ့ မစ္စတာအော်တွန်တော့ မဖြစ်နိုင်ဘူး။ ကျုပ်တို့ ထောက်လှမ်းရေးအဖွဲ့ကိုလှည့်စားလိုက်တာပဲဖြစ်ရမယ်"

ဗရေ့ဗင်သည် ခေါင်းတညိတ်ညိတ်နှင့်နားထောင်နေ၏။ ပြီးတော့မှ ဘယ်တုန်းကရောက်လာသလဲ' ဟု မေးလိုက်၏။

"နှစ်ရက်လောက်ကပါ"

"သူဘယ်တုန်းကသေသလဲ"

သူ့အသံမှာ အံ့အားသင့်နေသဖြင့် တုန်နေသလိုဖြစ်နေ၏။ သို့ရာတွင် သော်ယက်၏ပြောဆိုချက်ကို သူ့အနေနှင့် ယုံကြည်မှုမရှိပေ။

"အဲ့ဒီညမှာပဲသေတယ်"

"သတ်တဲ့လူရော မိထားသလား"

"မစ္စတာအော်တွန်နဲ့ အဆက်အသွယ်ရှိတဲ့လူ၊ မစ္စတာအော်တွန်သွားလာဖူးတဲ့ နေရာတွေကို အားလုံးစုံစမ်း ထောက်လှမ်းပြီးပြီ။ ဒါပေမယ့်သဲလွန်စဘာတခုမှမရဘူး"

"ဒါဖြင့်ယင် ဘယ်သူသတ်သွားလဲ"

"အဲ့ဒါကြောင့်ခက်နေတာပေါ့။ သတ်တဲ့လူလဲ ဘယ်သူမှန်းလဲမသိဘူး။ သေတဲ့လူလဲ ဘယ်သူမှန်းလဲမသိဘူး။"

"နေစမ်းပါဦး၊ ခင်ဗျားကဘာကိုပြောနေတာလဲ"

"ကျုပ်စောစောကပြောတဲ့အတိုင်းပဲ၊ သေသွားတဲ့လူဟာ မစ္စတာအော်တွန်မဟုတ်ဘူး။ လွန်ခဲ့တဲ့ (၂) ရက်က ဘီ-အို-အေ-စီ လေယာဉ်နဲ့ ဗြိတိသျှသံရုံးက ပတ်စ်ပို့နဲ့လူ ဟုတ်ကိုမဟုတ်ဘူး"

"ဒါဖြင့်ယင် သေတဲ့လူရော၊ သတ်တဲ့လူရော ဘယ်သူများ ဖြစ်နိုင်မလဲ"

သော်ယက်သည် ပြုံးနေမိ၏။ သူ့မျက်နှာလည်း ပျော်ရွှင်နေသည်။ ပြီးတော့မှ-

"ဒါကြောင့်အဖြေမှန်သိအောင် ကွန်ပျူတာနဲ့ ကျုပ်တို့စစ်ဆေးနေပြီမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဗရေ့ဗင်လည်း ခေါင်းတညိတ်ညိတ်နှင့်-

"ဒါဖြင့်ယင် လူစားနဲ့သေခိုင်းတာပဲလို့ ခင်ဗျားပြောချင်တာပေါ့၊ ဟုတ်လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"အကြောင်းက တချက်ပဲရှိတယ်။ လွန်ခဲ့တဲ့ (၂) ရက်လောက်ကရောက်လာ သူဟာ စပိုင်ပဲ။ မူးယစ်ဆေးဝါးရောင်းဝယ်တဲ့ လူတယောက်အနေနဲ့ အယောင်ဆော ပြီး ဝင်လာတယ်။ ပြီးတော့ ခြေရာဖျောက်တဲ့သဘောနဲ့သေပြီလို့ လုပ်လိုက်တာပဲ"

ဗရေ့ဗင်သည် ဘာမှမပြော။ အတန်ကြာစဉ်းစားနေ၏။ သူ့မျက်နှာမှာ အားသင့်သည့်လက္ခဏာ ဖုံးလွှမ်းထားသည်။

"လူသတ်သမားတွေက ဘာဖြစ်ကြသေးလဲ"

"အားလုံးထွက်ပြေးသွားပြီ။ မိမှမမိဘဲ"

"ဘယ်ကိုထွက်ပြေးသွားသလဲ"

"အခင်းဖြစ်တဲ့နေရာနဲ့ အနီးဆုံးဘူတာရုံကိုပေါ့"

"ပြီးတော့ဘယ်ကိုရောက်သွားကြသလဲ"

"ခြေရာဖျောက်နေကြတယ်။ ရဲတွေရော၊ လုပ်သားပြည်သူတွေကပါ အော်တွ ကို စိတ်မဝင်စားကြဘူး"

"အခု ကျုပ်တို့လည်း စပိုင်တစ်ယောက်ကိုရှာနေတယ်။ အဲဒီ စပိုင်ကတော့ ဒီမနက်ပဲ မော်စကိုကနေ ထရပ်ကားနဲ့ မနက်စောစောက ထွက်သွားတယ်။ သိပြီ၊ သိပြီ"

ဗရေ့ဗင်သည် ပြောယင်း ခေတ္တရပ်နေ၏။

"နေစမ်းပါဦး၊ လွန်ခဲ့တဲ့ရက်သတ္တပတ် (၂) ပတ်လောက်က မော်စကိုကို ရောက်လာတဲ့ လူတစ်ယောက် မှတ်တမ်းတင်ထားတာရှိသလား။ အဲဒီလူဟာ မော်စကို ကိုရောက်နေတာ အတော်ကြာပြီ။ ဘယ်လိုလုပ်ပြီး မော်စကိုမြို့မှာနေ နေရသလဲ၊ မော်စကို ကိုရောက်လာတဲ့ ဗြိတသျှစပိုင်၊ ဒါမှမဟုတ် အမေရိကန် စပိုင်တိုင်းကို ရိုက်ကူး ထားတဲ့ မှတ်တမ်းတင်ဓာတ်ပုံ ကျုပ်တို့ဆီမှာ ရှိတယ်မဟုတ်လား"

"မဟုတ်သေးဘူးလေ၊ ကျုပ်တို့ မစ္စတာအော်တွန်ကို ရှာနေတယ် မဟုတ်လား အခု ရဲဘော်ပြောတဲ့ စပိုင်ဆိုတဲ့လူရော၊ ဘယ်ရောက်နေသလဲ"

သော်ယက်ကမေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘဲလ်ယာဒ်စခန်းရောက်နေတယ်လို့ ကျုပ်တို့ယူဆတယ်"

"ဘုရားရေ၊ ဘဲလ်ယာဒ်စခန်းထဲရောက်နေပြီ၊ ဟုတ်လား"

"အဲဒီလူဟာ ရုပ်ဖျက်ပြီး စခန်းထဲ ရောက်တယ်လို့ ယူဆထားတယ်"

"ဘာအကြောင်းနဲ့ ဘဲလ်ယာဒ်စခန်းထဲ ရောက်နေတာလဲ"

"အဲဒါတော့ မသိဘူးဗျာ၊ လေယာဉ်တွေကိုပဲ ဖောက်ခွဲပစ်ဖို့လား"

နှစ်ယောက်သား တိတ်နေကြ၏။ သော်ယက်သည် ဗရေ့ဗင်မျက်နှာကို ကြည့်လိုက်သည်။ စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်းတို့သည် ဗရေ့ဗင်၏ မျက်နှာကို ဖုံးလွှမ်းထားကြောင်း သော်ယက်သတိပြုမိ၏။ ထိုနောက် -

တံခါးခေါက်သံကြားရသည်။

"ဝင်လာပါ"

ဗရေ့ဗင် က အမိန့်ပေးလိုက်၏။

အရာရှိငယ်တစ်ယောက် ဝင်လာ၏။ သူ့လက်ထဲတွင် ဓာတ်ပုံများကိုင်ထားသည်။ အရာရှိငယ်သည် ဗရေ့ဗင် ဘေးတွင် ရပ်ယင်း လေးစားစွာဖြင့် ပြောလိုက်၏။

"ဗိုလ်မှူးတို့ ရှာခိုင်းတဲ့လူ မတွေ့ဘူး"

"မတွေ့ဘူး၊ ဟုတ်လား"

"ဟုတ်ကဲ့ မတွေ့ဘူး။ အမေရိကန်စပိုင်၊ ဒါမှမဟုတ် ဗြိတိသျှစပိုင်တွေရဲ့ အမှုတွဲထဲမှာ ဒီလူကို မတွေ့ရဘူး"

ဗရေ့ဗင်သည် မျက်မှောင်ကြုတ်ပြီး-

"ဒါဖြင့်ယင်"

"အခု ကျွန်တော်တို့ ပြန်ပြီးစိစစ်နေတယ်။ ပလက်စတစ်ဖုံးပြီး ရုပ်ဖျက်တာ မဟုတ်ဘဲ အပြင်အဆင်နဲ့ ရုပ်ဖျက်ထားတဲ့ပုံတွေကို ကျွန်တော်တို့ ပြန်စစ်ဆေးနေပါတယ်။ ကွန်ပျူတာနဲ့ပဲ ပြန်စစ်ဆေးနေပါတယ်။ ရုပ်ဖျက်ထားယင် နဂိုမူလရုပ်ပေါ်တဲ့ အထိ စိစစ်ရမယ်။ ဒီတော့ အချိန်နည်းနည်းကြာမယ်"

အရာရှိငယ်က သူတို့၏ လုပ်ငန်းအကြောင်းကို အထက်တန်းအရာရှိ နှစ်ယောက်အား ရှင်းပြနေသည်။ သို့ရာတွင် ဗရေ့ဗင်မှာ မကျေနပ်။ ထို့ကြောင့် မျက်မှောင်ကုတ်ပြီး -

"ရဲဘော်တို့ဟာ စိစစ်ပြီးသား ဖြစ်ရမှာပေါ့။ အခုမှစစ်ဆေးတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေးဘူး။ ဘာဖြစ်လို့ စောစောက မလုပ်သလဲ"

အရာရှိငယ် ဘာမှမပြော။ ဓာတ်ပုံများကို စားပွဲပေါ် ချထားပြီး အခန်း ထွက်ရန် ဟန်ပြင်လိုက်၏။ ဗရေ့ဗင်လည်း ဓာတ်ပုံများကို ငေးကြည့်နေမိသည်။

"ဘယ်လောက်ကြာမလဲ"

သော်ယက်က ကောက်ကာငင်ကာ မေးလိုက်သည်။

"အတိအကျတော့ ပြောလို့မရဘူး"

"ဘာဓာတ်ပုံတွေ့ကြည့်နေလဲ ဟေ့လူ"

သော်ယက်သည် မကျေနပ်သည့် လေသံဖြင့် ဓာတ်ပုံများကို ကြည့်နေသော ဗရေ့ဗင်အား လှမ်းပြောလိုက်သည်။ သူသည် ဓာတ်ပုံများတင်ထားသော စားပွဲဆီ လျှောက်လာပြီး ဓာတ်ပုံများကို ကြည့်လိုက်သည်။ ဗရေ့ဗင်ကတော့ တစ်ပုံပြီးတစ် ကြည့်နေ၏။ သော်ယက်လည်း ဗရေ့ဗင်ကြည့်နေသော ဓာတ်ပုံကို လှမ်းကြည့်နေ ဓာတ်ပုံတစ်ပုံတွေ့သောအခါ ရုတ်တရက်ကောက်ယူလိုက်ပြီး ပြုံးရွှင်စွာပြောလို လေသည်။

"ဟ ဒါအော်တွန်ပုံပဲ။ ကြည့်ပါလား။ နှုတ်ခမ်းမွေးနဲ့ မျက်မှန်လည်းတ ထားတယ်။ သူပဲ၊ သူပဲ"

ဗရေ့ဗင်လည်း ဓာတ်ပုံကို ငေးကြည့်နေမိ၏။ တံခါးခေါက်သံကြားရပြန်သည် တံခါးပွင့်လာပြီး ဟိုလိုကော့ဝင်လာ၏။ ဟိုလိုကော့သည် ဗိုလ်မှူးနှစ်ယောက်အာ အလေးပြုပြီး မတ်မတ်ရပ်နေသည်။

"ဘာလဲဟေ့"

သော်ယက်က မေးလိုက်သည်။

"ဌာနချုပ်က ဖုန်းလာတယ်။ ဖီလီပေါ့ ဆိုတဲ့ဂျူးဟာ ဗြိတိသျှသံရုံးနဲ့ အဆက် အသွယ်ရှိတယ်"

"ဘာ"

"ဟုတ်တယ်၊ အပန်းဖြေ စခန်းကနေ သူဖုန်းဆက်လိုက်တာကို ကျွန်တော်တို့ ဖုန်းနဲ့ ဖမ်းထားတယ်။ အခု သူ့ကို ခေါ်ပြီး ထိန်းထားတယ်"

သော်ယက်သည် ဘာမှမပြော။ ဟိုလိုကော့ ကို ငေးကြည့်ပြီး ဟိုလိုကော့ ပြောဆိုနေသော သတင်းကို စဉ်းစားနေသည်။ ထို့နောက် သူသည် ဗရေ့ဗင် ဘက် လှည့်ပြီး . . . . .

www.burmeseclassic.com



ကျုပ်တို့ရှာဖွေနေတဲ့ ပြဿနာဟာ သဲလွန်စတော့ရပြီ။ ဒီသစ္စာဖောက် ဖီလီပေါ် ဆိုတဲ့ ကောင်ဟာ မစ္စတာအော်တွန် ကိုသိမှာပဲ။ အော်တွန်ဟာ ဘာကြောင့် ဘဲလ်ယာဒ် ခန်းကိုသွားတယ်။ ကျုပ်တို့ စုံစမ်းနေတဲ့ လူဟာ ဘယ်သူလဲဆိုတာ ဒီကောင်သိရမယ်။ ဟဲ . . . ရဲဘော် ဗရေ့ဗင် တရားခံကိုတော့ ကျုပ်တို့လက်ထဲမိထားပြီ။"

ဗရေ့ဗင် သည်အားရကျေနပ်စွာဖြင့် ပြုံးပြီး . . . . .

"ကဲ . . . ရဲဘော် ကားစောင့်နေတယ်။ သွားကြရအောင် ကျုပ်လည်း ရဲဘော် နဲ့လိုက်သွားမယ်။ ဖြစ်တယ်မဟုတ်လား။"

သော်ယက်လည်း ပြုံးလျှက် . . . . .

"ဖြစ်တာပေါ့ဗျာ . . . လာ . . . သွားမယ်။"

သူတို့ အခန်းမှ ထွက်သွားစဉ် လူဝကြီး ဟိုလိုကော့လည်း သူတို့နောက် လိုက် ထွက်သွား၏။

"တရားခံတော့ မိပြီ"

ဗရေ့ဗင် သည် မြူးထူးစွာဖြင့် ပြောရင်း သော်ယက် ပခုံးဖက်ကာ အခန်းမှ ထွက်သွားလေသည်။

\+ \+ \+

ဗရေ့ဗင်သည် လက်တစ်ဖက် တယ်လီဖုန်းကိုင်ထားရင်း သော်ယက်စားပွဲနား တွင်ရပ်နေလေ၏။ သူသည် ဗဟိုလျှို့ဝှက်သင်္ကေတဌာနမှ သူ့အား ပြန်ကြားလာမည့် အကြောင်းကို စောင့်နေသည်။ တယ်လီဖုန်းကို ကိုင်ထားရင်း ဒဏ်ရာ၊ ဒဏ်ချက်ဖြင့် ပါးစပ်တွင် သွေးထွက်ကာ ကုလားထိုင်၌ ထိုင်နေသော ဖီလီပေါ့ မျက်နှာမှာ စုတ်ပြနေပြီး ပါးစပ်မှာလည်း သွေးထွက်နေ၏။ ခါးတွင်လည်း ဒဏ်ရာရထားသည်။ ပါးစပ်မှ ထွက်လာ သော သွေးတို့သည် မေးရိုးပေါ် စီးဆင်းလာ၏။ မျက်ခုံးတွင်လည်း စုတ်ပြဲပြီး မျက်လုံး များ ဖွင့်မရလောက်အောင် ဖူးယောင်နေသည်။ သူ့နှာခေါင်းလည်း ဟိုလိုကော့၏ လက်သီးဒဏ်ကြောင့် ဖူးယောင်နေ၏။

သော်ယက်အခန်းသို့ ပြန်ရောက်သည့်အခါ ဖီလီပေါ့ကို ကုလားထိုင်တစ်လုံး တွင် ထိုင်ခိုင်းပြီး ဟိုလိုကော့က သေနတ်ဖြင့် အနားတွင် စောင့်နေသည်။

အချိန်မှာ သန်းခေါင်ကျော်ပြီ ဖြစ်၏။

သော်ယက်သည် ဖီလီပေါ့အား အထူးစိတ်ဆိုးနေသည်။ အဘယ်ကြောင့် ဆိုသော် ဖီလီပေါ့သည် သစ္စာရှိသော ရဲဘော်တစ်ယောက်ဟု သူယုံကြည်ခဲ့သည်။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



သစ္စာဖောက်တစ်ယောက်ဖြစ်နေကြောင်း သိရသောအခါ ဒေါသထွက်မိသည်။ ချက်ချ
ပင် သတ်ပစ်ချင်လောက်အောင် ဒေါသထွက်နေလေသည်။

ဇရေ့ဇင်ကတော့ သူ့တပ်မှူး ဗိုလ်မှူးကြီး ကွန်တာစကီးထံ သတင်းပို့ရအုံးမည်
ထရပ်ကားပေါ်တွင် လိုက်ပါသွားသူမှာ စပိုင်တစ်ယောက် ဖြစ်ကြောင်း သတင်းပို့ရ
အထူးအရေးကြီးနေသည်။ ဖီလီပေါ့ကို စစ်ဆေးသောအခါ ထရပ်ကားပေါ်ပါသွားသူ
စပိုင်တစ်ယောက်ဖြစ်ကြောင်း သိခဲ့ရ၏။ ဇရေ့ ဇင်အနေဖြင့် သူ့တပ်မှူး ဗိုလ်မှူးကြီ
ကွန်တာစကီးထံ တစ်နာရီခွဲတွင် သတင်းပို့ရအုံးမည်။ ဖီလီပေါ့သည် ဗြိတိသျှ စပိုင်တ
ဦးဖြစ်၏။ ကေ-ဂျီ-ဘီ အကြောင်းစုံကိုလည်း ဗြိတိသျှ သံရုံးမှ ယဉ်ကျေးမှု အရာ
မစ္စတာ လင်ဆင်ကို ပြောပြခဲ့ပြီးဖြစ်သည်။

ဗိုလ်မှူးကြီး ကွန်တာစကီးသည် ဇရေ့ဇင် ပေးပို့လာခဲ့သော သတင်းကို စိတ်
စားခြင်းမရှိ။ ဖီလီပေါ့ ဟူသော သဏ္ဍာန်ကိုလည်း သူ့မျက်စိတွင် ပေါ်မလာ။ သူ့မျက်
ထဲမြင်ယောင်နေသည့်အရာမှာ ထရပ်ကားပေါ် ပါသွားသော သူကိုသာ မျက်စိထဲ မြ
ယောင်နေမိ၏။ ဂေါ်ဂီနှင့် ကာဇန် တာဝေးလမ်းမစခန်းမှ ပေးပို့ခဲ့သော မစ္စတ
အော်တွန်၏ ရုပ်ပုံကိုသာ သူစိတ်ဝင်စားနေသည်။

ယခုတော့ ဗိုလ်မှူးကြီးကွန်တာစကီးသည်လည်းကောင်း၊ မီထရီဇရေ့ဇင်သည်
လည်းကောင်း ဘဲလ်ယာဒ်စခန်းထဲသို့ မနုသဖုံးသည် မည်သည့်အချိန်တွင် ပေါက်
မည်ကို သူတို့မခန့်မှန်းနိုင်ပေ။ မစ္စတာအော်တွန်နှင့် ပတ်သက်သော စာရွက်စာတ
အထောက်အထားများ၊ ဓာတ်ပုံများတို့ကို စုဆောင်း၏။ ကွန်ပျူတာဌာနမှ ပေးပို့ခဲ့သေ
ဓာတ်ပုံများကိုလည်း ထပ်ခါတလဲလဲ စစ်ဆေးကြည့်ရှုနေသည်။

အခုလောလောဆယ်မှာ ဇရေ့ဇင် ပေးပို့ခဲ့သည့် သတင်းကိုစွပင်၊ လျှို့ဝှက်
ဓက်တဖြင့် ပို့ခဲ့သည့်သတင်းမှာ လန်ဒန်မြို့နှင့် ဝါရှင်တန်မြို့ရှိ ကေ-ဂျီ-ဘီ များထံ
အမေရိကန် စီ-အိုင်-အေ ထိပ်တန်း ထောက်လှမ်းရေးမှူးများ ဗြိတိသျှ အက်မ်-အိုင်
အက်စ် ထိပ်တန်း ထောက်လှမ်းရေးမှူးများ၏ စာရင်းတစ်စောင် ပြုစုပေးပို့ရန်ဖြစ်သည်
ယခု ဘဲလ်ယာဒ်စခန်းသို့ ရောက်ရှိနေသော စပိုင်မှာ မည်သူဖြစ်နိုင်မည်နည်
ဆိုသည့်အချက်ကို စိစစ်ရန်ဖြစ်၏။

ထို့အပြင် အမေရိကန်ထိပ်တန်း ထောက်လှမ်းရေးမှူးများနှင့် ဗြိတိသ
ထောက်လှမ်းရေးမှူးတို့သည် မည်သည့်အချိန်တွင် ထောက်လှမ်းရေးဌာန ချုပ်
ရောက်လာကြပြီး မည်သည့်အချိန်တွင် ပြန်လည်ထွက်ခွာသွားကြကြောင်းလည်း သူ
၏ လှုပ်ရှားမှုအခြေအနေပါ သတင်းပို့ရန် အမိန့်ထုတ်ထားသည်။

သော်ယက်သည် ဖီလီပေါ့ကို စိုက်ကြည့်နေမိသည်။ မစ္စတာအော်တွန် ဟူသေ
စပိုင်ကို သူသိလိမ့်မည်ဟု သော်ယက်ထင်နေသည်။ ဂလက်ဖူးနော့ ဆိုသည့်လူသည်
မည်ကဲ့သို့သော လူဖြစ်မည်နည်း။ သူတို့အတွက် အဓိကအရေးကြီးနေသည့်အချက်မှ
ဘဲလ်ယာဒ်စခန်းသို့ ရောက်နေသော စပိုင်သည် မည်ကဲ့သို့သော လူစားမျိုး ဖြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



သနည်း။

ထိုနောက် ဗရေ့ဗင်က သော်ယက်ဘက်လှည့်ပြီး စိတ်ဝင်စားစွာဖြင့် ပြောလိုက်၏။

"ဒီမှာရဲဘော် ကျုပ်တို့တစ်ခုလုပ်စရာရှိသေးတယ်။ ဘာလည်းဆိုတော့ အနောက်နိုင်ငံက ထောက်လှမ်းရေးမှူးတွေဟာ ဘယ်ထောက်လှမ်းရေးမှူးက ကျုပ်တို့ရဲ့ ဘဲလ်ယာဒ်စခန်းစီမံကိန်းကို စိတ်ဝင်စားသလဲ။ ဘယ်သူတွေက စိတ်ဝင်စားမှု မရှိသလဲ ဆိုတာ စိစစ်ဖို့လိုသေးတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဘဲလ်ယာဒ်စခန်းကို ရောက်နေတဲ့ စပိုင်ဟာ တော်တော်ရှားတဲ့ စပိုင်ဗျာ။ သူတို့ဆီက ထိပ်တန်းထောက်လှမ်းရေးမှူး တစ်ယောက်သာ ဖြစ်ရမယ်။ ဒါကြောင့် ကျုပ်တို့ဟာ ဒီဇပိုင်ကို ချက်ချင်းမိဖို့လိုနေတယ်"

"ဟုတ်တယ်။ ရဲဘော်ပြောတာမှန်တယ်"

"ဒီတော့ ကျုပ်တို့ဘာကြောင့် ဒီလူကို မမိတာလဲ။ ဒီလူဘယ်ရောက်သွားတာလဲ"

"ဒီလူဟာ ထိပ်တန်း ထောက်လှမ်းရေးမှူး တစ်ယောက်ဖြစ်ချင်လည်း ဖြစ်မယ်။ ဒါမှမဟုတ် ထောက်လှမ်းရေးမှူးမဟုတ်ဘဲ သာမန်လူလည်း ဖြစ်ချင်ဖြစ်မယ်"

"အခု ဘဲလ်ယာဒ်စခန်းကို ရောက်နေတဲ့ စပိုင်ဟာ ထိပ်တန်းစပိုင်ပဲ။ သည်စပိုင်လာပုံဟာ အတော်ပိရိတယ်။ ကျုပ်တို့ဆီက ဖီလီပေါ့လို လူစားကို အသုံးချပြီး ထိုးဖောက်ဝင်လာတယ်။ ပြီးတော့ ထရပ်ကားမောင်းသွားတဲ့ ပါပေါ့ကိုလည်း အသုံးချသွားတယ်။ ဒီအချက်တွေကို ပြန်လည်စိစစ်ကြည့်ဖို့လိုတယ်။ ဗြိတိသျှ တွေဟာ စစ်ဆင်ရေး တစ်ရပ်ကို ဆင်နွှဲမယ်ဆိုယင် အင်မတန် စေ့စပ်သေချာတယ်။ ပိုင်မှလုပ်တဲ့ လူစားမျိုး။ ဒီတော့ ဒီကိစ္စပေါ့နေလို့ မဖြစ်ဘူး"

သော်ယက်က သူ၏ ထင်မြင်ချက်ကို အားရပါးရ ပြောပြနေ၏။ ဗရေ့ဗင်ကတော့ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။ ပြီတော့မှ ဗရေ့ဗင်က -

"ကျုပ်တို့ဆီ ရောက်နေတဲ့စပိုင်ဟာ ဗြိတိသျှ ထောက်လှမ်းရေးမှူး ဒါမှမဟုတ် အမေရိကန်ထောက်လှမ်းရေးမှူး လောကက လာတဲ့သူတော့ မဟုတ်နိုင်ဘူး။ တစ်ခြားလုပ်ငန်း တစ်ခုခုကလာတဲ့လူပဲဖြစ်ရမယ်။ ဒီလူဟာ ဘဲလ်ယာဒ်စခန်းမှာ တည်ဆောက်နေတဲ့ လေယာဉ်ကို ခိုးလေ့လာဖို့လာတဲ့ လူပဲဖြစ်ရမယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျုပ်သိထားသလောက်တော့ အမေရိကန်တွေဟာ အာကာသမှာ ကျုပ်တို့ ရုရှားတွေလောက် ဖွံ့ဖြိုးတိုးတက်မှုမရှိသေးဘူး။ ဆယ်နှစ်လောက်နောက်ကျနေတယ်။ ကျုပ်တို့ဆီက သစ္စာဖောက် ဗိုလ်ငယ်စကီး မောင်းပြေးတဲ့ မစ် (၂၅) လေယာဉ်ကို သူတို့ စစ်ဆေးပြီးကတည်းက လေယာဉ်တည်ဆောက်ရေးလုပ်ငန်းမှာ သူတို့ နောက်ကျ ကျန်နေတယ်ဆိုတာ သူတို့ သိကြတယ်"

ဗရေ့ဗင်သည် သော်ယက်နှင့် နှစ်ကိုယ်ကြားမျှ ပြောဆိုနေ၏။ အနားတွင်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေကြသော ဖီလီပေါ့နှင့် ဟိုလိုကော့တို့နှစ်ယောက်ကို မကြားစေချင်။ သော်ယက်လည်း ဇရေ့ဇင် ပြောဆိုချက်ကို သဘောတူသည်။ ထို့ကြောင့် သော်ယက် က -

"ဟုတ်တယ်။ ရဲဘော်ပြောတာမှန်တယ်"

"ဒါဖြင့်ယင် ဘဲလ်ယာဒ်စခန်းကနေ သံရုံးတွေမှတဆင့် ဝါရှင်တန် သို့မဟုတ် လန်ဒန်ကို လျှို့ဝှက်သတင်းပို့တဲ့အခါ ကျုပ်တို့လုံခြုံရေးတပ်ဖွဲ့တွေ အထူးစိစစ်နေ လိုတယ်။ အမေရိကန် ဗြိတိသျှတွေဟာ ကျုပ်တို့ရဲ့ ဘဲလ်ယာဒ်စခန်းစီမံကိန်းကို အထ သိချင်မှာပဲ။ ဓာတ်ပုံတွေ ပုံစံပြာတွေ ခိုးပို့မယ်။ ဒါကြောင့် ကြားဖြတ်လမ်းကနေ စော ခမ်းဖို့ လိုတယ်"

"အခုစပိုင်ဟာ ပါရဂူတစ်ယောက်မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တာပေါ့"

ဇရေ့ဇင်၏ အသံမှာ တိုးတိုးလေးပင် ပြောလိုက်သည်။ ပြီးနောက် -

"အခုစပိုင်ဟာ လေယာဉ်ပါရဂူတစ်ယောက် ဖြစ်နိုင်တယ်။ လုပ်ငန်းတွေ ကြည့်ရုံနဲ့ ဘယ်လိုလုပ်နေတယ်ဆိုတာ ပြောပြနိုင်တဲ့လူဖြစ်ရမယ်"

"ဟုတ်တယ်၊ ရဲဘော်ပြောတာမှန်တယ်။ လေယာဉ်ပါရဂူတစ်ယောက် ဖြစ်နိုင်တယ်"

သူတို့နှစ်ယောက် အတန်ကြာတိတ်နေကြ၏။ ပြီးတော့ ဇရေ့ဇင်ကပင် ဖီလီပေါ့ကို ကြည့်ပြီး-

"ဘဲလ်ယာဒ်စခန်းကို ရောက်နေတဲ့စပိုင်ကိုတော့ ဖီလီပေါ့ သိမှာမဟုတ်ဘူး ထင်တယ်"

"သူသိရမှာပေါ့ဗျာ။ ဒီကောင့်ကို ကျုပ်စစ်ဆေးစရာရှိသေးတယ်"

ဇရေ့ဇင်က ပခုံးတွန့်ပြယင်း ပြေလိုက်၏။

"ရဲဘော်သဘောပဲ။ ဒါပေမယ့် ဗဟိုကွန်ပျူတာဌာနချုပ်ကိုတော့ ကျုပ်မေးစရာ ရှိတယ်။ အမေရိကန်နဲ့ အင်္ဂလန်နိုင်ငံက လေယာဉ်ထုတ်လုပ်တဲ့ ကုမ္ပဏီတွေအကြောင်း မေးရအုံးမယ်။ အဲဒီက အဖြေမလာခင်တော့ ဖီလီပေါ့ကို စစ်လားဆေးလား မလုပ်ပါနဲ့ဦး"

"အဲဒါဆို အတော်ကြာမှာပေါ့"

"သိပ်မကြာပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီနိုင်ငံတွေမှာ လေယာဉ် ထုတ်လုပ်တဲ့ကုမ္ပဏီသိပ်မရှိပါဘူး။ ဘဲလ်ယာဒ်စခန်းကို ဘယ်ကုမ္ပဏီက ပါရဂူ လွှတ်လိုက်တယ်ဆိုတာ သိရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ရဲဘော်သဘောပဲ။ ဖုန်းဆက်ပါ"

ဗရေ့ဗင်သည် ဗဟိုကွန်ပျူတာဌာနသို့ ဖုန်းဆက်ရန် ဖုန်းကောက်ကိုင်လိုက်လေ၏။

\+ + +

ဆလိုက်မီးက သူ့အပေါ် ထိုးထား၏။ ဆလိုက်မီးအလင်းရောင်ကြောင့် မျက်စိကြိမ်းကာ ကောင်းစွာမမြင်ရပေ။ သို့ရာတွင် သူသည် ရဲဝန့်စွာပင် လျှောက်ဝင်သွား၏။ မီးရောင်ထိုးထားသဖြင့် သဲသဲကွဲကွဲ မမြင်ရဘဲ လျှောက်ဝင်သွားရသည်။ သူ့ခြေလှမ်းများက တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်နေ၏။ သူ့ရင်မှာလည်း ခုန်နေ၏။ သို့ရာတွင် သူသည် အားယူကာ လျှောက်ဝင်သွားသည်။ သူ့နဖူးမှ ချွေးများစို့ထွက်နေ၏။ သူ့ကျောပြင်တွင် ချွေးစို့နေလေပြီ။ လက်များလည်း တုန်နေသည်။ သူ့မှာရုတ်တရက် ကြောက်နေမိ၏။ သူ့ခြေလှမ်းများ လေးလံလာသလားလို့ ထင်မိသည်။ ခုတော့ သူ့မှာ လေယာဉ်တွင် ပျံသန်းရသည်ထက်ပင် တုန်လှုပ်ချောက်ချားနေ၏။

"မိမိကိုယ်ကိုစစ်ဆေးပါ"

ရုတ်တရက် အသံတစ်သံကြားလိုက်ရသဖြင့် မစ္စတာဂျန်မှာ ခြေလှမ်းများပင် ရပ်ဆိုင်းသွားမတတ်ဖြစ်ရမိ၏။ သို့ရာတွင် ဣန္ဒြေမပျက်ရန် သတိထားနေရသည်။ သူသည် တဖြည်းဖြည်းနှင့် ဂိတ်တံခါးသို့ လျှောက်သွားသည်။ အစောင့်တစ်ယောက်က သူ့ကို သေနတ်ဖြင့် ချိန်ထား၏။

"မိမိကိုယ်ကို စစ်ဆေးပါ"

အစောင့်ရဲဘော်က အော်ပြောလိုက်သည်။

"မိမိကိုယ်ကို စစ်ဆေးပါရဲဘော်"

သူသည် ခြောက်သွေ့သော အသံဖြင့် ပြန်အော်လိုက်၏။ သတိထားမိပါက သူ့အသံမှာ တုန်နေလေသည်။

အစောင့်ရဲဘော်သည် သူ့အား အလေးပြု၏။ ဤအချက်သည် သူလိုချင်သော အချက်ပင်။ တပ်မတော်ထောက်လှမ်းရေးအရာရှိတစ်ယောက်အနေနှင့် သူ့ကို လေးစားရမည်။ ထိုနောက် မစ္စတာဂျန်သည် အဝါရောင်ကဒ်ပြားတစ်ခု ထုတ်ပေးလိုက်၏။ အစောင့်ရဲဘော်လည်း လှမ်းယူပြီး စစ်ဆေးကြည့်သည်။

ဂျန်မှာ ကြောက်ရွံ့နေ၏။ သို့ရာတွင် ကြောက်ရွံ့နေခြင်းကို ဖုံးကွယ်ရန်အတွက် စီးကရက်တစ်လိပ် ထုတ်သောက်လိုက်သည်။ သူသည် ဆေးလိပ်သောက်နေစဉ် ဂိတ်အနေအထားကိုလည်း လေ့လာအကဲခတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇီတ် (၆) ခန့်၏၊ ဝိတ်နေရာတိုင်းတွင် ဆလိုက်မီးမျှော်စင်ရှိပြီး သံဆူးကြိုးဖြင့် ကာရံထားသည်။ မှောင်ရီတည်း၌ ဝင်ပေါက်ထွက်ပေါက်ရှိသည်။ အပေါက်နားတွင် အမြဲတမ်းအစောင့် ကေ-ဂျီ-ဘီ အရာရှိနှစ်ယောက် ရပ်စောင့်နေသည်ကိုလည်း ဂျန်တွေ့ရသည်။ သတ်မှတ်ထိုင်ခုံ အစောင့်ရဲဘော်များလည်း ကင်းတဲထဲတွင် ရှိကြသည်။ သူတို့၏ သေနတ်များက သူ့ကို ချိန်ရွယ်ထားသလားဟု ထင်ရ၏။ ဝင်ပေါက်ထွက်ပေါက် အနားကပ်သည်၌ စစ်သားနှစ်ယောက် ရပ်စောင့်နေကြ၏။ ကင်းတဲနောက်တွင် လူ (၆) ယောက်ရှိနေကြသည်။ ၎င်းအထဲမှ လူတစ်ယောက်က ကဒ်ပြားကိုစစ်ဆေးနေ၏။ မစ္စတာဂျန်လည်း ထိုသူများဝတ်ထားသော ယူနီဖောင်းအင်္ကျီ၊ တပ်ထားသောကြယ်သီးတို့ကို အကဲခတ်စစ်ဆေးကြည့်၏။ အစောင့်ရဲဖော်များမှာ ကေ-ဂျီ-ဘီ တပ်ဖွဲ့ဝင်များဖြစ်ကြသည်။ သူဟန်ဆောင် ပါဝင်ထားသည့်တပ်မတော် ထောက်လှမ်းရေးအဖွဲ့မှ တစ်ဦးတစ်ယောက်မျှမပါ။ ထို့ကြောင့် သူတို့အတွက် ထိုသူများအဖို့ မျက်နှာစိမ်းဖြစ်နေလေ၏။

"ဗိုလ်ကြီး ဘာကြောင့်ဂိတ်ပြင်ဘက် ရောက်နေပါသလဲခင်ဗျား"

မစ္စတာဂျန်မှာရုတ်တရက်မို့ ဘာပြန်ပြောရမှန်းမသိပဲ ခေတ္တကြောင်နေ၏။ ပြီးတော့မှ-

"ရဲဘော်၊ ရဲဘော်ထမ်းဆောင်ရမယ့် တာဝန် ရဲဘော်ရဲ့အထက်လူကြီးများက အမိန့်ပေးထားတယ်။ ကျုပ်လဲကျုပ်ထမ်းဆောင်ရမယ့်တာဝန်ကို အထက်ကကျုပ်ကို အမိန့်ပေးထားတယ်။ အခုအခြေအနေရဲဘော် သိတယ်မဟုတ်လား။ ကျုပ်တို့ဘဲလ်ယာဒ်စခန်းမှာ ရန်သူစပိုင်တစ်ယောက် ရောက်နေတယ်လို့သတင်းရတယ်။ ဟုတ်တယ်မဟုတ်လား"

ဂျန်သည် ရဲဘော်မျက်နှာကိုကြည့်ကာ ပြုံးနေမိ၏။ ထို့နောက် ရဲဘော်ကိုပြောလိုက်ပြန်သည်။

"ဒီအကြောင်းတွေ ရဲဘော်မသိဘူးလား"

အစောင့်ရဲဘော်သည် ခေတ္တတိတ်နေ၏။ ထိုနောက် ဗိုလ်ကြီးဂျန်အား ကြည့်ပြီး-

"ဟုတ်ကဲ့ခင်ဗျား ကျွန်တော်တို့မှာလဲ တက်လှန့်ထားတယ်"

"ကောင်းပြီ ရဲဘော်ကိုပြောချင်တာက ခွေးတစ်ကောင်ယူထားပါ၊ ပတ်ဝန်းကျင်မှာရှိတဲ့ သစ်ပင်တွေကိုလဲ ဂရုစိုက်ပါ"

မစ္စတာဂျန်သည် ရဲဘော်ကို အကဲခတ်ကြည့်နေ၏။ သူသည် ကင်းစခန်းထဲရှိ အစောင့်ရဲဘော်အားလုံးကိုလည်း လေ့လာလိုက်သည်။ ပတ်ဝန်းကျင်အခြေအနေကိုလည်း လေ့လာလိုက်၏။ ကင်းစခန်းမှထွက်ခွာရန် ဟန်ပြင်လိုက်သည်။ အစောင့်ရဲဘော်လည်း သတိအနေအထားနှင့် ဆလံပေးအလေးပြုလိုက်ပြီးနောက်-



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ခင်ဗျား၊ ဗိုလ်ကြီးအကြံပေးတာ ကျေးဇူးတင်ပါတယ်"

ဂျန်လည်း ပြန်လည်ဆလံပေးပြီး ပြုံးလျက်လှည့်ထွက်လာ၏။ ထိုနောက်ကင်းတဲထဲမှ ရဲဘော်တစ်ယောက်ဆင်းလာပြီး ဂိတ်တံခါးမကြီးဆီသို့လျှောက်သွား၏။ အရာရှိတစ်ယောက် အထဲဝင်ရန် ခွင့်ပြုကြောင်း အကြောင်းကြားရန်အတွက် ဖြစ်သည်။ ဂျန်လည်းရင်ထဲတုန်လှုပ်စွာဖြင့် ဂိတ်စခန်းမှ တစ်လှမ်းချင်းလှမ်းထွက်လာသည်။

ဂျန်သည်ဂိတ်တံခါးသို့ရောက်လာ၏။ တံခါးမှာပိတ်ထားလျက်ပင်။ ဂိတ်အနားတွင် သေနတ်ကိုင်ပြီး ရပ်နေသောရဲဘော်က သူ့ကိုစိုက်ကြည့်နေ၏။ ဂိတ်တံခါးနောက်တွင် ကင်းတဲတစ်ခုရှိ၏။ ကင်းတဲမှ တပ်ကြပ်တစ်ယောက်က အချက်ပြလိုက်သဖြင့် ရပ်နေသောရဲဘော်သည် ဂိတ်တံခါးကို ဖွင့်ပေးလိုက်သည်။ ဂျန်သည် တံခါးပွင့်လာသည့်နှင့် အထဲဝင်သွားပြီး သူ့ပတ်စ်ပို့ကိုပြလိုက်သည်။ ထိုနောက် သောက်လက်စဆေးလိပ်တိုကို ပစ်ချကာ မီးသေသွားရန်ဖိနပ်ဖြင့် နင်းလိုက်လေ၏။

သူသည် ဘာမှမပြောဘဲ ရပ်စောင့်နေ၏။ ပတ်ဝန်းကျင်းကိုလည်း လေ့လာအကဲခတ်နေ၏။ သူ့ပတ်စ်ပို့ကို စစ်ဆေးနေသူမှာ သူကဲ့သို့ အရာရှိတစ်ယောက်ဖြစ်ကြောင်း ဂျန် သတိပြုမိသည်။

စစ်ဆေးပြီးစီးသွား၏။ ဂိတ်တံခါးပွင့်သွားသည်။ တံခါးမှာ သိပ်မကြီးပါ။ နှစ်ထပ်ဂိတ်ဖြစ်၏။ လူတစ်ယောက်ထွက်ရုံလောက်သာ အပေါက်ကျယ်သည်။ ဂျန်သည် ခေါင်းတညိတ်ညိတ်နှင့် လက်နောက်ပစ်ကာအပေါက်မှ ထွက်သွားလေ၏။ သူထွက်သွားသည်နှင့် ဂိတ်တံခါးပြန်ပိတ်လိုက်သည်။ သူသည် ဂိတ်ကိုပြန်လှည့်မကြည့် ဂရုမစိုက်သည့်အနေနှင့် ထွက်သွား၏။ သူသည်လေယာဉ်ရုံတည်ရှိရာ လမ်းအတိုင်း လျှောက်သွားလေ၏။ ခုတော့ ဂိတ်မှအစောင့်ရဲဘော်များလည်း သူ့ကိုသတိရကြတော့မည် မဟုတ်ပေ။ သူသည်လမ်းလျှောက်သွားယင်းရှေ့ဆက်ဆောင်ရွက်ရမည့် အချက်အလက်တို့ကို စဉ်းစားလျက်ရှိ၏။ ကျောပြင်မှချွေးများထွက်လာသဖြင့်ရှပ်အင်္ကျီတစ်ထည်လုံးချွေးစိုကာ ကြပ်တည်းနေ၏။ သူ့ နားသည် သူ၏နှလုံးခုန်သံကို ကြားနေရသည်။

သူသည် လမ်းကြားကိုဖြတ်ပြီး လမ်းမဘက်သို့ ချိုးဝင်သွာ၏။ လမ်းကိုမျှော်ကြည့်မိသည်။ ရှေ့တွင်ရှိသော အဆောက်အအုံကိုလည်း ငေးကြည့်မိ၏။ ခြေလှမ်းခပ်လေးလေး ရင်တစ်ထိတ်ထိတ်နှင့် လျှောက်သွားလေသည်။

ရုတ်တရက် အမိန့်ပေးအော်သံတစ်ခု ကြားလိုက်ရ၏။ ဂျန်သည် ရပ်ပြီးအမိန့်ပေးသံလာရာသို့ကြည့်ယင်း ဆောင်းထားသောဦးထုပ်ကို လက်ဖြင့်စမ်းသပ်ကိုင်ထား၏။ သူ့ ဆီသို့ လူတစ်ယောက်လျှောက်လာနေသည်ကို တွေ့ရ၏။ ထိုသူရောက်လာသောအခါ ဂျန်ကပတ်စ်ပို့ ကဒ်ပြားကို လှမ်းပေးလိုက်ပြီးအခြေအနေကို အကဲခတ်ကြည့်နေ၏။ ထိုသူလည်း ပတ်စ်ပို့ကဒ်ပြားကို မြင်ရသောအခါ ဂျန်ကိုမစစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



တော့။ သွားနိုင်ပြီဟူသော အကြည့်မျိုးဖြင့်ကြည့်ရာ ဂျန်လည်း ဆက်လက်လျှောက်သွား သည်။

ကိုက်တစ်ရာလောက်လျှောက်သွားမိသောအခါ လေယာဉ်ရုံဝင်းအဝတွင်ရှိသော ဂိတ်ကိုတွေ့ရသည်။ လေယာဉ်ရုံထဲတွင် ခပ်မှိန်မှိန် မီးရောင်ကိုလည်း လှမ်းမြင်ရသည်၊ အလုပ်လုပ်နေကြသော အသံဗလံများကိုလည်းကြားရသည်။ လေယာဉ်ရုံဝင်ပေါက် ပွင့်နေ၏။ ဂျန်သည်လျှောက်လာရသော်လည်း စိတ်ထဲတုန်လှုပ်ချောက်ချားလျက်ပင်။ သူ့ ခြေလှမ်းများတခပ်ဆိုင်းဆိုင်း။

သို့ရာတွင် သူသည် လေယာဉ်ကိုမောင်းပြေးရမည့် တာဝန်ကိုတော့မမေ့။ ယခုကဲ့သို့လေယာဉ်ရုံထဲရှိ အသံဗလံကြားရပြီး မီးရောင်များကိုတွေ့ရသောအခါ ဖိုင်းယားဖော့စ် လေယာဉ်ကိုသတိရလာ၏။ ဖိုင်းယားဖော့စ်၏နှာခေါင်းသည် ခပ်ပြေပြေမော့တက်နေပြီး သူ့ ကိုပင်ပြေးတိုက်တော့မလိုလိုဖြစ်နေသည်ကိုတွေ့ရလေသည်။ လေယာဉ်ကိုပွတ်တိုက်နေသူ တစ်ဦးကိုလည်း ဂျန် တွေ့ရ၏။ လောင်စာဆီတိုင်ကီမှာ ငွေရောင်လွှမ်းကာ ဖွေးလက်နေသည်။ အပေါက်ကြီးနှစ်ပေါက်ကလည်း အိုးမည်းသုတ်ထားလေသလား ဟု ထင်ရလောက်အောင် မည်းနက်နေ၏။ လေဝင်ပေါက်လည်းရှိ၏။

ထိုနောက်မစ္စတာဂျန်သည် တစ်ဘက်သို့လှည့်ပြီး ထွက်သွား၏။ လေယာဉ်ရုံတွင် စခန်းချထားသော လုံခြုံရေးတပ်ဖွဲ့၏ရုံးအဆောက်အဦး၌ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်ကိုတွေ့ရသည်။ သူသည် အဆောက်အအုံဘက်သို့လျှောက်သွား၏။ တံခါးတွင်စောင့်နေသော ရဲဘော်က ကတိအနေအထားနှင့် ရပ်နေပြီး အရာရှိတစ်ယောက်ကို လေးစားသည့်သဏ္ဌာန်ဖြင့် မတ်မတ်ရပ်နေသည်။ မည်သည့်အစောင့်ရဲဘော်ကို ဂရုမစိုက်သည့်ဟန်ဖြင့် ခြေလှမ်းမှန်မှန်လျှောက်ဝင်သွားသည်။ ရဲဘော်တစ်ယောက်က တံခါးဖွင့်ပေး၏။ ဂျန်သည် ဘဲလ်ယာဒ်စခန်းလုံးခြုံရေးတာဝန်ခံ ဗိုလ်မှူးကြီးကွန်တာစကီးနှင့်တည့်တည့်ပင်တိုးနေတော့သည်။ သူသည် သတိအနေအထားဖြင့် ဆလံပေးအလေးပြုလိုက်၏။ ဗိုလ်မှူးကြီးကွန်တာစကီးမှာ အရပ်ပုပုပြတ်ပြတ်ကြန့်ခိုင်သော ခန္ဓာကိုယ်ပိုင်ရှင်တစ်ဦး ဖြစ်သော်လည်း သူ့ မျက်နှာနှင့် မျက်လုံးတို့မှာ စိုးရိမ်သောကဗျာပါဒများ ဖုံးလွှမ်းထားသည်။

ဗိုလ်မှူးကြီးကွန်တာစကီးက ဂျန်ကိုကြည့်ယင်း-

"ဘယ့်နဲ့လဲ ဗိုလ်ကြီး"

ဂျန်က ဗိုလ်မှူးကြီး၏မားကွက်ကို သိလိုက်လေ၏။ ဗိုလ်မှူးကြီးကိုသတင်းပို့ရန်ဟန်ပြင်ရပ်နေလိုက်၏။ ဗိုလ်မှူးကွန်တာစကီး၏ နောက်တွင်ဗိုလ်မှူး တာနစ်ရပ်နေသည်။ ဗိုလ်မှူး တာနစ်သည် သံသယမျက်လုံးဖြင့် သူ့ အားကြည့်နေသည်ကို ဂျန်သတိပြုမိ၏။

သူသည်လူသစ်ဖြစ်၏။ မနေ့ကမှစခန်းသို့ရောက်လာသော တပ်မတော်



www.burmeseclassic.com

www.burmeseclassic.com



...သုမ်းတပ်အဖွဲ့မှ အရာရှိဖြစ်သည်။ ဘဲလ်ယာဒ်စခန်းသို့သူရောက်လာကြောင်း ...ရာစာရွက်စာတမ်းနှင့် သူ့ ဓာတ်ပုံတို့ကို ဗိုလ်မှူးတာနစ်တွေ့ခဲ့ပြီဖြစ်၏။ ဂျန်သည် ...ကြီးတို့ရပ်နေသော နေရာသို့လျှောက်သွားပြီး-

"ဗိုလ်မှူးကြီးခင်ဗျား၊ ဗိုလ်မှူးကြီးအမိန့်မပါဘဲ ဂိတ်အဝင်ဝမှာခွေးတွေချထားဖို့ ...ရဲဘော်တွေကို ကျွန်တော်အမိန့်ပေးခဲ့ပါတယ်။ ဒါမှလည်း သူစိမ်းတွေကိုစုံစမ်းဖို့ ...ယ်"

ဂျန်သည် အသံကိုသတိထားပြီး ဗိုလ်မှူးကြီးအားပြောပြ၏။ သူ့ ရင်မှာတော့ ...လျက်။ ဗိုလ်မှူးကြီးသည် ခေါင်းတညိတ်ညိတ်နှင့်ကြည့်ယင်း-

"ဗိုလ်ကြီး အကြံမဆိုးဘူး၊ ကောင်းတယ်"

ဗိုလ်မှူးကြီးသည် ပြန်လည်ဆလံပေး၏။ သူ့ လက်မှာ လက်အိတ်စွပ်ထား ...ဂျန်သည် ဗိုလ်မှူးတာနစ်ကိုဆလံပေးလိုက်ပြန်၏။ ဗိုလ်မှူးတာနစ်လည်းပြန်လည် ...ပေး၏။ ဗိုလ်မှူးတာနစ်ကတော့ဘာမှမပြော။ ပြုံးရုံသာပြုံးနေသည်။ ဗိုလ်မှူးကြီးထံ ...သောအကြံဉာဏ်သည် ဗိုလ်မှူးကြီးသဘောကျကြောင်း ဂျန်သတိပြုမိ၏။ သူတို့ ...က် ဂျန်ကို ကျော်ဖြတ်သွားသည်။ နှစ်ယောက်သား လျှောက်သွားစဉ် ဗိုလ်မှူးကြီး ...စကား ပြောဆို သွားသည့်စကား ဂျန်ကြားလိုက်ရ၏။

"ဗိုလ်မှူးရေ ကုန်စုံဆိုင်ရောင်းတဲ့ဒါကော့ကိုဖမ်းထိန်းထားယင်းကောင်းမယ် ...တယ်၊ ကျုန်တဲ့အကောင်တွေက စခန်းအတွင်းမှာပဲရှိတော့ လုံခြုံရေးအတွက် စိတ်ချ ...၊ ဘယ့်နဲ့လဲ"

ဂျန်သည် အမှတ်မထင် ကြားလိုက်ရသော စကားကြောင့် စိတ်ထဲချောက်ချား ...၊ သူသည် ဂိတ်တဲခါ းထဲသို့ ဝင်သွားသည်။ အစောင့်ရဲဘော်မှာ သတိအနေ ...ဖြင့် ရပ်လျက်ရှိ၏။ ခုတော့ သူသည် ဖိုင်းယားဖော့စ် လေယာဉ်နှင့် ကိုက် (၁၀၀) ... ဝေးတော့သည်။ သူ့မှာ ကြောက်လန့်နေသဖြင့် မျက်နှာပင် ရှုံ့တွန့်နေ၏။ ...လည်း ဟန်မပျက် လျှောက်ဝင်သွားသည်။ ဂိတ်တွင်ရှိနေကြသော ရဲဘော်များ ...ကို ကြည့်ကာ-

"ဗိုလ်ကြီး နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"ဗိုလ်ကြီးကို ကြည့်ရတာ တစ်မျိုးပဲ။ အရက်ရှိတယ် သောက်မလား"

"နေပါစေကွာ ကျေးဇူးတင်ပါတယ်"

ဂျန်သည် ဂိတ်မှ အမြန်ဆုံးထွက်လာရန် လိုအပ်၏။ သူ့ကို မေးသော ...အား ကျေးဇူးတင်သည့်အနေဖြင့် ကြည့်လိုက်သည်။ ထိုနောက် ဂျန်သည်



www.burmeseclassic.com

www.burmeseclassic.com



ကော်ရက်တာဘက်လျှောက်သွားသည်။ သူခြေခံက ခပ်ပြင်းပြင်း။ ဘောက် ဘောက်နှင့် မြည်ဟိန်းနေ၏။ သူသည် အရာရှိ စားသောက်ခန်းဘက်သို့ လှေခါးတစ်ခုတွေ့ရသည်။ အရာရှိစားသောက်ခန်းမမှ တဆင့် ပိုင်းလော့များ သော ခန်းမသို့ သွားရသည်။

လှေခါးမှ တက်သွားစဉ် ကုန်စုံဆိုင်ရောင်းသူ ဒါကော့၏ ကံကြ သတိရမိသည်။ ဘုရားသခင် ကယ်မနိုင်ပါစေဟုလည်း ဂျန်တစ်ယောက် ဆုတော မိသည်။ လက်တွင်ပတ်ထားသော နာရီကို ကြည့်လိုက်၏။ (၃) နာရီ မထိုးသေး။ ပိုင်းလော့များ အနားယူသော ခန်းမဘက်သို့ လျှောက်သွားလေသည်။

\+ + +

အော်ဗရေး၏ ခန်းမတွင် လူ (၅) ယောက် ရှိနေသည်။ နှစ်ယောက် အိုင်-အေ အဖွဲ့မှဖြစ်ပြီး ကျန်နှစ်ယောက်မှာ အက်စ်-အိုင်-အက်စ် အဖွဲ့မှ ဖြစ် နောက်တစ်ယောက်မှာ အမေရိကန် ရေတပ်မတော် စစ်ဆင်ရေးဌာနစိတ်မှ ဗိုလ် ကာတင်ဖြစ်၏။ ဗိုလ်ချုပ်ကာတင်သည် ဖိုင်းယားဖော့စ် လောင်စာဆီဖြည့်ဆ အတွက် လိုအပ်သော အစီအစဉ်များ ပြုလုပ်နေသူဖြစ်သည်။ ဖိုင်းယားဖော့စ်ကို ပြေးလာသော ဂျန်ကို ကူညီရန်အတွက် ဗိုလ်ချုပ်ကာတင်သည် ဘာရန်ပင်လ တပ်စခန်းချထားသော ရေတပ်အုပ်စုသို့ ရောက်ရှိနေ၏။

ဗိုလ်ချုပ်ကာတင်သည် အသက် (၄၀) ပတ်ဝန်းကျင်မျှရှိ၏။ ကြံ့ခိုင ခန္ဓာကိုယ်ဖြင့် စစ်သားပီသသူတစ်ဦးဖြစ်သည်။ လေးထောင့်မျက်နှာထားရှိပြီး မှာ ပြာလဲ့လဲ့နှင့် ဆံတိုညှပ်ထားသောကြောင့် ကတုံးဆံတောက်ဖြစ်နေသည်။ ဗိုလ် ကာတင်သည် လျှင်မြန်ဖြတ်လတ်ပြီး တက်ကြွနေသူ တစ်ဦးဖြစ်သည်။

သူသည် ဘာရိန်ပင်လယ်ပြင်တစ်လျှောက် တည်ရှိနေသော ကျွန်းများ အထား၊ လျောကျလာသော ရေခဲတုံးကြီးများ၏ ရေစီးကြောင်းအနေအထားနှင့် အမေရိကန် ရေတပ်မတော် သွားလာလှုပ်ရှားသည့် နေရာများ၊ ဆိုဗီယက် ရေ တော် သွားလာလှုပ်ရှားသည့် နေရာများတို့ကို စိစစ်ခဲ့၏။ ယခုအခါ သူလေ့လာ ရှိချက်များကို အစီရင်ခံရန် ရောက်ရှိလာခြင်းပင်။ ဗိုလ်ချုပ်ကာတင်သည် ဂြိုဟ် ရိုက်ယူထားသော ရာသီဥတုပြ ဂရပ်ချ်မြေပုံပြာ တစ်စုံလည်း ယူလာသည်။ ထို ဆိုဗီယက်ရေပြင်ပေါ်တွင် ဖြစ်ပေါ်တတ်သော ရာသီဥတုအခြေအနေကို လေ့လာ ထွာထားသည့် ပုံစံပြာတစ်စုံလည်းပါသည်။ ၎င်းနောက် လေယာဉ်ဖြင့် ရိုက်ကူးထား ဒေသဆိုင်ရာ ရာသီဥတုအခြေအနေပြ ပုံစံပြာလည်း ယူလာသည်။ ရာသီဥတု တိုင်း သော ဂြိုဟ်တုမှ ရရှိထားသည့် ရလာဒ်များနှင့်တကွ ဒေသန္တရဆိုင်ရာ ရိုက်ကူးထား ဓာတ်ပုံများပါ ယူလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အော်ဗရေးက ဗိုလ်ချုပ်ကာတင် ယူလာသော ဓာတ်ပုံများ၊ ပုံစံပြာများကို ကြည့်ရှုနေ၏။ ၎င်းနောက် နံရံတွင် ကပ်ထားသော မြေပုံကိုလည်း ကြည့်နေပြန်

"ဘယ့်နဲ့လဲ မစ္စတာအော်ဗရေး၊ ပြည့်စုံရဲ့လား"

ဗိုလ်ချုပ်ကာတင် မေးမြန်းသော်လည်း အော်ဗရေးက ဘာမှပြန်မပြော။ င် စားပွဲဖြင့် ဂရပ်ချ်ပုံများကို ကြည့်နေ၏။ အမှန်စင်စစ် ဗိုလ်ချုပ်ကာတင်သည် ဟိုလ်နှင့် တိုင်ပင်နှီးနှောပြီးမှ-သူလေ့လာတွေ့ရှိချက်ကို တင်ပြ၏။ ဤသည်ကိုပင် ဗရေးက ဘဝင်မကျ။ ထောက်လှမ်းရေးလုပ်ငန်းတွင်ဖြစ်စေ၊ ထောက်လှမ်းရေး က် စစ်ဆင်ရေးလုပ်ငန်းတွင်ဖြစ်စေ အမေရိကန်ထောက်လှမ်းရေးမှူးများသည် ပ်ကို ပိရိသေသပ်မှု မရှိဟု အော်ဗရေးယူဆသည်။ လေးနက်စွာ ထောင့်ပေါင်းစုံကို ခေါ်ခြင်းမရှိဘဲ ပြုလုပ်တတ်သည်ဟု အော်ဗရေး ယုံကြည်လေ၏။

အော်ဗရေးသည် စားပွဲပေါ်တင်ထားသော လက်ဖက်ရည်ကို ယူသောက်၏။ းတစ်ခွန်းမျှမပြော။ ရှယ်လီက လက်ဖက်ရည်ငှဲ့ထည့်ပြန်၏။ အော်ဗရေးသည် ကိုသာ လေ့လာကြည့်ရှုနေ၏။

ဗိုလ်ချုပ်ကာတင်မှာတော့ ဘတ်ဟိုလ်နှင့်လက်ထောက် ထောက်လှမ်းရေးမှူး င်ဒါတို့နှင့်အတူ* ရေတပ်ဗိုလ်ချုပ်ကြီး ပီလီဆန် ဖုန်းဖြင့်ပေးပို့ခဲ့သည့် ရာသီဥတု င်းကို လေ့လာကြည့်ရှုနေကြ၏။ အမေရိက မြောက်ဘက်ကမ်းရိုးတန်းတွင် ဖြစ်ပေါ် သော ရာသီဥတုအခြေအနေကို ဗိုလ်ချုပ်ကြီးပီလီဆန်က အကြောင်းကြားခဲ့သည်။

ဗိုလ်ချုပ်ကာတင်သည် အော်ဗရေးကို ကြည့်ယင်း-

"ဘယ့်နဲ့လဲ"

မေးလိုက်၏။ ဘတ်ဟိုလ်က ဗိုလ်ချုပ်ကို ကြည့်နေမိသည်။ ဘတ်ဟိုလ်သည် က်ကျန် ကော်ဖီကို မော့သောက်ပြီး ကော်ဖီထပ်ဖြည့်ရန် အင်ဒါအား ကော်ဖီပန်းကန် မ်းပေးလိုက်သည်။ ပြီးတော့မှ 'ဒီစာအရတော့ မဆိုးဘူး' ဟု ဘတ်ဟိုလ်က ပြောလိုက်၏။

ဗိုလ်ချုပ်ကာတင်သည် လက်ညှိုးဖြင့် မြေပုံကို ထောက်ပြယင်း-

"ရာသီဥတုဟာ ဒီလိုပြောင်းလဲနိုင်တယ်"

"လွန်ခဲ့တဲ့ (၄) ရက်လောက်ကတော့ သာယာတယ် မဟုတ်လား"

"မသာယာဘူး။ ရာသီဥတုဆိုးလာဖွယ်ရှိတယ်"

"ဘယ်လောက်များ ဆိုးလာဖွယ်ရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခုဆို မြောက်ပိုင်းမှာရှိတဲ့ ရေခဲတုံးတွေဟာ အတောမသတ် စီးဆင်း တော့မှာ၊ မြောက်ပိုင်းက မျောလာတဲ့ ရေခဲတုံးတွေကြောင့် သင်္ဘောတွေလည်း ပင် ပြင်ဘက်ကို သိပ်မသွားကြဘူး။ ရေခဲတုံးခွဲတဲ့ ညျူကလီးယား သင်္ဘောလော လှည့်လည်ခုတ်မောင်းကြတယ်။ ဒီရာသီမှာ ဘာဖြစ်လို့ အမ်အိုင်ဂျီ (၃၁) လေယာ ခိုးဖို့စီစဉ်သလဲ"

"ဒါက ကျုပ်လည်းမပြောတတ်ဘူး။ အော်ဗရေးလုပ်တဲ့အလုပ်ပဲ"

မစ္စတာအော်ဗရေးသည် ဘာမှဝင်မပြော။ ငြိမ်ငြိမ်နားထောင်နေ၏။

"ဒါနဲ့ နေစမ်းပါဦး ဆိုဗီယက်တို့ရဲ့ လေယာဉ်ကို ခိုးဖို့ဆိုတာ ဖြစ်ပါမ ကျုပ်သိသလောက်တော့ ကေ-ဂျီ-ဘီ တွေလည်း ညံ့တဲ့လူတွေမှ မဟုတ်ဘဲ"

"အဲဒါတော့ ကျုပ်လည်းမပြောတတ်ဘူး။ ကျုပ်တို့ စီ-အိုင်-အေ အ ဒီကိစ္စမှာ ပံ့ပိုးကူညီတဲ့အဆင့်လောက်ပဲရှိတယ်။ ဒီကိစ္စမှာ အော်ဗရေးက စီစဉ်တ

လေယာဉ်ခိုးထုတ်ရေး စီမံကိန်းကို ဗိုလ်ချုပ်ကာတင်အနေနဲ့ အယုံအ သိပ်မရှိလှ။ ဤမျှခက်ခဲပြီး လက်တွေ့တွင် အကောင်အထည်ဖော်၍ မရနိုင် သူယုံကြည်နေ၏။ ရုရှားကမ်းရိုးတန်း၊ ဘာရိန်ပင်လယ်ပြင်နှင့် အာတိတ်သမုဒ္ဒရာအ ၌ ဆိုဗီယက်တို့၏ ရေတပ်လှုပ်ရှားနေကြသည်ကို ဗိုလ်ချုပ်ကာတင် ကောင်းစွာသိ ထို့အပြင် ကင်းထောက်သင်္ဘောလည်း အခါမလပ် လှည့်လည်သွားလာနေကြသ

ဗိုလ်ချုပ်ကာတင်သည် ဗန်းတွင်ရှိသော ကော်ဖီပန်းကန်ကို လှမ်းယူ သ

"ဒီစီမံကိန်းဟာ အောင်မြင်ပါ့မလား။ မော်စကိုကို သွားတဲ့ ေ သေတွင်းထဲ ခုန်ဆင်းတာနဲ့ မတူဘူးလား"

\+ \+ \+

ဘဲလ်ယာဗ်စခန်းရှိ လေယာဉ်ရုံနှင့် တွဲထားသော လုံခြုံရေးစခန်းသို့ ဗိုလ် ယူရီဗော့စတော့ ရောက်လာသည့်အချိန်မှာ နံနက် (၃) နာရီခွဲပြီဖြစ်၏။ ဗိုလ်မှူး ဗော့စတော့သည် ပိုင်းလော့များ အနားယူသည့်အခန်းသို့ တန်းသွားလေသည်။ သူ အခန်းထဲဝင်မိသည်နှင့် မီးခလုတ်ဖွင့်လိုက်သည်။ သို့ရာတွင် သူ့လက်သည် မီးခ ဆီသို့မရောက်မီ အလွန်ပြင်းသည့် အဆိပ်နံ့ကဲ့သို့ ဗိုလ်မှူးက ရှူမိသဖြင့် ဘုံး ကြမ်းပြင်ပေါ် လဲကျသွားသည်။ ဗိုလ်မှူးသည် သူ့ကို လုပ်ကြံသူ၏ မျက်နှာကိုပင် သူမ လိုက်မိ။ မစ္စတာဂျန်သည် ကြမ်းပြင်ပေါ် လဲကျနေသော ဗိုလ်မှူး ယူရီဗော့စတော့ ထောင့်တစ်ထောင့်သို့ ဆွဲသွားလေ၏။

ဂျန်သည် ဗိုလ်မှူး ယူရီဗော့စတော့ ဝတ်ထားသော ယူနီဖောင်း



www.burmeseclassic.com

www.burmeseclassic.com



...န်းကတန်းချွတ်ပြီး ဗိုလ်မှူး ယူရီဗော့စတော့၏ ခန္ဓာကိုယ်ကိုလည်း ထပ်ခါတလဲလဲ ...နေမိသည်။ သူသည် သွေးအေးအေးဖြင့် ဗိုလ်မှူး ယူရီဗော့စတော့ကို ...ကြဲခဲ့လေပြီ။ ဂျန်သည် သေနေသော ဗိုလ်မှူး ယူရီဗော့စတော့၏ မျက်နှာကို ငုံ့ကြည့် ...သည်။ အလောင်းကို မည်ကဲ့သို့ဖွက်ထားရပါမည်နည်း။

သူ့ဘောင်းဘီအိတ်ကို စမ်းလိုက်၏။ ဗရန်နိုဗစ်ချ် ပေးထားခဲ့သော သော့ကို ...သည်။ သူ့ဘောင်းဘီအိတ်ထဲမှ သော့ထုတ်ပြီး သံဘီဒိုကို လိုက်လံဖွင့်ကြည့်သည်။ ...ဘီဒိုထဲမှ ပိုင်းလော့ယူနီဖောင်းတစ်စုံ ထုတ်လာပြီး သေနေသော ဗိုလ်မှူး ယူရီဗော့ ...တော့အား ဝတ်ပေးလိုက်၏။ ဂျန်သည် သံဘီဒိုကြီးတစ်လုံးကို ဖွင့်လိုက်ပြန်၏။ ဘီဒို ...တွင်ရှိသော ပစ္စည်းများထုတ်လိုက်ပြီး သေနေသော ဗိုလ်မှူးယူရီဗော့စတော့၏ ခန္ဓာ ...ကိုဆွဲကာ ဘီဒိုထဲ ထည့်လိုက်သည်။ ဘီဒိုမှာ အတော်လေးကြီးသဖြင့် လူသေ ...လောင်းတစ်ကိုယ်လုံးဝင်ဆန့်၏။ ဂျန်သည် ဘီဒိုသော့ ခတ်လိုက်လေသည်။

ထိုနောက် ဂျန်သည် ဘီဒိုတစ်လုံးထပ်ဖွင့်ပြန်၏။ ၎င်းအထဲမှ ပိုင်းလော့အကျႌ ...စုံထုတ်ယူလာပြီး အကျႌကို အသေအချာ စစ်ဆေးကာ ဝတ်လိုက်၏။ ကံအားလျော် ...င် အကျႌမှာ သူ့ကိုယ်နှင့်အတော်ဖြစ်သည်။ ခုတော့ ဂျန်မှာ ပိုင်းလော့တစ်ယောက် ...နေလေပြီ။ တပ်မတော်ထောက်လှမ်းရေးမှ ဗိုလ်ကြီးတစ်ယောက်မဟုတ်တော့။ ...မတော်ထောက်လှမ်းရေး ယူနီဖောင်းကို ဘီဒိုထဲ ထည့်လိုက်၏။ အချိန်မှာ နံနက် ... နာရီ (၄၆) မိနစ် ရှိပြီးဖြစ်သည်။ ဂျန်မှာ ဂဏာမငြိမ်။ တုန်လှုပ်ချောက်ချားနေ၏။ ...သည် ဝတ်ထားသော ပိုင်းလော့အကျႌကို ငုံ့ကြည့်လိုက်၏။ တောက်ပြောင်နေသော ...ယ်သီးများသည် သူ့ကို လေယာဉ်ပေါ်သို့တက်ရန် ဖိတ်ခေါ်နေသလိုပင်။

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ငါး )

### ခေတ်သစ် ထောက်ပြား

ဗိုလ်မှူးကြီးကွန်တာစကီးသည် လက်တွင် ပတ်ထားသော ရွှေရောင်လက်
နာရီကို ကြည့်လိုက်၏။ (၄) နာရီ ထိုးပြီ။ သူသည် လေယာဉ်ရုံဂိတ်မကြီး
ရပ်နေသဖြင့် လေယာဉ်ရုံထဲ၌ သွားလာလှုပ်ရှားနေသမျှ လူအားလုံးကို ကောင်းစွာ
ရလေသည်။ ဂိတ်တွင်စောင့်နေကြသော ရဲဘော်များက သူ့ကို မြင်သည်နှင့် ကြောက်
ကာ သတိအနေအထားနှင့် အဆင်သင့် ရပ်နေကြသည်။ ထို့အပြင် လေယာဉ်
အစောင့် ရဲဘော်များလည်း သတိအနေအထားဖြင့် ရပ်နေကြသည်။ ရဲဘော်များသ
သူတို့၏ တာဝန်ကို ပိုမိုတိကျစွာ ဆောင်ရွက်ကြသည်။

သို့ရာတွင် သိပ္ပံပညာရှင်များနှင့် စက်မှုပညာရှင်များမှာ သူ့ကို ဂရုမစိုက်ကြ
သူရှိနေမှန်းပင် ထိုသူများက သတိမထားမိကြ။ သူတို့ သွားနေကျ၊ လာနေ
အနေအထားအတိုင်း သွားလာလှုပ်ရှားနေကြ၏။ ဗိုလ်မှူးကြီး ကွန်တာစကီးသ
ကရှက်ရှင်နော့ကို ကြည့်နေသည်။ ကရှက်ရှင်နော့သည် ဂရုမစိုက်သည့်အနေ
သူ့အနားတွင် ရှိနေသူ မမဲလ်လေ့ာစကီးအား စကားလှမ်းပြောလိုက်သေးသ
လေယာဉ် အမြီးပိုင်းတွင် ဒုံးလက်နက်ကို တပ်ဆင်ရန် စက်မှုပညာသည်များအ
ညွှန်ကြားနေသော ဗရန်နိုဗစ်ချ်ကို ဂျန်တွေ့ရသည်။

ဗိုလ်မှူးကြီးကွန်တာစကီးသည် လေယာဉ်နှင့်ပတ်သက်၍ မည်သည့် ဗဟုသ
မျှမရှိ။ လေယာဉ်တွင် တပ်ဆင်ထားသော ကွန်ပျူတာများအစွမ်းထက်မြက်ပုံ၊ ဒုံးပုံ
၏ စွမ်းရည်။ ရေဒါများ၏ စွမ်းရည်တို့နှင့်တကွ လေယာဉ်အစိတ်အပိုင်းများ အကြေ
တို့ကို သူလုံးဝမသိပေ။ ထောက်လှမ်းရေးပညာရပ်သာ ဗိုလ်မှူးကြီး သိ၏။ ထို့ကြေ
ဗိုလ်မှူးကြီးသည် လုံခြုံရေးအတွက် အစစအရာရာ သတိဝီရိယကြီးစွာဖြင့် စီစဉ်ထ
လေသည်။

ဗိုလ်မှူးကြီး ကွန်တာစကီးသည် လုံခြုံရေးကင်းစခန်းသို့ မကြာခဏ လှည့်လ
စစ်ဆေးတတ်၏။ ယင်းသို့စစ်ဆေးရာတွင် အစောင့်ရဲဘော်များနှင့် စကားပြောဆို ခဲ
သည်။ အစောင့်များမှာ လက်ရွေးစင် ရဲဘော်များ ဖြစ်ကြသည်။ ကင်းစခန်း
မရောက်မီကပင် သူတို့အား စနစ်တကျ သင်ကြားပေးခဲ့ပြီးဖြစ်သည်။ တကယ်စင်
သူတို့ကို စစ်ဆေးစရာပင်မလိုတော့။ ယခုကဲ့သို့ စစ်ဆေးခြင်းသည် အစောင့်ရဲဘော်မ
အပေါ် မယုံကြည်သလိုဖြစ်သည်။

ဗိုလ်မှူးကြီးသည် အဆောက်အအုံပြူတင်းပေါက်များမှ ထိုးထွက်နေသော
အလင်းရောင်ကွက်ကြားတို့ကို ကျော်ဖြတ်ကာ တံခါးနားတွင် အစောင့်ရဲဘော်
စကားပြောနေသော သူ့အပါးတော်မြဲထံ လျှောက်သွားလေ၏။ ဗိုလ်မှူးကြီးသည် သူ့အ



www.burmeseclassic.com

www.burmeseclassic.com



ထံပေး အလေးပြုကြသော ရဲဘော်များကို ဘာတစ်ခွန်းမှမပြောဘဲ ခေါင်းတညိတ်ညိတ် နှင့် အမ်အိုင်ဂျီ (၃၁) လေယာဉ်ရှိသည့် ရုံဘက်သို့ ဆက်လျှောက်သွား၏။ လေယာဉ်ရုံတွင် မီးမရှိ။ မှောင်မိုက်နေပြီး ရုံးတံခါးလည်း သော့ခတ်ထားသည်။

ဗိုလ်မှူးကြီးသည် အလင်းရောင်ထိုးထွက်နေသော ကွက်လပ်ဘက်သို့ ဆက်လျှောက်လာ၏။ သူသည် အခြား ရုံးတစ်ရုံးသို့ ကူးလာသည်။ ထိုနေရာမှာ အတားအဆီးမရှိသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးကို ကောင်းစွာမြင်ရလေသည်။ သူသည် အတွင်းဘက်ရှိ အဆောက်အအုံများကို စစ်ဆေးပြီးသောအခါ ဝင်းအတွင်းဘက်၌ နားဘီလူးများ ချထားရန် သူသတိရလာ၏။

ဗရန်နီဗစ်ချ် သည် ညဉ့်မှောင်မှောင်တွင် ဗိုလ်မှူးကြီး ကွန်တာစကီးလှည့်လည်စစ်ဆေးတတ်ကြောင်း ကြိုသိထား၏။ ထို့ကြောင့် ဗိုလ်မှူးကြီးအလာကို သတိထားစောင့်နေလေသည်။ ဗိုလ်မှူးကြီးသည် လေယာဉ်တစ်ရုံပြီးတစ်ရုံ ကြည့်ရှု စစ်ဆေးပြီး လေယာဉ်အစိတ်အပိုင်းများ ထုတ်လုပ်သော စက်ရုံဘက်သို့ ထွက်ခွာသွားမည်ဖြစ်ကြောင်းလည်း ဗရန်နီဗစ်ချ် သိထားခဲ့သည်။ ဗိုလ်မှူးကြီး ကွန်တာစကီး၏ သွားလာလှုပ်ရှားပုံ၊ မည်သည့်အပေါက်မှဝင်ပြီး မည်သည့်အပေါက်ဘက်သို့ ထွက်ခွာသွားတတ်ကြောင်းလည်းဗရန်နီဗစ်ချ် မှတ်သားထားခဲ့သည်။

ဗရန်နီဗစ်ချ်သည်ဖိုင်းယားဖော့စ်လောင်စာဆီတိုင်ကီကိုမှီယင်း လှမ်းကြည့်လိုက်ရာပိုင်းလော့ထိုင်ခုံ၌ အလုပ်လုပ်နေသော စက်ဆရာကိုတွေ့ရသည်။စက်ဆရာသည်းဗရန်နီဗစ်ချ် ကိုကြည့် နေမိ၏။ စိုးရိမ်စိတ်ကြောင့်ကျနေသောဗရန်နီဗစ်ချ်၏မျက်နှာကိုစက်ဆရာတွေ့ရသည်။ သို့ရာတွင်စက်ဆရာသည် ပြုံးပြီး သူ့အလုပ်ကိုလုပ်နေပြန်၏။ စက်ဆရာသည် ဒိုးပျံခလုတ်နှင့်ဆက်သွယ်ထားသော ဝိုင်ယာကြိုးကို စစ်ဆေးနေ၏။ သူသည် လက်ဝဲဘက်တွင်ရှိသော ခလုတ်ကို တဖြည်းဖြည်းနှင့် ရွှေ့နေသည်။ ဝိုင်ယာကြိုးကိုလည်း တခုနှင့်တခုဆက်မိရန် လိုက်လံ၍ စစ်ဆေးနေသည်။ ဗရန်နီဗစ်ချ်၏ညွှန်ကြားချက်အရ နောက်ဆုံးစစ်ဆေးသည့်အနေနှင့် တစပြီးတစခြင်းလည်း စစ်ဆေးနေ၏။

စက်ဆရာသည် ထောက်လှမ်းရေးသမား တဦးဖြစ်ကြောင်း ဗရန်နီဗစ်ချ် သိသည်။ စက်ဆရာသည် သူနှင့်အတူ လပေါင်းများစွာအလုပ်လုပ်ခဲ့သည်။ ၎င်းအပြင် ဂရောင်း'အမည်ရှိ အီလက်ထရွန်နစ်ပညာရှင်ကော်တဦးနှင့်လည်း စက်ဆရာတွဲလုပ်သည်။ ဂရောင်းသည် ၁၉၄၅ ခုနှစ်တွင် တပ်နီတော်ကဖမ်းမိခဲ့သော ဂျာမန်သိပ္ပံပညာရှင်တဦး၏ သားဖြစ်သည်။ ခုတော့ဂရောင်းသည် လျှို့ဝှက်ပုလိပ်တဦးဖြစ်နေကြောင်း ဗရန်နီဗစ်ချ်သိသည်။ သူတို့သည် တညလုံး အလုပ်လုပ်ခဲ့ကြရသည်။

ဗရန်နီဗစ်ချ်သည် လက်တွင်ပတ်ထားသော နာရီကို ကြည့်လိုက်၏။ ၄-နာရီ ၄-မိနစ်ပင်ရှိပြီး၊ သူ့ပတ်ဝန်းကျင်ရှိလူများကို ကြည့်လိုက်သည်။ ဂရောင်းတယောက်သာ ကွန်ပျူတာနှင့်ဆက်သွယ်ထားသော ဝါယာကြိုးများကို စစ်ဆေးလုပ်ကိုင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗရန်နီဗစ်ချ်သည် တခုခုလုပ်ရန် စဉ်းစားနေ၏။

သူသည် ဒိုင်းယားဖော့စ်အမြီးပိုင်းကို လှည့်ကြည့်လိုက်သည်။ အမြီးပိုင်း မြှုသွင်းရာ၌သော လုပ်ငန်းများ ပြုလုပ်ပြီးစီးခဲ့လေပြီ။

ယနေ့တော့ ဒိုင်းယားဖော့စ်သည် ခေါင်းမော့လျက် ပျံသန်းရန် အသင့်ဖြစ် လေ၏။ ဆိုဗီယက်တို့၏ လေယာဉ်ဟူသမျှ ပျံသန်းရန် အသင့်အမြဲတမ်းဖြစ် သည်။ အကယ်၍ အကြောင်းကြောင်းကြောင့် အဆင်သင့်မဖြစ်ပါက (၂၄) နာရီအ ပျံသန်းရန် အသင့်ဖြစ်နိုင်သည်။

ထို့ကြောင့် ဂျန်သည် ပထမလေယာဉ် အန္တရာယ်လွတ်မြောက်သည် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို စဉ်းစားနေသည်။ ဆိုဗီယက်တို့သည် တစ်စင်းလွ သွားသည်နှင့် နောက်တစ်စင်းလွှတ်တင်ပေမည်။ မည်သို့ပင်ဖြစ်စေ လက်နက်ယန္တ အစုံအလင် တပ်ဆင်နေပါက တစ်စင်းနှင့်တစ်စင်း တစ်နာရီကြာပေလိမ့်မည်။ ဒုတိ လေယာဉ်သည် ကောင်းကင်မှာပင် လောင်စာဆီဖြည့်လိမ့်မည်။ အကယ်၍ ဗရန်နီဗစ်ချ်ကိုယ်တိုင်လည်းကောင်း၊ ကရုက်ရှင်နော့ သို့မဟုတ် မစဲလ်လော့စကီး တ ဦးတို့က နောက်လိုက်တက်မည့် လေယာဉ်ကို တစ်စုံတစ်ခုပျက်အောင် မဖျက်ဆ နိုင်ပါက ဂျန်သည် ဒုတိယလေယာဉ်၏ စက်ကွင်းနှင့် လွတ်ကင်းရန်မလွယ်ပေ။

"မီး . . .။"

"မီး" ဟူသော အဓိပ္ပါယ်ကို သူသိသည်။

လေယာဉ်ရုံ မီးလောင်ပါက ရုတ်ရုတ်သဲသဲဖြစ်မည်။ ယင်းကဲ့သို့ ရုတ်ရုတ် သဲဖြစ်သည်နှင့် ဂျန်သည် လေယာဉ်ပေါ်တက်ပြီး၊ လေယာဉ်ကို မောင်းထွက်ရမည် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလိုပင် မီးကြောင့် လန့်ဖြန့်ကြမည်။ ဂျန်အတွက် အ အရေးတစ်ရပ် မဟုတ်လော။ မီးလောင်ရန်အတွက် လောင်စာဆီ၊ ထင်းစ၊ ရေနံ စသည်ဖြင့် လေယာဉ်ရုံထဲပြည့်နှစ်နေ၏။ ခုတော့၊ ဤနောက်ဆုံးအစီအစဉ် မလွဲမရှောင်သာ အကောင်အထည်ဖော်ရတော့မည်။

ဗရန်နီဗစ်ချ်သည် အချိန်ကိုမဖြုန်း။ ဂျန်အတွက် လေယာဉ်ပေါ် တက်နိုင် ဆောင်ရွက်ရမည်။ သူသည် လေယာဉ်အမြီးပိုင်းကို ကြည့်လိုက်၏။ စမဲလ်လော့စ တစ်ယောက် အမြီးပိုင်းတွင် လိုက်လံတပ်ဆင်နေသည်။ သူ့အစီအစဉ်ကို အကော အထည်ဖော်ရာတွင် ကရုက်ရှင်နော့က သူ့ကို ကူညီရန်စီစဉ်ထားသည်။ လေယာဉ်အမြီး ပိုင်းတွင် တပ်ဆင်နေသော ယန္တရားမှာ ဒုံးပျံရှောင်ကွင်းသော ယန္တရားဖြစ်၏။ ၎င်းယ ရားမှာ ဂျန်အတွက် အထူးအရေးကြီးသည်။ လေယာဉ် ထွက်ပြေးလမ်းကြော ဆိုဗီယက်တို့သိသည်နှင့် နောက်မှ ဒုံးပျံနှင့်လိုက်လံပစ်ခတ်မည်။ ဒုံးပျံရှောင်ကွင်းေ ယန္တရားသည် ဂျန်အတွက်လိုအပ်ကြောင်း သူသိသည်။ ထိုနောက် လျှင်မြန်စွာပြ စမဲလ်လော့စကီးအား ပြောကြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အချိန်ကိုသာ စောင့်နေကြတော့သည်။ အချိန်ကောင်း အခါကောင်းများ များစွာလိုအပ်၏။ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်ကြီးအချို့သည် ယနေ့နံနက် (၉း၀၀) နာရီတွင် လေယာဉ်ကို လာရောက်ကြည့်ရှုစစ်ဆေးမည်။ နံနက် ၉ နာရီ မတိုင်မီ သူနှင့် သူ့ရဲဘော်တချို့ အဖမ်းခံရတော့မည်ဖြစ်ကြောင်း သူသိ၏။ လေယာဉ်တွင် စစ်ဆင်ရေး လုပ်ငန်းအားလုံး နံနက် (၆း၃၀) နာရီ၌ ပြီးစီးမည်။ ထို့ကြောင့် ၆ နာရီခွဲသည်နှင့် သူ့အစီအစဉ်အကောင်အထည်ဖော်ရန် လိုအပ်သည်။ နံနက် (၅း၀၀) နာရီတွင် သူတို့ ကော်ဖီသောက်ကြမည်။ ဤသို့ ကော်ဖီသောက်သောအခါ သူ၏ အစီအစဉ်ကို အပြီးသတ်ဆွေးနွေးရမည်။

ပြီးခဲ့သော တစ်နာရီလောက်က သူသည် လေယာဉ်ရုံတစ်ဘက်တွင်ရှိသော အိမ်သာသို့ အိမ်သာသွားခဲ့၏။ လုံခြုံရေးမှာ နေရာတိုင်းချထားသည်။ အိမ်သာမှာပင် လွတ်မလပ်။ အလုပ်နေရာမှ နည်းနည်းမှ ခွာမရ။ အစောင့်ရဲဘော်များ ပြည့်နှက်နေ၏။ သူအိမ်သာတက်နေစဉ်မှာပင် အစောင့်ရဲဘော်တို့က အပြင်တွင် စောင့်ကြပ်နေ၏။ အိမ်သာပင် လွတ်လပ်စွာ မတက်ရပေ။

သူသည်အတိတ်ကို စဉ်းစားမိ၏။ ဒုတိယကမ္ဘာစစ်အတွင်းကဖြစ်သည်။ ထိုစဉ်က လီနင်ဂရက် လေယာဉ်စခန်းတစ်ခု၌ လေယာဉ်စက်ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အင်္ကျီနှင့် ဘောင်းဘီ တစ်ဆက်တည်း ဆက်ထားသော စက်ဆရာများဝတ်လေ့ရှိသည့် အဝတ်ကို ဝတ်ကာ စက်ဆီများပေကျံလျက် အလုပ်လုပ်ခဲ့ရသည်။ သူသည် အဘယ်မျှ ကြိုးစားပြီးအလုပ်လုပ်ခဲ့သော်လည်း သူကောင်းပြုမခံရပေ။ အဘယ်ကြောင့်ဆိုသော် သူသည် ဂျူးတစ်ယောက်ဟု သတ်မှတ်ခံရသည်။ အခုလည်း သူသည် အင်္ကျီနှင့်ဘောင်းဘီ ဆက်ထားသောအဝတ်ကို ဝတ်လျက်အလုပ်လုပ်နေရ၏။ သူ့ဘဝမှာ ယခင်အခါနှင့်ယခု ဘာမျှကွာခြားခြင်းမရှိ။

အတိတ်ကို မစဉ်းစားတော့။ အခုဆောင်ရွက်ရမည့် အစီအစဉ်သာ စဉ်းစားမည်။ ချိုင်းကြားတွင် ဝှက်ယူလာခဲ့သော သေနတ်ကို စမ်းသပ်မိ၏။ လေယာဉ်ရုံထဲဝင်လာစဉ်က အစောင့်များသူ့ကို မရှာပေ။ ယနေ့သည် သူ့ဘဝနောက်ဆုံးနေ့ဖြစ်ကြောင်း သူသိ၏။ သူ့အနေနှင့်လည်း ဘဝအသက်ရှင်နေရေးကို မမျှော်လင့်တော့။

ဗရန်နီဗစ်ချ်လျှောက်ဝင်လာ၏။ ဝါယာကြိုးများကို ဆက်သွယ်နေသော 'ဂရောင်း' ကို တွေ့ရ၍ ပြုံးမိလေ၏။ ဂရောင်းကလည်း ပြုံးပြယင်း-

"ဆရာရေ၊ ထရန်စစ္စတာက ဝါယာကြိုးအတိုင်းပဲ"

ဗရန်နီဗစ်ချ်သည် ဘာမျှပြန်မပြော။ ပြုံးရုံသာပြုံးပြ၏။ ဂရောင်းလည်းပြုံးယင်း ယနေ့သည် သူတို့အဖို့ နောက်ဆုံးနေ့ဖြစ်ကြောင်း သူသိ၏။ ဗရန်နီဗစ်ချ်သည် ဂရောင်း ထုပ်ကိုင်နေသော ဝါယာကြိုးကို ခဏကြည့်နေမိသည်။

ထိုနောက် ဗရန်နီဗစ်ချ်သည် ဝါယာကြိုးကိုင်ကြည့်ယင်း 'ရဲဘော် သေသေချာ



www.burmeseclassic.com

www.burmeseclassic.com



ချာဆက်နေဉ်' ဟုပြောကာ ခေါင်းတညိတ်ညိတ်နှင့် လျှောက်ထွက်သွား၏။

"ဟုတ်ကဲ့ စိတ်ချပါဆရာ"

သူ့ဆရာကိုကြည့်ယင်း ပြုံးနေလေသည်။

\+ \+ \+

"ဟိုလိုကော့၊ မင်းနည်းနည်းမှ အသုံးမကျဘူး၊ သူသေပြီ၊ ဟုတ်လား။ မင်းသူ့ကို သတ်ပစ်လိုက်တာပဲ"

သော်ယက်တစ်ယောက် ဒေါသထွက်နေ၏။ သူသည် ဟိုလိုကော့ကို တွန်းလိုက်ရာ လူဝကြီးစတီးကောမှာ နောက်သို့ ယိုင်ကျသွားသည်။ စတီးကော မျက်နှာမှာ မသာယာပေ။ မှုန်တေတေပင်။ သော်ယက်သည် ကြမ်းပြင်ပေါ်၌ ဆန့်ဆန့်လေး လဲနေသော ဖီလီပေါ့ကို ကြည့်လိုက်၏။ ဖီလီပေါ့အား ရိုက်ထားသော ဒဏ်ရာမှာ အတော်ပြင်းကြောင်း သော်ယက်တွေ့ရသည်။ သော်ယက်သည် ဘာမျှမပြောနိုင်၊ ရပ်နေကြသော စတီးကောနှင့် ဟိုလိုကော့တို့ကို စိမ်းစိမ်းကြီး ကြည့်နေမိ၏။ ဖီလီပေါ့ကို စစ်ဆေးစဉ်က ဒေါသထွက်၍ သတ်ပစ်လိုက်ပါဟု သူအမိန့်ပေးခဲ့ဖူး၏။ ခုတော့ ဖီလီပေါ့ သေနေလေပြီ။ သော်ယက်သည် ဒေါသထွက်နေသဖြင့် အံကြိတ်ကာ တပည့်ကျော် နှစ်ယောက်ကို ကြည့်နေမိသည်။

ထိုနောက် ဗရေ့ဗင်ကို လှည့်ကြည့်လိုက်ရာ၊ ဗရေ့ဗင်မှာ လက်တစ်ဘက်တွင် တယ်လီဖုန်းကို ကိုင်ထားယင်း ကျန်လက်တစ်ဘက်မှာ ဖုန်းနံပါတ်ကို လှည့်နေ၏။ ဗရေ့ဗင်သည် ဒေါသထွက်နေသော သော်ယက်ကို စိတ်ဝင်စားပုံမရချေ။ သော်ယက် တစ်ယောက် ဒေါသထွက်နေသည်။ သော်ယက်သည် ကုလားထိုင်တွင် ထိုင်နေသော ဟိုလိုကော့ဆီ လျှောက်သွားပြီး လက်ညှိုးတထိုးထိုးနှင့် -

"ခင်ဗျားနည်းနည်းမှ အသုံးမကျဘူး၊ ခွေးလောက်တောင် အသုံးမကျဘူး"

မာန်မဲအော်ပြောနေသည်။ ဟိုလိုကော့မှာ မျက်နှာငယ်လေးနှင့် မတ်တတ်ထ ပြီး 'ဗိုလ်မှူးပဲ ကျွန်တော့်ကို အမိန့်ပေးတယ်၊ မဟုတ်လား' ဟု ပြောလိုက်ကာရှိသေး၊ သော်ယက်၏လက်ပြင်ကြောသည် ဟိုလိုကော့ ၏ ရင်ဘတ်ကို တအားရိုက်လိုက်လေ၏။ ထိုနောက် သူသည် လက်နာသွားသဖြင့် သူ့လက်ကို သူကြည့်နေမိသည်။

"သူ ဘာမှမသိပါဘူး ရဲဘော်ရာ"

ဗရေ့ဗင်က လက်တစ်ဘက်တွင် တယ်လီဖုန်းကို ကိုင်ထားယင်း ပြုံးစိစိ ပြောကြားလိုက်သည်။

"ရဲဘော်၊ ရဲဘော် နားမလည်ပါဘူး၊ အသာနေစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ၊ သူမသိပါဘူးလို့ ပြောပြီးပြီမဟုတ်လား"

"ဒီမှာ ခင်ဗျားအလုပ်၊ ခင်ဗျားလုပ်ပါ။ ဘဲလ်ယာဒ်စခန်းက အင်မတန် ဘန်ဘိုးကြီးတဲ့ လေယာဉ်ဟာ အန္တရာယ်မကင်းဘူးဆိုတာ ခင်ဗျားသိထားစမ်းပါ။ အဲဒီ အချက်ကို ခင်ဗျားမေ့နေသလား"

သော်ယက်သည် သူ့ပါးစပ်ကို သုတ်လိုက်သည်။ ဗရေ့ဗင်လည်း ပြုံးစိစိနှင့်။

"ဒီမှာရဲဘော် ကျုပ်အခု ကွန်ပျူတာဌာနနှင့် ဘာတွေပြောနေတယ်ဆိုတာ ခင်ဗျားသိသလား"

သော်ယက်က နာရီကြည့်လိုက်သည်။

"ရဲဘော်၊ ခင်ဗျားပြန်ဖို့ကောင်းပြီ၊ အခုလေးနာရီတောင် ခွဲနေပြီ။ ဘယ်အချိန် ရှိပြီလဲဆိုတာ ခင်ဗျားသတိထားမိရဲ့လား"

သော်ယက်၏ အသံမှာ အိပ်ချင်သံဖြစ်၏။ သူလုပ်ဆောင်ရမည့်အလုပ်များ ယခုအခါ ဆောင်ရွက်ခဲ့လေပြီ။ ဗရေ့ဗင်သာ ဆောင်ရွက်စရာရှိသည်။

"ဟယ်လို. ."

ဗရေ့ဗင်သည် လက်တစ်ဘက်ဖုန်းကိုင်ထားယင်း မေးနေလေ၏။

"ရဲဘော် ဘာသတင်းထူးသလဲ"

သော်ယက်သည် ဗရေ့ဗင် ပြောဆိုနေသည်ကို နားထောင်ယင်း မေးလိုက်သည်။

"ဒီလူတွေအားလုံးကို၊ ဘယ်လောက်ကြာအောင် ခင်ဗျားစုံစမ်းစစ်ဆေး နေမှာလဲ။ ကွန်ပျူတာက ပို့တဲ့သတင်းကိုတော့ ကျုပ်လက်မခံနိုင်ဘူးဗျ"

ဗရေ့ဗင်သည် တယ်လီဖုန်းပြောယင်း သော်ယက်အား ပြုံးစိစိကြည့်လိုက်သည်။

"ဆိုစမ်းပါဦး ရဲဘော်၊ ဘာသတင်းတွေထူးသလဲ"

သော်ယက်က သိချင်ဇောနှင့် မေးနေသော်လည်း ဗရေ့ဗင်က ဘာမှပြန် မပြော။ လျစ်လျူရှုနေသည်။ သူ့ကိုယ်သူ စဉ်းစားနေ၏။ အတန်ကြာတော့မှ -

"ဒီကိစ္စနှင့် ပတ်သက်လို့တော့၊ ဘယ်နည်းနဲ့မှ မြန်မြန်လုပ်လို့မရဘူး။ အခြေ အနေက ကြာအောင် ဖန်တီးထားတယ်"

ဗရေ့ဗင်သည် သော်ယက်အား ပြန်ပြောပြယင်း ရဲဘော်နှစ်ယောက်ကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ၎င်းနောက် ဗရေ့ဗင်က -

"ကဲ အဲဒီအလောင်းကြီးကို ယူသွားစမ်းဗျာ၊ ပြီးတော့ ခင်ဗျားတို့ နှစ်ယောက် လည်း သွားကြတော့"

ဟိုလိုကော့ သည် မျက်နှာငယ်လေးနှင့် သော်ယက်ကို ကြည့်လိုက်သည်။ သောက်ယက်က ပါးစပ်ဖြင့်မပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။

ရဲထောက်လှမ်းရေးမှူး နှစ်ယောက်သည် အလောင်းကိုမကာ အခန်းပြင်ဘက် သို့ ဆွဲထုတ်သွားသည်။ တပည့်များ ထွက်သွားသောအခါ သော်ယက်က ဗရေ့ဗင် ကို မေးလိုက်လေ၏။

"ကွန်ပျူတာက လူတွေ ဘာများ စစ်ဆေးနေလဲ"

"အမေရိကနဲ့ ဥရောပမှာရှိတဲ့ ထိပ်တန်းအာကာသ ပါရဂူစာရင်း သူတို့ဆီမှာ ရှိတယ်။ လူဦးရေကတော့ မများပါဘူး။ (၁၂) ယောက်တောင် မပြည့်ပါဘူး။ အဲဒါကို စစ်ဆေးနေတယ်။ အဲဒီ (၁၂) ယောက်ထဲက၊ အသက်အငယ်ဆုံးနှင့် အသန်စွမ်းဆုံး လူငယ်ကတော့ အခုဒီကို ရောက်နေတဲ့လူပဲဖြစ်မယ်။ အခု သူတို့ စစ်ဆေးနေတာ ကတော့၊ အဲဒီ အာကာသ ပါရဂူဟာ အခုလောလောဆယ် ဘယ်ရောက်နေကြသလဲ ဆိုတာ စစ်ဆေးနေတယ်။ ဒါကြောင့် အချိန်ကြာမယ်။ တော်တော့ကို ကြာပုံရတယ်"

ဗရေ့ဗင်က ရှင်းပြ၏။ သူ့မျက်နှာမှာ စိတ်ပျက်နေပုံ ရသည်။ ထိုနောက် ဗရေ့ဗင်ကပင် . . ။

"ဗဟိုကွန်ပျူတာဌာနနဲ့ ဆက်သွယ်ပြီး လုပ်နေကြတယ်။ ဗဟိုကွန်ပျူတာ ဌာန မှာဆိုယင် မှတ်တမ်းတွေ ပိုစုံတယ်။ အာကာသ ပါရဂူများရဲ့ မှတ်တမ်းများအပြင် တကယ့် ကျွမ်းကျင်တဲ့ လေသူရဲတွေရဲ့ စာရင်းလည်း အဲဒီမှာ မှတ်တမ်းတင်ထားတယ်။ ပြီးတော့ထိပ်တန်း သိပ္ပံပညာရှင်တွေရဲ့ စာရင်းလည်းရှိတယ်။ အဲဒီ ဗဟိုမှာတော့ သိပ္ပံဆိုင် ရာလူပေါင်း ထောင်ချီပြီး မှတ်တမ်းတင်ထားတော့၊ အတော်စုံပါတယ်။ မကြာခင် လိုချင်တဲ့ အဖြေ သိမှာပဲ"

"ဒါပေမယ့် အတော်ကြာမယ်"

"ကြာတော့ ကြာမှာပေါ့ဗျာ"

ဗရေ့ဗင်သည် ၎င်းထိုင်နေသောစားပွဲမှ ထလာပြီး အခန်းထဲ လှည့်ပတ်ကာ လျှောက်နေ၏။ တစ်စုံတစ်ခုကို စဉ်းစားနေသဖြင့် လက်တစ်ဘက် နောက်ပစ်ပြီး ကျန်လက်တစ်ဘက်က မေးစေ့ကိုင်ကာ တစ်လှမ်းချင်း လှမ်းလျှောက်နေသည်။ အတော် ကြာ လှမ်းလျှောက်နေရာမှ သော်ယက်ဘက် လှည့်ပြီး ပြောကြားလိုက်သည်။

"ငါတို့ဟာ အချိန်မီ လိုအပ်တဲ့အဖြေ ရမယ်၊ မရဘူးဆိုတာ ကျုပ်စဉ်းစားတိတ်



www.burmeseclassic.com

www.burmeseclassic.com



ကျကျ မပြောနိုင်ဘူး။ ပဟိုကွန်ပျူတာဌာနက သတင်းပြန်လာတဲ့အထိ စောင့်ရမှာပဲ။ မြန်အောင်တော့၊ ဘယ်လိုမှ လုပ်လို့မရဘူး"

ဗရေ့ဗင်သည် သော်ယက်ရှေ့ ရပ်ယင်း ပြောပြနေ၏။ သော်ယက်ကတော့ ဘာမျှပြန်မပြော။ အတန်ကြာ တိတ်နေလေသည်။ ထို့နောက် သော်ယက်က ဗရေ့ဗင်အားကြည့်ပြီး. .။

"ဒီမှာ လေယာဉ်နဲ့ပတ်သက်ပြီး စစ်ဆေးဖို့မလိုဘူးလား၊ လေယာဉ်အလုပ်ရုံမှာ အလုပ် လုပ်နေတဲ့အလုပ်သမားတွေ၊ စက်ကိရိယာတန်ဆာပလာတွေ အပါအဝင်ပေါ့"

"ဘယ်လို စစ်ဆေးမလဲ"

"ဒါက လွယ်ပါတယ်။ အဲဒီ လေယာဉ် တည်ဆောက်ရေးစခန်းမှာ အလုပ်လုပ်နေကြတဲ့ ပညာရှင်တွေထဲက၊ ဘယ်သူ ဥရောပ အာကာသစီမံကိန်း၊ ဒါမှမဟုတ် အမေရိက အာကာသ စီမံကိန်းနဲ့ ဆက်စပ်မှု ရှိတယ်ဆိုတာ သူတို့ရဲ့ ကိုယ်ရေး အမှုတွဲကို စစ်ဆေးကြည့်လိုက်ရုံပေါ့။ အခုဒီကို ရောက်လာတဲ့သူဟာ လူငယ်ပဲ။ အာကာသဆိုင်ရာ အသိဉာဏ်ကြွယ်ဝတဲ့ လူတစ်ယောက် ဖြစ်ရုံမက၊ အာကာသ သူရဲကောင်း မဖြစ်နိုင်ဘူးလား။ ဒီကိစ္စနဲ့ ပတ်သက်ပြီး တို့ဆီက အာကာသ သူရဲကောင်းတွေ မစိစစ်နိုင်ဖူးလား။ ပြီးတော့ ဗရန်နိုဗစ်ချ် ဆိုတဲ့ ဂျူးကြီးကိုလည်း စစ်ဆေးဖို့လိုတယ်"

ဗရေ့ဗင်မှာ၊ ဘာမှ ပြန်မပြော။ သော်ယက်၏ ပြောဆိုချက်ကို စဉ်းစားနေ၏။ ပြီးတော့မှ သော်ယက်ကို မေးလိုက်သည်။

"အဲဒီလိုစစ်ဆေးဖို့ လိုသလားရဲဘော်"

"ဟာ၊ လိုတာပေါ့ ရဲဘော်။ စဉ်းစားကြည့်လေ။ အခုရဲဘော်ဟာ ရန်သူထောက်လှမ်းရေးသမားတစ်ယောက်ကို ရှာနေတယ်မဟုတ်လား။ ကဲ၊ အခု ရဲဘော်ရှာနေတဲ့လူဟာ သူလျှိုလို့ပဲ သတ်မှတ်ကြပါစို့၊ အဲဒီ သူလျှိုဟာ အရည်အချင်းတွေ အများကြီးရှိတယ်။ သူဟာ ကွန်မင်ဒိုတစ်ယောက်လည်း ဖြစ်တယ်။ သိပ္ပံပညာရှင်တစ်ယောက်လည်း ဖြစ်ရမယ်။ ပြီးတော့ အမေရိကန် နာဆာအဖွဲ့က အထူးလေ့ကျင့်ပေးထားတဲ့ သူရဲကောင်းတစ်ယောက်လည်း ဖြစ်ရမယ်။ နာဆာအဖွဲ့က လေ့ကျင့်ပေးတဲ့ အာကာသသူရဲကောင်းဆိုယင် အဘက်ဘက်က အရည်အချင်း ပြည့်စုံပြီးသား ဖြစ်တယ်။ အခုဒီကို ရောက်နေတဲ့သူဟာ အဲဒီလူမဖြစ်ဘူးလို့ ရဲဘော်ပြောနိုင်သလား"

ဗရေ့ဗင်သည် ခေါင်းတညိတ်ညိတ်သာ ဖြစ်နေ၏။ ပြီးတော့မှ -

"ရဲဘော်ပြောတာ စဉ်းစားစရာပဲ"

"တဲ ဒါတွေကို စိစစ်ဖို့ ရဲဘော်မှာ အချိန်သိပ်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ အချိန်ကတော့ မရှိတာအမှန်ဘဲ။ ဒါပေမယ့် စိစစ်ရမယ့် ဖိုင်တွဲကတော့ ရာချီရှိတယ်၊ ရုတ်တရက် လွယ်တဲ့အလုပ်တော့ မဟုတ်ဘူး"

"မပူပါနဲ့ရဲဘော် ကျုပ်ကူပါ့မယ်"

သော်ယက်က အားရကျေနပ်စွာဖြင့် ပြောလိုက်၏။

"ကျေးဇူးတင်ပါတယ်"

"ကဲ၊ ဒီနေရာဟာ သေသွားတဲ့ ဂျူးနံ့နံတယ်၊ သွားကြရအောင်"

"ကောင်းပြီ ကားခေါ်လိုက်မယ်"

"ခေါ်မနေပါနဲ့၊ ဒီအချိန် ရုတ်တရက် ကားမလာနိုင်ပါဘူး၊ လမ်းလျှောက်သွားတာပဲ ကောင်းမယ်"

"ထောက်လှမ်းရေးမှူးနှစ်ယောက် ထွက်လာသည့်အချိန်မှာ နံနက် (၄) နာရီ မိနစ် (၄၀) ပင် ရှိလေပြီ"

\+ \+ \+

ဂျန်သည် ရေချိုးခန်းထဲသို့ ကုလားထိုင်တစ်လုံး ယူသွင်းပြီး ရေချိုးရန် စီစဉ်လေ၏။ ရေချိုးခန်းမှာ ရေပူရေချိုးခန်းဖြစ်သဖြင့် တစ်ခန်းလုံး ရေနွေးငွေ့ ပြည့်နေသည်။ သူသည် ပါပေါ့ကို သတိရမိ၏။ ယခုတော့ ပါပေါ့တစ်ယောက် သေဆုံးပြီဟု သူယုံကြည်သည်။ ကေ-ဂျီ-ဘီ များသည် ပါပေါ့ကို အမျိုးမျိုး ညှင်းပန်းနှိပ်စက်ပြီး အဆုံးစီရင်လေသလော။ ပါပေါ့ကို စစ်ဆေးသဖြင့် ပါပေါ့က သူ့နာမည်ကို ထုတ်ဖော်ပြောပြပြီးပြီလော၊ ကေ-ဂျီ-ဘီ တို့သည် သူ့ကို မြေလှန်ကာ ရှာဖွေနေကြပြီဟု ဂျန် ယုံကြည်သည်။

မည်သို့ပင်ဖြစ်စေ ပါပေါ့သည် ကေ-ဂျီ-ဘီတို့ ညှင်းပန်းနှိပ်စက်ပြီးမှ အဆုံးစီရင်သည်ဖြစ်စေ၊ သို့မဟုတ် သေနတ်ဖြင့် တစ်ချီနှင့်တစ်ချီး ပစ်ယင်း ခတ်ယင်း သေဆုံးသွားသည်ဖြစ်စေ သူ့အဖို့၌ ယခုလောက်ကဲ့သို့ စိတ်သောက မဖြစ်ခဲ့။ ဂျန် သည် တစ်ခါမျှ သည်လောက်တုန်လှုပ်ချောက်ချား ကြောက်လန့်ခြင်းမရှိခဲ့ပေ။

သူသည် ယူနီဖောင်း အကျီကို ချွတ်ပြီး ရေချိုးရန် ပြင်ဆင်လိုက်၏၊ တပ်မတော် ထောက်လှမ်းရေး ယူနီဖောင်းအကျီအား ဗိုလ်မှူး ဗော့စတော့ ကဲ့သို့ ဘီဒိုထဲသွင်းပြီး သော့ခတ်လိုက်သည်။ ပြီးတော့ ရေပန်းပိုက်ကို ဖွင့်ကာ ရေချိုးသည်၊ ရေနွေးဖြစ်သဖြင့် သူ့မှာ နွေးနွေးထွေးထွေး ရှိလှသည်။ သူသည် ရေချိုးကန်ထဲဝင်ပြီး မျက်စိမှိတ်ကာ မှေးနေလေသည်။

ရေပန်းပိုက်မှ ကျလာသော ရေသံကြောင့် အခန်းထဲ ဆူညံသလိုလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ အပန်းဖြေစခန်းမှ အသံဗလံများကိုလည်း သူမကြားနိုင်။ အပြင်ဘက်တွင် သူ့ကို လှမ်းခေါ်နေသည်။ ရေပန်းပိုက်မှ ကျလာသော မရေသံကြောင့် ရုတ်တရက်သူမကြားမိ၊ အပြင်ဘက်တွင် ထပ်ခါတလဲလဲ ခေါ်နေ၏။ ခေါ်သံကျယ်လောင်လာ သဖြင့် ဂျန် ကြားလိုက်သည်။ သူ့ကို ခေါ်နေကြောင်း သိသောအခါ ဂျန်မှာ ချောက်ချား သွားမိသည်။

"ခေါ်သလားဟေ့"

ထိတ်လန့်စွာဖြင့် ဂျန်က အော်မေးလိုက်သည်။

"လုံခြုံရေးအတွက် စစ်ဆေးနေပါတယ် ဗိုလ်မှူး"

ကေ-ဂျီ-ဘီ တပ်ဖွဲ့မှ လိုက်လံစစ်ဆေးခြင်းဖြစ်သည်။ ဗိုလ်မှူးကြီး ကွန်တာစကီး အဖွဲ့မှ နောက်ဆုံး စစ်ဆေးခြင်းပင်။ ရန်သူ သူလျှိုဘဲလ်ယာဒ် စခန်းထဲ ရောက်နေသည်ဟု ဗိုလ်မှူးကြီး ကွန်တာစကီး သံသယာဖြစ်နေသည်။

"ရဲဘော် ဘာလိုချင်သလဲ"

"လုံခြုံရေးကဒ်ပြားပြပါ"

ဂျန် ထိတ်လန့်သွားသည်။ ဗိုလ်မှူး ဗော့စကော့နှင့် ပတ်သက်သော စာရွက်စာတမ်းများ သူ့အိတ်ထဲ ထည့်ထားသည်။ ခုတော့ လုံခြုံရေးရဲဘော်များက သူ၏ လုံခြုံရေး ကဒ်ပြားသာ စစ်ဆေးချင်သည်။ အကယ်၍ ကဒ်ပြားသာ သူမပြနိုင်ပါက လုံခြုံရေးရဲဘော်များက သူ့ကို ကိုယ်တိုင်ကိုယ်ကျ စစ်ဆေးပေလိမ့်မည်။

ဂျန်မှာ ကြောက်လန့်နေသဖြင့် တစ်ကိုယ်လုံး တုန်နေမိသည်။ လုံခြုံရေးရဲဘော်များကို မည်သို့မည်ပုံ လှည့်ပတ်ရမည်နည်း။ သူ့မှာ အသက်ရှူများလောက်အောင် ခံစားနေမိ၏။ ထိုနောက် ဂျန်က ကြောက်ကြောက်လန့်လန့် နှင့် အော်မေးလိုက်သည်။

"ဟေ့၊ ဒီမှာ ရေချိုးနေတာကွ၊ ရဲဘော်ဟာ ဘယ်သူလဲ။ ရေချိုးနေတဲ့ လူကို ဘာ့ကြောင့် နှောင့်ယှက်ချင်သလဲ"

ရေကျသံကြောင့် သူ့အသံ တုန်နေမှန်း မရိပ်မိနိုင်ပေ။ အပြင်ဘက်၌ ချောင်းဟန့်သံလည်း သူကြားရ၏။ သူသည် အပေါက်မှ ချောင်းကြည့်လိုက်သည်။ မီးရောင်အောက်၌ လူတစ်ယောက် ရပ်နေသည်ကို တွေ့ရလေသည်။ ရပ်နေသော ရဲဘော်၏ လက်ထဲတွင် တစ်စုံတစ်ခု ကိုင်ထားသည်ကိုလည်းတွေ့ရသည်။

"ဝမ်းနည်းပါတယ် ဗိုလ်မှူး၊ ဒါပေမယ့်. . ."

"ရဲဘော်သဘောနဲ့ ရဲဘော်စစ်ဆေးနေတာလား။ ဗိုလ်မှူးကြီး ကွန်တာစကီးရဲ့ အစီအစဉ် မဟုတ်ဘူး၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ရှရှားသံပေါက်အောင် စကားကို သတိထားပြီး ထိန်းပြောနေ၏။

"မဟုတ်ပါဘူး ဗိုလ်မှူး၊ အမိန့်အတိုင်းပဲ လုပ်တာပါ"

"ဒါဖြင့်ယင် စောင့်ဦး"

ဂျန် မှာ ကမ္ဘာကြီး ချာချာလည်သကဲ့သို့ ခံစားနေမိသည်။ ပြောသာ ပြောနေရသည်။ သူ့မှာ ချောက်ချားလျက်ရှိ၏။

"ဝမ်းနည်းပါတယ်ဗိုလ်မှူး၊ ဒါပေမယ့် အမိန့်အတိုင်း ဆောင်ရွက်ရမှာပဲ၊ သူလျှိုကို တွေ့ယင် ပစ်သတ်ဖို့တောင် ဗိုလ်မှူးကြီး ကွန်တာစကီးက အမိန့်ပေးထားတယ်။ ကဲ ဗိုလ်မှူး ရေချိုးနေယင် အနှောင့်အယှက်မပေးတော့ပါဘူး။ ဗိုလ်မှူးထွက်မယ့် ခရီးစဉ်အတွက် ကံကောင်းပါစေလို့ ဆုတောင်းပါတယ်"

ဂျန်မှာ မယုံကြည်နိုင်လောက်အောင်ပင် အံ့ဩမိသည်။ လုံခြုံရေး ရဲဘော်သည် ဂျန်ကို မစောင့်တော့ဘဲ၊ လှည့်ထွက်သွား၏။ သို့ရာတွင် ဂျန်မှာ စိုးရိမ်နေဆဲပင်။ နောက်ထပ် ဘာဖြစ်လေဦးမည်နည်း။ တွေးယင်း ကြောက်နေမိသည်။

ခုတော့ တစ်ကိုယ်လုံး ခြောက်သွေ့အောင် မျက်နှာသုတ်ပုဝါဖြင့် သုတ်နေသည်။ သူ့အဖို့ ဗိုလ်မှူး ဗော့စကော့၏ ပိုင်းလော့ အကျႌ ဝတ်ထားရန်လိုသည်၊ ဒါမှ ရုတ်တရက်ကြည့်လိုက်ပါက၊ လေတပ်ဗိုလ်မှန်း သိသာပေမည်။

သူသည် ဗော့စကော့၏ ပိုင်းလော့အကျႌကို ဝတ်လိုက်သည်။ လိုအပ်သောနေရာများတွင် ကြိုးသိုင်းလိုက်သည်။ အကျႌဝတ်ပြီးသောအခါ၊ တံခါးဘက်သို့ လျှောက်လာရန် ခြေလှမ်းလိုက်သည်။ သို့ရာတွင် လှမ်း၍မရ၊ သူ့ခြေထောက်တွင် ခဲဆွဲထားလေသလား ထင်မိသည်။ လေးလံလိုက်သည့် ခြေထောက်များ။

ခုတော့ သူသည် ထောင်ချောက်ထဲမိနေလေပြီလော။

မလှုပ်ရှားနိုင်တော့၊ ဂျန်သည် ကုလားထိုင်ကို မှီပြီး ပြန်ထိုင်ချလိုက်သည်။

\+ + 

စမဲလ်လော့စကီး၊ ကရှက်ရှင်နော့နှင့် ဗရန်နိုဗစ်ချ် တို့ သုံးယောက် လက်ဖက်ရည်သောက်နေကြသည့်နေရာတွင် ရယ်မောသံ၊ ပြောင်လှောင်သံတို့ဖြင့် ပြည့်နှက်နေသည်။ အခြားသော စက်မှုပညာရှင်များနှင့်အတူ စက်ဆရာ ဂရောင်းတစ်ယောက် လည်း ပါသည်။ ကေ-ဂျီ-ဘီ တို့ သံသယဖြစ်နေသော လူသုံးယောက်ကိုတော့ ကေ-ဂျီ-ဘီ ရဲဘော်များက မျက်ခြေမပြတ်စောင့်ကြည့်နေကြသည်။ ကေ-ဂျီ-ဘီ အစောင့်များက သူတို့နှင့် ဆက်ကိုက်အကွာတွင် ရပ်စောင့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗရန်နီဗစ်ချ်က ကော်ဖီပူပူကို သောက်ယင်း၊ စောင့်နေကြသော ကေ-ဂျီ-ဘီ များကို လှမ်းကြည့်လိုက်သည်။ ဗရန်နီဗစ်ချ်သည် ကရှက်ရှင်နော့ အားကြည့်ပြီး မဲ့ပြုံးလေးပြုံးယင်း ပြောလိုက်လေသည်။

"တို့သုံးယောက်တော့ကွာ၊ အခုတကယ့်ထောင်ကျနေပြီ ကြည့်စမ်းပါဦး ကေ-ဂျီ-ဘီ အကောင်တွေဟာ၊ လက်ထဲသေနတ်အသင့်ကိုင်ပြီး တို့ကို စောင့်နေကြတယ်"

ကရှက်ရှင်နော့လည်း လက်ထဲသေနတ်ကိုယ်စီနှင့် စောင့်နေကြသော ကေ-ဂျီ-ဘီ အစောင့်များကို လှမ်းကြည့်လိုက်ပြီး မဲ့ပြုံးလေး ပြုံးလျက် အားပေးသည့်အနေဖြင့် ပြန်ပြောလိုက်သည်။

"မပြောပါနဲ့ ဆရာရယ်။ ဒါတွေကတော့ အထူးအဆန်းမဟုတ်ပါဘူး"

ဗရန်နီဗစ်ချ်က ပြန်မပြောတော့ဘဲ ခေါင်းသာ ညိတ်ပြလိုက်သည်။ ကရှက်ရှင်နော့ကပင် ဆက်ပြောပြန်သည်။

"ကျွန်တော်တို့ ဘာမှဂရုစိုက်စရာ မလိုပါဘူး"

ဗရန်နီဗစ်ချ်က ခေါင်းညိတ်ပြပြန်သည်။

BURMESE CLASSIC .com

"ငါကတော့ ကြောက်တယ်ကွာ၊ တို့မှာ နှစ်ပေါင်းများစွာ အဲဒီလိုပဲ နေလာခဲ့ရတာ မဟုတ်လား"

ဗရန်နီဗစ်ချ်သည် သူ့အနားတွင် ရပ်နေသော ကရှက်ရှင်နော့၏ ပခုံးကို လှမ်းဆော်လိုက်၏။ သူ့လက်မှာ ကတုန်ကရီဖြစ်နေသည်။

"ကဲ၊ နွေးသွားအောင်၊ ကော်ဖီပူပူလေးသောက်လိုက်ပါဦး။ တုန်လှုပ်ချောက်ခြားမနေပါနဲ့။ ဟိုနားမှာ ရပ်စောင့်နေတဲ့ အစောင့်တွေ ရိပ်မိသွားမယ်"

သူတို့ကြား တိတ်ဆိတ်ခြင်းက ခေတ္တစိုးမိုးသွားသည်။ စကားမပြောကြတော့။ အတွေးကိုယ်စီနှင့် နေကြပုံရသည်။ ထို့နောက် စမဲလ်လော့စကီးက -

"ကဲ ကျုပ်တို့ဘာလုပ်ကြမလဲ၊ ကျုပ်တို့မှာ အချိန်ရပါသေးတယ်၊ ကျုပ်နဲ့ ကရှက်ရှင်ငံနော့တို့ နှစ်ယောက်တော့ အမြီးပိုင်းမှာလုပ်နေတယ်။ ခပ်ဖြည်းဖြည်းပဲ လုပ်နေကြပါတယ်။ ဒါပေမယ့် ပြီးတော့မယ်"

ဗရန်နီဗစ်ချ် ခေါင်းညိတ်လိုက်သည်။

"ကျုပ်ကတော့ သဘောပေါက်ပါတယ်၊ ကျုပ်တပည့်တစ်ယောက် စက်ဆရာ ရှိတဲ့အကောင် ကျုပ်တို့ပေါ်မှာ သံသယဝင်နေတယ်"

ပြောလက်စ စကားကို ခဏရပ်ပြီး၊ ကော်ဖီမော့သောက်သည်။ အသားညှပ် ပေါင်မုန့်ကိုလည်း တစ်ကိုက်ကိုက်လိုက်၏။ ပြီးတော့မှ. . .။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့လည်း သိတာပဲမဟုတ်လား။ ကျုပ်တို့မှာ အချိန်မရှိတော့ဘူး ဒီတော့ ဘယ်အချိန်ဟာ နောက်ဆုံးအချိန်ပဲလို့ သတ်မှတ်ရမယ်။ အဲဒီအချိန်အတွ ကိစ္စအားလုံးပြီးဆုံးအောင် လုပ်ထားဖို့လိုတယ်"

ဗရန်နိုဗစ်ချ်သည် ပြောယင်း အစောင့်ရဲဘော်များကို လှမ်းကြည့်လိုက်၏ ဘာများထူးခြားမှု ရှိပါသလဲ။ ကေ-ဂျီ-ဘီ အစောင့်များက သူတို့ကို မျက်ခြေမပြ စောင့်ကြည့်နေကြောင်း၊ ဗရန်နိုဗစ်ချ်ရိပ်မိလေသည်။ ဗရန်နိုဗစ်ချ်သည် အံကြိတ် တံတွေးတစ်ချက် မြို့ချလိုက်၏။ သူသည် ရက်စက်ရတော့မည်။ ကြမ်းကြုတ်ရတော့မည်

"ကျုပ်တို့ အလုပ်၊ လုပ်တဲ့နေရာမှာပဲ ပထမမီးရှို့ပစ်ရမယ်။ ဒါပေမယ့် အ အချိန်ဆိုယင်တော့၊ တစ်ယောက်ယောက်က ဟိုမှာရှိရမယ်။ ဘယ်အချိန် စမယ်ဆိုတ ကျုပ်တို့ ဆုံးဖြတ်ရမယ်"

BURMESE CLASSIC .com

"၆ နာရီခွဲ နောက်ဆုံးထားပြီး လုပ်ရမယ်။ အဲဒီအချိန်မှာဖြစ်နိုင်မယ်"

စမဲလ်လော့စကီးသည် မျက်မှောင်ကုတ်ကာ စိတ်ဝင်စားစွာဖြင့်ပြောလိ သည်။ သူတို့အတွက် ထိုနေ့သည် နောက်ဆုံးနေ့ပင်မဟုတ်ပါလော။

"မီးရှို့မယ့်နေရာဟာ သိပ်အရေးကြီးတယ်။ ဒုတိယလေယာဉ် မီးထဲပါသွာ လိုတယ်ကွ။ ဒုတိယလေယာဉ်ပါသွားမှ တို့ရဲ့ အမေရိကန်မိတ်ဆွေသက်သာမှာ။ နို့မဟု ယင် ဒုတိယလေယာဉ် လိုက်တက်မယ်"

သူသည် လေယာဉ်လောင်စာဆီ တိုင်ကီကိုလက်တစ်ဘက်ဖြင့် ထောက်ထ ယင်း ဆက်ပြောပြန်၏။

"ဒီလေယာဉ်ကိုတော့ လေယာဉ်ရုံမှ ထုတ်ထားရမယ်။ တကယ်လို့မှ မစ္စတာဂျန်ဟာ လေယာဉ်ထုတ်တဲ့အချိန်မှာ ရောက်လာယင် သိပ်ကောင်းမှာပဲ။ သူ ဘယ်သူကမှလည်း စစ်ဆေးလို့မရတော့။ သူနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတွေလည် စစ်ဆေးလို့မရတော့ဘူး။ တစ်ခါထဲ ပိုင်းလော့နေရာ တက်ထိုင်လိုက်ရုံပဲ"

စမဲလ်လော့စကီးက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ၏။ စိတ်ဝင်စ နေသဖြင့် သူမျက်နှာ တောက်ပနေသည်။

"ကျုပ်ကတော့ သေမှာကို လုံးလုံးမကြောက်တော့ဘူး။ ဗိုလ်မှူးကြီး ကွန်တ စကီးကိုလည်း မမှုတော့ဘူး။ ကျုပ်တို့ရဲ့ လုပ်ငန်းဟာ မိနစ်ပိုင်းလောက်ပဲလိုတော့ တယ်။ မဟုတ်လား"

"ကဲ၊ အခု ကျုပ်ပြောတာအားလုံး သဘောပေါက်တယ်နော်"

ဗရန်နိုဗစ်ချ်သည် သူ့လူများကို မေးလိုက်သည်။

ကရှက်ရှင်နော့က ခေတ္တငြိမ်သက်နေ၏။ ပြီးတော့မှ မျက်မှောင်ကျုံ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ်"

"ကဲ၊ ကောင်းပြီ၊ မင်းသေနတ်ကော"

ကရှက်ရှင်နော့ က ပါးစပ်ဖြင့် ပြန်မပြောဘဲ သေနတ်ရှိကြောင်း အထမ်းအမှတ် အဖြစ် ခေါင်းညိတ်ပြသည်။

"ကောင်းပြီ၊ ဒီတော့ မီးရှို့ရမယ့် တာဝန်ဟာ၊ မင်းတာဝန်ပဲ။ ပြီးတော့ ကိုယ့်ပေါ် ကျရောက်လာမယ့် အန္တရာယ်ကိုလည်း သတိထားရမယ်။ အထူးသဖြင့် မီးမရှို့ခင် အစောင့်တွေ မိမသွားဖို့အရေးကြီးတယ်"

"စိတ်ချပါ၊ မီးဘယ်အချိန် စရှို့ရမှာလဲ၊ (၆) နာရီ (၁၀) မိနစ်လား။ လောင် စာတွေတော့ အဆင်သင့် စုထားတယ်။ မီးရှို့မယ့်အချိန်မှာ အစောင့်တွေ ရောက်လာ ခင် ရောက်လာတဲ့အကောင်ဟာ ကြမ္မာငင်တာပဲ။ ဟောဒီသေနတ်နဲ့ ဒင်းအသက် ထွက်သွားမှာပေါ့"

BURMESE CLASSIC .com

ကရှက်ရှင်နော့ က စိတ်အားထက်သန်စွာပြောနေ၏။

"ဒီမှာ အရမ်းမလုပ်နဲ့၊ သတ်ဖို့လိုတော့မှ သတ်ပါ။ ပြီးတော့ ကိုယ်မနာဖို့လည်း အထူးသတိထားပါ"

ဗရန်နိုဗစ်ချ်က သတိပေးလိုက်သည်။

"ဒီမှာ အိမ်သာကနေထွက်လာတာနဲ့ လေယာဉ်နောက်မြီးမှာရှိတဲ့ ဓာတ်ဆီ တိုင်ကီကို တစ်ခါတည်းမီးတင်ရှို့လိုက်ပါ"

ဗရန်နိုဗစ်ချ်က မီးရှို့ဖို့ကိစ္စ အစီအစဉ်ချနေ၏။ သို့ရာတွင် မီးရှို့ရန် တာဝန်ယူ ထားသူ ကရှက်ရှင်နော့က အသေးစိတ်အစီအစဉ်ကို ဘဝင်မကျပေ။ ထို့ကြောင့် ကရှက် ရှင်နော့ လက်တားပြပြီး ပြန်ပြောလိုက်သည်။

"အသေးစိတ် အစီအစဉ်တော့ မပြောပါနဲ့။ အခြေအနေကြည့်ပြီး ကျွန်တော် လုပ်ပါ့မယ်။ ၆ နာရီ တိတိမှာ မီးရှို့မယ်။ ၆ နာရီ ၁၂ မိနစ်မှာ မီးအကုန်လုံး လောင်ပြီး သားဖြစ်ရမယ်။ ဒါတွေအားလုံး ကျွန်တော်စီစဉ်ထားပါတယ်။ အဲဒီအချိန်မှာ အစောင့် တွေလည်းမရှိတော့ဘူး။ ရှိယင်လည်း ကိစ္စမရှိပါဘူး။ ရှိတဲ့အကောင်ဟာ သေပြီလို့သာ မှတ်တော့"

ဗရန်နိုဗစ်ချ်မှာ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ၏။ ထို့နောက် လက်တွင် ပတ်ထားသော နာရီကို ကြည့်လိုက်ပြီး သူ့လူများကို ပြောလိုက်လေသည်။

"ကဲ၊ အလုပ်ပြန်လုပ်ဖို့ အချိန်ရောက်ပြီ ဒီအချိန်ကစပြီး အထူး သတိထားရ



www.burmeseclassic.com

www.burmeseclassic.com



မယ်။ မိနစ်နဲ့အမျှ သတိထားရမယ်။ အခု ၅ နာရီနဲ့ ၂၃ မိနစ်ရှိပြီ။ နာရီလည်း တိုက်ထား ကြပါ"

သူ့လူနှစ်ယောက်ကိုကြည့်လိုက်၏။ ခဏချင်းပင် သူ့မျက်လုံးအိမ်မှ မျက်ရည် များ ယိုထွက်လာသည်။

"ကဲ. . ကံကောင်းကြပါစေကွာ"

အချင်းချင်း နှုတ်ဆက်ကြပြီး၊ မိမိတို့အလုပ်ရှိရာသို့ ထွက်ခွာသွားကြသည်။ စမဲလ်လော့စကီးက ဖိုင်းယားဖော့စ်အမြီးပိုင်းတွင် အလုပ်လုပ်ရသည်။ ပတ်ဝန်းကျင် တွင်ရှိသော အစောင့်များကို ဝေ့ရမ်းကြည့်လိုက်လေသည်။

+ + +

ဗိုလ်မှူးကြီး ကွန်တာစကီးက လက်မြှောက်ပြီး နာရီကြည့်လိုက်သည်။ အချိန်မှာ ၆ နာရီနှင့် ၇ မိနစ်ဖြစ်သည်။ သူသည် မော်စကိုမှ ကြေးနန်းသတင်းတစ်ခု လက်ခံရရှိ သည်။ တူပေါ်လက်တီယူ-၁၄၄ အထူးလေယာဉ်သည် မော်စကိုမှ ထွက်ခွာလာပြီး ဘဲလ် ယာဒ်စခန်းသို့ ၆ နာရီခွဲ ရောက်မည်ဖြစ်သည်။ လေယာဉ်ပေါ်တွင် အတွင်းရေးမှူး ကေ-ဂျီ-ဘီ အကြီးအကဲနှင့် လေတပ်ဦးစီးချုပ် လိုက်ပါလာကြမည်။

ဗိုလ်မှူးကြီး ကွန်တာစကီးမှာ သတင်းရသည်နှင့် တုန်လှုပ်ချောက်ချား နေသည်။ မူလက ၉ နာရီမှ လာရန် စီစဉ်ထားခဲ့သည်။ ခုတော့ အစီအစဉ် ပြောင်းလဲ သွားပြီလား၊ အထူးကိစ္စရှိ၍ အတွင်းရေးမှူးတို့က ကြိုတင်ထွက်လာလေသလား။ ဗိုလ်မှူး ကြီး ကွန်တာစကီးမှာ တွေးယင်း စိတ်သောကရောက်နေလေသည်။ အတွင်းရေးမှူး က သူ့အပေါ် တစ်စုံတစ်ခု အရေးယူစရာပင် ရှိနေလေသလော။

လေကြောင်းပြေး မျော်စင်မှာ လေယာဉ်ဆင်းရန်အတွက် အဆင်သင့် ဖြစ်နေ သည်။ သူ၏ လက်ထောက် ဗရေ့ဗင်ကို သတိရမိ၏။ ဗရေ့ဗင်နှင့် အဆက်အသွယ် ပြုလုပ်ရပေဦးမည်။ ဒါမှသာလျှင် ဘဲလ်ယာဒ်စခန်းသို့ ထိုးဖောက်လာသော နိုင်ငံခြား သား သူလျှိုအကြောင်း သိရပေမည်။

လုံခြုံရေး အဆောက်အအုံအတွင်းရှိ ခန်းမတစ်ခုတွင် လုံခြုံရေး ရဲဘော်တစ်စု က ယနေ့ည စစ်ဆေးတွေ့ရှိချက်တို့ကို စနစ်တကျ စိစစ်နေကြသည်။ ဘဲလ်ယာဒ်စခန်း သို့ သူလျှိုရောက်ရှိနေကြောင်း သတင်းဖြစ်ပေါ်နေသဖြင့် လုံခြုံရေးကို ခါတိုင်းထက် ဂရုစိုက်ကြသည်။

အခန်းငယ်တစ်ခုတွင် ဒါကော့တို့ ဇနီးမောင်နှံနှစ်ယောက် ထိုင်နေကြသည်။ လုံခြုံရေး ရဲဘော်တစ်ယောက်က သူတို့ကို စစ်ချက်ယူနေသည်။ ဗိုလ်မှူးကြီး ကွန်တာ စကီးကတော့ တစ်ယောက်တည်း အခန်းထဲထိုင်နေသည်။ သူ့ ရဲဘော်များလာရောက်



www.burmeseclassic.com

www.burmeseclassic.com



ာင်ပြမည့်သတင်းကို စောင့်နေ၏။ ထို့နောက် ကွန်ပျူတာခန်းသို့ မေးမြန်းစုံစမ်းလိုက်သည်။

"ဗိုလ်မှူးကြီးလား၊ ကျွန်တော်တို့ စိစစ်နေတုန်းပဲ၊ ဥရောပမှာရှိတဲ့ လေကြောင်းဆိုင်ရာ ပါရဂူတွေအားလုံးကို စိစစ်နေတယ်"

"ဟော၊ ဟုတ်လား၊ မြန်မြန်လုပ်ပါကွ"

"အခုသိထားတဲ့ အဖြေတစ်ခုရှိတယ်။ ရုရှားပြည်ကို ရောက်နေတဲ့ လူဟာ ပိုင်းလော့တစ်ယောက်ပဲ၊ နာမည်ကတော့ မစ်ချယ်ဂျန်တဲ့၊ အမေရိကန် ပိုင်းလော့ပဲ"

"အမေရိကန်၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ အမေရိကန်တွေဟာ အမ်အိုင်ဂျီ လေယာဉ်တွေကို သေသေချာချာ လေ့လာပြီး သူတို့ရဲ့ပိုင်းလော့ကို သင်တန်းပေးတယ်။ အမေရိကန်တွေဟာ ကျွန်တော်တို့ဆီက အမ်အိုင်ဂျီ (၂၅) ရသွားပြီးကတည်းက ကျွန်တော်တို့ရဲ့ စက်ယန္တရားအကြောင်း သိခဲ့ပြီး၊ ခု မော်စကို ကိုလွှတ်လိုက်တဲ့အကောင်ဟာ လေယာဉ်မောင်းအင်မတန်ကျွမ်းကျင်တဲ့အကောင်"

"ဟုတ်လား၊ သူဖြစ်တယ်ဆိုတာ ဘာကြောင့် ပြောနိုင်သလဲ"

ဗိုလ်မှူးကြီး ကွန်တာစကီး၏အသံမှာ တုန်နေ၏။ အတွင်းရေးမှူး ရောက်လာမည်ဖြစ်ကြောင်း သတင်းရသည့် အချိန်မှစ၍ ဗိုလ်မှူးကြီး ကြောက်လန့်နေသည်။ ထို့နောက် ဗိုလ်မှူးကြီးက ဆက်ပြောပြန်၏။

"ဒီမှာ၊ ဗရေ့ဗင်၊ မြန်မြန်လုပ်စမ်း၊ ပြီးတော့ သတင်းစုံရယင် ချက်ချင်း သတင်းပို့ပါ၊ ကြားလား"

ဗိုလ်မှူးကြီးသည် လက်ထဲကဖုန်းကိုချပြီး အခြားဖုန်းတစ်ခုကို ကောက်ကိုင်ပြန်၏။ သူ့မျက်နှာမှာ ခက်ထန်နေကြောင်း၊ မီးရောင်ကြောင့် မြင်သာနိုင်သည်။

"ဗိုလ်မှူးတာနစ်လား၊ ဗိုလ်မှူးတာနစ်၊ ဗရန်နီဗစ်ချ်တို့ လူအုပ်ကို အခုချက်ချင်း ခမ်းလိုက်ပါ"

"ဟုတ်ကဲ့၊ ဗိုလ်မှူးကြီး သတင်းရပြီလား"

"ရပြီ ဗိုလ်မှူး၊ ရပြီ၊ သူလျှိုဘယ်ရောက်နေတယ်ဆိုတာ ဒီလူတွေဆီက ကျုပ်ချက်ချင်းသိချင်တယ်။ ပြီးတော့ လေယာဉ်နားမှာ ဘယ်သူမှ မနေစေနဲ့ ကြားလား"

"ဟုတ်ကဲ့၊ ကြားပါတယ်"

ဗိုလ်မှူးကြီး ကွန်တာစကီးသည် ဖုန်းချလိုက်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ သူ့လက်ပတ်နာရီကို ကြည့်လိုက်ရာ (၆)နာရီနှင့် (၁၁) မိနစ် ရှိပြီဖြစ်ကြောင်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ-ရဲဘော်တို့ တချို့ လေယာဉ်ရုံထဲသွားပြီး ရှာဖွေကြ၊ တချို့ ဒီမှာပဲ ရှာကြ ချက်ချင်း၊ ချက်ချင်း မြန်မြန်လုပ်ကြ"

လုံခြုံရေးရဲဘော်များလည်း လက်နက်ကိုယ်စီနှင့် ထွက်ခွာသွားကြ၏။ ၎င်းတို့ထဲမှ အစောင့်ရဲဘော်တစ်ယောက်က ဗိုလ်မှူးကြီးကို အော်မေးလိုက်သည်။

"ဗိုလ်မှူးကြီးခင်ဗျား၊ ကျွန်တော်တို့ ဘယ်သူ့ကို ရှာရမှာလဲ"

"ပိုင်းလော့တစ်ယောက်ကွ၊ ပိုင်းလော့တစ်ယောက်"

ဗိုလ်မှူးကြီး ကွန်တာစကီးအသံမှာ စိုးရိမ်နေသဖြင့် တုန်နေလေတော့သည်။

\+ \+ \+

ဗရန်နိုင်ဗစ်ချ်သည် လေယာဉ်ရုံမှ ထွက်လာပြီး အိမ်သာဘက်သို့ အသွား နောက်မှလိုက်ထွက်လာသူ စမဲလ်လော့စကီးကို ခေတ္တစောင့်နေသည်။ စမဲလ်လော့စကီးလည်း လက်ထဲဂွကြီးတစ်ခုကိုင်ယင်း ထွက်လာသည်။ သူ့နောက်တွင် အစောင့်တစ်ယောက် နောက်ယောင်ခံလိုက်လာ၏။ ရုတ်တရက်မို့ ဗရန်နိုဗစ်ချ်မှာ ဘာလုပ်ရမှန်းပင်မသိတော့ဘဲ ကြောင်ပြီးရပ်နေမိသည်။

အတန်ကြာတော့ စမဲလ်လော့စကီး တစ်ယောက် လေယာဉ်အမြီးပိုင်းမှ ထွက်လာသည်။ သူ့နောက်မှ အစောင့်ရဲဘော်ကို မတွေ့တော့၊ စမဲလ်လော့စကီး၏ လက်ထဲတွင် ဂွကြီးကိုင်ထားယင်း လျှောက်ထွက်လာသည်။ သူ့မျက်နှာမှာ စိုးရိမ်ကြောက်လန့်ခြင်း၊ ထိတ်လန့်ခြင်းတို့ဖြင့် ဖုံးလွှမ်းနေလေသည်။ စမဲလ်လော့စကီးသည် ဗရန်နိုဗစ်ချ်ကို တွေ့သောအခါ ဘာမျှမပြောဘဲ ခေါင်းသာညိတ်ပြလေသည်။

လေယာဉ်တွင် တပ်ဆင်သည့် လုပ်ငန်းအားလုံး (၆) နာရီ မထိုးမီကပင် ပြီးဆုံးခဲ့လေသည်။ ကရုက်ရှင်နော့သည် ဒုတိယ လေယာဉ်ရှိသည့် ရုံတွင် ပုန်းကွယ်နေ၏၊ ဗရန်နိုဗစ်ချ်သည် ကုတ်အကျီကို နှိုက်ထားယင်း အချက်ပြခလုတ်နှိပ်လိုက်သည်။ ဂျန်ထံသို့ အချက်ပြ ရောက်သွား၏။ ဂျန်သည် အချက်ပြသံကြားရသည်နှင့် လေယာဉ်ရှိရာသို့ ချက်ချင်းအရောက် လာရလေသည်။ သူသည် အနီးအနားတွင်ရှိသော အစောင့်ရဲဘော်များကို ဝှေ့ရမ်းကြည့်လိုက်သည်။ အနီးပတ်ဝန်းကျင်တွင် အစောင့်ရဲဘော် (၄) ယောက်တွေ့ရသည်။ ဂျန်သည် ပိုင်းလော့ခုံပေါ်သို့လျင်မြန်စွာတက်သွား၏။

ဂျန်သည် လေယာဉ်ရုံ အဆုံးကြည့်လိုက်သည်။ စမဲလ်လော့စကီး မီးခြစ်၍ အချက်ပြနေသည်ကို ရုတ်တရက်တွေ့လိုက်ရ၏။ ထို့နောက် မီးခိုးလုံးကြီး တွေ့ရပြန်သည်။ မီးခိုးများကြောင့် စမဲလ်လော့စကီးကို သူမမြင်ရတော့၊ ဂျန်သည် ပိုင်းလော့နေရာတွင်ထိုင်ပြီး လေယာဉ်စက်နှိုးရန် ခလုတ်နှိပ်လိုက်၏။ အစောင့်ရဲဘော်များက သူ့အား ကြည့်ယင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်မှူးဗော့စတော့၊ ဗိုလ်မှူးဗော့စတော့"ဟု လှမ်းခေါ်နေသည်။

လေယာဉ်ရှုံတံခါးမကြီး တဖြည်းဖြည်းပွင့်လာ၏။ ကရှက်ရှင်နော့တစ်ယောက် အားသွန်ခွန်စိုက်နှင့် တံခါးမကြီးကို တွန်းဖွင့်နေ၏။ အခြားလေယာဉ်ရှုံမှ မီးတောက် လောင်နေသဖြင့် အစောင့်များ ရုတ်ရုတ်သဲသဲ ဖြစ်နေ၏။

စမဲလ်လော့စကီး ကတွေ့သမျှ အစောင့်များကို သေနတ်ဖြင့် ချောင်းပစ်နေ ကြောင်း ရိပ်ကနဲ ဂျန်လှမ်းမြင်လိုက်သည်။ လေယာဉ်လည်း ဘီးလိမ့်ကာတဖြည်းဖြည်း ထွက်လာ၏။ အစောင့်ရဲဘော်များ၏ လက်ချက်ကြောင့် ကရှက်ရှင်နော့ လဲကျသွားသည် ကိုလည်း ဂျန် တွေ့လိုက်၏။

"ဟော့၊ လက်နက်ချလိုက်ပါ၊ မင်းတို့ကို ဝိုင်းထားပြီဟော့၊ လက်နက်ချလိုက်ပါ"

ဗိုလ်မှူးကာနစ်၏ အော်သံကိုလည်း ဂျန်ကြားလိုက်ရ၏။ လေယာဉ်သည် ရှုံမှ ပြေးထွက်လာရာ ဝေလီဝေလင်း အာရုဏ်ဦးကောင်းကင်သို့ (၁၂) စက္ကန့်အတွင်း ပျံတက် သွားလေသည်။

မီးလောင်သံ၊ သေနတ်သံနှင့် အော်ဟစ်နေသော အသံများသာ ပွဲတင်နေ တော့သည်။

ဗိုလ်မှူးဗော့စတော့၊ ဗိုလ်မှူးဗော့စတော့"

"ဟော့၊ လက်နက်ချလိုက်ပါ။ မင်းတို့ကို ဝိုင်းထားပြီဟော့"

အော်သံ၊ အမိန့်ပေးသံတို့သာလျှင် ပွဲတင်ကြားနေရာမှ တဖြည်းဖြည်းနှင့် ဝေး၍ ဝေး၍ လာနေတော့သည်။

ဂျန် သည် တစ်နာရီလျှင် (၁၆၀) နော့သ် ဖြင့် လေယာဉ်ကို ကောင်းကင် ခေါ် ထိုးတက်သွားတော့သည်။

\+ \+ \+

ဗိုလ်မှူးကြီး ကွန်တာစကီးသည် လေယာဉ်ရှုံမီးလောင်သည့် သတင်းကြားရ သည်နှင့် မိုက်ကနဲဖြစ်သွား၏။ ဒေါသလည်း အလွန်ထွက်သည်။ သူ့လုံခြုံရေး ရဲဘော် များအား မီးငြိမ်းသတ်ရန် အမိန့်ပေးလိုက်၏။

ထိုနောက် သူသည် ဗရေ့ဗင်ထံမှ သတင်းရသည်။

"ဗိုလ်မှူးကြီး၊ ဗဟိုကွန်ပျူတာစခန်းမှ သတင်းလာတယ်။ မော်စကိုရောက် နေတဲ့ သူလျှိုဟာ အမေရိကန်ပိုင်းလော့ မစ်ချယ်ဂျန်ဆိုတဲ့သူပဲ။ အခု ပါပေါ့နဲ့ ကုန်တင် ကား တစ်စီးထဲ ပါသွားပြီ"

www.burmeseclassic.com



"ဟုတ်လား၊ ပါပေါ့တော့ သေပြီ။ အဲဒီသူလျှိုဆိုတဲ့အကောင် မတွေ့ဘူး"

"လွန်ခဲ့တဲ့ရက်က လုံခြုံရေးရဲဘော်တစ်ယောက်ကို သတ်ဖြတ်သွားတာလည်း ပါပေါ့တို့ လူစုပဲတဲ့"

"ဟေ. . ဟုတ်လား"

"အခု အမေရိကန်သူလျှိုဟာ ဘဲလ်ယာဒ်စခန်းရောက်နေမှာပဲ။ ဒါကို ပိုက်စိတ်တိုက် ရှာဖို့လိုတယ်"

"သစ္စာဖောက် ဗရန်နိုဗစ်ချ်တို့ကို ဖမ်းခိုင်းထားပြီ"

ဤတွင် ဗိုလ်မှူးကြီး ကွန်တာစကီးထံ သတင်းတစ်ခု ရောက်လာပြန်၏၊ တူပေါ်လက်-၁၄၄ လေယာဉ်သည် ဘဲလ်ယာဒ်စခန်းသို့ မကြာမီ ဆင်းသက်မည် ဖြစ်ကြောင်း သတင်းရောက်လာ၏။ လေယာဉ်ပေါ်တွင် ထိပ်တန်းပုဂ္ဂိုလ်များ လိုက်ပါလာမည်။

ဗိုလ်မှူးကြီးကွန်တာစကီးမှာ ထိပ်တန်းခေါင်းဆောင်များနှင့်တွေ့ဆုံရမည်မှာ အထူးပင် တုန်လှုပ်ချောက်ချားနေတော့သည်။

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com



အခန်း ၊ ( ၆ခြောက် )

## တုန့်ပြန်ခြင်း

အတွင်းရေးမှူး လိုက်ပါလာသော တူပိုလက်တီယူ ၁၄၄၊ လေယာဉ်သည် ဘဲလ်...လေယာဉ်ကွင်းပြေးလမ်းပေါ်သို့ ဆင်းသက်ကာ အရှိန်သပ်နေစဉ် လေယာဉ်ရုံမှ ...ကားတပ်ထားသော မော်တော်ယာဉ်တစ်စီးသည် အရှိန်နှင့် လေယာဉ်ဆီသို့ မောင်း...လေသည်။ ထိုမော်တော်ယာဉ်ပေါ်၌ ဗိုလ်မှူးကြီး ကွန်တာစကီးလည်း လိုက်ပါလာ... လေယာဉ်ဘီးများ ရပ်တန့်သွားသည်နှင့် ဗိုလ်မှူးကြီးသည် တပ်ထားသော လှေကားမှ ...ယာဉ်ပေါ်သို့ ပြေးတက်သွားသည်။

လေယာဉ်ပေါ်သို့ ဗိုလ်မှူးကြီး ကွန်တာစကီး မရောက်မီအချိန်ကလေးအတွင်း ...သန့်လှိုင်းဖြင့် မစ် (၃၁) လေယာဉ်တစ်စင်း အခိုးခံရကြောင်း၊ အတွင်းရေးမှူးထံ ...တင်းရောက်နှင့်နေပြီဖြစ်သည်။ ဗိုလ်မှူးကြီး ကွန်တာစကီးသည် ကြောက်ရွံ့ထိတ်လန့် ...သဖြင့် လေယာဉ်အပေါက်ဝ၌ စောင့်နေသော ရဲဘော်ကိုပင် မမြင်တော့ဘဲ လေယာဉ် ...းမကို ကျော်ဖြတ်ပြီး လေယာဉ်သီးသန့်ခန်းထဲသို့ တန်းဝင်သွားသည်။ အခန်းထဲ ...ာက်သည်နှင့် တိုက်ပွဲကြီးတစ်ခုနှင့် ရင်ဆိုင်တိုးမိသော စစ်သားတစ်ဦးပမာ ဗိုလ်မှူးကြီး ကွန်တာစကီး ခံစားလိုက်ရသည်။ အခန်းထဲ၌လည်း ဆေးပြင်းလိပ်မီးခိုးများ ပြည့်နှက် ...သည်။ ဗိုလ်မှူးကြီးကွန်တာစကီးသည် ကိုယ်ကို မတ်အောင်ရပ်ပြီး အလေးပြုလိုက်၏။ ...မျက်လုံးသည် ထိုင်နေကြသော ပုဂ္ဂိုလ်ကြီးများကို ကျော်ပေးပြီး ထိုင်နေသည့် ရေဒီယို ...ာ်ပရေတာ ကျောပြင်ကိုသာ ငေးကြည့်နေမိသည်။ အခန်းထဲတွင်ထိုင်နေကြသော ...ဂ္ဂိုလ်များ၏ မျက်လုံးတို့သည် သူ့ကို စိုက်ကြည့်နေကြောင်း ဗိုလ်မှူးကြီးသိသည်။

သူ့ရှေ့တွင် ထိုင်နေကြသော ပုဂ္ဂိုလ်တစ်ဦးချင်း၏ တန်ခိုးသြဇာအာဏာကို ...သည်း သူသိသည်။ ထို့အပြင် ထိုပုဂ္ဂိုလ်များ၏ မျက်လုံးသည် အကြောင်းမဲ့သူ့ကို ...စိုက်ကြည့်နေကြသည်မဟုတ်ကြောင်းလည်း သူသိသည်။ ထိုပုဂ္ဂိုလ်တစ်ဦးချင်း၏ မျက်နှာ အမူအရာများ မည်ကဲ့သို့ ဖော်ပြနေသည်ကိုလည်း သူသိသည်။

**သူ့ရှေ့ရှိစားပွဲဝိုင်းတွင် ပုဂ္ဂိုလ်သုံးဦး ထိုင်နေကြသည်။ စားပွဲဝိုင်းပေါ်တွင်** ...ုပ်ရှင်ပြစက်ကိရိယာများ တပ်ဆင်ထားသည်။ ဆိုဗီယက်တစ်နိုင်ငံလုံးရှိ မည်သည့်နေရာ၊ အရပ်ဒေသမရွေး၊ သို့မဟုတ် တစ်ကမ္ဘာလုံးရှိ မည်သည့်နိုင်ငံမဆို မြေပုံများကို အချိန်မရွေး စားပွဲမျက်နှာပြင်သို့ ထိုးပြနိုင်၏။ သူ့ရှေ့တည့်တည့်တွင် ထိုင်နေသူမှာ အတွင်းရေးမှူးဖြစ်သည်။ အတွင်းရေးမှူး၏ ညာဘက်တွင် ထိုင်နေသူမှာ ဒုတိယကမ္ဘာစစ်အတွင်းက လေသူရဲဖြစ်ခဲ့သူ လေတပ်ဗိုလ်ချုပ်ကြီး 'ကူတူးဇော့ဗ်' ဖြစ်သည်။ အတွင်းရေးမှူး၏ ...ဘယ်ဘက်တွင်ထိုင်နေသူမှာ ကေ-ဂျီ-ဘီ အကြီးအကဲဖြစ်သည်။ ဗိုလ်မှူးကြီး ကွန်တာစကီး သည် ထိုသြဇာအာဏာ အရှိန်အဝါကြီးသူ (၃) ဦးအား ရင်ဆိုင်ရမည်ကို သူ ကြောက်ရွံ့ ဆုံးဖြစ်သည်။ ယင်းကဲ့သို့ ထိတ်လန့်ကြောက်ရွံ့ခဲ့သဖြင့် လေယာဉ်ပေါ် ရောက်သည်မှ



www.burmeseclassic.com

www.burmeseclassic.com



သီးသန့်အခန်းထဲရောက်သွားသည်အထိ လျှောက်သွားခဲ့ရသောအချိန်မှာ သူ့အဖို့ ပေါင်းများစွာ ကြာခဲ့သည်ဟု ထင်မိခဲ့လေသည်။ ယခုတော့ ဗိုလ်မှူးကြီး ကွန်တာ သည် ကျားရှေ့မှောက်လဲသော ဂျီသူငယ်တစ်ကောင်ကဲ့သို့ ဖြစ်နေတော့သည်။

ဗိုလ်မှူးကြီး ကွန်တာစကီးသည် အလေးပြုပြီးနောက် ကိုယ်ကို မတ် ရပ်မြဲရပ်နေလေ၏။ ထိုပုဂ္ဂိုလ် (၃) ဦးလည်း သူ့အား ထိုင်ရန် သို့မဟုတ် သက် ရပ်နေရန် မည်သူတစ်ဦးတစ်ယောက်မှ အမိန့်မပေးချေ။ ကွန်တာစကီးသည် ဆောင်ကြီးများ၏ မိန့် ကြားမည့်စကားကို ကြောက်လန့်စွာဖြင့် နားစွင့်နေလေ

အတွင်းရေးမှူးသည် ဗိုလ်မှူးကြီးကွန်တာစကီးကို သေချောစွာ စိုက်ကြည့် ၏။ ကေ-ဂျီ-ဘီ အကြီးအကဲလည်း ကွန်တာစကီးကို စိုက်ကြည့်နေ၏။ ကေ-ဂျီ အကြီးအကဲ တပ်ထားသော ရွှေကိုင်းမျက်မှန်မှ ရောင်ပြန်ဟပ် အလင်းရောင် ဗိုလ်မှူးကြီး ကွန်တာစကီးမျက်စိထဲ မြင်နေရသည်။ အတွင်းရေးမှူးသည် အရေး သည့် ဟန်အမူအရာဖြင့် လေပျော့လေးနှင့်ပင် ကွန်တာစကီးအား ပြောလိုက်လေး

"ဗိုလ်မှူးကြီးကွန်တာစကီး၊ ဘယ်လိုဖြစ်တယ်ဆိုတာ ရှင်းပြပါဦး"

သူ့အသံမှာ ပျော့ပြောင်းသော်လည်း ဩဇာအာဏာ အပြည့်ရှိသည်။ အရာလည်းအေးတိအေးစက်နှင့်။ အခန်းထဲ၌ မြည်နေသော အသံဖမ်းစက်အသံမှ အခြားဘာသံမျှ မကြားရပေ။ သူတို့အားလုံး မြည်နေသောအသံကို စိတ်ဝင်စား ပုံရသည်။ မစ် (၃၁) လေယာဉ်ကို ခိုးမောင်းသွားသည်မှာ (၃) မိနစ်ပင်ရှိပြီး ဖြစ်သ လေယာဉ်ပျံပြန်ရရေးအတွက် သူတို့ဘာမှ မလုပ်ကြသေး။

ယခုအခါ ဗိုလ်မှူးကြီး ကွန်တာစကီးမှာ လေယာဉ်ပျံ အခိုးခံရသည့် ကိ ပတ်သက်၍ သူ့မှာတာဝန်ရှိသဖြင့် လေယာဉ်ပျံ ပြန်ရရေးကိုသာ စဉ်းစားနေမိသ သူ့အနေနှင့် ဤကိစ္စ မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို စိတ်ထဲအဆောတလျင် သိချ သည်။ လေယာဉ်ကို ပစ်ချရန်သာ သူ့ဆန္ဒပြင်းပြနေသည်။ သူသည် တံတွေးတစ် မျိုချပြီး-

"အမေရိကန်ပိုင်းလော့တစ်ယောက်က. . ."

ဗိုလ်မှူးကြီးကွန်တာစကီးသည် ကြောက်လန့်နေသဖြင့် စပြောသည်နှင့် ချော တစ်ချက်ဟန်လိုက်၏။ သူ့မျက်လုံးများမှာ ရေဒီယိုအော်ပရေတာ ကျောပြင်ကို ငေးနေမိသည်။ ထိုနောက် ဗိုလ်မှူးကြီးက. . .

"ဂျန်ဆိုတဲ့ အမေရိကန်ပိုင်းလော့တစ်ယောက် လေယာဉ်ပျံခိုးသွားတဲ့ကိစ္စ ပတ်သက်ပြီး ကျွန်တော့်မှာတာဝန်ရှိပါတယ်"

"ဟုတ်ပါပြီ မိမိရဲ့ အခြေအနေမှန်ကိုသိယင် တော်သေးတာပေါ့ ဒီတော့ ဘယ်လိုဖြစ်တယ်ဆိုတာ ဆက်တင်ပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူး၏ ပြောကြားချက်မှာ တည်ငြိမ်၏။ ချိမ်းခြောက်မှုလုံးဝ မရှိ။ ထိအေးစက်လေသည်။

"အမေရိကန်ပိုင်းလော့ ဒီစခန်းထဲကိုရောက်အောင် ဝင်လာနိုင်တာကတော့ အလုပ်လုပ်နေကြတဲ့ ဂျူးတွေရဲ့ အကူအညီကြောင့်ပဲ။ အခုတော့ ဒီဂျူးတွေကိုလည်း တော်အားလုံး ဖမ်းထားပြီးပါပြီ"

"ဖမ်းထားရုံပဲ ဖမ်းထားသလား"

"ဟုတ်ကဲ့၊ အခုတော့ သေကြကုန်ပြီ"

"ဒီတော့ ခင်ဗျားသိချင်တဲ့အချက်တွေ သိပြီးမှ သေကြကုန်သလား။ သူ့ဘို့ဆီ ကော ဘာသိသေးလဲ"

"အမျိုးမျိုး စစ်ဆေးကြည့်ပါတယ်။ သူတို့ဘာမှမသိရဘူးလို့ပဲ ပြောကြတယ်။ ချို့ကတော့ ပစ်ယင်းခတ်ယင်း သေသွားကြတယ်"

အခန်းထဲ၌ တိတ်ဆိတ်ငြိမ်သက်နေ၏။ တဝီဝီမြည်နေသော အသံဖမ်းစက်သံ သာ ကြားနေရသည်။ ရေဒီယိုအော်ပရေတာလည်း ငြိမ်သက်စွာထိုင်နေ၏။ အတွင်း မှူး၏ လက်တစ်ဘက်သည် ကေ-ဂျီ-ဘီ အကြီးအကဲ၏ လက်တစ်ဘက်ကို ကိုင်ထား သည်။ အတွင်းရေးမှူးက ကေ-ဂျီ-ဘီ အကြီးအကဲအား ထိန်းထားပုံရ၏။

"မစ် (၃၁) ကို မောင်းသွားတဲ့နေရာ ရဲဘော်မသိဘူးပေါ့၊ ဟုတ်လား"

ဤမေးခွန်းကို ကြားသောအခါ လေတပ်ဗိုလ်ချုပ်ကြီးက အထူးအံ့အားသင့် နေလေသည်။ ဗိုလ်ချုပ်ကြီးမှာ ယူနီဖောင်းအပြည့်အစုံ ဝတ်ထားသည်။ တိုက်ပွဲအဆင့် ဆင့် ဆင်နွှဲခဲ့ဖူးသဖြင့် တံဆိပ်အမျိုးမျိုး ချီးမြှင့်ခံခဲ့ဖူး၏။ ယင်းတံဆိပ်များကိုလည်း င်ဘတ်အပြည့် တပ်ဆင်ထားသည်။ သူသည် တိတ်ဆိတ်စွာပင်ရှိသည်။

"ဟုတ်ကဲ့ မသိပါဘူးခင်ဗျား"

ဗိုလ်မှူးကြီး ကွန်တာစကီးမှာအမှန်အတိုင်း ဝန်ခံလိုက်၏။ သူ့အသံမှာ တိုးနေ လသည်။ အခန်းထဲ လှုပ်ရှားသံမဆိုထားနှင့် အသက်ရှူသံပင်မကြားရဘဲ အသက်ကင်း သလို ဖြစ်နေလေသည်။ ထိုင်နေကြသော ပုဂ္ဂိုလ် (၃) ဦးတို့က လေးနက်စွာ စဉ်းစား နေကြ၏။ ဘတန်ကြာတော့ အတွင်းရေးမှူးက အမိန့်ချလိုက်သည်။

"ကောင်းပြီ ဗိုလ်မှူးကြီး ကွန်တာစကီ၊ ရဲဘော်ကို ရဲဘော်ရဲ့ အစောင့်တွေ ပဲ အနီးကပ်စောင့်ပါစေ။ ရဲဘော်သွားနိုင်ပြီ"

ဗိုလ်မှူးကြီး ကွန်တာစကီး၏ နှုတ်ခမ်းမှာ တဆတ်ဆတ်တုန်နေသည်။ သူ့ဘဝ ကုန်စီးသွားလေပြီ။ အသနားခံသော မျက်နှာထားဖြင့် အတွင်းရေးမှူးကို ခေတ္တကြည့် လိုက်သည်။ သို့ရာတွင် အတွင်းရေးမှူးတို့ လူသိုက်က သူ့ကို ပြန်မကြည့်။ သူ့ကို ဥပက္ခာ



www.burmeseclassic.com

www.burmeseclassic.com



ပြုလိုက်လေပြီ။

ဗိုလ်မှူးကြီး ကွန်တာစကီး အခန်းမှ ထွက်သွားသည်နှင့် အခန်းတံခါး ပိတ်လိုက်၏။ အတွင်းရေးမှူးသည် ဗိုလ်ချုပ်ကြီးဘက် လှည့်ကြည့်သည်။ ဗိုလ်ချုပ် လည်း တစ်ချက်ခေါင်းညိတ်လိုက်၏။ ကေ-ဂျီ-ဘီ အကြီးအကဲဘက်သို့လည်း လှည့် ပြောလိုက်လေသည်။

"ဒီကိစ္စနဲ့ ပတ်သက်လို့တော့ ခုနေခါမှာ စစ်ဆေးဖို့ အချိန်မရသေးပါ နောက်မှပဲ ကြည့်ပြီးစီစဉ်မယ်။ အခုကိစ္စမှာ စီ-အိုင်-အေ လက်ချက်ပဲ။ ကျုပ်တို့ရဲ့ မ ဗျူဟာမြောက် လေယာဉ်ဟာ တစ်ပါးသူလက်ထဲ ရောက်သွားမှာ စိုးရိမ်ရတယ်။ ခု မှာ လေယာဉ်ဖိုးပြေးတဲ့ ပိုင်းလော့ရဲ့ နာမည်လောက်ပဲ သိကယ်။ တစ်ခြားကိစ္စ ဘာမှမသိသေးဘူး။ ပြီးတော့ ဒီပိုင်းလော့နဲ့ ပတ်သက်ပြီး တစ်ခြားဘာမှ မှတ်တမ်းမှတ် လည်းမရှိဘူး။ ခုဆိုယင် အချိန်ကြာသည်နှင့်အမျှ မစ် (၃၁) လည်း အဝေးကို ရောက် မှာပဲ။ ဗလာဒီမီရော့ ဘယ်မလဲ"

လေတပ်ဗိုလ်ချုပ်ကြီးသည် ရေဒီယိုအော်ပရေတာကို လှမ်းကြည့်ပြီး-

"ဟေ့ ဝံပုလွေစစ်ဆင်ရေး မြေပုံထုတ်ပေးစမ်း၊ မြန်မြန်လုပ်"

အော်ပရေတာသည် သူ့ရှေ့တွင်ရှိသော ခလုတ်များ နှိပ်လိုက်၏။ စားပွဲ တွင်ရှိသော စီးကရက်ဗူး၊ ဆေးပြင်းလိပ်ဗူးနှင့် ဆေးလိပ်ခွက်တို့သည် အလိုအလျော ရွှေ့သွားပြီး စားပွဲပေါ်တွင် ဆိုဗီယက်နိုင်ငံမြေပုံတစ်ချပ် ထင်းလင်းစွာ ပေါ်လာ မြေပုံတွင် အရောင်မျိုးစုံ မှတ်ထားပြီး မြားများလည်း ဟိုပြဒီပြနှင့် မျက်စိရှုပ်စ ဖြစ်နေသည်။ လျှပ်စစ်မီးရောင်ကြောင့် မြေပုံကို ထင်ထင်ရှားရှား မြင်ရလေသည် ထို့အပြင် နံရံ၌လည်း ပိတ်ကားတစ်ချပ်ပေါ်လာ၏။ ပိတ်ကားတွင် ဆိုဗီယက်နိုင်ငံ ပြည် ကာကွယ်မှုအနေအထားများကို မှတ်သားထား၏။ အတွင်းရေးမှူးသည် မိမိကိုယ် ကိုင်းညွတ်ကာ စားပွဲပေါ်ရှိ မြေပုံကို စိတ်ဝင်စားစွာ ကြည့်နေသည်။ သူ့လက်ချော ဖြင့်လည်း ဟိုထောက်သည်ထောက်နှင့် လိုက်လံထောက်နေ၏။

"ကဲ ဒီမှာ ဘဲလ်ယာဒ်စခန်းပဲ။ လေယာဉ်ဘယ်ဘက်ကို မောင်းထွက်သွ သလဲ"

အတွင်းရေးမှူးသည် လေယာဉ်ထုတ်လုပ်ရေး စီမံကိန်းစခန်းဖြစ်သော ဘဲလ် ယာဒ်နေရာကို လက်ညှိုးဖြင့် ထောက်ထားယင်း လေတပ်ဗိုလ်ချုပ်ကြီးအား မေးလိုက် သည်။

"အတိအကျတော့ မပြောနိုင်ဘူး အတွင်းရေးမှူး"

ဗိုလ်ချုပ်ကြီး၏အသံမှာ ပြတ်တောက်ပြတ်တောက် ဖြစ်နေ၏။ အဘယ် ကြောင့် ဆိုသော် လွန်ခဲ့သော (၂) နှစ်လောက်က သူ့လည်ချောင်း၌ ကင်ဆာရောဂ



www.burmeseclassic.com

www.burmeseclassic.com



မြင်ခဲ့ဖူး သည်။ လည်ပင်းခွဲထားခဲ့သဖြင့် စကားပြောရာတွင် အသံမှာ ကြည်လင်ခြင်း မရှိပေ။

ဗိုလ်ချုပ်ကြီးသည် မြေပုံကို ခဏ ကြည့်လိုက်၏။ ပြီးတော့ သူ့ရှေ့တွင် ထိုင်နေသော လေတပ်ဦးစီး ဗိုလ်ချုပ် "ဗလာဒီမီရော့" ကို လှမ်းကြည့်လိုက်သည်။ ဗိုလ်ချုပ် ဗလာဒီမီရော့မှာ တစ်ခေါင်းလုံး ဆံပင်ဖြူသော်လည်း သူ့မျက်လုံးများမှာ စူးရှလှ၏။ မျက်နှာထားလည်း ထာဝစဉ်တင်းမာပြီး ရက်စက်ကြမ်းကြုတ်ပုံပေါက်သည်။ အဖြစ်အပျက်မှာ မြန်ဆန်လွန်းသဖြင့် ဗိုလ်ချုပ် ဗလာဒီမီရော့အနေနှင့် ဘာပြောရမှန်းပင် မစဉ်းစားတတ်အောင် ဖြစ်နေလေသည်။ ဤဖြစ်ရပ်သည် လွန်ခဲ့သော (၄) နှစ်လောက်က • "မစ် (၂၅) ဖော့စ်ဘတ်" ကို မောင်းပြီး ရုရှနိုင်ငံမှ ထွက်ပြေးသွားသည့် ဗိုလ်လော့စကီး အဖြစ်အပျက်ထက်ပင် ပိုဆိုးနေသည်။

ပြောင်လက်ပြီး လွန်းပျံကိုယ်ထည် ပုံသဏ္ဌာန်ရှိသော မစ် (၃၁) လေယာဉ်သည် သူတို့လိုက်ပါလာသည့် တူပိုလက် လေယာဉ်ဘေးမှာပင် လျှင်မြန်စွာ ကောင်းကင်သို့ ပျံတက်သွားသည်ကို ဗိုလ်ချုပ်က မြင်ယောင်နေသေးသည်။

ထိုစဉ် သီးသန့်လိုင်းမှ သတင်းတစ်ပုဒ်ရောက်လာ၏။ သတင်းမှာ ခွင့်ပြုချက် တစ်စုံတစ်ရာမရဘဲ လေယာဉ်တစ်စင်းသည် မြေပြင်ပြေးလမ်းမှ ရုတ်တရက်ကောင်းကင်သို့ ပျံတက်သွားသည့်အကြောင်းဖြစ်သည်။ ဤအကြောင်း သူတို့သိခဲ့ပေပြီ။ အမေရိကန်နိုင်ငံလော့ တစ်ယောက်က ကမ္ဘာပေါ်တွင် မဟာဗျူဟာ မြောက်ဆုံး ဆိုဗီယက်တို့၏ လေယာဉ်ကို ခိုးသွားခဲ့သည်။ ခုတော့ သူတို့ တစ်ခုခု လုပ်ကြရတော့မည်။ အတွင်းရေးမှူးသည် ဗိုလ်ချုပ်ဗလာဒီမီရော့အား ကြည့်ပြီးမေးလိုက်သည်။

"ဗလာဒီမီရော့၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားဘယ်လိုသဘောရသလဲ"

ဗိုလ်ချုပ် ဗလာဒီမီရော့သည် မြေပုံကိုလက်ညှိုးဖြင့် ထောက်ထားယင်း၊ အတွင်းရေးမှူးအား တင်ပြရန် ဟန်ပြင်လိုက်၏။ ဗိုလ်ချုပ်ဗလာဒီမီရော့သည် ဆိုဗီယက် လေတပ်မတော်တွင် အမိကကျသော ဒုံးလက်နက်ဖြင့် တိုက်ခိုက်သည့် တပ်ဖွဲ့မှ တပ်မှူးဖြစ်သည်။ သူထမ်းဆောင်ရမည့် တိုက်စစ်ကြောင်းအနေအထားကို ≺ "ဝံပုလွေတပ်ဖွဲ့" ဟု လျှို့ဝှက်အမည်ပေးထားသည်။ ယခုဖြစ်ပျက်နေသော ကိစ္စအခြေအနေ အရပ်ရပ်ကို သူသဘောပေါက်လေပြီ။ ရုတ်တရက် ဘယ်အရပ်ကို သွားရမှန်းမသိ ထွက်ပြေးသွားသော လေယာဉ်နောက်ကို မည်ကဲ့သို့ လိုက်ရပါမည်နည်း။ တုန့်ပြန်အရေးယူရမှာ အလွန်ခက်ခဲကြောင်း သူသိ၏။ သို့ရာတွင် ဤအခြေအနေမှန်ကို အတွင်းရေးမှူးအား သူမတင်ပြရဲပေ။

---

• မစ် (၂၅)၊ ဖော့စ်ဘတ် **(Foxbat)** လေယာဉ်ထွက်ပြေးသည့်အကြောင်း ၁၉၈၃ ခုနှစ်၊ ဇန်နဝါရီလတွင် ပိုးအိမ်မျှင် စစ်ဆင်ရေးဟူသောအမည်ဖြင့် ကျွန်တော်မြန်မာပြန်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

≺ ဝံပုလွေတပ်ဖွဲ့ **(Wolf Pack)** လျှို့ဝှက်အမည်။



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူး မသိရန်လည်း ဟန်ဆောင်ဖုံးဖိထားရန် လိုသည်ဟု သူသဘောပေါ
သည်။

"အတွင်းရေးမှူးခင်ဗျား။ အခုကိစ္စနဲ့ပတ်သက်လို့တော့ ကျွန်တော်တို့
အသံထက်မြန်တဲ့ လေယာဉ်အုပ်စုဖြန့်ပြီး လိုက်ရမယ့်အနေအထားမှာ ရှိပါတယ်။ အ
သဖြင့်တော့ တောင်ဘက်နယ်စပ်ကို လေယာဉ်အုပ်စုတစ်ခု၊ မြောက်ဘက်နယ်စပ်
လေယာဉ်အုပ်စုတစ်စုဖြန့်ပြီး ဝိုင်းထားဖို့လိုပါတယ်"

"ဘာကြောင့် ဒီလိုဝိုင်းရသလဲ ရှင်းပြစမ်းပါဦး"

"ဘာဖြစ်လို့လည်းဆိုတော့"

ဗိုလ်ချုပ်ဗလာဒီမီရော့သည် မြေပုံကို ငုံ့ကြည့်ပြီး နယ်စပ်ကို ထောက်ပြ
ယင်း -

"ခိုးသွားတဲ့ လေယာဉ်ဟာ ဘေးကင်းတဲ့နေရာ ရောက်ဖို့ကတော့ လောင်စာ
ဖြည့်ရမှာပဲ။ အခုလေယာဉ်မှာ ပါသွားတဲ့ လောင်စာဆီနဲ့ဆိုယင် ဆိုဗီယက်နယ်နိမိတ်
ကျော်ဖြတ်နိုင်မှာ မဟုတ်ဘူး။ သူဟာ ကောင်းကင်မှာတော့ လောင်စာဆီ ဖြည့်
မဟုတ်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ကောင်းကင်မှာ လောင်စာဆီဖြည့်ယင် လောင်
ဆီဖြည့် လေယာဉ်ဟာ ကောင်းကင်မှာရှိနေရမယ်။ ဒီလိုရှိနေယင် ဆိုဗီယက်လေတပ်
သိမယ်ဆိုတာ သူတို့သိပါတယ်"

"ဒီလေယာဉ်ပျံသန်းနိုင်တဲ့အကွာအဝေးဟာ ဘယ်လောက်ရှိလဲ"

ဗိုလ်ချုပ် ဗလာဒီမီရော့ ဘေးတွင် ထိုင်နေသူ ဗိုလ်ချုပ် လီယိုနစ်ဗိုရော့
မေးလိုက်၏။ ဗိုလ်ချုပ် လီယိုနစ်ဗိုရော့သည် ➤ **"အီး-စီ-အမ်"** ခေါ် အီလက်ထရွန်း
ပဲ့ထိန်းဒုံးပျံ တိုက်ခိုက်ရေးတပ်ဖွဲ့၏ တပ်မှူးဖြစ်သည်။ အကယ်၍ မတော်တဆ အ
စစ်ပွဲဖြစ်၍ ရန်သူဘက်မှ ပစ်ခတ်လာသော ဒုံးပျံများကို သူသည် ရေဒါဖြင့် အကွာအ
ကို ချိန်ဆပြီး အီလက်ထရွန်းနစ်ဖြင့် ဆိုဗီယက်လေတပ်နှင့်ပူးပေါင်းပြီး ပြန်လ
တိုက်ခိုက်ရသည့် တပ်မှူးတစ်ယောက်ဖြစ်သည်။

"လေယာဉ်ကတော့ လောင်စာဆီအပြည့်ဖြည့်ထားမှာပဲ။ လောင်စာ
အပြည့်ရှိသော်လည်း အများဆုံးမိုင် (၃၀၀၀) ထိပဲ ပျံနိုင်တယ်။ ဒါပေမယ့် မစ် (၃
အကြောင်း ဘယ်လောက်ထိ နားလည်တယ်ဆိုတာ ဘယ်သူမှ အတိအကျ မပြေ
နိုင်ဘူး"

လေယာဉ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးက မစ် (၃၁) အခြေအနေကို ရှင်းပြနေ

➤ **Electronic Counter Measure = (E C M)**

အီလက်ထရွန်းနစ်ဖြင့် တုန့်ပြန်တိုက်ခိုက်ရေး။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ဗလာဒီမီရော့သည် မြေပုံကို လက်ညှိုးဖြင့် ထောက်ထားယင်း ပြောကြားလေသည်။

"ဒါဖြင့်ယင် ဒီကောင်ဟာ သည်ထိပျံနိုင်တာပေါ့"

သူ့လက်ချောင်းသည် အာတိတ်သမုဒ္ဒရာဘက်သို့ ထိုးပြရာမှ တဖြည်းဖြည်းနှင့် အီရန်နယ်နိမိတ်ဘက်သို့ ရွေ့လာ၏။ ၎င်းမှ တဆင့် မြေထဲပင်လယ်ဘက်သို့ ရွေ့သွားလေသည်။

"သူခိုးဟာ ဘာဖြစ်လို့ တောင်ပိုင်း၊ သို့မဟုတ် မြောက်ပိုင်းကို မောင်းပြေးရသလဲ။ ဆိုစမ်းပါဦး ဗလာဒီမီရော့"

အတွင်းရေးမှူးက စိတ်ဝင်စားစွာ မေးလိုက်သည်။ အတွင်းရေးမှူးမှာ လေယာဉ် အခိုးခံလိုက်ရသဖြင့် မကြေမချမ်း ဖြစ်နေလေသည်။ လေယာဉ်ပြန်ရရေးအတွက် စိတ်စောနေပုံလည်းရသည်။

"ဒါက ဒီလိုရှိပါတယ်။ အတွင်းရေးမှူးခင်ဗျား။ ဘယ်လေယာဉ်ပိုင်းလော့မှ မော်စကိုဘက် ကို မောင်းမှာမဟုတ်ဘူး။ မော်စကိုမှာဆိုယင် ပစ်မလွဲဒုံးပျံတွေ ချထားတယ်ဆိုတာ သူတို့သိမှာပဲ။ မော်စကိုဘက်ကို မောင်းလာတဲ့ လေယာဉ်သူခိုးဆိုယင် မိမိကိုယ်ကို သေတွင်းထဲ ခုန်ဆင်းတာနဲ့အတူတူဖြစ်နေမှာပဲ။ ပြီးတော့ မော်စကိုမှာဆိုယင် ရေဒါနဲ့ ဖမ်းလို့မရတဲ့ လေယာဉ်လည်း လွတ်မှာမဟုတ်ဘူး"

ခဏကြာမျှ ငြိမ်သက်နေကြ၏။ အခန်းထဲရှိ ပုဂ္ဂိုလ် (၅) ဦး၊ ရေဒီယို အော်ပရေတာနှင့် အစောင့်ရဲဘော်တို့က စိတ်ဝင်စားစွာငြိမ်ပြီး နားထောင်နေကြသည်။ သူတို့အားလုံး၏ မျက်လုံးသည် ဗိုလ်ချုပ်ဗလာဒီမီရော့ကို ကြည့်နေကြ၏။ ယခုတော့ အမေရိကန်ပိုင်းလော့တစ်ယောက်က မစ် (၃၁) လေယာဉ်ကို ခိုးယူနိုင်ခဲ့သဖြင့် စီ-အိုင်-အေ ၏ လုပ်ဆောင်ချက်သည် သူတို့ထက်တစ်ကွက်သာသွားကြောင်း အားလုံးက ခံယူခဲ့ကြလေသည်။ သို့ရာတွင် သူတို့မှာ အခက်အခဲတစ်ခု နှင့်ရင်ဆိုင်နေရသေးသည်။ မစ် (၃၁) လေယာဉ်တွင်နောက်ဆုံးပေါ် စက်ကိရိယာတစ်မျိုးဖြစ်သည့် ရေဒါနှင့်ပင်ရှာဖွေရအောင်အဆင့်မြင့်ယန္တရားတစ်မျိုး တပ်ဆင်ထားခဲ့သည်။ တီထွင်ခဲ့သောမဟာဗျူဟာမြောက် လေယာဉ်များတွင် ဤကိရိယာမျိုး ဤလေယာဉ်တစ်စင်းတွင်သာ အစမ်းသဘောဖြင့် တပ်ဆင်ထားခဲ့သည်။ ယင်းယန္တရားကြောင့် ယခုအခါသို့တို့ခမြာ ဒုက္ခပါသောက ဖြစ်ကြရ လေသည်။

"အခုအခိုးခံရတဲ့လေယာဉ်ဟာ နောက်ဆုံးပေါ် အဆင့်မြင့် ယန္တရားတွေ တပ်ဆင်ထားတယ်။ ကျုပ်တို့မှာ အဆင့်မြင့်ဆုံးလေယာဉ်ပဲ"

လေတပ်ဦးစီးချုပ်က စိတ်ပျက်သည့် မျက်နှာထားဖြင့် ပြောကြား၏။ ဤတွင်တချိန်လုံး ဘာတစ်ခွန်းမှဝင်မပြောသော ကေ-ဂျီ-ဘီ အကြီးအကဲက



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေ အမေရိကန်ပိုင်းလော့ သိထားတာနဲ့တူတယ်"

ကေ-ဂျီ-ဘေ အကြီးအကဲသည်သူ့ လက်အောက်က အရာရှိတစ်ယောက်၏ ပေါ့ဆမှုကြောင် ယခုကဲ့သို့ လေယာဉ်အခိုးခံရသဖြင့် စိတ်ထဲကျေနပ်မှုမရှိပေ။ သို့ရာတွင် ကြီးကြီးကျယ်ကျယ်တော့ စိတ်ထိခိုက်ပုံမပေါ်။ သူသည်တန်းခိုးကြီးဇာ အလွန်ကြီးမား သော ထောက်လှမ်းရေးအဖွဲ့၏ အကြီးအကဲတစ်ယောက် ဖြစ်လင့်ကစား မျက်နှာထား အလွန်ချိုပြီး အနောက်နိုင်ငံမှကုမ္ပဏီပိုင်ရှင်တစ်ဦးကဲ့သို့ ရုပ်သဏ္ဌာန် ပေါက်နေလေ၏။

"အမေရိကန်ပိုင်းလော့ သိမှာသေချာတယ်။ ကျွန်တော်တို့ရဲ့ လုံခြုံရေးစနစ်ဟာ အားနည်းချက်ရှိပါတယ်။ ဒါကြောင့် အမေရိကန်ပိုင်းလော့ဟာ ဒီစခန်းထိ ဝင်ရောက်လာ နိုင်တာပဲ"

ဗိုလ်ချုပ်ဗလာဒီမီရော့က သူ့အမြင်ကို ပွင့်လင်းစွာပင် ပြောချလိုက်သည်။ သူ့ အသံမှာအေးစက်သော်လည်း မာကြောလှသည်။

"ကဲ ဒါတွေထားလိုက်ပါတော့။ ခုချိန်မှာ တစ်ယောက်ကိုတစ်ယောက် အပြစ်ပုံ ရမယ့် အချိန်မဟုတ်ပါဘူး။ ကျုပ်တို့ဘာလုပ်ကြမယ်ဆိုတာကိုပဲကျုပ်သိချင်တယ်။ အခု ဘယ်နှစ်နာရီရှိပြီလဲ"

အတွင်းရေးမှူးသည် ရှေ့ဆက်လုပ်ရမည့် လုပ်ငန်းစဉ်ကိုသာ စိတ်ဆန္ဒစောနေ ၏။ ထို့ကဲ့သို့ပြောယင်း စားပွဲကိုလက်ဖြင့်ပုတ်ကာ ဗလာဒီမီရော့ကို စိုက်ကြည့်နေလေ သည်။

ဗိုလ်ချုပ်ဗလာဒီမီရော့သည် လက်တွင်ပတ်ထားသောနာရီကိုငုံ့ကြည့်ပြီး-

"(၆)နာရီနဲ့ (၂၂)မိနစ်ရှိပြီ။ တစ်ခုဆိုရင် မစ်လေယာဉ်ကိုမောင်းပြေးတာ (၇)မိနစ်ရှိပြီ။ ဘယ်နေရာကိုပဲဖြတ်ဖြတ် ဆိုဗီယက် နယ်နိမိတ်ကိုကျော်ဖြတ်ဖို့ဟာ အနည်း ဆုံး မိုင် (၁၀၀၀)လောက် ပျံရမယ်။ သူဟာ အသံနှုန်းလောက်ပဲ လေယာဉ်ကို မောင်းသွားလိမ့်မယ်။ ဒါမှ လောင်စာဆီကုန်သက်သာမယ်။ တကယ်လို့အ သံထက် မြန်တဲ့နှုန်းနဲ့မောင်းယင် လောင်စာဆီ အံ့မျှားကြီးကုန်သွားမယ်။ ပြီးတော့ ကောင်းကင်မှာ လေယာဉ်သွားလမ်းကြောင်းလည်း ပေါ်နေမှာပဲ။ အဲဒီ လမ်းကြောင်းပေါ် နေယင် သူ့ နောက်ကိုအလွယ်တကူခြေရာခံပြီး လိုက်နိုင်တယ်ဆိုတာ သူသိတယ်။ ဘာပဲ ပြောပြော တကယ်လို့ နယ်စပ်ရောက်အောင် တန်းတန်းမတ်မတ် ပျံသွားတောင်မှ ကျွန်တော်တို့ အတွက် အချိန်တစ်နာရီ ရပါသေးတယ်"

အတွင်းရေးမှူးသည် ဗိုလ်ချုပ်ဗလာဒီမီရော့၏ ရှင်းပြချက်ကို စိတ်ဝင်စားစွာ နားထောင်နေ၏။ ပြီးတော့မှ-

"တစ်နာရီပဲလား။ ကျုပ်တို့အတွက် အချိန်လုံလောက်ရဲ့လား ကူတူးဇော့ ခင်ဗျားဘာအကြံပေးချင်းသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျွန်တော်လဲ ဗိုလ်ချုပ်ဗလာဒီမီရော့တင်ပြတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ဆီမှာရှိဟဲ့ အသံထက်မြန်တဲ့ လေယာဉ်ကို ကောင်းကင်တစ်ခုလုံး စိုးမိုးထားနိုင်အောင် လွှတ်တင်ရမယ်။ နယ်စပ်တွေအားလုံး လေယာဉ်တွေနဲ့ပိတ်ထားရမယ်။ ဒီအစီအစဉ်တွေဝံပုလွေတပ်ဖွဲ့နဲ့ ဝက်ဝံတပ်တွေ သိကြပါတယ်။ နယ်စပ်တလျှောက် ကောင်းကင်ပြင်တစ်ခုလုံး ပိတ်ထားယင် ဒီကောင်ဘယ်ကိုမှတွက်လို့ရမှာ မဟုတ်ဘူး။ ကောင်းကင်တပြင်လုံးကို ကျွန်တော်တို့ စိုးမိုးထားဖို့လိုတယ်"

"ဟုတ်ပြီ၊ သဘောပေါက်ပြီ။ ဒီအစီအစဉ်ကောင်းတယ်။ ကဲ မြန်မြန်လုပ်။ ကျုပ်သဘောတူတယ်"

တူပိုလက် လေယာဉ်ပေါ်ရှိအခန်းတွင် ထိုင်နေကြသော ပုဂ္ဂိုလ်များ၏ ရင်ဖိုမှုမှာ အနည်းငယ်သက်သာသွား၏။ ခုတော့ သူတို့၏တန်ပြန်တုန့်ပြန်မှုအစီအစဉ်ချမှတ်ခဲ့လေပြီ။ ယင်းအစီအစဉ်မှာ အတည်ဖြစ်ခဲ့သည်။ ခေါင်းဆောင်ကြီးများသည် နံနက်စောစောစီးစီး လေယာဉ်ခိုးခံရသော ပြဿနာကို 'ဝိုင်းဝန်းပိတ်ဆို့ရေး' ဟူသော စစ်ဆင်ရေးဖြင့် ပြန်လည်တုန့်ပြန်၏။ ယင်းစစ်ဆင်ရေးကြောင့် ခေါင်းဆောင်ကြီးများ၏သဲလှိုက်ရင်ဖိုမှုမှာ အနည်းငယ် သက်သာသွားသော်လည်း စစ်ဆေးရေး၏ နောက်ကွယ်တွင်ပေါ်ပေါက်လာမည့် စိတ်ပူပင်စရာ လှုပ်ရှားမှုများက ခေါင်းဆောင်းကြီးများ၏ရင်တွင်ဝင်ရောက်နေရာယူခဲ့ပြန်လေပြီ။

\+ \+ \+

ခဏတ္တခဏ တိတ်ဆိတ်နေကြ၏။ ထိုနောက် ဗိုလ်ချုပ်ဗလာဒီမီရော့သည် စစ်ဆေးရေးကို စတင်အကောင်အထည်ဖော်သည့် အနေနှင့်မတ်တပ်ရပ်ပြီး အတွင်းရေးမှူးအား ဦးညွှန်လိုက်၏။ ပြီးတော့ စားပွဲဝိုင်းတွင်ရှိသောမြေပုံကိုသေချာစွာ ကြည့်ရှုစစ်ဆေးနေသည်။ မြေပုံပေါ်တွင် သူ၏လေယာဉ်အခြေစိုက်စခန်းများကို ခဲတံနီဖြင့်ဝိုင်းထားသည်။ ဝေဟင်ပစ်ဒုံးပျံစခန်းများလည်း မြေပုံပေါ်တွင် မှတ်သားထားသည်။ လေယာဉ်နှင့်ဒုံးပျံစခန်းတို့၏ ဆက်သွယ်မှုများကို ဗိုလ်ချုပ်ဗလာဒီမီရော့က သေချာစွာစစ်ဆေးနေသည်။ ထိုနောက် အော်ပရေတာဘက်လှည့်ပြီး-

"ရဲဘော်ရေ၊ ဝက်ဝံစစ်ဆေးရေး မြေပုံထုတ်စမ်းဟေ့"

စားပွဲပေါ်မှာပင် မြေပုံတချပ် တဖြည်းဖြည်းနှင့် အလိုအလျောက်ပေါ်၏။ မြေပုံမှာ အတော်ကြည်လင်သည်။ ရောင်းစုံစက်ဝိုင်များဟိုတကွက်သည်တကွက်ပြထားသည်။ တနေရာနှင့်တနေရာ အကွာအဝေးအညီအမျှရှိသည့် မြေပုံလည်းပေါ်လာသည်။ ဗိုလ်ချုပ်ဗလာဒီမီရော့သည် မြေပုံကိုလက်ဖြင့်ထောက်ထားယင်း မျက်နှာလည်းပြုံးရွှင်နေ၏။ သက်ဆိုင်ရာတပ်ဖွဲ့အသီးသီးသို့ အမိန့်ပေးရန် အချက်ပြရဲဘော်အား သတိအနေအထားရှိရန် အမိန့်ပေးလိုက်လေသည်။

"တိုက်ခိုက်ရေး လေယာဉ်အုပ်စုအမြန်ထွက်။ ကောင်းကင်းတပြင်လုံးရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်း၊ သတင်းအပြည့်အစုံ အမြန်ပြန်ကြား။ အက်စ်-အက်စ်-အက်စ် အစီအစဉ် အတိုင်း ထွက်ခွာကြ။ အဖြူရောင်တပ်ခွဲ မြောက်ပိုင်းပျံတက်။ အနီရောင်တပ်ခွဲကြားဖြတ် ပျံတက်။ အစိမ်းရောင်နှင့်အညိုရောင်တပ်ခွဲ အတွင်းပိုင်း ဖြတ်မောင်း။ ဝက်ဝံအုပ် တောင်ပိုင်းပျံတက်။ နယ်စပ်တစ်လျှောက်ပျံ။ အတွင်းပိုင်းလည်းဖြတ်တောက်။

ဗိုလ်ချုပ်ဗလာဒီမီရော့ သည် မတ်တပ်ရပ်ယင်း မြေပုံကို လက်နှင့်ထောက်ကာ သက်ဆိုင်ရာလေယာဉ်အုပ်စုနှင့် အမိန့်ပေးနေ၏။ တစ်ခန်းလုံး တိတ်ဆိတ်လျက်ရှိသည်။ အချက်ပြစက်သံသာ အခန်းကို လွှမ်းမိုးထားသည်။ ဗိုလ်ချုပ်ဗလာဒီမီရော့ သည် စက်သံကို ဂရုတစိုက်နားထောင်နေ၏။ အချက်ပြရဲဘော်များလည်း ဗိုလ်ချုပ်၏အမိန့် အတိုင်း သက်ဆိုင်ရာတပ်ဖွဲ့သို့ သင်္ကေတစကားဝှက်ဖြင့် အချက်ပြလျက်ရှိသည်။

ထို့နောက် ဗိုလ်ချုပ်ဗလာဒီမီရော့သည် ထိုင်နေသော အတွင်းရေးမှူးဘက်သို့ လှည့်ပြီး -

"အတွင်းရေးမှူးခင်ဗျား မစ် (၃၁) ကိုတွေ့ယင် ဘာလုပ်ရမှာလဲခင်ဗျား"

အတွင်းရေးမှူးသည် ခေတ္တစဉ်းစားပြီးနောက်. . .

"မစ် (၃၁) ကိုတွေ့ယင် အမေရိကန်ပိုင်းလော့ဆီ အချက်ပြလိုင်း ပြောင်းပေးပါ။ ကျုပ်ဒီသူခိုးနဲ့ စကားပြောချင်တယ်။ လေယာဉ်ကိုလည်း ဆင်းခိုင်းမယ်။ တကယ်လို့ မဆင်းယင် ပစ်ချရမှာပဲ"

မစ် (၃၁)၊ ဖိုင်ယားဖော့စ်တွင် တပ်ဆင်ထားသည့် လေကြောင်းပြ ကိရိယာ များမှာ အိတ်ဆောင်ဂဏန်းပေါင်းစက်မျှသာရှိ၏။ သို့ရာတွင် ယင်းစက်ကိရိယာသည် အလွန်အားကောင်းပြီး ခလုတ်ပေါင်းစုံ တပ်ဆင်ထားသည်။

ခလုတ်တစ်ခုနှိပ်လိုက်သည်နှင့် မိမိသွားလိုသော ခရီးအကွာအဝေးကိုလည်း ကောင်း၊ မည်သည့်မိုင်နှုန်းဖြင့် ပျံသန်းပါက မည်သည့်အချိန်တွင်ရောက်နိုင်ကြောင်းကို လည်းကောင်း၊ စက်ခလုတ် ဒိုင်ကွက်တွင် အလိုအလျောက်ပေါ်လာလေသည်။ ထို့အပြင် ခလုပ်နှိပ်လိုက်သောအခါ ကွန်ပျူတာ ယန္တရားပါလည်ပတ်ပြီး လိုအပ်ပါက လေယာဉ် လမ်းကြောင်းပါတည့်မတ် ပြောင်းလဲပေး၏။ လေယာဉ်တွင်အလွန်ခေတ်မီသော စက်ယန္တရားများ တပ်ဆင်ထားလေသည်။

ဂျန်သည် ဘဲလ်ယာဒ်စခန်းမှ ထွက်လာကတည်းက ဇော်ဂါဂရမ်ချ်မြို့အနောက် မြောက်ကောင်းကင်ယံတွင် မော်စကိုမြို့မှ နံနက်စောစောထွက်လာသည့် ခရီးသည်တင် လေယာဉ်နှင့် ဆုံစည်းရန် ရည်ရွယ်သတ်မှတ်ထား၏။ ယင်းကဲ့သို့သတ်မှတ်ရခြင်းမှာ သူ့ နောက်သို့ လိုက်လာကြသော လေယာဉ်များကို လှည့်စားရန် အကွက်ဆင်ထားသည့် အကွက်တကွက်သာဖြစ်သည်။ ဂျန်သည် ဆိုဗီယက်နိုင်ငံတောင်ပိုင်းသို့ ပျံသန်းနေ ကြောင်း သူ့ ကိုရှာဖွေနေသူများအား ယုံမှတ်စေခြင်းသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျန်သည် လေယာဉ်ကို ခပ်မှန်မှန်သာ မောင်းနှင် နေသည်။ တစ်နာရီလျှင် နော့ (၆၅၀)နှုန်းဖြင့်သာ မောင်းနှင်သွားသည်။ လေယာဉ်ကိုအသံထက်မြန်အောင်မ မောင်းချေ။ အဘယ်ကြောင့်ဆိုသော် အကယ်၍အသံထက်မြန်သောမိုင်းနှုန်းဖြင့် လေယာဉ်ကိုမောင်းနှင်းသွားပါက သူဖြတ်ကျော်ပျံသန်းလာသောလေထုအတွင်း၌မြား တန်းပမာ ခြေရာများထင်ကျန်နေမည်သာမက လေယာဉ်မြည်ဟိန်းသံကို သာမန်နားဖြင့် ပင် ကြားနိုင်ပေမည်။ မြားတန်းပမာ ကျန်ရစ်နေသော ခြေရာကိုလည်း သာမန်မျက်စိဖြင့် မြင်နိုင်ပေမည်။ မော်စကိုမှ ထွက်လာသော လေယာဉ်နှင့်ဆုံစည်းရန်သတ်မှတ်ထားသော နေရာသို့ ရောက်ရန်မှာအချိန်(၂၃)မိနစ်မျှ လိုသေးသည်။

ဖိုင်းယားဖော့စ်တွင်တပ်ဆင်ထားသော ယန္တရားမှာစုံလင်လှသဖြင့်ဒိုင်ကွက်များ လည်းအမျိုးမျိုးဖြစ်နေလေသည်။ ဂျန် သည်လေယာဉ်ယန္တရားခလုတ်များကို စစဆေးနေ၏။ ဖိုင်းယားဖော့စ်တွင် တပ်ဆင်ထားသည့် ဆက်သွယ်ရေးကိရိယာများ၊ ရေဒါနှင့် ကွန်ပျူတာယန္တရားတို့မှာ အမေရိကန်လေယာဉ်တွင် တပ်ဆင်ထားသည့် ယန္တရားများနှင့် ခပ်ဆင်ဆင်ပင်ဖြစ်သည်။ သို့ရာတွင်ဖိုင်းယားဖော့စ်တွင် ထူးခြားသည့်အချက်တစ်ချက် ရှိသည်။ ယင်းကားတစက္ကန့်လျှင်(၅၀၀၀၀) ပေါင်တွန်းအားရှိသည့် တာဘိုဂျက်အင်ဂျင် နှစ်လုံးဖြစ်သည်။ ယင်းအင်ဂျင်နှစ်လုံးသည် လေယာဉ်ကိုအလွန်လျင်မြန်သော နှုန်းဖြင့်ပျံ သန်းစေနိုင်ပါသည်။ တစ်နာရီလျှင်(၅)မက်ထိ ပျံသန်းစေနိုင်လေသည်။

အခြားထူးခြားသည့် အကြောင်းများလည်း ရှိသေးသည်။ ဗရန်နီဗစ်ချ်ပြောပြ ချက်အရ ရေဒါဖြင့်ရှာဖွေမရအောင် တပ်ဆင်ထားသည့် ကိရိယာမှာယန္တရားအမျိုးအစား မဟုတ်ဘဲ လေယာဉ်ကိုယ်ထည်သည်ပင်လျှင် ရေဒါဖြင့်ဖမ်း၍ မရအောင်ပြုလုပ်ထား သည်။ လေယာဉ်ကိုယ်ထည်ကပင် ရေဒါနှင့်ဖမ်းမရအောင်ပြုလုပ်ထား၏။ ထို့အပြင် ဝေဟင်မှမြေပြင်သို့လည်းကောင်း၊ ပစ်ခတ်ရန်တပ်ဆင်ထားသော ဒုံးပျံများမှာ အီလက်ထ ရွန်နစ် ပဲ့ထိန်းစနစ်ဖြင့် တပ်ဆင်ထားသည်။ ယင်းဒုံးပျံဖြင့် ပစ်ခတ်ပါက ဘယ်သောအခါ မှ မလွဲနိုင်တော့ပေ။

သူ့ ရှေ့တွင် ကြည်လင်တောက်ပသော အပြာရောင်ကောင်းကင်ကသာကြီး လျက်ရှိ၏။ နေမင်းလည်း ထွက်ပေါ်လာပြီးဖြစ်၍ ရောင်ခြည်များဖြာထွက်နေသည်။ ကောင်းကင်ပြင်တွင် သူ့ လေယာဉ် ဖိုင်းယားဖော့စ်တစ်စင်းသာ ပျံသန်းသွားနေလေ သည်။

ဂျန်သည် သူ့ လေယာဉ် အောက်ရှိ အဆုံးမရှိ စီတန်းနေသောတောင်တန်းကြီး များကိုကြည့်ရန် စိတ်မဝင်စားပေ။ သူ့ မျက်လုံးများမှာ စက်ခုံဒိုင်ကွက်မှမခွာခဲ့။ အထူးသ ဖြင့် ရေဒါဒိုင်ကွက်ကို သတိထားပြီးကြည့်နေလေသည်။ သူ့ ထံသို့ ချဉ်းကပ်လာသော လေယာဉ်ဖြစ်စေ၊ သို့မဟုတ် ဒုံးပျံဖြစ်စေ ထိုဒိုင်ကွက်တွင် သေးငယ်သော အစိုးကလေး သင်္ကေတန်းအဖြစ်ပေါ်လာလေသည်။ သူ့ ကိုကြိုတင်သတိပေးခြင်းပင်။

ဗရန်နီဗစ်ချ်က သူ့ အားရှင်းပြခဲ့ဖူးသည်။ လေယာဉ်တွင် တပ်ဆင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



**အီး-စီ-အမ်** + သည် မြေပြင်မှလွှတ်လိုက်သည့် ရေဒါဓာတ်အားကို "နိုး" ဟု အမည်ပေးထားသော အီလက်ထရွန် စနစ်ထိန်းစက် ကိရိယာကလမ်းလွှဲပြောင်းပေးလေသည်။ နေရာနှင့်အရွယ်အစား အနေအထားတို့ကိုအလွယ်တကူ ဖမ်းယူသိရှိနိုင်သည်။ သို့ရာတွင် ရေဒါဓာတ်အား ဖမ်းယူရေးကိစ္စတွင် နိုးဟူသောကိရိယာသည် သူ့ အတွက်အပို

သက်သက်လို ဖြစ်နေသည်ဟု ဂျန်ထင်မိလေသည်။ အဘယ်ကြောင့်ဆိုသော် သူခိုးလားသောလေယာဉ်ကို မြေပြင်မှဖြစ်စေ၊ ကောင်းကင်ယံရှိ လေယာဉ်တစ်စီးစီးမှဖြစ်စေ မည်သည့်ရေဒါကမှ ဖမ်းယူ၍မရနိုင်ပေ။

ရုရှားတို့သည် သူ့ ကိုပုံသဏ္ဍာန်းအမျိုးမျိုးဖြင့် ရှာဖွေကြမည်ဖြစ်ကြောင်း ဂျန်ကြိုတင် ခန့်မှန်းထား၏။ တောင်ဘက် (သို့မဟုတ်) မြောက်ဘက်သို့ သူပျံသန်းလိမ့်မည်ဟု ဆိုဗီယက်တို့ မျှော်မှန်းထား ကြလိမ့်မည်။ အရှေ့ဘက်ကိုတော့ သူတို့မျှော်မှန်းလိမ့်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အရှေ့ဘက်တွင် အလွန်းဝေးလံသောကြောင့် ထိုအရပ်သို့ ဂျန်ပျံသန်းလိမ့်မည်ဟု သူတို့မထင်ကြ။ တဖန်အနောက်တွင် ဆိုဗီယက်မဟာမိတ်နိုင်ငံ နယ်စပ်သာ တည်ရှိသဖြင့် ယင်းနယ်စပ်တလျှောက် ဒုံးပျံများဖြန့်ကြက် ချထားမည်ကို ဂျန်သိ၏။ ထို့ကြောင့် အနောက်ဘက်သို့လည်း ပျံသန်းသွားလိပ်မည်ဟု သူတို့မထင်မှတ်ကြပေ။

ဂျန်အနေနှင့် သူ့ နောက်သို့ ဆိုဗီယက်တို့၏ တိုက်လေယာဉ်အုပ်စုများလိုက်လာ ကြလိမ့်မည်ဟု ကြိုတင်မျှော်မှန်း ထားခဲ့သည်။ ထို့အပြင်နေတိုးအဖွဲ့က "နားရွက်ကြီး" ဟု အမည်ပေးထားသော လေယာဉ်အသံဖမ်းစခန်းများသည် မော်စကိုပတ်ဝန်းကျင်းတလျှောက် နေရာပေါင်းများစွာတည်ဆောက် ထားလိပ်မည့်ဟုလည်း ဂျန်ကြိုတင် မှန်းဆထား၏။ လေယာဉ်သည် အမြင့်သို့ ပျံသန်းသွားပါက ရေဒါဖြင့် လေယာဉ်သံလှိုင်းကိုဖမ်းနိုင်သကဲ့သို့ နမ့်စွာပျံသန်းသွားသော လေယာဉ်ပျံအသံလှိုင်းကို ဖမ်းနိုင်ရန်ဆိုဗီယက်တို့သည် "နားရွက်ကြီး" ✘ ဟု အမည်ပေးထားသော လေယာဉ်အသံလှိုင်ဖမ်း စခန်းများ လူနေပါးသော အရပ်ဒေသ များတွင် တည်ဆောက်ထားခဲ့သည်။ သူသည်လေယာဉ်ကို တစ်နာရီလျှင် မိုင်(၆၀၀) နှုန်းသာမောင်းနှင်လာ၏။ ဤကဲ့သို့နှုန်းနိမ့်ပြီး မောင်းရသည့် အကြောင်းမှာ ဆိုဗီယက်တို့ တည်ဆောက်ထားသော "နားရွက်ကြီး" ဟူသော အသံလှိုင်းဖမ်းစက်သည် မည်သည့်အမြင့်တွင် ပျံသန်းလာသော လေယာဉ်၏ အသံလှိုင်းကို ဖမ်းယူနိုင်ကြောင်း စမ်းသပ်သည့်အနေနှင့် လေယာဉ်နှုန်းနိမ့်ပြီးပျံသန်းလာခြင်းပင်ဖြစ်သည်။

ဆိုဗီယက်တို့ လွှတ်တင်ထားသော ထောက်လှမ်းရေး ဂြိုဟ်တုဖြင့် သူ့လေယာဉ်ကို ဓာတ်ပုံရိုက်ပြီး ရှာဖွေနိုင်သည်ကို ဂျန်သိ၏။ သူ့အနေနှင့် ရှေ့သို့ တစ်ပေတိုးတိုင်း တိုးတိုင်း အန္တရာယ်နှင့် ပိုမိုနီးကပ်လာကြောင်းဆိုသည်ကိုလည်း သူသိ၏။ သူ့မှာ အီလက်

---

**+ Electronic Counter Measure = (E C M)**

အီလက်ထရွန်းနစ်ဖြင့် တုန့်ပြန်တိုက်ခိုက်ရေး။

✘ **Big-Ears** နားရွက်ကြီး (လေယာဉ် ပျံသန်းခြင်းကို အသံဖမ်းသည့်ကိရိယာ)



www.burmeseclassic.com

www.burmeseclassic.com



ခွန်းနစ်စစ်ပွဲတွင် ပါဝင်တိုက်ခိုက်နေရသူ ဖြစ်သည်။

မည်သည့်အရပ်ဒေသ၊ မည်သည့်နေရာတွင် လောင်စာဆီ ဖြည့်ရမည်ကို ဂျန် ...စားတတ်အောင် ဖြစ်နေ၏။ အင်အားကြီးသော လေယာဉ်လမ်းပြစက်ယန္တရားကို ... အာရုံစိုက်ပြီး ကြည့်နေလေသည်။

သူသည် ဖရီကွင်စီလိုင်းဖြင့် အသံဖမ်းစက်ကို အားကုန်ဖွင့်ထား၏။ ဘဲလ်ယာဒ် ...နီးမှ သူ့ကို အဆက်အသွယ်ပြုလုပ်လိမ့်မည်ဟု ဂျန်မျှော်လင့်နေသည်၊ သူ့ကိုလိုက် ...ရှာဖွေနေကြသော ဆိုဗီယက်တပ်ဖွဲ့တို့သည် "ယူဒီအက်ဖ်"ခေါ် မိုင် (၂၀၀)ပတ်ဝန်း ...ရှိ စကားပြောသံကိုပင် အသံဖမ်းနိုင်သည့်စက်ကို အသုံးပြုမည်ဖြစ်ကြောင်း ဂျန် ...၏။ ထို "ယူဒီအက်ဖ်" ခေါ် စက်သည် မိုင် (၂၀၀) အတွင်းရှိ စကားပြောသံလှိုင်းကို ...ယူနိုင်သည်သာမက မည်သည့်နေရာတွင် စကားပြောနေကြောင်း နေရာအတိအကျ ...ပင်သိနိုင်လေသည်။ သူစကားအဆက်အသွယ်ပြောချင်၏။ ယင်းကဲ့သို့ စကားအဆက် အသွယ် ပြောသံကြားတော့မှ တောင်ဘက်သို့ သူပျံသန်းသွားနေကြောင်းဆိုသည့် သူ၏ ...ညွှန်ကွက်ပရိယာယ်ကို သံသယမရှိဘဲ သူတို့ ယုံကြည်ကြလိမ့်မည်။

သူထွက်ပြေးပျံသန်းစဉ်က တူပိုလက်လေယာဉ်ပေါ်တွင် ခေါင်းဆောင်ကြီးများ ... လေယာဉ်အခိုးခံခဲ့ရသည့် အကြောင်း စစ်ဆေးမေးမြန်းကြအုံးမည်ဖြစ်၍ ချက်ချင်း သူ့အား အဆက်အသွယ်ပြုလိမ့်မည်မဟုတ်ကြောင်း ဂျန် ယုံကြည်နေ၏။ ထိုစဉ်မှာပင် လေယာဉ်၌ တပ်ဆင်ထားသော ရေဒီယိုစက်သံမြည်လာပြီး စကားပြောသံ ထွက်ပေါ်လာသည်။ ထိုအသံရှင်မှာ အတွင်းရေးမှူး၏ အသံဟု ဂျန်ထင်မိသည်။

စကားသံမှာ အလေးအနက်ပြုပြီး သတိထားပြောကြားနေသည်ကို ဂျန် သတိ ပြုမိသည်။ ဂျန် သည် "ယူတူး" လေယာဉ်အရေးအခင်းကို ရုတ်တရက်စဉ်းစားနေမိ၏။

ရေဒီယိုတွင် အသံမြည်နေသည်။ ဂျန်သည် ရေဒီယိုတွင် ထွက်ပေါ်လာမည့် စကားကို အာရုံစိုက်နားထောင်နေသည်။

"ဆိုဗီယက်လေယာဉ်ကို ခိုးသွားတဲ့ပိုင်းလော့ဆီ ကျုပ်စကားပြောနေတယ်။

ကြားတယ်မဟုတ်လား မစ္စတာဂျန်"

ဂျန်သည် ထွက်ပေါ်လာသော အသံကို နားထောင်ယင်းပြုံးနေမိသည်။ သူ့အနေ အထားကိုလည်း သတိထားလိုက်၏။ သူသည် ယူတူးလေယာဉ် အရေးအခင်း အကြောင်းကိုလည်း သတိရမိသည်။ ယခုအခါ သူသည် အမေရိကန်နိုင်ငံသား တစ်ယောက်ဖြစ်သော်လည်း စီ-အိုင်-အေ အတွက် သူအလုပ်လုပ်ပေးနေသည်ဟု ဝန်မခံ နိုင်ပေ။ ဂျန်သည် ပြုံးယင်းနှင့်

"အမိန့်ရှိပါခင်ဗျား ကျွန်တော်နားထောင်နေပါတယ်"

"ဘယ့်နှဲ့လဲ မစ္စတာဂျန်၊ ကျုပ်တို့ရဲ့ လေယာဉ်အသစ်နဲ့ ပျံသန်းရတာ ကောင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား။ ဇိမ်ရှိရဲ့လား"

"မဆိုးပါဘူး၊ ပိုကောင်းအောင်တော့ မွမ်းမံနိုင်ပါသေးတယ်"

"အခုလို အကြံပေးတာ ကျေးဇူးတင်ပါတယ် မစ္စတာဂျန်"

ဂျန်သည် သူနှင့်စကားပြောဆိုနေသော ပုဂ္ဂိုလ်၏ရုပ်သဏ္ဌာန်ကို စိတ်မှန်း ကြည့်လိုက်သည်။ သူတို့နှစ်ယောက် စကားပြောနေကြသည်။ တစ်ယောက်သော သူ လေယာဉ်ပေါ်ဖြစ်ပြီး ဂျန်တစ်ယောက်မှာ မြေပြင်ရှိ လေယာဉ်ပေါ်ဖြစ်သည်။ အ ကြာတော့ ဂျန်က-

"နေ စမ်းပါဦးခင်ဗျား၊ ကျွန်တော့်ကို ချိန်းချောက်သံလေးဘာလေး မ ပါလား"

"ချိမ်းချောက်တာတွေ ဘာတွေထားလိုက်ပါ။ ခင်ဗျားကို ပြောချင်တာက မိမိ မပိုင်တဲ့လေယာဉ်ကို ခိုးမသွားပါနဲ့။ ပြန်လာပါ"

"ပြန်လာယင် ခုလိုဖြစ်ပျက်တဲ့ အဖြစ်အပျက်အားလုံး မေ့ပစ်မလား"

ဂျန့်စကားကြောင့် တစ်ဘက်မှ ရယ်မောသံသည် ရေဒီယိုမှ ထွက်ပေါ်လာ သည်။

"ကျုပ်ပြောယင်လည်း ခင်ဗျား ယုံမှာမဟုတ်ဘူး။ ဟုတ်တယ်မဟုတ်လာ မစ္စတာဂျန်။ ခင်ဗျားအနေနဲ့ စီ-အိုင်-အေ တွေမပြောကြားထားတဲ့ + "လူရန်က ထောင်အကြောင်း၊ ပြီးတော့ ဆိုဗီယက်တို့ရဲ့ လုံခြုံရေးတပ်ဖွဲ့တွေရဲ့ ရက်စက် အကြောင်းတွေပဲ နားထဲစွဲနေတယ်မဟုတ်လား။ ကျုပ်အနေနဲ့ ခင်ဗျားကို ကတိပေး တယ်။ တကယ်လို့ ခင်ဗျားပြန်လာယင် ခင်ဗျားအသက်အန္တရာယ် တစ်စုံတစ်ရာ မဖြစ် ရပါဘူး။ ခင်ဗျားပြန်လာယင်တော့ မိနစ် (၄၀) အတွင်း ဘဲလ်ယာဒ်စခန်းကို ပြန်ရော မှာပဲ"

ဂျန်သည် ဘာမှပြန်မပြောသေးဘဲ ခေတ္တရပ်နေ၏။ ပြီးတော့မှ -

"တစ်ကယ်လို့ ပြန်မလာယင်ကော၊ ဘာလုပ်မလဲ"

"ပြန်မလာဘူးဆိုယင်တော့ ခင်ဗျားကို ဒဏ်ခတ်ရမှာပဲ။ ကျုပ်တို့ရဲ့ မစ် (၃ လေယာဉ်ကိုတော့ ခင်ဗျားတို့ရဲ့ ထောက်လှမ်းရေးအဖွဲ့လက်ထဲ မရောက်စေနိုင်ဘူး"

"လူကြီးမင်း ပြောဆိုချက်တွေကို ကျွန်တော်သဘောပေါက်ပါတယ်။ ဒါပေမယ့် ဒီလေယာဉ်ကိုတော့ ကျွန်တော်သဘောကျတယ်။ စီးလို့ကောင်းတယ်။ အခုလောလော ဆယ်တော့ ကျွန်တော်ပဲ ဦးစီးပါရစေဦး"

+ လူရန်ကာထောင် - နိုင်ငံရေးအကျဉ်းသားတွေ ထားသောထောင်



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီမစ္စတာဂျန်။ မူးယစ်ဆေးဝါးစွဲနေတဲ့ ပိုင်းလော့တစ်ယောက်ရဲ့ ...ကို ကျုပ်တို့စိတ်မဝင်စားဘူး။ ကျုပ်တို့အနေနဲ့ကတော့ ငွေကြေးသန်းပေါင်းများစွာ ...ကုန်ကျခံပြီး တည်ဆောက်ထားတဲ့ လေယာဉ်ပျက်စီးမှာကို စဉ်းစားနေတာပါ။ ခင်ဗျား ...မှန်းတဲ့ ပန်းတိုင်လည်း ရောက်မှာမဟုတ်ဘူးဆိုတာ သိထားပါ မစ္စတာဂျန်"

ယူအိပ်အက်ဖ်လှိုင်းဖြင့် အသံဖမ်းစက်ကို ဂျန် ပိတ်လိုက်၏။ ဂျန်သည် ...ယောက်တည်း ပြုံးမိသည်။ ထိုနောက် စိုးရိမ်လာသည်။ အဖြစ်အပျက်မှာ စိုးရိမ် ...မဟုတ်ပါလော။ သူ၏ လမ်းခရီးသည် အန္တရာယ်လွှမ်းသော လမ်းကြောင်းသာ ...သည်။ ဘဲလ်ယာဉ်စခန်းတွင် ဖိုးယားဖော့စ်တစ်စင်း ကျန်သေး၏။ ယင်းလေယာဉ်ကို ...ခဲ့သည်။ အကယ်၍ လေယာဉ်သည် မီးမလောင်ဘဲ သူ့နောက်သို့ လိုက်လာမှာကို ...စိုးရိမ်နေသည်။ ဖိုင်းယားဖော့စ် လေယာဉ်မှာ အလွန်အစွမ်းထက်သော လေယာဉ် ...သောကြောင့် စိုးရိမ်စရာလည်း ဖြစ်နေလေသည်။

မော်စကိုမှ ပျံသန်းလာသော အရပ်ဖက်လေယာဉ်ကို ရုတ်တရက် တွေ့လိုက် ...သည်။ နေရောင်ကြောင့် လေယာဉ်မှာ တစ်လက်လက်တောက်ပနေ၏။ လေယာဉ် ...န်းတွင် ဖွင့်ထားသော လေအေးစက်ကြောင့် သူ့ရှေ့မြင်ကွင်း ပြတင်ပေါက်မှာ မှုန်ရီ ...ဖြင့် ပျံသန်းလာသော လေယာဉ်ကို စောစောက မမြင်မိလိုက်ပေ။ သူသည် ပျံသန်း ...သည့် လေယာဉ်ခေါင်းကို ဖြတ်မောင်းရန် ကြံစည်ခဲ့၏။ သို့ရာတွင် ခုတော့ ...လေယာဉ်မှာ လမ်းလွဲကာ တစ်ခြားသို့ ပျံသန်းသွားခဲ့လေပြီ။ ဂျန်သည် အော်တို ...လော့ စက်ခလုတ်ကိုပိတ်ခါ ကိုယ်တိုင်မောင်းနှင်လေ၏။

ဂျန်သည် လေယာဉ်ကို နှိမ့်ချလိုက်၏။ သူဝတ်ထားသော ပိုင်းလော့ဝတ်စုံမှာ ...ဖိအားကြောင့် ဖောင်းကြွလာ၍ သူ့ကိုယ်အထက်ပိုင်းကို တင်းကြပ်စေခဲ့သည်။ ကမ္ဘာ ...ကြီးဆွဲငင်အားကို တန်ပြန်ခုခံမှုကြောင့် တင်းကြပ်ခဲ့သည်။ နောက်မှ တဖြည်းဖြည်း ... လျော့သွား၏။ ဂျန်သည် ပျံသန်းလာသော လေယာဉ်ကို ခွာပြီးမောင်းနှင်သွားရာ ...ဖြည်းဖြည်းနှင့် ဝေးပြီး ပျောက်ကွယ်သွားသည်။

ထိုနောက် ဂျန်သည် ပြန်လှည့်လာပြန်၏။ ခရီးသည်လေယာဉ်နောက် လိုက် ...သည်။ လေယာဉ်ကို မိုင်နှုန်းမြင့်ပြီးမောင်းရာ ခရီးသည်တင်လေယာဉ်ကို ကျော်ဖြတ် ...သည်။ သူ၏ ဖိုးယားဖော့စ်လေယာဉ်ကို ခရီးသည်တင် လေယာဉ်ပိုင်းလော့ ...အောင် တမင်တကာ မောင်းနှင်နေခြင်းဖြစ်သည်။ ထိုနောက် နှာခေါင်းနားတပ်ကာ ...မောင်းသွားသည်။ အတော်အတန် ကျော်တက်ပြီးနောက် သူ၏ မူလ လမ်းကြောင်း ...တိုင်း မောင်းသွားလေ၏။ ဤတွင် ရေဒါဒိုင်ကွက်ရှိ အလယ်မျဉ်းကြောင်းတည့်တည့် ...ရှိသော အစိမ်းရောင်မီးပွင့်ကလေးမှာ မျက်တောင်ခတ်သကဲ့သို့ လင်းလိုက် မှိန်လိုက် ...နေလေ၏။

ဂျန်သည် လေယာဉ်ကို နှိမ့်ချပြီးမောင်းသွား၏။ အမြင့်ပေ (၁၅၀၀) ထိ ...ဆင်းသွားသည်။ သူသည် အော်တိုပိုင်းလော့ခလုတ်ကို ဖွင့်ကာ လေယာဉ်ကို



www.burmeseclassic.com

www.burmeseclassic.com



မောင်းသွားလေသည်။ သူမောင်းသွားသော လမ်းကြောင်းမှာ ဗော်ဂါရန့်ချ်ကို ကျော် တောင်ဘက်စူးစူးသို့ ဦးတည်သွား၏။ ၎င်းအတိုင်း မောင်းသွားပါက အီရန် နယ်နိ ခြားထားသော နေရာသို့ ဖြတ်ကျော်ပြီး အစ္စရေးနိုင်ငံ (သို့မဟုတ်) မြေထဲပင်လယ် ရောက်သွားမည်ဖြစ်ကြောင်း တွေးမိလေသည်။

ခုတော့ ဖိုင်းယားဖော့စ်အစွမ်းကို စမ်းသပ်ရန်အခွင့်အလမ်း ရလေပြီ။ သူသ လေယာဉ်အသွားနှုန်းခလုတ်ကိုဖွင့်လိုက်၏။ လေယာဉ်မှာ မက် (၁) မှ တဖြည်းဖြ နှင့် (၁. ၁) မက်၊ (၁. ၂) မက်၊ (၁. ၃) မက် စသည်စသည်ဖြင့် တဖြည်းဖြည်း မိုင် တက်သွားလေသည်။ ဂျန်သည် မိုင်နှုန်းဒိုင်ကွက်ကြည့်ယင်း ကျေနပ်မိသည်။ ဆိုဗီ တို့ တည်ဆောက်ခဲ့သော လေယာဉ်များအနက် အကောင်းဆုံးလေယာဉ်ဖြစ်သည်၊ (၃၁) လေယာဉ်ကို မောင်းနှင်ရသဖြင့် ဂျန်တစ်ယောက် ကျေနပ်ကြီး ကျေနပ်နေမိသ

သူသည် လေယာဉ်ကို ပေ (၂၀၀၀) ထိ နိမ့်ချလိုက်သည်။ နားရွက်ကြ ခေါ်သော အသံလှိုင်းဖမ်းသည့်စက်အန္တရာယ်မှ ကင်းလွတ်ရန်ရည်ရွယ်၍ လေယာ အောက်သို့ နိမ့်ချလိုက်ခြင်းပင်ဖြစ်သည်။ ထို့အပြင် ယူရယ်တောင်တန်းတွင် လေယာ နှင့် တောင်တန်း၏ ပဲ့တင်သံတို့ကြောင့် နားရွက်ကြီးမှာ အသံလှိုင်းကို လွယ်က ဖမ်း၍ရမည်မဟုတ်ဟု ဂျန်မျှော်လင့်ခဲ့သည်။ ဂျန်သည် နားရွက်ကြီးစက်စခန်း မည်သ နေရာတွင် တည်ရှိကြောင်းလည်း လုံးဝမသိခဲ့ချေ။

ဂျန်သည် လေယာဉ်မောင်းသွားရာမှ ရုတ်တရက် စိုးရိမ်ထိတ်လန့်သွား မိမိခရီး လုံခြုံမှုမရှိဟု စိတ်ထဲခံစားမိသည်။ လေယာဉ်နှုန်းမြှင့်လိုက်သည်။ အသွားနှ ဒိုင်ကွက်တွင် (၁. ၈) မက်၊ (၁. ၉) မက်၊ (၂. ၀) မက်၊ (၂. ၂) မက် စသည် တဖြည်းဖြည်း လေယာဉ်နှုန်းမြှင့်တက်လာသည်။

လေယာဉ်နှုန်းကိုမြှင့်တင်ခြင်းသည် လောင်စာဆီကို ကုန်ခမ်းစေခြင်း ဖြစ်ကြောင်း သူသိ၏။ ယခုအခါ လောင်စာဆီမှာ သူ့အတွက် အလွန်အဖိုးတန် နေသ သို့ရာတွင် လေယာဉ်နှုန်းကိုတော့ သူမလျှော့ချပေ။ (၂. ၆) မက်ထိ နှုန်းမြှင့်ထားသ ထို့နောက် လေယာဉ်နှုန်းကို တည်ငြိမ်စေလိုက်သည်။ ခုတော့ သူ့လက်အောက်ရှိ ပထဝီကို တရေးရေးသာ မြင့်နေရသည်။ သူသည် ကမ္ဘာ့အပြင်တစ်နေရာရှိ အသ သော အိမ်တစ်လုံးထဲ ရောက်နေသကဲ့သို့ပင်။ သူသည် 'တီအက်ဖ်အာရ်' ဟုခေါ်သေ ပထဝီအနေအထားတိုင်း လေယာဉ်အနိမ့်အမြင့် ချိန်ဆသည့်ခလုတ်ကို ဖွင့်လိုက်တေ သူ့လုံခြုံမှုရှိတော့သည်ဟု စိတ်ထဲထင်မိ လေသည်။ 'တီအက်ဖ်အာရ်' ခလုတ်သ × 'အော်တို ပိုင်းလော့' ကဲ့သို့ပင် လေယာဉ်ကို ထိန်းမောင်းသွားသည်။ ယူရ တောင်ခြေ ရောက်သည်အထိ ဒီအတိုင်းလွှတ်ထား၍ ရသည်ဟု ဂျန်ယုံကြည်သ လေယာဉ်သည် တစ်နာရီလျှင် မိုင် (၂၀၀၀) နှုန်းဖြင့် ပျံသန်းနေသည်။

---

× အော်တိုပိုင်းလော့ (Auto Pilot) - လူမမောင်းရဘဲ လူကဲ့သို့ အလိုအလျော လေယာဉ်ကို မောင်းသွားသော ပိုင်းလော့



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ကို ဂျန် လုံးဝထိန်းကြောင်းစရာမလိုတော့ အလိုအလျောက် ပျံသန်းနေ၏။ မကြာမီ မိနစ်ပိုင်းလောက်တွင် ယူရဲလ်တောင်တန်းကြီးကို ကျော်လွန်တော့မည်။ တောင်းတန်းကြီး ကျော်လွန်သွားပါက ဘေးအန္တရာယ် အသွယ်သွယ်မှ ကင်းဝေးပေမည်။

လေယာဉ်ကို ထိန်းလိုက်ပြန်၏။ ခုတော့သူမှာ လုံခြုံမှုရှိပြီဟု စိတ်ထဲ ထင်နေမိသည်။ လေယာဉ်အသွားနှုန်းကို လျှော့ချလိုက်၏။ တစ်နာရီ (၂. ၆) မက်နှုန်းထိ လျှော့ချလိုက်သည်။ မက် (၂. ၆) အမှတ်အသားကို အသွားနှုန်းပြဒိုင်ခွက်တွင် ကောင်းစွာမြင်နေရ၏။ ခုတော့ သူမှာ လုံခြုံသွားလေပြီ။

\+ + +

"ဆီဖြည့်အဖွဲ့ကို ချက်ချင်းအမိန့်ပေးလိုက်ပါ"

အော်ဗရေးသည် မြေပုံကိုကြည့်ယင်း လက်တစ်ဘက်တွင် တယ်လီဖုန်းကိုင်ကာ ဟိုက်ဝေးလ်ကွန်တိုက် လေယာဉ်အုပ်စုတပ်ဆွယ်မှ လေတပ်ဗိုလ်ချုပ် လက်ချ်ဖို့ထံ ဆက်လိုက်သည်။ ထိုအချိန်တွင် ဂျန်သည် ဘဲလ်ယာဒ်စခန်းမှ ထွက်ခွာလာပြီဖြစ်ကြောင်း အတည်ပြုသည့်သတင်းကို ဗိုလ်ချုပ်လက်ချ်ဖို့က သူ့အားသတင်းပို့ရုံသာရှိသေးသည်။

နယ်စပ်တစ်လျှောက်ရှိ ဆိုဗီယက်တို့၏ တိုက်လေယာဉ်အုပ်စုသည် တပ်လှန့်ကာ ကောင်းကင်သို့ ပျံတက်နေကြောင်း **'အေအီဒဗလျူအား'** စခန်းမှသတင်းရထား၏။ ထို့အပြင် ရေဒီယိုလှိုင်းစကားဝှက်ဖြင့် ဆိုဗီယက်လေတပ်စခန်းအချင်းချင်း ပြောဆိုနေကြသော သတင်းကို နားထောင်ရခြင်းအားဖြင့် လည်းကောင်း၊ အတွင်းရေးမှူးနှင့် မြောက်ပိုင်းတိုင်း တိုက်ရေယာဉ်ဗိုလ်ချုပ်ကြီးနှင့်လည်းကောင်း၊ မြေထဲပင်လယ်ရှိ ရေတပ်အုပ်စုထံသို့လည်းကောင်း၊ ပြောဆိုဆက်သွယ်နေကြသော သတင်းကိုလည်း ကြားခဲ့ရသည်။ ဤကြားခဲ့ရသော သတင်းများကို ထောက်ချင့်ခြင်းအားဖြင့် ဂျန် တစ်ယောက် ဘဲလ်ယာဒ်စခန်းမှ ထွက်ခွာလာခဲ့ပြီးဖြစ်ကြောင်း ခန့်မှန်းနိုင်လေသည်။

ဂျန်နှင့် ဆက်သွယ်ရန်အတွက် သတ်မှတ်ထားသော အသံလှိုင်းဖြင့် ကြိုတင်ဆက်သွယ်ရန် လောင်စာဆီဖြည့်ဆီးရေး လေယာဉ်အုပ်စုနှစ်စုသို့ ဗိုလ်ချုပ်လက်ချ်ဖို့ အမိန့်ပေးလိုက်၏။

"ခုချိန်ကစပြီး မိခင်နှစ် မိခင်သုံးတို့ကို တပ်လှန့်ဆက်သွယ်ကြပါ။ မိခင်တစ်ကို သတိထားကြည့်ရှုကြ။ ကျုပ်အနေနှင့် မိခင်တစ်နှင့် ဆက်သွယ်၍ မရ"

---

**AeWr (Airborne Early Warning Radar**

လေပြင်သို့လေယာဉ်ပျံ တက်သည်နှင့် ကြိုတင်သိနိုင်သော သတိပေးရေဒါ။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်လက်ချံဖို့အနေနှင့် လောင်စာဆီ ဖြည့်ဆီးသော လေယာဉ်အုပ်စု နှ သာသိသည်။ မည်သည့်နေရာတွင် လောင်စာဆီ ဖြည့်ဆီးရမည်ဖြစ်ကြောင်း သူမသိ ဂျန်နှင့် မည်သို့မည်ပုံ ဆက်သွယ်ရမည်ကိုလည်းသူမသိ။ အော်ဗရေးသည် ဤကိစ္စအ လုံး လျှို့ဝှက်သိပ်သည်းစွာ စီစဉ်ထားခဲ့သည်။ အဆက်တစ်ခုနှင့်တစ်ခုလည်း ကြို အသိ မပေးထားခဲ့ပေ။

"ဟုတ်ကဲ့ ဗိုလ်ချုပ်ကာတင်က မိခင်တစ်ကို တာဝန်ယူပါလိမ့်မည်။ ဟုတ် သတင်းပို့တဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ် ဗိုလ်ချုပ်"

အော်ဗရေးသည် လေတပ်ဗိုလ်ချုပ် လက်ချံဖို့ပြန်ပြောမည့်စကား နားထောင် ခဲ့သေးသည်။ သို့ရာတွင် ဗိုလ်ချုပ်က ဘာမျှမပြောတော့သဖြင့် အော်ဗရေ ဖုန်းချလိုက်သည်။ ဤတွင် သူ၏ ပြောဆိုလှုပ်ရှားမှုကို ဘေးမှထိုင်ကာကြည့်နေ ဘတ်ဟိုလ်က-

"ဘယ့်နဲ့လဲ ဗိုလ်ချုပ်တွေ အတည်ပြုကြရဲ့လား။ အခုလို ရုရှားတွေ လှုပ်ရှား တာကတော့ ဂျန်ကို မိသွားလို့မဟုတ်ဘူးနော်"

"မဟုတ်ပါဘူး။ 'အေအီးဒဗလျူအာ' ရဲ့လှုပ်ရှားမှုကတော့ တောင်ပိုင်း မြောက်ပိုင်းနယ်နိမိတ်တစ်လျှောက်မှာ ရုရှားတွေရဲ့ တိုက်လေယာဉ် အုပ်စုရဲ့ လှုပ် နေကြတဲ့ သတင်းပဲ။ ဂျန်ကတော့ ကျွင်းကင်ထဲ ရောက်နေပြီ"

ဘတ်ဟိုလ်သည် စိုးရိမ်မကင်းသည့်သဘောဖြင့် သက်ပြင်းတစ်ချက် လိုက်လေ၏။ ထိုနောက် ဘေးရှိ ကုလားထိုင်တွင် အိပ်ပျော်နေသော အင်ဒါ ကြည့်ပြီး. . .

"ဘုရားသခင်၏ ကျေးဇူးတော်ပဲပေါ့"

ဤတွင်အပေါ်ထပ်လှေခါးမှ ဗိုလ်ချုပ်ကာတင်ဆင်းလာသော ခြေသံသည် တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်၏။ ထိုနောက် ဗိုလ်ချုပ်ကာတင်သည် အော်ဗရေးဘက် လှည့်ကြည့်ပြီး. . .

"အော်ဗရေး ကျုပ်သဘောနဲ့ကျုပ်ပဲ ဒီအလုပ်ဝင်ကူမိတယ်။ ခုတော့ စာ တစ်ယောက်လိုဖြစ်နေပြီ။ ဒါနဲ့ မိခင်တစ် တပ်လှန့်ထားဖို့ ဝါရှင်တန်ကို အကြောင် ကြားပေးရမှာလား"

"ကောင်းသားပဲ၊ ရာသီဥတုအခြေအနေကြည့်ပြီး လုပ်ပါလား"

ဗိုလ်ချုပ်ကာတင်သည် နံရံတွင်ကပ်ထားသည့် ဗြိုဟ်တုနှင့်ရိုက်ကူးထားသေ ရာသီဥတုအခြေပြ ဂရပ်ချ်ပုံကို တုတ်တစ်ချောင်းဖြင့် ထိုးပြလေ၏။

"ရာသီဥတု သတင်းကတော့ နေ့လယ် (၁၄၀၀) နာရီမှာပို့ခဲ့တဲ့ သတင်းအ



www.burmeseclassic.com

www.burmeseclassic.com



သာယာကြည်လင်ပါတယ်"

"မိခင်တစ် ဘယ်ရောက်နေသလဲ"

"တောင်ဘက်ကို ဦးတည်သွားနေတယ်။ တောင်ဘက်ပိုင်းဆိုယင် ရာသီဥတု သိပ်အေးတယ်"

"ကောင်းပြီ၊ မိခင်တစ်နဲ့ အဆက်အသွယ်လုပ်ပါ"

ဗိုလ်ချုပ်ကာတင်သည် အဆက်အသွယ်မပြုလုပ်မီ၊ ရှယ်လီသည် လျှို့ဝှက် သင်္ကေတခန်းမှ ကြိုးမဲ့ကြေးနန်းတစ်စောင် ယူလာပြီးအော်ဗရေးအား ပေးလိုက်လေသည်။

"ကြိုးမဲ့ကြေးနန်းအဖွဲ့ဆီကို မိနစ်ပိုင်းအတွင်းပဲ ဒီသတင်းရခဲ့တယ်။ သတင်းကတော့ ရုရှားလေယာဉ်အုပ်စုအချင်းချင်း အပြန်အလှန်ပြောကြတဲ့ စကားတွေကို ဖမ်းယူထားတဲ့သတင်းပဲ"

ရှယ်လီသည် စာရွက်တစ်ရွက်ကမ်းပေးယင်း ပြောလိုက်သည်။

"ဟုတ်ပြီ သူ့ကို မော်ဂါဂရက်ချ်ရဲ့ အနောက်မြောက်ဘက်မှာ တွေ့ခဲ့တယ် ဆိုပါလား။ ခရီးသည်တင်လေယာဉ်ရဲ့ နှာခေါင်းကို မတိုက်မရုံတစ်မယ်ပဲတဲ့။ ပြီးတော့ သူ့ကို မတွေ့တော့ဘူးတဲ့။ ဟာ ကောင်းတယ်ဟေ့၊ ကောင်းတယ်"

အော်ဗရေးက အားရကျေနပ်မိသည်။ စာရွက်ကို ဘတ်ဟိုလ်အား ကမ်းပေးလိုက်သည်။

"ကောင်းတယ်ဗျို့။ အခုတော့ ဟန်ကျတာပဲ"

"ဒါပေမယ့် ရုရှားတွေတော့ တောင်ဘက်ပိုင်းရော၊ မြောက်ဘက်ပိုင်းပါ တိုက်လေယာဉ် အုပ်စုတွေကို တပ်လှန့်ထားတယ်။ ကျုပ်တို့ စိုးရိမ်ရတာကတော့ အားရွက်ကြီးဆိုတဲ့ အသံလှိုင်းဖမ်းစခန်းပဲ။ ဒါကိုတော့ ခင်ဗျားလည်းသိမှာပေါ့ မစ္စတာ ဘတ်ဟိုလ်။ ခုနေခါ ဂျန်ဟာ ကျယ်လောင်တဲ့ အသံနဲ့ ပျံသန်းနေမှာ။ ဒီအသံဟာ သူ့ကို အန္တရာယ်ပေးမယ့်အသံပဲ။ ဂျန်တော့ ယူရဲလ်တောင်တန်းဘက်ကို ဦးတည်မောင်းသွားပြီ"

\+ \+

"စစ်ပွဲဖြစ်မယ့်အခြေအနေ မရှိပါဘူး ကူတူးဇော့ဗ်"

အတွင်းရေးမှူးသည် စားပွဲဘေးရှိ ကုလားထိုင်ကြီးတွင် ထိုင်ယင်း ပြောကြားလိုက်သည်။ သူသည် ရုရှားနှင့် ဥရောပ ဆက်စပ်ထားသော မြေပုံကို စိတ်ဝင်စားစွာ ကြည့်နေလေသည်။ အထူးသဖြင့် ပိုလန်နယ်စပ်မှ ယူရဲလ်တောင်တန်းအထိ



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ အာတိတ်သမုဒ္ဒရာမှ ပင်လယ်နက်ထိလည်းကောင်း စသည့်ဒေသများ ဖေသချာစွာကြည့်နေ၏။ ထိုနောက် တိုက်လေယာဉ်အုပ်စုနှင့် ဆက်သွယ်ထားသ အချက်ပြ မီးနီကလေးသည် မှိတ်တုတ်မှိတ်တုတ်ဖြစ်နေ၏။ မြေပြင်ရှိ ဒုံးပျံစခန်းများ ဆက်သွယ်ထားသော အချက်ပြ မီးနီကလေးလည်း မှိတ်တုတ်မှတ်တုတ်ဖြစ်နေသည် တပ်အားလုံး သတိအနေအထားတွင် ရှိနေကြသည်။

ဗိုလ်ချုပ်ကြီး ကူတူးဇော့ဇ်သည် လေးနက်စွာ စဉ်းစားပြီး ပြောလိုက်လေသည်

"အတွင်းရေးမှူးခင်ဗျား၊ အမေရိကန်ပိုင်းလော့ဟာ ကျုပ်တို့ကို လှည့်စား တာ။ ကျုပ်တို့က မြောက်ဘက်ကို အာရုံစိုက်ကြည့်နေတုန်း ဒီကောင်ဟာ တောင်ဘက် လွတ်မြောက်သွားလိမ့်မယ်"

ပထမ အတွင်းရေးမှူးသည် မြေပုံကို ကြည့်ပြီး ပြောလိုက်လေသည်။

"မဟုတ်သေးဘူး၊ ကူတူးဇော့ဇ်။ အခုကိစ္စမှာ စီ-အိုင်-အေ ရဲ့ လက်ချက် အားပေးအားမြောက်လုပ်နေတာက ပင်တဂွန်ဌာနချုပ်နဲ့ သမ္မတရုံးပဲဖြစ်ရမယ်။ ဘာ သံသယဖြစ်စရာမလိုဘူး။ သေချာတယ်။ အသေအချာ စီစဉ်ပြီးမှ လုပ်လိုက်တဲ့ အလုပ် ဒါပေမယ့် ဒီရှူးသွပ်နေတဲ့ အမေရိကန်ပိုင်းလော့အတွက် လေယာဉ်လောင်စာဆီ ဖြည့် စီ-အိုင်-အေ တွေ ဘယ်မှ စီစဉ်ထားသလဲ။ တစ်နေရာရာမှာတော့ စီစဉ်ထားမှာ အဲဒီ နေရာကို ကျုပ်တို့ ကွန်ပျူတာတွေက တွေ့အောင်ရှာဖို့ အရေးကြီးတယ်။ အဲဒီ ဆီဖြည့်နေတုန်း ကျုပ်တို့ရဲ့ မစ် (၃၁) လေယာဉ်ကိုရော၊ ပြီးတော့ သူတို့ရဲ့ လောင်စာ ဖြည့်ပေးတဲ့ လေယာဉ်ကိုပါ ပစ်ချလိုက်တောင်မှ အမေရိကန်တွေဟာ ရေငုံနေမှာ ဘာတစ်ခွန်းမှ ဟကြမှာမဟုတ်ဘူး"

"သေချာရဲ့လား အတွင်းရေးမှူး၊ ကျုပ်အယူအဆနဲ့ ပြေရယင် စစ်ပွဲကို ဦးတည် သွားနိုင်မယ်ထင်တယ်"

ဗိုလ်ချုပ်ကြီး ကူတူဇော့ဇ်သည် အတွင်းရေးမှူးကို ငေးကြည့်ယင်း ပြောလို ပြန်၏။ သူ့စိတ်ထဲမှာလည်း တစ်စုံတစ်ခု စိုးရိမ်နေသည်။

"ဘာမှဖြစ်မှာမဟုတ်ပါဘူး၊ ကျုပ်ရဲရဲကြီး ပြောရဲပါတယ်။ အမေရိကန်ရေ ဗြိတိသျှရော ကျုပ်တို့လေယာဉ်ကို လိုချင်နေကြတယ်။ ကျုပ်တို့တည်ဆောက်တဲ့ လေယာဉ်ဟာ အစွမ်းထက်တယ်ဆိုတာ သူတို့သိတယ်။ သူတို့ နိုင်ငံမှာ လွန်ခဲ့တဲ့နှ မျှားဆိုယင် ကာကွယ်ရေးအသုံးစရိတ်တွေ အများကြီးလျှော့ချခဲ့တယ်၊ အထူးသဖြ သုတေသန လုပ်ငန်းတွေမှာ မလုပ်ကြဘူး။ လွန်ခဲ့တဲ့ (၄) နှစ်လောက်က ကျုပ်တို့ မစ် (၂၅) လေယာဉ်ကို သူတို့ ရခဲ့တယ်။ အဲဒီကတည်းက လေယာဉ်မှာ ကျုပ်တ ဘယ်လောက်ထိ ရှေ့ရောက်နေတယ်ဆိုတာ သူတို့သိကြတယ်၊ မစ် (၃၁) လေယာ ယှဉ်နိုင်တဲ့ လေယာဉ်ကို ထုတ်လုပ်ဖို့မဆိုထားနဲ့ ပုံစံအသစ်တောင် သူတို့မကြံစည်ကြဘူး ဒါကြောင့် ကျုပ်တို့ရဲ့ လေယာဉ်ရအောင် အပိုင်ကြံကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူးသည် စကားဆုံးသည်နှင့် သူ့ဘေးတွင် ရပ်နေသော ကေ-ဂျီ-ဘီ အကြီးအကဲအား မော့ကြည့်လိုက်ပြီး. . .

"ဒီမှာ ရဲဘော် ဒီစီမံကိန်းရဲ့ လုံခြုံရေးကိုတော့ ခွင့်မလွှတ်နိုင်စရာဘဲ"

ကေ-ဂျီ-ဘီ အကြီးအကဲသည် ဘာမှ မပြောဘဲ ခေါင်းသာညိတ်ပြ၏။ ခေါင်းညိတ်လိုက်စဉ် သူတပ်ထားသော ရွှေကိုင်းမျက်မှန်မှာ အရောင်တလက်လက် တောက်ပနေသည်။ သူ့မျက်နှာမှာ မကြေနပ်သဖြင့် ဒေါသလွှမ်းနေကြောင်း သိသာထင်ရှားလေသည်။

"ဟုတ်ပါတယ်ခင်ဗျား၊ လုံခြုံရေးနဲ့ ပတ်သက်လို့တော့ ဗိုလ်ချုပ်ကြီး ကူတူးဇော့ဖ်နဲ့ ဗိုလ်ချုပ် ဗလာဒီမီရော့တို့ကို ပဏာမ စစ်ဆေးချင်ပါတယ်။ ပြီးတော့မှ ဘယ်ပုံဘယ်နည်းနဲ့ ကြပ်မတ်သင့်တယ်ဆိုတာ စီစဉ်ယင် ကောင်းပါလိမ့်မယ်"

ကေ-ဂျီ-ဘီ အကြီးအကဲမှာ တည်ငြိမ်စွာဖြင့် ပြောကြားလိုက်သည်။ သူ့အသံမှာ မာကြောနေ၏။ ဤတွင် ဗိုလ်ချုပ်ကြီး ကူတူးဇော့ဖ်က ခြောက်သွေ့သော အသံဖြင့် ပြောကြားပြန်သည်။

"အမေရိကန်တွေဟာ ကျုပ်တို့ရဲ့ လုံခြုံရေးစနစ် ခိုင်မာမှုမရှိဘူးဆိုတာ သိသွားပြီ"

ရုရှားနိုင်ငံတွင် အဓိကထောက်လှမ်းရေးအဖွဲ့ နှစ်ဖွဲ့ရှိ၏။ တပ်မတော်ထောက်လှမ်းရေးအဖွဲ့နှင့် ကေ-ဂျီ-ဘီ (နိုင်ငံလုံခြုံရေးကောင်စီ) အဖွဲ့ဟူ၍ နှစ်ဖွဲ့ရှိရာ ယင်းနှစ်ဖွဲ့၏ အားနည်းချက်ကြောင့် ယခုကဲ့သို့ လုံခြုံရေးယိုယွင်းခဲ့ခြင်းသာဖြစ်ကြောင်း အတွင်းရေးမှူးသိ၏။ ထို့ကြောင့် အငြင်းမပွားလိုသဖြင့် အတွင်းရေးမှူးက လေးနက်သော အသံနှင့် ပြောကြားလိုက်သည်။

"ကဲ ပြီးခဲ့တာတွေ ထားလိုက်ပါတော့။ အခုကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ သေသေချာချာ စစ်ဆေးပါ။ ဒီလိုစစ်ဆေးလိုက်တာနဲ့ ပျောက်ကွက်ဟာကွက်တွေ သိသွားမှာပဲ။ ဗိုလ်မှူးကြီးကွန်တာစကီးရဲ့ အားနည်းချက်၊ တစ်ကိုယ်ကောင်းဆန်မှုတွေလည်း တွေ့ရှိမှာပဲ"

ကေ-ဂျီ-ဘီ အကြီးအကဲသည် ဘာမှမပြော ခေါင်းသာညိတ်နေ၏။ ဗိုလ်ချုပ်ကြီး ကူတူးဇော့ဖ်နှင့် ဗိုလ်ချုပ် ဗလာဒီမီရော့ တို့လည်း ဘာမှမပြောတော့၊ ယခုကိစ္စတွင် လုံခြုံရေးတာဝန်ခံ ဗိုလ်မှူးကြီး ကွန်တာစကီးကြောင့်သာ ဖြစ်သည်။ ဗိုလ်မှူးကြီး ကွန်တာစကီးသည် ဘဲလ်ယာဒ်စီမံကိန်းကို အကြောင်းပြုပြီး မိမိရာထူးတိုးရေးကိုသာ စိတ်ဆန္ဒစောနေခဲ့၏။ သို့ရာတွင် ခုတော့သူ့ဆန္ဒ မပြည့်ဝတော့ပေ။ သူ့မှာ တရားခံတစ်ယောက်သာ ဖြစ်လေတော့သည်။

ဤတွင် တံခါးခေါက်သံ ကြားရ၏။ ကိုယ်ရံတော်တပ်မှူးက တံခါးဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။ အပေါ် ဝတ်ရုံဖြူ ဝတ်ထားသူတစ်ဦးက သူ့ကို စာရွက်တစ်ရွက်ကမ်းပေးလိုက်သည်။ ကိုယ်ရံတော်တပ်မှူးလည်း ယင်းစာရွက်ကို အတွင်းရေးမှူးအား ကမ်းပေးလိုက်၏။

အတွင်းရေးမှူးသည် စာရွက်ကို ခေတ္တကြည့်လိုက်ပြီး ဗိုလ်ချုပ်ကြီး ကူတူးဇော့ဗ်ကို ထပ်ဆင့်ကမ်းပေးယင်း "ဘာနဲ့လဲ ကူတူးဇော့ဗ် ရှင်းပြပါဦး"

ဗိုလ်ချုပ်ကြီး ကူတူးဇော့ဗ် လည်း အသက်အရွယ် ကြီးရင့်ပြီဖြစ်၍ မျက်မှန်မပါဘဲ စာမဖတ်နိုင်သဖြင့် မျက်မှန်ထုတ်ပြီး စာကို အသေအချာ ဖတ်လိုက်လေသည်။ ပြီးတော့ အတွင်းရေးမှူးကို ကြည့်ယင်း. . .

"ဟုတ်ကဲ့၊ မစ် (၃၁) ဒုတိယတစ်စင်း ပျက်စီးတဲ့အစီရင်ခံစာပါ။ အဖျက်သမားတွေဟာ လေယာဉ်ကို ဖျက်ဆီးပစ်ပေမယ့် အားလုံးမပျက်စီးဘူး"

ဗိုလ်ချုပ်ကြီး ကူတူးဇော့ဗ် သည် စာရွက်ကို ဗိုလ်ချုပ် ဗလာဒီမီရော့ အားကမ်းပေးလိုက်သည်။ ဤတွင် အခိုးခံလိုက်ရသော လေယာဉ်နှင့်ပတ်သက်ပြီး စိတ်ဆန္ဒစောနေသော အတွင်းရေးမှူးက . . .

"ကဲ ဒီလေယာဉ်ကို လက်နက်အပြည့်အစုံနဲ့ ပျံနိုင်အောင်လုပ်ယင် ဘယ်လောက် ကြာမလဲ"

"တစ်နာရီလောက်တော့ ကြာလိမ့်မယ်။ ဒုံးလက်နက် အပြည့်အစုံ တပ်ဆင်ရမယ်။ ယန္တရားတွေရော၊ ကွန်ပျူတာတွေရော၊ အီလက်ထရွန်နစ်တွေရော စစ်ဆေးရဦးမယ်"

ဗိုလ်ချုပ် ဗလာဒီမီရော့သည် စာရွက်ကို လက်ထဲကိုင်ယင်း ပြောလိုက်လေ၏။

ဒါပေမယ့် ခက်တာက အခု အမေရိကန်ပိုင်းလော့ ဘယ်ရောက်နေသလဲဆိုတာ သိဖို့လိုတယ်"

ဗိုလ်ချုပ်ကြီး ကူတူးဇော့ဗ်က ဝင်ထောက်လိုက်၏။ သို့ရာတွင် အတွင်းရေးမှူးက ယခုကဲ့သို့ ဝင်ထောက်သည်ကို သဘောမကျပေ။ သူ့ဆန္ဒမှာ ဒုတိယ မစ် (၃၁) လေယာဉ်ကို ဒုံးပျံလက်နက်အပြည့်အစုံတပ်ဆင်ပြီး ကောင်းကင်ပေါ် လွှတ်တင်ကာ ခိုးသွားသော လေယာဉ်ကို ပစ်ချစေချင်သော ဆန္ဒသာ ရှိနေ၏။ တခြားဘာမှ မစဉ်းစားချင်တော့။

"ဒါ ကျုပ်သိပါတယ် ကူတူးဇော့ဗ်"

ဗိုလ်ချုပ် ဗလာဒီမီရော့ သည် နည်းပညာတပ်ဖွဲ့ဖြစ်သော ဝံပုလွေတပ်ဖွဲ့၏ တပ်မှူးဖြစ်သောကြောင့် အလုပ်လုပ်ရာတွင် စေ့စပ်သူတစ်ဦးဖြစ်သည်။ သူနှင့် ဗိုလ်ချုပ်ကြီး ကူတူးဇော့ဗ် တို့သည် မစ် (၃၁) လေယာဉ် အစင်းပေါင်းများစွာ ထုတ်လုပ်ရန် စီမံထားခဲ့ကြသည်။ သို့မှသာ ဆိုဗီယက်လေတပ်မတော်တွင် အားထားရသော



www.burmeseclassic.com

www.burmeseclassic.com



မစ် (၂၅) လေယာဉ်နေရာတွင် အစားထိုးနိုင်ပေမည်။ မစ် (၃၁) လေယာဉ်မှာ ခေတ်မီပြီး ဒုံးလက်နက်အမျိုးမျိုးတပ်ဆင်ထားသဖြင့် ကမ္ဘာပေါ်တွင် ခေတ်အမီဆုံး လေယာဉ်ဖြစ်သည်။ ခရီးအကွာအဝေးတွင်လည်း ကမ္ဘာပေါ်တွင် အဝေးဆုံးပျံသန်းနိုင်ပြီး အမြန်ဆုံးမောင်းနှင်နိုင်သော လေယာဉ်ဖြစ်သည်။ ယင်းကဲ့သို့ ခေတ်မီဆန်းပြားသော မဟာဗျူဟာမြောက် လေယာဉ်များ တည်ဆောက်နိုင်မှသာ အမေရိကန် လေတပ်မတော်နှင့် ဗြိတိသျှ လေတပ်မတော်တို့အပေါ် အသာစီးရနိုင်ပေမည်။

သူတို့ပြောဆို ဆွေးနွေးချက်အားလုံးသည် တိတ်ရီကော်တာဖြင့် ဖမ်းထား၏။ အကယ်၍ လိုအပ်ပါက အချိန်မရွေး ပြန်နားထောင်ရသည်။ ဗိုလ်ချုပ်ဗလာဒီမီရော့သည် သတင်းပို့ အော်ပရေတာထံ လျှောက်သွားပြီး အဆက်မပြတ် ရောက်လာသော သတင်းများကို နားထောင်နေ၏။

ဇော်ဂါကရက်ချ် အနောက်မြောက်တွင် ဂျန်ကို တွေ့ခဲ့သည်ဟူသော သတင်းကြားရသောအခါ ဗိုလ်ချုပ် ဗလာဒီမီရော့သည် ဂျန်ကို လေးစားမိ၏။ မှတ်တမ်းတွင် ဂျန်သည် မူးယစ်ဆေးဝါးစွဲနေသူ တစ်ဦးဖြစ်ပြီး စိတ်ဓာတ်မမှန်ဘဲ ကောက်ကျစ်စဉ်းလဲသူတစ်ဦးဟု သူတို့မှတ်တမ်းတင်ထားခဲ့သည်။ သို့ရာတွင် ဂျန်သည် တစ်ခါက ဗီယက်နမ်စစ်ပွဲတွင် လေသူရဲတစ်ဦးဖြစ်ခဲ့သည်။ ယခုမူ ဇော်ဂါကရက်ချ် အနောက်မြောက်တွင် ဂျန်ကို တွေ့လိုက်သည်ဟူသော သတင်းကြားရသည်နှင့် ဂျန်သည် ရူးသွပ်နေသော မူးယစ်ဆေးဝါးသမားပိုင်းလော့တစ်ယောက်မဟုတ်။ နည်းဗျူဟာအရ အလွန်ကျွမ်းကျင်သော ပိုင်းလော့တစ်ယောက်ဖြစ်ကြောင်း ဗိုလ်ချုပ်ဗလာဒီမီရော့ အကဲခတ်မိလေသည်။

ဤကဲ့သို့ ကျွမ်းကျင်သော ပိုင်းလော့တစ်ယောက်သည် လေယာဉ်ကို ခိုးယူနိုင်ကြောင်း မိမိနိုင်ငံသို့ လေယာဉ်ကို အရောက်မောင်းနှင်နိုင်ကြောင်းလည်း ဗိုလ်ချုပ်က အကဲခတ်မိသည်။

ခရီးသည်တင် တူပိုလက်ဖ် လေယာဉ်မှူး သတင်းပို့ချက်အရ ဂျန်သည် မမျှော်လင့်ဘဲ အမှတ်တမဲ့ တူပိုလက်ဖ်လေယာဉ်နှင့် တွေ့ဆုံခြင်းသာဖြစ်ပြီး တူပိုလက်ဖ် လေယာဉ် နှာခေါင်းကိုပင် တိုက်လုမတတ် ပွတ်ကာသီကာ မောင်းသွားကြောင်း၊ လေယာဉ်မှူးက သတင်းပို့ခဲ့၏။ သို့ရာတွင် ဂျန် လေယာဉ်ထဲရှိ ရေဒါဒိုင်ကွက်တွင် တူပိုလက်ဖ် လေယာဉ်ကို အဝေးကပင် ဒိုင်ကွက်၌ ပေါ်လာကြောင်း ဗိုလ်ချုပ် ဗလာဒီမီရော့သိသည်။ ဂျန့်အနေနှင့် ရေဒါဒိုင်ကွက်တွင် မြင်နိုင်ပါလျက် အဘယ်အကြောင်းကြောင့် ယခုကဲ့သို့ တူပိုလက်ဖ် လေယာဉ်နှာခေါင်း တိုက်မိအောင် မောင်းနှင်လေပါသနည်း။။ ဂျန်အနေနှင့် မတော်တဆဖြစ်ခြင်းမဟုတ်နိုင်ပေ။ လေယာဉ်ကို ပုံသဏ္ဌာန်အမျိုးမျိုးနှင့် မောင်းနှင်ရန် ဂျန်လေ့လာထားခဲ့လေပြီ။

ယခုကဲ့သို့ လေယာဉ်အခိုးခံရခြင်းမှာ ဗိုလ်မှူးကြီး တွန်တာစကီး၏ ပေါ့လျော့မှု အသိပညာမဲ့မှုကြောင့် ဖြစ်သည်ဟု ဗိုလ်ချုပ် ဗလာဒီမီရော့ ယုံကြည်သည်။

ဂျန်အကြောင်းကိုလည်းကောင်း၊ ဗိုလ်မှူးကြီးတွန်တာစကီးအကြောင်းတို



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ဗိုလ်ချုပ်ဗလာဒီမီရော့ မတွေးတော့။ သည့်ထက်အရေးကြီးသော အလု
ရှိသေးသည်။ အခိုးခံရသော မစ် (၃၁) လေယာဉ်ကို ပြန်ရအောင်မည်ကဲ့သို့ပြုလုပ်
မည်နည်း။ မစ် (၃၁)တွင် +အင်တီ ရေဒါ ခေါ် ရေဒါဖြင့် ဖမ်း၍မရအောင် လေယာ
ကိုယ်ထည်ကို ပြုလုပ်ထားသည်။ ထိုကဲ့သို့သော လေယာဉ်ကို ရေဒါဖြင့် ဖမ်း၍ရအော
မည်ကဲ့သို့ ပြုလုပ်ရမည်နည်း။ ဤအချက်ကို ဗိုလ်ချုပ်ဗလာဒီမီရော့ စဉ်းစားနေ
သို့ရာတွင် အဖြေမရပေ။

ဗိုလ်ချုပ်ဗလာဒီမီရော့သည် ပါးမြင်ကို လက်ဖြင့်ပွတ်သပ်ယင်း အခန်းတွင်
ခေါက်တုန့် ခေါက်ပြန် လျှောက်ပြီး စဉ်းစားနေလေသည်။ ဦးနှောက်ကို အစွမ်းကု
အသုံးချသည်။ လေလှိုင်းသံဖြင့် သတင်းအဆက်အသွယ်ပြုလုပ်နေသော အော်ပရေတာ
၏ အသံသည် သူ၏ စဉ်းစားချက်ကို လာရောက်နှောက်ယှက်နေလေသည်။

"အသံလှိုင်း ခြေရာအော့စ်စခန်းမှာ ဖမ်းမိပြီ"

ရေဒီယိုအော်ပရေတာ၏ အသံကြောင့် ဗိုလ်ချုပ်ဗလာဒီမီရော့ စဉ်းစားရပ်သွား
၏။ ဝင်လာသောသတင်း သေချာမှုရှိသည်။ မရှိသည် သေချာရန်ထပ်မံမေးခိုင်
လိုက်သည်။

လျှပ်တပျက် ဝင်လာသော သတင်းကြောင့် ဗိုလ်ချုပ်ဗလာဒီမီရော့ စဉ်းစားနေ
သော အဖြေ ရရှိလေသည်။ မစ် (၃၁) တွင်ရေဒါကင်းလွတ်အောင် တည်ဆောက်ထား
သဖြင့် ရေဒါဖြင့် မစ် (၃၁) ကို ရှာဖွေရန် မလွယ်ကူချေ။

**အင်ဖရားရက်ဒ် ရှာဖွေရေးကိရိယာ** × သည်အရာဝတ္ထုတစ်ခုပေါ် ကျရောက်ပြီး
ပြန်လည်ရိုက်ခတ်ယှာသော အသံလှိုင်းကို ဖမ်းယူရှာဖွေသည့် ကိရိယာမျိုးမဟုတ်ဘဲ
မြေပြင် သို့မဟုတ် လေထုထဲရှိ အပူထုတ်ပေးသော အရာဝတ္ထုအား ရှာဖွေပေးနိုင်သော
စက်ကိရိယာဖြစ်သည်။ ဂျက်အင်ဂျင်များမှ ထွက်လာသော အပူဓာတ်ကို အင်ဖရားရက်ဒ်
စက်ကိရိယာဖြင့် ဖမ်းယူလေ၏။ ဂျက်အင်ဂျင်မှ ထွက်သော အပူဓာတ်ကို ဖမ်းယူ ရရှိ
ပါက အင်ဖရားရက်ဒ်ဒိုင်ကွက်တွင် လိမ္မော်သီးအရောင် အစက်ကလေး ပေါ်လိုက်
ပျောက်လိုက် ဖြစ်နေလေသည်။ အင်ဖရားရက်ဒ် ကိရိယာသည် ပစ်မှတ်ကို တိကျစွာ
ရှာဖွေပေးနိုင်စွမ်းမရှိသော်လည်း ရေဒါဖြင့်ဖမ်း၍ မရသော မစ် (၃၁) လေယာဉ် ရှာဖွေ
ရေးတွင် များစွာ အထောက်အကူပြုလေသည်။ ပထမဦးစွာ အင်ဖရားရက်ဒ်ဖြင့်
လေယာဉ် တည်ရှိသောနေရာကို ရှာဖွေပြီး လေယာဉ်တည်ရှိသောနေရာ သိရသောအခါ
မလွတ်တန်းဒုံးပျံဖြင့် ပစ်ခတ်လေ၏။ ဤနည်းဖြင့် သူတို့ရှာဖွေသော လေယာဉ်ကို
အလွယ် တကူ ပစ်ချနိုင်လေသည်။

---

**+ အင်တီရေဒါ (Anti-Radar)** - ရေဒါဖြင့် အသံလှိုင်းဖမ်းမရသော စက်ကိရိ

**× Infra-Red Detection Equipment** - အပူဓာတ်ကိုလိုက်ပြီး အရာဝတ္ထုကို
ရှာဖွေသော ကိရိယာ



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေရန်အတွက် ကောင်းကင်သို့တက်သွားသော တိုက်လေယာဉ်များမှာ မစ် (၃၁) ကို လက်တွေ့ရှာဖွေရန် မလွယ်ကူပေ။ ထို့ကြောင့် လေယာဉ်စက်ခန်းအတွင်းရှိ အင်ဖရားရက်ဖ်ကိရိယာကို သုံးပြီး ပစ်မည့်ဒုံးလက်နက်ကို အဆင်သင့်ပြုလုပ်ထားလေသည်။

မစ် (၃၁) လေယာဉ်တွင် တပ်ဆင်ထားသော အင်ဖရားရက်ဖ်သည်လည်း တိုက်လေယာဉ်မှ လွှတ်လိုက်သည့် အင်ဖရားရက်ဖ် လေလှိုင်းနှင့် ထိတွေ့သောအခါ မစ် (၃၁) လေယာဉ်အတွင်းရှိ အင်ဖရားရက်ဖ် ဒိုင်ကွက်တွင်လည်း လိမ္မော်ရောင် အစက်ကလေး ထွက်ပေါ်လာလေသည်။

ဗိုလ်ချုပ် ဗလာဒီမီရော့သည် စဉ်းစားယင်း အော်ပရေတာကို ကြည့်လိုက်မိသည်။ အော်ပရေတာလည်း ပါးစပ်တပြင်ပြင်နှင့် တစ်စုံတစ်ခုကို တင်ပြချင်နေသည်။ ထို့ကြောင့် ဗိုလ်ချုပ်ဗလာဒီမီရော့က -

"ကဲရဲဘော် ဘာသတင်းပို့စရာ ရှိလဲ"

"ဟုတ်ကဲ့၊ ဗိုလ်ချုပ်၊ သတင်းတစ်ခုရောက်လာပါတယ်။ "အော့ဖ်" စခန်းရဲ့ အနောက်ဘက် တစ်နာရီ (၂) မက်နွှန်းနဲ့ အမည်မသိလေယာဉ်တစ်စင်း ခပ်နိမ့်နိမ့် ပျံသွားတဲ့အကြောင်း သတင်းပို့လာပါတယ်"

"ဟေ ဟုတ်လား။ အော့ဖ် မြေပုံထုတ်စမ်း"

မြေပုံချက်ချင်း ဖြန့်ကြည့်ကြသည်။ အော့ဖ်စခန်းသည် ယူရယ်တောင်တန်း၏ တောင်ဘက်စွန်းတွင် တည်ရှိသည်။ ဂျိန်သည် ထိုအရပ်သို့ ဦးတည်ပျံသန်းသွားပြီဟု ဗိုလ်ချုပ် ယုံကြည်လေသည်။ ဗိုလ်ချုပ်ဗလာဒီမီရော့သည် ယူရယ်မြေပုံကို တောင်းယူလိုက်ပြန်၏။

မြေပုံအသစ်ပေါ်လာ၏။ ဗိုလ်ချုပ် ဗလာဒီမီရော့သည် မြေပုံကို ကြည့်နေ၏။ သူမော့ကြည့်လိုက်ပြီး အော်ပရေတာကို အမိန့်ပေးလိုက်ပြန်၏။

"ရဲဘော် သတင်းသေချာအောင် ပျံသန်းသွားတဲ့ လေယာဉ်ဟာ ဘာအမှတ်အသား၊ ဘယ်လိုအမျိုးအစား လေယာဉ်ဖြစ်ကြောင်း စုံစမ်းပါဦး"

ခေတ္တခဏမျှ ကြာသောအခါ အော်ပရေတာက သတင်းပို့ပြန်သည်။

"ဗိုလ်ချုပ်ခင်ဗျား၊ အော့ဖ်ကို စုံစမ်းပါတယ်။ ပျံသန်းသွားတဲ့ လေယာဉ်ဟာ ဘာအမှတ်အသား ရှိသလဲမေးပေမယ့် ဘာမှပြန်မကြားဘူး။ လေယာဉ်ကတော့ အရှေ့မြောက်အရပ်ကို ဦးတည်ပြီးပျံသွားတယ်တဲ့"

ဂျိန်အတွက် မဟာအမှားတစ်ခု ပြုလုပ်မိလေပြီဟု ဗိုလ်ချုပ်ဗလာဒီမီရော့က ယူဆခဲ့သည်။ အဘယ်ကြောင့်ဆိုသော် လေယာဉ်အမှတ်အသားကို မပြောပြားဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက် ပျံသန်းသွားသဖြင့် အံသြဖွယ်ဖြစ်စရာ ပေါ်လာလေသည်။ ထို့အပြင် ပျံသန်းသည့်နှုန်းမှာ အလွန်လျင်မြန်သဖြင့် ခိုအောင်းစရာ အတားအတွယ်ဆီသို့ ပျံသန်းသွားနေသည်ဟု ထင်မှတ်စရာရှိသည်။ ဤကဲ့သို့လျှင်မြန်သောနှုန်းဖြင့် ပျံသန်းသွားသောကြောင့် လောင်စာဆီ ပိုမိုကုန်ခန်းစေလေ၏။

ဗိုလ်ချုပ်ဗလာဒီမီရော့သည် မြေပုံကို သေချာစွာ ကြည့်လိုက်ပြန်သည်။ ဂျန်သည် သူ့အားရှာဖွေနေသော တိုက်လေယာဉ်အုပ်စုဘေးရန်မှလည်းကောင်း၊ အသံလှိုင်းဖြင့် ဖမ်းယူနေသော ဓခန်းမှလည်းကောင်း၊ လွတ်မြောက်ရန်အတွက် လျှင်မြန်စွာ မောင်းနှင်သွားခြင်းသာဖြစ်သည်ဟု ဗိုလ်ချုပ်ဗလာဒီမီရော့ ယူဆလေသည်။

ဂျန် လောင်စာဆီဖြည့်ပေးမည့်နေရာကို ဗိုလ်ချုပ်ဗလာဒီမီးရော့ ခန့်မှန်းနေ၏။ လေယာဉ်သည် မြောက်ဘက်သို့ တရွေ့ရွေ့ဦးတည်သွားသည်ကို ထောက်ချင့်ခြင်းအားဖြင့် လောင်စာဆီကို ဘာရန့်ပင်လယ် သို့မဟုတ် ၎င်းအထက်တစ်နေရာရာတွင် ဖြည့်မည်ဟု ဗိုလ်ချုပ်ဗလာဒီမီရော့ ခန့်မှန်းလေသည်။

အတွင်းရေးမှူးသည် လှုပ်ရှားနေသော ဗိုလ်ချုပ်ဗလာဒီမီရော့ကို ကြည့်ယင်း "ဘယ့်နှယ်လဲ" ဟု မေးလိုက်သည်။

"ဒီမြေပုံကိုကြည့်ပါ။ အတွင်းရေးမှူးခင်ဗျား"

သူသည်မြေပုံကို လက်ညှိုးဖြင့် ထောက်ပြယင်း အတွင်းရေးမှူးကို ရှင်းပြလေသည်။ ဂျန် ပျံသန်းသွားသည့် အရပ်နှင့် ရောက်သွားနိုင်သည့်အရပ်ကို ညွှန်ပြလေသည်။

"ဘာပဲပြောပြော အင်ဖရားရက်စ်နဲ့ သူ့ကို ကျွန်တော်ရှာလို့တွေ့နိုင်ပါတယ်"

အတွင်းရေးမှူးသည် စိတ်ဝင်စားစွာနားထောင်ယင်းမေးလိုက်လေ၏။

"ဒီပိုင်းလော့ကို ကျုပ်တို့ ဘယ်နည်းနဲ့လုပ်လို့ရမလဲ"

ဗိုလ်ချုပ်ဗလာဒီမီရော့သည် အင်ဖရားရက်စ် လက်နက်အကြောင်းကို ရှင်းပြ၏။ ဂျက် အင်ဂျင်မှ ထွက်လာသော အပူလှိုင်းကိုလိုက်၍ အင်ဖရားရက်စ် ဒုံးကျည်ဖြင့် ပစ်ခတ်ရကြောင်း ဗိုလ်ချုပ်က ရှင်းပြလေသည်။

ခေတ္တတိတ်ဆိတ်နေကြ၏။ ထို့နောက် အတွင်းရေးမှူးက -

"အင်ဖရားရက်စ် ဒုံးပျံနဲ့ပစ်ချယင် မကောင်းဘူးလား။ ဗိုလ်ချုပ်ကြီး ကူတူးဇော့ဗ် ဘယ်လိုသဘောရသလဲ"

ဗိုလ်ချုပ်ကြီးသည် သဘောတူသည့်လက္ခဏာဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် အတွင်းရေးမှူးသည် ဗိုလ်ချုပ်ဗလာဒီမီရော့ဘက်လှည့်ပြီး ပြောလိုက်ပြန်သည်။

"ဒီလိုလုပ်ဆောင်ဖို့အတွက် ခင်ဗျားအနေနဲ့ ဘာအစီအစဉ်ဆောင်ချင်သေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပထမအနေနဲ့တော့ မြောက်ပိုင်းမှာရှိတဲ့ *အနီရောင်အောင်လံအလံတော်ရေယာဉ်တပ်စု ကို တပ်လှန့်ထားရမယ်။ သူတို့အနေနဲ့ ရေပြင်ပေါ်မှာရော၊ ရေအောက်မှာရှိတဲ့ ရေငုပ်သင်္ဘောတွေကိုရော သတိထားကြည့်နေရမယ်"

ဗိုလ်ချုပ်ဗလာဒီမီရော့ ခေတ္တရပ်နေ၏။ စဉ်းစားနေပုံရသည်။ ပြီးတော့မှ ဆက်လက် ပြောပြပြန်သည်။

"ဖြစ်နိုင်တာကတော့ လောင်စာဆီဖြည့်ဖို့ လေယာဉ်တစ်စင်းစင်းက ကောင်းကင်မှာစောင့်နေမှာပဲ။ ဒီတော့ ကျွန်တော်တို့ဟာ မြောက်ပိုင်းမှာရှိတဲ့ ဝံပုလွေ လေယာဉ်အုပ်စုကို တပ်လှန့်ပြီး စောင့်နေဖို့လိုတယ်။ ပြီးတော့ မြေပြင်မှာရှိတဲ့ ဒုံးပျံစခန်းအားလုံးလည်း တပ်လှန့်ထားရမယ်။ ဒီနေရာမှာ ကျွန်တော်တို့တစ်ခု သတိထားဖို့လိုတာကတော့ လောင်စာဆီဖြည့်မယ့်လေယာဉ်လည်း အင်္ဂလိပ်ရေးရက်စ် တီရိယာကို သုံးလိမ့်မယ်။ ကျွန်တော်တို့ရဲ့ ဝံပုလွေ တပ်ဖွဲ့ လေယာဉ်အုပ်စုအတွက် အထူးသတိထားရမယ့်အချက်ပဲ"

ဗိုလ်ချုပ် ဗလာဒီမီရော့သည် ရှင်းပြပြီး အတွင်းရေးမှူးကို ကြည့်လိုက်၏။ အတွင်းရေးမှူးကတော့ ဘာမှမပြောဘဲ သဘောတူပုံနှင့် ခေါင်းသာညိတ်ပြနေလေသည်။ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်လည်း ခေါင်းသာညိတ်နေ၏။

"ဒီမှာကြည့်ပါ၊ ဒီမှာ"

ဗိုလ်ချုပ်ဗလာဒီမီရော့သည် မြေပုံကို လက်ညှိုးနှင့် ထိုးပြရင်း ဆက်လက် ရှင်းပြပြန်၏။

"ဒီကောင်ဟာ ယူရဲလ်တောင်တန်းဘက်ကနေ မြောက်ဘက်ဆီကို ပျံသွားမှာပဲ။ ဘာဖြစ်လို့လည်းဆိုတော့ တောင်ကို အကာအကွယ်ယူပြီး အိုဘီပင်လယ်အော်ထဲ ဆင်းမယ်။ ဒါမှမဟုတ် ယာမဲလ်ပင်နီဆူလာဘက်ကို သွားမယ်။ အဲဒီအနီးအနားတစ်ဝိုက်မှာ လောင်စာဆီဖြည့်ပေးမယ့် လေယာဉ်နဲ့တွေ့မှာပဲ။ လောင်စာဆီ ဖြည့်ပြီးတာနဲ့ ပုံသန်းရေးလမ်းကြောင်းဟာ ပြောင်းသွားမယ်။ အဲဒီအခွင့်အရေးကို ကျွန်တော်တို့ သက်မလွှတ်ဖို့အရေးကြီးတယ်"

ဗိုလ်ချုပ် ဗလာဒီမီရော့သည် စိတ်ကူးထဲက အစီအစဉ်ကို သဘောကျသဖြင့် ပြုံးနေမိလေသည်။ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်ကတော့ ဘာမှမပြော။ သက်ပြင်းသာ တစ်သွင်သွင်ချနေမိ၏။

"ကောင်းတယ်။ ဒီအစီအစဉ်ကောင်းတယ်။ ဒီအတိုင်းပဲ ဆောင်ရွက်ပါ"

အတွင်းရေးမှူးက လေးနက်စွာအမိန့်ပေးလိုက်လေသည်။

\+ \+ \+

---

* Red Banner Fleet - အနီရောင်အောင်လံတော်ရေယာဉ်တပ်စု



www.burmeseclassic.com

www.burmeseclassic.com



ယူရဲလ်တောင်တန်း ကျော်ဖြတ်ရသည့်ခရီးမှာ ဂျန်အတွက် အချိန် (၂) နာရီမျှ ကြာခဲ့သည်။ အောဖ်စခန်းမှ "ဝေါ်ကူတာ" ထိ အရှေ့ဘက်တောင်တန်းများ တစ်လျှောက် မိုင်းပေါင်းရာကျော်ပျံသန်းခဲ့ရသည်။ နှုန်းနိမ့်ဖြင့် မောင်းနှင်လာရခြင်းမှာ လောင်စာဆီကို ချွေတာရန်အတွက် ဖြစ်သည်။ တောင်တန်းတစ်လျှောက် မြူတိမ်များ အုပ်ဆိုင်းနေ သဖြင့် မြေပြင်မှလည်းကောင်း၊ ဝေဟင်မှလည်းကောင်း သူ့ကို အလွယ်တကူ မမြင် တွေ့နိုင်ပေ။

ဤတောင်တန်းတစ်လျှောက်တွင် လူနေအိမ်ခြေနည်းပါးမှုကြောင့် မြေပြင်ဒုံး ဗုံးပျံစခန်းနည်းပါးလိမ့်မည်ဟု ဂျန်ထင်မိသည်။ အောဖ်ဗရေးထံ သင်တန်းတက်စဉ်က လည်း ဤဒေသတစ်ဝိုက်တွင် မြေပြင်ဒုံးပျံစခန်းရှိသည့်အကြောင်း မပြောပြခဲ့ပေ။

(၄) နာရီလောက်တွင် သူပျံသန်းလာသောအမြင့်၌ မြူနှင်းများကွဲလာ၏။ နံနက်ခင်း၏ အပြာရောင်သန်းသော ကောင်းကင်ပြင်ကို လေယာဉ်စက်ခန်းမှ မြင်ရလေ သည်။ ယခုပျံသန်းလာသော နှုန်းအတိုင်းဆိုပါက မိနစ်ပိုင်းအတွင်း "ကာရာ" ပင်လယ် အော်ကို ကျော်ဖြတ်နိုင်လိမ့်မည်ဟု ဂျန်သိသည်။ ကာရာပင်လယ်အော် ရောက်သည့် အခါ မျက်စိဖြင့်မြင်နိုင်သော နယ်မြေအမှတ်အသားများကို ကြည့်ပြီး လေယာဉ်လမ်း ဒိုင်ကွက်နှင့်ညှိကာ လေယာဉ်လမ်းကြောင်းပြောင်းရန် ဂျန်စဉ်းစားထား၏။

ဂျန်သည် ရှေ့ကိုလှမ်းကြည့်လိုက်သည်။ မြင်ကွင်းမှာ မသဲကွဲပေ။ ရေပြင်၏ အရိပ်အရောင်ကိုမျှ မတွေ့ရ။ လေယာဉ်ကို အောက်သို့နိမ့်ချ၍ ရသမျှ နိမ့်ချလိုက်သည်။ သို့ရာတွင် သိပ်နိမ့်စွာ ပျံသန်းသွားပါက မြေပြင်မှ သူ့ကို မြင်နိုင်စွမ်း ရှိသည်ကိုလည်း စိုးရိမ်နေရသည်။ ထို့အပြင် မြေပြင်ရှိဒုံးပျံစခန်းကို ပို၍ သတိထားရပေမည်။

တောင်တန်းမှာ တဖြည်းဖြည်းနှင့် ပင်လယ်ပြင်သို့ ထိုးဆင်းသွားသည်။ လေယာဉ်ကိုလည်း တဖြည်းဖြည်း နိမ့်ချလိုက်၏။ လေယာဉ်စက်ခန်းမှ လှမ်းကြည့်လိုက် ရာ တောင်တန်းအဆုံးတွင် မြို့ကလေးတစ်မြို့တွေ့ရလေသည်။ ယင်းမြို့ကလေးကား "ဝေါ်ကူတာ"မြို့ကလေးဖြစ်ကြောင်း ဂျန်သိသည်။ ယခုမှ သူပျံသန်းလာသော လမ်းကြောင်းသည် မှန်ကန်နေကြောင်း ဂျန်သိခဲ့လေသည်။ ရှေ့ဆက် မိနစ်ပိုင်းမျှ ပျံသန်း သွားပါက ပင်လယ်ပြင်ကို မုချမလွဲ တွေ့ရပေမည်။

ထိုအခိုက် ရေဒါဒိုင်ကွက်တွင် အစက်ကလေး ပေါ်လာသည်ကို ဂျန်တွေ့ရ သည်။ ရုတ်တရက်မို့ ဂျန် ထိတ်လန့်သွား၏။ ပေါ်လာသော အစက်ကလေးကို သေသေ ချာချာ ကြည့်လိုက်ရာ လေယာဉ်တစ်စင်း ဖြစ်ကြောင်း တွေ့ရလေသည်။ အစက်က လေးသည် တဖြည်းဖြည်း သူနှင့်နီးလာ၏။ ဂျန် သည် သေသေချာချာ ကြည့်လိုက်သည် ရင်းမှာ "ဘီလ်တိုက်" ဟု ဆိုဗီယက်တို့ အမည်ပေးထားသော ကင်းထောက်လေယာဉ် ဖြစ်ကြောင်း ဂျန် သိသည်။ ဘီလ်တိုက် လေယာဉ်အမျိုးအစားမှာ ကင်းထောက်ရန် အတွက် သီးသန့် တည်ဆောက်ထားသဖြင့် တာဝေးသို့ပျံသန်းနိုင်သည်။ လေယာဉ်သည် ကာရာ ပင်လယ်အော်ကို ဖြတ်ပြီး အာတိတ်သမုဒ္ဒရာဘက်သို့ ကင်းထောက်ပျံမည်



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပျံဟု ဂျန်ထင်မိလေသည်။

လေယာဉ်သည် တဖြည်းဖြည်းနှင့် နီးကပ်လာကြောင်း ရေဒါဒိုင်ကွက်တွင် မြင်ရလေသည်။ ကင်းထောက်လေယာဉ်ဆိုသည်မှာ ၎င်း၏မိခင် စခန်းနှင့် နီးကပ်လာ က အီလက်ထရွန်းနစ်ရှာဖွေရေးကိရိယာကို များသောအားဖြင့် ပိတ်ထားကြသည်။ လည်း ဤကင်းထောက်လေယာဉ်တွင် ရှာဖွေရေးကိရိယာ ပိတ်ထားပါစေဟု ဂျန် တောင်းမိသည်။

ထိုအခိုက် သူမျက်လုံးပင် မယုံနိုင်လောက်အောင် ရေဒါဒိုင်ကွက်တွင် အစက် လေးများစွာ ပေါ်လာပြန်၏။ လိမ္မော်ရောင်အကွက်ကလေးမှာ တဖြည်းဖြည်း သူနှင့် ကပ်လာကြောင်း ရေဒါဒိုင်ကွက်တွင် မြင်နေရသည်။ အကွက်ကလေးများမှာ ပို၍ ကပ်လေ ပို၍ တောက်ပလေဖြစ်သည်။ ထိုအကွက်ကလေးများမှာ အပူဓာတ်လှိုင်းကို ရှာဖွေနေသော အင်ဖရားရက်ဒ် အကွက်ကလေးများဖြစ်ကြောင်း ဂျန်သိရလေသည်။

ယခုတော့ ဂျန်မည်သည့် နေရာတွင်ရှိကြောင်း သူတို့ သိကြလေပြီ။ အင်ဖရာ ရက်ဒ်များနောက်တွင် ဒုံးကျည်များ လိုက်လာတော့မည်ဖြစ်ကြောင်း ဂျန်သိထား၏။ မြေ ပြင်ရှိ ဒုံးပျံစခန်းတို့သည် သူ့ကို ပစ်ချတော့မည်။ သူ့ကို ဤကဲ့သို့သော အင်ဖရားရက်ဒ် ဖြင့် အပူလှိုင်းရှာဖွေသည့် နည်းဖြင့် ရှာဖွေလိမ့်မည်ဟု ဂျန် မမျှော်လင့်မိခဲ့။ ခုတော့ သူမှာ ပြေးလမ်းကိုသာ စဉ်းစားရတော့မည်။ လွတ်နိုင်စရာအကြောင်းများကို စဉ်းစား ရသည်။ မိနစ်ပိုင်းအတွင်း ဒုံးကျည်များ တက်လာတော့မည်။

ဒုံးပျံများသည် အပူဓာတ်နောက်သို့ လိုက်သော အမျိုးအစားဖြစ်မည်ကိုလည်း သိသဘောပေါက်၏။ ဒုံးပျံစခန်းမှ အင်ဖရားရက်ဒ် ကိရိယာဖြင့် လေယာဉ်ကို ရှာဖွေ တွေ့ရှိသည့်လေယာဉ်စက်မှ အပူဓာတ်ကို လိုက်၍ ဒုံးပျံဖြင့် ပစ်ခတ်လေသည်။

သူ့လေယာဉ်ကို ရေဒါဖြင့် ရှာဖွေမတွေ့ရှိနိုင်ကြောင်း သူသိသည်။ ယင်းကဲ့သို့ ရေဒါဖြင့် ရှာမတွေ့နိုင်သည်ကို ယုံကြည်ခဲ့သဖြင့် ဂျန်သည် အန္တရာယ်ကို တွေးမထားခဲ့ ပေ။ ယခု အပူဓာတ်ရှာဖွေသော ကိရိယာဖြင့် သူ့လေယာဉ်ကို သူတို့ တွေ့ခဲ့ကြလေပြီ။

နီးကပ်လာသော လိမ္မော်ရောင် အကွက်ကလေးများကို ကြည့်လိုက်ရာ ဂျန်မှာ ကျောစိမ့်လာ၏။ အကွက်လေးမှ ဒုံးကျည်များပင်ဖြစ်နေတော့သည်။ ခုတော့ ဒုံးကျည် သည် သူ၏ ဖိုင်းယားဖော့စ်ဆီသို့ တန်းလာနေလေသည်။

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ခုနစ် )

## တွေ့ရာသချိုင်း မားမဆိုင်း

ဒုံးပျံသည် လေယာဉ်နှင့်ထိရန် ခုနစ်မိနစ်မျှသာ လိုတော့သည်။ မစ္စတာဂျ
လည်း ကြောက်ရွံ့ထိတ်လန့်လာသဖြင့် ရုတ်တရက် သတိလက်လွတ်ဖြစ်နေရာ
ပြန်လည် သတိရလာ၏။ စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းထားလိုက်သည
ရေဒါဒိုင်ကွက်တွင် ဖြစ်ပေါ်နေသော လိမ္မော်ရောင်အကွက်ကလေး သုံးကွက်
ဆက်လက်ကြည့်မနေလေတော့။ သို့ရာတွင် "ဘက်ဂျာ" ခေါ် တိုက်လေယာဉ်ကြော
သူ၏ ရေဒါဒိုင်ကွက်တွင် အစိမ်းရောင်အမှတ်ကလေး ပေါ်နေပြန်၏။ ဖြစ်ပေါ်နေသေ
အစိမ်းရောင် အမှတ်ကလေးနှင့် သူ၏ လေယာဉ်အကွာအဝေးမှာ သိပ်မဝေးတော
မိုင်အနည်းအငယ်သာ ဝေးသည်။

ရေဒါဒိုင်ကွက်သည် လေယာဉ်၏ မျက်လုံးဖြစ်၏။ ထို့အတူ ဂျန်၏ အသ
လည်းဖြစ်၏။ လေယာဉ် အင်ဂျင်စက်မှ ထွက်ပေါ်လာသော အပူဓာတ်လှိုင်းသည
အင်ဖရားရက်ဖ် ကိရိယာကြောင့် ရေဒါဒိုင်ကွက်တွင် လိမ္မော်ရောင် အစက်ကလေးမျာ
ဖြစ်ပေါ်၏။ လေယာဉ် လိုက်လာသည်ဆိုပါက ရေဒါဒိုင်ကွက်တွင် အစိမ်းရောင် အစ
အဖြစ် ဖြစ်ပေါ်လေသည်။ ဒိုင်ကွက်အလယ်တည့်တည့်၌ ကန့်လန့်ဖြတ် မျဉ်းကြေ
လည်း ဖြစ်ပေါ်နေ၏။ မျဉ်းကြောင်းပေါ်တွင် အစိမ်းရောင်အစက်ကလေး ပေါ်နေ၏
ယင်းအစိမ်းရောင် အစက်ကလေးကား ဘက်ဂျာ တိုက်လေယာဉ် အစက်ကလေ
ဖြစ်သည်။ မျဉ်းကြောင်းအောက်တွင် ဒုံးပျံအစက်ကလေးဖြစ်ပေါ် နေသည်။ ရုရှား
သည် အပူလှိုင်းလိုက် အင်ဖရားရက်ဖ် ကိရိယာကို အသုံးပြုကာ သူတို့ ဒုံးပျံဖြင့် ပစ်ခ
နေပြီဖြစ်ကြောင်း ဂျန်သိခဲ့လေသည်။ ဂျန်သည် ဘက်ဂျာ တိုက်လေယာဉ်ဘက်
ဦးတည်မောင်းသွားလေသည်။ ယခုတော့ ဘက်ဂျာတိုက် လေယာဉ်နှင့် ဂျန်
လေယာဉ်တို့သည် မျဉ်းတစ်ကြောင်းတည်း တည်ရှိနေ၏။

သူ့အသက်အန္တရာယ် လွတ်မြောက်ရေးမှာ ဘက်ဂျာတိုက်လေယာဉ်သာ ဖြ
တော့သည်ဟု ဂျန် ယုံကြည်၏။ ဤနည်းဖြင့်သာ သူ့နောက်သို့ လိုက်နေသော ဒုံးပျံ
လှည့်စားရမည်။ ဤတွင် ဂျန်သည် သူ့လေယာဉ်စက်ထက် ပို၍ အပူအားကြီးသေ
အကွက်တစ်ကွက် ဖန်တီးရပေမည်။ သို့မှသာ ဒုံးပျံသည် သူ့လေယာဉ်ဆီသို့ မလာတေ
ဘဲ အပူအားကြီးသော အကွက်ဘက်သို့ လှည့်သွားလိမ့်မည်။ သူသည် ဘက်
လေယာဉ်ကိုလည်း ဖျက်ဆီးပြစ်ရမည်။ ထို့ကြောင့် ဂျန်သည် ဘက်ဂျာလေယာဉ်န
တစ်ဖြောင့် တစ်တန်းတွင် အပူအားကြီးသော အကွက်တစ်ကွက်ဖန်တီးလိုက်သည
ဤတွင် သူ့ရေဒါဒိုင်ကွက်၌ ဖြစ်ပေါ်နေသော လိမ္မော်ရောင် အစက်ကလေး သုံး
နီးကပ်စွာ တည်ရှိနေ၏။ ဂျန်သည် ဤနည်းဖြင့် ဘက်ဂျာကို ဖောက်ကွဲပေတော့မည

ပစ်ခတ်ရန်အချိန် (၅) စက္ကန့်သာရှိသည်။ ဂျန်သည် မစ် (၁၁) ဖယ်ဘတ်



www.burmeseclassic.com

www.burmeseclassic.com



တောင်ပံတွင် ရှိသော ဒုံးပျံကို ပြင်ဆင်လိုက်၏။ ဒုံးပျံ ကျည်တစ်တောင့် မဆုံးရှုံးရလေအောင် ဂျန်သည် ဘက်ဂျာ လေယာဉ်နှင့် နီးကပ်နိုင်သမျှ သူ့လေယာဉ်ကို နီးကပ်သွား၏။ ဘက်ဂျာ လေယာဉ်ရှိရာသို့ ထိုးဆင်းလာခဲ့ရသဖြင့် သူ့ဝတ်ထားသည့် ပိုင်းလော့အကျီမှာ မြေထုဆွဲငင်အားကြောင့် ဖောင်းကြွတင်းကြပ်လာ၏။ လိမ္မော်ရောင် အစက်သုံးစက်သည် ရေဒါ ဒိုင်ကွက်တွင် ရုတ်တရက် ပျောက်သွား၏။ ထို့နောက် ပေါ်လာပြန်သည်။ ဘက်ဂျာ တိုက်လေယာဉ်ကြောင့် ဖြစ်ပေါ်နေသော အစိမ်းရောင်အစက်မှာ တဖြည်းဖြည်းနှင့် ကြီးလာ၏။ ဤတွင် ဂျန်သည် ဗယ်ဘက်တောင်ပံ၌ တပ်ဆင်ထားသော ဒုံးပျံကို ပစ်ရန် ဆင်သင့်ပြင်ဆင်လိုက်၏။

ဤတွင် ဂျန်သည် စိတ်အာရုံပေါ်လာသည့်အတိုင်း ဖြစ်ပေါ်စေမည့် ခလုတ်ကို ဖွင့်လိုက်သည်။ ဤခလုတ်သည် စိတ်အာရုံ ချောက်ချားမှုကြောင့် မတော်တဆ ပစ်ခတ်မှု မဖြစ်စေရန် ဒုံးကျည်ကို အချိန်မရွေး ထိန်းချုပ်ထားနိုင်၏။ သာမန်မျက်စိဖြင့် မြင်သမျှ အရာကို ဒုံးပျံဖြင့် ပစ်ခတ်နိုင်သည်သာမက ရေဒါဒိုင်ကွက်ကိုကြည့်ပြီး ရေဒါ ထိန်းချုပ်ရေး ခလုတ်ဖြင့်လည်း ဒုံးပျံများ ပစ်ခတ်နိုင်သည်။ မျက်စိထဲတွင် မြင်သည်နှင့် ပစ်ခတ်လိုပါက စိတ်အာရုံပေါ် ပေါက်လာပြီး၊ ၎င်းမှတဆင့် အီလက်ထရွန်းနစ်စနစ်ဖြင့် ခလုတ်များ လှုပ်ရှားသည်။ ယင်းခလုတ်ကို စိတ်အာရုံဖြင့် ထိန်းချုပ်ထား၏။

လေယာဉ်တွင် တပ်ဆင်ထားသော စနစ်မှာ ပိုင်းလော့၏ မျက်စိထဲ မြင်ရသမျှတို့ကို ပိုင်းလော့က ဆန္ဒဖြစ်ပေါ်သမျှ အာရုံထဲပြောင်းသွား၏။ ၎င်းအာရုံကြောမှတဆင့် ပိုင်းလော့ဆောင်းထားသော ဦးထုပ်တွင် တပ်ဆင်ထားသည့် ကွန်ပျူတာယန္တရားများက လှုပ်ရှားပြီး လက်နက်ထိန်းချုပ်ရေးခလုတ်သို့ ပို့ပေးသည်။ ဤတွင် ဒုံးပျံကို လိုရာပစ်မှတ်သို့ ဦးတည်ပြီးပစ်ရန် ထိန်းချုပ်ရေးစနစ်က လှုပ်ရှားလေသည်။ ပစ်မှတ်အကွာအဝေးလည်း လေယာဉ်ဒိုင်ကွက်တွင် ပေါ်နေ၏။ ယင်းပေါ်နေသော အကွာအဝေးအတိုင်း ပစ်ပါကမလွဲနိုင်ပေ။ ဤယန္တရားစနစ်အားလုံးကို "သော်တ်ရိုက်ဒင်းစ်" ဟုခေါ်သော လေယာဉ်ပိုင်းလော့၏ စိတ်အာရုံဖြင့် ထိန်းချုပ်သော စနစ်ဖြင့် ပြုလုပ်ထားလေသည်။ ဒုံးကျည်သည် လေယာဉ်ဦးတည်ပျံသန်းနေသော လမ်းကြောင်းအတိုင်း ရွေ့လျားသွားနေလေသည်။ ဒုံးကျည်မှ ပန်းထွက်နေသောမီးများကိုလည်း ဂျန်မြင်ရလေသည်။

ထိမှန်ရန် သုံးစက္ကန့်သာ လို့တော့သည်။ ပစ်မှတ်ကို ထိမှန်လိမ့်မည်ဟု သူမျှော်လင့်ခဲ့သည်။ သူ့ရှေ့တည့်တည့်တွင်ရှိသော ဘက်ဂျာလေယာဉ်ကို ရှင်းလင်းစွာ မြင်နေရ၏။ နီးကပ်လာသည်နှင့်အမျှ လေယာဉ်အရွယ်မှာ ပို၍ကြီးလာလေသည်။ ထိုအခိုက် ဂျန်သည် သူ့လေယာဉ် ဖိုင်းယားဖော့စ်ကို ညာဘက်ဒီကရီအနည်းငယ် တိမ်းစောင်းကာ လမ်းကြောင်းပြောင်းလိုက်လေသည်။ နှစ်စက္ကန့်သာ လိုတော့၏။ ဒိုင်ကွက်တွင် တစ်ခုတည်းသော အစိမ်းရောင်အမှတ်နောက်သို့ လိမ္မော်ရောင်ကွက်မှာ နီးကပ်လာသည်ကို တွေ့ရသည်။

ဆိုဗီယက်တို့၏ ဝက်ဝံကိုယ်ထည်သဖွယ်ရှိသော တိုက်လေယာဉ် ဘက်ဂျာ အနေအထားမှာ ရေဒါဒိုင်ကွက်အလယ်ဗဟိုတွင် ကျရောက်နေ၏။ ကြီးမားသော



www.burmeseclassic.com

www.burmeseclassic.com



လိမ္မော်ရောင်ပန်းပွင့်ကြီးတစ်ပွင့်ကဲ့သို့ ဖြစ်နေလေသည်။ ဂျန်ပစ်လိုက်သော ဒုံးကျည် ဘက်ဂျာ လေယာဉ်ကို ထိမှန်သွားပြီး လေယာဉ်ကြီးပေါက်ကွဲလေသည်။ ထိုပေါက် သည့်နေရာတွင် ကောင်းကင်၌ အပူဆုံးနေရာဖြစ်နေတော့သည်။ လေယာဉ်သ ဒုံးကျည် ထိမှန်သဖြင့် ရေဒါဒိုင်ကွက်၌ အလွန်ကြီးမားသော လိမ္မော်ရောင် ပန်းပွ တစ်ပွင့်ကဲ့သို့ လာပေါ်နေ၏။ ထိုအခါ ဆိုဗီယက်တို့ ပစ်လိုက်သော ဒုံးကျည်သည် အ အားကြီးသည့် ဘက်ဂျာလေယာဉ်ပေါက်ကွဲသည့် နေရာတွင် ထိမှန်သဖြင့် ပေါက် ပြန်သည်။ မြေပြင်စခန်းရှိ သူ့ကို အပူခာတ်အား အင်ဖရားရက်ခ် ဖြင့်လိုက်ရှာ ဒုံးပျံဖြင့် ပစ်လွှတ်ကြသူများက ဂျန့် လေယာဉ်ထိမှန်သွားပြီဟု ယုံကြည်ကြပေမည်။

ဂျန်သည် မြေပြင်ရှိ ဒုံးပျံစခန်းကို လှည့်စားလိုက်ခြင်းပင်။ ဘက်ဂျာလေယာ ထိမှန်ပေါက်ကွဲသဖြင့် အပူလှိုင်း လုံးဝ ပျောက်ကွယ်သွားသည့် အချိန်ထိ မိနစ်ပေါ များစွာ ကြာမည်။ ၎င်းအချိန်တွင် ဂျန်သည် အင်ဖရားရက်ခ် စက်ကွင်းမှ လွန်မြော သွားပြီဖြစ်သည်။ ဘက်ဂျာလေယာဉ် ထိမှန်သဖြင့် ပေါက်ကွဲမှုနှင့်အတူ ဂျန်တစ်ယော သေဆုံးသွားပြီဟု မြေပြင်စခန်းရှိ ဆိုဗီယက်တို့က ထင်မှတ်ကြပါစေဟု ဂျန် ကြိတ်ပြ ဆုတောင်းနေမိသည်။

သူ့လေယာဉ်ပျံသန်းနေသော နှုန်းကို စစ်ဆေးကြည့်သည်။ လေယာဉ်မှ တစ်နာရီလျှင် မိုင် (၇၀၀) နှုန်းထက် အနည်းငယ်လျော့၏။ ပင်လယ်ကမ်းခြေသ နီးကပ်လာသဖြင့် အသံထက်မြန်သော နှုန်းနှင့် လေယာဉ်ကို ပျံသန်း၍ မဖြစ်ပေ အဘယ်ကြောင့်ဆိုသော် ကမ်းခြေတစ်လျှောက်တွင် အသံထက်မြန်သော လေယာဉ်နှုန်း ကို ကြားကြလိမ့်မည်ဟု ဂျန်မျှော်လင့်ခဲ့သည်။

ခုတော့သူသည် သေတွင်းမှ လွတ်မြောက်လာလေပြီ။ ဖိုင်းယားဖော့စ်အစွမ်း ကြောင့် လွတ်မြောက်လာခြင်းသာဖြစ်သည်ဟု ဂျန် ယုံကြည်သည်။ ထို့ကြောင့် ဂျန်သည် ဖိုင်းယားဖော့စ် ကို ပိုမိုအားကိုးမိလေသည်။ ဤစက်ယန္တရားများ လက်နစ်စနစ် တို့မှာ ဗရန်နိုဗစ်ချ် ဦးဆောင်ကာ တည်ဆောက်ခဲ့သော ယန္တရားများဖြစ်ကြောင်း ဂျန် ယုံကြည် သည်။ ဗရန်နိုဗစ်ချ်မျက်နှာကိုလည်း မြင်ယောင်မိသည်။ ဤတစ်သက်တာတွင် သူနှင့် ဗရန်နိုဗစ်ချ်တို့ ဆုံဆည်းကြတော့မည်မဟုတ်တော့။ သူတို့နှစ်ယောက် အရှေ့နှင့် အနောက် ကမ္ဘာကြီးခြားလေပြီ။ သို့ရာတွင် ဂျန်သည် ရုရှားဂျူးများပေါ် မေတ္တာနှောင်ကြိုး တည်မိလေသည်။

သူသည် ရေခဲပြင်ကိုသာ ရေးရေးမြင်နေရ၏။ လေယာဉ်ကိုသာ မောင်းနေရ သော်လည်း ပေါ်ပေါက်လာဦးမည့် အန္တရာယ်ကို မခန့်မှန်းနိုင်အောင် ဖြစ်နေသည်။ လေယာဉ်တောင်ပံတွင် တပ်ဆင်ထားသော ဒုံးပျံကို သတိရမိ၏။ အရေးအကြောင်း ပေါ်ပေါက်လာပါက ယင်းဒုံးပျံကို သုံးရပေဦးမည်။

တီအက်ဖ်အာရ်ခေါ် လေယာဉ်လမ်းကြောင်းပြ ဒိုင်ကွက်ကို ကြည့်လိုက်ရာ သူသည် ကမ်းခြေကို ကျော်ဖြတ်ပျံသန်းနေကြောင်း တွေ့ရလေသည်။ ကမ်းခြေရှိ ဘောင်



www.burmeseclassic.com

www.burmeseclassic.com



တန်းများတွင် မြူနှင်းများ ထူထပ်နေသော်လည်း ပင်လယ်ကမ်းခြေဘက်တွင်မူ မြူနှင်းများ လျော့ပါးနေသည်။ မြူနှင်းများမှာ သူ့အဖို့ အသုံးဝင်နေ၏။ မြူနှင်းများကြား ပျံသန်းသွားရာတွင် အသံတုန်ခါမှုကြောင့် ဖြစ်ပေါ်နေသော ချေရာခံအစက်များမှာ မြူနှင်းအတွင်း ပဲတင်ရိုက်ခတ်မည်ဖြစ်သဖြင့် သူ့လေယာဉ်သံကို သဲတွဲစွာ ကြားနိုင်ကြမည်မဟုတ်ပေ။

ထိုနောက် လေယာဉ်လမ်းပြ တီအက်ဖ်အာရ် ဒိုင်ခွက်ကို ကြည့်လိုက်ပြန်ရာ မညီညာသော ကမ်းခြေကို ဒိုင်ခွက်ပေါ်တွင် မှုံရေးရေးမြင်နေရ၏။ လည်ပင်းဝဘာ ကျဉ်းမြောင်းသည့် ကမ်းခြေနေရာမှာ 'ကာရာ' ပင်လယ်အော်ဖြစ်ပြီး ပင်လယ်ရေသည် ကုန်းပိုင်းလက်သို့ စီးဝင်နေသည်ကို တွေ့ရလေ၏။ လေယာဉ်ကို နှိမ့်ချပြီး မြူနှင်းကြား ပျံသန်းလာစဉ် လေယာဉ်လမ်းကြောင်းပြောင်းလိုက်လေသည်။ လေယာဉ်သည် လတ်ရှိ ပျံသန်းနေသည့် အနေအထားမှ အနောက်မြောက်ဘက်သို့ ရွေ့လျားကာ 'နော်ဝါးသား ဇမ်းယား' ဟုခေါ်သော အမှောင်ညီနောင် ကျွန်းနှစ်ကျွန်းဆီသို့ ဦးတည်သွားလေသည်။

လေယာဉ်အမြင့်ပြသော ဒိုင်ခွက်ကိုကြည့်လိုက်ရာ လေယာဉ်မှာ အခ (၂၀၀) အမြင့်တွင်သာရှိကြောင်း တွေ့ရသည်။ လေယာဉ်လမ်းကြောင်းပြ ဒိုင်ခွက်ကို ဖျက် စစ်ဆေးကြည့်ပြန်၏။ တဖန် လေယာဉ်အသွားနှုန်းကိုပါ လျှော့ချလိုက်သည်။ ယခုအခါ ပင်လယ်ပြင်နှင့် နီးကပ်နေသဖြင့် ဘေးအန္တရာယ်ကင်းသည့် အနေအထားတွင် ရှိသည်ဟု ဂျန်ယူဆလေသည်။ လေယာဉ်ကို အမြင့် (၂၀၀) ပေအနေအထားတွင် ထိန်းပြီး ခပ်မှန်မှန်ပင် ပျံသန်းလာလေသည်။ ယင်းကဲ့သို့ ပျံသန်းလာခြင်းမှာ လောင်စာဆီကို ချွေတာခြင်းပင်ဖြစ်ပြီး၊ လေယာဉ်စက်သံကိုလည်း ထိန်းထားသလိုဖြစ်နေလေ၏။ အကယ်၍ သူ့လေယာဉ်ပျံသံကို ကြားစေကာမူ သက်ဆိုင်ရာတို့၏ ခွင့်ပြုချက်အရ တင်းတောက် လေယာဉ်တစ်စင်း ပျံသန်းနေသည်ဟု သူတို့ ထင်ကြလိမ့်မည်ဟု ဂျန် မျှော်လင့်ခဲ့မိသည်။ လေယာဉ်ကို တစ်နာရီလျှင် (၂၅၀) မိုင်နှုန်းဖြင့် ပျံသန်းလာ၏။

ဂျန်၏ လက်တစ်ဘက်သည် ထရန့်စစ္စတာ ရေဒီယိုခလုတ်ပေါ် ရောက်နေသည်။ ယင်းခလုတ်မှာ အိမ်အပြန်လမ်းရှာဖွေပေးသော စက်ခလုတ်ဖြစ်သည်။ သို့ရာတွင် အိမ်အပြန်လမ်းခရီးအတွင်း လေယာဉ်ရောက်လာမှ စက်ခလုတ်သည် အလိုလို လည်ပတ်ပြီး အပြန်လမ်းကို ညွှန်ပြပေမည်။ ဂျန်သည် ခလုတ်ကို ဖွင့်လိုက်သည်။ သို့ရာတွင် ဘာမျှ ထူးခြားမှုမရှိသေး။

စက်ကလေးမှာ ချိန်ထားသော ဇရီးကွင်းစီးလှိုင်းကို ရှာဖွေနေသည်။ ဖမ်းယူနိုင်သော အကွာအဝေးအတွင်း ကျရောက်မှ စက်ကလေးမှာ သက်ဝင် လှုပ်ရှားမည်ကို ဂျန်သိ၏။ စက်ခလုတ်ကို လက်ချောင်းကလေးဖြင့် ဖွင့်လိုက်စဉ် စိုးရိမ်သောတစိတ်များ ဖြစ်ပေါ်မိလေသည်။ စက်ကလေး သက်ဝင်လှုပ်ရှားမှုရှိမှသာ ဂျန်အဖို့ အားထားစရာ ဖြစ်တော့မည်။ လောင်စာဆီ ဖြည့်ဆည်းပေးမည့် လေယာဉ်မှ ပို့ပေးသော အချက်ပြ လှိုင်းကို ဖမ်းယူရရှိမှသာ သို့မဟုတ် အိမ်အပြန်လမ်းကို ပြသော အချက်ပြလှိုင်း ပေါ်ပေါက်မှသာ ဂျန်အနေနှင့် အာတိတ်သမုဒ္ဒရာပြင်ကျယ်၏ သေဘေးမှ လွတ်နိုင်

www.burmeseclassic.com



တော့မည်။ သို့မဟုတ်ပါက လေယာဉ် လောင်စာဆီ ကုန်ခန်းပြီး သမုဒ္ဒရာထဲ ထိုးဆင် ရမည့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရလေသည်။

"နားလေးအကူ" ဟု အော်ဗရေး အမည်ပေးထားသော ကိရိယာကို ဖိုင်းယာ ဖော့စ်တွင် တပ်ဆင်ထားရန် လိုအပ်သည်။ ယင်းကိရိယာအကြောင်း ဘတ်ဟိုလ်ဗ မသိခဲ့ပေ။ ဗရန်နိုဗစ်ချ်က ဂျန်လေယာဉ်တွင် လောင်စာဆီဖြည့်ဆည်းနိုင်ရေးအတွ သီးသန့်တီထွင်ပေးလိုက်သော ကိရိယာဖြစ်သည်။ အကယ်၍ ထိုကဲ့သို့သော ကိရိယာ တီထွင်ထားခြင်းမရှိပါက ရုရှားတို့သည် ဂျန်မောင်းလာသော မလေယာဉ်ကို ထောက်လှ နိုင်မည်ဖြစ်သဖြင့် လောင်စာဆီဖြည့်ဆည်းပေးမည့် 'မိခင်' ဟု လျှို့ဝှက်အမည်ပေးထာ သည့် ဆီဖြည့်ယာဉ်ထံသို့ တိုက်ရိုက်ထောက်လှမ်းပေးနိုင်ပေမည်။

ပင်လယ်ပြင်ရှိ မြူနှင်းတို့မှာ မထူထပ်တော့သဖြင့် မြင်ကွင်းကို ကောင်းစွ မြင်နိုင်လေသည်။ အကယ်၍ ကံမကောင်း အကြောင်းမလှပါက ဂျန် အဖမ်းခံရလျှ လောင်စာဆီဖြည့်ဆည်းပေးမည့်ယာဉ်သည် မည်သည့်နေရာတွင်ရှိကြောင်း မပြော နိုင်ရန် ဂျန်အား ကြိုတင်အသိပေးမထားခဲ့ချေ။

ဂျန်သည် လောင်စာဆီတိုင်းတာသော ဒိုင်ကွက်ကို ကြည့်လိုက်၏။ လောင်စ ဆီတိုင်ကီ၏ လေးပုံတစ်ပုံလောက်ပင်မရှိတော့။ ရှေ့ဆက်မည်မျှ ထေအောင်ပျံရမည် ကိုလည်း သူမသိ။ သူ့မှာ မျက်ကန်း ဌလမ်းလျှောက်သလို ဖြစ်နေလေသည်။ အကယ်၍ အချက်ပြလိုင်း ဖမ်းယူရရှိပါက သူ့မှာ လောင်စာဆီဖြည့်ဆည်းရန် မိုင် (၃၀၀) လောက် ပင် မဝေးတော့ကြောင်း သိရပေမည်။ ခုတော့ အချက်ပြခလုတ်မှ ငြိမ်သက်လျက်ပင်-

ဂျန်သည် အော်တိုပိုင်းလော့ ခလုတ်ကို လေယာဉ် လမ်းကြောင်းပြခလုတ်ဖြ သော တီအက်ဖ်အာရ်ခလုတ်နှင့် ပူးတွဲဖွင့်လိုက်၏။ ရှည်လျားသော ခရီးစဉ် စတင်လေပြီ ထိုခရီးစဉ်သည် သူ၏ အာရုံကြောကို ဆွဲဆန့်သကဲ့သို့ ဖြစ်သည်။ အဘယ်ကြော ဆိုသော် ယခုပျံသန်းလာခဲ့သော အနေအထားမျိုးနှင့် မတူဘဲ စမ်းသပ်ပျံသန်းရသကဲ့သ ဖြစ်နေလေသည်။ ယခုအခါ သူ့မှာ ကံစီမံရာနှင့် ရှုပ်ထွေးလှပြီး ပရိယာယ်များလှသော အိမ်ပြန်လမ်းပြစက်ကလေးကိုသာ အားကိုးနေရသည်။ သူ့ကိုယ်သူလည်း သုတေသန ပြုလုပ်ခံနေရသော တိရစ္ဆာန်တစ်ကောင်းကဲ့သို့ ခံစားမိသည်

ဂျန်သည် အီလက်ထရွန်းနစ် ပိုင်းလော့တစ်ဦးဖြစ်၏။ လေယာဉ်တွင် တပ်ဆင် ထားသော စက်ယန္တရားအားလုံးကို အားကိုးပျံသန်းနေရသည်။ သို့ရာတွင် ဂျန်သည် ကျွမ်းကျင်သော ပိုင်းလော့တစ်ယောက်အနေနှင့် တပ်ဆင်ထားသော စက်ယန္တရားကို ယုံကြည်စိတ်ချခြင်းမရှိပေ။

ကောက်ကွေ့လိမ်တွန့်နေသော ပင်လယ်ရေပြင်ကို တီအက်ဖ်အာရ် ဒိုင်ကွက် တွင် မြင်ရပြီး ပင်လယ်ပြင်မှာ အဆုံးအစပင် မရှိအောင် ဖြစ်နေလေသည်။ မည်သည့် ရေယာဉ်တစ်စင်းတစ်လေမှ ပင်လယ်ပြင်တွင် မတွေ့ရပေ။ လေယာဉ်ကို ပေ (၄၀၀) ထိ မြင့်တင်လိုက်၏။ လေယာဉ်အောက်ရှိ မြူနှင်းများမှာ နေရောင်ခြည်အပူဒဏ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကွဲစပြုလေပြီ။ အပြာရောင်ကောင်းကင်မှ ဖြာထွက်လာသော နေရောင်ခြည်သည် စက်ခန်းအတွင်းသို့ ထိုးဝင်လျက်ရှိသည်။ ကောင်းကင်တစ်ပြင်လုံး ပြာလဲ့လဲ့နှင့် ဖာင်းလင်းပြင်ကြီး ဖြစ်နေလေ၏။

ဂျန့်သည် လေယာဉ်ကို မြူနှင်းကြားထဲသို့ မောင်းသွင်းပြန်သည်။ ခရီးအကွာအဝေး ဒိုင်ကွက်ကို ကြည့်လိုက်ရာ မာယားဇမ်းယားကျွန်းကို ရေးရေးပင် မမြင်ရသေး။ အတော်အလှမ်းကွာဝေးနေသေးသည်။ သူသည် မျက်စိဖြင့် လှမ်းကြည့်လိုက်သည်။ ယခု ပျံသန်းနေရသည်မှာ လေယာဉ်ကို ဘဲလ်ယာဒ်စခန်းမှ စတင်ပျံသန်းရသကဲ့သို့ သာမန်မျက်စိဖြင့် ကြည့်ပြီး ပျံသန်းနေရသည်။

လောင်စာဆီပြ ဒိုင်ကွက်ကို ကြည့်လိုက်ပြန်သည်။ လောင်စာဆီဖြည့်မည့်နေရာမှာ ရွှံ့ရှားပင်လယ်ကမ်းခြေနှင့် မိုင်ပေါင်းများစွာ ဝေးလိမ့်မည်ဟု ဂျန်မျှော်လင့်ထားသည်။ အန္တရာယ်တစ်စုံတစ်ရာ ကင်းဝေးရန်အတွက် ကမ်းခြေနှင့် ဝေးသည့် နေရာတွင် လောင်စာဆီ ဖြည့်ဆည်းခြင်းပင် ဖြစ်ကြောင်း ဂျန်သဘောပေါက်မိသည်။ လေယာဉ်တွင် လောင်စာဆီ သိုလှောင်ရန် တောင်ပံအောက်၌ ကြီးမားသော ဆီလှောင်ခန်း ရှိသည့်အပြင် လေယာဉ်၏ လွန်းပျံသဖွယ် ကိုယ်ထည်၌လည်း လောင်စာဆီ သိုလှောင်နိုင်သေးသည်။ ယခုတော့ သူ့မှာ လောင်စာဆီ အနည်းငယ်သာ ကျန်တော့သည်။ ယူရယ်တောင်တန်းတစ်လျှောက် ပျံသန်းလာရသဖြင့် လောင်စာဆီ အတော်ကုန်သွားခဲ့၏။ အန္တရာယ်အသွယ်သွယ်မှ လွတ်မြောက်ရန် လောင်စာဆီဖြုန်းခဲ့ရသည့်အတွက် ခုတော့ သူ့အသက်ရှင်နေနိုင်ခဲ့သည် မဟုတ်ပါလော။

\+ \+ \+

"ဘာထူးသေးလဲ၊ ဗိုလ်ချုပ် ဗလာဒီမီရော့"

အတွင်းရေးမှူးက မေးလိုက်၏။ ဗိုလ်ချုပ် ဗလာဒီမီရော့မှာ လမ်းလျှောက်နေရာမှ ခြေလှမ်းများ ရပ်တန့်ကာ အခန်းလယ်တွင်ရပ်နေလေသည်။

"ခဲဘော် ဗလာဒီမီထရော့၊ အောင်မြင်မှုရအောင် ကြိုးစားလိုက်ပါဦး"

အတွင်းရေးမှူးက ပြုံးလျက်ရှိ၏။ ဗိုလ်ချုပ်ကြီးဒီမီထရော့လည်း ပြုံးလျက်။

"အောင်မြင်ပါလိမ့်မယ်၊ ဒါပေမယ့် ခုလောလောဆယ်တော့ ကျွန်တော့်ကို အတွင်းရေးမှူးကျေနပ်မှာ မဟုတ်ဘူး"

"ဒီမယ် ကျွုပ်တို့မှာ မစ်(၃၁) လေယာဉ်တစ်စင်း ဆုံးရှုံးသွားတာကို ခင်ဗျားက ကျေနပ်နေသလား"

"ဘယ်ကျေနပ်ရမှာလဲဗျာ၊ လေယာဉ်ဆုံးရှုံးသွားတဲ့အတွက် စိတ်...ကောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ခုလို ဒီအမေရိကန်ကောင်ကို အလွယ်တကူနှင့် သတ်ပစ်နိုင်တာ ကျွန်တော်အံ့ဩမိတယ်"

"ရဲဘော် မိတ်ဆွေ၊ ရဲဘော် ရဲ့အစီအစဉ်အတိုင်းပဲ ကျုပ်တို့ လုပ်ခဲ့တယ်။ ခုတော့ ဒီလိုလုပ်တာကိုပဲ သံသယ ဖြစ်စရာလို့ ရဲဘော်က ပြောချင်တာပေါ့ ဟုတ်လား"

အတွင်းရေးမှူးသည် တုလားထိုင်နောက်ကျောမှီယင်း ကေ-ဂျီ-ဘီ အကြီးအကဲအား ကြည့်လိုက်သည်။ ကေ-ဂျီ-ဘီ အကြီးအကဲက မသိမသာ ပြုံးလျက်-

"ကျုပ်တော့ ထမြောက်အောင်မြင်တယ်လို့ဆိုပြီး ဘယ်တော့မှ စိတ်ချလက်ချ မရှိဘူး"

ဗလာဒီမီထရော့က ပြုံးနေ၏။

ဤတွင် အတွင်းရေးမှူးက ဗိုလ်ချုပ်မိထရော့အားကြည့်ပြီး ကျေနပ်သော မျက်နှာထားဖြင့် ပြောကြားလိုက်သည်။

"ဂျန် ကို ဆက်လက်ရှာဖွေဖို့ လိုသေးတာပေါ့"

ဗိုလ်ချုပ်မိထရော့သည် အံ့အားသင့်သော မျက်နှာထားဖြင့် -

"ဘာဖြစ်လို့ ရှာရမှာလဲ"

"ရှာရမှာပေါ့ ဘာဖြစ်လို့လဲ ဆိုတော့ တကယ်လို့ ဂျန်ဟာ အသက်မသေဘဲ ရှင်နေယင် အခုလို ကျုပ်တို့တတွေ တစ်ယောက်ကိုတစ်ယောက် ပြောဆိုနေကြတာဟာ သူ့အတွက် အောင်ပွဲရအောင် ဖန်တီးလိုက်သလို ဖြစ်နေမှာပေါ့။ ပြီးတော့ သူ့ကို လောင်စာဆီဖြည့်ပေးဖို့ အတွက် စောင့်နေတဲ့လေယာဉ်၊ ဒါမှမဟုတ် ရေယာဉ်၊ ဒါမှမဟုတ် တစ်ခုခုပေါ့။ ဒါတို့လည်း ရှာရမယ်။ ဒါကြောင့် ဂျန်ကို ရှာရလိမ့်မယ်"

အတွင်းရေးမှူးသည် ဗိုလ်ချုပ်ဗလာဒီမီထရော့ ပြောဆိုချက်ကို သဘောမကျသည့်မျက်နှာထားဖြင့် သူ့အား စိုက်ကြည့်နေသည်။ အတန်ကြာငေးကြည့်ရာမှ ဗိုလ်ချုပ်ကြီး တူတူးဇော့ဗ်ဘက်သို့ လှည့်ပြီး မေးလိုက်သည်။

"ဘယ်နှယ့်လဲ တူတူးဇော့ဗ်၊ ခင်ဗျားဘယ်လိုသဘောရသလဲ"

အရာရာကို သတိထားဖို့ဆိုတာတော့ ကျုပ်တို့စဉ်းစားသင့်ပါတယ် အတွင်းရေးမှူး"

"ကောင်းပြီ. . ."

ဗိုင်သားခိုင်း-ဝမ်း ၂၄၊ မြေပြင်ပစ်ဒုံးပျံစခန်းမှ သတင်းရောက်လာပြီးကတည်းက အတွင်းရေးမှူးသည် စိတ်လက်မချမ်းမသာဖြစ်နေသည်။ အခုလိုဖြစ်နေသည်ကို အတွင်းရေးမှူးအနေနှင့် ဒေါသထွက်မိ၏။ ထို့ကြောင့် အတွင်းရေးမှူးသည် မာကြော



www.burmeseclassic.com

www.burmeseclassic.com



သော လေသံနှင့် ဒေါသထွက်ကာပြောကြားလိုက်၏။

"အခုလို အင်အားကြီးမားတဲ့ တပ်ကြီးခေါ်ထားပြီးမှပဲ၊ နောက်ထပ် ခင်ဗျားက ဘာလိုချင်သေးလဲ"

အတွင်းရေးမှူးမှာ ဒေါသထွက်နေသဖြင့် သူ့အသံက အခန်းတစ်ခုလုံး တုန်ဟီး သွားလေသည်။

"ဘာရိန်းပင်လယ်မြေပုံကို ထိုးပြပါ။ ရေတပ်မတော်တွေ ရောက်ရှိနေတဲ့ နေရာ ကိုလည်း ဖော်ပြပါ။ ပြီးတော့ အီးလက်သင်္ဘောတွေရဲ့ လှုပ်ရှားနေပုံကိုလည်း ဖော်ပြပါ"

ဗိုလ်ချုပ်ဗလာဒီမီထရော့ သည် ရပ်နေရာမှ သူ့ပါးကို လက်ဖြင့် ပွတ်ယင်း နောက်ကြောတွင်ရှိသော အော်ပရေတာအား မြေပုံကို ထိုးပြရန် အမိန့်ပေးလိုက်သည်။

ဘာရိန်းပင်လယ်ကားချပ်သည် စားပွဲပိုင်းပေါ်သို့ တဖြည်းဖြည်းနှင့် ပေါ်လာ သည်။ ဆိုဗီယက် စစ်သင်္ဘောများပေါ်လာ၏။ ထို့နောက် ငါးဖမ်းသင်္ဘောအသွင်ဖြင့် ရုပ်ဖျက်ထားသော စစ်သင်္ဘောများ သွားလာလှုပ်ရှားနေသည့် အနေအထား ပေါ်လာ ၏။ ဗိုလ်ချုပ် ဗလာဒီမီထရော့သည် အတန်ကြာငြိမ်သက်စွာ စိုက်ကြည့်နေသည်။

"ကူးထုတ်လိုက်တဲ့ပုံ ဘယ်မလဲ"

အော်ပရေတာသည် ဗိုလ်ချုပ်ဗလာဒီမီထရော့အား ကူးထားသော ပုံကို လှမ်း ပေးလိုက်သည်။ ဗလာဒီမီထရော့သည် အော်ပရေတာ လှမ်းပေးသော ပုံကို ကြည့်လိုက်၊ စာပွဲပေါ်ထိုးပြထားသော မြေပုံကို မကြာခဏ လှမ်းကြည့်နေ၏။

ပူးယက်ခ်ကျွန်းနှင့် နော်ဝေယားဖီလ်ယား ကမ်းခြေဘက်တွင် အဖြူရောင် အစက်များ ထူထပ်စွာ ပေါ်နေသည်ကို ဓာတ်ပုံကားချပ်၌ တွေ့ရလေသည်။ ထိုအဖြူ စက်များမှာ ငါးဖမ်းသင်္ဘောများဖြစ်ကြောင်း ဆိုလိုသည်။ အဖြူရောင်၏ အဓိပ္ပါယ်မှာ စစ်သင်္ဘောမဟုတ်ဘဲ ငါးဖမ်းသင်္ဘောများဖြစ်ကြောင်း ဖော်ပြသည်။ အဖြူရောင် အစက် ကြားတွင် အပြာရင့်ရောင် အကွက်နှစ်ကွက်ရှိသည်။ ထိုအပြာရင့်ရောင်အစက်မှာ "အီးလက်ချ်" ရေယာဉ်အုပ်စုဟုခေါ်သော ငါးဖမ်းသင်္ဘောယောင်ဆောင်ထားသည့် သူလျှိုသင်္ဘောများ ဖြစ်ကြသည်။ ထိုသင်္ဘောများတွင် ခေတ်အမီဆုံးစက်ကိရိယာများ တပ်ဆင်ထားပြီး ကောင်းကင်ပေါ်သို့လည်းကောင်း၊ ရေပြင်ပေါ်တွင်လည်းကောင်း၊ ရေအောက် ပင်လယ်ကြမ်းပြင်ထိလည်းကောင်း ရှာဖွေနိုင်စွမ်းရှိသော စက်ကိရိယာများ ဖြစ်သည်။

ထိုအယောင်ဆောင် ငါးဖမ်းသင်္ဘောများသည် ငါးဖမ်းသင်္ဘောအစစ်များကို အပြင်ဘက်မှ ရံထားပြီး ၎င်းအနေနှင့် အခြားနေရာများသို့ ထောက်လှမ်းနေမည်ဖြစ် ကြောင်း ဗိုလ်ချုပ် ဗလာဒီမီထရော့သိသည်။ အီးလက်ချ် သင်္ဘောသည် ပင်လယ် ဝံပုလွေ သင်္ဘောအုပ်စု နယ်နိမိတ်အတွင်း တည်ရှိပြီး ပင်လယ်ဝံပုလွေ သင်္ဘောအုပ်စု တပ်မှူး၏



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ကို နာခံရသည်။ ယခုအခါ အီးလက်ခ်ျသင်္ဘောသည် ပင်လယ်ဝံပုလွေ သင်္ဘော အုပ်စု တပ်မှူး၏ အမိန့်အရ ဂျန်၏ ခြေရာကို ရှာဖွေနေကြမည်မှာ မုချပင်ဖြစ်သည်။

အီးလက်ခ်ျ သင်္ဘောများသည်။ ဘာရိန့်ပင်လယ်တွင် သွားလာလှုပ်ရှားနေ သည်မှာ အချိန်ကာလအားဖြင့် စောနေသေးသည်။ သို့ရာတွင် ဆိုဗီယက်ကာကွယ်ရေး ဒုတိယဝန်ကြီး၊ ရေတပ်ဗိုလ်ချုပ်ကြီး ဂေါ့စကော့က သူ၏ သူလျှိုရေယာဉ်များကို အာတိတ်သမုဒ္ဒရာတွင် သွားလာမှုအဆင်ပြေသည်နှင့်တစ်ပြိုင်နက် လှုပ်ရှားစေသည်။ အဘယ်ကြောင့်ဆိုသော် နွေနှောင်းတွင် ရေခဲတုံးကြီးများသည် တောင်ဘက်သို့ မျောကျ လာ၏။ ယခုလိုအချိန်မျိုးတွင် အီးလက်ခ်ျသင်္ဘောများသည် ကမ်းခြေရှိ ရေဒါစခန်းများ ကို အထောက်အကူပေးနိုင်လေသည်။

ဗလာဒီမီထရော့၏ မျက်လုံးများသည် မြေပုံကို ကြည့်ယင်း တဖြည်းဖြည်းနှင့် မြေပုံမြောက်ဘက်ပိုင်းသို့ ရောက်သွား၏။ မြေပုံမြောက်ဘက်ပိုင်းတွင် ကြက်သွေးရောင် အစက်များကို တွေ့ရသည်။ ထိုအစက်များမှာ ဆိုဗီယက်တို့၏ အနီရောင်အောင်တံခွန် ရေယာဉ် အုပ်စုဖြစ်လေသည်။ ထိုရေယာဉ်အုပ်စု၏ ဂုဏ်သိက္ခာကို ဆောင်ထားသော "ရီဂါ" ဟူသော တိုက်သင်္ဘောမှာ တန်ချိန် ၁၈၀၀၀ တန် လေးသည်။ တိုက်သင်္ဘောတွင် ဝေဟင်ကို မပျက်တမ်း ပစ်ခတ်နိုင်သော ဒုံးပျံများနှင့် အဝေးပစ်အမြောက်များ၊ မော် တာများ၊ တိုပီတိုများနှင့်တကွ တိုက်ပွဲဝင်နိုင်သော ဟယ်လီကော်ပတာများ တင်ဆောင် ကာ၊ တပ်မှူး၏ အမိန့်အရ နော်ဝေးယားဇီးလ်ယား ကမ်းခြေဘက်သို့ ဦးတည်ခုတ်မောင်း သွားနေ၏။

အနုမြူ သင်္ဘောနှစ်စင်းအနက် တစ်စင်းမှာ နော်ဝေးယားဇီးလ်ယား ကမ်းခြေ သို့ ဦးတည်ခုတ်မောင်းသွားပြီး၊ ကျန်တစ်စင်းမှာ အရှေ့တောင်ထောင့်ဘက်သို့ ခုတ် မောင်း သွားနေကြောင်း မြေပုံပေါ် လှုပ်ရှားနေသည့်ပုံကို ဗိုလ်ချုပ်ဗလာဒီမီထရော့ တွေ့ရ လေသည်။ အနုမြူသင်္ဘောနှစ်စင်းစလုံး တိုက်ပွဲဝင်နိုင်သော အနေအထားတွင် ရှိသည်။ ရာသီဥတုအခြေအနေအရပြောပါက ယခုကဲ့သို့ ဘာရိန့်ပင်လယ်တွင် သွားလာလှုပ်ရှား နေသည်မှာ လွန်စွာစောနေသေးသည်။ အနီရောင် အောင်တံခွန် တိုက်ရေယာဉ် အုပ်စု တိုက်ရေယာဉ်အများစုသည် လီနင်ဂရက်မြို့အနီးရှိ ရေတပ်စခန်းသို့ ဦးတည်ခုတ်မောင်း သွားနေကြသည်။ အဘယ်ကြောင့်ဆိုသော် ထောက်လှမ်းရေးနှင့် စစ်ဆင်လေ့ကျင့်ရေး အတွက် လွန်စွာစောနေသေးသဖြင့် စခန်းသို့ ပြန်လာကြခြင်းပင်ဖြစ်သည်။

မြေပုံပေါ်တွင် အဝါရောင်အစက်များကို တွေ့မြင်ရသောကြောင့် ဗိုလ်ချုပ် ဗလာဒီမီ ထရော့တစ်ယောက် စိတ်သက်သာမှု ရရှိလေသည်။ ထို အဝါရောင် အစက် ကလေးများ မှာ ရေငုတ်သင်္ဘောများ၏ အမှတ်အသားဖြစ်သည်။ ဘာရိန့်ပင်လယ်တွင် လှည့်လည် လှုပ်ရှားနေကြသော ဆိုဗီယက်တို့၏ ရေယာဉ်အုပ်စု ကျင့်ထုံးအရ ဆိုဗီယက် အလွန်အေးသော ဆောင်းရာသီအချိန်နှင့် နွေနှောင်းပိုင်းများတွင် ရေပြင်သွားသင်္ဘော များမှာ သင်္ဘောကျင်းသို့ ပြန်လေ့ရှိကြသည်။ နွေနှောင်းကာလတွင် ရေခဲတုံးကြီးများ



www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက်မှ အဆက်မပြတ် မျောပါလာတတ်သောကြောင့် ပင်လယ်ပြင်၌ သွားလာသူပ်ရှားသည်မှာ ခက်ခဲလှသည်။

ငင်းအချိန်တွင် ဆိုဗီယက်တို့သည် "အနီရောင် အောင်တံခွန်" သင်္ဘောအုပ်စုမှ ရေငုပ်သင်္ဘောများကိုသာ လုံခြုံရေးအတွက် လှည့်လည်သွားလာစေသည်။ အနီရောင်အောင်တံခွန် သင်္ဘောအုပ်စုတွင် သင်္ဘောအမျိုးအစားများစွာ ပါဝင်ဖွဲ့စည်းထားသည်။ ရေပြင်သွား သင်္ဘောများ၌ ငါးဖမ်းသင်္ဘောအဖြစ် အယောင်ဆောင်ထားသော စစ်သင်္ဘော များလည်းပါဝင်ပြီး ဒီဇယ်အင်ဂျင်နှင့် ခုတ်မောင်းသည့် ရေငုတ်သင်္ဘောများပါဝင်၏။ အထူးသဖြင့် ငင်းကာလတွင် ဆိုဗီယက်တို့သည် ကြီးမားလှသော အနီရောင်အောင်တံခွန် ရေတပ်အုပ်စုတွင် ဖွဲ့စည်းထားသည့် ဒီဇယ်မောင်းရေငုပ်သင်္ဘောအုပ်စုကို အားထားလေသည်။

ဆိုဗီယက်ရေတပ်မတော်သည် အမေရိကန်ရေတပ်မတော်ကဲ့သို့ ကြောက်မက်ဖွယ်ကောင်းအောင် ငွေကြေးအကုန်အကျများသော နူးကလီးယားစွမ်းအားသုံး ရေငုပ်သင်္ဘောများကို ဦးစားပေးဆောက်လုပ်ခြင်းမရှိပေ။ ဆိုဗီယက်တို့သည်ဒီဇယ်သုံးရေငုပ်သင်္ဘောအသစ်များကို စနစ်တကျ သုတေသနပြုလုပ်ပြီး အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သည်။

ဗိုလ်ချုပ်ဗလာဒီမီထရော့သည် အမေရိကန်ပြည် အရှေ့ဘက်ကမ်းရိုးတန်းဘက်မှ ကင်းလှည့်ပြီး ကရေ့စပတ်သင်္ဘောစခန်းသို့ ပြန်လာကြသည့် နူးကလီးယားစွမ်းအင်သုံး "ဝီ" အမျိုးအစားရေငုတ်သင်္ဘော (၃) စင်းနှင့် အဝေးပစ်ဒုံးပျံများ တပ်ဆင်ထားသည့် ရေငုပ်သင်္ဘောနှစ်စင်းတို့ကို လောလောဆယ် မစဉ်းစားသေးချေ။ သူ့အတွက်လည်းအသုံးမဝင်သေး။ ယခုလောလောဆယ် ဗိုလ်ချုပ် ဗလာဒီမီထရော့ အလိုရှိသော သင်္ဘောအမျိုးအစားမှာ ကောင်းကင်ယံတွင် ပျံသန်းနေသောလေယာဉ်ကို တိကျစွာ ရှာဖွေပေးနိုင်ပြီး ကောင်းကင်ယံမှ ပစ်ချဖျက်ဆီးပေးနိုင်သော သင်္ဘောအမျိုးအစားကိုသာ ဗိုလ်ချုပ်ကအလိုရှိသည်။

"လေယာဉ် ပျက်ကျရာကို ရှာဖွေတဲ့အဖွဲ့ဆီက ဘာသတင်းများ ထူးသေးလဲ"

ဗိုလ်ချုပ်ဗလာဒီမီထရော့က ခပ်ကျယ်ကျယ်လေးမေးလိုက်သည်။ သူ့မျက်လုံးများမှာ မြေပုံပိတ်ကားကို အချိန်ကြာမြင့်စွာ ကြည့်ခဲ့ရသဖြင့် ညောင်းညာနေပုံ ရသည်။

"ခုထိတော့ ဘာသတင်းမှ မထူးသေးဘူး၊ ကောင်းကင်မှာ ကင်းလှည့်လေယာဉ်ဆီကတော့ ဘက်ဂျာ လေယာဉ်ပျက်ကျတဲ့ အပိုင်းအစတွေကလွဲပြီး ဘာမှ ရှာမတွေ့သေးဘူးလို့ သတင်းပို့ခဲ့တယ်။ မြေပြင်ရှာဖွေရေးအဖွဲ့ကတော့ လေယာဉ်ပျက်ကျတဲ့နေရာဆီတောင် မရောက်သေးဘူးတဲ့"

"ဒါဖြင့်ယင် ဖလောင်စာဆီဖြည့်ပေးမယ့် လေယာဉ်ကို ရှာဖွေတဲ့သတင်းရော"

"လုံးဝ ရှာမတွေ့ကြဘူး၊ ဗိုလ်ချုပ်၊ ကွန်ပျူတာတွက်ချက်ပေးချက်အရ ဆိုယင်



www.burmeseclassic.com

www.burmeseclassic.com



တော့ မစ် လေယာဉ် ပျံသန်းနိုင်တဲ့ နယ်နိမိတ်အတွင်းမှာဆိုယင် ဘယ်လေယာဉ်ရေယာဉ် တစ်စင်းကိုမှ မတွေ့ဘူးတဲ့"

ဗိုလ်ချုပ် ဗလာဒီမီထရော့မှာ အတော်စိတ်ပျက်မိသည်။ ဒေါသလည်း ထွက်မိသည်။ တစ်နည်းအားဖြင့် ပြောရလျှင် ထိုသတင်းမျိုးကို သူကြားချင်သည်။ အနောက်နိုင်ငံမှ သင်္ဘော သို့မဟုတ် လေယာဉ်များ သူရှာဖွေနေသော နယ်မြေအတွင်း လုံးဝမရှိကြစေရန် သူလိုလား၏။ အကယ်စင်စစ် သူလိုလားသည့်အတိုင်း လုံးဝမဖြစ်နိုင်မည်ကို သူသိသည်။ လောင်စာဆီဖြည့်ရန် ရည်ရွယ်ထားသောနေရာ ရှိကို ရှိရမည်ဟု သူယုံကြည်၏။ သို့သော်လည်း ဖြစ်နိုင်စရာနေရာမှာ ကြားနေနိုင်ငံ သို့မဟုတ် ရင်းနှီးသော နိုင်ငံ၏ နယ်နိမိတ်အတွင်း ဆီဖြည့်လိမ့်မည်။ စကင်ဒီနေဗီယံ နိုင်ငံများတွင်သာ ဖြစ်နိုင်စရာရှိသည်။

ထို့ကြောင့် လေယာဉ်လမ်းကြောင်း အသစ်ဖြစ်သည့် အနောက်ဖက်သို့ ဦးတည်ပြောင်းပြီး ဂျန် ပျံသန်းလိမ့်မည်။ ထို့အပြင် ရုရှားကမ်းခြေအတိုင်း မြောက်ဖက်သို့မဟုတ် ဖင်လန်နိုင်ငံဖက်သို့ ပျံသန်းမည်ဖြစ်ကြောင်း မျှော်မှန်းထားပေသည်။

ထိုကဲ့သို့ဖြစ်မည်ကို ဗိုလ်ချုပ် ဗလာဒီမီထရော့ မယုံကြည်ချေ။ သို့သော်လည်း လိုအပ် သော သတိပေးချက်များ ထုတ်ပြန်ထားသည်။ သူ့အနေဖြင့် စီအိုင်အေ နှင့် ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့တို့သည် စကင်ဒီနေဗီယံနိုင်ငံ အစိုးရထံ မစ်လေယာဉ်ဆင်းသက် ခွင့်ပြုရန် တောင်းဆိုကြလိမ့်မည်မဟုတ်ဟု သူယုံကြည်သည်။ အဘယ်ကြောင့်ဆိုသော် ရုရှားနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်ကြသောကြောင့် ချစ်ကြည်ရေးတင်းမာမှုရှိကြစေမည့် အရေးကို လိုလားကြမည်မဟုတ်ပေ။ ဗိုလ်ချုပ်ဗလာဒီမီထရော့၏ ယူဆချက်အရ ဆိုပါက လောင်စာဆီဖြည့်ပေးမည့်နေရာမှာ ပင်လယ်ဘက်တွင်သာဖြစ်ရမည်။ သို့မဟုတ် ကောင်းကင်ယံအမြင့်ပေ ခပ်နိမ့်နိမ့်တွင်ဖြစ်ရမည်၊ လေယာဉ်တင်သင်္ဘောအပေါ်ဝယ် မဖြစ်နိုင်သည်ကို သူသိသည်။

အဘယ်ကြောင့်ဆိုသော် လေယာဉ်တင်သင်္ဘောတစ်စင်းတစ်လေမှ ထိုနယ်နိမိတ်အတွင်း ရှာမတွေ့ခဲ့ချေ။ ထို့အပြင် မစ် (၃၁) လေယာဉ်တွင် သင်္ဘောကုန်းပတ်ပေါ် ဆင်းနိုင်ရန် ကိရိယာများ တပ်ဆင်ထားခြင်းမရှိသောကြောင့်ဖြစ်သည်။ သို့သော်လည်း အမေရိကန် မိုးလေဝသ တိုင်းတာရေးစခန်းတည်ရှိရာ ရေခဲပြင်ကြီးသဖွယ်ဖြစ်နေသည့် ဝင်ရိုးစွန်းဘက်သို့ ဂျန် ပျံသန်းမည်လားဟူသော မေးခွန်းသည် ဗိုလ်ချုပ်ဗလာဒီမီထရော့ ဦးနှောက်အတွင်း ရိုက်ခတ်လျက်ရှိသည်။

ဗိုလ်ချုပ်ဗလာဒီမီထရော့သည် လောင်စာဆီဖြည့်ပေးမည့် ပုံစံမျိုးကို ဦးနှောက်အခြောက်ခံပြီး မစဉ်းစားချင်ပေ။ ကမ်းခြေကို ဂျန် ကျော်ဖြတ်လာကြောင်း သေချာတိကျစွာ သိရှိမှသာ သူစဉ်းစားပေမည်။ လက်ရှိအထောက်အထားများအရ ဆိုလျှင် ဆီဖြည့်ပေးမည့် နေရာဌာန မတွေ့ရသောကြောင့် ဂျန်အား ဆိုဗီယက်နယ်နိမိတ်အတွင်း ပစ်ချနိုင်ရန် အာရုံစိုက်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ"

ဗိုလ်ချုပ်ဗလာဒီမီထရော့သည် ကျယ်လောင်စွာမေးလိုက်သည်။

"ဘာကိုဆိုလိုတာလဲ"

အတွင်းရေးမှူးက သဘောမပေါက်သည့် ပုံမျိုးနှင့် မေးလိုက်သည်။ လေးနက်စွာ စဉ်းစားနေသဖြင့် နဖူးရေများ တွန့်လိမ်နေသည်။

"ဆီဖြည့်ပေးမယ့်သင်္ဘော ဒါမှမဟုတ် လေယာဉ် . . . ဘယ်လိုပုံစံမျိုးပဲဖြစ်ဖြစ် . . . ရှိမယ့်နေရာကို ဆိုလိုတာပါ"

"ဘာဖြစ်လို့လဲ"

ဗိုလ်ချုပ်ဗလာဒီမီထရော့၏ ဦးနှောက်အတွင်း အတွေးတစ်ခုပေါ်လာသဖြင့် အတွင်းရေးမှူး၏ မေးမြန်းချက်ကို မဖြေသေးဘဲ အော်ပရေတာအား လှမ်းမေးလိုက်သည်။

"ဖားယားချေး" စခန်းများနဲ့ ကမ်းခြေကင်းလှည့်အဖွဲ့တွေက အပူဓာတ်ဖမ်းကိရိယာ၊ ဒါမှမဟုတ် အသံလှိုင်းဖမ်းစက်များနဲ့ ဘာမှ ခြေရာမခံမိကြဘူးလား"

ဖြေကြားသည့်အသံချက်ချင်းပေါ်မလာချေ။ အချိန်အတန်ကြာသောအခါ သံသယရှင်းသောအသံမျိုးနှင့် ဖြေကြားသည့်အသံထွက်ပေါ်လာလေသည်။

"ဘာမှမတွေ့ရှိခဲ့ပါဘူး၊ လှည့်ပတ်ရှာနေတဲ့ ကျွန်တော်တို့ရဲ့ တိုက်လေယာဉ်အုပ်စုရဲ့ အသံကလွဲလို့ တခြားဘာယာဉ်ကိုမှ မတွေ့ခဲ့ကြပါဘူး"

"ဘာကိုမှမတွေ့ဘူး . . . ဟုတ်လား"

**ဗိုလ်ချုပ်ဗလာဒီမီထရော့သည် စိတ်ဓာတ်ပြင်းထန်သော အသံမျိုးဖြင့် သေချာအောင်** မေးလိုက်ပြန်၏။

"မရှိဘူး . . . လုံးဝရှာမတွေ့ပါဘူး"

ဗိုလ်ချုပ်ဗလာဒီမီထရော့ နားမလည်နိုင်တော့ချေ။ သူ့အတွက် ထိုအဖြေမျိုးသည် ပဟေဠိ ဆန်နေလေသည်။ ဗိုလ်ချုပ် ဗလာဒီမီထရော့တစ်ယောက် အရှုံးနှင့်ရင်ဆိုင်နေရပြီ။ သူသည် နည်းဗျူဟာအရာတွင် အလွန်တိကျသူတစ်ဦးဖြစ်ကြောင်း ယုံကြည်ထားခဲ့သည်။ သို့ရာတွင် မစ် (၃၁) ကို ခိုးပြေးသောပိုင်းလော့မှာ လေယာဉ်မောင်းသည့်နေရာတွင် တစ်ဖက်ကမ်းခတ်လောက်အောင် အလွန်တော်သူတစ်ဦးဖြစ်သည်။ လေယာဉ် ပါရဂူ တစ်ဦးဖြစ်သဖြင့် ကေ-ဂျီ-ဘီ အကြီးအကဲကိုယ်တိုင်ပင် အငိုက်မိခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေ-ဂျီ-ဘီ အကြီးအကဲဘက်သို့ လှည့်ကြည့်လိုက်သည်။ သို့ရာတွင် ယခုအခါ ကေ-ဂျီ-ဘီ အကြီးအကဲမှာ ဗိုလ်မှူးကြီးကွန်တာစကီး ကျူးလွန်ထားခဲ့သော အမှုအခင်း ကိစ္စနှင့် ပတ်သက်၍ သူကိုယ်တိုင် အရေးယူရန် ဆုံးဖြတ်ထားခဲ့သည်။ သို့ရာတွင် မည်ကဲ့သို့ အရေးယူရမည်ကို သူကိုယ်တိုင်မစဉ်းစားတတ်သေးချေ။ ဗိုလ်ချုပ်ဗလာဒီမီ ထရေ့သည် မြေပုံကို သေချာစွာစိုက်ကြည့်နေ၏။ မြေပုံပေါ်တွင် တည်ရှိသော လျှို့ဝှက် ချက်များကိုလည်း စိတ်ဝင်စားစွာ ကြည့်နေမိသည်။ မြေပုံ၌လင်းနေသော မီးရောင်များမှာ ဆိုဗီယက်ရေယာဉ်တပ်ဖွဲ့အားလုံးကို ဖော်ပြလျက်ရှိပြီး၊ မြေပုံအစွန်းပိုင်းတွင် ဗြိတိသျှ ငါးဖမ်းသင်္ဘောအုပ်စုကို ဖော်ပြလေသည်။ ထိုနေရာမှာ ဂရင်လန်ပင်လယ်တွင်ဖြစ်ပြီး ဝက်ဝံကျွန်း၏ အနောက်ဘက်တွင် တည်ရှိလေသည်။

ထိုနေရာမှာ အလွန်ဝေးကြောင်း သူသိလေသည်။ ဂျန်အနေဖြင့် ထိုမျှ ဝေးလံ သော နေရာအထိ ပျံသန်းရန် လောင်စာဆီလုံလောက်မည်မဟုတ်ချေ။ တဖန် ဗြိတိသျှ ရေတပ်မတော်အနေဖြင့် ငါးဖမ်းသင်္ဘောများအကြား လေယာဉ်တင်သင်္ဘောကြီးကို မမြင်နိုင်အောင် မည်သို့မျှ ဝှက်ထား၍မရနိုင်ဟု သူတွေးမိလေသည်။

မြေပုံကတော့ သူ့ကို ဘာမျှမပြောနိုင်ခဲ့။

"သူ ဘယ်ရောက်နေသလဲ"

ဗိုလ်ချုပ်ဗလာဒီမီထရေ့၏ လက်ချောင်းများ မြေပုံပေါ်သို့ ရောက်လာပြီး အော်မေးလိုက်ပြန်သည်။မြေပုံကားချပ်မှာ ကုန်ခါသွား၏။ တဖန်ကြည်လင်လာပြန်သည်။

"ဒီကောင် အသက်ရှင်နေသေးတယ်ဆိုတာကို ခင်ဗျားယုံကြည်သလား"

အတန်ကြာသောအခါ အတွင်းရေးမှူးက မေးလိုက်လေသည်။

ဗိုလ်ချုပ်ဗလာဒီမီထရေ့ က မော့ကြည့်ပြီး ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ် အတွင်းရေးမှူး၊ ကျွန်တော်ယုံပါတယ်"

\+ \+ \+

နံရံပေါ်တွင် ကပ်ထားသော မြေပုံကားချပ်ကြီးပေါ် စိုက်ထားသည့် တစ်ခု တည်းသော အဝါရောင်ပင်အပ်တစ်ချောင်းကို "အော်ဗရေး" စိုက်ကြည့်နေသည်။ ထိုအဝါရောင် ပင်အပ်စိုက်ထားသည့် အမှတ်အသားမှာ "မိခင်-တစ်" ဟု အမည်ပေး ထားသော ရေငုပ်သင်္ဘောကို ရည်ညွှန်းလေသည်။ "မိခင်-တစ်" ရေငုပ်သင်္ဘောတွင် လက်နက်များ လုံးဝမပါချေ။ "တော်ပီဒို" အခန်းနှင့် သင်္ဘောဦးပိုင်းရှိ သင်္ဘောသားများ နေထိုင်သည့်အခန်းစများတွင် တန်ဘိုးမဖြတ်နိုင်သော လောင်စာဆီ လှောင်ကန်များ ပြောင်းလဲပြုပြင်ထားပြီး လောင်စာဆီအပြည့် ဖြည့်ဆည်းထား၏။ ယင်းလောင်စာဆီ



www.burmeseclassic.com

www.burmeseclassic.com



သည် ဂျန် လေယာဉ်အတွက်မဟုတ်ပါလော။ မိခင်တစ် သည် တောင်ဘက်သို့ တဖြည်းဖြည်း ရွေ့လျားလျက်ရှိသော ရေခဲပြင်တုံးကြီးအောက်၌ ဖုံးကွယ်လိုက်ပါလျှက်ရှိသည်။

အော်ဗရေး ချောင်းတစ်ချက်ဆိုးလိုက်သည်။ "ဗိုလ်ချုပ်ကာတင်" သည် အော်ဗရေးနှင့်အတူ မြေပုံကြီးအား စူးစိုက်ကြည့်နေရာမှ တစ်ဘက်သို့ လှည့်ကြည့်လိုက်သည်။ သူတို့၏ အာရုံသည် အခန်းတွင်းသို့ နံနက်စာကို လင်ပန်းနှင့် ယူလာသော ရှယ်လီက လွှမ်းမိုးလိုက်သည်။

"လူကြီးမင်းခင်ဗျာ။ နံနက်စာ၊ စားသောက်နိုင်ပါပြီ"

သူတို့နံနက်စာ စားသောက်ကြသည်။ အတန်ကြာသောအခါ အော်ဗရေးသည် ပေါင်မုန့်ချပ်ကို ထောပတ်သုတ်ယင်း ဗိုလ်မှူး ကာတင်အား မေးမြန်းလိုက်သည်။

"ဗိုလ်မှူးကာတင်၊ ကျွန်တော်တို့ရဲ့ မိခင်-တစ် ပုန်းနေတဲ့ရေခဲပြင်အောက်မှာ လက်ရှိ ဘယ်လိုအခြေအနေရှိတယ်ဆိုတာ ပြောပါဦး"

"နောက်ဆုံး သတင်းအရဆိုယင် ရေခဲပြင်ထုထည်နှင့် အပေါ်မျက်နှာပြင် အခြေအနေတွေကတော့ လေယာဉ်ဆင်းသက်နိုင်တဲ့ အနေအထားမှာရှိပါတယ်"

ဗိုလ်မှူးကာတင်သည် အမေရိကန်သားပီပီ ခယင်းတစ်ချောင်းသာ ကိုင်ပြီး အစား အစာများကို စားသောက်ယင်း ဖြေလိုက်လေသည်။

ယဉ်ကျေးစွာ ဖြေကြားသဖြင့် အော်ဗရေးသဘောကျ၍ ပြုံးလိုက်လေသည်။

"ခင်ဗျားပြောတာ သေချာရဲ့လား"

"သေချာပါတယ်ခင်ဗျာ. . . လူကြီးမင်းသိတဲ့အတိုင်း၊ မိခင်တစ် ဆီက ပေးပို့တဲ့သတင်းတွေဟာ အနီးဆုံးမှာရှိနေတဲ့ မိုးလေဝသစခန်းဆီကတဆင့် ပို့လိုက်တဲ့ သတင်းတွေ့ပဲဖြစ်ပါတယ်။ သတင်းပို့သံကို ဖျက်ထားတယ်။ အကယ်၍ တစ်ဦးတစ်ယောက်က ခိုးယူနားထောင်ခဲ့တောင်မှ သာမန်မိုးလေဝသ သတင်း၊ ဒါမှမဟုတ် ရေခဲပြင် ရေခဲထုထည်ကို တိုင်းတာနေတယ်လို့ ထင်ကြမှာပဲ။ ဒါပေမယ့် အခြေအနေတွေကတော့ ကောင်းပါတယ်။ ရေခဲမျက်နှာပြင်ဟာ ပြောင်းလဲခြင်း ဒါမှမဟုတ် လေတိုက်ခတ်ခြင်းကြောင့် ပျက်ဆီးခြင်းဆိုတာတွေ မရှိပါဘူး။ နောက်ပြီး ရေခဲပြင်ရဲ့ အရွယ်အစားလည်း မပြောင်းလဲပါဘူး။ ကြည့်ရတာ နောက်ထပ် သုံးလေးရက်လောက်ကြာလို့ တောင်ပိုင်းကို ရောက်တော့မှ ရေခဲတုံးကြီးတွေဟာ အရည်စပျော်လိမ့်မယ်"

"ဒါပေမယ့် ရေခဲပြင်ကြီးဟာ တော်တော်ထူရဲ့လား"

အော်ဗရေးသည် သေချာအောင် ထပ်မေးပြန်သည်။ သူ၏ နောက်ကြောတွင် အစာစားလျက်ရှိသော ရှယ်လီက ပြုံးလိုက်၏။ ရှယ်လီအနေဖြင့် အော်ဗရေး၏ စိတ်နေသဘောထားကို ကောင်းစွာသိခဲ့သူဖြစ်သည်။ အော်ဗရေး၏ အကျင့်မှာ သူတို့တွေ



www.burmeseclassic.com

www.burmeseclassic.com



မသိသော အလုပ်တွင် ဆရာကြီးဝင်ရောက်လုပ်ကိုင်ခြင်းမပြုဘဲ၊ သိထားသူထံမှ သူကိုယ်တိုင် ပိုင်ပိုင်နိုင်နိုင်သိသည်အထိ ထပ်ခါတလဲလဲ မေးမြန်းလေ့ရှိသည်။ ယခုကိစ္စလည်း ဝင်ရိုးစွန်းတွင်ရှိသော ရေခဲပြင်အကြောင်းကို သေချာစွာမသိပေ။

"ထူပါတယ်ခင်ဗျာ။ နောက်ပြီး လိုတာထက်ပိုရှည်ပြီး ကြီးလည်းကြီးပါတယ်။ ဂျန်ဟာ ကျွမ်းကျင်တဲ့ ပိုင်းလော့တစ်ယောက် မဟုတ်တောင်မှ လေယာဉ်ကို ဆင်းသက်လို့ ရပါတယ်"

"နောက်ပြီး ရာသီဥတုကကော"

"ဘာဖြစ်တောလဲ အော်ဗရေး၊ အစာမကြေလို့လား ဒါမှမဟုတ် တခြားအကြောင်း တစ်ခုခုကြောင့်လား"

ဘတ်ဟိုလ်က မော့ကြည့်ပြီး မေးခွန်းများ အဆက်မပြတ်မေးနေသော အော်ဗရေးအား မေးလိုက်လေသည်။

"နောက်ပြီး ရာသီဥတုကော"

အော်ဗရေးသည် လှည့်မကြည့်ဘဲ ထပ်မေးပြန်သည်။

"ခုချိန်အထိတော့ ရာသီဥတု ကောင်းတုန်းပဲ အခုလို ရာသီချိန်မျိုးနဲ့ ရောက်ရှိနေတဲ့ လတ္တီတွဒ် အနေအထားအရ ပုံမှန်အတိုင်းဆိုယင် အခြေအနေဟာ သာယာနေမှာပဲ"

"ပုံမှန်မဟုတ်ဘူး၊ ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျား. . . ရာသီဥတုကတော့ အချိန်မရွေးပြောင်းနိုင်ပါတယ်"

"ပြောင်းမယ်လို့ကော ထင်သလား၊ ဗိုလ်မှူး"

"ဒါတော့ ပြောရမှာ ခပ်ခက်ခက်ပဲ၊ ဂြိုဟ်တုတွေကနေ နောက်ဆုံး ရိုက်ပြီးထားတဲ့ ဓာတ်ပုံတွေထဲမှာတော့၊ ဘာမှ ကြီးကြီးကျယ်ကျယ် မတွေ့ရပါဘူး"

"ရေဒုပ်သင်္ဘောကနေ သူတို့အကြောင်း ပို့တဲ့သတင်းကော"

"ဘာမှမရရှိသေးပါဘူးခင်ဗျာ။ ရာသီဥတုကတော့ မျှော်မှန်းထားတဲ့ အတိုင်းပါပဲ။ သတ်မှတ်ထားတဲ့အချိန် တစ်နာရီပြည့်တိုင်း ရေဒုပ်သင်္ဘောကနေပြီး ရေခဲပြင်ထိုးဖောက်ပြီး "စင်စာရီ" ခေါ်တဲ့ တိုင်းတာရေးကိရိယာနဲ့ တိုင်းတာနေကြပါတယ်။ ရာသီဥတုကတော့ ကောင်းတုန်းပါပဲ"

အော်ဗရေး ယုံကြည်လက်ခံစေရန် ရှင်းပြရပေါင်း များလှသဖြင့် သူ့ကိုယ်လုံး မောဟိုက်သွားသည့်ဟန်မျိုးနှင့် သူ၏ ပခုံးနှစ်ဘက်ကို တွန့်ပြယင်း စကားကို အဆုံး



www.burmeseclassic.com

www.burmeseclassic.com



သတ်လိုက်လေသည်။

အော်ဗရေးကတော့ ကျေနပ်သွားပုံမပေါ်သေး။ သူ၏ အာရုံကို ဘတ်ဟိုလ်သို့ ပြောင်းလိုက်ပြန်သည်။

"ဒီအလုပ်ဟာ စိတ်ကူးယဉ်သမားတစ်ဦးရဲ့ စီမံချက်ပဲ. . . မင်းဝန်ခံတယ်မဟုတ်လား ဘတ်ဟိုလ်"

"ကျုပ်ကတော့ ဘယ်လိုမှ ဝန်မခံပါဘူး၊ အော်ဗရေး။ အခု လောင်စာဆီဖြည့်ပေးမယ့် အစီအစဉ်ဟာ ကျုပ်အလုပ်ကိစ္စပါ။ ခင်ဗျား ဂျန် ကို ဟိုအရောက်ပို့နိုင် ခဲ့တာကို ကျုပ်လက်ခံပါတယ်။ ဒီလိုပို့နိုင်ခဲ့တာကို ကြီးမားခက်ခဲတဲ့အလုပ်လို့ ခင်ဗျားပြောချင်ယင် ပြောထိုက်ပါတယ်။ ဒါပေမယ့် ကျုပ်ကတော့ သူ့ကို အိမ်အရောက် ပြန်ခေါ်ရမယ်။ အဲဒါကိုတော့ သံသယ မရှိဘဲ ယုံကြည်စေချင်ပါတယ်။ အော်ဗရေး။ ဘာဖြစ်လို့လည်းဆိုတော့ ခင်ဗျားရဲ့ ဒုတိယ တွေးခေါ်မှုကြောင့် ကျုပ်ရဲ့လုပ်ငန်း အစီအစဉ်တွေကို ဖျက်မှာမဟုတ်ဘူးဆိုတာကို ခင်ဗျားသိထားစေချင်ပါတယ်"

"အောင်မလေးကိုယ့်လူရယ်. . . ကျုပ်ရဲ့စိတ်အထင်သာ ပြောပြတာပါ။ ဘာမှ အလေးအနက် မဆိုလိုပါဘူးဗျာ"

အော်ဗရေး တောင်းပန်လိုက်သည်။ ဘတ်ဟိုလ်အား ကြည့်ရသည်မှာ ကြေအေးသွားဟန်တူသည်။

"လေယာဉ် တစ်စင်းကို ရေခဲပြင်ပေါ် ဆင်းသက်စေပြီး ရေငုပ်သင်္ဘော တစ်စင်းက လောင်စာဆီဖြည့်ပေးဖို့ဆိုတာ စိတ်ရူးပေါက်သူတစ်ဦးရဲ့ စီမံချက်ပဲ ဆိုတာကိုတော့ ကျုပ်ဝန်ခံပါတယ်။ ဒါပေမယ့် အဲဒီအစီအစဉ်ဟာ အောင်မြင်မှာပါ။ အော်ဗရေး၊ အခုလောလောဆယ်တော့ ရေငုပ်သင်္ဘောရှိတဲ့ ခြေရာ မတွေ့နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုယင် ရေခဲပြင်အချပ်ကြီးအောက်မှာ ရှိနေတာကိုး။ နောက်ပြီး ရေအောက်ကို ရှာဖွေနိုင်တဲ့ "ဆိုနာ" ဒိုင်ကွက်ပေါ်မှာလည်း ပေါ်မှာမဟုတ်ဘူး။ ဒိုင်ကွက်ပေါ်မှာ ရေခဲပြင်တစ်စိတ် တစ်ပိုင်းလောက်ထိသာ ပေါ်မှာ။ ရေအောက်ကနေ ထွက်လာပြီး လေယာဉ်ဆီကန်တွေထဲ လောင်စာဆီဖြည့်ပြီးယင် ဂျန် ပျံတက်ရုံပဲ ရှိတယ်။ မင်းလိုတော့ ရုပ်ဖျက်တာတွေ လုပ်ဖို့မလိုဘူး။ သင်္ဘောတစ်စင်းကို ပင်လယ်ပြင်မှာ ကိုယ်ဝန်ဆောင် ပင်လယ်ဖျံကြီးတစ်ကောင်လိုတော့ ခင်ဗျား ရုပ်ဖျက်နိုင်မှာမဟုတ်ဘူး"

အတန်ငယ်ငြိမ်သက်သွားပြီးမှ အော်ဗရေးက စပြောသည်။

"ကောင်းပြီး ဘတ်ဟိုလ်၊ ဒီရေငုပ်သင်္ဘောကို အသုံးပြုရတဲ့အတွက် အခု ခင်ဗျားပြောတဲ့စကားတွေကို ကျုပ်လက်ခံပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လောင်စာဆီဖြည့်ပေးတဲ့လုပ်ငန်း ပြီးစီးအောင်မြင်စွာ ပြီးမြောက်သွားတဲ့အခါ ကျုပ် ပိုပြီး ဝမ်းမြောက်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားသခင် စောင်မပေးဖို့ ဆုတောင်းပါတယ်"

ဘတ်ဟိုလ်သည် ဆုတောင်းယင်း သူသောက်ရန် ကော်ဖီငှဲ့လိုက်သည်။

\+ + +

မြူနှင်းများ ပျောက်ကွယ်သွားသည်နှင့် ဂျန်သည် သူ၏ လေယာဉ်အောက်ဘ ဘာရန်ပင်လယ်ပြင်ကို ပြတ်သားစွာ တွေ့ရလေသည်။ ပင်လယ်မျက်နှာပြင်မှာ ထူ သော မွဲပြာရောင်ရှိသည်။ ကောင်းကင်မှာမူ အပြာရောင် ဖျော့ဖျော့ရှိသော်လ ပင်လယ်ပြင်၏ အရောင်နှင့်မဟတ်မိချေ။ ဂျန်သည် ပေ (၁၀၀) အမြင့်တွင်ရှိပြီး တစ် မိုင် နှစ်ရာ (၂၀၀) နှုန်းကျော်လောက်ဖြင့် ဖိုင်းယားဖော့စ် သာမန်ပျံသန်းနှုန်း "နော်ဝေးယားဇီးလ်ယား" ကျွန်းသို့ ဦးတည်မောင်းသွားနေသည်။ ငါးဖမ်းသင်္ဘောတစ် အပေါ်သို့ သူရောက်သွား၏။ သင်္ဘောကုန်းပတ်ပေါ်တွင် ပင်လယ်ထဲသို့ အမှိုက် နေသော လူတစ်ယောက် သူ့ကို မော့ကြည့်နေသည်။ ထိုသူ၏ ဖြူဖွေးသောမျက် ပေါ်တွင် အံ့သြမှုများ ဖော်ပြလျက်ရှိသည်။ တခဏအတွင်းပင် ဂျန်၏ မြင်ကွင်းမှ ငါး သင်္ဘော ပျောက်ကွယ်သွားသည်။ ရေဒါဗိုင်ကွက်တွင်သာ အစိမ်းရောင်အကွက်က ပေါ်လျက်ရှိသည်။ ဂျန်သည် သူ့ကိုယ်သူ ကျန်ဆဲနေမိသည်။

အဘယ်ကြောင့်ဆိုသော် ပင်လယ်ကမ်းခြေအပေါ် ဖြတ်သန်းခဲ့စဉ် မျှော်ကြည့်နိုင်သည့် ရေဒါစက်ကို သူပိတ်ထားမိခြင်းကြောင့် ဖြစ်သည်။ ယခုအခါ နော ကျခဲ့လေပြီ။ ထိုခလုတ်ကို သူတဖန်ပြန်ဖွင့်လိုက်သည်။ ဘတ်ဂျာ လေယာဉ်အ အောင်မြင်မှု ရခဲ့သဖြင့် သူသည် စိတ်တက်ကြွနေပြီး သတိလက်လွတ်ဖြစ်ခဲ့သ သူဖြတ် ကျော်ခဲ့သော ငါးဖမ်းသင်္ဘောပေါ်မှ မျက်နှာဖြူဖြူနှင့်လူအား မြင်ယောင်မိ သည်။ ထိုသူ၏ မျက်နှာပေါ်တွင် သူ့အတွက် အန္တရာယ်ရောက်မည့် အရိပ်အရေ ပြသကဲ့သို့ရှိသည်ဟု ဂျန်ထင်မိသည်။ သူ့လေယာဉ်ပျံနှင့် မလှမ်းမကမ်း နောက်ဖက်စ တစ်ခုတွင် လေယာဉ်ခြေရာကို ဖမ်းယူနိုင်သည့် အင်အားကြီးသော စက်ကိရိယာ ရှိနေကြောင်း ရေဒါဗိုင်ကွက်တွင် ဖော်ပြနေသည်။ လေယာဉ်ကို အီးလက်ချ်သင် ဟု ခေါ်သည့် သူ့လျှိုငါးဖမ်းသင်္ဘောပေါ်မှ ကျော်ဖြတ်ခဲ့ခြင်းကြောင့် ကုသိုလ်ကံ ဆိ ဖြစ်ကြောင်း ဂျန်သဘောပေါက်လေသည်။ ယခုဆိုလျှင် သူပျံသန်းနေသော လမ်းကြော ကို အင်ဖရားရက်ခ်အပေါ် အထင်းသားပေါ်နေလေသည်။

ဂျန်သည် လေယာဉ်ကို ထပ်နှိမ့်ချလိုက်၏။ ပင်လယ်မွဲပြာရောင် မျက်နှာပြ သည် ခြိမ်းခြောက်သလို လေယာဉ်ဆီသို့ ထိုးတက်လာသည်။ ယခုအခါ ပေ (၅ အမြင့်တွင် ပျံသန်းနေသဖြင့် သူ့အား အီလက်ထရွန်းနစ်မြင်ကွင်းတွင် ရှာတွေ့ တော့မည် မဟုတ်ကြောင်း သူသိသည်။

အီးလက်ချ် သင်္ဘောပေါ်ရှိ အင်ဖရားရက်ခ် အော်ပရေတာများသည် သူ့အ



www.burmeseclassic.com

www.burmeseclassic.com



ကွက်ပေါ်တွင် မြင်လျှင်မြင်ချင်း မာလိန်မှူးအား ပြေးပြီးပြောကြပေလိမ့်မည်။ သူတို့ ကြောင်းကြားနေစဉ် ဂျန် လေယာဉ်သည် ဒိုင်ကွက်ပေါ်မှ ပျောက်ကွယ်သွားအောင် ပြင်ပေါ်သို့ နှိမ့်ချလိုက်သည်။ အော်ပရေတာများအနေဖြင့် သူဘယ်ရောက်သွားသည် မပြောနိုင်ကြသော်လည်း ဦးတည်ပျံသန်းသွားရာဘက်သို့ ပြေပြနိုင်ကြပေမည်။ သူ တည်ပျံသန်းသည့် နေရာမှာ နော်ဝေးယားဇီလ်ယားကျွန်းဘက်သို့ ဖြစ်ကြောင်း တိအကျ သူတို့ပြောနိုင်ကြသည်။

လောင်စာဆီ တိုင်းတာသော ဒိုင်ကွက်ကို ကြည့်လိုက်သည်။ ယူရယ်တောင် န်းတွင် ဆီဖြုန်းခဲ့မှုကြောင့် ကြီးစွာနှောင်တရနေသည်။ လက်ရှိလမ်းကြောင်းအတိုင်း သန်းပြီး နော်ဝါးယားဇီလီးယား ကျွန်းရောက်မှ တဖန် နောက်ဆုံးအနေနှင့် လေယာဉ် မ်းကြောင်းသစ်ကို ပြင်ဆင်ကာ ဆက်ပျံသန်းရန် ဂျန်တစ်ယောက် ဆုံးဖြတ်ထား သည်။

"နော်ဝေးယားဇီလ်ယား" ကျွန်းသည် တစ်ချိန်က ညှာကလီးယား လက်နက် း စမ်းသပ်ရာစခန်းဖြစ်ခဲ့သည်။ ယခုအခါ ဒုံးပျံစခန်းများ ပြည့်နှက်နေ၏။ ရုရှား ၏ မြေပြင်တွင် အခြေစိုက်ထားသော အလွယ်တကူ ရွှေ့ပြောင်းနိုင်သည့် ဒီ-အီး- လျူ ဒုံးပျံများလည်း စခန်းချထားသည်။ ရုရှားတို့အနေနှင့် မြောက်ဘက်သို့ တိုးချဲ့ထား သော ဒုံးပျံများဖြစ်သည်။

ဂျန်၏ လက်သည် မသိမသာ နှုန်းမြင့်သည့် ခလုတ်ကို နှိပ်လိုက်၏။ လေယာဉ် သည် ပိုမိုမြန်လာသဖြင့် အသွားနှုန်းပြ ဒိုင်ကွက်တွင် ဂဏန်းများ အဆက်မပြတ် ထွက် ပေါ်လာသည်။ မက် (၁. ၃) (၁. ၄) (၁. ၅) စသည်ဖြင့် ပေါ်ထွက်လာပြီး လေယာဉ် သည်း ပို၍ပို၍ မြန်လာလေသည်။

ဖိုင်းယားဖော့စ်ကို ကောင်းကင်အမြင့်တွင် မက်ချ် (၅) ထိ မြင့်တင်မောင်းနိုင် သည်ဟု သူ့အား ပြောထားခဲ့သော်လည်း သူ့အနေဖြင့် မက်ချ် (၆) အထိ မောင်းနိုင် သည်ကို ယုံကြည်သည်။ ပင်လယ်မျက်နှာပြင်နှင့် ကပ်ပြီး မက်ချ် (၂. ၆) နှုန်းနှင့် သူပျံသန်း ဖြစ်သည်။ ဖိုင်းယားဖော့စ်သည် ကမ္ဘာပေါ်တွင် အကောင်းဆုံးသော လေယာဉ် ဖြစ်သည်။

လေယာဉ်ကို အသံထက်မြန်သော နှုန်းဖြင့် ပျံသန်းနေသဖြင့် လျှော့သွားသော ဆီမဖြတ်နိုင်သည့် လောင်စာဆီကို သုံးနေရသည်။ မကြာမီ "မာတော့ကင်ရှားရ်" ပျံစခန်းပေါ် စိုးရွံ့ဖွယ်ကောင်းသည့် လေယာဉ်စက်သံ လွှမ်းမိုးသွားလေသည်။ နော်ဝေးယားဇီလ်ယား ကျွန်းရှည်ကြီး နှစ်ကျွန်းအကြားရှိ ကျဉ်းမြောင်းသော တူမြောင်း၏ ရှေ့တောင်စွန်းတွင် "မာတော့ကင်းရှားရ်" ဒုံးပျံစခန်းရှိသည်။ လေယာဉ်ကို တူးမြောင်း တွင်း ပေ (၂၀၀) အမြင့်တွင် အရှိန်ပြင်းစွာ မောင်းနှင့်ပျံသန်းသွားရာ အင်ဖရားရက်ခ် င်ကွက်ပေါ်တွင် အပူဓာတ်ကြောင့် မီးလုံးပမာ ရှေးဦးစွာ ရုတ်တရက် ပေါ်လာလေ သည်။ လေယာဉ်သည် ဝေးသွားသည်နှင့်အမျှ လေယာဉ်ခြေရာ အပူဓာတ် လျှော့ပါး



www.burmeseclassic.com

www.burmeseclassic.com



သွားသောကြောင့် ဒိုင်ကွက်ပေါ်တွင် ခပ်ရေးရေးသာ ထင်ကျန်နေတော့မည်။ ဂျန် သည် အော်တို ပိုင်းလော့နှင့် တီ-အက်ဖ်-အာရ် ခလုတ်များကို ဖွင့်ထားသည်။ သူ၏ မျက်လုံ များကို ရေဒါဒိုင်ကွက်အား စိုက်ကြည့်နေသည်။ သူ့အား ဒုံးပျံဖြင့် ပစ်မည်ဟု ယူဆထား ၍ ရေဒါဒိုင်ကွက်အတွင်း ထွက်ပေါ်လာမည့် မီးရောင် အကွက်ကလေးကို စောင့်မျှော် လျက်ရှိသည်။ ရေဒါဒိုင်ကွက်အပေါ်တွင် ဘာမှ ထွက်ပေါ်မလာခဲ့ချေ။

တူးမြောင်းတစ်ဖက်တစ်ချက်ရှိ ကျောက်တုံးများပေါ် ပြူးထွက်နေသည့် ကျောက်နံရံကို ကျော်ဖြတ်ပြီးသည်နှင့် ပင်လယ်ပြင်ကြီးပေါ် ထွက်လာပြန်လေသည်။ ဂျ သည် ယခုမှ စိတ်သက်သာရာရကာ တုန်လှုပ်ချောက်ချားမှုများ ပျောက်ကွယ်သွားလေ သည်။ ဖိုင်းယားဖော့စ်အား ပျံသန်းမည့်လမ်းကြောင်းပြောင်းရန်ခလုတ်ကို ဂျန်နှိပ်ချလေ သည။ လေယာဉ်သည် သူ့အလိုအလျောက် လမ်းကြောင်းအသစ်သို့ ပြောင်းသွားသည် ဂျန်သည် ခလုတ်ကို လျှော့ချလိုက်သည်။ ယခုအခါ လေယာဉ်ယန္တရားကို သူထိန်း ကျောင်းရန် မလိုတော့ပေ။

လေယာဉ်သည် အသံနှုန်းကို ပြန်လျှော့လာသောအခါ သူ့အား ဒုံးပျံများဖြ မပစ်ခဲ့သည့်အကြောင်းကို ဂျန်တွေးမိသည်။ သူပျံသန်းနေသော အမြင့်ပေမျိုး၌ ပစ်မည် ချိန်ကာ ဒုံးပျံများ ပစ်ခဲ့လျှင် သူ့လေယာဉ်ကို မထိဘဲ တစ်ဖက်တွင်ရှိသော ကျောက်ခ ပန်းကိုသာ ထိမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် ကျောက်ခါးပန်းထက် နိမ့်ကျအောင် ပျံသန်းလာခြင်းကြောင့် ဖြစ်သည်။

ယခုအခါ သူသည် အနောက်မြောက် လမ်းကြောင်းအတိုင်း 'စပစ်ဇဘာဂ် နှင့် 'ဖရာန့်ဇ-ဂျိုး-ဇက်' အကြားရှိ ဝင်ရိုးစွန်း ရေခဲထုဆီသို့ ဦးတည်ပျံသန်းလျက် ရှိသည် ထိုနေရာရောက်သည်အထိ လေယာဉ်အတွက် လောင်စာဆီ လောက်မည်မဟုတ်သဖြ သူ၏ အသက်ရှင်ရေးအတွက် မတွေးဝံ့အောင်ဖြစ်နေလေသည်။ ချမ်းအေးသော ပင်လယ်ရေပြင်သည် ညိုပြာရောင် ကော်ဇောချပ်ကြီး ခင်းထားသလို စီးဆင်းလျက်ရှိ သူ့အပေါ်ဘက်တွင်ရှိသော ကောင်းကင်ယံမှာ အပြာဖျော့ရောင်နှင့် ပြုံးဖြီးဖြီး ဖြစ်နေ လေသည်။

ဂျန်မှာ တစ်ကိုယ်တည်းဖြစ်သောကြောင့် စိတ်ပျက်မိသည်။ ရေဒီယို ထရ စစ္စတာ 'ရီစီဗာ' စက်လည်း အသက်ကင်းမဲ့လျက် ရှိနေတုန်းပင်။ ထိုစက်ကလေး အလု လုပ်မှ လုပ်ပါ့မလားဟု ဂျန် တွေးနေမိသည်။ သူ၏ အရှေ့ဦးတည်ရာ၌ လောင်စာဆ ဖြည့်ပေးမည့် တစ်ဦးဦးသော လူ သို့မဟုတ် ပစ္စည်းများ ရှိမှ ရှိပါ့ဦးမလားဟူသော အတွေးများလည်း တစ်ဆက်နည်း ပေါ်လာလေသည်။ ရေဒါဒိုင်ကွက်မှာ ကင်းရှင်းလျက် ရှိ၏။ သူ့အထက်ကောင်းကင်တွင် ဘာမျှရှာမတွေ့။ ပင်လယ်ပြင်၌လည်း ရေယာဉ်များ လုံးဝမတွေ့မြင်ရဘဲ ကင်းရှင်းကာနေလေသည်။ ဖိုင်းယားဖော့စ်သည် ကျန်ရှိနေ သေးသော လက်ကျန်ဆီများကို ဖြုန်းကာ မွဲပြာရောင်ပင်လယ်ပြင်အပေါ် ပျံသန်းနေ လေတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"အီလက်ချ်" သင်္ဘောမှ ပေးပို့သော သတင်းရရှိပြီးနောက် 'မာတော့ဂျ်ရှားရ်' မှ တဖန်အတည်ပြုသော သကင်းရောက်ရှိလာသောအခါ အတွင်းရေးမှူးတစ်ယောက် ပိုပြီး ဒေါသထွက်ခဲ့လေသည်။ ဗိုလ်ချုပ်ဗလာဒီမီထရော့၏ သံသယများနှင့် သတိပေးချက်များကို ပေါ့ပေါ့တန်တန် အလေးမထားဘဲ နေခဲ့ရာမှ ယခုသတင်းအတည်ပြုချက်များ ရရှိသော အခါ အတွင်းရေးမှူးသည် သူ၏ အယူအဆများ မည်မျှ မှားပြီး ဗလာဒီမီထရော့၏ လုပ်ဆောင်ချက် မှန်ကန်ကြောင်း ကောင်းစွာသဘောပေါက်လေသည်။ ဘက်ဂျာ လေယာဉ်ပေါက်ကွဲစဉ်က ဂျန်တစ်ယောက် သေဆုံးခြင်းမရှိကြောင်း ယခုသတင်းများအရ သေချာနေလေ၏။

ဂျန် လေယာဉ်ကို မဖျက်ဆီးနိုင်ခဲ့သဖြင့် ဗိုလ်ချုပ်ဗလာဒီမီထရော့အား ဆူပူကြိမ်း မောင်းရန် ဟန်ပြင်လိုက်၏။ သို့ရာတွင် အတွင်းရေးမှူးသည် သူ၏စိတ်ကို ပြန်ထိန်းကာ စားပွဲခုံပေါ် ထိုးပြထားသော ဝင်ရိုးစွန်းမြေပုံကြီးအား စူးစိုက်ကြည့်လိုက်လေသည်။ အတွင်းရေးမှူး၏ အမူအရာကို မြင်ရသောအခါ ဗိုလ်ချုပ်ဗလာဒီမီထရော့ တုန်လှုပ်ချောက်ချား သွားသည်။ သူ၏ တိုးတက်မည့် ဘဝရှေ့ရေးနှင့် အလုပ်အကိုင်များ ကိုယ်ရေးကိုယ်တာ အကြောင်းများကို စုပုံကာ လောင်းကစားပြုလုပ်နေရကြောင်း ဗလာဒီမီထရော့ ကောင်းစွာသဘောပေါက်သည်။ ဂျန် သေရလိမ့်မည်ဟု အပြောလွယ်သလောက် တစ်ကယ်တမ်း ဖြစ်မြောက်ရန်မှာ လွန်စွာခက်ခဲသည်ကို သူသိသည်။

အတွင်းရေးမှူးသည် စစ်ဦးစီးအပေါ် ဒေါသထွက်နေသောကြောင့် ဗိုလ်ချုပ်ကြီး ကူတူးဇော့ဗ်မှာ မျက်စိမျက်နှာပျက်ကာ အနေအထိုင်ကြပ်နေလေသည်။ အတွင်းရေးမှူးမှာ စိတ်ထိန်းထားရပြီး ငြိမ်သက်စွာနေရလေသည်။

ဗလာဒီမီထရော့သည် အခြေအနေကို သုံးသပ်မိသဖြင့် တိုင်ပင်ခြင်းမပြုတော့ဘဲ မြေပုံဆီသို့အမြန်လျှောက်သွားသည်။ လင်းနေသောပိတ်ကားပေါ်ရှိ မြေပုံကြီးကို ဂရုတစိုက်လေ့လာနေလေသည်။ ပေးပို့ခဲ့သော သတင်းများအရဆိုလျှင် ဂျန်သည် ဒုံးပျံများ တပ်ဆင်ထားသည့် 'ရီဂါ' စစ်ရေယာဉ်ဘက်သို့ တည့်မတ်စွာပျံသန်းနေသည်။ 'ရီဂါ' စစ်ရေယာဉ်အား အကူအညီပေးရန် ရေငုပ်သင်္ဘောနှစ်စင်းရှိသည်။ ထို့ကြောင့် ဗလာဒီမီထရော့သည် ထောင်ချောက်တစ်ခု ထပ်မံထောင်ရန် ကြံစည်ပြန်လေသည်။

ဂျန် ပျံသန်းရာဘက်သို့ ရှာဖွေရေးယာဉ်များ လိုက်သွားရန် ဗိုလ်ချုပ် ဗလာဒီမီထရော့အား အမိန့်ပေးလိုက်သည်။ ဤနည်းဖြင့် ဂျန်အား တားဆီးနိုင်သည့်အခွင့်အရေးရှိသေးသည်။ သူ၏ လက်ချောင်းသည် မြေပုံပေါ်ရှိ 'ရီဂါ' တိုက်လေယာဉ်ကို ဖော်ပြသည့် အမှတ်အသားအပေါ် ထောက်ထားသည်။ ထိုအချိန်တွင် ရီဂါ တိုက်လေယာဉ်ကြီးအား အကာအကွယ်ပေးရန် တာဝန်ရှိကြသော ဒီဇယ်လောင်စာဆီသုံး 'အဲဖ်' အမျိုးအစား ဒုံးပျံများ တပ်ဆင်ထားသည့် ရေငုပ်သင်္ဘောနှစ်စင်းသည် ပင်လယ်ရေအောက်တွင် ငုပ်လျက်ရှိသည်။ ကြောက်မက်ဖွယ် ခဲယမ်းများ တင်ဆောင်သည့် 'ရီဂါ' စစ်သင်္ဘောကို ကောင်းကင်ယံမှ တိုက်ခိုက်လာလျှင် ရေငုပ်သင်္ဘောများသည် ရေအောက်မှ နကာ ဒုံးပျံများဖြင့် ကောင်းကင်သို့ ပစ်လွှတ်ကာကွယ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရိုဂါရှေယာဉ်ကို လက်ရှိနေရာပဲနေဖို့ အမိန့်ပေးလိုက်ပါ။ နောက်ပြီး သူတို့ ကာကွယ်ပေးနေတဲ့ ရေငုပ်သင်္ဘောနှစ်စင်းကို ရေပြင်ပေါ် သို့အမြန်ဆုံးတက်လာဖို့ အကြောင်းကြားပါ"

"ဟုတ်ကဲ့ခင်ဗျာ"

ဗလာဒီမီထရော့၏ အမိန့်ကို သင်္ဘောပေါ်က်ကြောင်း လျှို့ဝှက်စကားဝှက်ဖော်သည့် အော်ပရေတာက ဖြေကြားလိုက်သည်။

"အနီရောင် အောင်တံခွန်တိုက်လေယာဉ်အုပ်စုမှာရှိတဲ့ စစ်သင်္ဘောအားလုံး သတိအနေအထားနဲ့နေပါ။ နောက်ပြီး ဂျန်လေယာဉ် ခရီးလမ်းကြောင်း ထပ်မံ ပြောင်းခဲ့ယင် ချက်ချင်းအကြောင်းကြားပါ"

"ဟုတ်ကဲ့ခင်ဗျာ"

"ဂျန် လေယာဉ်ရဲ့ ဆီလက်ကျန် ခန့်မှန်းချက် ဘယ်လောက်လဲ"

"ကွန်ပျူတာဟောကိန်းအရ မိုင် (၂၀၀) လောက်တောင် ပျံသန်းနိုင်မယ် မထင်ဘူး"

"ခန့်မှန်းချက် ဘယ်လောက်ရာခိုင်နှုန်း မှန်နိုင်သလဲ"

"၃၀ ရာခိုင်နှုန်းသာ အမှားရှိပါတယ်။ ဒီထက်မပိုပါဘူး"

ဤသို့ဆိုလျှင် ဂျန်တွင် နောက်ထပ် မိုင် (၁၄၀) ခန့် သို့မဟုတ် မိုင် (၁၀၀) ခန့်နီးပါး ပျံသန်းနိုင်ရန် လောင်စာဆီ ရှိနေဦးမည်။ ဗိုလ်ချုပ်ဗလာဒီမီထရော့သည် သူ၏ ပါးပြင် ကို ပွတ်သပ်ယင်း စဉ်းစားနေ၏။ ဂျန် လေယာဉ်သည် ဝင်ရိုးစွန်းရေခဲထုသို့ မရောက် နိုင်သည်မှာ သေချာပေသည်။ ဗိုလ်ချုပ်ဗလာဒီမီထရော့သည် လေယာဉ်ပျံကို ပျံသန်းခဲ့သည့် အချိန်မှစပြီး ယခုထက်တိုင် အရာရာကို အလေးအနက်ထားကာ သတိကြီးစွာ ထားသူတစ်ဦးဖြစ်သည်။ စိတ်ကူးယဉ်သမားတစ်ယောက်မဟုတ်ဘဲ အထက်မှ ပေးအပ်သော အမိန့်အတိုင်း ရွတ်ရွတ်ချွန်ချွန် တာဝန်ကို ထမ်းဆောင်သူ တစ်ဦးဖြစ်သည်။

အကယ်၍ ဂျန် လေယာဉ်သည် ဝင်ရိုးစွန်းရေခဲပြင် ထုသို့အရောက်မပျံသန်း နိုင်ခဲ့လျှင် ပင်လယ်ထဲသို့သာ ထိုးကျလိမ့်မည်ကို သူတွေးမိလေသည်။ တခြားအဖြေတော့ သူရှာမတွေ့ချေ။

"အဲဒီနယ်မြေ ကောင်းကင်ယံမှာ အမည်မဖော်နိုင်တဲ့ လေယာဉ်တစ်စင်း လှုပ်ရှားနေတာ ရှိသလား"

"လုံးဝ မတွေ့ပါဘူးခင်ဗျာ"

"ကောင်းပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဂျန်တွင် လောင်စာဆီ အခက်အခဲရှိသဖြင့် လေယာဉ်ကို အမြင့်၌ ပျံသန်းပါက လောင်စာဆီလုံလောက်မည်မဟုတ်ချေ။ ထို့ကြောင့် ပင်လယ်မျက်နှာပြင်နှင့် နီးကပ်စွာ ပျံသန်းနေမည်ကို ဗလာဒီမီထရော့ တွက်ဆမိသည်။ ဤသို့ဆိုလျှင် စစ်ရေယာဉ်အတွက် ကံကောင်းပြန်သည်။ ပစ်မှတ်ကို အလွယ်တကူရှာတွေ့နိုင်ပြီး ထိမှန်နိုင်သည့် အကွာအဝေး စက်ကွင်းအတွင်း ဂျန်ရောက်ရှိနေမည်။ ထိုကဲ့သို့မဟုတ်ပါက 'ရီဂါ' တိုက်ရေယာဉ်မှ ဂျန်အား အင်ဖရားရက်ဒ် စနစ်ဖြင့် ရှာဖွေကြရလိမ့်မည်။ အင်ဖရားရက်ဒ် ဒိုင်ကွက်ပေါ် ခြေရာရှာဖွေပြီး ပစ်ခတ်ရန် သိပ်မကျွမ်းကျင်ကြသော်လည်း လိုအပ်ခဲ့လျှင် အသုံးပြုရမည်ကို သူစဉ်းစားမိသည်။

သူ့အတွေးအာရုံကို အော်ပရေတာ၏ သတင်းပေးချက် ထိုးဖောက်လိုက်သည်။

"လေယာဉ်ကွင်း မျှော်စင်မှ သတင်းပို့နေပါတယ်။ ဗိုလ်မှူးဘဲဘာနစ် ပီပီ-၂ ပျံသန်းဖို့ အဆင်သင့် ဖြစ်နေပါပြီ"

ဗိုလ်ချုပ်ဗလာဒီမီထရော့သည် အသံလာရာ အော်ပရေတာဆီသို့ လှည့်ကြည့်လိုက်ပြီး မြေပုံကို တဖန်ပြန်ကြည့်သောအခါ သူ့ကို အတွင်းရေးမှူးက စိုက်ကြည့်နေသည်ကို ဂရုပြုမိသည်။

သူ့ထံမှ အဖြေ တစ်ခုခုသိလိုကြောင်း ရိပ်မိသော်လည်း မည်သည့်အဖြေကိုမျှ စဉ်းစား၍မရချေ။ ယခုကဲ့သို့ ဂျန် လေယာဉ်သည် မိုင်ပေါင်း (၃၀၀၀) ကျော် ကွာဝေးနေသည့် နေရာတွင် ရောက်ရှိနေပြီး ဆီကုန်လုနီးပါးဖြစ်နေမည့်အချိန်တွင် မစ် (၃၁) လေယာဉ်တစ်စင်းကို နောက်မှ လိုက်ခိုင်းရန် မလိုသေးချေ။ ဂျန်အနေဖြင့် လောင်စာဆီ ဖြည့်ရန် မလွယ်ကူနေသည့်အချိန်တွင် တားဆီးနိုင်ရေးအတွက် မွန်းမံဆောက်လုပ်ထားသော ဒုတိယ လေယာဉ်ကို ပို့ခြင်းသည် အဓိပ္ပါယ်လုံးဝမရှိချေ။

"လေယာဉ်မှူးက ဘယ်သူလဲ"

အတွင်းရေးမှူးက ခပ်ပြတ်ပြတ်မေးလိုက်သည်။

ဗိုလ်ချုပ်ဗလာဒီမီထရော့သည် အတွင်းရေးမှူးမေးလိုက်သော မေးခွန်းကြောင့် အံ့အားသင့်သွားလေသည်။

"ဗိုလ်မှူး အဲလက်စ်ဇန်ဒါ တရက်တ်ဆော့ဗ် ပါ"

ဗိုလ်ချုပ် ကူတူးဇော့ဗ်က ဝင်ဖြေလိုက်သည်။

"ကောင်းတယ်. . မပျံသန်းခင် အချိန် အနည်းငယ်ရဦးမယ်တင်တယ်။ ကျုပ် လေယာဉ်မှူးနဲ့ စကားပြောချင်တယ်"

ထိုစဉ် ဗိုလ်ချုပ်ဗလာဒီမီထရော့ ၏ ဦးနှောက်တွင် အသိဉာဏ်တစ်ခု တိုးဝင်လာသည်။ အတွင်းရေးမှူးသည် သူ့အား ဒုတိယ မစ် (၃၁) တိုက်လေယာဉ်ကို အမြန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ထွက်စေ ပြီး စက်ကုန်ဖွင့်ကာ ဂျန် လေယာဉ်နောက်သို့ လိုက်ရန် အမိန့်ပေးစေလိုသည့် အသိ တရားပင်ဖြစ်သည်။ တရက်တ်ဆော့ဖ် အနေဖြင့် ဂျန် ရှိရာ နော်ဝေးယားဖီလ်ယား ကျွန်းသို့ရောက်အောင် တစ်နာရီတောင်မကြာဘဲ ပျံသန်းနိုင်သည်ကို ဗိုလ်ချုပ်ဗလာဒီ မီထရော့ သိသည်။ သို့ရာတွင် သူ့အနေနှင့် ပြောရမည်ဆိုလျှင် ဤသို့ပို့ခြင်းသည် အချိန် ဖြုန်းရာ သက်သက်ပင်ဖြစ်သည်။

"ဟုတ်ကဲ့ခင်ဗျာ"

ဗိုလ်ချုပ်ဗလာဒီမီထရော့သည် သူ၏ နောက်ကျောသို့ လှည့်ကာ အော်ပရေ တာအား မိန့်ကြားလိုက်သည်။

"ဗိုလ်မှူး တရက်တ်ဆော့ဖ်ကို အမြန်ဆုံးဆင့်ခေါ်ပါ၊ မှော်စင်ကိုလည်း ဒုတိယ မစ် လေယာဉ် မိနစ်ပိုင်းအတွင်းမှာ ထွက်ခွာနိုင်ရန် ပြင်ဆင်ထားဖို့ပြောကြားပါ"

လောင်စာဆီဖြည့်ပေးမည့် လေယာဉ်ကို ရှာဖွေရန် နှိုးဆော်အမိန့် ထုတ်ထား၏။ ဂျန် ဖြတ်သန်းခဲ့သော ကမ်းခြေအနောက်ဘက်တစ်နေရာတွင် မစ် (၃၁) လေယာဉ်သည် လောင်စာဆီများ သယ်ဆောင်လာသော လေယာဉ်နှင့်ဆုံစည်းပြီး လောင်စာဆီ ဖြည့်ဆည်းပေးမည်ဟု ဗိုလ်ချုပ်ဗလာဒီမီထရော့ ယုံကြည်လေသည်။ ထို့အပြင် ဂျန်အနေ ဖြင့် လောင်စာဆီဖြည့်ပေးမည့်နေရာသို့ မရောက်မီ 'ရီဂါ' တိုက်လေယာဉ်များ ပစ်ချခြင်း လည်း ခံရနိုင်သည်။ သို့မဟုတ် ဆီဖြည့်ဆည်းသည့် နေရာသို့မရောက်မီ လောင်စာဆီ ကုန်ခမ်း သွားနိုင်သည်ဟု ဗိုလ်ချုပ် ဗလာဒီမီထရော့က ယုံကြည်နေသည်။

မြေပုံကို တဖန် ငုံ့ကြည့်ပြန်သည်။ နောက်ထပ်လုပ်ရမည့် အစီအစဉ် ဘာမှ မကျန်တော့။ 'ရီဂါ' တိုက်ရေယာဉ်နှင့် ရေငုပ်သင်္ဘောနှစ်စင်း၏ လုပ်ဆောင်ချက် အပေါ် သာ မူတည်တော့သည်။ အပြာရောင် ကောင်းကင်ယံပေါ်သို့ ထိုးတက်သွားမည့် တရက်တ်ဆော့ဖ် အနေနှင့် ဂျန်နောက်သို့ လိုက်ခြင်းသည် ဘာမျှ အရာရောက်မည် မဟုတ်ကြောင်း သူကောင်းစွာ ရိပ်စားမိလေသည်။

\+ \+ \+

ရိစီးဗားစက်သည် ငြိမ်သက်လျက်ရှိသည်။ ဆီအတိုင်းအတာပြသော ဒိုင်ကွက် တွင် မြားတံသည် အနီရောင်အကွက်ပေါ်သို့ ရောက်ရှိနေပြီး ဂျန်သည် လေယာဉ်ကို နောက်ဆုံးလက်ကျန်ဆီဖြင့် မောင်းနှင်လျက်ရှိသည်။ ဆီအပို သယ်ဆောင်သော လှောင် ကန်ကို ဖွင့်ထားခဲ့သည်မှာ မိနစ်ပိုင်းလောက်ပင်ရှိလေပြီ။ ဆီအပိုမရှိကြောင်းကို သူလုံးဝ မသိခဲ့ချေ။ အကယ်၍ သူ့ကို ဆီဖြည့်ပေးမည့်လေယာဉ်မှ အချက်ပေးချက်မရခဲ့လျှင် သို့မဟုတ် အကယ်၍ ရရှိခဲ့သည်ရှိသော် အချက်ပေးသည့်နေရာမှာ သူနှင့် ဝေးလံသည့် နေရာတွင် ရှိခဲ့ပါက အသက်ရှင်လမ်း လုံးဝ မမြင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ပြင်နှင့် ကောင်းကင်တွင် မည်သည့် လေယာဉ်တစ်စင်းမှ မရှိကြောင်း ရေဒါဒိုင်ကွက်က ပြနေလေသည်။ ဂျန်သည် အသက်သာ ရှူနေရသော်လည်း သူ့ကိုယ်သူ သူသေကောင်အရုပ်အနေဖြင့် တဖြည်းဖြည်း ပုပ်ပွလျက် ရှိနေသည်ဟု ထင်နေမိလေသည်။

ဂျန်၏ စိတ်ကူးထဲတွင် ဘတ်ဟိုလ်လွှတ်လိုက်သော လောင်စာဆီဖြည့်မည့် လေယာဉ်ကို ရုရှားတိုက်လေယာဉ်များက တွေ့ရှိပြီး ဖျက်ဆီးပြစ်လိုက်မည်လားဟု စိတ်ထဲတွင် ထင်နေမိသည်။

ဂျန်သည် သေခြင်းတရားကို မကြောက်။ ထိုသေခြင်းကို တားဆီးနိုင်ရန်ထက် သူအသက်တာရှည်စွာ နေနိုင်ရေးသာ အဓိကဖြစ်သည်။ ထိုသေခြင်းဟူသော စာလုံးသည် သူ၏ ဦးနှောက်အတွင်း မီးဟုန်းဟုန်းတောက်ကာ လင်းထိန်နေလေတော့သည်။

လေယာဉ်ရေဒါဒိုင်ကွက်တွင် သူ့အရှေ့တည့်တည့်ရှိ ရေမျက်နှာပြင်ပေါ်၌ ရေယာဉ်အုပ်စုများကို တွေ့နေရသည်။ ဂျန်သည် ကာကွယ်ရန် အလျင်အမြန် ပြင်ဆင်မည်ဟူသော အသိက လက်များထက်ပင် နှေးကွေးနေလေသည်။ ရေဒါဒိုင် ခွက်တွင် ရေမျက်နှာပြင်ပေါ်ရှိ ရေယာဉ်၏ ဘေးတစ်ဘက်တစ်ချက်တွင် မီးရောင်အကွက် နှစ်ကွက် ထပ်ပေါ်လာပြန်သည်။ သူသည် ရေဒါဒိုင်ခွက်ကိုကြည့်ယင်း အဓိပ္ပါယ် သိရလေသည်။ ဒုံးပျံသယ်ဆောင်သည့် တိုက်လေယာဉ်ကြီးကို တစ်ဖက်တစ်ချက်တွင် ရေငုပ်သင်္ဘောနှစ်စင်း အရံအဖြစ် စောင့်ကြပ်နေသည်ကို သူသိသည်။ ထိုရေယာဉ်များဆီသို့ မစ် (၃၁) လေယာဉ်သည် ထိပ်တိုက် တည့်မတ်စွာ ပျံသန်းနေလေသည်။

လက်ရှိပျံသန်းနှုန်းနှင့်ဆိုလျှင် ပစ်မှတ်သို့တစ်မိနစ်အတွင်း ရောက်ရှိမည်ကို ဒိုင်ကွက်ကပြနေသည်။ 'ပစ်မှတ်' ဆိုသော စကားလုံးသည် သူဆောင်းထားသော ပိုင်းလော့ ဦးထုပ်အတွင်းရှိ သူ၏ ဦးနှောက်အား ရိုက်ခတ်လိုက်သည်။ ယခုပစ်မှတ်မှာ သေးငယ်သော အရာမဟုတ်။ ဒုံးပျံများ တင်ဆောင်ထားသည့် တိုက်ရေယာဉ်ကြီးဖြစ်ကြောင်း သဘောပေါက်၍ စိုးရိမ်မိလေသည်။ ထိုတိုက်ရေယာဉ်ကြီးသည် သူ၏ ပစ်မှတ်ပင် မဟုတ်ပါလော။ ယခုလောက်ဆိုလျှင် သူ့အား ရေယာဉ်တွင် တပ်ဆင်ထားသည့် 'အင်ဖရားရက်ခ်' ဒိုင်ကွက်၌ တွေ့ပြီးဖြစ်၍ သူပျံသန်းနေသော အမြင့်ပေနှင့် အကွာအဝေးကို ပစ်ခတ်ရေးစနစ် လှုပ်ရှားနိုင်ရန်အတွက် ကွန်ပျူတာစက်များ တွက်ချက်ပေးပြီးဖြစ်သောကြောင့် သူကာကွယ်ရန် လမ်းစ လုံးဝမရှိတော့ချေ။

သူစဉ်းစားမိသည့် အချက်မှာ အကယ်၍ သူသေသွားမည်ဆိုလျှင် ဖိုင်းယားဖော့စ် လေယာဉ်သည် မည်ကဲ့သို့ ဆောင်ရွက်သွားမည်ကို သူမြင်ချင်သည်။ လက်ရှိလမ်းကြောင်းအတိုင်း ပျံသန်းယင်း သူ့ကိုယ်သူ သတ်သေရန်တော့ လုံးဝကြိုးစားမည် မဟုတ်ဟု စိတ်ပိုင်းဖြတ်ထားသည်။ ယခုကဲ့သို့ အချိန်မျိုးတွင် သူ့ကိုယ်သူ ယာဇ်ပူဇော်ကောင် အနေဖြင့် သဘောပေါက်နားလည်နိုင်စွမ်း လုံးဝမရှိချေ။ သူသည် လေယာဉ်မှူးတစ်ယောက်ဖြစ်သည်။ ရန်သူ၏ ပစ်မှတ်သည် သူ့ရှေ့တွင်ရှိသည်။ အချိန်အားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်မိနစ်သာ လိုတော့သည်။

ထိုအခိုက် 'ရီစီးဗား' စက် အသက်ဝင်လှုပ်ရှားလာ၏။ စူးရှစွာ အော်လိုက်သည်။ ဂျန်တစ်ကိုယ်လုံး အေးစက်သွားလေ၏။

ရီစီးဗား စက်ကိရိယာတွင် ပေါ်ထွက်လာသော လောင်စာဆီဖြည့်ပေးမည့် အကွာအဝေးကို သူကြည့်မနေနိုင်ပေ။ ရီစီးဗားမှ အချက်ပေးခြင်းမှာ မည်မျှ ကြာသည် လည်း သူသတိမထားမိတော့။ ဂျန် သည် လေယာဉ်မောင်းယင်း သတိလက်လွတ် ဖြ နေ၏။ သူသည် ရီစီးဗားကို မကြည့်မိ။ သူ တွေ့ကြုံရင်ဆိုင်ရမည့်အခြေအနေကိုလည် သူ မစဉ်းစားချင်တော့။ အသက်ရှင်နေခြင်းနှင့် သေခြင်းတို့ကြား ခြားနားသော အချိ ကာလကိုပင် သူမစဉ်းစားချင်ပေ။ ရေဒါဒိုင်ကွက်ကိုကြည့်ယင်း ဒုံးပျံများတင်ထားသေ ရေယာဉ်ကြီးနှင့် ရေငုပ်သင်္ဘောနှစ်စင်းတို့သည် ဒိုင်ကွက်၌ တဖြည်းဖြည်း ကြီးကာ ကြီးကာ ပေါ်လာလေသည်။ ပစ်မှတ်၏ အကွာအဝေးမှ စက္ကန့် (၃၀) မျှသာ ရှိသည် ရေဒါဒိုင်ကွက်တွင် ပေါ်နေသည်။ သူပျံသန်းသော အမြင့်မှာ အလွန်နိမ့်သဖြင့် သူကို တိုင် မသိလိုက်ရခင်မှာပင် လေယာဉ်သည် ပစ်မှတ်ပေါ်သို့ ရောက်ရှိသွားသည် ယခုတော့ ဂျန်မှာ အတော်နောက်ကျသွားလေပြီ။

ရီစီးဗားမှ အချက်ပေးသံသည် ပိုင်းလော့ဦးထုပ်အတွင်း တပ်ဆင်ထားသော နားကြပ်မှ ဆူညံစွာ ထွက်ပေါ်လာသည်။ ဂျန်သည် ရှေ့သို့ မျှော်ကြည့်လိုက်သည် သူ၏မြင်ကွင်းမှာ ဒုံးပျံကို သယ်ဆောင်ထားသော ရေယာဉ်ကြီးကို ကြုံဆိုလျက်ရှိသည် သူမှာ အသက်ရှူ ရပ်လောက်အောင် ငေးကြည့်နေမိသည်။ ဂျန်အဖို့ သေခြင်း သို့မဟုတ် လွတ်မြောက်ခြင်းဟူသော အချိန်ကိုသာ စောင့်မျှော်နေရတော့သည်။

* *



www.burmeseclassic.com

www.burmeseclassic.com



အခန်း၊ (၅၈)

## "မိခင်အမှတ်တစ်"

ဂျန်တစ်ယောက် ကြောက်လန့်သဖြင့် သတိလက်လွတ်ဖြစ်နေခဲ့ရာမှ ပြန်လည်လှုပ်ရှား သတိရလာသည့်အချိန်မှာ တစ်စက္ကန့်၏ တစ်စိတ်တစ်ဒေသမျှသာကြာ ညောင်းသည်။ သင်တန်းမစခင်တုန်းကလည်း ဤကဲ့သို့ ထိုင်းမှိုင်းမှုဝေဒနာ အကြောများ ဆိုင်းခဲ့သည်။ ရင်လည်းတုန်ခဲ့ဖူးသည်။ သို့သော်သူ၏ ပင်ကိုဉာဏ် အသိတရားက ပြန်လည်ထိန်းကျောင်း ပေးနိုင်ခဲ့လေသည်။ ယခုလည်း တိုတောင်းလှသော အချိန်အတွင်း အသိဉာဏ်ကင်းမဲ့ပြီး ဖွဲလုံ့လကို လျှော့ကာ ဘဝကို အရှုံးပေးမည့် တွေးခေါ်မှုများ အဆက်မပြတ် ပေါ်ထွက်လာရာမှ ရီစီးဗားမှ အချက်ပေးသံကြောင့် ထိုအတွေးခေါ်မှုများအစိတ်စိတ် အမွှာမွှာ ပြိုကွဲသွားခဲ့သည်။ ဆီဖြည့်ရန် သတ်မှတ်ထားသော နေရာမှာ မိုင်ပေါင်း (၁၄၆) ရှိသည် ဟု ဒိုင်ကွက်တွင် ဖော်ပြလျက်ရှိသည်။

'ဂျန်' သည် ဘဝကို အရှုံးမပေးတော့ဘဲ၊ ဖြစ်သမျှအကြောင်း ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်၏။ ထိုနေရာသို့ ရောက်ခဲ့လျှင် လေယာဉ်ကို လောင်စာဆီဖြည့်နိုင်ရုံသာမက သူ၏အသက်လည်း ဆက်လက်ရှင်သန်နိုင်မည်ဖြစ်ကြောင်း ဂျန် ကောင်းစွာသဘောပေါက်လေသည်။

အရှိန်ပြင်းသော ဒေါသအဟုန်သည် သူ့ခန္ဓာကိုယ်တွင် ဖြစ်ပေါ်ခဲ့၏။ သို့ရာတွင် ဒေါသအဟုန်တို့မှာ တခဏအတွင်း အေးစက်သွားလေသည်။ ဒုံးပျံများ သယ်ဆောင်ထားသော ရုရှားတို့၏ တိုက်သင်္ဘောနှင့် ရင်ဆိုင်ရမည်ကို အားရ ကျေနပ်မိသည်။

အခြေအနေအရပ်ရပ်တို့ကို အလျှင်အမြန်သုံးသပ်လိုက်သည်။ အပြန်လမ်းပြသည စက်ကိရိယာ၏ ဒိုင်ကွက်တွင် ပေါ်ပေါက်နေသော အမှတ်အသားအရဆိုလျှင် သူလက်ရှိပျံသန်းနေသော လမ်းကြောင်းတွင် ရုရှားတို့၏ တိုက်သင်္ဘော တည်ရှိကြောင်း သိရလေသည်။ သူပျံသန်းရမည့် အတိုဆုံးလမ်းမှာ ရုရှားစစ်သင်္ဘောများကိုဖြတ်ကျော်ပျံသန်းသည့် ခရီးစဉ်ပင်ဖြစ်သည်။ ထိုအန္တရာယ်ကို ရှောင်ပြီး တခြားလမ်း ပြောင်းရန်လည်း လေယာဉ်ဆီ မလုံလောက်ချေ။ သူအသေမခံချင်လျှင်၊ ထိုလမ်းသာရွေးချယ်ရန် **ကျန်တော့သည်။**

လောကတွင် အသက်ရှင်လျက် သာယာချမ်းမြေ့စွာ နေချင်သေးသော အသိတရား၊ သူ့ဦးနှောက်တွင် အလိုအလျောက် ပေါ်လာ၏။ လက်နက်တိုက်သဖွယ် ဒုံးပျံများ တင်ဆောင်ထားသော ရုရှားတို့၏ စစ်သင်္ဘောကို မလွဲမရှောင်သာ ရင်ဆိုင်ရတော့မည်။ မရင်ဆိုင်ရအောင်၊ တခြားနည်းလမ်းမရှိ။ ဤလမ်းသည် သူ့ အသက် သေရေးရှင်ရေးကို အဆုံးအဖြတ် ပေးမည့်လမ်းဖြစ်သည်။ သို့ရာတွင် အသက်သေစေမည့် လမ်းတော့မဟုတ်ဟု တွေးမိပေသည်။ 'ဂျန်' သည် မိမိအတွေးကို အားရကျေနပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရေဒါ' ဖော်ပြချက်အရ ဒုံးပျံတင် စစ်သင်္ဘော၏ ဘေးတစ်ဘက်တစ်ချက် သုံးမိုင်ခန့်အကွာတွင် ရေငုပ်သင်္ဘောနှစ်စင်း ခြံရံထားသည်။ ထိုရေငုပ်သင်္ဘောနှစ်စင်းသည် စစ်သင်္ဘောအတွက် ရေအောက်နှင့် ကောင်းကင်သို့ ပစ်အား ပိုမိုထိရောက်စေရန် အတွက် ခြံရံထားခြင်းဖြစ်သည်။ ရေငုပ်သင်္ဘော နှစ်စင်းစလုံး ရေပေါ်သို့တက်လာပြီ ဖြစ်သဖြင့် ဂျန် ကို 'အင်ဖရားရက်ဒ်' စနစ်ဖြင့် ချိန်ရွယ်နေကြပေမည်။ 'ဂျန်' သည် လေယာဉ်ကို အနိမ့်ဆုံးပေတွင် ထိန်းမောင်းနေသည်။ လေယာဉ်နှင့် ရေငုပ်သင်္ဘောများမှာ ရေမျက်နှာပြင်တပြေးတည်းရှိနေသောကြောင့် သူ့အား ချိန်ရွယ်ပစ်ခတ်ရန် မလွယ်ကူချေ။ စစ်သင်္ဘောကိုသာ သူစိုးရိမ်မိသည်။ ရေငုပ်သင်္ဘောဆီသို့ သူနီးကပ်လာ၏။

သူသည် စစ်သင်္ဘော၏ မည်သည့်ဘက်သို့ ပျံသန်းမည်ကို ရေငုပ်သင်္ဘောများက မသိကြသေးချေ။ သူသည်၊ စစ်သင်္ဘောအနားကပ်ပြီး ပျံသန်းသွားစဉ် ရေငုပ်သင်္ဘောနှစ်စင်းသည် သူ့ကို ဒုံးကျည်ဖြင့် ပစ်ရဲကြမည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် စစ်သင်္ဘောနှင့် နီးကပ်နေသည့်အပြင် သင်္ဘောအင်ဂျင်ဖြစ်သော တာဘိုင်အင်ဂျင်စက်ကြီးက ခုတ်မောင်းနေသဖြင့် အပူလှိုင်းများ အဆက်မပြတ် ထွက်ပေါ်နေသည်။

"ဖိုင်းယားဖော့စ်" အား ထိရောက်စွာ ပစ်ခတ်နိုင်မည့်လက်နက် စစ်သင်္ဘောပေါ်တွင် မည်မျှပါသည်ကို ဂျန်က စိစစ်ကြည့်၏။ သူပျံသန်းနေသည့် နှုန်းအတိုင်းဆိုလျှင် အမြင်ကို အားထားပြီး ချိန်ဆပစ်ခြင်းဖြင့် သူ့ကို ပစ်နိုင်မည်မဟုတ်ချေ။ 'တော်ပီဒို' များနှင့် မော်တာများမှာ ရေငုပ်သင်္ဘောများအတွက် ရည်ရွယ်ထားသည်။ သင်္ဘောကုန်းပတ်ပေါ်ရှိ 'ဟန်းတား' အမျိုးအစား တိုက်ရဟတ်ယာဉ်တွင် ကောင်းကင်မှနေပြီး ကောင်း ကင်အတွင်းရှိ တခြားလေယာဉ်ကို ပစ်ခတ်နိုင်သည့် ဒုံးပျံများ တပ်ဆင်ထားမည် မဟုတ် ကြောင်း တွက်ဆမိသည်။ အကယ်၍ တပ်ဆင်ထားသော ဒုံးကျည်များဖြင့် ပစ်ခတ် ပါက သင်္ဘောပေါ်ရှိ ဗဟို 'အီး-စီ-အမ်' ပစ်ခတ်ရေး စနစ်နှင့် ဆက်သွယ်ရပေမည်။

သင်္ဘောပေါ်ရှိ (၆၀) မီလီမီတာ အမြောက်များမှာလည်း အထက်ဖော်ပြပါ နည်းအတိုင်း 'အီလက်ထရွန်းနစ်' ကွန်ပျူတာပစ်ခတ်ရေး ထိန်းသိမ်းသည့် စနစ်သည် ရှာဖွေရေး ရေဒါနှင့် ဆက်သွယ်ထားပေမည်။ ထိုအမြောက်များသည် 'အင်ဖရားရက်ဒ်' စနစ်ဖြင့် ပစ်နိုင်သော်လည်း လေယာဉ်လက်ရှိနှုန်းနှင့် သူညပေ အမြင့်တွင် သူ့အား ထိရောက်စွာ ပစ်ခတ်နိုင်မည်မဟုတ်ချေ။ လေယာဉ်မှာ သင်္ဘောနှင့် အနီးကပ် ပျံသန်းနေမည်ဖြစ်၍ သူ့အား ချိန်ရွယ်ရန်ပင် အခက်အခဲတွေ့ကြမည်။

ထိုသို့ သင်္ဘောပေါ်တွင် ရှိသော လက်နက်များကို တစ်ခုစီရေတွက်မှန်းဆယင်း နောက်ဆုံးတစ်ခုသာ ကျန်တော့သည်။ ကျန်ရှိသေးသော လက်နက်မှာ မြေပြင်မှ ကောင်းကင်သို့ပစ်သည့် ခေတ်မှီမွမ်းမံထားသည့် အက်စ်-အေ-အင်န်-၃ အမျိုးအစား ဒုံးပျံများ ဖြစ်သည်။ ထို အက်စ်-အေ-အင်န် ဒုံးပျံများတွင် အပူဓာတ်နောက်သို့ ခြေရာခံ လိုက်နိုင်သော 'အင်ဖရားရက်ဒ်' လက်နက်များ တပ်ဆင်ထားသည်။ သင်္ဘောဦးပိုင်းရှိ



www.burmeseclassic.com

www.burmeseclassic.com



'ကာမော့ဖ်' အမျိုးအစား ရဟတ်ယာဉ်လေးစင်း ဆင်းတက်နိုင်ရန် ဆောက်လုပ်ထားသော မျက်နှာပြင်၏ နောက်တွင် ဒိုးပျံစင်ကြီး ရှိလေသည်။ သူ့အား ပစ်ခတ်ရန် မလွယ်ကူသည့်အတွက် ပစ်မှတ်စက်ကွင်းထဲ ဝင်နိုင်သမျှ ဝင်အောင် သင်္ဘောကို သူပျံသန်းလာသည့် လမ်းကြောင်းအတိုင်း ဦးတည်ထားလေသည်။

'ဂျန်' တွင် ယခုအချိန်၌ စစ်သင်္ဘောကို တိုက်ခိုက်ရန် အချိန်မရှိတော့ချေ။ မတိုက်ခိုက်ရသည့်အတွက် စိတ်မကောင်းလည်း မဖြစ်မိချေ။ 'ဂျန်' ကိုယ်တိုင် လေယာဉ်စက်ကိရိယာများနှင့် တာဝန်ခွဲယူပြီး ချန်ဆတွက်ချက်နေတော့သည်။ သူ့စိတ်ကို တည်ငြိမ်အောင် ထိန်းထားလေသည်။

သင်္ဘောကပ္ပတိန်အနေဖြင့် ဖိုင်းယားဖော့စ် စွမ်းအင်ကို မည်မျှသိထားသည်ကို သူ့အနေနှင့် မသိပေ။ လေယာဉ်တပ်ဆင်ထားသော လက်နက်အင်အား ပျံသန်းနှုန်းနှင့် အမြီးပိုင်းတွင် တပ်ဆင်ထားသည့် စက်ကိရိယာအကြောင်းကို သိထားလိမ့်မည် မဟုတ်ချေ။ ဆိုဗီယက်တို့သည် အရာရာတွင် လျှို့ဝှက်သည်။ စစ်သင်္ဘောကပ္ပတိန် တစ်ဦးအနေနှင့် သိသင့်သိထိုက်သည်ထက်ပို၍ သိခွင့်ရမည်မဟုတ်ပေ။

သင်္ဘောကပ္ပတိန်ထံ ပို့ထားမည့် အမိန့်မျိုးမှာ အမည်မသိသော လေယာဉ်တစ်စင်း၊ စစ်သင်္ဘောရှိရာသို့ ဖြတ်သန်းသွားခဲ့လျှင် အထတ်နိုင်ဆုံး တားဆီးပေးရန်ဟူ၍သာ ဖြစ်လိမ့်မည်ကို ဂျန် ယူဆမိ၏။

ပစ်မှတ်တည်ရှိရာသို့ ရောက်ရန် (၂၀) စက္ကန့်သာလိုပြီး၊ အကွာအဝေး အားဖြင့် (၂.၂) မိုင် လိုသေးကြောင်း ဒိုင်ကွက်တွင် ဖော်ပြလျက်ရှိသည်။ မကြာမီ မြင်ကွင်းအတွင်း စစ်သင်္ဘောပေါ်လာပေမည်။

လေယာဉ်ဝမ်းဗိုက်အောက်မှ ရေခဲပြင်ချပ်များကို လွန်ခဲ့သော မိနစ်ပိုင်းများအတွင်း 'ဂျန်' မကြာခဏ ကျော်ဖြတ် ပျံသန်းလာခဲ့သည်။ ရေခဲချပ်များမှာ ဖြူဖွေးနေသလောက်၊ ဘာရိန်ပင်လယ်ပြင်ကြီးမှာ အေးစက်ကာ၊ ရောင်ပြန်ဟပ်ခြင်းမရှိသော မွဲခြောက်ခြောက် ရေညှိရောင်ရေများ စီးဆင်းလျက်ရှိသည်။ နွေးနွေးပိုင်းအချိန်များတွင် ရေခဲတုံးကြီးများသည် တောင်းပိုင်းသို့ တဖြည်းဖြည်း ရွေ့လျားကာ မျောကျလာလေသည်။ ကိုအခိုက် ရေခဲတုံးကြီးနှင့် ရေမျက်နှာပြင် တပြေးတည်း တစ်ဘက်စွန်းတွင် စစ်သင်္ဘောကြီး၏ ရှည်လျားသော ကိုယ်ထည်ကို တွေ့မြင်လိုက်ရသည်။ သူ့ထံသို့ ကြောက်လန့်ဖွယ် ကောင်းသော နှုန်းနှင့် နီးကပ်လျက်ရှိသည်။ ဂျန် ၏ နှလုံးခုန်နှုန်း ပိုမြန်လာလေသည်။

စစ်သင်္ဘောကြီးသည် လေယာဉ်ကို မည်ကဲ့သို့ ဆီးကြိုမည်ကို ဂျန် ခန့်မှန်းမိသည်။ စစ်သင်္ဘောကြီးသည် ဝေလငါးကြီးကဲ့သို့ သူ့ကို ခံတွင်းအတွင်း မျိုချရန် စောင့်နေပြီလော။ သို့မဟုတ် ခရီးဦးကြို ပြုသည့်အနေဖြင့် ဒုံးပျံပန်းစည်းများ ပစ်လွှတ်မည်လောဟူ၍ ဂျန် တွေးနေမိသည်။ သူ့ကို သင်္ဘောမှ မြင်နိုင်သည်။ ဂျန်သည် ရေဒါဒိုင်ကွက်ကို ကြည့်သည်။ သူမျှော်မှန်းထားသည်မှာ လိမ္မော်ရောင် အကွက်များဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အက်စ်အေ' ဒုံးပျံပစ်လွှတ်ခဲ့လျှင် ရေဒါဒိုင်ခွက်တွင် လိမ္မော်ရောင်အကွက်ကလေး ပေါ်လာမည်ဖြစ်သည်။

ရေဒါဒိုင်ခွက်တွင် သူရှာတွေ့သည်မှာ စစ်သင်္ဘောမှ 'ကာမော့စ်' ရဟတ်ယာဉ် တစ်စင်း သူ့အထက်သို့ ရောက်ရှိနေကြောင်းပင်ဖြစ်သည်။ ထို့အပြင် သူ၏ 'အီး-စီ-အမ်' စက်သည် ရဟတ်ယာဉ်ရောက်နေသော အမြင့်နှင့် ပစ်မှတ်အကွာအဝေးကို တွက်ချက်ပြီးဖြစ်၏။ စစ်သင်္ဘောပေါ်ရှိ ကွန်ပျူတာ၏ အာရုံကို လွှဲဖယ်ရန်အတွက် 'အေအေ' ဒုံးပျံတစ်လုံး ရဟတ်ယာဉ်ဆီသို့ ပစ်လွှတ်ရန် ဆုံးဖြတ်လိုက်သည်။ ရဟတ်ယာဉ်၏ ပစ်ခတ်မှုစနစ်နှင့် စစ်သင်္ဘောပေါ်ရှိ ဗဟိုပစ်ခတ်ရေး စနစ်တို့မှာ ဆက်သွယ်လျက်ရှိပြီး ကွန်ပျူတာစက်က ထိန်းချုပ်ထားသည်။

ထို့ကြောင့် ရဟတ်ယာဉ် ထိမှန်သွားပါက စစ်သင်္ဘောက ကာကွယ်သည့် အနေဖြင့် ရန်သူရှိရာသို့ တန်ပြန်ပစ်ခတ်ရန် ကွန်ပျူတာစက်က အမိန့် ပေးလိမ့်မည်။ သူ့အပေါ် စူးစိုက်ထားကြသည့် အာရုံကို ထိုအခါကြမှ လွှဲဖယ်နိုင်မည်ဟု ဂျန် စဉ်းစား မိလေသည်။

'ဂျန်' သည် 'အေအေ' ဒုံးပျံတစ်လုံး ပစ်လွှတ်လိုက်သည်။ ဒုံးပျံသည် အပေါ်သို့ လျှင်မြန်စွာ ထိုးတက်သွား၏။ ရေဒါဒိုင်ခွက်အတွင်း ဒုံးပျံသည် ရဟတ်ယာဉ်ဆီသို့ ဦးတည်ကာနီးကပ်လျက်ရှိကြောင်းကို မြင်နေရသည်။ ဤကဲ့သို့သော 'အီလက်ထရွန်းနစ် စစ်ပွဲမျိုးသည် သူ့ကျောပြင်အား အေးစက်စေသည်။ အကြောများ ဆိုင်းစေသည်။ စစ်ပွဲကြီးမှာ စစ်တုရင်ကစားသလောက်သာ အရွယ်အစားမျိုးရှိသည်။ တစ်ကွက်ရွှေ့တိုင်း တန်ပြန်တစ်ကွက်အရွှေ့ခံရပြီး ထောင်ဖမ်းခြင်းခံရသည်။ ဂျန် ကတော့ စစ်တုရင် ရွှေ့ ကွက်ကို ပိုင်ပြီးသားဟု၍ ယူဆထားလေသည်။

စစ်သင်္ဘောကြီးတွင် ရဟတ်ယာဉ်များနှင့် ရေငုပ်သင်္ဘောစစ်ကူများ ရှိသော ကြောင့် ဂျန် ရှောင်ထွက်သွားမည်ဟု သူတို့ ထင်ကြမည်။ သို့သော်လည်း ဂျန်သည် ခရီးစဉ်ကို မဖျက်ဘဲ တည့်မတ်စွာ ပျံသန်းသွားသည်။ 'ဂျန်' ထင်သည့်အတိုင်း 'ကာမော့စ်' ရဟတ်ယာဉ်ကို ဒုံးပျံထိမှန်သွားသဖြင့် သင်္ဘောကွန်ပျူတာစက်က တန်ပြန်လှုပ် ရှားတော့သည်။ သင်္ဘောကုန်းပတ်အပေါ်တွင် မီးတောက်ငယ်ကလေးများ ပွင့်ထွက်လာသည်။ လေယာဉ်တွင်ရှိသော ရေဒါဒိုင်ခွက်၌ ပိုမိုးလင်းသော အကွက်များ ပေါ်လာသည်။ ရဟတ်ယာဉ်သည် သူ့အထက်ကောင်းကင်၌ မီးလောင် ပေါက်ကွဲ သွားသည်။

'ဂျန်' လေယာဉ်တွင်ရှိသော လောင်စာဆီအခြေအနေကို သင်္ဘောကပ္ပတိန်အား ပြောကြားထားပြီး ဖြစ်လိမ့်မည်။ ထို့အပြင် တခြားအကြောင်းများ မည်သို့ပြောကြား ထားခဲ့ပြီးဖြစ်ကြောင်း ဂျန် မသိနိုင်ပေ။

သူနှင့် ကိုက်ပေါင်းများစွာ အကွာအဝေးတွင် 'အက်စ်-အေ' ဒုံးပျံနှစ်လုံးကို သင်္ဘောမှ ပစ်လွှတ်လိုက်သည်။ ဂျန်သည် လေယာဉ်ကို တစ်ဘက်သို့ စောင်းညွှတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ လေယာဉ် ဝမ်းဗိုက်ဘယ်ဘက်ခြမ်းသို့ ပေါ်အောင်စောင်းလိုက်ပြီး သဘော်ာကို ကျော်ဖြတ်လိုက်သည်။ ရေဒါဒိုင်ခွက်တွင် ဒုံးပျံများ သူ့နောက်သို့ အရှိန်ပြင်းစွာ လိုက်လာလျှက်ရှိကြောင်း တွေ့ရလေသည်။

လေယာဉ်အတွင်းရှိ 'သော့တ်-ကားရိုင်းဒင်းဇ်' လက်နက်စနစ်သည် စိတ် အာရုံ ပေါ်လာသည့်အတိုင်း လှုပ်ရှားသည်။ လေယာဉ်အမြီးပိုင်းမှ အပူဓာတ်ပြင်းစွာ ထုတ်ပေး သည့် ကိရိယာတစ်ခု ပစ်လွှတ်ပေးသည်။ ထိုကိရိယာသည် (၄) စက္ကန့်ကြာအောင် မစ် (၃၁) ၏ တာဘိုအင်ဂျင်များထက် အပူဓာတ်ကို နွေးကွေးစေပြီး လေယာဉ် နောက်မှ ထွက်လာသော အပူဓာတ်သည် လေယာဉ်ဆီသို့ လိုက်လာသော ဒုံးပျံကို တုန့်ဆိုင်းစေ လေသည်။ လေယာဉ်သည် ရေလှိုင်းထိပ်ဖျား ထိလုနီးပါး ပျံသန်းနေသည်။ သဘော်ာဦးကို တခဏမျှသာ တွေ့လိုက်ရပြီး တဖြည်းဖြည်းနှင့် မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။ ထိုနောက် ရေပြင်ကြီးမှတစ်ပါး ဘာမျှ မတွေ့ရတော့ချေ။

ရေဒါဒိုင်ခွက်တွင် အမြီးပိုင်းမှ ထုတ်လွှတ်ထားသော အပူဓာတ်ပေးသည့် ကိရိယာ ကို မီးလုံးကြီးကဲ့သို့ မြင်နေရသည်။ မီးလုံးကြီးမှာ ရေဒါဒိုင်ကွက်အပေါ်တွင် ကြည့်မရ နိုင်လောက်အောင်ပင် ပိုပြီးလင်းလာသည်။ 'ဂျန်' ဆောင်းထားသည့် ပိုင်းလော့ ဦးထုပ်တွင် နေရောင်ခြည်ကာမှန်တပ်ထားသော်လည်း သူ၏မျက်လုံးကျိန်းလျက်ရှိသည်။ ချက်ချင်းပင် မီးလုံးကြီးပျောက်ကွယ်သွားသည်။ လေယာဉ်ကို အသံထက်မြန်သောနှုန်းသို့ မောင်းလိုက်စဉ်၊ စစ်သဘော်ာမှ တစ်မိုင်အကွာအဝေးခန့် သူ့နောက်တွင်ကျန်ခဲ့ကြောင်း ရေဒါဒိုင်ခွက်တွင် မြင်လိုက်လေသည်။

လောင်စာဆီပြဒိုင်ကွက်တွင် လေယာဉ်ဆီကုန်နေကြောင်း ပြသည်။ ပျံသန်း နှုန်းပြဒိုင်ကွက်တွင် (၁. ၆) မက်ပေါ်နေသည်။ လေယာဉ်အမြင့်ပြသော အာလ်တီမီတာ ဒိုင်ခွက်သည် လေယာဉ်အမြင့် (၅၀) ပေအောက်တွင် ရှိကြောင်း တွေ့ရသဖြင့် သူ့အား ရေငုပ်သဘော်ာများနှင့် သူတို့၏ အင်ဖရားရက်ခ် စနစ်ဖြင့် ရှာဖွေမတွေ့ရန် 'ဂျန်' ဆုတောင်း မိလေသည်။ သို့သော် ယခုအချိန်လောက်ဆိုလျှင် လေယာဉ်ပျံသန်းသွားသည့် လမ်းကြောင်းကို သဘော်ာမှ ရေငုပ်သဘော်ာများထံသို့ ပေးပို့ပြီးလည်း ဖြစ်နိုင်သည်။

ရေဒါဒိုင်ကွက်ကိုသာ သူစောင့်ကြည့်နေသည်။ ဒိုင်ကွက်တွင် လိမ္မော်ရောင် အကွက်နှစ်ကွက် ခပ်မှိန်မှိန် ပေါ်လာပြန်သည်။ သူ့နောက်သို့ စစ်သဘော်ာကြီးသည် ဒုံးပျံ ထပ်မံပစ်လွှတ်လိုက်သည်။ သဘော်ာတပ္ပတိန်မှာ အကင်းမပါးသူတစ်ယောက်ဖြစ်သည်။ လေယာဉ်အဝေးမှ ချဉ်းကပ်ခဲ့စဉ် သူမပစ်ဘဲ စောင့်စားခဲ့သည်။ လေယာဉ် အနီးကပ် ရောက်သောအခါမှ သူ အပိုင်ဆုံး တွက်ဆထားသည့်အတိုင်း 'အက်စ်-အေ' ဒုံးပျံ ပစ်လွှတ်တိုက်ခိုက်၏။ လေယာဉ် အမြီးပိုင်းမှ အပူဓာတ်ပေးကိရိယာ ထုတ်လွှတ်ပေးခြင်း ကြောင့် များစွာ အံ့ဩမိခဲ့လေသည်။ ယခုတဖန် ထိုလိုထိပြား ဒုံးပျံတစ်စုံကို ပစ်လွှတ် ပြန်သည်။

ရေဒါဒိုင်ကွက် ဘယ်ဘယ်စွန်းတွင် လိမ္မော်ရောင် အကွက်နှစ်ကွက် ထပ်မံ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည်။ ကွန်ပျူတာစက်ဖြင့် ထိန်းကြောင်းပြီး သူနှင့်အနီးဆုံးရှိသည့် ရေငုပ်သင်္ဘောမှ 'အက်စ်-အေ' ဒုံးပျံနှစ်လုံး ပစ်လွှတ်လိုက်ခြင်းဖြစ်သည်။

'အယ်ဖ်-အေဒ်' ရီစီးဗား၏ လမ်းညွှန်မှုကို သူကြည့်လေသည်။ လက်ရှိလမ်းကြောင်းအတိုင်း အရှေ့တည့်တည့် ပျံသန်းသွားပါက တွေ့ဆုံရမည့်နေရာကို ဖော်ပြလေသည်။ နော်ဝေးယားဇီးလ်ယား တူးမြောင်းမှ ထွက်ခဲ့စဉ်၊ သူသည် လေယာဉ်လမ်းကြောင်းကို အသစ်ပြောင်းလိုက်ရာ၊ ယခုအခါ ဒယ်ဖ်-အေးဒ်' ရီစီးဗားမှ ညွှန်ပြနေသော လမ်းနှင့် ထပ်တူထပ်မျှ တူညီနေသည်ကို တွေ့ရလေသည်။ မှတ်သားထားသော နေရာသို့ ရောက်ရန်မိုင် (၁၁၆) ကျန်သေးကြောင်း ဖော်ပြလေသည်။ စစ်သင်္ဘောရန်ကို ရှောင်တိမ်းယင်း စက္ကန့်ပိုင်းတွင်း၊ အချက်ပေးသံ ကျယ်လောင်စွာထွက်ပေါ်လာသဖြင့် လေယာဉ်ပျံသန်းနှုန်းကို လျှော့ချလိုက်သည်။

ရေဒါဒိုင်ကွက်တွင် လိမ္မော်ရောင်အကွက်ကလေးသည် သူ့ထံသို့ လျှင်မြန်စွာ ရွေ့လျားလာနေကြောင်းတွေ့ရသည်။ လေယာဉ် အမြီးပိုင်းရှိ လျှို့ဝှက်ကိရိယာက စစ်သင်္ဘောရန်မှ လွတ်မြောက်အောင် ဂျန် ကို ကာကွယ်ပေးခဲ့သည်။ ဂျန် သည် အသက်ကို ရင်းပြီး လောင်းကစားပြုလုပ်နေရသည်။ ယခုအခါ စစ်သင်္ဘောရန်မှ လွတ်မြောက်လာပြီဖြစ်သော်လည်း အန္တရာယ်တစ်ခု ကျန်သေးသည်။ သူ့နောက်တွင် လိုက်လာနေသော ဒုံးပျံရန်မှ လွတ်ကင်းရန် ဆီကုန်သည်အထိ စက်ကုန်ဖွင့်ပြီး ပြေးရန်သာ ကျန်တော့သည်။ သူ့ကိုယ်သူ အားကိုးရာမဲ့နေသကဲ့သို့ ခံစားမိသည်။ အန္တရာယ်မှ လွတ်ကင်းရန် လေယာဉ်ကို နှိမ့်ချနိုင်မည့်ခလုတ် တစ်ခုမှ သူရှာမတွေ့တော့။ လောလောဆယ် သူရင်ဆိုင်နေရသော အန္တရာယ်မှာ သူ့နောက်လိုက်လာနေသော ဒုံးပျံပင်ဖြစ်သည်။ သူ့တစ်ကိုယ်လုံး ချွေးပြန်နေပြီး ခန္ဓာကိုယ်မှ ချွေးများ ယိုစီးကျနေသည်။ လေယာဉ်ပိုင်းလှော့ဝတ်သော ဝတ်စုံက ပိတ်လှောင်နေသဖြင့် ချွေးကြောင့် တစ်ကိုယ်လုံး အေးစက်နေသည်။ လေယာဉ်လက်ကိုင်ကို ကိုင်ထားသော လက်ချောင်းများ တုန်ရီနေ၏။

ခလုတ်တစ်ခုကို ရှေ့သို့ မြှင့်တင်လိုက်သည်။ ဖိုင်းယားဖော့စ် လေယာဉ်သည် လှောင်အိမ်လှလွတ်သော ငှက်တစ်ကောင်ပမာ ရှေ့သို့ တစ်ဟုတ်ထိုး ပျံသွားလေသည်။ အမြီးပိုင်းရှိ လျှို့ဝှက်ကိရိယာမှတဖန် ပစ်လွှတ်ပြန်သည်။ ပစ်လွှတ်သည်နှင့်ပင် ကြောက်လန့်ဖွယ်ကောင်းသော ပေါက်ကွဲသံမြည်ဟိန်းသွားသည်။ ပေါက်ကွဲသံဂယက်သည် လေယာဉ်ကိုပင် တုန်ခါသွားစေခဲ့သဖြင့် 'ဂျန်' သည် လေယာဉ် တည်ငြိမ်အောင် ပြန်ထိန်းလိုက်သည်။ ပေါက်ကွဲမှုအသံသည် လေယာဉ်ကိုတွန်းကန်ပေးခဲ့သဖြင့် ဂျန်သည် ပျံသန်းနှုန်းကို လျှော့ချရသည်။ ယခုအခါ သူ၏ ပျံသန်းနှုန်းမှာ (၁၇၀) နော့သ်ပင် မပြည့်ချေ။

လောင်စာဆီ အတိုင်းအတာပြ ဒိုင်ခွက်ကို ဥပက္ခာပြုလိုက်သည်။ သူ၏ မျက်လုံးနှင့် အာရုံတို့မှာ 'ဒယ်ဖ်-အေးဒ်' ရီစီးဗားစက်ပေါ်၌သာ ရှိလေသည်။ ယခုအခါ သူ့အတွက် အိမ်ပြန်အချက်ပေးသံသည်သာ အဓိကဖြစ်လေသည်။ သတ်မှတ်ထားသည့် နေရာနှင့် အကွာအဝေးမှာ မိုင် (၁၀၀) ပင်မရှိတော့။ စစ်သင်္ဘောနှင့် ရေငုပ်သင်္ဘောများ



www.burmeseclassic.com

www.burmeseclassic.com



ကို အောင်မြင်စွာ ရင်ဆိုင်ခဲ့ပြီးဖြစ်၍ အန္တရာယ်အပေါင်းကို ကျော်လွှားနိုင်ခဲ့၏။ သွားချင်နေသော နေရာသို့ မရောက်နိုင်စရာ အကြောင်းမရှိတော့ဟု ဂျန် ယုံကြည်လေသည်။

ပို၍ကြီးမားသော ရေခဲတုံးများသည် မကြာခဏ လေယာဉ်ဝမ်းဗိုက်အောက် ဖြတ်သန်းလျက်ရှိသည်။ ဖိုင်းယားဖော့စ် လေယာဉ်သည် မြောက်ဘက်သို့ ဦးတည်ပျံသန်းလေသည်။

\+ \+ \+

အတွင်းရေးမှူးသည် 'ထရက်ဆော့ဗ်' အား ယခု တွေ့ကြုံရင်ဆိုင်နေရသော ပြဿနာကို ရှင်းပြလိုက်ရုံသာမကဘဲ ဆုံးရှုံးခြင်း၏ တန်ဖိုးကိုလည်း သူ့အား ပုံချလိုက်လေသည်။ 'ထရက်ဆော့ဗ်' သည် မစ် (၃၁) ၏ စွမ်းအင်ကို အသုံးပြုကာ မြောက်ပိုင်းသို့ အမြန်ဆုံးအရှိန်ဖြင့် ပျံသန်းပြီး ရုရှားနိုင်ငံ၏ မြောက်ဘက် ကမ်းရိုးတန်းပေါ်တွင် ဆီသယ်လာမည့် လေယာဉ်နှင့် ဆုံဆည်းရန်ဖြစ်သည်။ ထိုမှတဆင့် 'ရီဂါ' စစ်သင်္ဘော ရောက်ရှိမည့်နေရာသို့ ပျံသန်းရမည်။ ထိုသင်္ဘောမှ ယခုထက်တိုင် သတင်းပြန်ကြားချက် မရသေး။ ထိုနေရာ၌ အကယ်၍ လေယာဉ်အတွက် ဆီလိုခဲ့လျှင် ဆီဖြည့်ပေးရန် လေယာဉ်တစ်စင်းရှိရဦးမည်။ ဆီသယ်ဆောင်သော လေယာဉ်များသည် ထိုသတ်မှတ်ထားသည့် နေရာသို့ ထွက်ခွာကြလေပြီ။

ထမ်းဆောင်ရမည့် တာဝန်များ သူ့ပခုံးပေါ် ပုံချသောကြောင့် 'ထရက် ဆော့ဗ်' မှာ မျက်စိမျက်နှာပျက်ကာ စိတ်ချောက်ခြားလျက်ရှိသည်။ တပ်နီ လေတပ်မတော်၏ အကြီးတန်းလေယာဉ်စက်စမ်း၊ လေယာဉ်မှူးတစ်ဦးအနေနှင့် အသက်အရွယ်မှာ ငယ်လှသေးသည်။ သူ၏ အသက်မှာ (၃၀) ပင်မပြည့်သေး။ ထိုထက်ပင် ငယ်ရွယ်နုပျို သည်ဟုပင် ထင်ရလေသည်။ ဗိုလ်မှူး ထရက်ဆော့ဗ် အပေါ် အတွင်းရေးမှူးက တာဝန်များပုံချခဲ့သဖြင့် ဗိုလ်ချုပ်ဗလာဒီမီထရော့ သည် ထိုလေယာဉ်မှူးအတွက် စိတ်မကောင်း ဖြစ်ကာ စာနာမိသည်။ သူတို့ ပြောဆိုနေကြစဉ် ကေ-ဂျီ-ဘီ အကြီး အကဲမှာ ဘာတစ်ခွန်း မျှ ဝင်ပြောခြင်းမရှိဘဲ ဆိတ်ငြိမ်စွာပင်နေခဲ့လေ၏။ သို့ရာတွင် သူ့အမူအရာမှာ ခက်ထန် မာကြောလှလေသည်။

ထရက်ဆော့ဗ် သည် လူတော်လူကောင်း ဖြစ်ကြောင်းနှင့် ကိုယ်ရေးရာဇဝင် မှတ်တမ်းတွင် အပြစ်ထောက်ပြနိုင်ရန် ဘာတစ်ခုမှ မရှိကြောင်း ဗိုလ်ချုပ်ဗလာဒီမီထရော့ ကိုယ်တိုင်သိခဲ့လေသည်။ ယခုလို အချိန်မျိုးတွင် ဂျန် အား ရှာတွေ့ရန် မလွယ်ကူချေ။ သို့ရာတွင် အကယ်၍များ ရှာတွေ့နိုင်ခဲ့လျှင် အမေရိကန်လေယာဉ်မှူးအား ဖျက်ဆီး နိုင်စွမ်းရှိသော လေယာဉ်မှူးကောင်းတစ်ဦးဖြစ်သည်။ စက်မှုပညာအဆင့်အားဖြင့် ထရက်ဆော့ဗ်သည် အငယ်တန်း လေယာဉ်စက်စမ်းသည့် လေယာဉ်မှူးအနေဖြင့် ဘဲလယ်ယာဒ် စီမံကိန်းတွင် အမှုထမ်းနေသူ တစ်ဦးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ့အထက်အရာရှိ ဗိုလ်မှူးဇော့စတော့ထက် ပျံသန်းနှုန်းအနည်းငယ် လျော့၏။ ယခုအခါ ဇော့စတော့ သည် ဂျန်လက်ချက်ကြောင့် သေခဲ့လေပြီ။ ဇော့စတော့ ၏ ခန္ဓာကိုယ်ကို အဝတ်ထည့်သော ဗီဒိုအတွင်း ကေ-ဂျီ-ဘီ တို့ တွေ့လိမ့်မည်။ ရှေး ဂျစ်ပြည်ကို အုပ်စိုးသော 'ဖာရိုးစ်' ဘုရင်များသေလျှင် ကြပ်စည်းထားလေ့ ရှိသော 'မာမီ' ရုပ်ကောင်လို ကိုးရိုးကားယားနှင့် ဇော့စတော့သည် ဗီဒိုအတွင်းမှာ ရယ်စ ကောင်းသော အရုပ်တစ်ရုပ်ကဲ့သို့ ထွက်ကျလာလိမ့်မည်။

'တူပေါ်လက်' လေယာဉ်အတွင်းရှိ ဗဟိုစစ်အုပ်ချုပ်ရေးအခန်းမှ ဗိုလ် ဇော့စတော့သည် ဆုံးမပဲ့ပြင်ခြင်းခံနေရသူတစ်ဦးကဲ့သို့ စိတ်မကြည်သာဖြင့် ထွက် သည်။ အတွင်းရေးမှူးမှာ သူ့အာဏာကို သုံးခဲ့၍ ကြောက်ချစ်ရိုသေမှုနှင့် ကျေးဇူးတ ကို သဘောပေါက်ပုံများကို ဖော်ပြနေသော လေယာဉ်မှူး၏ မျက်လုံးများကြောင့် အ နှစ်သိမ့်မိသည်။ ဂျန် အတွက် လက်လျှော့ထားရာမှ ယခုတားဆီးနိုင်ရန် လက်န ကောင်းတစ်ခု ရရှိခဲ့သည်။ ဂျန်အား တွေးမိတိုင်း ဒေါသထွက်နေမိသည်။ ယခုလည် သူ၏ ဒေါသကို ချုပ်ထိန်းထားရပြန်သည်။

ဒုတိယ မစ် (၃၁) လေယာဉ်သည် အဖျက်သမားများ ဖျက်ဆီးရန်ကျိုးစာ သော်လည်း အထမမြောက်ခဲ့ချေ။ လေယာဉ်ကို မီးငြိမ်းသတ်စဉ် ပက်ဖြန်းထားသော အမြှုပ်များကို ယခု ရှင်းလင်းပြီးဖြစ်သည်။ ပျံသန်းနိုင်ရန်အတွက် ပြုပြင်ပြီး၊ 'အ အေ' ဒိုးပျံများဖြင့် အမြောက်ဆန်းများတပ်ဆင်ကြသည်။ ယခု လေယာဉ်မှာ လေယာ ပြေးလမ်းကြောင်းအပေါ်တွင် မျှော်စင်မှ ပျံသန်းခွင့်ကို စောင့်စားနေသည်။ အတွင်း မှူးသည် တူပေါ်လက်လေယာဉ်ဘေးမှ ပြေးလမ်းအတိုင်း ပျံတက်သွားမည့် မစ် (၃ လေယာဉ်ကို ကြည့်ရှုရန် လေယာဉ်ပြတင်းပေါက်မှ ကြည့်နေသည်။

ဂျန် အား တိုတောင်းလှသော အချိန်ပိုင်းအတွင်း စစ်သင်္ဘောနှင့် ရေ သင်္ဘောနစ်ငင်း တားဆီးပိတ်ပင်တော့မည်ကို အတွင်းရေးမှူး လုံးဝ သတိရပုံမပေါ် ကြည့်ရသည်မှာ ခေါင်းဆောင်ကြီးသည် အခန်းတွင် တခြားအကြောင်းကိုသာ န နေပုံရသည်။ သို့သော်လည်း ဗလာဒီမီထရော့ သဘောပေါက်ထားပုံမှာ စစ်သင်္ဘော သည် ဂျန် ကို တားဆီးနိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။

၎င်းယုံကြည်ချက်လည်း နောက်ဆုံးအခွင့်အရေးသာဖြစ်သည်။ နောက် အခွင့်အရေးအရ ဆိုသည့်အကြောင်းမှာ ဂျန် အဘယ်ပုံ လောင်စာဆီဖြည့်ရန် ရည် ထားကြောင်း သူမသိပေ။ သို့ရာတွင် လောင်စာဆီဖြည့်ရမည်ကိုတော့ ဗိုလ် ဗလာဒီမီထရော့ ယုံကြည်ထားသည်။ လောင်စာဆီဖြည့်ရန် ဂျန်မည်သို့မည်ပုံ ရည် ထားသည်ကို စဉ်းစားလျက် နံရံကပ်နာရီပေါ် တရွေ့ရွေ့ လှုပ်ရှားနေသော အနီရော စက္ကန့်လက်တံကို ဂရုမစိုက်တော့ချေ။

လေယာဉ်တင်သင်္ဘော၊ ရေငုပ်သင်္ဘော၊ ဝင်ရိုးစွန်းရှိ ရေခဲပြင် စသည် ပင်လယ်ထဲထိုးချပြီး ရေငုပ်သင်္ဘောက ဆယ်ယူမည်လော. . . စသည်



www.burmeseclassic.com

www.burmeseclassic.com



အတွေးများ သူဦးနှောက်ထဲ ချိန်ဆလျက်ရှိသည်။

မည်သည့်အတွေးမှ အစီပွါယ် လုံးဝမရှိကြောင်း သူသိ၏။ ရေငုပ်သင်္ဘော တစ်စင်း ဘာရိန့်ပင်လယ်အော်တွင် ပုံးကွယ်နေရန် လုံးဝမဖြစ်နိုင်ချေ။ အမေရိကန်များ အနေနှင့် လေယာဉ်တင် ရေငုပ်သင်္ဘော ဆောက်လုပ်နိုင်ရန် အခြေအနေမရှိသေး။ အထူးသဖြင့် ဖိုင်းယားဖော့စ်သည် လေယာဉ်တင်သင်္ဘောအပေါ် ဆင်းနိုင်ရန်ကိရိယာ များ တပ်ဆင်ခြင်း မရှိသည်ကို သူသိသည်။ ဤသည်လည်းမဖြစ်နိုင်။ လေယာဉ်တစ်စင်း သာ လောင်စာဆီဖြည့်ရန် ရည်ရွယ်ထားသည်ဟု ဗိုလ်ချုပ်ဗလာဒီမီထရော့ ယုံကြည်မိ သည်။ သို့ရာတွင် လေယာဉ်ဟုဆိုရအောင်လည်း တစ်စင်းတလေမှ ရှာမတွေ့ချေ။ သူတို့ရှာဖွေနေသည့် နယ်နိမိတ်အတွင်း မည်သည့်လေယာဉ်တစ်စင်းတလေမှ မရှိ ကြောင်း သေချာလေသည်။

ဂျန် သည်လေယာဉ်ကို ပင်လယ်ထဲ ထိုးဆင်းပြီး ရေငုပ်သင်္ဘောဖြင့် လိုရာသို့ ခေါ်ယူသွားနိုင်မည်လောဟု တဖန် တွေးကြည့်ပြန်သည်။ ထိုသို့ ပြုလုပ်ခြင်းမှာ အတော် စိတ်ကူးယဉ်ဆန်လွန်းသော်လည်း ဖြစ်နိုင်သည့် နည်းလမ်း ရှိလေသည်။ လေယာဉ်သည် အားငန်ရည်ကြောင့် ပျက်ဆီးနိုင်သော်လည်း အမေရိကန်များအနေနှင့် မစ် (၃၁) လေယာဉ်အကြောင်း စုံလင်စွာ လေ့လာသိနိုင်ကြမည်။ မစ် (၃၁) လေယာဉ်မှာ ဆက်လက်ပြီး ကောင်းကင်ကို အုပ်စိုးလွှမ်းမိုးနိုင်တော့မည်မဟုတ်ချေ။

ယခုထက်တိုင် ရေငုပ်သင်္ဘောတစ်စင်းမှ ထိုနယ်တစ်ပိုက်တွင် ရှာဖွေမတွေ့ ရှိသေး။ နာရီပေါင်းများစွာပင် ဂျန် ရောက်ရှိသောနေရာတွင် ရေမျက်နှာပြင်ပေါ် သွား သော မည်သည့်ရေယာဉ်အမျိုးအစား တစ်စင်းမှ မရောက်ခဲ့ပေ။

ထို့ကြောင့် ဝင်ရိုးစွန်းရှိ ရေခဲပြင်သို့သာ ပျံသန်းမည်ဟု စိတ်ပိုင်းဖြတ်လိုက် သည်။ 'ဂျန်' သည် လက်ကျန် နောက်ဆုံးလောင်စာဆီကို အသုံးပြုပြီး လေယာဉ်ကို မြင့်နိုင်သမျှ မြင့်အောင် ပျံတက်ကာ ကျန်ခရီးကို ညင်သာစွာလျှောဆင်းပြီး မောင်းနိုင် သော ပိုင်းလော့ကောင်းတစ်ဦးဖြစ်သည်။ ဤအကြံအစည်မှာ အရဲစွန့်လုပ်ရမည့် အလုပ် ဖြစ်သည်။ သို့သော်လည်း ရှေးဦးစွာ လူတစ်ယောက်ကို မော်စကိုမြို့ရောက်အောင် ပို့ပေးပြီး ၎င်းမှတဆင့် ဘဲလ်ယာဒ်စခန်းသို့ရောက်အောင် ကေ-ဂျီ-ဘီ အဖွဲ့အပေါ် အားကိုးစားနိုင်ခဲ့သလောက်တော့ အသက်စွန့်ကြိုးပမ်းရန် မလိုသည်ကို ဂျန် သဘောပေါက် သည်။

ဆရာများ သွန်သင်သည့်အတိုင်း ဂျန်လုပ်ဆောင်ပြီး အောင်မြင်ခဲ့ဖူးလျှင် ယခု အကြိမ်လည်း မအောင်မြင်နိုင်စရာ အကြောင်းမရှိပေ။ မစ် (၃၁) လေယာဉ်သည် ဆွေးဆချက်အတိုင်းဖြစ်ပေါ်သော လေယာဉ်ဖြစ်ပြီး ပေတစ်သောင်းအမြင့်သို့ တက် ရောက်တိုင်း နှစ်မိုင်ခန့်အကွာအဝေးကို လေယာဉ်စက်အသုံးမပြုဘဲ ညင်သာစွာ လျှောဆင်းနိုင်သည်။ ဂျန်အနေဖြင့် လောင်စာဆီရှိခဲ့လျှင် ဝင်ရိုးစွန်းရှိ ရေခဲပြင်သို့ရောက် အောင် မြင့်နိုင်သမျှ မြင့်အောင်တက်ပြီး လျှောဆင်းနိုင်သည်ကို ဗိုလ်ချုပ်ဗလာဒီမီထရော့

www.burmeseclassic.com



ယုံကြည်လေသည်။

သူတွေးဆချက် ဖြစ်နိုင်စရာလမ်း ရှိမရှိကို သိရန် ကွန်ပျူတာစက်ဖြင့် စမ်းသပ်စစ်ဆေးစဉ် စကားဝှက်အော်ပရေတာ၏ ပြောသံကြားလိုက်သည်။ ရီဂါစစ်သင်္ဘောမှ စကားဝှက်များဖြင့် ပေးပို့သောသတင်းများကို ကွန်ပျူတာစက်ကတဖန် သာမန်စကားဖြင့် ပြန်ရိုက်ထုတ်ပေးလိုက်သော သတင်းအကြောင်းကို အော်ပရေတာကဖတ်လိုက်သည်။

"ဗိုလ်ချုပ်ကြီးခင်ဗျား. . . ရီဂါ သင်္ဘောမှ သတင်းပို့လိုက်ပါတယ်"

အခန်းတွင်းရှိ ပုဂ္ဂိုလ်အားလုံးတို့သည် သူ့ကို တစ်ပြိုင်တည်း စိုက်ကြည့်လိုက်သဖြင့် အော်ပရေတာမှာ တုန်လှုပ်ပြီး ဆက်မပြောရဲတော့ချေ။

"ဘာတဲ့လဲ"

ဗိုလ်ချုပ်ဗလာဒီမီထရော့ က မဆိုင်းမတွမေးသည်။

"အမည်မဖော်သော လေယာဉ်နဲ့ တွေ့ခဲ့ရတယ်။ အင်ဖရားရက်ဒ် အမျိုးအစား ဒုံးပျံများကို စစ်သင်္ဘောမှ နှစ်ကြိမ်ပစ်လွှတ်ခဲ့ပြီး။ စောင့်ကြပ်နေတဲ့ ရေငုပ်သင်္ဘောလည်း ဒုံးပျံတစ်ကြိမ်ပစ်ခဲ့ပါတယ်"

"အဲဒီတော့ ဘာဖြစ်သလဲ"

"လေယာဉ်အမြီးပိုင်းမှာ ခိုကပ်နေတဲ့ အထူးအဆန်း စက်ကိရိယာဟာ ခွာထွက်ပြီး မီးလောင်ကျွမ်းပါတယ်။ သူတို့သတင်းပို့ချက်အရဆိုယင် မစ် (၃၁) လေယာဉ်ကို မဖျက်ဆီးခဲ့နိုင်ပါဘူး။ ဒုံးပျံမပေါက်ကွဲခင် လေယာဉ်ဟာ ရေဒါဖမ်းယူနိုင်သော စက်ကွင်းမှ ရှောင်ထွက်နိုင်ခဲ့ပါတယ်။ ကပ္ပတိန်အနေနဲ့ လေယာဉ်ထိမှန်တယ်လို့ အတည်မပြုနိုင်သေးဘူးလို့ ဆိုပါတယ်။ ပြီးတော့ သူပစ်ချရမယ့် လေယာဉ်ရဲ့အမျိုးအစား၊ စွမ်းဆောင်နိုင်မှုတွေကိုလည်း ရှင်းလင်းပြောပြချင်ကယ်လိုလည်း သတင်းပို့လာပါတယ်။

ဗိုလ်ချုပ်ဗလာဒီမီထရော့ သည် အတွင်းရေးမှူး၏ မျက်လုံးများကို ပြန်းကန်လှည့်ကြည့်လိုက်သည်။ သူ့နှုတ်ခမ်းမှ ပြောရန်ကြံစည်ထားသည့် စိမ်ခေါ်သံနှင့် ကြေနပ်နှစ်သိမ့်မှုစကားလုံးများသည် ယခုအခါ သူ့ဦးနှောက်အတွင်း ပျောက်ကွယ်သွားခဲ့လေပြီ။ သူရင်ဆိုင်နေရသော မျက်နှာရှင်မှာ စိတ်မာန်မပြေသည့် အရိပ်အယောင်ရှိသည်။

အတွင်းရေးမှူးအပြစ်တင်မှုကြောင့် သူ့ရာထူးကို အလွယ်တကူစွန့်လွှတ်ရမည်ကို သူလုံးဝမလိုလားချေ။ ထို့ကြောင့် စကားဝှက်အော်ပရေတာအား လှမ်းမိန့်ကြားလိုက်သည်။

"လျှို့ဝှက်ချက်ကို ထိန်းသိမ်းရမယ်။ အလုပ်ကို ကြိုးစားတဲ့အတွက် ကျေးဇူးတင်ရှိကြောင်း၊ နောက်ပြီ ညွှန်ကြားချက်တွေကို ဆက်လက်စောင့်မျှော်ရန် အမိန့်ပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ခင်ဗျား"

အော်ပရေတာသည် ချက်ချင်းဆိုသလိုပင် လျှို့ဝှက်သင်္ကေတများဖြင့် သတင်းပို့လေသည်။ လုံခြုံရေးနှင့်ပတ်သက်၍ အတွင်းရေးမှူးက သူ့အပေါ် အထင်အမြင်သေးနေခြင်းကို ဗလာဒီမီထရော့ မခံချင်ပေ။ သို့ရာတွင် အခြေအနေက တင်းကြပ်နေသဖြင့် မည်သို့မျှ မတတ်နိုင်တော့။ ဤအကြောင်းကို မေ့ပစ်ရန်သာ ကြိုးစားရပေမည်။

"ခင်ဗျား အခုဘာလုပ်ဖို့ ရည်ရွယ်ထားပါသလဲ ဗလာဒီမီထရော့"

အတွင်းရေးမှူးက မေးလိုက်သည်။ ယခုကိစ္စနှင့်ပတ်သက်၍ အတွင်းရေးမှူးသည် ဆုံးရှုံးမှုအတွက် အခြားသူများအပေါ် အပြစ်ဖို့ခဲ့လျှင် ထိုဆုံးရှုံးမှုသည် အရေးမကြီးနိုင်တော့ပေ။

မစ် (၃၁) လေယာဉ် ဆုံးရှုံးမှုကြောင့် ဗိုလ်ချုပ်ဗလာဒီမီထရော့ကို နာမည်ပျက်စေပြီး အလုပ်ဖြုတ်နိုင်ခဲ့လျှင် ယခုပြဿနာအားလုံး ပြီးစီးသွားပေလိမ့်မည်။ သူ့ရှေ့တွင်ထိုင် နေသော ပုဂ္ဂိုလ်များဖြစ်ပေါ်နေသည့် အခြေအနေဖြစ်ရပ်မှန်ကို လုံးဝစိတ်မဝင်စားဘဲ သူ့ဩဇာကြီးမားစွာ တည်မြဲရေးအတွက် ကိုယ်ရေးကိုယ်တာ နိုင်ငံရေးကိစ္စကိုသာ စိတ်ဝင်စားသူတစ်ယောက်ဖြစ်သည်။

ဗိုလ်ချုပ်ဗလာဒီမီထရော့မှာ စိုးရိမ်ကြောက်လန့်နေသဖြင့် စိတ်သောကဖြစ်လျက်ရှိသည်။ သူ့ မျိုးရိုးဇာတိမှာ တပ်မတော်မှ ဆင်းသက်ကြသူများဖြစ်ပြီး၊ သမိုင်းအဆက်ဆက်က မည်ကဲ့သို့ပင် အောင်ပွဲအဆင့်ဆင့် ရယူခဲ့သော်လည်း ယခုအခါ ယင်းတို့ကို လုံးဝဂရုစိုက်လိမ့်မည် မဟုတ်ပေ။ သို့ရာတွင် မစ် (၃၁) လေယာဉ်သည် အမေရိကန်တို့ ၏ လက်တွင်း ရောက်သွားခြင်းကိုတော့ သူမလိုလားပေ။

"ကျုပ်တို့ဆီမှာရှိတဲ့ လက်လှမ်းမီတဲ့ တပ်ဖွဲ့တွေအားလုံးကို ရိုဂါ သင်္ဘောရောက်တဲ့နေရာဒေသကို သွားဖို့ အမိန့်ပေးပါ့မယ် အတွင်းရေးမှူးခင်ဗျား"

သူ့ဖြေကြားချက်တွင် ဒေါသသော်လည်းကောင်း၊ နာကျည်းမှုသော်လည်းကောင်း လုံးဝမပေါ်အောင် ကြိုးစားပြီး ဖြေကြားလိုက်သည်။

**"အဲဒီတော့ . . . သူတို့က ဘာလုပ်ကြမလဲ"**

ကေ-ဂျီ-ဘီ အကြီးအကဲက မေးလိုက်၏။

ဗိုလ်ချုပ်ကူတူးဇော့ဗ် သည် ဗိုလ်ချုပ်ဗလာဒီမီထရော့ဘက် ရပ်တည်ပြောကြား၏။ သို့ရာတွင် သူကိုယ်တိုင်လည်း ဗဟိုစစ်အုပ်ချုပ်ရေးအခန်းတွင် ဖြစ်ပျက်လျက်ရှိသည်တို့ကို လေ့လာယင်း စိတ်ပျက်နေဟန်တူသည်။

"သူတို့ဆိုတဲ့ အဖွဲ့ဟာ မစ် (၃၁) လေယာဉ်ကို ပြန်ရအောင် နည်းမျိုးစုံကြိုးစားကြလိမ့်မယ်။ အခုလို ကြိုးစားကြတဲ့အကြောင်းကတော့ ဖော်စကိုနဲ့ ဘဲလ်ယာဒ်မှာ ကြ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အလွန်ညံ့ဖျင်းတဲ့ လုံခြုံရေးကြောင့် အမေရိကန်သားတစ်ယောက်တည်း လေယာဉ်ကို ခိုးယူသွားနိုင်ခဲ့တယ်"

ကူတူးဇော့ဗ်၏ အသံမှာ အခန်းတွင်းရှိ ပုဂ္ဂိုလ်အားလုံးကို ကြားစေခဲ့သည်။ ကေ-ဂျီ-ဘီ အကြီးအကဲမျက်နှာ နီမြန်းသွားသည်။ သူ့မျက်နှာပေါ်တွင် ရှိခဲ့သော အားရကျေနပ်မှုနှင့် ကောက်ကျစ်မှုများတို့သည် တခဏချင်းပျောက်ကွယ်သွားသည်။

အတွင်းရေးမှူးမှာ စိတ်ဝင်စားခြင်း လုံးဝမပြသော်လည်း ကူတူးဇော့ဗ် က အမှန်အတိုင်းပြောကြားခဲ့သဖြင့် ကျေနပ်မှုများရှိလိမ့်မည်ဟု ဗိုလ်ချုပ်ဗလာဒီမီထရော့ တွေးမိသည်။

"ဗိုလ်ချုပ်ကြီး ကူတူးဇော့ဗ် ခင်ဗျားတတ်နိုင်သရွေ့လုပ်မယ်ဆိုတာ ကျုပ်သိပါတယ်။ ဒါပေမယ့် အနီရောင်အောင်တံခွန်ရေတပ်အုပ်စုနဲ့ ဗူးလ်ဖ်ပင်လယ် မြောက်ပိုင်း အုပ်စု အားလုံးနီးပါးကို ခင်ဗျား လိုရာသုံးနိုင်မှာမို့ ခင်ဗျား ဘာဆက်လုပ်ဖို့ တင်ပြချင်ပါသလဲ"

အတွင်းရေးမှူး၏ အသံမှာ တည်ငြိမ်ပြီး ယဉ်ကျေး၏။ တစ်မျိုးပြောရလျှင် ယာဇ်ပူဇော်သံနှင့် တူလေသည်။

ကူတူးဇော့ဗ်သည် ဗလာဒီမီထရော့အား ငေးကြည့်လိုက်သည်။ မသိလျှင် သူတို့နှစ်ဦး လျှို့ဝှက်တိုင်ပင်ထားသလို၊ ဗလာဒီမီထရော့က သဘောပေါက်သည့်ပုံနှင့် ခေါင်းညိတ်ပြသည်။

"ပထမ ဦးစားပေးလုပ်ရမှာကတော့ မစ် လေယာဉ်ကို ပျံသန်းခွင့် ပေးဖို့ပါပဲ"

ဗိုလ်ချုပ်ဗလာဒီမီထရော့ တင်ပြလိုက်သည်။

"ဟုတ်တာပေါ့. . . မျှော်စင်ကို လေယာဉ်ထွက်ခွင့် ပေးခိုင်းပါ ကဲ နောက်ကော"

ဗလာဒီမီထရော့သည် စားပွဲပေါ် ထိုးပြလျက်ရှိသော မြေပုံကို ကြည့်ပြီး ဆက်ပြောသည်။

"ရီဂါသင်္ဘောနဲ့ သူ့အစောင့် ရေငုပ်သင်္ဘောနှစ်စင်းကို မစ် လေယာဉ်ပျံသန်းသွားတဲ့ မြောက်ဘက်ဆီကို လမ်းကြောင်းပြောင်းပြီး အတတ်နိုင်ဆုံး နှုန်းနဲ့ ထွက်ခွာဖို့ အမိန့်ပေးပါ"

လျှို့ဝှက်အမိန့်များ အော်ပရေတာက ပို့စဉ်၊ အတွင်းရေးမှူး၏ နှုတ်မှ 'ကောင်းပြီ' ဟူသော လေသံထွက်ပေါ်လာသည်။

"ဝင်ရိုးစွန်းရှာဖွေရေး တပ်စုကို အမြန်ဆုံးလှုပ်ရှားခိုင်းပါ။ ဒုံးပျံတပ် တိုက်သင်္ဘော 'အော့တ်လီးသ်နီး' နဲ့ 'စလားဖ်နီး' တို့ကို မစ် လေယာဉ် ဖြန့်ပျံတာ



www.burmeseclassic.com

www.burmeseclassic.com



တွက်ချက် ချက်အရ လျှောကျလာတဲ့ ရေခဲပြင်အုပ်စုဆီကို အမြန်ဆုံးထွက်ခွာခိုင်းပါ။

"ဟုတ်ကဲ့ခင်ဗျား" အော်ပရေတာက အမိန့်များနာခံပြီး အမြန်ဆုံးပို့နေ၏။

"အထက်ဖော်ပြပါ နေရာများကို 'ဇီ' အမျိုးအစား ရေငုပ်သင်္ဘောသုံးစင်း ချက်ချင်းထွက်ခိုင်းပါ"

"ဟုတ်ကဲ့ခင်ဗျား"

ဗိုလ်ချုပ်ဗလာဒီမီထရော့ ခေတ္တရပ်လိုက်သည်။ မစ်လေယာဉ် ဒုတိယအစင်း စက်နှိုးပြီး လည်ပတ်နှုန်းမြင့်တင်သံသည် ကူပေါ်လက်၏ လွန်းပျံကိုယ်လုံးအတွင်းသို့ ထိုးဖောက်ဝင်နေသည်။ မျှော်စင်မှထွက်ခွင့်ပြုလိုက်သည့်အတွက် လေယာဉ်ပြေးလမ်း အတိုင်း စပြေးနေသည်။ အတွင်းရေးမှူးသည် ပြတင်းပေါက်မှ လှမ်းကြည့်နေသည်။ ဦးခေါင်းကိုလည်း ထိုလေယာဉ်ကို အားကိုးသည့်ဟန်ဖြင့် ထိန်းလိုက်သည်။ တဖြည်းဖြည်း နှင့် လေယာဉ်စက်သံမှာ ကြောက်စရာကောင်းလောက်အောင် ကျယ်လောင်လာပြီး ပြေးလမ်းအတိုင်းပြေးထွက်သွားကာ ဆူညံသံများလည်း တဖြည်းဖြည်း ပျောက်ကွယ်သွား တော့သည်။

မစ် (၃၁) ဒုတိယအစင်း ကောင်းကင်ထဲ ရောက်ရှိသွားလေပြီ။ အတွင်းရေးမှူး သည် ပြတင်းပေါက်သို့ ကြည့်နေရာမှ လေယာဉ်အခန်းတွင်းသို့ မျက်နှာလည့် လိုက်သော အခါ သူ့မျက်နှာပေါ်တွင် ပြုံးယောင်သန်းလျက်ရှိနေသည်ကို ဗိုလ်ချုပ်ဗလာဒီမီထရော့ သတိပြုမိ လေသည်။

\+ \+ \+

ရီစီဗာစက်မှ ဖော်ပြချက်အရဆိုလျှင် သတ်မှတ်ထားသည့် နေရာသို့ ရောက်ရန် (၉၂) မိုင်ကျန်သေးသည်။ လောင်စာဆီပြဒိုင်ကွက်တွင် ဆီကုန်နေကြောင်း ဖော်ပြနေ သည်။ သူ့အနေနှင့် လေယာဉ်ကို မြင့်နိုင်သမျှမြင့်အောင် ကောင်းကင်သို့တက်ပြီး ညင်သာစွာ လျှောဆင်းရန် အချိန်တန်ပြီဟု ယူဆလေသည်။ သို့မှသာလျှင် ဆီဖြည့်ပေး မည့်နေရာသို့ သူရောက်ရှိနိုင်မည်။ သူ့အတွက် ဤနည်းလမ်းသာ အခွင့်အရေး ရှိသည် ဟု စဉ်းစားမိလေသည်။

ဂျန် သည် လေယာဉ်ကို အမြင့်နိုင်ဆုံး ပျံတက်ရန် ဆုံးဖြတ်လိုက်သည်။ ဤနည်းဖြင့် လောင်စာဆီဖြည့်မည့် လေယာဉ်နှင့်တွေ့ဆုံသည့်အခါ ဆီဖြည့်ပေးနိုင်ရန် အတွက် သူတို့လေယာဉ်နှစ်စင်း ပျံသန်းနှုန်းချင်း ကိုက်ညီရန်လိုသေးသည်။ ဆီဖြည့် လေယာဉ်နောက်ဘက်မှ ချက်ကြိုးပမာ ဆီပိုက်နှင့် ချိန်မိရန်အတွက် သူ့လေယာဉ်တွင် လောင်စာဆီရှိဖို့လိုသေးသည်။ ထို့ကြောင့်အမြင့်ပျံတက်ပြီး လျှောဆင်းခြင်းဖြင့် ဆီကို ချွေတာနိုင်မည်ဖြစ်သည်။ လောင်စာဆီ ဖြည့်ပေးမည့်ယာဉ်မှာ မြေမျက်နှာပြင်ရှိ ယာဉ်

www.burmeseclassic.com



ဖြစ်မည်ကို သူတစ်ခါမှ မစဉ်းစားခဲ့ချေ။ လေယာဉ်တင် စစ်သင်္ဘောလည်း မဖြစ်နိုင်

ထို့ကြောင့် သူ့ကို လေထဲ၌သာ လောင်စာဆီဖြည့်ပေးလိမ့်မည့် ဖိုင်းယားဖော့ အယင် ဆောက်လုပ်ထားသော (ဖော့စ်ဘတ်) မစ် (၂၅) လေယာဉ်မှာ အမြင့်ဆုံး (၁၃၉၀၀၀) အထိ ပျံသန်းနိုင်ခဲ့ပြီး၊ ဖိုင်းယားဖော့စ်မှာ ထိုလေယာဉ်ထက် ပိုမိုမြင့်အောင် ပျံသန်းနိုင်ပြီး ယန္တရားများ ပို၍ကောင်းမည်ဟု 'ဂျန်' မှန်းဆထားေ သည်။ လက်ရှိလေထုဖိအားအခြေအနေအရဆိုလျှင် အမြင့်ပေ (၁၀၀၀) တက်တို နှစ်မိုင်ခွဲခန့် သူလျှော့ဆင်းနိုင်သဖြင့် လောင်စာဆီဖြည့်ပေးမည့် လေယာဉ်ဆီသို့ အလွ တကူ ရောက်နိုင်ပေမည်။ အရေးကြီးသည့်အချက်မှာ ဖိုင်းယားဖော့စ်ကို ဖြစ်နိုင်လျှ အမြင့်ပေ (၄၀၀၀၀) သို့မဟုတ် ထိုထက်ကျော်သော အမြင့်သို့ ပျံတက်ရန်ပင်ဖြစ်သည်

သူ့အဖို့ ကြောက်စရာကောင်းလောက်အောင် စွန့်စားရပေမည်။ လေယာ နှစ်စင်း ဆုံဆည်းသည့်အချိန်တွင် သူခပ်မြင့်မြင့်နေရာတွင် ရောက်ရှိနေရမည်ဖြစ် အဓိကအချက်မှာ လောင်စာဆီဖြည့်သည့် လုပ်ငန်းအဆင်ပြေစေရေးပင်ဖြစ်သည်။

ဖိုင်းယားဖော့စ် ဆီလှောင်ကန်တွင် ဆီကုန်နေကြောင်း သူသိသည်။ ဖိုင်းယာ ဖော့စ်လေယာဉ်၏ ဆီသိုလှောင်ပုံစနစ် သူကောင်းစွာမရှင်းပေ။ အီလက်ထရွန်း အင်ဂျင်နီယာ ဗရန်နီဗစ်ချ် ကမေးခဲ့သော်လည်း သူရှင်းအောင် ရှင်းပြရန် အချိန် လောက်စွာမရခဲ့ချေ။

ညိုရင့်ရင့် ရေခဲပြင်နှင့် အရောင်လက်သော ပင်လယ်ပြင်ကို ဖြတ်ကျော် ကောင်းကင်အမြင့်ကို တဖြည်းဖြည်း တက်သွားခဲ့စဉ် အင်ဂျင်စက်များမှာ အဆက်မပြ လည်ပတ်လျက်ရှိသည်။ ဂျန်သည် ထိုထက်ပိုပြီး အတင့်မရဲဝံ့ချေ။ ယခုအချိန်တွင် အေ တိုမစ်တစ် ဆီလှောင်ကန်မှ ဆီများ စက်များသို့ စီးဆင်းနေပေပြီ။ ဆီအပိုဖြင့် ပျံသ နိုင်မည့်အကွာအဝေးကို ဂျန်မသိချေ။ သို့ရာတွင် ဆုံဆည်းမည့်နေရာအထိတော့ ဆီ လောက်မည်မဟုတ်ကြောင်း ဂျန်ယုံကြည်သည်။

စက်ခလုတ်ကို ရှေ့သို့ တွန်းတင်လိုက်သည်။ ဖိုင်းယားဖော့စ်နှာခေါင်းဟု ခေ သည့် ဦးပိုင်းသည် မိုးပေါ်သို့ ထောင်တက်သွားပြီး တဖြည်းဖြည်းနှင့် မြင့်တက်သွားသ လေယာဉ်အင်ဂျင်စက်များတွင် တန်းအားပိုလာသဖြင့် အမြင့်ပြဒိုင်ခွက်၌ အမြ ပေးများ ထိုးတက်လျက်ရှိသည်။ တစ်မိနစ်ခွဲခန့် အချိန်အတွင်း လေယာဉ်သ ကောင်းကင်အမြင့်သို့ တက်လာစဉ် ဂျန်သည် အသက်ကိုပင် မရှုရဲအောင်ဖြ လေသည်။ အရောင်ဖျော့လျက်ရှိသော နွေနှောင်းအပြာရောင် ကောင်းကင်သ လေယာဉ်အပေါ်သို့မြင့်တက်သွားစဉ် တဖြည်းဖြည်းနှင့် အရောင်ရင့်လာလေသ

အမြင့်ပေ (၆၂၀၀၀) အရောက်တွင် ပျံသန်းမှုတည်မြဲအောင် ထိန်းထားလို သည်။ လေယာဉ်စက်များ လည်ပတ်နိုင်ရန် လုံလောက်သော တွန်းအားရရှိရေးအ လေယာဉ်စက်နှုန်းကို လျှော့ချလိုက်သည်။ ရောက်ရှိနေသောအမြင့်မှ လျှော့ဆ



www.burmeseclassic.com

www.burmeseclassic.com



လောင်စာဆီဖြည့်မည့်နေရာသို့ ရောက်သည့်အခါ သူ့ လေယာဉ်အမြင့်ပေ (၂၇၀၀၀) တွင် ရှိပေမည်။ ထိုအမြင့်သည် သူ့အတွက် လုံလောက်၏။ ရေဒါဒိုင်ကွက်ကို လှမ်းကြည့်လိုက်သည်။ ဒိုင်ကွက်တွင် ရှင်းလင်းနေသည်။

သူစိတ်ကူးထားသည့်အတိုင်း လေယာဉ်သည် ချောမောစွာ ပျံသန်းလျက်ရှိသည်။

အချက်ပြနေသည့်အတိုင်း ဂျန်သည် လေယာဉ်ကို တည့်မတ်စွာ ပျံသန်းနေလေသည်။ လောင်စာဆီဖြည့်မည့်နေရာသို့ ရောက်ရန်မှာ (၈၈) မိုင်သာ လိုတော့ကြောင်း အဝေးပြဒိုင်ကွက်တွင် ဖော်ပြနေသည်။ လောင်စာဆီမည်ရွေ့မည်မျှ ကျန်တော့မည်ဆိုသည့်အကြောင်းကို စဉ်းစားမိသောအခါ စိတ်သောကဖြစ်မိလေသည်။

ကောင်းကင်ပေါ်သို့ ထောင်တက်ခဲ့သဖြင့် အပိုဆီလှောင်ကန်အတွင်းရှိ ဆီများအတော်လျော့မည်ဖြစ်၍ ဂျန် စိုးရိမ်မိလေသည်။ လိုသည်ထက်ပင် ပို၍တက်ခဲ့ပြီလားဟု သံသယပင် ပေါ်လာသည်။

သူ့ရှေ့တည့်တည့် ခပ်လှမ်းလှမ်းတွင် တိမ်များ ထူထပ်စွာ စုစည်းနေသည်ကို တွေ့ရသည်။ ရေဒါဒိုင်ကွက်တွင် လှုပ်ရှားမှု လုံးဝမတွေ့ရ။ ဟာလာဟင်းလင်း ဖြစ်နေသော ကောင်းကင်တွင် ဖိုင်းယားဖော့စ်သည် ငြိမ်သက်စွာလျှောဆင်းနေ၏။ နောက်ခံအပြောရင့်ရောင်နှင့် ပါးချပ်သော တိမ်လွှာများသည် လေယာဉ်အထက်တွင် ရှိနေသည်။ ဘာရိန်ပင်လယ်မြောက်ပိုင်းရှိ နေရာများမှာ ငြိမ်သက်စွာဖြင့် လေယာဉ်အောက်တွင် တွေ့ရလေသည်။ သူ့ရှေ့တည့်တည့် အတော်ဝေးသောနေရာ၌ မိုးတိမ်များ စုစည်းလျက်ရှိပြီး ဖြူဖွေးသော အစွန်းထွက်နေသည့် ဝင်ရိုးစွန်းရေခဲပြင်စုကြီးကိုလည်း မြင်ကွင်းတွင် တွေ့ရလေသည်။

\+ \+ \+

အမေရိကန် ရေတပ်မတော်မှ ဗိုလ်မှူး ဆီးယားဘေကာသည် ယူအက်စ်-အက်စ်-ပီခယူး-အိုး၆ ဟု အမည်ပေးထားသော ညူကလီးယား စွမ်းအားသုံး ရေငုပ်သင်္ဘောအတွင်းရှိ အခန်းငယ်တစ်ခု၏ အိပ်စင်ပေါ်တွင် လဲလျောင်းနေလေသည်။ ရေငုပ်သင်္ဘောမှာ ရေခဲပြင်ကြီးအောက်တွင်နေကာ တောင်ပိုင်းသို့ ရေခဲပြင်နှင့်တူ မြောလျက်ရှိသည်မှာ ငါးရက်ခန့်ကပင်ဖြစ်သည်။

'ဆီးယားဘေကာ' ၏ ရေငုပ်သင်္ဘောသည် ဂရင်းလန်းကျွန်း အနောက်ဘက်ကမ်းခြေအနားသို့ ရောက်သောအခါ ဝင်ရိုးစွန်းရေခဲပြင်ကြီးအောက်သို့ ဖြတ်ဝင်သွားသည်။ ရေငုပ်သင်္ဘောသည် ပင်လယ်ပြင်တွင် (၁၄) ရက်လုံးလုံး ခရီးနှင်ခဲ့ပြီးမှ ဘာရိန်ပင်လယ်ထဲ ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကောနက်တီကားသ်' ကမ်းခြေရှိ လျှို့ဝှက်စခန်းတစ်ခုမှ သူတို့ ရေငုပ်သင်္ဘောသည် စက်ကုန်ဖွင့်ကာ ပင်လယ်သို့ မောင်းနှင်လာခဲ့သည်။ ထိုမှတဆင့် ဝင်နိုးစွန်းရေပြင်အောက်သို့ ရောက်ရှိလာပြီး သင်္ဘောစက်ကိုရပ်ကာ ရေခဲပြင်အောက်မှနေ၍ တစ်နေ့လျှင် ပျမ်းမျှ (၃. ၁) မိုင်နှုန်းနှင့် ရေခဲပြင်ကြီးနှင့်အတူ မျောပါလျက်ရှိသည်။

ရေငုပ်သင်္ဘော 'ပီခယူးအိုးဒ်' တွင် ဒုံးပျံလက်နက်များ တပ်ဆင်ထားခြင်းမရှိသဖြင့် ဗိုလ်မှူး ဆီးယားဘေကာ တစ်ယောက် အတော်လေး ဒေါသထွက်မိသည်။ ရေငုပ်သင်္ဘော၏ တော်ပီဒိုခန်းနှင့် ဦးပိုင်းရှိ သင်္ဘောသားများ အိပ်ခန်းများကို အဆင့်မြင့်ဓာတ်လှောင်ခန်းအဖြစ် မွမ်းမံပြောင်းလဲထားသည်။ ထိုဆီများမှာ အမေရိကန်နိုင်ငံသို့ စီအိုင်အေအဖွဲ့က ခိုးယူလာသော လေယာဉ်အတွက်ဖြစ်သည်။

ဆီးယားဘေကာ သည် စိတ်ထဲကျေနပ်မှု မရှိကြောင်း မျက်နှာတွင် ပေါ်လွင်လျက်ရှိသည်။ သူ့နှာခေါင်းရှည်မှာ မီးခဲပမာ ရဲတွတ်နေ၏။ စီ-အိုင်-အေ အဖွဲ့ကို သူမနှစ်သက်ပေ အထူးသဖြင့် ထိုရိုင်းသောအဖွဲ့သည် သူ့အား ရေခဲပြင်အောက်တွင် ထိုင်ခိုင်းပြီး 'စူပါဂျက်' လေယာဉ်တစ်စင်း ထိုရေခဲပြင်အပေါ် ဆင်းမည့်အရေးကို စောင့်နေရန် မှာကြားထားသောကြောင့် ပိုပြီး မကျေမနပ် ဖြစ်နေလေသည်။

သူ့ကိုယ်ကို ခုတင်ပေါ် အနည်းငယ်သာ လှုပ်ရှားပြီး ခြေထောက်များကို နေရာချလိုက်သည်။ သူ့လက်များကို ဦးခေါင်းနောက်တွင် ခုထားလျက် အိပ်ခန်းမျက်နှာကျက်ကို စိတ်ဝင်စားခြင်းမရှိဘဲ စိုက်ကြည့်နေမိသည်။ သူနှင့် သူ့ရဲဘော်များ ယခုကဲ့သို့ အဓိပ္ပါယ်မရှိသော အလုပ်မျိုး လုပ်နေရသည့်အတွက် စိတ်မချမ်းမသာ ဖြစ်နေကြသည်။ သေလုနီးပါးစိတ်ဆင်းရဲကြသည်။ အပြောင်းအလဲမရှိဘဲ ခရီးတွား သွားလျက်ရှိသော ရေခဲပြင်နှင့်အတူ တောင်ဘက်လမ်းကြောင်းအတိုင်း နှေးကွေးစွာ မျောနေရသည်။

သူတို့မှာ တခြားရေခဲပြင်အောက်သို့ ပြောင်းရွှေ့နိုင်ခွင့်မရှိချေ။ ဤရေခဲပြင်မှာ လေယာဉ်အတွက် ပြေးလမ်းဖြစ်သည်။ ရေခဲပြင်ကို ကောင်းကင်မှ ဂြိုဟ်တုဖြင့် ရာပေါင်းများစွာ ဓာတ်ပုံရိုက်ယူခဲ့ကြသည်။ ရှေးဦးစွာ 'လော်ခ်ဟီးဒ်' မှ ဓာတ်ပုံများနှင့် မျက်မြင်ရှာဖွေတွေ့ရှိချက်တို့ကို စစ်ဆေးပြီး အတည်ပြုခဲ့ကြသည်။ သမုဒ္ဒရာမျက်နှာပြင် တိုင်းတာရေးအဖွဲ့မှ စားရင်းအင်းပြုစုကာ အခြေခံများကို သက်သေအထောက်အထားအရ ပညာရှင်များက ဤရေခဲပြင်သည် ဖိုင်းယားဖော့စ်ကိုယ်ထည် အလေးချိန်ကို ခံနိုင်စွမ်းရှိကြောင်း တွက်ချက်ခဲ့ကြသည်။ ဆီးယားဘေကာအား မည်သည့်နေရာတွင် တွေ့မည်ဖြစ်ကြောင်းသာ ပြောဆိုခဲ့သည်။

တိုးတက်နေသော စက်ကိရိယာများဖြင့် အလုပ်လုပ်နေရသောကြောင့် ပို၍ မကျေမနပ် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ သူ့အား အမိန့်ပေးထားသည့်အတိုင်း သူဆောင်ရွက်ခဲ့သည်။ သူ့အား ဤအရှုပ်တော်ပုံသို့ ပို့ခဲ့ကြသော အာဏာပိုင်များနှင့် သူတို့၏ အဓိပ္ပါယ်ကင်းမဲ့သော တွေးခေါ်ချက်များကိုသာ ကျိန်ဆဲသင့်သည်ဟု သူယူဆသည်။ သူတစ်ဦးတည်းသာ မကဘဲ သူ့ရေငုပ်သင်္ဘောကိုပင် သူတို့၏ လောင်စာဆီများနှင့် ရှုပ်ထွေးစေခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းတံခါး၌ ညင်သာစွာ ခေါက်သံပေါ်လာသည်။

စိတ်တိုစွာဖြင့် 'ဘာလဲဟေ' မေးလိုက်သည်။ အကျိုးမရှိသော အတွေးများ ပျောက်ကွယ်သွားသည့်အတွက် ကျေးဇူးတင်ရမည့်အစား စိတ်တိုမိသည်။ သင်္ဘောသား တစ်ဦးက သူ့ထံ သတင်းလာပို့သည်။ သတင်းမှာ မိုးလေဝသအရာရှိအဖြစ် တာဝန်ထမ်း ဆောင်နေသော သူ့လက်ထောက်က ရေးသားပေးလိုက်သော စာတစ်စောင် လာပို့ခြင်းပင်။

သူစောင့်မျှော်နေသော သတင်းဖြစ်သော်လည်း ဝမ်းသာစရာသတင်းတော့ ပါမလာချေ။ သတင်းအရဆိုလျှင် ရေခဲပြင်ပေါ်တွင်ရှိသော လေထုအအေးချိန်မှာ လျင်မြန်စွာကျလျက်ရှိကြောင်း၊ ထိုနေရာပတ်ဝန်းကျင်တွင် မြူနှင်းများ ဆိုင်းလျက်ရှိ ကြောင်း၊ မြူနှင်းများကြောင့် ရေခဲပြင်၏ ပုံပန်းသဏ္ဌာန် အရွယ်အစားနှင့် အနေအထား ကို ဂျွန် မမြင်နိုင်လောက်အောင် တားဆီးဖုံးပိတ်ထားမည်ဖြစ်ကြောင်း စသည်တို့ ဖြစ်သည်။

ကံကောင်းထောက်မသဖြင့် ဗိုလ်မှူး ဆီးယားဘောကာ သည် သတင်းပို့စာကို ဖတ်ယင်း ခေါင်းရမ်းလိုက်သည်။ သူ့အတွက် နောက်ထပ်သတင်းမလိုအပ်တော့။ ထို့ကြောင့် သင်္ဘောသားကို သွားခွင့်ပြုလိုက်သည်။ နောက်ထပ်တင်ပြစရာတွေ ရှိလျှင် သူ့လက်ထောက်က ထပ်မံအကြောင်းကြားပေဦးမည်။ သင်္ဘောထိန်းသိမ်းရေး စခန်းသို့ သူသွားစရာမလိုသေး။ သူပုံမှန်လုပ်နေရသော အလုပ်များဖြစ်သည့် ဆီလှောင်ကန်များ ကို အသင့်ဖြစ်အောင်ပြင်ဆင်ခြင်း၊ ထူးခြားချက်မရှိသော ဆီလှောင်ကန်များကို စစ်ဆေး ရခြင်း၊ မိုးလေဝသသတင်းများ စစ်ဆေးခြင်း၊ ရေခဲပြင်ကြီးအပေါ် မျက်နှာပြင်ရှိ လေထုကို ဒီဂရီတိုင်းတာရခြင်း။ ထို့နောက် ရေခဲပြင် မျက်နှာပြင်အနေအထားများကို အမြဲတစေ စစ်ဆေးနေရခြင်း စသည်တို့ဖြစ်သည်။ သူကဲ့သို့ လုပ်သက်နှစ်ပေါင်း (၂၀) ကျော် အကောင်းဆုံးသင်္ဘောသားတစ်ယောက်အနေဖြင့် ယခုလုပ်ကိုင်နေရသော အလုပ်နှင့်ဘာမျှ မသက်ဆိုင်ဟု ယူဆမိသည်။

လေထု သိပ်သည်းစ သတင်းကို စဉ်းစားနေမိသည်။ ယခုကဲ့သို့သော ရာသီမျိုး၌ မိုးလေဝသအခြေအနေပြောင်းလဲနိုင်သည်။ သူတို့ ရောက်ရှိနေသော နေရာတွင် ယခုကဲ့သို့သော ရာသီဥတုမျိုး၌ ပြောင်းလဲပါက အလွန်ဆိုးဝါးမည်ကို သူသိသည်။ ထိုသို့ ဖြစ်ခဲ့လျှင် မြူနှင်းများသည် ရေခဲအမှတ်အထိ ကျဆင်းပြီး အဆိုင်အခဲကြီးအဖြစ် ကုဗမိုင်ပေါင်းများစွာ ဖြစ်ပေါ်နေတတ်သည်။ ထိုကဲ့သို့သော ရာသီဥတုအခြေအနေ မျိုးနှင့် ရင်ဆိုင်နေရသည့်အချိန်မျိုးတွင် 'ဂျွန်' အနေဖြင့် ရေခဲပြင်ပေါ် လေယာဉ်ဆင်းနိုင် မည်မဟုတ်ပေ။

လေယာဉ်ဆင်းရန် အထောက်အကူပြုသည့်စက်ပစ္စည်းများလည်း သူတို့၌ မရှိပါ။ ရှိခဲ့ပါလျှင် 'ဂျွန်' အနေဖြင့် ရေခဲပြင်ပေါ် ထိန်းကြောင်းပြီး လေယာဉ်ကို 'အော်တို မစ်တစ်' ဆင်းသက်ရေးစနစ်ဖြင့် ချောမောစွာ ဆင်းနိုင်ပေမည်။ ယခုတွင်မူ သူတို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသော နေရာကိုသာပြသည့် ထရန့်စ်မီတာစက်မှတစ်ပါး အခြားဘာမှမရှိချေ။ ပေးပို့သော သတင်းအရဆိုလျှင် သူတို့၏ အထက်ဝန်းကျင်ရှိ တိမ်များမှာ စုစည်းကည်ဆောက်လျက်ရှိကြောင်း ဖော်ပြပြီးဖြစ်သည်။ ယခုလိုအခြေအနေမျိုးနှင့်ဆိုလျှင် 'ဂျန်' ဆင်းသက်နိုင်မည်မဟုတ်ဟု သူတွေးနေမိသည်။

သူ့အတွေးများမှာ ခရီးမထွက်ခင်က အဖြစ်အပျက်များသို့ ရောက်သွားပြန်သည်။ ခရီးမထွက်မီ သူ့အား အရေးပေါ်ပါက လုပ်ဆောင်ရန် မှာကြားခဲ့သည်။ နောက်ဆုံး အဆိုးဆုံးအခြေအနေ ဖြစ်ပေါ်ပါက အဖမ်းအစီးမခံရအောင် ရှောင်ရပေမည်။ အမေရိကန်တို့အနေဖြင့် ဖိုင်းယားဖော့စ်ကို ခိုးယူသည့်အစီအစဉ်တွင် အမေရိကန်ရေတပ်မတော်မှ ရေငုပ်သင်္ဘော ပါဝင်ခဲ့ကြောင်းကို ဝန်ခံကြမည်မဟုတ်ပေ။ ရုရှားများလိုက်လံဖမ်းဆီးရာတွင် နောက်ဆုံးမလွတ်မြောက်ပါက သင်္ဘောကို လုံးဝဖျက်ဆီးပစ်ရန် သူ့ကို အမိန့်ပေးထားလေသည်။

လျှို့ဝှက်အမိန့်ကို ပင်လယ်ပြင်သို့ ရောက်မှ သူဖွင့်ဖတ်ခဲ့ရသည်။ အကယ်၍ 'ဂျန်' သည် ရေခဲပြင်ပေါ် မဆင်းနိုင်ခဲ့လျှင် သို့မဟုတ် ရေခဲပြင်ပေါ် ပျက်ကျခဲ့လျှင် သို့မဟုတ် ရေငုပ်သင်္ဘောပတ်ဝန်းကျင် ပင်လယ်ထဲသို့ ထိုးကျခဲ့လျှင် လေယာဉ်မှူးအား ကယ်ဆယ်နည်းမျိုးစုံသုံးရမည်။ ထို့အပြင် လေယာဉ်ကို အထူးကြိုးစားကာသယ်ယူပြီး ရေခဲပြင်အောက်မှနေ၍ အိမ်ပြန်ရောက်သည်အထိ ဆွဲယူလာရမည်။ ထိုကဲ့သို့ အခြေအနေမျိုးဖြစ်ခဲ့လျှင် ရေငုပ်သင်္ဘောမောင်းနှင်ရန် သင်္ဘောသားအတွက် အခက်အခဲများ မကြုံရပါစေနှင့်ဟု ဆုတောင်းမိသည်။ ရေအောက်မှနေ၍ လေယာဉ်ကို ဆွဲယူသွားရန်မှာ ဖြစ်နိုင်သော်လည်း လိုအပ်မည်ဟုသူမထင်ပေ။ ဂျန် ကဲ့သို့သော လေယာဉ်မှူးအနေဖြင့် ဖိုင်းယားဖော့စ်ကို ငှက်တစ်ကောင်ပမာ ရေခဲပြင်ပေါ် အလွယ်တကူ ဆင်းသက်နိုင်လိမ့်မည်ဟု သူယုံကြည်သည်။

လောလောဆယ် ရင်ဆိုင်နေရသော ပြဿနာမှာ သတ်မှတ်ထားသော အချိန်ရောက်နေပြီဖြစ်သော်လည်း 'ဂျန်' မရောက်လာသေး။ သူထွက်မလာခင်က တာဝန်ရှိသော ပုဂ္ဂိုလ်တို့သည် ဖိုင်းယားဖော့စ် လေယာဉ်၏ စွမ်းပကားနှင့် ပျံသန်းနိုင်သောနှုန်းတို့ကို သူ့အားရှင်းပြခဲ့သည်။ လေယာဉ်ဆင်းရန်အတွက် ရေခဲပြင်ပေါ်တွင် ပြင်ဆင်ထားသည့် စက်ယန္တရားလည်း မိနစ်ပိုင်း ကျော်လွန်လာပြီဖြစ်၍ ပုံမှန် မလည်ပတ်မှာ စိုးရိမ်နေမိသည်။ ဖိုင်းယားဖော့စ်ကဲ့သို့သော လေယာဉ်သည် မိနစ်ပိုင်းအချိန်မှာ တကယ်ပင် အရေးကြီးလေသည်။ ထိုမိနစ်ပိုင်းအတွင်း ရာပေါင်းများစွာသော အဖြစ်အပျက် ပေါ်ပေါက်လာနိုင်သည်။

ရေငုပ်သင်္ဘောအတွင်းရှိ အင်ဖရားရက်ခ် ဒိုင်ကွက်တွင် လေယာဉ်အရိပ်မပေါ်လာသေးသဖြင့် ဂျန်တစ်ယောက် မောင်းပြေးလာပြီဟု သူ့အနေနှင့် မသိနိုင်သေးချေ။ ရေခဲပြင်ကို ထိုးဖောက်ပြီး အပေါ်သို့ ထရန့်စ်မီတာစက် တပ်ဆင်ထားသော သတ္တုအချွန်တစ်ချောင်းကို လေထုထဲ တင်ထားလိုက်သည်။ သတ္တုချောင်းကို ဆေးဖြူသုတ်ပြီး ရုပ်ဖျက်ထားသည်။ ထို ထရန့်စ်မီတာစက်သည် 'ဂျန်' တွင်ရှိသော 'ဒီးဖ်-အေးဒ်' ခေါ်ရိစီဗား



www.burmeseclassic.com

www.burmeseclassic.com



နှင့် လှိုင်းချင်းညှိထားပြီး 'ဂျန်' တည်ရှိရာနေရာကို အချက်ပြလျှက်ရှိသည်။ ဤစက်တလေးသည် သူ့အတွက် 'ဂျန်' နှင့် ဆက်သွယ်နိုင်သော တစ်ခုတည်းသော လမ်းကြောင်းပင်ဖြစ်သည်။

'ဂျန်' ဆက်သွယ်နိုင်အောင် သူ့တွင် ဆက်သွယ်ရေး စက်ကိရိယာ မရှိသဖြင့် ဆီးယားဘေကာ မှာ တစ်ယောက်တည်း ဒေါသဖြစ်နေမိသည်။ ယခုအခါ ရေငုပ်သင်္ဘောမှ ပေးပို့သောအချက်ပြကို ဖိုင်းယားဖော့စ်က ဖမ်းယူနိုင်သည်။ လေယာဉ်ပျံကို မျက်စိအမြင်ဖြင့် မြင်နိုင်သော နေရာသို့ ရောက်ရှိလာမှ ထရန့်စ်မီတာစက်သည် လေယာဉ်ဆင်းရမည့်နေရာကို အတိအကျ ဖော်ပြပေးမည်။

'ဂျန်' သည် ရေခဲပြင်ကြီးပေါ် ပျံသန်းနေစဉ် သူ့ထံပေးပို့နေသော အချက်ပြ လှိုင်း ပြောင်းလဲသွားပေမည်။ အသစ်ပြောင်းလဲမည့် အချက်ပြသံမှာ ရေခဲပြင်၏ ထုထည်ကို စမ်းသပ်ရန် အသုံးပြုလေ့ရှိသော အသံလှိုင်းပဲတင်သံမျိုးဖြစ်သည်။ အကယ်၍ မသိလျှင် သူရောက်နေသည့် အချိန်တွင် စမ်းသပ်နေသော အသံနှင့်တူအောင် အချက်ပေးနေမည်။ ထိုအခါ 'ဂျန်' အနေဖြင့် ရေခဲပြင်ပေါ် ဆင်းရမည်ဖြစ်ကြောင်းကို သိရှိပေမည်။

'ဂျန်' သည် ရေခဲပြင်ပေါ် ဖြစ်ပေါ်နေသော တိမ်များကို ထိုးဖောက်ပြီး ဆင်းသက်ရပေမည်။ အကယ်၍ မြူနှင်းများ အအေးဒီဂရီပိုနေသဖြင့် အစိုင်အခဲဖြစ်လျှင် ဂျန် ထိုးဆင်းရမည်ဖြစ်၍ လေယာဉ်ပျက်စီးသွားနိုင်သည်။ ထိုသို့ဖြစ်ပါက ဂျန်ကို ဦးစားပေးပြီး ကယ်ယူရမည်။ ထိုနောက် လေယာဉ်ပျက်ကို ပင်လယ်ထဲနစ်ချပြီး အိမ်အရောက်ဆွဲယူသွားရပေမည်။ ဆီးယားဘေကာ သည် ထိုသို့သော အတွေးများကို သူမတွေးဝံ့ချေ။

ဂျန် နောက်ကျနေသဖြင့် သူစိုးရိမ်နေမိသည်။ မိနစ်ပိုင်းမျှသာ ရှိသေးသော်လည်း နာရီပေါင်းများစွာ ရှိပြီဟု စိတ်ထဲထင်မိသည်။ ဂျန်တွင် လောင်စာဆီ မလုံလောက် ဖြစ်နေမည်ကိုလည်းတွေးကာ 'ဆီးယားဘေကာ' စိတ်ပူမိလေသည်။ ငါးရက်ကြာမျှ ရေခဲပြင်အောက်တွင် စောင့်ဆိုင်းခဲ့ပြီးမှ မိနစ်ပိုင်းလောက်သာ နောက်ကျနေသော 'ဂျန်' အတွက် လက်မလျှော့သင့်ဟု အားတင်းလိုက်ပြန်သည်။

ရေခဲပြင်ပေါ်ရှိ မိုးကောင်းကင်တွင် မည်သည့်လေယာဉ်တစ်စင်းတလေမျှ ပျံသန်းသွားသည်ကို မတွေ့ရပေ။ သို့အတွက် စိုးရိမ်သောတာ ဖြစ်စရာဟု ဆီးယားဘေကာ ထင်မိလေသည်။

\+ \+

ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်သော ဘတ်ဟိုလ်သည် မည်သည့်သတင်းမျှ မရသဖြင့် စိတ်ထဲ စနောင့်စနင်းဖြစ်နေလေသည်။ ရှယ်လီတစ်ဦးသာ စားကြွင်းစားကျန်များ သိမ်းဆည်းနေ၏။ အော်ဗရေးမှာ ရေငုပ်သင်္ဘောမှ သတင်းမရသဖြင့် စိတ်သောက



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကာ တစ်ယောက်တည်း တိတ်ဆိတ်မနေလေသည်။ အခန်းထဲတွင် ကိုယ်စီကိုယ် ဘဝင်မကျ ဖြစ်နေကြသောကြောင့် အားလုံးကပင် တိတ်ဆိတ်နေကြသည်။ လူ့အသ ရှုံ့သံပင် ကြားလောက်အောင် တိတ်ဆိတ်လှလေသည်။

ဗိုလ်မှူးကာတင်တစ်ယောက်သာ အပေါ်ထပ်တက်လိုက်။ မြေပုံများ ကြ လိုက်နှင့် မိုးလေဝသ သတင်းအခြေအနေကို သတင်းယူယင်း အလုပ်ရှုပ် နေလေသည် ဗိုလ်မှူးကာတင်သည် နံရံတွင် တပ်ထားသော မိုးလေဝသအခြေအနေပြ ဂရပ်ချိ ကြည့်ကာ ငြိမ်သက်စွာ ရှိလေသည်။

မိုးလေဝသမြေပုံများမှာ ဂြိုဟ်တုမှ ရိုက်ပို့နေသော မြေပုံများဖြစ်ကြသည် ဗိုလ်မှူးကာတင်သည် မြေပုံဟောင်းကို အသစ်နှင့်လဲလှယ်သည့်အခါ ရောင်စုံပင်အ များကိုလည်း ဘာရိုန်းပင်လယ်ကို ပြသည့် မြေပုံအပေါ် ထပ်မံစိုက်သည့်အပြင် ရာသီဥ အပြောင်းအလဲများကိုလည်း ပင်အပ်အသစ်များဖြင့် ဖော်ပြလေ့ရှိသည်။

ဘတ်ဟိုလ်သည် မြေပုံရှိရာနေရာသို့ လုံးဝမကြည့်တော့ချေ။ သူ့အနေ ကြားနေရသော အသံများနှင့် မြင်နေရသော အရိပ်များကို နားထောင်ကြည့်ရှု မြေပုံပေါ်စိုက်နေသော အရုပ်ကားချပ်နှင့် ပင်အပ်များကို အတည်ပြုရန်မလိုသ သဘောဖြစ်နေပေသည်။ သူသည် အဘယ်ကြောင့် တင်းမာသော မျက်နှာထားနှင့် ကြောင်းကို 'အော်ဗရေး' သဘောပေါက်သည်။

ဘတ်ဟိုလ်၏ စိတ်ပူပန်မှုကို သူကိုယ်ချင်းစာမိလေသည်။ အဘယ်ကြော ဆိုသော် 'ဂျန်' ရင်ဆိုင်နေရသော လေယာဉ်လောင်စာဆီ အခြေအနေ မည်ကဲ့သို့ နေသည်ကို သူကောင်းစွာသဘောပေါက်သည်။ မိခင်အမှတ်တစ်ဟု လျှို့ဝှက်အမည် ထားသော ရေငုပ်သင်္ဘောမှ ဗိုလ်မှူးဆီးယားဘောကာ ပေးပို့သည့် ရာသီဥတုအခြေအ သတင်းများအရ ဂျန် အား အင်ဖရားရက်ခ်ဖြင့် ရှာဖွေတွေ့ရှိခဲ့ကြောင်းကို စကားပ များဖြင့် ဖော်ပြခြင်း လုံးဝမပါချေ။ ပို့လာသော သတင်းများတွင် များသောအား စိတ်ပျက်ဖွယ်ကောင်းသော ရာသီဥတုအကြောင်းနှင့် ဂျန်သည် ရေခဲပြင်ပေါ် ဆင်းသ ရန် အခက်အခဲ ရှိနိုင်မည့်အကြောင်းများသာ ဖြစ်သည်။

'အော်ဗရေး' အနေဖြင့် သူကိုယ်တိုင် ဦးစီးပြီး စနစ်တကျ စီစဉ်ကာ တိက ဆောင်ရွက်ထားခဲ့သည်။ အကယ်၍ လေယာဉ်သည် ရေခဲပြင်ပေါ်သို့ ပျက်ကျခဲ့လျှ ရေငုပ်သင်္ဘောဖြင့် ပင်လယ်အတွင်းမှ ဆွဲယူရမည်ဖြစ်သဖြင့် ပင်လယ် ဆားင်ရေကြော ပျက်စီးသွားသော ဖိုင်းယားဖော့စ်မှာ ပို၍ပျက်စီးသွားမည်ကို စိုးရိမ်မကင်းဖြစ် လေသည်။

'အော်ဗရေးအနေနှင့် ဂျန် ၏ လေယာဉ်လောင်စာဆီ မလုံလောက်မှု ရာသီဥတုအခြေအနေထက်ပင် ပိုပြီး ပူပန်လျက်ရှိသည်။ ဘတ်ဟိုလ်အနေနှင့် ဂျ စွန့်စားမှုမှာ မအောင်မြင်နိုင်ဟု ယူဆမည်ဖြစ်ကြောင်း အော်ဗရေးထင်မှတ်ထ အော်ဗရေးသည် တိုင်ကပ်နာရီကို မော့ကြည့်ပြီး ဘတ်ဟိုလ်ကို စိုက်ကြည့်ကသည်



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် 'ဘတ်ဟိုလ်' လုပ်ရန်သတိမေ့နေသော အချက်ကို သတိပေးသည့် အနေနှင့် ပြောလိုက်လေသည်။

"ဆိုဗီယက်တွေ အတင်အမြင်မှားအောင် ဖျားယောင်းမယ့် ရေငုပ်သင်္ဘော ထွက်ဖို့ အချိန်တန်ပြီထင်တယ်။ ဘတ်ဟိုလ်"

"သေထွင်းဆီကို ဘာဖြစ်လို့ပို့ချင်သလဲ"

"နာရီကြည့်ပါဦး။ အချိန်တန်ပြီ"

"ဘာဖြစ်လို့ သင်္ဘောကို အလဟဿ ဖြစ်စေချင်တာလဲ"

"ဘာကိုလဲ"

"ဖြားယောင်းဖို့ ဆိုတာပေါ့"

"ဂျန် ပျောက်နေတာကို၊ တို့မှာအသေအချာမသိဘဲ"

"ဒါဆိုယင်၊ ဘာဖြစ်လို့ 'ရီဂါ' စစ်သင်္ဘောနဲ့ ဘဲလ်ယာဒ်စခန်းအကြား စကား လက်တွေနဲ့ ဆက်သွယ်နေတာလဲ။ ဂျန်ကို ဆိုဗီယက်တို့ မိသွားပြီ၊ ဖိုင်းယားဖော့စ်ကိုလည်း ဖောက်ခွဲလိုက်ပြီးရောပေါ့"

"ဒီလိုလဲ မပြောနိုင်သေးပါဘူး။ သူတို့ လျှို့ဝှက်ဆက်သွယ်တာက 'ဂျန်' ကို မမိသေးလို့လည်း ဖြစ်နိုင်ပါတယ်"

ဘတ်ဟိုလ် သည် ထိုင်ရာမှ ထရန်ပြင်လိုက်ပြီးမှ ပြန်ထိုင်ချလိုက်ပြန်သည်။ သူ့ ကိုယ်လုံးသည် ထိုင်ခုံတွင် နစ်ဝင်သွားသကဲ့သို့ အိကျလျက်ရှိသည်။ 'ဘတ်ဟိုလ်' ၏ နောက်ကျောတွင် 'ကာတင်' ရပ်လျက်ရှိသည်။ ဆံပင်တိုတို ညှပ်ထားသော ဘတ် ဟိုလ် ကို ငုံ့ကြည့်ပြီးနောက် 'ဖော်ဗရေး' ကို လှမ်းကြည့်လိုက်သည်။

ဖော်ဗရေးသည် 'ကာတင်' ကို ခေါင်းညိတ်ပြလျက် နှုတ်မှ စကားတစ်ခွန်းသာ ပြောလိုက်လေသည်။

"အစီအစဉ်အတိုင်း ပြင်တော့"

'ဗိုလ်ချုပ်ကာတင်' သည် အခန်းကို ဖြတ်လျှောက်ပြီး တယ်လီဖုန်း ရှိရာသို့ သွား လေသည်။ 'ကာတင်' က တယ်လီဖုန်းဖြင့် အမိန့်ပေးစဉ် ဘတ်ဟိုလ် သည် သူ့အား တစ်ချက်လှမ်းကြည့်ပြီး ခေါင်းရမ်းလိုက်သည်။ ကြည့်ရသည်မှာ သဘောမတွေ့ပုံ ပေါ်လေ သည်။

'ဗိုလ်ချုပ်ကာတင်' ၏ စကားဆုံးသည်နှင့် အနောက်ဘက်သို့ ထွက်ခွာရန် အမိန့်စောင့် နေသော ရေငုပ်သင်္ဘောထံသို့ ကာကွယ်ရေး ဝန်ကြီးဌာန စစ်ဆင်ရေး တပ်မှူးက ထပ်ဆင့်အမိန့် ထုတ်ပြန်ပေးသည်။ ထို့အပြင် ရေငုပ်သင်္ဘောသာမက



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်တစ်စင်း လည်း ဂရင်းလန်းကျွန်းမှ ထွက်ခွာသွားပေမည်။ ယခုလောက်ဆိုပါက လေထဲရောက်နေ ပြီး အရှေ့ဘက်ရှိရေခဲနေသည့် ရေခဲပြင်ပေါ်သို့ ရောက်နှင့်နေပေမည်။

'အော်ဗရေး' က သူ့ကိုယ်စား တယ်လီဖုန်းဆက်ပေးသူ ဗိုလ်ချုပ်ကာတင်ကို ကျေးဇူး တင်သည့်အနေဖြင့် ခေါင်းညိတ်ပြသည်။ မိနစ်ပိုင်းအတွင်း ဖြားယောင်းမည့် လေယာဉ်ကို ရုရှားမြေပြင်ရှိ ရေဒါများနှင့် ပင်လယ်ပြင်ရှိ ရေဒါများက ရှာတွေ့ကြမည်။ ထိုလေယာဉ် ကို ရှာတွေ့မည့်လမ်းကြောင်းမှာ မြောက်ဘက်သို့ ဦးတည့်ပျံသန်းနေသည်။ တစ်ဘက်မှ လည်း မိခင်အမှတ်စဉ်တစ် ရေငုပ်သင်္ဘောသည် ဂျန်၏ လေယာဉ်၏ လောင်စာဆီ ဖြည့်ပေးနေစဉ် ရုရှားစစ်သင်္ဘောများနှင့် ရေငုပ်သင်္ဘောများကို အာရုံ လွှဲပြောင်း နိုင်စေရန် ဖြားယောင်းမည့် ရေငုပ်သင်္ဘောများက လုပ်ဆောင်လိမ့်မည်။

'အော်ဗရေး' မှာ ရုပ်တရက်စိုးရိမ်စိတ်တစ်ခု ဝင်လာသည်။ သူ့ဝမ်းဗိုက်မှာ စိမ့်အေးသွားပြီး၊ ရင်ဝတွင် ပူလောင်သွားသလို ခံစားမိလေသည်။ ထို့အပြင် နှလုံးခုန်နှုန်း မြန်လာလေသည်။

"မိခင်အမှတ်တစ်အနေဖြင့် ရေပေါ် တက်ရန် လိုအပ်သေးသလား" ဟူသော မေးခွန်းသည် သူ့ဦးနှောက်ထဲ ရိုက်ခတ်နေသည်။ ဘတ်ဟိုလ်အား တဖန် ကြည့်လိုက် ပြန်သည်။ ထိုလူအနေနဲ့ မလိုလားအပ်သော အဖြေမျိုးပေးသည့်မျက်နှာမျိုးရှိသည်။ အော်ဗရေးသည် သူ၏ နူးညံ့သော ပါးနှစ်ဖက်ကို ပွတ်သပ်ယင်း စဉ်းစားနေလေသည်။

\+ × +

ပေ (၂၂၀၀၀) အမြင့်သို့ ဆင်းလာ၏။ ဖိုင်းယားဖော့စ်သည် ဂျန်ကြိုတင် မြင်ခဲ့သော တိမ်စုကြီးအပေါ် ရောက်ရှိနေသည်။ လေယာဉ်သည် တိမ်အဖျားပိုင်းများကို ပွတ်သပ်ပြီး လျှောဆင်းလျက်ရှိသည်။ တိမ်ထုကြီး၏ ထုထည်ကို ဂျန် မခန့်မှန်းနိုင်ချေ။ အောက်ခြေရှိ ပင်လယ်ရေပြင်အထိ ရှိနိုင်မည်ကို သူသိလေသည်။ တွေ့ဆုံမည့်နေရာသို့ ရောက်ရန် လေးမိနစ်သာ ကျန်တော့သည်။ အောက်သို့ တစ်မိနစ်လျှင် ပေပေါင်း (၃၅၀၀) နှုန်းနှင့် မှန်မှန်ဆင်းလျက်ရှိသည်။ လေယာဉ်သည် တစ်နာရီလျှင် (၁၈၀) နော့သ်နှုန်းဖြင့် အရှေ့ဘက်သို့ ဦးတည်ပျံသန်းလျက်ရှိသည်။ ဆုံဆည်းမည့် နေရာသို့ ရောက်လျှင် လေယာဉ်သည် ပင်လယ်မျက်နှာပြင် အထက် ပေပေါင်း (၈၀၀၀) အမြင့်တွင်ရှိနေရမည်။ ထိုအမြင့်ဆိုလျှင် သူ့အတွက် အဆင်ပြေမည်ဟု ဂျန်ယူဆလေ သည်။ ယခုထက်တိုင် ရေဒါဒိုင်ကွက်တွင် ဘာမျှမမြင်ရသေးချေ။ 'တီ- အဲဖ်- အာ' ဒိုင်ကွက်သာလျှင် သူ့အောက်တွင် ကျော်ဖြတ်နေသော ရေခဲပြင်များ၏အရိပ်များကို ပြလျက်ရှိသည်။ သင်္ဘောနှင့်တူသော ပုံသဏ္ဌာန်များဆုံဆည်းရမည့် နေရာပတ်ဝန်းကျင် တွင် မတွေ့ရပေ။ အခြားလေယာဉ်ပျံကိုလည်းရှာမတွေ့သော်လည်း အချက်ပေးသံကို မဖော်ပြနိုင်သောနေရာမှ အဆက်မပြတ် မြည်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျန်သည် တိမ်တိုက်အတွင်းမောင်းဝင်သွားသည်။ အချက်ပြအချက်ပေးသံသည် သူ့အတွက် တစ်ခုတည်းသော ဆက်သွယ်မှုတစ်ရပ်ဖြစ်သည်။ ဂျန်သည် အီလက်ထရွန်နစ် လေယာဉ်မှူးတစ်ဦးဖြစ်သည်။ စက်ကိရိယာများကိုလည်း အမြဲအားကိုးသူတစ်ယောက်ဖြစ်သောကြောင့် သတိလက်လွတ်မဖြစ်ရန် အထူးသတိထားနေလေသည်။ ယခုအခါ အချက်ပြသံကြားနေရသဖြင့် အသံပေးပို့သော နေရာရှိရပေမည်။ သူ့မှာ စိတ်ချောက်ချားနေသူမဟုတ်ကြောင်း သူယုံကြည်မိသည်။

သို့ရာတွင် လေယာဉ်မောင်းယင်း သူ့မှာ စိုးရိမ်မကင်းဖြစ်နေလေသည်။ အကြောအချဉ်များထိ ချမ်းစိမ့်စိမ့်နှင့် ခံစားနေရသည်။ ရာသီဥတုကလည်း အာတိတ်သမုဒ္ဒရာ၏ရာသီဥတုကဲ့သို့ အေးစက်နေပြီး ပင်လယ်ရေမှာ ဆားငန်ရည် ဖြစ်နေလေသည်။

\+ \+

"လေယာဉ်ပျံနဲ့ အဆက်အသွယ်ရပြီ ဆရာ၊ ကျွန်တော်တို့ဆီကို ဦးတည်လာနေပါတယ်"

ဆီးယားဘောကာ၏ လက်ထောက်က အခန်းထဲဝင်လာယင်း အကြောင်းကြားလိုက်သည်။ ပန်းတိုင်သို့ ဝင်လာသော အပြေးသမားတစ်ဦးကဲ့သို့ မောဟိုက်နေပြီး အသက်ပင်မှန်မှန် မရှူနိုင်တော့ချေ။ ဆီးယားဘောကာမှာ ခုတင်တွင် ခြေတွဲလောင်းချကာ ထိုင်နေယင်း လက်ထောက်ဖြစ်သူ၏အဖြစ်ကို စိုက်ကြည့်လေသည်။

"ဘယ်လောက်ဝေးသေးလဲ"

"လေးမိုင်လောက်တောင်မရှိတော့ဖူး။ အမြင့်ပေ (၁၂၀၀၀) အထက်မှာရှိတယ်။ ကျွန်တော်တို့ ညွှန်ကြားခဲ့တဲ့ လမ်းကြောင်းအတိုင်းပဲရှိတယ်။ ရေဒါနဲ့တော့ အဆက်အသွယ်မရသေးဘူး။ အင်ဖရားရက်ခ် ဒိုင်ကွက်ပေါ်မှာ မှေးမှေးလေးမြင်ရတယ်။ ကြည့်ရတာ လေယာဉ်စက်အားသိပ်နည်းနေပုံရတယ်။ ဒါမှမဟုတ်ယင် လေယာဉ်စက်ကို လုံးဝအသုံးပြုပုံမပေါ်ဘူး"

"ဒါဆိုယင်တော့ သူပဲဖြစ်မှာပါ။ ရေခဲပြင်ပေါ် အအေးဒီဂရီ ဘယ်လောက်ရှိသလဲ"

"ကျတုန်းပဲ ရေခဲမှတ်ရောက်ဖို့ နည်းနည်းပဲလိုတော့တယ်"

"လေ အခြေအနေကော"

"ငါးမှ တစ်ဆယ်နော့သ်အတွင်းရှိပါတယ်။ ပုံမှန်မရှိပါဘူး"

"ဒါဆိုယင် လေရဲ့လှုပ်ရှားထကြွမှု မများဖူးပေါ့။ ဒါပေမယ့် လေယာဉ် ဆင်းချ



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့အခါ လေရဲ့ဖိအား မဖြစ်ပေါ်နိုင်ဘူးလား။ ဖြစ်ပေါ်ခဲ့ယင် ဘယ်လိုဖြစ်မလဲ"

ဆီးယားဘေကာသည် သူ့လက်ထောက်ဖြစ်သူကို မေးမြန်းလျက်ရှိသည်။

"လေဖိအားတော့ မဖြစ်ပေါ်နိုင်ပါဘူး"

"အခြေအနေက ပေါ့ဆဆနေလို့ မရဖူးနော်။ မင်းထင်တာက ရေခဲပြင်အပေါ် ဘီးထိတာနဲ့ အရှိန်သပ်ဖို့ကြိုးစားမယ်။ ပြီးတော့ စက်သပ် မီးတွေမှိတ်ပစ်မယ်ဆိုတာပဲ မဟုတ်လား"

ဆီးယားဘေကာသည် ပြုံးရွှင်သော မျက်နှာထားဖြင့် ပြောလိုက်သော်လည်း သူ၏ အပြုံးမှာ စိတ်ချယုံကြည်သော အပြုံးမျိုးမဟုတ်ချေ။ လေယာဉ်ဆင်းဖို့အရေး ထင်သလောက်မလွယ်ကူကြောင်း သူတို့နှစ်ဦးစလုံး ကောင်းစွာ သဘောပေါက်ကြလေသည်။ အအေးဒီဂရီ ကျဆင်းခဲ့လျှင် ရေခဲပြင်အပေါ် မျက်နှာပြင်ရှိ လေထုသည် ရေခဲမည့် အမှတ်သို့ ရောက်သွားလေသည်။ ထိုကဲ့သို့သော အအေးဒီဂရီမျိုး ရှိချိန်တွင် မြူနှင်း များစုစည်းကာ ခဲကျပေလိမ့်မည်။

ဆီးယားဘေကာသည် အကြံရလိုက်သည့်ပမာ ဖြူနီးဆို အိပ်စင်ပေါ်မှ ခုန်ချပြီး အုပ်ချုပ်ရေးအခန်းသို့ အမြန် လျှောက်သွားလေသည်။ သူသည် အုပ်ချုပ်ရေးအခန်း ထဲရောက်သည်နှင့် အော်မေးလိုက်သည်။

"သူဘယ်မှာရှိသလဲ"

"အကွာအဝေးသုံးမိုင်၊ အမြင့်ပေ (၁၁၀၀၀) မှာရှိတယ်"

ရေဒီယိုအော်ပရေတာက ချက်ချင်းဖြေကြားလိုက်သည်။

"တို့ညွှန်ကြားပေးတဲ့ လမ်းကြောင်းအတိုင်းရှိသလား"

"ရှိပါတယ်"

"ရေခဲပြင်ကို သူမြင်နိုင်မလား"

"မြင်နိုင်ပါတယ်၊ တိမ်ရဲ့ အောက်ခြေ ပေ (၁၃၅၀၀) မှာ ရှိပါတယ်"

"ကဲ ရဲဘော်တို့ သူ့အံ့ဩသွားအောင် ပြကြစို့။ စက်ကုန်ဖွင့်ပြီး ရေမျက်နှာပြင်ပေါ် တက်ကြစို့လား"

ဆီးယားဘေကာသည် ပြုံးလျက်ပြောလိုက်သည်။ ဤအကြိမ်တွင် သူ့အပြုံးမှာ စိတ်ချ ယုံကြည်သော အပြုံးဖြစ်လေသည်။

\+ +



www.burmeseclassic.com

www.burmeseclassic.com



ရေခဲပြင်ကြီးကိုသာ လေယာဉ်အောက်တွင် ဂျန်တွေ့ရလေသည်။ သတ်မှတ်ထားသော နေရာသို့ မရောက်မီ သုံးမိနစ်လောက်တွင် ပေ (၁၃၀၀၀) ထုရှိ တိမ်များကို ထိုးဖောက်ပြီး ဆင်းလာလေသည်။ ထိုသို့ဆင်းလာစဉ် လေယာဉ်အောက် ပင်လယ်ပြင်ရှိ ရေခဲပြင်ကြီးပေါ်ထွက်လာသည်။ အလွန်ကြီးမားသော ရေခဲပြင်ဖြစ်သည်။ တောင်နှင့် မြောက်သို့ နှစ်မိုင်ခန့်ရှိပြီး၊ အရှေ့နှင့်အနောက်လည်း နှစ်မိုင်ခန့် ကျယ်ဝန်းလိမ့်မည်ဟု ခန့်မှန်းရလေသည်။ ရေခဲပြင်ကြီးမှာ သူ့လမ်းကြောင်းအတိုင်း တည်ရှိလေသည်။ ရေခဲ ဒိုင်ကွက်တွင် မည်သည့်လေယာဉ်တစ်စင်းတလေမှ မတွေ့ရသော်လည်း သူ့အား အချက်ပေးနေသော နေရာမှာ သူ့အရှေ့တည့်တည့် မြောက်မိုင်ခန့်နေရာတွင် ဖြစ်သည်။ ရေခဲပြင်နှင့် အချက်ပေးအသံလာရာ အကွာအဝေးကို့မှာ ကိုက်ညီပေသည်။ အကွာအဝေးကိုက်ညီသဖြင့် သူဂရုစိုက်မိသည်။

ဤရေခဲပြင်သာ ဖြစ်ရမည်ဟု သူယုံကြည်လေသည်။ ဝင်ရိုးစွန်းရှိ ရေခဲပြင် အထိ သူရောက်သွားလိမ့်မည်ဟု တစ်ခါမျှ မရည်ရွယ်ခဲ့ချေ။ ထို့အတူ လောင်စာဆီ ဖြည့်ပေးမည့် လေယာဉ်နှင့် တွေ့ဆုံရန်လည်း တစ်ခါမျှ မရည်ရွယ်ခဲ့ချေ။ ယခုအခါ အလွန်အတင့်ရဲရာ ရောက်ပြီး အန္တရာယ်ရှိကြောင်း ဂျန်သဘောပေါက်လေသည်။ ဤ ရေခဲပြင်သာဖြစ်ရမည်။ သူဆင်းသက်ရမည်ဟု စဉ်းစားနေမိသည်။ ဂျန်၏ မျက်လုံးများ ရှေ့သို့ ရှာဖွေကြည့်ရှုလျက်ရှိသည်။ သို့သော် ဘာမျှ ရှာမတွေ့ချေ။ တခဏမျှ ကြာသော အခါ သူ့မှာ ချောက်ထားသလိုဖြစ်လာသည်။ ပင်လယ်ရေအေးပေါ်တွင် ပြားချပ်လျက်ရှိ နေသော ရေခဲပြင်ကိုတွေ့ရသည်။ ရေခဲပြင်ကြီးကို တခြားသေးငယ်သော ရေခဲပြင် ကလေးများက ဝိုင်းရံလျက်ရှိသည်။ ရေခဲပြင်ကြီးပေါ်တွင် အသက်ရှင်နိုင်ဖို့ရာ လုံးဝမမြင် ချေ။ ဂျန်တစ်ယောက် တုန်လှုပ်ချောက်ချားမိသည်။ မည်သို့မည်ပုံ ထိုးဆင်းရလေမည် နည်း။ မျက်လုံးများလည်း ပြာလဲ့လဲ့ဖြစ်လာသည်။

သူဦးနှောက်လည်း ထိုင်းမှိုင်းနေပြီ။ အချက်ပေးသံကိုပင် နေရာအကွာအဝေး မဝေခွဲနိုင်အောင်ဖြစ်နေသည်။ ထိုအခါ အချက်ပေးအသံ ပြောင်းသွားသည်။ တွေ့ဆုံရန် ခေါ်သော အချက်ပေးသံမှာ တစ်ဆက်တည်းမပေါ်လာတော့ဘဲ တိတ်ဆိတ်လျက် တစ်စက္ကန့်လျှင် နှစ်ကြိမ်နှုန်းဖြင့် ပေါ်လာလေသည်။ ရေခဲပြင်နှင့်ထိပြီး အသံလှိုင်းပဲ့တင် သံနှင့် တူကြောင်း ဂျန်သတိပြုမိသည်။ စက္ကန့်များ ကျော်လွန်ကုန်ဆုံးတိုင်း အချက်ပေး သံ ပို၍မြည်လာသဖြင့် အရေးကြီးကြောင်း ဂျန် ယုံကြည်လေသည်။ သူသည် သတ်မှတ် ထားသည့် နေရာနှင့် နီးကပ်လာသည်။ ပင်လယ်ပြင်အခြေအနေနှင့် လေတိုက်ခတ်နှုန်း တို့ကို ခန့်မှန်းကြည့်သည်။ (၅) မှ (၁၀) နော့သ်အတွင်းသာရှိမည်။ သည့်ထက်မပိုနိုင်ဟု ဂျန် ယုံကြည်လေသည်။ ဂျန်သည် လေယာဉ်ကို ရေခဲပြင်ပေါ် ဆင်းရန် လိုအပ်ခဲ့လျှင် အဆင်သင့်ဖြစ်အောင် ပြင်ထားလေသည်။ သူသည် ရေခဲပြင်အခြေအနေကို ပြန်လည် လေ့လာပြန်၏။ လေယာဉ်ဆင်းသက်ရန် စက္ကန့်ပိုင်းမျှသာ လိုတော့သည်။ လေယာဉ် ပြေးလမ်းအတွက် နေရာရွေးချယ်လိုက်သည်။ အသင့်တော်ဆုံးနေရာတစ်ကွက်သာ တွေ့သည်။ ဂျန်သည် ထိုအကွက်၏ ထုထည်နှင့် ပြေးလမ်းအတွက် အဆင်ပြေ[illegible]မည့်



www.burmeseclassic.com

www.burmeseclassic.com



ပြေးလမ်းများ၊ နေရာအမှတ်အသားများနှင့် လေတိုက်နှုန်းတို့ကို တစ်ခုစီ လေ့လာရှာဖွေတော့သည်။

ရေခဲပြင်အနောက်ဘက်စွန်း သူ့လေယာဉ်နှင့်ဆိုလျှင် ဘယ်ဘက်ခြမ်း၌ ရေခဲပြင်ကြီးသည် အက်ကွဲလာပြီး ညျကလီးယား ရေငုပ်သင်္ဘော၏ ရွက်တိုင်ကြီး ရုတ်တရက်ပေါ်ထွက်လာသည်။ ကြီးမားသော ရေငုပ်သင်္ဘော၏ ကိုယ်ထည်ကို ရွက်တိုင်အောက်တွင် တွေ့ရလေသည်။ ရေခဲတုံးများ လွင့်ထွက်သွားကာ ဦးပိုင်းပေါ်ထွက်လာလေသည်။

ရေငုပ်သင်္ဘောရွက်တိုင်မှ တောက်ပသော အဝါရောင်လေဘောလုံးတစ်လုံး ကောင်းကင်သို့ လွှတ်တင်လိုက်သည်။ လိမ္မော်ရောင် မီးခိုးများ ကောင်းကင်သို့ ဖြောင့်တန်းစွာ ထိုးတက်လာသည်။ လေများ တိုက်ခတ်နေသဖြင့် မီးခိုးငွေ့များသည် အပေါ်သို့ ဆက်မတက်နိုင်တော့ဘဲ ရေငုပ်သင်္ဘောအပေါ် အုပ်ဆိုင်းလိုက်သည်။ ရွက်တိုင် ရေခဲပြင်ပေါ်သို့ ထိုးထွက်လာသည်နှင့် အမေရိကန် ရေငုပ်သင်္ဘောတစ်စင်း ဖြစ်ကြောင်း ဂျန်သိလိုက်လေသည်။

ရေဒါကို ဂျန် အမှတ်မထင် စစ်ဆေးလိုက်သည်။ ဘာမျှ မထူးခြားကြောင်း တွေ့ရသည်။ လေယာဉ်စက်ရှိန်ကို လျှော့ချလိုက်သဖြင့် လေယာဉ်ရှေ့သို့ ရုတ်တရက် တွန်းထိုးသလိုခံစားရပြီး လေယာဉ် ဦးအောက်ဘက်သို့ ငိုက်ကျသွားလေသည်။ လေဘရိတ်များ ကိုင်လိုက်ပြီး လေယာဉ်နှုန်းကို (၂၆၀) နော့သ်တွင် တည်ငြိမ်အောင် ထိန်းထားသည်။ မီးခိုးငွေ့များသည် လေယာဉ်တောင်ပံအောက်မှ ဖြတ်သန်းလျက်ရှိသည်။ အချက်ပေးသံသည် ချက်ချင်း ပွဲတင်သံကဲ့သို့ အဆက်မပြတ် ထွက်ပေါ်လာပြန်သည်။ တွေ့ဆုံဆင်းသက်ရမည့်နေရာမှာ အောက်တွင်ရှိသည်။ ယခုကဲ့သို့ လောင်စာဆီများ ပြည့်နေသော ရေငုပ်သင်္ဘောမှ လောင်စာဆီ ဖြည့်ယူရလျှင် တစ်နာရီအတွင်း ဆီဖြည့်ပြီးရုံသာမက ပျံတက်ရန်ပင် အဆင်သင့်ဖြစ်နေမည်။ လေယာဉ်ကို ဘယ်လက်သို့လှည့်လိုက်သည်။ ဤသို့ပြုလုပ်ရခြင်းအကြောင်းမှာ ရွက်တိုင်မှ ထွက်နေသော မီးခိုးငွေ့များသည် လေတိုက်ရာဘက်သို့ လိပ်ကာ လိပ်ကာ တက်လာသောလမ်းကြောင်းနှင့် လေယာဉ် ဆင်းမည့် လမ်းကြောင်းသည် တစ်တန်းတည်း ကျရောက်နေခြင်းပင် ဖြစ်သည်။

လေကြောင်းအရဆိုလျှင် ရေခဲပြင် တောင်ဘက် ဝင်ရိုးလမ်းကြောင်းအတိုင်း သူဆင်းသက်ရပေမည်။ ထိုမှသာလျှင် နှစ်မိုင်ခန့် ရှည်လျားသော ဆီးနှင်းများ ဖုံးထားသည့် ရေခဲပြင်ပေါ်၌ သူ့လေယာဉ်ကို ရပ်ထားနိုင်မည်။ ထိုဆီးနှင်းများသည် မာကြောအောင် ခဲမနေခဲ့လျှင် စက်ရှိန်သတ်ရန် အတွက် များစွာ အထောက်အကူ ပေးမည်ဖြစ်လေသည်။ ရေငုပ်သင်္ဘောကို မြင်ရသောကြောင့် အားတက်ကာ ပူပင်သောစိတ်များ ကွယ်ပျောက်ပြီး သူ့တစ်ကိုယ်လုံး ပူနွေးလာတော့သည်။

လေယာဉ်ဘီးများကို ဂျန် ချလိုက်သည်။ စက်ခုံတွင် မီးလင်းလာပြီး ဘီးများ



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မြဲစွာ ထုတ်လျက်ရှိကြောင်းဆိုသည့် စာတမ်း ထွက်ပေါ်လာသည်။ လေယာဉ် အရှိန်ကို (၂၂၀) နော့သ်သို့ လျှော့ချလိုက်ပြီး အတောင်ပံများကို ညှိလိုက်သည်။ သူ့အရှေ့ တည့်တည့်တွင် ရေခဲပြင်ကြီးရှိပြီး ဆေးပြင်းလိပ်ကြီးတစ်လိပ်ကဲ့သို့ ရေငုပ်သင်္ဘောမှ ရေခဲပြင်အထဲတွင် ခိုင်မြဲစွာ နစ်မြုပ်နေ၏။ လေယာဉ်ဆင်းမည့် လမ်းကြောင်းအတိုင်း လိမ္မော်ရောင် မီးခိုးတန်းကြီး ဦးတည်တိုက်နေသည်။

လေယာဉ်မှာ အမြင့်ပေ (၁၀၀၀) တွင် ရှိသည်။ အရှိန်ကို နော့သ် (၁၈၀) သို့ချကာ ထိန်းထားလိုက်သည်။ သူအောက်သို့ ဆင်းသည့်နှုန်းမှာ တစ်မိနစ်တွင် ပေ (၃၅၀) နှုန်းဖြင့် ဆင်းလျက်ရှိသည်။ ပင်လယ်ရေလှိုင်းများ သူ့ထံသို့ နီးကပ်စွာ မြင့်တက်လာသည်။ ခလုတ်ကို နောက်သို့ ဆွဲချလိုက်ပြီး လေယာဉ်အရှိန် (၁၇၅) နောက်သို့ ကျသွားသည်။ ရေခဲပြင်၏ အရောင်တောက်ပခြင်းကြောင့် ဂျန်မှာ မကြည့်နိုင်လောက်အောင် မျက်စိများ ကျိန်းနေသည်။

ခလုတ်လက်တံကို နှိပ်ချလိုက်သည်။ ဖိုင်းယားဖော့စ် လေထုအတွင်း ရုတ်တရက် မငြိမ်မသက်သွားသည်ဟု ထင်ရ၏။ ရေခဲပြင်ပေါ်သို့ တဖြည်းဖြည်း ဆင်းသက်လာသည်။

လေယာဉ်အတောင်ပံကို အပြည့် ခတ်လိုက်သည်။ ဖိုင်းယားဖော့စ်မှာ ဆက်လက်နိမ့်ကျသွားပြီးနောက် ဘီးများမှာ ရေခဲပြင်အပေါ်ရှိ နှင်းအတွင်းကျရောက်သွားသဖြင့် လေယာဉ်မှာ ဆောင့်ချသလို တုန်ခါသွားသည်။ လေယာဉ်နှာခေါင်းအောက်ရှိ ဘီးသည် တဖန် မျက်နှာပြင်အပေါ် ဆောင့်ကျသွားကာ နှင်းဖတ်များ နှာခေါင်းပေါ်သို့ ပက်ဖြန်းလိုက်သည်။ တခဏမျှအတွင်း မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။ ရှေ့မှန်တွင် တပ်ဆင်ထားသည့် မှန်သုတ်သော လက်တံလှုပ်ရှားလာပြီး မကြာမီ ရှေ့မှန်မှ နှင်းများ ရှင်းသွားသည်။

နှင်းများ စက်လေဝင်ပေါက်အတွင်း ထိုးဝင်လာသောကြောင့် အင်ဂျင်စက် မီးထလောင်နိုင်သည်ကို ဂျန် တွေးနေစဉ် မြင်ကွင်းတစ်ခုလုံး လုံးဝ ပျောက်ကွယ်သွားသည်ကို တွေ့ရလေသည်။ ရေခဲနှင့် နှင်းများ မျက်နှာပြင်တစ်လျှောက် သူ့အရှိန်ပြင်းစွာ ပျံသန်းလာခဲ့သောကြောင့် ထူထပ်ပြီး အလိပ်လိုက် ကျနေသော ဆီးနှင်းဖြူများသည် ယခုအခါ လေယာဉ်ကို ဖုံးအုပ်လိုက်လေသည်။

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၊ (၂၉ ၊)

သူပျံသန်းလာခဲ့သော လမ်းကြောင်းအတိုင်း ဆက်လက်ပျံသန်းလာပါက နှင်း အလိပ်လိုက် ဖုံးအုပ်နေသည်ကို ဂျန် သိသည်။ ရှေ့ကြည့်မှန်တွင် ဆီးနှင်းများ တွယ်ကပ် နေခြင်းမရှိသော်လည်း သူဘာမျှ မမြင်နိုင်ပေ။ မျက်နှာပြင်ပေါ်ရှိ နှင်းများသည် လေယာဉ်စက်ရှိန်ကို လျော့ကျစေသည်။ ရေခဲမျက်နှာပြင်ပေါ် သူလျှောသွားလျက် ရှိသည်။ လေယာဉ်မှာ ရေခဲပြင်မြောက်ဘက် ဝင်ရိုးအတိုင်း ဘာရိန်းပင်လယ် ရေအေး ဆီသို့ လျှောသွားလျက်ရှိသည်။ ရေခဲပြင်၏ အတိုင်းအတာကို ခန့်မှန်းထားသည့်အတိုင်း ဖြစ်နေပါစေဟု ဆုတောင်းမိ၏။

လေယာဉ်သည် လျှောနေရာမှ ရေခဲမျက်နှာပြင် မညီညာမှုများကြောင့် သိသိသာသာ နှေးသွားသည်။ ဆီးနှင်းများ လျော့ပါးသွားသည်။ လေယာဉ်အရှိန် နည်း သွားသဖြင့် လမ်းကြောင်းတွင် လှုပ်ရှားထကြွမှု လျော့ပါးသွားရာ၊ ဆီးနှင်းအလိပ်ကြီးများ ကွယ်ပျောက်ကာ စိုထိုင်းသော မြူများအဖြစ်သို့ ဆိုင်းအုပ်နေသည်။

ဂျန်သည် မိမိကိုယ်ကို လှုပ်ရှားလိုက်ပြီး ဘယ်ညာဆီသို့ ကြည့်ကာ ရှာဖွေလေ သည်။ လွန်ခဲ့သော တစ်နာရီမှ ယခုတစ်ကြိမ်ပင် ကိုယ်လက်လှုပ်ရှားခဲ့ရသည်။ လိမ္မော် ရောင် ဘော်လုံးကြီးနှင့် မီးခိုးတန်းကြီးတို့သည် သူရှာမတွေ့တော့။ လေယာဉ်ကို (၁၈၀) ဒီဂရီပတ်ပြီး ဘယ်ဘက်သို့ လှည့်လိုက်သည်။ သူဆင်းခဲ့သည့် လမ်းကြောင်းဆီသို့ လေယာဉ်ကို အရှိန်သပ်ပြီး ရပ်ရန်ကြိုးစားလေသည်။ လေယာဉ်မှာ ရေခဲပြင်ပေါ်၌ သွားလျက်ပင်ရှိသေးသည်။ သူ့အား လမ်းပြမည့် အချက်ပြ မီးရောင်များကို မျှော်မှန်း ရှာဖွေနေသည်။

လေယာဉ်၏ ဘယ်ဘက်အခြမ်းတွင် သဏ္ဌာန်တစ်ခု အစိုင်အခဲလိုပုံမျိုး လှုပ်ရှားနေသည်ကို ရုတ်တရက်တွေ့မိလိုက်သည်ဟု ထင်ရလေသည်။ မီးများ ကိုင်ဆောင်မထားသည်ကို ဂရုပြုမိသည်။ ဂျန်သည် စက်ခန်းကို အုပ်ဆောင်းလို ဖုံးအုပ်ထားသော မှန်အုပ်ဆောင်းကို ဖွင့်ရန် ခလုတ်နှိပ်လိုက်သည်။ သူ၏ ယာဉ်မောင်း အခန်းအတွင်းမှ ပူနွေးသောလေများ အပြင်သို့ ထိုးထွက်ကာ အကြောအချဉ်များ စိမ့်အေးသွားလောက်အောင် လေအေးများ အတွင်းသို့ ဝင်လာ၏။

သူဝတ်ထားသော ဖိအား အကာအကွယ် "ဝတ်စုံ" အတွင်းသို့ ဓားနှင့် ထိုးခွ လိုက်သကဲ့သို့ အအေးဓာတ် စူးရှ တိုးဝင်လာ လေသည်။ တစ်ကိုယ်လုံး ချမ်းအေး သဖြင့် တုန်လျက်ရှိ၏။ လေယာဉ်ကို ထိန်းရန် ကိုင်ထားသော လက်ချောင်းများမှာ မသိလျှင် ရေခဲပြင်အပေါ်၌ ပေါက်ကွဲမှုဖြစ်သွားသကဲ့သို့ တဆတ်ဆတ် တုန်နေသည်။ ခေါင်းပေါ် ဆောင်းထားသော ပိုင်းလော့ဦးထုပ်ကို ဖယ်ထုတ်လိုက်သည်။ သူ၏ မေးရိုး များ အချင်းချင်းရိုက်ခတ်နေသည်ကို ဂရုမစိုက်ဘဲ သူတွေးမိသလိုထင်ရသော မြူနှင်း အတွင်းရှိ ရုပ်သဏ္ဌာန်ဘက်သို့ စူးစိုက်ကြည့်ကာ နားစွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ဘယ်ဘက်ဆီမှ ခေါ်သံနှစ်ခါကြားမိသလိုထင်ရသည်။ သူ့အား ရှာဖွေနေသလား။ ခေါ်သံလာရာအရပ်မှာ သူ့လေယာဉ်နှင့် မျဉ်းတစ်ပြေးတည်းဟု ထင်ရသည်။ သို့ရာတွင် ရေရေရာရာတော့ မပြောတတ်။ ရှာဖွေနေသူများသည် လေယာဉ်ပျံ ဆင်းမည့်နေရာဟု ယူဆထားသောနေရာသို့ လျှောက်သွားနေကြပေမည်။ ဂျန် သည် လေယာဉ်ကို ပြေးလမ်းအတိုင်း အရှိန်သတ်ပြီး ရပ်နေလေသည်။

အရွယ်အစားမမှန်ဘဲ ကုန်းကုန်းကွကွနှင့် လူပုံသဏ္ဍာန်တစ်ခု မြူနှင်းများကြားတွင် တွေ့ရပြီး ထိုသူ၏လက်ထဲ ကိုင်ထားသော မီးအိမ်မှ မီးရောင်သည် မြူနှင်းအကြား ခပ်မှိန်မှိန် ဂျန်တွေ့ရသည်။ သူ့အမည် အော်ခေါ်လိုက်သံကြားမိသည်။ ဂျန်သည် စိတ်ထဲသံသယရှိနေသဖြင့် မထူးပဲနေသည်။ ထိုသူ၏ခေါ်သံသည် ထပ်ခါထပ်ခါ ထွက်ပေါ်လာသည်။ ခေါ်သံမှာ အမေရိကန်သားသံ ထွက်သောကြောင့် ဂျန်မှာ သံသယ ရှင်းကာ ပြန်ထူးလိုက်လေသည်။

"ဒီဘက်ကိုဗျို့. . . လေယာဉ်ပျံ ဒီဘက်မှာရှိတယ်"

"ဂျန်ရေ မင်းလား"

"အေး. . . ဟုတ်တယ်ဟေ့"

လေယာဉ်ဘီးများသည် လေယာဉ်အလေးချိန်ကြောင့် နှင်းပေါ် တဖြည်းဖြည်း နစ်ဆင်းသွား၏။ ဂျန် လေယာဉ်ရှေ့သို့ ပုံသဏ္ဍာန် ရောက်ရှိလာသည်။ လေယာဉ် "ကာဘိုဂျက်အင်ဂျင်" များသည် ဖြည်းညည်းစွာ ညည်းတွားသံလိုလိုနှင့် မြည်နေသည်။ ဂျန်သည် လေယာဉ်စက်နှိုးထားသည်။

"ဘုရားရေ ငါတော့ မျက်မှန်တပ်ဖိုလိုလိမ့်မယ်ထင်တယ်"

ထိုလူသည်အမှတ်မထင် သူ့ရှေ့သို့ မြူနှင်းများအတွင်းမှ လေယာဉ်ကြီး ပေါ်ထွက်လာသောကြောင့် အံ့ဩသွားလေသည်။ လက်ထဲတွင် ကိုင်ထားသော ဆက်သွယ်ရေးစက်ကို သူ၏ ပါးစပ်နားတေ့လိုက်သည်။

"ကဲ ရဲဘော်တို့၊ ကျုပ်သူ့ကို တွေ့ပြီ၊ ဒီကိုအမြန်ဆုံးလာကြပေတော့"

လေယာဉ်နှာခေါင်းပိုင်းအောက်သို့ ထိုလူလျှောက်လာသည်။ သူ့ကိုယ်ပေါ်၌ သားမွေးအနွေးထည်ကြီး ဝတ်ထားသည်။ ခေါင်းကို ဖုံးအုပ်ကာ သားမွေးအကာ အောက်တွင် ရေတပ်မတော် အရာရှိဆောင်း ဦးထုပ်တွင် ရွှေရောင်သစ်ရွက်တံဆိပ်ကို မြင်နိုင်ပေသည်။ ဂျန်မှာ ဝမ်းသာလုံးဆို့ကာ ဘာကစပြောရမှန်းတောင် မစဉ်းစားနိုင်တော့ချေ။ ယခုမှ သံသယများ ပျောက်ကွယ်ပြီး စိတ်သက်သာရာ ရလေတော့သည်။

"ဟေ့. . . ဘယ်လိုလဲကွ"

ဆီးယားဘေကာက နှုတ်ခွန်းဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . ရဲဘော်"

ဂျန်သည် ဝမ်းသာအားရနှင့် ပြန်လည်နှုတ်ဆက်လိုက်သည်။ လေယာဉ်ဆီသို့ လူပုံသဏ္ဌာန်များ မီးအိမ်များကိုင်ကာ လာနေကြသည်။

"ကျွန်တော်တို့ တန်းစီကြရမှာလားခင်ဗျာ"

ဆီးယားဘေကာ အား ရောက်ရှိလာကြသော သင်္ဘောသားများထဲက ရဲဘော်တစ်ယောက်ကမေးလိုက်သည်။ ဆီးယားဘေကာကတော့မကြားသလိုပင်၊ လေယာဉ်ပေါ်တွင် ထိုင်နေသော ဂျန် ကိုသာ ငေးကြည့်နေမိသည်။ ထို့နောက် ရောက်လာသောတပ်သားအား အော်ပြောလိုက်သည်။

"ဟုတ်တယ် ဒီငှက်ကြီး ရေငတ်ပြေအောင် သူ့အမေဆီကို ခေါ်သွားကြ"

စကားဆုံးသည်နှင့် ဂျန်ရှိရာသို့ မော့်ကြည့်လိုက်သည်။

"ခင်ဗျားကိုကျုပ်က လူထူးလူဆန်းလို့ ထင်ခဲ့တာ ခုတော့ ဘာမှလည်း အထူးအဆန်း မမြင်ရပါလားဗျ"

"ခုလောလောဆယ်တော့ ခင်ဗျားသာ ထူးဆန်းလှပနေပါတယ် ကပ္ပတိန်"

ဆီးယားဘေကာ က ခေါင်းညိတ်ပြပြီး ဆက်သွယ်ရေးစက်အတွင်းသို့ ပြောလိုက်သည်။

"ကောင်းပြီ အခုပြောနေတာ ကပ္ပတိန်ပါ၊ ကျုပ်အတွက် လူစစ်ပေးပါ"

သင်္ဘောတပ်သားများ တန်းစီနေရာမှ ၎င်းတို့၏ နာမည်များကို တစ်ဦးချင်း အော်ခေါ်နေကြသည်။ ကပ္ပတိန်က ဂရုတစိုက် နားထောင်နေ၏။ ငြိမ်သက်သွားသောအခါ ဂျန်ထံ မော့ကြည့်ကာ ပြောလိုက်လေသည်။

"ကျုပ် ရဲဘော်တွေဟာ ရေခဲပြင်ပေါ်မှာ တန်းစီပြီး ရပ်နေကြပါတယ်။ ရေငုပ်သင်္ဘောရှိသည့်နေရာထိ အတန်းနှစ်တန်းစီပြီး ရပ်နေကြတယ်။ ရဲဘော်လည်း ရေငုပ်သင်္ဘောဆီထိ တန်းနှစ်တန်းကြားမှ သွားနိုင်မလား"

"ဖြစ်နိုင်ပါတယ် ကပ္ပတိန်"

"ကဲ. . ဒါဆိုယင်၊ ခင်ဗျားလေယာဉ်ပေါ် ကျုပ်ခိုလိုက်ဖို့ ခွင့်ပြုပါ"

"အခမဲ့ ခိုးစီးတဲ့လူ၊ မိယင် အပြစ်ပေးမယ်နော်"

"ကိစ္စမရှိပါဘူး၊ ကျုပ်ကံပေါ့. . ကဲ ဘီးလို့မ့်ကြစို့"

ဆီးယားဘေကာ သည် လေယာဉ်မောင်းခန်းသို့ တက်ရန် တပ်ဆင်ထားသော ခြေနင်းသံပြားပေါ် တက်ပြီး ခိုစီးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျန်သည် ဘီးလိုမ့်ရန်အတွက် 'ဘရိတ်' လျှော့ချလိုက်သည်။ ဖိုင်းယားဖော့စ် လေယာဉ် ရှေ့သို့လျှောလာသည်။ လေယာဉ်ဘီးလိမ့်နေသော လမ်း၏ တစ်ဖက်တစ်ချက်တွင် လက်ထဲ၌ မီးအိမ်များ ကိုင်ထားကြသော သင်္ဘောတပ်သားများ တန်းစီနေကြသည်ကို ဂျန် မြင်ရလေသည်။

"ကဲ၊ ရဲဘော်တို့ တန်းကို ကျဉ်းကျဉ်းစီပါ။ မင်းတို့ကို ဒီငှက်က မကိုက်ပါဘူး။ တို့ပိုင်တဲ့ငှက်ကြီးပါ"

တန်းနှစ်တန်းသည် ကျဉ်းလာသဖြင့် ပိုမိုလင်းလာ၍ ဂျန်အတွက် ပိုပြီး အဆင်ပြေသွားတော့လေသည်။

"ကျေးဇူးပါပဲ ကပ္ပတိန်"

ဂျန်သည် လေယာဉ်ကို ခိုစီးနေသော ကပ္ပတိန်အား လှမ်းပြောလိုက်သည်။

"ရှုပ်ပါတယ်မိတ်ဆွေ၊ ဒီရဲဘော်တွေဟာ သင်္ဘောမကျပေမယ့်လည်း ဒီကိုလာပြီး အကူအညီပေးကြရမှာပဲ"

ကပ္ပတိန်က သူ့စကားကို အလေးအနက်ထားပြီး ပြောဆိုနေကြောင်း ဂျန် သတိပြုမိသည်။

ရေငုပ်သင်္ဘော ကပ္ပတိန်နှင့် တပ်သားများ အားလုံးသည် ရန်သူနယ်မြေ အတွင်းသို့ ခိုးဝင်လာပြီး ရေခဲပြင်အောက်တွင် နေ့စဉ်ရက်ဆက် ပုန်းအောင်းကာ ရေခဲတုံးကြီးနှင့်အတူ မြောလိုက်နေခဲ့ရသည်ကို ဂျန် ကောင်းစွာသဘောပေါက်လေသည်။

"ကျွန်တော်၊ ဝမ်းနည်းမိပါတယ် ကပ္ပတိန်"

"ဝမ်းနည်းစရာမလိုပါဘူး၊ အမိန့်အရ လုပ်ကြရတာပဲ၊ ဒါတွေကိုစဉ်းစား မနေပါနဲ့။ ဟိုမှာ ရေငုပ်သင်္ဘော"

သူသည် ရေငုပ်သင်္ဘောကို ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်သည်ကို ဂျန် ရိပ်မိသည်။

"ဟုတ်ကဲ့၊ ကျွန်တော်မြင်ရပါတယ်"

"ရေငုပ်သင်္ဘောနား ကပ်ရပ်ပေးပါမိတ်ဆွေ၊ အော် . . ဒါထက် ခင်ဗျား ရေငုပ်သင်္ဘောထဲ စားစရာလိုက်စားမလား။ ဒါမှမဟုတ် လေယာဉ်ပေါ်မှာပဲ စားမှာလား"

ဖိုင်းယားဖော့စ်ကို ရေငုပ်သင်္ဘောနှင့် ယှဉ်ရပ်လိုက်သည်။ ထို့နောက် မော်တာများကို ပိတ်လိုက်ရာ စက်သံလည်း လုံးဝရပ်သွားလေသည်။ ဂျန်သည် လေယာဉ်ပေါ်တွင် ငြိမ်သက်စွာ ထိုင်နေ၏။ လေယာဉ်ကို ကြည်နူးစွာကြည့်နေမိသည်။ စီအိုင်အေအတွက် ပစ္စည်းအထုပ်အထည် တစ်ခုအနေဖြင့် သူခိုးထုတ်လာခြင်းမဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဤလေယာဉ်မှာ သူ့ကို ရုရှားနိုင်ငံ ဗဟိုအချက်အချာနေရာမှ ခေါ်လာခဲ့သည်။ သူ၏လွတ်မြောက်ရေးကို ကူညီခဲ့သည်။ ဒုံးပျံစစ်ရေယာဉ်နှင့်ဆုံခဲ့စဉ်က သူ့အား ဂျန်၏ အတွေးများမှာ ရေငုပ်သင်္ဘော ကပ္ပတိန်၏ပြောသံကြောင့် ပျောက်ကွယ်သွားလေသည်။

"လာပါ မစ္စတာဂျန်၊ ဆင်းပါအုံး ၊ အစားအသောက် တွေတော့သိပ်ပြီးအထူး အဆန်းမပါပါဘူး။ ဒါပေမဲ့ကျုပ်တို့ရဲ့ အသားညှပ်ပေါင်မုန့်ကိုစားကြည့်ပါ။ တခါတည်း လျှာလည်သွားမယ်။ ဆင်းခဲ့ပါမိတ်ဆွေခရီးဦးကြိုပြုပါသည်"

ဂျန်သည် အောက်ဆင်းရန် ဆုံးဖြတ်လိုက်၏။ သူ ကိုယ်ပေါ်ပတ်ထားနှောင် ထားသော ခါးပတ်များကို ဖြုတ်လိုက်သည်။ ယဉ်မောင်းထိုင်ခုံမှထလိုက်သောအခါ သူ တစ်ကိုယ်လုံး ညောင်းညာ ကိုက်ခဲလျှက် ရှိသည်။သူ၏မျက်နှာနှင့် ကိုယ်လုံးကို ဝင်ရိုး စွန်းမှ လေအေးတိုးခွေ့လာလေသည်။

"ကျေးဇူးပဲ ကျေးဇူးပဲ"

ဂျန် ရေခဲပေါ်သို့ ဆင်းလာ၏။

\+ \+ \+

"ဝင်ရိုးစွန်း ရှာဖွေရေး တိုက်လေယာဉ် အုပ်စုဆီက သတင်းတွေ ဖတ်ပြပါ"

ဗိုလ်ချုပ်ဗလာဒီမီထရော့က အမိန့်ပေးလိုက်လေသည်။

အော်ပရေတာသည် သတင်းအပြည့်အစုံကို ဖတ်ပြ၏။ ထိုသတင်းကို လေးမိနစ်ကြာအောင် ဖတ်ရသည်။ အတွင်းရေးမှူး အနေဖြင့် ဂျန်တစ်ယောက်ဘယ်ကို ရောက်ရောက်၊ ဘာကိုပဲလုပ်လုပ် သူ့အတွက်ရေးတကြီးဖြစ် နေသည်။

နောက်ဆုံး ရှာဖွေရေးလေယဉ်မှ သတင်းရရှိသောအခါ သူတို့တွင်ရှိနေသော သံသယများ ကင်းရှင်းသွားသည်။ ထိုသတင်းတွင် ရှာဖွေရန်သတ်မှတ်ထားသော နေရာ များတွင် အမေရိကန်များသည် ရေခဲများပေါ်၌လောင်စာဆီများစုပုံထားခြင်း မရှိကြောင်း လေယာဉ်ဆင်းနိုင်ရန် ပြေးလမ်းများ ပြုလုပ်သတ်မှတ်ထားခြင်းလည်း မရှိကြောင်း စသည်ဖြင့်အတည်ပြုလိုက်သည်။

ဗိုလ်ချုပ်ဗလာဒီမီထရော့၏ အတွေးများ တုန်လှုပ် ချောက်ချားသွားသည်။ သို့သော်လည်း လုံးဝမပျက်စီးသွားသေးချေ။ သူဦးနှောက်တွင် ရှုပ်ထွေးနေသည်။ သူ့တွင်အဖြေ ရှိသည်။ သူ၏ဦးနှောက်တစ်နေရာ၌ အဖြေရှိသည်ဟုသူယုံကြည်သည်။

အတွင်းရေးမှူးက သူ့ကိုအေးစက်တည်ငြိမ်သော မျက်လုံးဖြင့်ကြည့်နေသည်။

"ခင်ဗျားမှာရှိတဲ့ အားလပ်နေတဲ့ တပ်ဖွဲ့တွေအားလုံး မြောက်ဖက်ပိုင်းအခုထွက်



www.burmeseclassic.com

www.burmeseclassic.com



ခွာဖို့ အမိန့်ထုတ်ပြန်ပါ။

အတွင်းရေးမှူးက အမိန့်ပေးလိုက်သည်။ ဗလာဒီမီထရော့ကသဘောပေါက်ကြောင်း ခေါင်းညိတ်ပြသည်။

ဗလာဒီမီထရော့သည်မြေပုံကိုမကြည့်တော့ပဲတခြားမြေပုံကိုအလင်းရောင်ပြောင်းထိုးပြရန်အမိန့်ပေးသည်။သူ့အတွက်မှ ရေပေါ်ရေအောက်နှင့်ကောင်းကင်သို့သွားသည့် တိုက်ခိုက်ရေးတပ်ဖွဲ့အားလုံးကို စားပွဲပုံပိတ်ကားပေါ်ရှိမြေပုံထက်ရှင်းအောင် သူဦးနှောက်ထဲရှိနေသည်။

ဗလာဒီမီထရော့သည် တိုက်လေယာဉ်နှင့် ရှာဖွေရေးလေယာဉ်အုပ်စုအားလုံးမြောက်ဘက်သို့ထွက်ခွာရန် အမိန့်ပေးလိုက်သည်။

ဘာရိန် ပင်လယ်အတွင်းရှိ ရေငုပ်သင်္ဘော များကိုလည်းမြောက်ဘက်သို့စက်ကုန်မောင်းပြီး ထွက်ခွာရန် အမိန့်ပေးလိုက်သည်။ ထို့အပြင် ရီဂါဒုံးပျံတပ်တိုက်သင်္ဘောနှင့် စောင့်သင်္ဘောနှစ်စင်းကိုလည်းမြောက်ဘက်သို့ထွက်ခွာစေပြီး ရဟတ်ယဉ်များကို ကောင်းကင်၌ ပျံသန်းနေစေရန် အမိန့်များတစ်ခုပြီး တစ်ခုဆက်ထုတ်ပြန်လေတော့သည်။

ဗလာဒီမီထရော့က ပြောဆိုခြင်းမရှိသော်လည်း သူ့အမိန့်ပေးရာ ဒေသအလိုက်အော်ပရေတာသည် ဒေသအလိုက် အော်ပရေတာသည် မြေပုံများလဲလှယ်ကာအလင်းရောင်ထိုးပြလေသည်။သူ့တွင်ရှိသမျှ လေယာဉ်အားလုံး ကောင်းကင်သို့ လွှတ်တင်ခဲ့ ရေပေါ်ရေအောက် တိုက်ရေယာဉ်များကိုလည်း ခရီးလမ်းကြောင်းအသီးသီးသတ်မှတ်ပေးပြီးဖြစ်သည်။သူ့မျက်နှာပေါ်တွင်ချွေးများစိုနေသည်။ခြေထောက်များမှာရပ်မနေနိုင်အောင် အားအင်ကုန်ခမ်းလာသည်။ ဗိုလ်ချုပ်ဗလာဒီမီထရော့သည် ကုလားထိုင်ပေါ် ထိုင်ချပြီးမော့ကြည့်လိုက်ရာ အတွင်းရေးမှူးက သူ့ကိုကြည့်ပြီးပြုံးနေသည်ကိုတွေ့ရလေသည်။

"ကဲဘယ်နှယ့်လဲ ဗိုလ်ချုပ်ဗလာဒီမီထရော့၊ ခင်ဗျား လုပ်ကိုင်ပုံ ကြည့်ရတာ သိပ်မဆိုးပါဘူး။ ခင်ဗျားကြည့်ရတာအားရကျေနပ်နေပုံပေါ်တယ်။

ဗိုလ်ချုပ်ဗလာဒီမီထရော့မှာ ကလေးငယ်တစ်ယောက်ကို အကြီးအကဲတစ်ဦးကချီးမွမ်း သလိုဖြစ်သဖြင့်ခပ်ကြောင်ကြောင်နှင့် ဘာမှမဖြေနိုင်ပဲ ခေါင်းသာညိတ်နေခဲ့လေသည်။

"တရက်ဆော့ဖ်၊သတင်းပို့ပါတယ် သူ့ရဲ့ မစ် (၃၁) လေယာဉ်ဟာ"အင်ဒီဂါ" အနားရောက်နေပြီး ကမ်းခြေကိုလောင်ဂျီတွဒ် ၅၀ ဒီဂရီမျဉ်းကြောင်း အကိုင်းဖြတ်ကျော်နေပါတယ်"

အော်ပရေတာမှသတင်းပေးပို့သံကြောင့် အတွင်းရေးမှူးမှစကားဆက်ပြီး မ



www.burmeseclassic.com

www.burmeseclassic.com



ပြောနိုင်တော့ပဲ၊ ရပ်ဆိုင်းသွားသည်။အခန်းထဲတွင်တိတ်ဆိတ်ငြိမ်သက်လျှက်ရှိနေရာမှ သတင်းကြောင့် လှုပ်ရှားလာ၏။ စားပွဲဝိုင်းတွင်ထိုင်နေကြသော ပုဂ္ဂိုလ်အားလုံးသည် ခိုးယူသွားသည့် မစ်(၃၁)လေယာဉ်၏စွမ်းပကားကိုသိအောင် ရုတ်တရက်နိုးဆွ ပေးလိုက်သည်။ တရက်ဆော့ဖစ်ထွက်ခွာသွားသည်မှာ (၂၅)မိနစ် ကျော်လောက်ပင်ရှိသေးသည်။ ဘဲလ်ယာဒ်စခန်းမှဆိုလျှင် ကမ်းခြေသည် မြောက်ဘက်တွင်ရှိပြီး မိုင်ပေါင်း(၁၂၅၀)ခန့် ဝေးကွာသည်။ မစ်(၃၁) လေယာဉ်သည် ကမ်းခြေသို့ရောက်ပြီ ယခုအခါ ဖြတ်ကျော်လျှက်ပင် ရှိသည်။ဘာရိန်ပင်လယ်ပေါ်သို့လောင်စာဆီဖြည့်ပေးမည့် လေယာဉ်နှင့် ဆုံးဆည်းရန် ဆက်လက်ပျံသန်းလျှက် ရှိသည်။ ဗိုလ်ချုပ်ဗလာဒီမီထရော့ သည် အတွင်းရေးမှူးကို ကြည့်လိုက်ရာ အခိုက်အတန့်အားဖြင့် တည်ညိမ်လျှက်ရှိကြောင်း ထိုသူ၏ မျက်လုံးများက ဖော်ပြနေသည်ကိုတွေ့ရလေသည်။

အတွင်းရေးမှူးခင်ဗျာတရက်ဖစ်ဆော့စ်အတွက် ခရီးလမ်းကြောင်းပြောင်းပေးဖို့ ကျွန်တော်အမိန့်ပေးရပေးရမှာလားခင်ဗျာ"

"အခုအနေနဲ့တော့မလိုသေးဘူး။ဆီဖြည့်ပေးမယ့်လေယာဉ်နဲ့အယင်ဆုံဆည်းပါစေအုံး၊ ဂျန်ကိုတွေ့ကြတဲ့အခါကြမှတရက်ဖစ်ဆော့စ်ကို ဒုံးပျံနဲ့ပစ်ခိုင်းလိုက်ရင်ပြီးရောပေါ့။ မကောင်းဘူးလား"

အတွင်းရေးမှူးသည်သဘောကျစွာဖြင့်ရယ်မောလိုက်သည်။ ဗိုလ်ချုပ်ဗလာဒီမီထရော့အနေဖြင့် ထိုရယ်မောသံသည် သူ့အားစိတ်မသက်သာမှု မရရှိခဲ့ သည့်အပြင် ယုံကြည်အားထားမှု လွန်ကဲသဖြင့်ဆုံးရှုံးမည်ကိုတွေးတောမိသည်။

ရေခဲပြင်ပေါ်သို့ဂျန်ဆင်းခဲ့သည်မှာ မိနစ် (၂၀)ပင်ရှိချေပြီ။ ထိုအချိန်အတွင်း ဆီဖြည့်ပေးမည့်လုပ်ငန်းဘယ်မျှတိုးတက်နေသည်ကိုလေ့လာရန်ရေခဲပြင်အပေါ်သို့ဂျန်တစ်ဖန်ဆင်းလာခဲ့ပြန်သည်။

ရာသီဥတုမှာအလွန်အေးပြီးသူ့ပတ်ဝန်းကျင်တစ်ခုလုံးမြူနှင်းများအုပ်ဆိုင်းနေသည်။ ဖိုင်းယားဖော့စ်အနီးရှိ ရေခဲပြင်အပေါ်၌ ဂျန်ရပ်နေသည်။ သူ့အားကြည့်ရသည်မှာ ဆီးယားဘောကာ၏ သင်္ဘောသားများလက်တွင်းသို့လေယာဉ်အားလုံးဝလွှဲပြောင်းပေးထားရသည့်အတွက် စိတ်ချသဘောတူပုံမရချေ။သူ့ခေတ္တငှားဝတ်ဆင်ထားသောသားမွေးအနွေးထည်၏အမွေးများမှာ အအေးဒဏ်ကြောင့် ခဲတောင့်နေကြသည်။ လက်နှစ်ဘက်ကို အနွေးထည်အိတ်အတွင်းထိုးထား၏။

ဖြူဖွေးပြီးပုံပန်းသဏ္ဌာန်မရှိသောရေခဲပြင်ကမ္ဘာကြီးကိုငေးမောကြည့်ရှုယင်း မြူနှင်းအကြား သင်္ဘောသားများ လှုပ်ရှားနေသည်ကို သူတွေ့ရလေသည်။ အချင်းအပေ ၄လက်မရှိ ပိုက်လုံးနှစ်လုံးသည် ရေခဲပြင်အပေါ်မြေကြီးနှစ်ကောင် ပ မာ လေယာဉ်ဆီသို့ဖြတ်ကျော်သွားသည်။ ရေငုပ်သင်္ဘောဦးပိုင်းအပေါ် ထွက်ပေါက်အကြီးမှ စက်သီး ဖြင့်ရေခဲပြင်အပေါ်သို့ရေစုပ်စက်တွန်းလှည်းကျရောက်လာသည်။ ရေစုပ်စက်လှည်းကို ရေခဲပြင်ပေါ်တွန်းသွားကြသည်။ ဦးပိုင်းရှိသင်္ဘောသားများအိပ်စင်အခန်းမှ အပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ချက်ပေါက် လှောင်အိမ်တံခါးပေါက်ပွင့်သွားသည်။ ဂျန်၏နှာခေါင်းအတွင်းသို့လောင်ကျွမ်းဆီအနံ့ ချက်ချင်းတိုးဝင်လာသည်။သင်္ဘောသားများအိပ်စင်ခန်းအတွင်းသို့ ပိုက်တစ်ချောင်း ထိုးသွင်းပြန်သည်။

ဆီဖြည့်ရန်မိနစ် (၂၀) ခန့်ကြာအုံးမည်ဟုဂျန်ခန့်မှန်းသည်။ လေယဉ်၏ကိုယ်ထည်ပေါ် စီးဆင်းနေမည့်'စတယ်တစ်' လျှပ်စစ်ဓာတ်အားကြောင့်ဆီဖြည့်နေစဉ် မီးဘေးအန္တရာယ်မရှိစေရန်၊ လေယာဉ်နှင့် ရေငုပ်သင်္ဘောကိုယ်ထည်နှစ်ခုအား ကြေးနန်းကြိုးဖြင့်ဆက်သွယ်ပြီး မြေကြိုးအဖြစ်လုပ်ရသေးသည်။ ကြေးနန်းကြိုးမှာတိုနေသဖြင့် လေယာဉ်ဆီသို့ရောက်ရန် တစ်ဖန်ဆက်ရပြန်သည်။ ထို့ကြောင့်ဆီဖြည့်မည့်အရေးကို နှောင့်နှေးစေသည်။

ရေငုပ်သင်္ဘောနှင့်ပါလာသော အင်ဂျင်နီယာတစ်ဦးနှင့် အီလက်ထရွန်နစ်ပါရဂူတစ်ဦး လေယာဉ်ကို စစ်ဆေးနေကြစဉ် ဂျန်သည် ယုံကြည်စိတ်ချစွာနှင့် ရေငုပ်သင်္ဘောဆီသို့ လျှောက်သွားသည်။ ဆီးယားဘေကာနှင့်အတူအိပ်ခန်းအတွင်း စောင့်နေသည်။ အခန်းတံခါးခေါက်သံပေါ် ထွက်လာပြီး အခန်းအတွင်းသို့ လက်ထောက်အရာရှိတစ်ဦး ဝင်လာသည်။

"မိုးလေဝသ သတင်းလာပို့တာပါ"

"ဘာတဲ့လဲ"

ဂျန်က သိချင်ဇောနှင့် မေးလိုက်၏။

"လေကျနေပါတယ်၊ တခါတလေ (၁၅) နော့သ်အထိ တိုက်ခတ်နိုင်ပါတယ်၊ဆီးနှင်းတွေလဲ ကွဲစပြုနေပါပြီ"

"ရေခဲပြင်ပေါ် ကအဖွဲ့ရဲ့ အခြေအနေကော"

"ပြီးလုနီးပါပြီ၊ နောက်ထပ် (၈) မိနစ်လောက်ပဲ ကြာလိမ့်မယ်လို့ပဲစ်ကပြောပါတယ်"

ပဲစ်ဆိုသူမှာ ရေငုပ်သင်္ဘောတွင် ပါလာသော အင်ဂျင်နီယာချုပ်ဖြစ်သည်။ ဂျန်အမြန်ဆုံး ထွက်ခွာနိုင်ရန်နှင့် သူ၏ရေငုပ်သင်္ဘော အန္တရာယ်ကင်းရန်အတွက် သင်္ဘောသားများကို ငှဲ့ညှာခြင်းမရှိပဲ ခိုင်းနေမည်ကိုဂျန်ယုံကြည်သည်။ လက်ထောက်အရာရှိသည် ကပ္ပတိန်အား သတင်းပို့ပြီးပြန်ထွက်သွား၏။ဂျန်သည်ထိုင်နေရာမှထလိုက်စဉ် ရေငုပ်သင်္ဘောသည်ရုတ်တရက်တခုခုနှင့်ဝင်တိုက်မိသကဲ့သို့ပြင်းစွာတုန်ခါသွားသည် ဂျန်သည်သူ၏ကိုယ်ကိုမထိမ်းနိုင်ပဲ စားပွဲပေါ် မှောက်လျက်သား ထိုးကျသွား၏၊ ကပ္ပတိတိန် ဆီးယားဘေကာလည်း အိပ်စင်ပေါ်မှ ကြမ်းပြင်ပေါ် သို့ထိုးကျသွားသည်၊ အခန်းတွင်း ထွန်းထားသည့်မီး မှိတ်သွားသည်။ မကြာမီပြန်လင်းလာသည်၊အခန်းပြင်စကြံ့လမ်း ကြမ်းပြင်ပေါ်တွင် လက်ထောက်အရာရှိထိုးကျသွားသံကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျန်သည်အမှတ်တမဲ့ စားပွဲခုံနှင့်ခိုက်မိသည့်အတွက်ထုံကျင်နေသည်။ စိုးရိမ်ထိတ်လန့်လျက်ရှိသော ကပ္ပတိန်က ဂျန်အားစိုက်ကြည့်နေသည်။

"ဘာဖြစ်တာလဲဗျ"

ဂျန်ကမေးလိုက်၏။ ဆီးယားဘေကာသည်ကြမ်းပြင်ပေါ်မှထရပ်လိုက်သည် နှုတ်ခမ်းခိုက်မိသွားခဲ့ရာသွေးများကိုလက်ဖြင့်သုတ်လိုက်သည်။အခန်းအပြင်ဘက်ရှိ စင်္ကြံလမ်းပေါ်တွင်ပြေးလွှားနေကြသည့် ခြေသံများကြားနေရသဖြင့်ကပ္ပတိန်သည်တံ ခါးဖွင့်လိုက်သည်။

"ဘာဖြစ်တာလဲရဲဘော်"

"ဘာဖြစ်တယ်ဆိုတာမသိသေးဘူး"

"ဘာ. . . . . ဒါဆိုယင်ဘာဖြစ်လို့ မစုံစမ်းသလဲ"

"ဟုတ်ကဲ့ကပ္ပတိန်"

"ဖိုင်းယားဖောစ့်ကော" ဂျန်သည်လေယာဉ်အတွက် စိုးရိမ်မိကာကပ္ပတိန်အား သတိပေးလိုက်သည်။

"ခင်ဗျားရဲ့ဖိုင်းယားဖောစ့်ကို အသာထားအုံး၊ ကျွပ်ရေငုပ်သင်္ဘောက အရေး ကြီးတယ်"

ကပ္ပတိန်ဒေါသထနေသည်။

ကပ္ပတိန်သည်အခန်းပြင်သို့ထွက်သွားသည်။ စင်္ကြံပေါ်တွင်နဖူးဒဏ်ရာ ကြောင့်သွေးများထွက်ကာ လဲကျနေသော လက်ထောက်အရာရှိကိုလုံးဝဂရုမစိုက်နိုင် ပဲ သင်္ဘောထိမ်းသိမ်းရေး အခန်းတို့ခြေလှမ်းကြဲကြဲနှင့် ပြေးသွားလေသည်။ လက်ထောက် အရာရှိ၏ ဒဏ်ရာကို ဂျန်စစ်ဆေးပြီး မစိုးရိမ်ရန် ပန်းပုတ်ပြီးအားပေးစကားပြောကြား၏၊ ထို့နောက် ကပ္ပတိန်၏နောက်သို့ လိုက်သွားလေသည်။

ထိမ်းသိမ်းရေးအခန်းထဲတွင် ပစ္စည်းပရိဘောဂများ နေရာတကျမရှိပဲရှုပ်ထွေး နေ၏။သင်္ဘောကုန်းပတ်ပေါ်တက်ရန်လှေကားဆီသို့ ဂျန် လျှောက်သွားသည်။

"ပျက်စီးသွားတဲ့အခြေအနေကိုအမြန်ဆုံးသတင်းပို့ပါ"

ကပ္ပတိန်ကအမိန့်ပေးလိုက်သည်။ဂျန်သည်ရေငုပ်သင်္ဘောမှထွက်လာခဲ့သည်။ ရေခဲပြင်ပေါ် သင်္ဘောသားများ ဖရိုဖရဲနှင့် နေရာအနှံ့အပြား လဲနေကြသည်ကို ဂျန် မြင်ရလေသည်။ ဒဏ်ရာရသူအချို့ အားပိုင်းဝန်းပြုစုနေကြသည် ရေငုပ်သင်္ဘောအနား တွင်ရှိသောရဲဘော်တစ်ဦးကို ဂျန်အော်မေးလိုက်သည်။

"ဘာဖြစ်တာလဲ ရဲဘော်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်ကပ္ပတိန်ထွက်လာပြီး ဂျန်အနားတွင် ယှဉ်ရပ်နေသည်။

"မသိပါဘူးဗျာ၊ အက်ကွဲသံကြီး ထွက်ပေါ်လာပြီး ကျွန်တော်လဲရေခဲပြင်ပေါ် ထိုးလဲကျသွားတာပဲ မှတ်မိတယ်။ ကြည့်ရတာ ရေခဲပြင်ကို တခုခုဝင်တိုက်တယ်ထင်တယ်။

"တော်ပီဒိုနှင့် အပစ်ခံရတာတော့ မဟုတ်ဘူးနော်။ မစ္စတာ ပဲစ်ဘယ်မှာလဲ"

"သူ ဟိုဘက်ကိုလျှောက်သွားတယ်"

သင်္ဘောသားသည် မစ္စတာပဲစ်လျှောက်သွားရာ ရေခဲပြင်ဘက်သို့ လက်ညှိုးကိုးပြလိုက်၏။ ဂျန်သည်ရေခဲပြင်ပေါ်သို့ဆင်းပြီး မစ္စတာပဲစ်နောက်သို့လျှောက်သွားလေသည်။ ရေခဲပြင်ပေါ်တွင် လေပြင်းတိုက်ခတ်လျှက်ရှိသည်။မြူနှင်းကြားမှမစ္စတာပဲစ်ထွက်လာသည်။

"ဘာဖြစ်တာလဲ မစ္စတာပဲစ်၊ ဘာများပျက်စီးသွားသလဲ"

ဂျန်ကစုံစမ်းမေးမြန်းလိုက်သည်။

"ဖိအားကြောင့် ရေခဲပြင်ပေါ် ရေခဲတောင်ဖြစ်ပေါ်လာတာပါ။မစ္စတာဂျန်"

"ဘုရားရေ . . ဘယ်လောက်ကြီးသလဲ"

ဂျန်ကစိုးရိမ်တကြီး မေးလိုက်သည်။

"ရေခဲပြင်တစ်လျှောက် ခလေးငါး ပေမြင့်လောက် မြင့်တက်လာပါတယ်မစ္စတာဂျန်"

"ကဲလုပ်စမ်းပါဦး ဆရာကြီး၊ ကျွန်တော့်ကို လိုက်ပြစမ်းပါဦး"

ဂျန်ကမြင်ချင်စိတ်စောနေသဖြင့် မစ္စတာပဲစ် ၏ ရှေ့လျှောက်သွားသည်။ ကပ္ပတိန်မှာလည်း ကြောင်ကြည့်နေရာမှ ဘာလုပ်ရမှန်း မသိပဲ ဂျန်နောက်သို့ လိုက်သွားလေသည်။

ရေခဲပြင်အပေါ်တွင် ရေခဲနံရံလေးတစ်ခု လေးပေအမြင့်ရှိပြီး ရေခဲပြင်တစ်လျှောက် ထွက်ပေါ်လျှက်ရှိသည်။

"ရေခဲပြင်တစ်လျှောက် ကန့်လန့်ပေါ်နေတယ်လို့ခင်ဗျားဆိုလိုတယ်မဟုတ်လားမစ္စတာပဲစ်"

"ကျွန်တော့်အတော်လှမ်းလှမ်း လျှောက်ကြည့်ခဲ့ပါတယ်။ ကျွန်တော့်စိတ်မထင်တော့တလျှောက်လုံး ပေါ်ထွက်တယ်လို့ ထင်ပါတယ်မစ္စတာဂျန်"

ဂျန်ကမယုံနိုင်အောင် ဖြစ်နေသည်။ မစ္စတာပဲစ် ကဲ့သို့စေ့စပ်သေချာသော



www.burmeseclassic.com

www.burmeseclassic.com



အင်ဂျင်နီရာ တစ်ယောက်ကပြောလျှင် လွဲမည်မဟုတ်ကြောင်းဂျန်ယုံကြသည်။

"ဘာကြောင့်ဖြစ်တာလဲ"

"ရေခဲပြင် ခပ်သေးသေးအရွယ်တစ်တုံးဟာလေတိုက်တဲ့ဒဏ်ကြောင့်ကျွန်ေ တို့ရဲ့ရေခဲပြင်နောက်ကနေပြီး ဝင်တိုက်တာပါအဲဒီလိုတိုက်တဲ့အတွက်ကြောင့် အ ဖိအားတွန်းကန်ပြီး ရေခဲတောင်ကုန်းတစ်ခုဖြစ်ပေါ်လာတာပဲ၊ မစ္စတာဂျန်"

"အဲဒီအတွက် ဘယ်လိုဖြစ်တယ်ဆိုတာ ခင်ဗျား သဘောပေါက်တယ်မ လား၊ မစ္စတာပဲစ်။ ကျုပ်လေယာဉ်ပျံတက်လို့မတော့ဘူးဗျ"

ဂျန်၏စိုးရိမ်ပူပန်မှုများသည် မြူနှင်းများနှင့်အတူ သူ့ကိုယ်အား အုပ်ဆိုင်း သည်။

\+ \+ \+

ဆိုဗီယက်ယူနံတွင်အာဏာအရှိဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်သူ၏ အယူအဆလွဲ နေသည်ကို သိသဖြင့် ဗိုလ်ချုပ်ဗလာဒီမီထရော့သည် စိတ်ဓာတ်တော်ကျသွားသ

ဗိုလ်ချုပ်ဗလာဒီမီထရော့သည် စကားပြောခွက်ကို ကိုင်လိုက်ပြီး 'တရ ဆော့ဖစ် နှင့် ဆက်သွယ်ရန်ဟန်ပြင်သည်။

"တရက်သ်ဆော့ဖစ်၊ ဗိုလ်ချုပ်ဗလာဒီမီထရော့ ပြောနေတယ်"

ဗိုလ်ချုပ်ဗလာဒီမီထရော့သည် ဆက်သွယ်ရာတွင် စကားဝှက်သုံး သတိမထားချေ အဓိကအချက်မှာ ဆက်သွယ်ပြောဆိုသည့်အခါ လေယာဉ်အမ မဖော်ရန်သာဖြစ်သည်။ ထို့မှသာလျှို့ဝှက်ရာရောက်မည်။

ထိုအချိန်၌လေယာဉ်မှူးတရက်ဆော့ဖ်၏မစ် (၃၁) လေယာဉ်သည်အမြ ပေ (၁၅၀၀၀) တွင်ရှိပြီး လေယာဉ်နှာခေါင်းထိပ်သည် ဆီဖြည့်ပေးသည့်ဝမ်းဗိုက်အေ တွင် ရောက်ရှိနေသည်။ သူတို့လေယာဉ်နှစ်စင်းဆုံခဲ့သည်မှာမိနစ်ပိုင်းလောက်ပင်ရှိ သည်။

စပီကာခွက်ထဲမှ ဆက်သွယ်သံထွက်ပေါ်လာသည်။

"တရက်သ်ဆော့ဖ်၊ ကြားရပါတယ်၊ အမိန့်ပြောပါ"

"ဗလာဒီမီထရော့မှ တရက်သ်ဆော့ဖ်သို့ဆီဖြည့်ပြီးတာနဲ့ မြောက်ဘက်သို့ လက်ပျံသန်းပါ"

"မြောက်ဘက်ဟုတ်လား၊ ကျေးဇူးပြု၍ ထပ်မံပြောပါအုံး"



www.burmeseclassic.com

www.burmeseclassic.com



ဗလာဒီမီထရော့ ဒေါသထွက်နေ၏။ လေယာဉ်မှူးမှာ အစီစဉ်ပြောင်းလိုက်သောကြောင့် တွေဝေသွားသည်။

"ငါပြောတာ မြောက်ဘက်သွားဖို့ပဲ၊ ဒုံးပျံတင် တိုက်သင်္ဘောရိဂါနှင့် ဝူးလ်ဖ်ဖးခ် မြေပြင်စခန်းကိုရေဒီယိုနဲ့ဆက်သွယ်ပါ။ ရှင်းရဲ့လား"

"သဘောပေါက်ပါတယ်၊ ဆက်ပြောပါ"

"ကောင်းပြီ၊ ဆက်လက်ညွှန်ကြားမှုကို စောင့်မျှော်ပါ။ ပြီးပြီစက်ပိတ်ပါ"

ထရန်ဆင်တီမီတာခလုတ်ကိုဗလာဒီမီထရော့ ပိတ်လိုက်သည်။ သူတို့၏ဆက်သွယ်သံကို အမေရိကန်များ ပြတ်သားစွာ ကြားဂါမှ်မည်ဟု ယုံကြည်သည်။ ထိုသူများ အနေဖြင့် မြားယောင်း လှည့်စားနေသည်ဟု ယူဆကြမည်ကို ဗလာဒီမီထရော့ တွက်မိသည်။ အတွင်းရေးမှူးအား ကြည့်လိုက်သည်။ အတွင်းရေးမှူးသည် ထိုအခိုက်၊ ကေဂျီဘီအကြီးကဲနှင့် စကားလက်ဆုံကြလျှက်ရှိသဖြင့် သူ့အကြည့်မြင်နိုင်မည်မဟုတ်ပေ။ ကူတူးဇော့ဗ်ထံသို့ သူ့မျက်လုံးများရောက်သွားသည်။ သူ့အပေါ် ကြင်နာမှုနှင့် ကိုယ်ချင်းစာမှုထားသော ကူတူးဇော့ဗ်အား မျက်လုံးများဖြင့် ကျေးဇူးတင်ကြောင်းတုန့်ပြန်ပြသည်။

သူစဉ်းစားနေ၏။ သို့ရာတွင် အားရကျေနပ်ခြင်းမရှိ။ ဒေါသထွက်နေမိသည်။ စီစဉ်ခဲ့သည့်အနက် တစ်ခုခုသာအောင်မြင်လျှင် သူ့အနေနှင့်မည်ကဲ့သို့ဆောက်ရွတ်ရမည်ဖြစ်ကြောင်းနှင့် ရှာဖွေရေး လေယာဉ်များမည်သည့်အရာကို ရှာဖွေရမည်ဖြစ်ကြောင်း သူကောင်းစွာသိ၏။ သို့ရာတွင်အတွင်းရေးမှူး အားမတင်ပြရဲချေ။ အကယ်၍ ခြေချော်လက်ချော်ဖြစ်ခဲ့လျှင် သူ၏ရှေ့တက်လမ်းအတွက် မတွေးဝံတော့ချေ။ သူ့စိတ်ကြိုက် အတိုင်းဆောင်ရွက်ရလျှင် ရရှိမည့်အဖြေကိုသူသိသည်။ သို့ရာတွင်အတွင်းရေးမှူးက သူ့တင်ပြချက်ကို လုံးဝနားထောင်မည်မဟုတ်ကြောင်းသိသည်။

မစ် (၃၁) လေယာဉ်သည် အမေရိကန်များလက်တွင်းသို့ ကျရောက်တော့မည်။ သူ့အနေနှင့်ဘာမှမတတ်နိုင်။

\+ \+

ရေခဲပြင်ကို သူတို့စစ်ဆေးကြည့်ကြသည်။ မစ္စတာပဲစ် ပြောပြသည့်အတိုင်း ရေပြင်၏အရှေ့အနောက် ဝင်ရိုးတစ်လျှောက်တွင် ရေခဲတောင် ကုန်းဖြစ်ပေါ် နေသည်ကို တွေ့ရလေသည်။ ရေခဲပြင်၏တစ်ဝက်သာသာနေရာတွင်ဖြစ် ပြီး လေယာဉ်ပြေးလမ်းကို ကန့်လန့်ဖြတ် ကာရံတားဆီးထားသည်။ ထိုကုန်းထိ ပြေးလမ်းအတိုင်း ဂျက်အနေဖြင့် လေယာဉ်ကို ပျံတက်နိုင်စွမ်းမရှိချေ။

"လုပ်လို့ရပါတယ်ဗျာ"

မစ္စတာပဲစ်က အားပေးလိုက်သည်။ လက်ထောက်အရာရှိကမူ အကြံဉာဏ်ပေးနိုင်စွမ်းမရှိသဖြင့် နှုတ်ဆိတ်နေ၏။ မစ္စတာပဲစ်၏ ဒုတိယအင်ဂျင်နီယာဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



တော့သူ့ဆရာဆုံးဖြတ်ချက်ကိုထောက်ခံသည်။

"ဖြစ်နိုင်ပါ့မလား . . . ပဲစ်ရယ်၊ တို့မှာဂေါ်ပြားတွေနဲ့ ပုဆိန်တွေလုံလုံလောက်လောက်ရှိလို့လား။"

ဆီးယားဘေကာသည် ဖြစ်နိုင်သည်ဟူသော စကားကို သံသယရှိနေသဖြင့် မေးလိုက်သည်။ ဂျန်သည်ဝင်ရောက်ဆွေးနွေးခြင်းမရှိဘဲ ရေခဲပြင်ကိုသာကြည့်နေသည်။ ကပ္ပတိန်သည် ဂျန်ကို တစ်ချက်ကြည့်လိုက်ပြီး စိတ်ဝင်စားမှုမပြသောကြောင့် ဒေါသထွက်နေ၏။

"ကျွန်တော်တို့မှာ ကိရိယာတွေ ပြည့်စုံပါတယ်။ နောက်ပြီး ခပ်ပျော့ပျော့ ဗိုင်နမိုက်ကို အသုံးပြုရင်ရနိုင်ပါတယ်။ "

မစ္စတာပဲစ်က သူ့အမြင်ကိုတင်ပြသည်။

"မဖြစ်နိုင်တာ . . . ပဲစ်"

"ဖြစ်နိုင်ပါတယ်၊ ကျုပ်တို့မှာ ပေါက်ကွဲအားနည်းတဲ့ ဗိုင်းနမိုက်တွေကိုအသုံးပြုရင် ရေခဲပြင် ဘာမှမပျက်စီးနိုင်ပါဘူး။ "

"ခင်ဗျားလေယာဉ်ရဲ့ ဘီးအကွာအဝေး . . . ဘယ်လောက်လဲ"

"(၂၂) ပေပါ"

ဂျန်သည် မစဉ်းစားဘဲ ဖြေလိုက်သည်။

"သေချာရဲ့လား"

ဂျန်သည်နှုတ်ဖြင့် မဖြေကြားဘဲ၊ ခေါင်းသာညိတ်ပြလိုက်သည်။

"ဒီတောင်ကုန်းကို ခင်ဗျား ကျော်နိုင်ဖို့အတွက် ဘယ်လောက်ဖြိုခွဲပေးရမှာလဲ"

မစ္စတာပဲစ်ကမေးသည်။

"ပေသုံးဆယ်လောက်လိုမယ်"

စိန်ခေါ်သံမျိုးနှင့် မေးလိုက်သူမစ္စတာပဲစ်ကိုပြုံးပြပြီး ဖြေလိုက်သည်။

"မစ္စတာဂျန်၊ ခင်ဗျားစိတ်ထင်တာတွေကိုမပြောပါနဲ့၊ ကျုပ်တို့ရဲ့အလုပ်ထရောက်ဖို့ အချိန်တိုတိုတောင်းတောင်းနဲ့ ပြီးဆုံးဖို့သာလုပ်ရမယ်။ ရေခဲပြင်ကိုဖဲ့ထုတ်တာနဲ့ လေယာဉ်ကြီးပါ ထိခိုက်မှာကြောက်ရသေးတယ်"

ကပ္ပတိန် ဆီးယားဘေကာသည် ပြောဆိုပြီး သူတို့နှစ်ဦးအားအကဲခတ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"ကျူပ်အတွက်ပေသုံးဆယ်ပဲလိုပါတယ်"

"ကဲဒါဆိုရင်ခင်ဗျားအရင်လိုချင်တဲ့ ပေသုံးဆယ်ရရပါစေမယ် ဖြစ်စေချင်တဲ့ နေရာကိုသာ အခုလိုက်ပြပါ။ မစ္စတာပဲစ်နဲ့သူ့အဖွဲ့ဟာခင်ဗျားအတွက်အလုပ် လုပ်ပေး ပါမယ်"

ဂျန်ထွက်ခွာသွား၏သူ့နောက်တွင် ကျန်လေးဦးမှာ ပင်ပန်းနေသော်ငြား ခြေလှမ်းနှေးနှေးနှင့် လိုက်သွားကြသည်။ ဂျန်၏မျက်နှာတွင်သံသယရှိပုံ လုံးဝ မတော်ပြ ချေ။ ဘီး များ၏အကွာဝေးမှာ (၂၂) ပေရှိပြီးသူဖောက်ခိုင်းသည်လမ်းမှာ ပေ (၃၀) ဖြစ်သဖြင့် ဘီးတစ်ချက် လေးပေမျှသာကွာဟမည်။ ယခုလိုအခြေနေ မျိုးနဲ့ဆိုလျှင် သူ့လည်ပင်းကို သူ ဓားနှင့် လှီးဖြတ်နေသလိုဖြစ်မည်။

ဂျန်၏ခြေလှမ်းများ ရပ်သွားသည်။

"ဒီနေရာပဲ"

နေရာအမှတ်သားပေးပြီး ခြေလှမ်းအကွာအဝေးတိုင်းနေ၏။ ထို့နောက်တဖန် နေရာအမှတ်မှတ်ရန် 'ပဲစ်'အားစောင့်နေသည်။ မစ္စတာပဲစ်ရောက်လာသောအခါ ခေါင်း ညိတ်ပြသည်။ သူတို့ဖောက်ရမည့်နေရာမှာရေခဲပြင်၏ဗဟိုတွင်ရှိမည်ကို ဆီးယားဘောကာ စဉ်းစားမိသည်။ လေယာဉ်ပျံပြေးလမ်းအတွက်ဂျန်သည်အရှည်ဆုံးတောင်မြောက်ဝင် ရိုးလမ်းကြောင်းကိုရွေးချယ်သည်။

"လမ်းရှင်းဖို့ ဘယ်နှစ်နာရီလောက်ကြာမှာလဲ မစ္စတာပဲစ်"

"တစ်နာရီလောက်ကြာလိမ့်မည် မစ္စတာဂျန်"

တစ်နာရီဆိုသော အချိန်မှာ ကြာလွန်းသည်ဟု ပဲစ်ကိုပြောပြချင်သော်လည်း အချီးနှီးဖြစ်မည့်ပြောကြားချက်ကို မပြုလုပ်ရန် ဆုံးဖြတ်လိုက်သည်။

ကပ္ပတိန်သည်သည် အနွေးထည် အိတ်အတွင်းမှစကားပြောစက်ကိုထုတ်ယူ ကာ သူ၏ပါးစပ်နားတေ့လိုက်သည်။

"ဝေါတာဆန်" ကျူပ်ကို သင်္ဘောစကားပြောလိုင်းနဲ့ဆက်သွယ်ပေးပါ ကပ္ပတိန် ပြောနေပါတယ် နားထောင်ပါ၊ ရေခဲပြင် ကုန်းတုန်းကိုရှင်းဖို့တစ်နာရီလောက်ကြာလိမ့် မယ်။ ဆိုလိုချင်တာတော့ တို့တစ်နာရီလောက်ကြာခဲ့ အချိန်တွင်းမှာ အရာရာတိုင်း အသင့်ဖြစ်နေကြဖို့ပဲ။ သတိလက်လွတ်မနေကြနဲ့ကောင်းကင်ပျေပြင်ရေအောက်ကိုအထူး ဂရုစိုက်ရှာဖွေကြည့်ရှုနေဖို့၊ တကယ်လို့ တစ်ခုခုသာသတိမထားခဲ့ရင် တို့ရဲ့အသက် အန္တရာယ်ဖြစ်ပေါ်နိုင်တယ်ဆိုတာ သိထားစေချင်တယ်။ တို့ဒီအပေါ်မှာဆူညံသံတွေဖြစ် အောင်လုပ်ကြတော့မှာမို့ မင်းတို့ငြိမ်ငြိမ်သက်သက်နေကြပါ။ လေယာဉ်ပေါ်မှာရှိ



www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်တွေကတော့လေယာဉ်မခဲအောင် 'ဒီအိုင်စ်' ရေခဲပျော်အောင်လုပ်ထားပေးပါ။ အချိန်မရွေးဘီးလိမ့်နိုင်အောင်ထားပါ။ လမ်းရှင်းဖို့အတွက်မစ္စတာပဲစ်ဦးဆောင်လုပ်လိမ့်မယ်။ သူလိုအပ်တဲ့လူ၊ လက်နက်ကိရိယာတွေ ကိုသူပြောပါလိမ့်မယ်"

ကပ္ပတိန်သည် ဒဏ်ရာ ရထားခဲ့ကြသော ရဲဘော်များ စာရင်းကိုဆရာဝန်ထံ စုံစမ်းနေ၏။ မစ္စတာပဲစ်ကသူလိုသော လူစာရင်းနှင့်ကိရိယာများကိုမှာလိုက်လေသည်။ ကပ္ပတိန်သည်ဂျန်ဘက်သို့လှည့်လိုက်ပြီး။

"ခင်ဗျားပြောတာသေချာရဲ့လား မစ္စတာဂျန်"

"စိတ်ချပါကပ္ပတိန် ကျွန်တော်ပေ(၃၀) ရေခဲပြင်ပေါ်မောင်းထွက်နိုင်ပါတယ်"

"အခုလိုရာသီဥတုမကောင်းတဲ့အချိန်မှာ ဖြစ်ပါမလား"

"ဒါထက်ဆိုးတာတောင်ဖြစ်နိုင်သေးတယ်"

"တစ်ကယ့်လူပဲ၊ ကောင်းပါပြီလေခင်ဗျားပြောသလိုလုပ်ပေးပါ့မယ်"

"တစ်နာရီလောက်အချိန်ပေးပါ"

"ကျုပ်လေယာဉ်ကိုသွားကြည့်နေမယ်"

"အင်း ကောင်းပါတယ်၊ ဆက်လုပ်ပေတော့"

ဂျန်ကခေါင်းညိတ်ပြပြီးထွက်သွားလေသည်။ ရေငုပ်သင်္ဘောနားတွင် မစ္စတာပဲစ်ဆင့်ခေါ်လိုက်သော သင်္ဘောသားများစုရုံးရောက်ရှိနေကြသည်။

ရေငုပ်သင်္ဘော ရှက်တိုင်အနီးရှိ ရေလှောင်ကန်တွင်ရေမခဲရန် ဆေးရည်တစ်မျိုးကို ပိုက်လုံးများတစ်လျှောက် ရေစုပ်စက်ဖြင့်စုတ်ယူပြီး လေယာဉ်၏တောင်ပံများနှင့် ကိုယ်ထည်ကိုပက်ဖြန်းပေးလျှက်ရှိသည်။ ထိုလုပ်ငန်းကိုလူလေးဦးလုပ်ဆောင်နေသည် ကိုဂျန်တွေ့ရသည်။

ယခုမှဂျန်သည်၊ လေယာဉ်ကိုဂရုစိုက် အနီးကပ်ကြည့်ရှု လေ့လာခွင့်ရလေသည်။ အချိုးကျသောကိုယ်ထည်နှင့် အင်ဂျင်စက်အတွက်လေဝင်ပေါက်ကြီးများကိုလေ့လာကြည့်ရှုလေသည်။ ယခင်တိုက်လေယာဉ်များတွင်ဤကဲ့သို့ကြီးမားသောအင်ဂျင်စက်ကြီးများတစ်ခါမှတပ်ဆင်ခြင်းမရှိခဲ့ချေ။တောင်ပံအောက်တွင် မွမ်းမံပြီးဖြစ်သောခတ်မီးဒုံးပျံများ ပစ်စင်တွင်အဆင်သင့်ရှိနေသည်ကိုတွေ့ရသည်။ ယခင်ကဘက်ဂျာလေယာဉ်နှင့် ရဟတ်လေယာဉ်အတွက် အသုံးပြုခဲ့သော ဒုံးပျံများနေရာတွင် အသစ်အစားထိုးထားလျှက်ရှိပြီး ယခုဒုံးပျံလေးလုံး အဆင်သင့်ဖြစ်နေလေသည်။

ရေခဲပြင်ကုန်းကို ဖြိုချရန်အတွက် ကပ္ပတိန်နှင့်မစ္စတာပဲစ် တို့နှစ်ယောက်ဂျန်ဆွေးနွေးနေစဉ် လေယာဉ်ဆီဖြည့်သည့် လုပ်ငန်းပြီးဆုံးသွားသည်။ ဆီဖြည့်သည့်ထ



www.burmeseclassic.com

www.burmeseclassic.com



လုံးနှင့် လေယာဉ်နှာခေါင်းတံနှင့် ဆက်သွယ်ထားသောမြေကြိုးများကို ဖြုတ်ယူပြီးဖြစ်သည်။ ယခုအခါ ဆီဖြည့်ပေးသည့်အဖွဲ့သည် လမ်းရှင်းပေးသည့်အဖွဲ့ကို ကူညီရန်သွားကြဟန်တူသည်။

လေယာဉ်မှရေခဲပြင်တောင်ပိုင်းသို့ဂျန်လျှောက်သွားသည်။ ရေခဲပြင်အစွန်းသို့ ရောက်သောအခါ တဖန်မြောက်ဘက်သို့ ပြန်လျှောက်ပြန်သည်။ လေယာဉ်ပြေးလမ်းကို မှတ်မိအောင် လေ့လာနေလေသည်။ ရေခဲပြင်နှစ်ခုတိုက်မိစဉ် ပြေးလမ်းတွင်ကုန်းဖြစ်ပေါ်သည်မှအပ လုံးဝမပျက်စီးခဲ့ချေ။ မြောက်ဘက်စွန်းသို့ရောက်ခဲ့ပြီးပြန်လာတွင် အိတ်အတွင်းဆက်သွယ်ရေးမီး အချက်ပေးလေသည်။ ဂျန်သည်ဆက်သွယ်ရေးစက်ကို ထုတ်လိုက်ပြီး ခလုတ်နှိပ်လိုက်လေသည်။

"ဟုတ်ကဲ့ပြောပါခင်ဗျာ"

"ဂျန်နားထောင်ပါ၊ တို့ရဲ့မြောက်ဘက်မှ ဆက်သွယ်ရေးသတင်းသုံးခုရရှိခဲ့တယ်။ ခင်ဗျားလေယာဉ်လမ်းကြောင်းအတိုင်းပဲဗျ"

ကပ္ပတိန်၏ အသံထွက်ပေါ်လာသည်။ ဂျန် အချိန်အနည်းငယ်စဉ်းစားပြီး ပြန်ဖြေလိုက်သည်။

"တိုက်သင်္ဘောနဲ့ သူ့အစောင့်တိုက်ဖျက်ရေးရေငုပ်သင်္ဘောနှစ်စင်းပဲဖြစ်မှာပါပဲ"

"ဘုရားရေ၊ ခင်ဗျားကတော့ ကျုပ်ကိုဒုက္ခပေးမယ့်လူပါလား"

"သူတို့ဒီကိုရောက်ဖို့ ဘယ်လောက်လိုအုံးမှာလဲ"

"၄၀ မိနစ် ဒါမှမဟုတ်(၄၅) မိနစ်လောက် ကြာအုံးမှာပါ"

"အင်း၊ တော်ပါသေးရဲ့၊ ကျွန်တော်အချိန်ရသေးတယ်"

"အတော် ကိုယ်ချင်းစာတရားရှိတဲ့သူပဲ၊ ခင်ဗျားအတွက်အချိန်ရပေမဲ့ ကျုပ်ရဲ့ရေငုပ်သင်္ဘောအတွက်ကော ထည့်မစဉ်းစားတော့ဘူးလား။ အခုခင်ဗျား လေယာဉ်ပျံတက်နိုင်ဖို့အတွက် သူတို့အသက်နဲ့ရင်းပြီး လုပ်ပေးနေကြတဲ့ရဲဘော်တွေအတွက် ကော"

"ကျုပ်ဝမ်းနည်းပါတယ်ကပ္ပတိန်၊ ကျုပ်အဲဒီလို မစဉ်းစားမိဘူး"

"ဘာပဲဖြစ်ဖြစ် တို့ထင်တာထက်တော့ ကြာနိုင်ပါသေးတယ်။ ခင်ဗျားပျံတက်သွားနိုင်ဖို့လိုတဲ့အချိန်နဲ့ ကျုပ်တို့ရေငုပ်သင်္ဘောကိုမိနိုင်ဖို့အချိန်ဟာအတူတူဖြစ်မှာပါ။ မေ့စွတာပဲစ်က အချိန်ပိုပိုလိုလိုကြိုတွက်ပြီးပြောမှာဖြစ်ပါတယ်"

"ဒီဘက်ကိုလာနေတာသေချာတယ်နော်ကပ္ပတိန်"



www.burmeseclassic.com

www.burmeseclassic.com



"တိတိကျကျတော့မပြောနိုင်ဘူး၊ ကျုပ်အထင်တော့ မလာမှာကပိုသေ
တယ်"

"မလာဘူး ဟုတ်လား"

"အနောက်ဘက် လေယာဉ်ပြေးလမ်းကြောင်း အတိုင်း သွားနေတာတော့
ချာတယ်။ ဒီဘက်ကိုလာမယ်၊ မလာဘူးဆိုတာမသေချာဘူး။မျက်စိနဲ့မြင်ရယင်တော့
တတ်ပြောနိုင်တာပေါ့ဗျာ"

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၊ (တစ်ဆယ်)

## ဘ တစ်ပြန်၊ ကျား တစ်ပြန်

ဗိုလ်ချုပ်ဗလာဒီမီတထရော့မှာ အခက်ခဲများစွာနှင့် ရင်ဆိုင်နေရသဖြင့် သူ့စိတ်ကို နိုင်အောင်ထိန်းထားရသည်။ အတွင်းရေးမှူးသည် ဗိုလ်ချုပ်ဗလာဒီမီထရော့၏ ခင်မြင်ယူဆချက်ကို အလေးအနက်မထားပဲ ဆန့်ကျင်သောသဘောရှိသည်။ လက်ရှိအခြေနေအရ ဗိုလ်ချုပ်ဗလာ ဒီမီထရော့သည် အတော်စိတ်ဓာတ်ကျနေမိသည်။ သူ့ရာထူးလက်လွှတ်၊ စွန့်လွှတ်ရမည့်အရေးကိုသူမလိုလားချေ။ တနေ့'ကူးတူးဇော့ဇ်' င်စင်ယူသည့် အချိန်တွင် ထိုပုဂ္ဂိုလ်၏နေရာ၌ သူရရှိရန်သူမျှော်မှန်းသည်။သို့ရာတွင် ယခုအခါသူ့မှာအကျဉ်း အကြပ်နှင့်ရင်ဆိုင်နေရသည်။ အကယ်၍လက်ရှိအနေထား အတိုင်းအမိန့်ပေးလုပ်ကိုင်ခဲ့ပြီးဂျန်ကလည်း မစ် (၃၁) လေယာဉ်ကိုခိုးယူသွားနိုင်ခဲ့လျှင် လေယာဉ်ကိုပြန်မရသည့်အတွက် သို့မဟုတ်ဖျက်လည်းမဖျက်ဆီးနိုင်ခဲ့လျှင် ဆိုဗီယက်တို့၏ဆုံးရှုံးနစ်နာမှုအားလုံး သူ့အပေါ်ပုံချပြီးအပြစ်တင်ကြမည်ကို သူယုံကြည်သည်။ ထိုကြောင့်သူအနေဖြင့် မထူးတော့ပြီဖြစ်ရာ အတွင်းရေးမှူးကို သူလိုလားသည့်အတိုင်း အရေးဆိုရန်ဆုံးဖြတ်လိုက်သည်။ ဗိုလ်ချုပ်ဗလာဒီမီထရော့ တောင်းဆိုချက်မှာ ဒိုဂါတိုက်သဘော်ာထံပို့ပေးသောအမိန့်အတိုင်း ချက်ချင်းဆောင်ရွက်ပေးရန်ဖြစ်သည်။

အတွင်းရေးမှူးခင်ဗျာ. . . ကျွန်တော်ရဲ့ခန့်မှန်းချက် အရဆိုရင် အဲဒီနေရာမှာရေခဲပြင်ကြီးတွေရှိတဲ့အတွက်ရိုဂါတိုက်သဘော်ာဆီမှရတဲ့ တိုင်းတာချက်သတင်းတွေက မပြတ်သားပါဘူး။ ဒါကြောင့်သေချာအောင်စစ်ဆေးဖို့ ကောင်းတယ်"

သူ့အကြံပေးချက်မှာငြိမ်သက်နေသော အခန်းတွင်း၌နစ်မြုတ်ပျောက်ကွယ်သွားသည်။အတွင်းရေးမှူးနှင့်လေယာဉ်အုပ်စု စစ်ဦးစီးမှူးဗိုလ်ချုပ်ဗလာဒီမီထရော့တို့၏ အကားထိုးစစ်ပွဲ ကစားနေကြသည်ကိုအခန်းတွင်းရှိကျန်သူများကပွဲကြည့်ပရိတ်သတ်အနေဖြင့်နားထောင်နေကြသည်။သူ့အတွက်နောက်ဆုံးအခွင့်ရေးသာဖြစ်ကြောင်း ဗိုလ်ချုပ်ဗလာဒီမီထရော့ သဘောပေါက်သည်။

"ခင်ဗျားရဲ့ခန့်မှန်းချက်အရ. . . ဟုတ်လား"

အတွင်းရေးမှူးက ညင်သာစွာပြောလိုက်သော်လည်း ဗိုလ်ချုပ်ဗလာဒီမီထရော့ကို အပြစ်တင်သဘောမျိုး ရှိလေသည်။

"အခုမစ် (၃၁) လေယာဉ်ဟာ ပင်လယ်ပြင်မှာ ဘယ်လိုလောင်စာဆီဖြည့်သည်ဆိုတာ ကျွန်တော်သဘောပေါက်ပါပြီ။ သူတို့တတွေ့ရေခဲပြင်ကြီးကို လေယာဉ်ပြေးလမ်းအဖြစ် အသုံးပြုမယ်၊ နောက်ပြီးဆီဖြည့်ပေးမည့်ရေယာဉ်အမျိုးအစားဟာ ရေငုပ်သဘော်ာတစ်စင်းဖြစ်မယ်ဆိုတာ ယုံမှားသံသယဖြစ်စရာမရှိပါဘူး။ ရိုဂါစစ်သဘော်ာ ပေးပို့တဲ့ 'ဆိုနာ'ဆိုတဲ့ အဆက်အသွယ်ဟာ ဒါပဲဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ဗလာဒီမီထရော့သည် အတွင်းရေးမှူးကို ကျားကြီးတစ်ကောင် လိုအန္တရာယ်ကောင်းဟု သဘောထားသည်။ သူ့သဘောမှာ မှန်ကန်ခဲ့ပြီ အကယ်၍ ဂျန်သာလွတ်မြောက်နိုင်ခဲ့လျှင်သူ့ဘဝရှေ့ရေးတွေးဝံ့စရာပင်မရှိတော့ပြီ။ ကိုယ်ကိ ကိုယ်သတ်သေဖို့ ပင်ရှိတော့မယ်။သူသည်ဂျန်အပေါ်အတော်ဒေါသထွက်နေ၏။ ဂျန်ကိုသာ မိယင်အစိမ်းလိုက်ပင် စားချင်တော့သည်။

"လေယာဉ်ပျံ ဆင်းခဲ့တယ်၊ ဟုတ်လားဗလာဒီမီထရော့"

"ဟုတ်ပါတယ်"

သူတစ်ဖန်အရေးနိမ့်ပြန်ဟုသူထင်မှတ်လိုက်သည်။အတွင်းရေးမှူး၏အသံမှာ ခြောက်သွေ့ပြီး တည်ငြိမ်လှသည်။ သူ၏တင်ပြချက်ကို အယုံကြည်ကင်းမဲ့ဟန်ရှိ၏။ စားပွဲပေါ်ရှိ မြေပုံမှာ မြောက်ပိုင်းပြ မြေပုံဖြစ်သည်။ အော်ဗရေးစီစဉ်ထားသည့်ပရိယာယ် အတိုင်း ဖြားယောင်းခံရလေပြီ။ ဗိုလ်ချုပ်ဗလာဒီမီထရော့မှာ အစကတည်းကပင် သံသယရှိခဲ့သည်။ အော်ဗရေးသည်ပရိယာယ်ဆင်ရင်အတွက် လေယာဉ်နှင့် ရေငုပ် သင်္ဘောတို့ကို ပို့ထားခဲ့သည်။ယခုတော့လက်တွင်းရှိသမျှ ဆိုဗီယက်လေတပ်နှင့် ရေတပ် များ မြောက်ဘက်သို့ အားလုံးလိုလိုပို့ထားခဲ့ကြပြီး ဖြစ်သည်။ သူ့ရှေ့တွင်ထိုင်နေသူ အတွင်းရေးမှူးလက်တွင် သူ့ဘဝကိုဖျက်စီးပစ်နိုင်သော အာဏာရှိ၏။ သူ့ကိုဖြုတ်ပြီး ထောင်ထဲကို ထည့်နိုင်သည်။ သူ့ကိုစိတ်မနှံ့အောင် လုပ်နိုင်သည်။ သူ့ဘဝ အရှုံးထောင် တွင် အဆုံးမခံပေ။ ထို့ကြောင့်အကျိုးအကြောင်းပြန်လည်တင်ပြရမည်ဟုဆုံးဖြတ် လိုက်လေသည်။

"အခုတွေ့ရတဲ့နေရာကတော့ ရီဂါတိုက်သင်္ဘောနဲ့အစောင့်ရေငုပ်သင်္ဘောတို့ ဟာလေယာဉ်ခြေရာပျောက်သွားတဲ့ဘက်ရှိပါတယ်ခင်ဗျာ"

"အတွင်းရေးမှူးရှာခိုင်းတဲ့ရေခဲပြင်ဆီကို ရဟတ်ယာဉ်တွေလွှတ်ဖို့ကလည်း အချိန်အတော်ကြာအုံးမှာဖြစ်ပါတယ်။ ဒီတော့ လောင်စာဆီသယ်ပို့တဲ့ရေငုပ်သင်္ဘော တွေဆီကိုအတွေ့ကြုံရင့်ကျက်တဲ့ ဗိုလ်ချုပ်တစ်ဦးကိုအစောင့်ရေငုပ်သင်္ဘောတစ်စီးနှင့် ဆက်သွယ်မိအောင်စုံစမ်းရှာဖွေဖို့လွှတ်လိုက်ပါ့မယ်"

အတွင်းရေးမှူးသည်ကေ-ဂျီ-ဘီအကြီးအကဲသို့တစ်ချက်ကြည့်ပြီး ဗိုလ်ချုပ် ဗလာဒီမီထရော့ အားပြောလိုက်သည်။ ကေ-ဂျီ-ဘီ အကြီးကဲကတော့ အတွင်းရေးမှူး ဘာကိုရည်ရွယ် ပြီးပြောလိုက်သည်ကိုသဘောပေါက်ကာပြုံးပြလိုက်သည်။

"ဒါပေမဲ့. . . ."

အတွင်းရေးမှူးကလက်တစ်ဖက်ထောင်ပြလိုက်သဖြင့်ဗိုလ်ချုပ်ဗလာဒီမီထရော့ စကားဆက်မပြောနိုင်ပဲ ရပ်သွားသည်။

"အစောင့်ရေငုပ်သင်္ဘောတစ်စင်း အဲဒီနေရာရောက်မှ ဘယ်လောက်ကြာလဲ



www.burmeseclassic.com

www.burmeseclassic.com



ဗလာဒီမီထရော့"

"မိနစ် (၄၀) ထက် ပိုမကြာနိုင်ပါဘူး ခင်ဗျာ"

"ကဲ၊ ဒီလိုဆိုရင် ခင်ဗျားရှာခိုင်းတဲ့ နေရာမှာ စိတ်ဝင်စားစရာအကြောင်းရှိခဲ့ယင် မြောက်ဘက်တွင်ဆုံဆည်းဖို့မစ်(၃၁)လေယာဉ်ကိုအမြန်ဆုံးသွားခိုင်းရမှာပေါ့"

အစီစဉ်တစ်ခုတော့ ပြီးဆုံးပြန်ပြီဟူသော အတွေးနှင့် ဗိုလ်ချုပ်ဗလာဒီမီထရော့သက်ပြင်းချလိုက်သည်။ သူတစ်ကိုယ်လုံး ပင်ပန်း နွမ်းနယ်လျက်ရှိသည်။ တစ်ခုခုတော့သူလုပ်ဆောင်ခဲ့လေပြီ။သို့သော် အောင်မြင်မှုကိုတော့မျှော်မှန်း၍ မရသေးချေ။

သူ၏ခံစားချက်များ မျက်နှာပေါ်လွင် နေမည်ကိုစိုးရိမ်သဖြင့်စကားဝှတ်သတင်းပို့သည့် အော်ပရေတာဘက်သို့ချက်ချင်းလှည့်လိုက်ကာ'ရီဂါ'စစ်သင်္ဘော ကပ္ပတိန်အတွက် အမိန့်စာ ထုတ်ပြန်လိုက်သည်။

\+ \+ \+

'ပီယူအိုးရ်'ရေငုပ်သင်္ဘောဆက်သွယ်ရေးစက်ခန်းတွင်အလုက်ရှုပ်လျက်ရှိသည်။ဂျန်သည်အစီမံရောင် ဆိုနာဒိုင်ခွက်ကို အတော်ကြာအောင်ကြိုးစားကြည့်နေမိ၏။ အော်ပရေတာကလည်း ဆိုနာဆက်သွယ်ရေးဖြင့်ရှာဖွေ့တွေ့နေသော ဒိုင်ကွက်ပေါ်ရှိအကွက်သုံးကွက်ကို အထူးဂရုစိုက်ကာ အခြေနေကိုလေ့လာလျက်ရှိသည်။ ဆိုနာဖြင့် တိုင်းတာရှာဖွေနိုင်သော အကွာအဝေးမှာ ရေငုပ်သင်္ဘောမှ မိုင် (၃၀) အတွင်းသာဖြစ်သည်။ သူတို့ မြင်နေရသော အကွက်သုံးကွက်မှာ ဆိုင်နာဒိုင်ကွက် အပြင်စက်ဝိုင်း၌ ဖြစ်သည်။ ထိုစဉ်က အကွက်တစ်ကွက်သည် ကျန်နှစ်ကွက်ရှိသည့် အနောက်ဘက်လမ်းကြောင်းမှ ခွဲထွက်လာပြီး 'ပီယူအိုးရ်' ရေငုပ်သင်္ဘောဆီသို့ ဦးတည်လျက် လာနေသည်။

သူ့ထံ အစောင့် ရေငုပ်သင်္ဘောတစ်စင်း ထွက်လာကြောင်း ဂျန် သိသည်။ ရီဂါ စစ်သင်္ဘောနှင့် ကျန်အစောင့် ရေငုပ်သင်္ဘောတို့သည် အနောက်ဘက်လမ်းကြောင်းအတိုင်း ဆက်သွားနေသည်။ ဆိုနာဒိုင်ကွက်အရ သူ့ထံလာနေသော ရေငုပ်သင်္ဘောမှာ မိုင် (၂၀) အကွာအဝေးအတွင်း ရောက်နေကြောင်း ခန့်မှန်းနိုင်သည်။

အုပ်ချုပ်ရေးစက်ခန်းအတွင်း၌ ဆိုနာဖြင့် ဆက်သွယ်ရသည့် ပွဲတင်သံများနှင့် နားကြပ်များနားတွင် တပ်ဆင်ထားသည့် ရေဒီယိုအော်ပရေတာများ၏ အသက်ရှူသံမှ အပ အခြား ဘာသံမှ မကြားရချေ။

"ဒီကို ရောက်ဖို့ ဘယ်လောက်ကြာမှလဲ"

ဂျန်အနားတွင် ထိုင်နေသော ဆီးယားဘေကာ က မေးလိုက်သည်။

"မပြောနိုင်ဘူး။ ဒီ ဆိုနာစက်နဲ့ အဝေးကို တိုင်းတာတဲ့အခါ ကြားဖြတ်အနှောင့်



www.burmeseclassic.com

www.burmeseclassic.com



အယ်ယှက်ကြောင့် မတိကျဘူးဆိုတာတော့ ခင်ဗျားအသိပဲ မဟုတ်လား။ ဒါကြောင့် ကျွန်တော်အတိအကျမပြောနိုင်ပါဘူး"

အော်ပရေတာသည် ဒိုင်ကွက်ကိုကြည့်ကာ ကပ္ပတိန်အား ဖြေကြားလိုက်သည်။

"ခုမှ၊ ဒုက္ခပဲ" ကပ္ပတိန်ကညည်းလိုက်သည်။

"ရှုရှားရေငုပ်သင်္ဘောတွေဟာ ဘယ်လောက်မြန်မြန် မောင်းနိုင်သလဲ ကပ္ပတိန်"

"ကျုပ်ဘယ်လိုလုပ်ပြီး သိမှာလဲ ဂျွန်၊ အခုလာနေတဲ့ သင်္ဘောဟာ အမျိုးအစားတောင် ကျုပ်မသိဘူး။ အနီးကပ်ရောက်မှ ကွန်ပျူတာစက်က အမျိုးအစားတွက်ပေးနိုင်မယ်"

"အမည်မသိတဲ့ ရေငုပ်သင်္ဘောတစ်စင်း နီးကပ်လာနေပါတယ်"

"ကဲ ဒီလိုဆိုယင် ဘယ်လိုလုပ်ကြမလဲ ကပ္ပတိန်"

ဂျွန်ကို ကပ္ပတိန်က စိုက်ကြည့်လိုက်သည်။

"ခင်ဗျား သွားရမယ့် ခရီးစဉ် လမ်းညွှန်ချက်တွေကို ချိတ်ပိတ်ပြီး ပေးထားတဲ့ အထုပ်တစ်ထုပ်ကျုပ်မှာရှိတယ်။ ဒါကို ပထမလုပ်ရမယ်။ နောက်ပြီး ဒုတိယအနေနဲ့ ကျွန်တော်တို့ရဲ့ ရုပ်ဖျက်ပစ္စည်းတွေကို အဝတ်ဗီဒိုထဲက ထုတ်ပြီး ပြင်ဆင်ရဦးမယ်"

"ကျုပ်တို့ဘက် တိုးလာနေတုန်းပဲ"

ကပ္ပတိန် ဆီးယားဘေကာ သည် သူ့လက်ထောက်ထံမှ ရေငုပ်သင်္ဘောအတွင်း သတင်းပြောကြားနိုင်သည့် စကားပြောခွက်ကို တောင်းလိုက်သည်။

"ဂရုတစိုက်နားထောင်ပါ။ ကပ္ပတိန်ပြောနေပါတယ်၊ ဟမ်းလွဲစ်အန္တရာယ်ကင်း အစီအစဉ်ကို အမြန်ဆုံး ဆောင်ရွက်ကြပါ။ တို့မှာမိနစ် (၃၀) လောက်ပဲ အချိန် ရှိတော့တယ်။ သည့်ထက်တောင် နည်းနိုင်ပါတယ်။ အချိန်များများရမယ် မဟုတ်ဘူး။ ကဲ လုပ်စရာရှိတာတွေကို အချိန်မနှောင်းမီ အမြန်ဆုံး လုပ်ကြပေတော့"

"အန္တရာယ်ကင်း အစီအစဉ်ဆိုတာ ဘာလဲ ကပ္ပတိန်"

ဂျွန် သဘောမပေါက်သဖြင့် မေးလိုက်သည်။

"ကျုပ်တို့ရဲ့ အသက်တွေကို ကယ်နိုင်မယ့်အကွက်တစ်ကွက်ပေါ့။ မကြာခင် တွေ့ရမှာပဲ။ ကဲ၊ ခင်ဗျားရဲ့ ညွှန်ကြားချက်တွေကိုယူဖို့ ကျုပ်နောက်လိုက်ခဲ့ပေတော့"

ကပ္ပတိန် ထွက်ခွာသွားရာနောက်သို့ ဂျွန် လိုက်သွားသည်။ ကပ္ပတိန်သည် သူ၏ အိပ်စင်အခန်းသို့ ဝင်သွားလေသည်။ ဂျွန်ဝင်သွားသောအခါ အံဆွဲတံခါးကို



www.burmeseclassic.com

www.burmeseclassic.com



သော့ခတ်လိုက်သည်။ နံရံရှိ မီးခံသေတ္တာသို့သွားပြီး လျှို့ဝှက်နံပါတ်များလှည့်ကာ မီးခံသေတ္တာတံခါးကို ဖွင့်လိုက်၏။ အတွင်း၌ အထုပ်တစ်ထုပ်ဆွဲထုတ်လိုက်၏။ အထုပ်မှာ ပလပ်စတစ်ဖြင့် ထုတ်ထားပြီး အတွင်း၌ ချိန်ပိတ် အမိန့်စာအိတ်နှင့်အတူ 'အက်စစ်' ပြွန်တောင့် တစ်တောင့် တွေ့ရလေသည်။ ကပ္ပတိန်သည် လက်နှစ်ချောင်းကို ပြွန်တောင့်အပေါ် ညှပ်ကာ ဂျန်အား လှမ်းပေးလိုက်သည်။

ထို အက်စစ်ပြွန်ချောင်း ကွဲသွားပါက အိတ်အတွင်းရှိ စာရွက်ထုပ်မှာ တခဏချင်း မီးလောင်ကျွမ်းပျက်စီးသွားမည်ဖြစ်သည်။

ဂျန်သည် အထုပ်ကို ဖြည်လိုက်သည်။ အထုပ်အတွင်း၌ မြေပုံများနှင့် ခရီးစဉ်လမ်းစဉ်ပြ အညွှန်းများ ထုတ်ယူပြီး ဂျန်က အသေအချာ ဦးနှောက်အတွင်းမှတ်သားလိုက်သည်။ ညွှန်ကြားချက်မှာ ခပ်ရိုးရိုးပင်ဖြစ်သည်။ ရှေ့ဦးစွာ လေယာဉ်ကို ခပ်နိမ့်နိမ့်နှင့် ဖင်လန်ကမ်းခြေကို ကျော်ဖြတ်ရမည်။ သူဖြတ်ရမည့်ကမ်းခြေမှာ ဖြားယောင်း လှည့်စားရန် စီစဉ်ထားသော မြောက်အင်္ဂ၏ အရှေ့ဘက်တွင်ဖြစ်သည်။ ထိုမှတဆင့် 'စတော့စ်ဟိုးစ်' သို့ ဦးတည်သွားရမည်။ စတော့စ်ဟိုးစ် သို့ ရောက်သောအခါ ဘို့သ်နီးယား ပင်လယ်ကွေ့အပေါ် ပျံသန်းပြီး စတော့စ်ဟိုးစ်မှ လန်ဒန်သို့ ပျံသန်းသည့် ခရီးသည်တင် လေယာဉ်နှင့် ဆုံဆည်းရမည်ဖြစ်သည်။ အဘယ်ကြောင့် ဆုံဆည်းရမည်ကို ဂျန်သဘောပေါက်လေသည်။

မစ် (၃၁) လေယာဉ်ကို ထိုခရီးသည်တင် လေယာဉ်နောက်မှ ကပ်ပျံသွားပါက ထိုလေယာဉ်မှူးများ သိနိုင်ကြမည် မဟုတ်သည့်ပြင် အင်ဖရားရက်ခ် ဒိုင်ကွက်တွင်လည်း ခရီးသည်တင်လေယာဉ်မှ စက်အပူငွေ့ ထွက်သည့်လမ်းကြောင်းတစ်ခုသာ တွေ့နိုင်ပေမည်။ လေယာဉ်ခရီးစဉ်အတိုင်း ပျံသန်းမည်ဖြစ်သဖြင့် သံသယ ဖြစ်နိုင်စရာမရှိချေ။ မျက်စိအမြင်ဖြင့် ရှာဖွေခြင်းမှအပ သူ့အား တစ်ခြားနည်းများဖြင့် ရှာတွေ့နိုင်မည် မဟုတ်ပေ။ အင်္ဂလိပ်ကမ်းခြေအပေါ် သတ်မှတ်ထားရာ နေရာသို့ ရောက်သည့်အခါ ဂျန်သည် အင်္ဂလိပ် လေတပ်မတော်နှင့် ဆက်သွယ်ရမည်။ သူ့အား လေယာဉ် စက်စမ်းယာဉ်အဖြစ် စီစဉ်ထားလေသည်။ ဤနည်းဖြင့် ဆွီဒင်နိုင်ငံ အရှေ့ဘက်ကမ်းခြေအပေါ် ဗြိတိသျှခရီးသည်လေယာဉ်နှင့် ပူးပေါင်းပျံသန်းသွားစဉ် အင်ဖရားရက်ခ်ဖြင့် အပူငွေ့လမ်းကြောင်း နှစ်ခု တွေ့ခဲ့ပါက ရုရှားတို့အနေဖြင့် ဘာမျှ တတ်နိုင်တော့မည် မဟုတ်ချေ။

ဂျန်သည် ညွှန်ကြားစာများကို နောက်တစ်ခေါက်ဖတ်ပြီးမှ ဦးနှောက်ထဲ သေချာစွာ မှတ်သားထားလိုက်သည်။ ညွှန်ကြားစာများကို အိတ်နှင့်အတူ စားပွဲခုံပေါ်ရှိ ဆေးလိပ်ပြာခွက်၌ စုပုံလိုက်ပြီး အက်စစ်ပြွန်ချောင်းကို ချိုးပစ်လိုက်သည်။

စက္ကန့်ပိုင်းအတွင်း စာရွက်များမှာ ပြွန်ချောင်းအတွင်းမှ ထွက်လာသော အက်စစ်ရည်များကြောင့် လောင်ကျွမ်းသွားသည်။

စာရွက်စာတမ်း အစအနများ ပျောက်လိုက်ပြီးဖြစ်သဖြင့် ဂျန်အားရကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ကပ္ပတိန် . . . ကျုပ်တို့အပေါ် တက်ပြီး မြေးလမ်းအခြေအနေကို သွားကြည့်ရအောင်။ နောက်ပြီး ခင်ဗျားရဲ့ အန္တရာယ်ကင်း အစီအစဉ်ကိုလည်း ကြည့် ယင်းပေါ့။ ဟုတ်လား"

\+ \+ \+

အော်ဗရေးအနေဖြင့် စိတ်မချသေး၊ သို့ရာတွင် မြောက်အင်္ဂ ရုရှားတို့ကို ဖြားယောင်းလှည့်စားရန် လွှတ်ထားသော အစီအစဉ်မှာ အောင်မြင်ကြောင်း ပီကယ့် အိုးရဲ့ ရေငုပ်သင်္ဘော ကပ္ပတိန် ဆီးယားဘေကာထံမှ ဖိုင်းယားဖော့စ်လေယာဉ် အန္တရာယ်ကင်းစွာ ဆင်းနိုင်ပြီး ယောင်စာဆီဖြည့်ပြီးကြောင်း သတင်းရသောအခါ အားတက်ဝမ်းသာမိလေသည်။

အကယ်၍သာ ဆီးယားဘေကာထံမှ ၎င်းတို့သင်္ဘောရှိရာသို့ ရုရှားတို့၏ အစောင့် ရေငုပ်သင်္ဘောတစ်စင်း လာနေကြောင်း ဆိုနာစနစ်ဖြင့် တွေ့ရှိနေရသည်ကို အော်ဗရေးထံ အကြောင်းကြားခဲ့လျှင် သို့မဟုတ် ဘဲလ်ယာဒ်စခန်းမှ ဗိုလ်ချုပ်ဗလာဒီမီ ထရော့ ၏ အစီအစဉ်အရ မစ် (၃၁) လေယာဉ်တစ်စင်း ဂျန် နောက်သို့ လွှတ်လိုက်သည် ကို အော်ဗရေးသိခဲ့သော် ထိတ်လန့်တုန်လှုပ်မည်မှာ မုချအမှန်ပင်ဖြစ်မည်။ အော်ဗရေး စီစဉ်ထားသည့်အတိုင်း ဂျန် လိုက်နာခဲ့လျှင် လွယ်ကူစွာ အောင်မြင်မည်ဟု တစ်ထစ်ချ ယုံကြည်ထားလေသည်။

"အင်း . . . လူကြီးမင်းများခင်ဗျား၊ အခုနေအခါ အောင်မြင်ပြီဟု ဆိုရမှာ စောသေးပေမယ့် ဘာလို့ပဲဖြစ်ဖြစ် ကျုပ်တို့အတွက် ဝမ်းသာမှုအထိမ်းအမှတ် အနေနဲ့ အရက်သောက်ကြရအောင်လား"

အော်ဗရေးက ဝမ်းသာအားရစွာဖြင့် ပြောလိုက်သည်။

"ခင်ဗျားတော့ တကယ့်အချိန်ကောင်းကို ရွေးတတ်တဲ့သူပဲ။ ခင်ဗျား ပြောတာ မှန်တယ်။ ကျုပ်လည်းသဘောတူတယ်၊ ပုလင်းတစ်လုံးဖွင့်ကြစို့လား"

ဘာတ်ဟိုလ်လည်း အော်ဗရေး၏ ပြောကြားချက်ကို ထောက်ခံလိုက်၏။

"ကောင်းပြီ"

အော်ဗရေးက အခန်းထောင့်သို့ လျှောက်သွားသည်။ အရက်ပုလင်းများ စီထားသော တွန်းလှည်းများ အခန်းထောင့်တွင် ရှိသော်လည်း မည်သူမျှ အသုံးမပြုခဲ့ချေ။ အော်ဗရေးက အရက်တစ်ပုလင်း ကောက်ယူပြီး ဖန်ခွက်ထဲ ထည့်၍ အဖော်မိတ်ဆွေ များအား လှမ်းပေးသည်။

အော်ဗရေးသည် အရက်ခွက်ကို မြှောက်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်းတို့ရဲ့ ဖိုင်းယားဖော့စ်အတွက် ဂုဏ်ယူကြပါစို့ ပြီးတော့ ဂျန်အတွက် ဂုဏ်ပြုသည့်နေနှင့် သောက်ကြပါစို့"

"ဂျန်နဲ့ ဖိုင်းယားဖော့စ်အတွက်"

အခန်းတွင်းရှိ လူလေးဦးစလုံး တစ်ပြိုင်တည်းဆုတောင်းကြသည်။ ဘတ်ဟိုလ်၊ ရှယ်လေနှင့် ဗိုလ်ချုပ်ကာတင်တို့၏ မျက်နှာများတွင် ဝမ်းသာကြည်နူးသော အရိပ်အယောင်များ သန်းလာပြီး အားတက်ပျော်ရွှင်ကြသည်ကို အော်ဗရေး မြင်တွေ့ရသဖြင့် ကျေနပ်မိသည်။

ဂျန်ကို ကြိုဆိုရန်အတွက် စက်ကပ်ပဟောက်စ်ရှိ 'အာရ်-အေ-အက်ဖ်' လေတပ်စခန်းသို့ သွားရန် အော်ဗရေးစိတ်လောလျက်ရှိ၏။ သူ့မျက်နှာတွင် ပျော်ရွှင်နေသော အတွေးများကြောင့် ပြုံးယောင်သန်းလျက်ရှိလေသည်။

\+ × +

"အခြေအနေ ဘယ်လိုလဲဟေ့"

ဆီးယားဘေကာ က မစ္စတာပဲစ်အား မေးလိုက်သည်။

"ပြေးလမ်းကို ရှင်းပြီးပါပြီကပ္ပတိန်"

မစ္စတာပဲစ်သည် ပြောယင်း ဂျန်ဘက်သို့စိုက်ကြည့်ပြီး ဆက်ပြောပြန်လေသည်။

"ခင်ဗျားအတွက် လေယာဉ်ပြေးလမ်းကို ကျုပ်တို့အဖွဲ့က ချွေးပြန်အောင် လုပ်ခဲ့ရတယ် ဗိုလ်မှူး"

ဂျန် အံ့ဩသွားသည်။ သူတပ်မတော်တွင် ထမ်းဆောင်ခဲ့သည့်ရာထူးအဆင့်ကိုပင် ပဲစ်သိနေသောကြောင့်ဖြစ်သည်။

"အခုလို ခင်ဗျားနဲ့ တစ်ဖွဲ့လုံး ပင်ပန်းရတဲ့အတွက် ကျွန်တော်ဝမ်းနည်းပါတယ်။ ကျေးဇူးလည်းအထူးတင်ပါတယ် မစ္စတာပဲစ်။ ကဲ. . ဘယ်အဆင့်ထိ လုပ်ပြီးတာကို ပြောပြပါဦးခင်ဗျာ"

"ရေခဲကုန်းတန်းပေ (၃၀) အကွာအဝေးကိုတော့ ဖောက်ပြီးပြီ။ အခု ကျွန်တော်တို့ ရေငုပ်သင်္ဘော 'တာဘိုင်' စက်အင်ဂျင်ကနေ တိုက်ရိုက်ပိုက်လုံးတွေနဲ့ ဆက်ပြီး အပူ ဓာတ်ငွေ့ကို ရေခဲပြင်ညီသွားအောင် ညှိယူရဦးမယ်ဗိုလ်မှူး အချိန်တော့ ကြာဦးမှာပဲ ခင်ဗျာ"

"အမြန်ဆုံးပြီးနိုင်အောင်သာ လုပ်ပေးပါ မစ္စတာပဲစ်၊ ဘာကြောင့်လဲဆိုယင်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပေ (၃၀) ပြေးလမ်းအတွင်းကို (၁၅၀) နော့သ်နှုန်းနဲ့ ဖြတ်သွားတဲ့အခါ မျက်နှာပြင်မညီညာယင် အခက်အခဲတွေ့မှာမို့ တတ်နိုင်သမျှ မျက်နှာပြင်ညီအောင် လုပ်ပေးပါခင်ဗျာ။ နောက်ပြီး အချိန်ရှိယင် မြောက်ပိုင်းအစွန်းကနေပြီး ပြေးလမ်းတစ်လျှောက်လုံး ဖိုင်းယားဖော့စ် ရပ်နေတဲ့အထိ ပြေးလမ်းပေါ် အပူမာတင်ထွေဖြန်းပေးပါဦး"

"ဘာဖြစ်လို့လည်း ဗိုလ်မှူး"

မစ္စတာပဲစ်သည် သင်္ဘောမပေါက်သည့်ဟန်ဖြင့် မေးလိုက်သည်။

"ပြေးလမ်းရဲ့ ရေခဲမျက်နှာပြင်ကိုသာ ရှင်းပေးပါ။ ဒါမှ လေယာဉ်အတွက် မျက်နှာပြင်ပွတ်အားနည်းစေပြီး ကျွန်တော်မြန်မြန်ပျံတက်နိုင်မှာပေါ့ မစ္စတာပဲစ်"

"လုပ်ပေးလိုက်ပါ ပဲစ်။ ကျုပ်မှာ ခြေရာလက်ရာတွေ ဖျက်ရဦးမယ်။ ကဲ. . ဂျွန် ခင်ဗျားအန္တရာယ်ကင်းအစီအစဉ်ကို ကြည့်ချင်တယ်မဟုတ်လား။ ကဲ. . လိုက်ကြည့်ပေတော့"

အန္တရာယ်ကင်းအစီအစဉ်ကို ရေငုပ်သင်္ဘောပေါ်ရှိ သင်္ဘောသားများက ချီးမွမ်းဖွယ်ကောင်းလောက်အောင် ထမ်းဆောင်ပြီးဖြစ်သည်။ ရေငုပ်သင်္ဘောမှာ တခဏချင်းပင် အာတိတ်မိုးလေဝသစခန်း ဌာနချုပ်အသွင်သို့ ပြောင်းလွဲခဲ့သည်။ ရေငုပ်သင်္ဘော၏ တိုပီတိုခန်းနှင့် သင်္ဘောသားများအတွက် သီးသန့်ပိုင်းရှိ အိပ်ခန်းများကို ပင်လယ်ရေဖြင့် ဆေးကြောထားသဖြင့် ရေနံဆီအနံ့များ လုံးဝ ပျောက်ကွယ်သွားသည်။

ရေခဲပြင်ပေါ်တွင် တဲအိမ်တစ်လုံးဆောက်ထားသည်။ တဲအိမ်အတွင်း၌မူ သစ်သားစားပွဲ၊ ကုလားထိုင်များ၊ နံရံများအပေါ်တွင် မြေပုံကားချပ်အသစ်များ ချိတ်ထားလေသည်၊ စားပွဲခုံပေါ်တွင် မိုးလေဝသဆိုင်ရာသတင်းနှင့် စမ်းသပ်တွက်ချက်ထားသည့် ဖိုင်တွဲများ တွေ့ရပေသည်။ ကောင်းကင်ပေါ်သို့လည်း ပေ (၂၀) နှင့် ပေ (၃၀) အမြင့် တိုင်နှစ်လုံးတောင်ထားသေးသည်။ ထိုတိုင်များထိပ်တွင် လေတိုက်ခတ်နှုန်းတိုင်းတာသည့် ကိရိယာများနှင့် ကောင်းကင်ဆက်သွယ်ရေးကြိုးများတပ်ဆင်ထားသည်။ တဲအိမ် အတွင်း၌ အဖြူသုတ်ထားသော စင်အပေါ်ဝယ် ပြဒါးတိုင်များ၊ ဟိုက်ဒရိုမီတာများကို တွေ့နိုင်လေသည်။ တဲအိမ်အပြင်ဘက်ရှိ ရေခဲမျက်နှာပြင်ကိုလည်း လွန်ဖြင့်အပေါက်ဖောက်ပြီး ပြဒါးတိုင်များစိုက်ထားသည်။ ကောင်းကင်ပေါ်သို့ လိမ္မော်ရောင်ဘောလုံးနှစ်လုံးကို နိုင်လွန်ကြိုးဖြင့် ချီနှောင်ကာ လွှတ်တင်ထားသည်။

အချိန် (၁၅) မိနစ်အတွင်း ရေခဲမျက်နှာပြင်အပေါ်တွင် အမေရိကန်မိုးလေဝသစခန်းတစ်ခုအသွင်သို့ ပြောင်းလဲသွားလေသည်။ တောင်ပိုင်းသို့ မျောလျက်ရှိသော ရေခဲပြင်၏ ပြောင်းလဲချက်များကို တိုင်းတာသော စခန်းတစ်ခုအဖြစ်သို့ ပြောင်းလဲခဲ့သည်။ ပီယူအိုး၏ရှိအနေဖြင့် ဂရင်းလန်းကျွန်း၏ အရှေ့ဘက်တွင်မရှိဘဲ ဘာရင် ပင်လယ်မြောက်ပိုင်းတွင်ရှိသော အချက်သာ သူတို့တွင် ဟာကွက်ဖြစ်နေသည်ဟု ဂျွန် တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဘာမှ သက်သေပြနိုင်မှာမဟုတ်ဘူးဂျန်။ အရေးကြီးဆုံးကတော့ ရုရှားသင်္ဘောရောက်မလာခင် ခင်ဗျား ဒီကပျံတက်သွားဖို့ပဲလိုတယ်။ ကျန်တာကို ကျုပ်ကြည့်ရှင်းပါ့မယ်။ အဲဒီအတွက် စိတ်မပူပါနဲ့"

"ကျုပ်လဲ လေယာဉ်ပျံတက်လို့ရတာနဲ့ လစ်မှာပါပဲ ကပ္ပတိန်"

ထိုစဉ် ကပ္ပတိန်၏ ဆက်သွယ်ရေးစက်မှ သူ့လက်ထောက်အသံ ထွက်ပေါ်လာသည်။

"ကွန်ပျူတာစက် ဖော်ပြကိန်းရပြီ၊ ရုရှားသင်္ဘောဟာ (၁၇) မိနစ်အတွင်း ကျွန်တော်တို့ဆီကို ရောက်ရှိပါလိမ့်မယ်"

"ဘုရားရေ. . . ဒုက္ခပဲ"

"လာနေတာကတော့ ကျွန်တော်တို့ဆီ တည့်တည့်မတ်မတ်ပဲ"

"ရေငုပ်သင်္ဘော နီးကပ်လာတာနဲ့ ကျုပ်ဆီကို သတင်းပို့ပေတော့။ သူတို့ အဆက်အသွယ်လုပ်ယင် ဘာပြောရမယ်ဆိုတာ သိတယ်မဟုတ်လား"

"သိပါတယ်"

ကပ္ပတိန်ဆီးယားဘောကာ သည် တကယ့်ပင် တုန်လှုပ်မိ၏။ သူတို့တွင် အချိန်သိပ်မရှိတော့။ ထို့ကြောင့် မစ္စတာပဲစ်အဖွဲ့ကို အကြောင်းကြားလိုက်သည်။ ရေခဲပြင်လမ်းကို ရှင်းနေသော ပဲစ်အဖွဲ့မှာလည်း အပူဓာတ်ငွေ့ပိုက်လုံးများနှင့် အလုပ်ရှုပ်လျက်ရှိကြလေသည်။

ကပ္ပတိန်လက်ထောက်ထံမှ အဆက်အသွယ်ထပ်ရပြန်သည်။

"ရေငုပ်သင်္ဘောပိုနီးလာပြီ ကပ္ပတိန်၊ ကွန်ပျူတာတွက်ချက်ပေးတာကတော့ ရုရှားတို့ရဲ့ 'ဟန့်သာကီးလ်လာ' တိုက်ဖျက်ရေး ရေငုပ်သင်္ဘောအမျိုးအစားပဲ။ အကွာအဝေးကတော့ (၄. ၆) မိုင်ရှိပြီး ကျွန်တော်တို့ဆီကို (၉) မိနစ်အတွင်း ရောက်လာလိမ့်မယ်"

"ဘာပြောတယ်"

"ဟုတ်ပါတယ် ကပ္ပတိန်"

"ကဲ မစ္စတာပဲစ်၊ အဖွဲ့လုပ်ငန်းရပ်ပေတော့။ အချိန်မရှိတော့ဘူး"

"ဟုတ်ကဲ့ကပ္ပတိန်၊ ကျွန်တော်တို့ လေယာဉ်ပြေးလမ်းအကျယ်ပေ (၃၀) ကို ရှင်းဖို့ အချိန်မီပြီးမှာ မဟုတ်တော့ဘူး"

ပဲစ်၏ ဖြေကြားသံ ထွက်ပေါ်လာသည်။ ကပ္ပတိန်သည် သူ့အား တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



သည့် မျက်နှာထားနှင့် ကြည့်နေသော ဂျန်ကို တွေ့ရသဖြင့်။

"အရေးထဲမှာ မင်းက ဘာများ ထပ်အလိုရှိနေတာလဲ ဂျန်"

"နောက်ဆုံးအနေနဲ့ ရေခဲကုန်းတန်း တစ်ဘက်တစ်ချက်ပြေးလမ်းအတိုင်း ကိုက် ၁၀၀ လောက်တော့ရှင်းပေးဖို့ တောင်းပန်ပါတယ် ကပ္ပတိန်"

ဂျန် ၏ တောင်းဆိုချက်ကို ကပ္ပတိန်လိုက်လျောလိုက်သည်။ မစ္စတာ ပဲစ်အဖွဲ့ကို တဖန် အမြန်ဆုံးရှင်းပေးရန် အမိန့်ပေးလိုက်သည်။ မစ္စတာပဲစ် အစီအစဉ် မည်မျှ ပြီးစီးနေကြောင်းကို ဆက်လက်စုံစမ်းလိုက်သည်။ သူ၏ သင်္ဘောသားများကိုလည်း ရာသီဥတု တိုင်းတာရေး အကြောင်းကလွဲပြီး တခြားစကားများ မပြောဆိုရန် မှာကြား လိုက်သည်။

"ရေငုပ်သင်္ဘောရောက်ဖို့ (၇) မိနစ်ပဲ ကျန်တော့တယ်"

ဆက်သွယ်ရေးစက်မှ လက်ထောက်ဖြစ်သူသည် စိုးရိမ်တကြီးအကြောင်းကြား ပြန်လေသည်။

"တို့ကို အဆက်အသွယ်လုပ်ယင် အချိန်ဆွဲပြီး အစီအစဉ်အတိုင်း လုပ်ပေ တော့"

"ဟုတ်ကဲ့ ကပ္ပတိန်"

ရေခဲကုန်းတန်း တစ်ဘက်တစ်ချက်တွင် အလုပ်များနေသော ပဲစ်အဖွဲ့ကို ဂျန် မြင်နိုင်လေသည်။ ကပ္ပတိန်ဖြစ်သူမှာ စိုးရိမ်နေသလောက် ဂျန်ကတော့ တည်ငြိမ်လျက် ရှိသည်။

"ဂျန် ခင်ဗျား ပျံတက်နိုင်ပါ့မလား"

"ကျုပ်အတွက် တစ်မိနစ်ပဲလိုပါတယ်။ အဲဒီအချိန်အတွင်း ကျုပ်ဘယ်လောက် အဝေးကို ရောက်ရှိသွားမှာကို ခင်ဗျားကို ပြောယင် ယုံမှာမဟုတ်ဘူး ကပ္ပတိန်"

"ခင်ဗျား ဘက်ကသာ သေချာပါစေ ဂျန်"

"ရောက်လာဖို့ (၆) မိနစ်ပဲ လိုတော့တယ်။ အဆက်အသွယ်တော့ မရသေးဘူး"

စက်ခန်းအတွင်းမှ လက်ထောက်ဖြစ်သူ၏ အသံထွက်ပေါ်လာသည်။

\+ \+ \+

"ရေငုပ်သင်္ဘော ရှာတွေ့ကြောင်း သတင်းရပါတယ်။ 'အတွင်းရေး



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ဗလာဒီမီထရော့သည် မြေပုံစားပွဲခုံကို လက်နှင့်ထောက်ထားယင်း ပြောလိုက် လေသည်။ သူ့စိတ်များ ထိန်းမရနိုင်အောင် လှုပ်ရှားလျက်ရှိသော်လည်း သူ့ရှေ့ရှိ ပုဂ္ဂိုလ်များကတော့ တည်ငြိမ်လျက်ရှိသည်။ အမေရိကန် ရေငုပ်သင်္ဘော ဖြစ်ရမည်ဟု ကြိုတင်မှန်းဆခဲ့သည်။ ထို့အပြင် မည်သည့်အတွက်ကြောင့် ရောက်ရှိနေသည်ကိုလည်း သူသဘောပေါက်ပြီးဖြစ်သည်။ သူစွန့်စားပြီးဆောင်ရွက်နေရသဖြင့် သူ့ရှေ့ရေး အလုပ်အကိုင်နှင့် နိုင်ငံရေးတို့ကိုလည်း စဉ်းစားဖို့အချိန်မရှိတော့ချေ။ သူ့မျက်နှာတွင် ချွေးများ စို့လျက်ရှိပြီး တစ်ကိုယ်လုံး အဖျားကြီးနေသူကဲ့သို့ ကတုန်ကရီ ဖြစ်နေလေသည်။

"စိတ်ကို ထိန်းပါ ဗိုလ်ချုပ်ဗလာဒီမီထရော့"

အတွင်းရေးမှူးက သတိပေးသည်။

"ကျွန်တော်စိတ်ကို ထိန်းရမယ်ဟုတ်လား"

"ဟုတ်ပါတယ်၊ စိတ်ငြိမ်အောင် ထိန်းပါ"

"ကျွန်တော် စိတ်ဘယ်လိုလုပ်ပြီးထိန်းနိုင်မှာလဲ၊ ခင်ဗျားတို့စဉ်းစားဉာဏ် ခေါင်းပါးမှုကြောင့် အခု လေယာဉ်ဟာ အမေရိကန်လက်ထဲ ကျရောက်တော့မယ် မဟုတ်လား။ ဂျန်ဆိုတဲ့ လေယာဉ်မှူးအကြောင်း ခင်ဗျားအသိပဲ။ သူ့လေယာဉ်ကို ရေခဲပြင် အပေါ် ဆင်းနိုင်ခဲ့ယင် တဖန် ပြန်တက်နိုင်ဖို့ ဘာမျှမခဲယဉ်းဘူး။ အချိန်မနှောင်းခင် ကျွန်တော့စကားကို နားထောင်စေချင်ပါတယ်"

အတွင်းရေးမှူးသည် ပြန်ပြောခံလိုက်ရသဖြင့် ဒေါသကိုချုပ်တည်းကာ ဗိုလ်ချုပ် ဗလာ ဒီမီထရော့ကို စိုက်ကြည့်နေမိသည်။ ဗိုလ်ချုပ်ဗလာဒီမီထရော့ကား ယခုလိုအတင်း အကြပ် တောင်းဆိုမှုကြောင့် သူ၏ ဘဝရှေ့ရေး ပျက်စီးသွားနိုင်သည်ကို သိသော်လည်း အတွင်း ရေးမှူးအနေဖြင့် သူ၏ တင်ပြချက်ကို ဂရုမစိုက်ဘဲ နေနိုင်မည်တော့မဟုတ် ကြောင်းကို သူသိသည်။

အတွင်းရေးမှူးသည် ကေ-ဂျီ-ဘီ အကြီးအကဲဘက်သို့ လှည့်ကြည့်လိုက်သည်။

"ခင်ဗျား တစ်ခုခုလုပ်မှဖြစ်မယ် အတွင်းရေးမှူး။ အခုအချိန်ဟာ နိုင်ငံရေး အခြေအနေကို စဉ်းစားဖို့အချိန်မဟုတ်တော့ဘူး"

ဗိုလ်ချုပ်ဗလာဒီမီထရော့က ဖိပြောလျက်ပင်ရှိသည်။

"ကောင်းပြီ ဗလာဒီမီထရော့၊ ခင်ဗျားဘာလုပ်ချင်သလဲ"

"မြောက်ဘက်ကို လွှတ်ထားတဲ့ မစ် (၃၁) လေယာဉ်ကို အမြန်ဆုံးပြန်ခေါ် ချင် တယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် သူ့လည်ပင်း တင်းကြပ်သွားသကဲ့သို့ ဗိုလ်ချုပ်ဗလာဒီမီ ထရော့ ခံစားလိုက်ရသည်။ ယခုအခါ သူ့မှာ သိက္ခာ၊ အာဏာများ ဆုံးရှုံးနေပြီဖြစ်၍ ကြောက်လန့်မှုသာ ကျန်တော့သည်။ အင်အားလည်း ကုန်ခမ်းခဲ့ပြီဖြစ်သည်။ သူ့တွင် လိုလားချက် တစ်ခုသာရှိသည်။ ထိုလိုလားချက်ကား ဒုတိယ မစ် (၃၁) မောင်းနှင်သူ တရက်သ်ဆော့ဖ် အနေဖြင့် ဂျန်ဆီသို့အမှီ လိုက်ပြီး အပြတ်ချေမှုန်းနိုင်ဖို့သာဖြစ်သည်။

သူ့အား အမြဲထောက်ခံခဲ့သူ ဗိုလ်ချုပ်ကူတူးဇော့ဖ်ပင် ယခုအခါ စိတ်ဝင်စားပုံ မပေါ်ဘဲ ငြိမ်သက်နေသည်ကို တွေ့ရသဖြင့် ဗိုလ်ချုပ်ဗလာဒီမီထရော့ အတော်အားငယ် သွားသည်။

ထို့နောက် ဗိုလ်ချုပ်ဗလာဒီမီထရော့သည် ဒုတိယ မစ် (၃၁) အား ခရီးစဉ် ပြောင်းသည့် အမိန့်ကို အော်ပရေတာထံ မိန့်ကြားလိုက်သည်။ တစ်ဖက်မှလည်း သတင်းလက်ခံ ရရှိ ကြောင်း တရက်သ်ဆော့ဖ် ဖြေကြားလိုက်သည်။

အခန်းတွင်းရှိ ပုဂ္ဂိုလ်များသည် ဗိုလ်ချုပ်ဗလာဒီမီထရော့ကို ဝံပုလွေတပ်မှူး အနေဖြင့် နောက်ဆုံးအကြိမ် အမိန့်ပေးနေသည့်အလား ကြည့်နေကြလေသည်။

ဗိုလ်ချုပ်ဗလာဒီမီထရော့ ဆုတောင်းလိုက်သည်။ "တရက်သ်ဆော့ဖ် အောင် မြင်ပါစေ။ ဂျန်ကို ချေမှုန်းနိုင်ပါစေသတည်း"

\+ \+

"သူတို့အဆက်အသွယ်လုပ်ပြီ၊ သင်္ဘောအမည်ပြောဖို့အမြန်တောင်းဆို နေပါတယ်"

ဆက်သွယ်ရေးစက်မှ သူ့လက်ထောက်အသံ ထွက်ပေါ်လာသည်။

"အရေးထဲမှာ မင်းဘာတွေဖြေရမယ်ဆိုတာ အရေးထားပြီးသားမဟုတ်လား"

"ရုရှားတွေက ကပ္ပတိန်နဲ့ စကားပြောချင်တယ်တဲ့"

"ငါ ရေခဲပြင်တစ်ဘက်စွန်းမှာ စမ်းသပ်ရေးလုပ်ငန်း လုပ်နေတယ်လို့ ပြောလိုက်ပါ။ မကြာခင် ပြန်ဆက်သွယ်မယ်လို့ပြော ကြားလား"

"ဟုတ်ကဲ့ ကပ္ပတိန်၊ နားလည်ပါတယ်"

ကပ္ပတိန်သည် ရေခဲပြင်ပေါ်ရှိ ပဲစ်တို့အဖွဲ့အား လှမ်းကြည့်လိုက်သည်။

"ခုမှ ဒုက္ခရောက်တော့တယ်၊ သူတို့ အချိန်မီပြီးမှာမဟုတ်ဘူး"

"ပြီးမှာပါ ကပ္ပတိန်"



www.burmeseclassic.com

www.burmeseclassic.com



ဂျန်၏ ဖြေသံမှာ တည်ငြိမ်ပြီး၊ စိတ်ပူပန်မှု လုံးဝမပါချေ။

"ခင်ဗျား အတော်စိတ်တည်ငြိမ်အောင် နေနိုင်တဲ့လူပဲ ဂျန်"

"ဗီယက်နမ် စစ်ပွဲတုန်းက ကျုပ်ကို ပျံနေတဲ့ အလောင်းကောင်လို့ တချို့ကခေါ်ကြတယ်"

"ခင်ဗျားက လက်ခံတာပေါ့"

"မခံဘူး၊ ဒါပေမယ့် ကျုပ်တို့တပ်ကို ပြန်ရုပ်သိမ်းတဲ့ အခါမှာတော့ အဲဒီတချို့ဆိုတဲ့လူတွေ ပြန်ပါမလာကြဘူး။ သူတို့ ကျဆုံးခဲ့ကြပြီဆိုတာကို သိရတယ်ကပ္ပတိန်"

"အင်း၊ စစ်ပွဲဆိုတာ အတော်ဆိုးပါလား"

ထိုစဉ် သူတို့ထံ ပဲစ်သည် လေးလံသောခြေလှမ်းဖြင့် လာနေသည်ကို တွေ့လိုက်ရသည်။ လေယာဉ်ပြေးလမ်းရှင်းရန် ကိုက် (၁၀၀) လောက်ကျန်သေးသည်။

"ကျွန်တော်တို့ အချိန်မီပြီးမှာမဟုတ်ဘူး။ ခင်ဗျားရဲ့ လေယာဉ်ကို အခု အချိန်ရှိတုန်း ပျံမတက်ယင်တော့ ကျုပ်တို့တွေ ရုရှားထောင်နန်းစံရတော့မှာ သေချာတယ် ဂျန်"

"ခင်ဗျားမှာ အချိန်တစ်မိနစ်ကျန်ပါသေးတယ်၊ မစ္စတာပဲစ်"

ဂျန်က ခေါင်းခါယင်းပြောလိုက်သည်။ ပဲစ်က ပါးစပ်အံဖြဟောင်းသွားနှင့် အံ့ဩသွားသည်။

"ခင်ဗျားလိုချင်ယင်တော့ ဖြစ်စေရမှာပေါ့"

စကားဆုံးသည်နှင့် ပဲစ်လှည့်ထွက်သွားသည်။

"ရောက်လာဖို့ နှစ်မိနစ်နဲ့ စက္ကန့်သုံးဆယ်ပဲ လိုတော့တယ်ကပ္ပတိန်၊ ကပ္ပတိန်နဲ့ စကားပြောဖို့ပဲ တောင်းဆိုနေတယ်၊ ကျွန်တော်ဘယ်လိုမှ ပြောမရဘူး"

"အတတ်နိုင်ဆုံးအချိန်ဆွဲထားပါ၊ ရေငုပ်သင်္ဘော ရေမျက်နှာပြင်အပေါ် တက်ဖို့ အလားအလာရှိသလား၊ မသင်္ကာစရာတွေ မေးသေးလား"

"အထွေအထူးတော့မဟုတ်ဘူး၊ သာမန်မသင်္ကာစရာအနေမျိုးနဲ့သာ မေးပါတယ် ကပ္ပတိန်"

ဂျန် မျက်နှာအပေါ် နှင်းများလေနှင့်အတူ ထိုးကျလာသည်။ တောင်းတင်သို့ သူမော့ကြည့်လိုက်၏။ တောင်းကင်မှာ မြူနှင်းများကြောင့် ရှင်းလင်းစွာမမြင်ရချေ။ ဂျန်သည် ဖိုင်းယားဖော့စ်ဆီသို့ လျှောက်သွားသည်။ ပဲစ်တို့၏ အဖွဲ့မှာ လေယာဉ်နှင့် ကိုက် (၄၀) အကွာတွင် ရောက်ရှိနေပြီဖြစ်သည်။ ဂျန်သည် ကိုယ်ပေါ်မှ အနွေးထည်ကို



www.burmeseclassic.com

www.burmeseclassic.com



ချွတ်ပစ်လိုက်သည်။ လေယာဉ် ရေမခဲရန် ဆေးရည်ဖြန်းပေးနေသည့် အဖွဲ့လည်း စက်ပစ္စည်းများ သိမ်းဆည်းပြီး ဆေးရေစုတ်စက် တွန်းလှည်းကိုလည်း ရေငုပ်သင်္ဘော အတွင်း အချိန်မီသိမ်းရန် တွန်းသွားနေကြသည်။

ကပ္ပတိန်သည် သူ့လက်ထောက်ကို မှာကြားပြီး ဂျန်ဆီသို့လျှောက်လာသည်။ ဂျန် ကိုယ်ပေါ်တွင် ပိုင်းလော့ဝတ်စုံဝတ်ထားသည်ကို တွေ့ရသောအခါ အနည်းငယ် ပြုံးလာ၏။

"အင်း ဟုတ်သားပဲ"

"ကဲ၊ သွားပြီဗျို့ ကပ္ပတိန် ကျေးဇူးအများကြီးတင်ပါတယ်"

"ဒီကနေအမြန်ဆုံးထွက်ခွာပေတော့ ဂျန်"

ဂျန် ခေါင်းညိတ်ပြပြီး၊ လေယာဉ်စက်မောင်းခန်းသို့ တက်သွားသည်။ စက်မောင်းခုံပေါ်သို့ ထိုင်မိသည်နှင့် လေယာဉ်မောင်းဦးထုပ်ကို ဆောင်းလိုက်သည်။ အောက်စီဂျင်လေပိုက်ကို ဖွင့်လိုက်ပြီး လေယာဉ်ထွက်နိုင်ရန် ပြန်ဆင်တော့သည်။ လေယာဉ်ကို မြောက်ဘက်အစွန်းအထိ ပြေးလမ်းခပ်ရှည်ရှည်ရရန် မောင်းနှင်ရဦးမည်။ နှင်းများ အကုန်အစင် မရှင်းထားသည့်အတွက် ခပ်ဖြည်းဖြည်းပင် မောင်းရလေသည်။ လေယာဉ်စက်မနှိုးခင် နောက်ဆုံးစစ်ဆေးမှုများပြုလုပ်နေသည်။ သူ၏ ပိုင်းလော့ဝတ်စုံ ကို လေဖိအားထိန်း ကိရိယာနှင့်ဆက်သွယ်လိုက်သည်။ လေယာဉ်လောင်စာဆီအပြည့် ရှိကြောင်း ဆီတိုင်းလက်တံပြနေသည်။ လေယာဉ်စက်ခန်းအဖုံးကို ပြန်ပိတ်လိုက်သည်။ ခလုတ်ကျ မကျကို စစ်ဆေးလိုက်သည်။ ထိုစဉ် သူ မေ့ပါလာသော ဆီးယားဘောကာ၏ ဆက်သွယ်ရေးစက်သည် သူ့ရင်ဘတ်ဝတ်စုံအတွင်းမှ မြည်လာသည်။

"ရောက်လာဖို့ တစ်မိနစ်နဲ့ စက္ကန့် (၃၀) ကျန်တော့တယ် ကပ္ပတိန်"

အသံရှင်မှာ ကပ္ပတိန်၏ လက်ထောက်အသံဖြစ်သည်။

"ကြားတယ်မဟုတ်လားဂျန်၊ အမြန်ထွက်ပေတော့၊ မစ္စတာပဲစ်ရဲ့ အပူစာတင်ငွေ့ ပိုက်လုံးတွေ အမြန်ဆုံးသိမ်းခိုင်းလိုက်ပါ။ ရုရှားတွေ တွေ့သွားယင် မသက်သာစရာ ဖြစ်နေဦးမယ်။ ခင်ဗျား ကံကောင်းပါစေလို့ ဆုတောင်းပါတယ်ဂျန်"

ဂျန် စက်နှိုးရန် ခလုတ်နှိပ်လိုက်သည်။ ပေါက်ကွဲသံနှစ်ချက် ထွက်ပေါ်လာပြီး လေယာဉ်စက်နိုးလာ၏။ လောင်စာဆီခလုတ်ဖွင့်လိုက်ပြီး၊ စက်လည်ပတ်နှုန်းပြ ဒိုင်ခွက်တွင် (၂၇%) အမှတ်အသား၌ တည်ငြိမ်သည်အထိ လျှော့ချလိုက်သည်။ တစ်စက္ကန့်မျှစောင့်နေပြီး စက်ကိုလည်ပတ်နှုန်းဒိုင်ခွက်တွင် (၅၀%) ရောက်သည့်အထိ လက်တံကို တွန်းဖွင့်လိုက်ရာ ဖမ်းထားသော ဘရိတ်ကိုလည်း လျှော့ချလိုက်သည်။

ဖိုင်းယားဖော့စ် မရွေ့သေးချေ။



www.burmeseclassic.com

www.burmeseclassic.com



ခလုတ်ကို ပြန်ချလိုက်ပြီး ဘရိတ်များ တဖန်ဖမ်းထားလိုက်သည်။ လေယာဉ် မရွေ့သည့်အကြောင်းကို သူချက်ချင်းသိလိုက်သည်။ လက်ရှိလေယာဉ်တွင် ဖြစ်ပေါ်နေသောအခက်အခဲမှာ ပြုပြင်၍ရမည်ကို ဂျန်သိလိုက်သဖြင့် လေယာဉ်မောင်းခန်းအဖုံးကို ပြန်ဖွင့်လိုက်သည်။ ဦးထုပ်ကိုချွတ်ပြီး ကပ္ပတိန်၏ ဆက်သွယ်ရေး စက်အတွင်းသို့ အော်ပြောလိုက်သည်။

"ဆီးယားဘောကာ အပူမာတ်ငွေ့ပိုက်လုံးတွေကို ဒီကိုအမြန်ပို့ပေးပါ"

"အရေးထဲ ဘာဖြစ်ပြန်တာလဲ"

"ဒီကိုအမြန်လာပါ၊ ကျုပ်လေယာဉ်ဘီးတွေ ရေခဲပြင်ထဲမှာနစ်ဝင်နေတယ်"

မစ္စတာပဲစ်နှင့်အဖွဲ့သည် လေယာဉ်ဆီသို့တဖန် ပြေးလာကြသည်။ အပူမာတ်ငွေ့ ပေးသည့်ပိုက်များနှင့် လေယာဉ်ဘီးကို ရေခဲပြင်မှ ကွာစေရန် အပူပေးရပြန်သည်။

"ကဲ ဗိုလ်မှူးဂျန်၊ ဘုရားသခင်ရဲ့ကျေးဇူးတော်အတွက် အမြန်ဆုံး ထွက်ခွာနိုင်ပါစေဗျာ"

ဂျန်သည် သူ၏ လက်မကို ထောင်ပြကာ၊ သဘောပေါက်ကြောင်းအချက်ပြလိုက်သည်။ စက်ခန်းအဖုံးကို တဖန်ပြန်ပိတ်လိုက်ပြီး ဒိုင်ခွက်များကို စစ်ဆေးပြီး စက်ခလုတ်ကို ဖွင့်ချလိုက်ပြန်သည်။ ၅၅% သို့ပြသောအခါ ဘရိတ်များကို လျှော့ချလိုက်သည်။ လေယာဉ်ဘီးများသည် ပျော်ဝင်နေသော ချိုင့်အတွင်းမှ ဆောင့်ထွက်လာပြီး ရှေ့သို့ ထိုးထွက်ရွေ့လားလာလေသည်။

ရေခဲပြင်အပေါ်၌ ကပ္ပတိန်နှင့် ပဲစ်တို့အဖွဲ့သည် ပိုက်လုံးများကို အလျင်အမြန် ရေငုပ်သင်္ဘောထဲသို့ သိမ်းယူနေကြသည်။ ပီယူအိုင်ဒ် ရေငုပ်သင်္ဘောအပေါ်မှ သင်္ဘောသားများသည် ရေတပ်ဝတ်စုံများကိုချွတ်ပြီး သာမန်အရပ်သား ဝတ်စုံများဖြင့် တဲအိမ်ဆီသို့ လျှောက်သွားနေကြသည်။ ရုရှားများ မရောက်လာခင် ရေခဲပြင်အပေါ်သို့ သံသယမရှိစေရန် တာဝန်အသီးသီး ထမ်းဆောင်ရန် ရောက်ရှိနေကြလေပြီ။

ဂျန်သည် လေယာဉ်ကို ပြေးလမ်းအပေါ်သို့မောင်းတင်ပြီး ရှေ့သို့ တည့်မတ်စွာ မောင်းလျက်ရှိသည်။ အရှိန်ယူပြီး ပြန်အတက်တွင် ဤလမ်းကိုသာ တဖန်ပြေးသတ်ရမည်ဖြစ်သဖြင့် ဘီးအရာများ ကောင်းစွာ ထင်ကျန်ရန် အရေးကြီးလေသည်။

ပြေးလမ်းအဆုံးသို့မရောက်မီ ပင်လယ်ရေပြင်ကို ဂျန် တွေ့ရလေသည်။ ရုရှား ရေငုပ်သင်္ဘောကိုမူ အရိပ်အယောင်မျှ မတွေ့သေးချေ။ ကြည့်ရသည်မှာ ရုရှား ရေငုပ်သင်္ဘောသည် ပီယူအိုင်ဒ်အနားသို့ နီးကပ်စွာရောက်မှ ရုတ်တရက် ရေမျက်နှာပြင်ပေါ်တက်ရန် ကြံစည်ထားဟန်တူသည်ဟု ဂျန်တွေးမိသည်။

ဂျန်သည် လေယာဉ်ကို ပြေးလမ်းမဆုံးခင် စက်ဝိုင်းတစ်ဝက်ခန့် လှည့်ပတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လာရာလမ်းဘက်သို့ မောင်းတင်လိုက်သည်။ ရေခဲမျက်နှာပြင်အပေါ်ရှိ နှင်းများကြောင့် လေယာဉ်ကို အရှိန်ပြင်းစွာမောင်းတက်ရန် ခက်ခဲသည်ကို ဂျန်သဘောပေါက်သည်။ အကယ်၍ အရှိန်မြှင့်တင်ပြီး မောင်းတက်ရန် ခက်ခဲနေပါက လေယာဉ်ဦးသည် ရှေ့သို့ညွှတ်ကျပြီး လေယာဉ်လမ်းကြောင်း လွဲနေမည်သာမကဘဲ နှင်းများကြောင့် အရှိန်ပင် လျှော့ကျသွားနိုင်ပေသည်။ မစ္စတာပဲစ်နှင့်အဖွဲ့ ရှင်းပေးထားသော ပြေးလမ်း နေရာရောက်မှ အရှိန်မြှင့်တင်ရန် ဆုံးဖြတ်လိုက်၏။ သူမြင်ကွင်းတွင် ရေခဲကုန်းတန်း ပေါ်ထွက်လာသည့် မစ္စတာပဲစ် ရှင်းပေးထားသော ပေ (၃၀) ကွက်လပ်လမ်းကြောင်း ကိုမူ မြူနှင်းများကြောင့် မတွေ့ရချေ။ လေယာဉ်ပြေးလမ်းအပေါ်ရှိ နှင်းများကြောင့် လေယာဉ်ကိုယ်ထည်မှာ လှုပ်ခါလျက်ရှိသည်။

တခဏအတွင်း လေယာဉ်မှာ အတားအဆီးများမှ လွတ်ထွက်လာပြီး ရှေ့သို့ ထိုးတက်သွားလေသည်။ တစ်ချိန်တည်းမှာပင် ဂျန်သည် ခလုတ်ကို တွန်းတင်လိုက်ပြီး လေယာဉ်အရှိန်မြှင့်တင်လိုက်လေ၏။ ယခုအခါ ပြေးလမ်းတစ်ဝက်လောက် ရောက်ရှိ နေမည်ဟုခန့်မှန်းရသည်။ အဘယ်ကြောင့်ဆိုသော် လေယာဉ်ဘီးများသည် ပြောင်နေအောင် ရှင်းပေးထားသောလမ်းကြောင်းပေါ် ရောက်နေပြီဖြစ်၍ လေယာဉ် ကိုယ်ထည်ကိုထိန်းရန် ဘရိတ်ဖမ်း၍မရနိုင်သောကြောင့်ဖြစ်သည်။ လေယာဉ်အချိန် ၈၅ ရာခိုင်နှုန်းနေ့သ်သို့ မရောက်မချင်း လေယာဉ်လမ်းကြောင်းထိန်းခလုတ်ကို ထိရောက်စွာအလုပ်လုပ်နိုင်မည်မဟုတ်ပေ။ လေယာဉ်တွင် ယခုအချိန်၌ အရှိန် ၅၀ ရာခိုင်နှုန်း နေ့သ်သာ ရှိသေးသည်။

လေယာဉ်သည် မြူနှင်းများကို ထိုးဖောက်ထွက်သွားသည်။ ထိုအချိန်၌ ဆက်သွယ်ရေးစက်မှ ဆီးယားဘေကာ အသံ ထွက်ပေါ်လာသည်။

"ဂျန် ခင်ဗျားကံကောင်းပါစေ၊ ကျုပ်တို့ဆီကို ဧည့်သည်တွေ ရောက်လာကြပြီ ဗျို့"

ဂျန်၏ ကိုယ်လုံးမှာ ချမ်းစိမ့်နေသော်လည်း ချွေးများစို့နေသည်။ တခဏချင်း ပင် လေယာဉ်ကိုပြန်ထိန်းနိုင်သည်။ သူ့စိတ်အထင် နှစ်ပေါင်းများစွာကြာညောင်းခဲ့ သည်ဟု ထင်မိလေသည်။ လေယာဉ်အရှိန်ကို (၉၀) နေ့သ်သို့ မြှင့်တင်လိုက်ပြီး ပြေးလမ်းအပေါ်တွင်ရှိအောင် ထိန်းလိုက်လေသည်။ စက်ခလုတ်ကို ထပ်တင်လိုက်သဖြင့် လေယာဉ်နှုန်းပြဒိုင်ကွက်အတွင်းရှိ လက်တံကလေးသည် ထောင်တက်သွားသည်။ ရေခဲ ကုန်းတန်းကို ဖောက်ထားသော ကွက်လပ်သည် မြင်ကွင်းအတွင်းဝင်လာသည်။ ကွက်လပ်ကလေးသည် သူ့ထံသို့ ခုန်တက်လာသကဲ့သို့ ခံစားမိသည်။ ရေခဲကုန်းတန်းကို ဖြတ်ကျော်ခဲ့စဉ် လေယာဉ်နှုန်းမှာ (၁၅၀) နေ့သ် ရှိလေသည်။ (၁၇၀) နေ့သ်မှာ လေယာဉ်ပျံတက်နိုင်သော နှုန်းဖြစ်လေသည်။

ရေခဲပြင်ဆုံးသောအစွန်းကိုမြင်နေရသည်။ လေယာဉ်တက်မှတက်နိုင်မည်လား ဟု ဂျန် သံသယဖြစ်မိသည်။ တခဏချင်းပင် လေယာဉ်ဝမ်းဗိုက်အောက်တွင် ရေခဲပြင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်လွန်ပြီး ပင်လယ်ပြင်ပေါ် ရောက်သွားလေသည်။ တစ်ချိန်တည်းမှာပင် ဂျန် သည် လေယာဉ်ကို ကောင်းကင်သို့ ပျံတက်လိုက်သည်။

ဂျန် အင်ဂျင်စက်မှ အောက်သို့ တွန်းကန်အား ပိုလာသဖြင့် တိမ်လုံးများသဖွယ် နှင်းလုံးများသည် လေယာဉ်နောက်သို့ ထိုးထွက်လာသည်။ ဖိုင်းယားဖော့စ်နှာခေါင်းမှာ ကောင်းကင်သို့ ထောင်တက်သွားပြီး အမြင့်ဆီသို့ တဖြည်းဖြည်းလှမ်းတက်လေသည်။ လေယာဉ်မှာ ရေခဲပြင်မှ ဆွဲယူလိုက်သလို ပျံတက်သွားလေသည်။ လေယာဉ်ကို ပို၍ မြင့်တက်ရန် ဂျန်သည် အမြင့်တက်ခလုတ်လက်တံကို ရှေ့သို့ တွန်းတင်လိုက်သည်။ ဂျန်သည် သူ့ကို နောက်မှကန်ထုတ်လိုက်သလို ခံစားရပြီး ပိုင်းလော့စတ်စုံလည်း ဖောင်းကြွလာသည်။ လေယာဉ်မှာ ကောင်းကင်သို့ ယောင့်မှန်ကျကျ ထောင်တက်လျက် ရှိသည်။

တိမ်များဆီသို့ စက္ကန့်အနည်းငယ်အတွင်း ရောက်ရှိသွား၏။ တိမ်များအတွင်းသို့ ဝင်သွားသောအခါ အသွားနှုန်းပြ ဒိုင်ကွက်တွင် ဂဏန်းစာလုံးများ တဖြည်းဖြည်း တက်လာပြီး (၁. ၄) မက်ခ် သို့ပင် အရှိန်မြင့်တက်သွားသည်ကို တွေ့ရလေသည်။ ပေ (၂၂၀၀၀) အမြင့်တွင် ဖိုင်းယားဖော့စ်သည် တိမ်များအတွင်းမှ ထိုးဖောက်ကာ တိမ်ကင်းသော အပြာရောင်ကောင်းကင်အတွင်းသို့ ရောက်သွားလေသည်။

အပြာရောင်ကောင်းကင်မှာ နေရောင်ခြည်ကြောင့် လင်းထိန်နေသော်လည်း ရေခဲပြင်မြောက်ဘက်သို့ ပျံတက်သွားလေသည်။ ယခုအခါ လေယာဉ်ခရီးစဉ်ကို ယခင် သတ်မှတ်ထားသည့်လမ်းကြောင်းအတိုင်းမဟုတ်ဘဲ ဖင်လန်ကမ်းခြေကို ကျော်ဖြတ်ရမည် ဖြစ်သဖြင့် ခရီးလမ်းကြောင်းပြအစီအစဉ်ကို ကွန်ပျူတာစက်အတွင်းသို့ဖြည့်စွက်ပေး လိုက်သည်။ လေယာဉ်ကို (၂၁၀) ဒီဂရီသို့ ဦးတည်လှည့်ပေးလိုက်သည်။ ဖိုင်းယားဖော့စ် ကို ဆက်လက်၍ မြင့်သည်ထက်မြင့်အောင် ကောင်းကင်သို့ ပျံတက်လေသည်။

လေယာဉ်သည် ပေ (၁၂၀၀၀၀) ကျော်ထိ အမြင့်ဆုံးပျံတက်နိုင်ကြောင်း ဂျန် သိထားသည်။ ယခုအခါ သူ့အတွက် လေယာဉ်ကို မြင့်နိုင်သမျှ မြင့်တက်ဖို့လိုလာသည်။ ဘယ်လောက်အမြင့်တွင် သူရောက်ရှိနေပါသော်လည်း အင်ဖရားရက်ခ် မြင်ကွင်းမှ ရှောင်ထွက်နိုင်မည် မဟုတ်ကြောင်း သူသဘောပေါက်သည်။ သို့ရာတွင် ဘာရိန်း ပင်လယ်ပေါ် အမြင့်ဆုံးနေရာမှ လေယာဉ်ပျံသန်းနိုင်စွမ်းရှိသော အများဆုံးနှုန်းဖြင့် ပျံသန်းသွားပါက သူ့အား တားဆီးရန် လွယ်ကူမည်မဟုတ်ကြောင်းကို သူယုံကြည်သည်။ ကမ်းခြေပေါ် သို့မဖြတ်ကျော်မီ လေယာဉ်ကို အောက်သို့နိမ့်ချပြီး အမြန်ဆုံးနှုန်းနှင့် ဖင်လန်ကမ်းခြေကို ဖြတ်ကျော်ကာ 'ဘိုးသ်နီးအာ' ပင်လယ်ကွေ့ထဲသို့ ဦးတည်ပျံသန်းရန် ရည်ရွယ်ထားသည်။ ထိုမှတဆင့် စတော့စ်ဟိုးမ်သို့ ဆက်လက်ပျံသန်းရမည်ဟု ရည်ရွယ် ထားသည်။ ထိုမှတဆင့် စတော့စ်ဟိုးမ်သို့ ဆက်လက်ပျံသန်းရမည်ဟု ညွှန်ကြားထား သည့်အတိုင်း ဂျန်သည် လမ်းညွှန်ချက်ကို ကြည့်ပြီး မောင်းနှင်ရန် ဆုံးဖြတ်ထားသည်။

လေယာဉ်အမြင့် ဒိုင်ကွက်တွင် အမြင့်ပေ (၅၀၀၀၀) ရောက်နေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြလျက်ရှိသည်။ ဆက်လက်၍ မြင့်သည်ထက်ပို၍ မြင့်တက်စေလေသည် သူရောက်ရှိနေသောအမြင့်၊ ပျံသန်းနေသော လေယာဉ်နှုန်းနှင့်ဆိုလျှင် မည်သည် လေယာဉ်မျိုးဖြင့်သော်လည်းကောင်း၊ မည်သည့်ဒုံးပျံမျိုးဖြင့်သော်လည်းကောင်း မီအော ပစ်ချနိုင်လိမ့်မည်မဟုတ်ဟု ဂျန် ယုံကြည်လေသည်။

ယခုကဲ့သို့ ကမ္ဘာပေါ်တွင် အကောင်းဆုံးလေယာဉ်ကို သူမောင်းနှင့်နေရသည် အတွက် အားရကျေနပ်မိသည်။ ဤလေယာဉ်ကို မောင်းနှင်ရမည့်သူမှာ သူသာလျှ အသင့်လျော်ဆုံးလူဖြစ်သည်။ ထို့ကြောင့်လည်း သူ့ကို ဘတ်ဟိုလ်က ရွေးချယ်ခဲ့သည် မဟုတ်လော။ ဂျန်သည် စဉ်းစားနေစဉ် လေယာဉ်မှာ အမြင့်ပေ (၆၀၀၀၀) သို့ တ ရောက်သွားခဲ့လေသည်။

ဂျန်သည် ပေ (၆၀၀၀၀) အမြင့်သို့ ရောက်လာသည်ကို တရက်သ်ဆော့ တွေ့လိုက်သည်။ တရက်သ်ဆော့ဖ်၏ အရှေ့ဘက်အောက်တွင် ဂျန်လေယာဉ်စက် ထွက်လာသည့် အပူငွေ့လမ်းကြောင်းသည် အောက်ခံပင်လယ်ပြင်အပေါ် အထင်းသ ပေါ်လျက်ရှိသည်။ တရက်သ်ဆော့ဖ်၏ လေယာဉ်အတွင်းရှိ ရေဒါဒိုင်ကွက်တွင် ဘာ မပေါ်သော်လည်း အင်ဖရားရက်ဒ်ဒိုင်ကွက်တွင် အပူငွေ့ထုတ်လျက်ရှိသော လေယာဉ် ဖော်ပြနေသည်။ ထို့ကြောင့် ဂျန်ခိုးယူသွားသည့် မစ် (၃၁) လေယာဉ်သာ ဖြစ်ရမည် တစ်ထစ်ချ ယုံကြည်လေသည်။

တရက်သ်ဆော့ဖ်၏ တည်ငြိမ်သော ဦးနှောက်သည် အလုပ်ကို မအားမလ လုပ်လျက်ရှိ၏။ သူဘာလုပ်ရမည်ကို ကောင်းစွာသဘောပေါက်သည်။ ဂျန်၏ ကိုယ် ရာဇဝင်နှင့် တိုက်ခိုက်ရေးကျွမ်းကျင်မှုကို ဖိုင်တွဲမှ ကောင်းစွာဖတ်ထားပြီးဖြစ်သည် သူ့ကိုယ်သူလည်း ကိုယ်ရည်သွေးလိုက်သည်။ တစ်ခါတုန်းက မစ် (၂၁) လေယာဉ် အစ္စရေးတို့၏ ဖန်တွန်ဂျက်လေယာဉ်ကို အီဂျစ်တို့ဘက်မှ ကူတိုက်ခဲ့ဘူးသည်။ သူသ အတော်ဆုံးတိုက်လေယာဉ်မှူးများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ဂျန်သည် သူ အတော်ဆုံးလေယာဉ်မှူးထက် သာနိုင်မည်လောဟု တွေးမိလိုက်သည်။

မှတ်တမ်းအရ မစ် (၃၁) လေယာဉ်ကို မောင်းနှင်ခဲ့သည့်နာရီမှာ (၅) နာ ထက်ပင် နည်းဦးမည်။ တရက်သ်ဆော့ဖ်အနေဖြင့် ထိုလေယာဉ်မျိုးကို နာရီပေါင်း (၂၀ ကျော် ပျံသန်းခဲ့ပြီးဖြစ်သည်။ ဂျန်သည် သူနှင့် ယှဉ်ပြိုင်ချင်သလော။ သူ့အနေနှင့် ဂျန် ကလဲ့စားချေရမည်။ စိုးရိမ်ထိတ်လန့်မှုကား အမြဲပေါ်လာတတ်စမြဲဖြစ်သည်။ ဂျန် သူ ချေမှုန်းရမည်။ ဂျန်ကို သတ်ရမည်။ အခြားနည်းလမ်းတော့ သူ့၌မရှိချေ။

ဂျန်လေယာဉ်အမြီးပိုင်းနောက်သို့ ဝင်ရောက်ရန် လိုအပ်လာ၏။ အဘ ကြောင့်ဆိုသော် ရုရှားလေယာဉ်မှ ပစ်လွှတ်လာမည့် ဒုံးပျံများသည် အပူငွေ့နောက် တည့်မတ်စွာလိုက်လာပြီး ဂျန်၏ အင်ဂျင်ကို ဖြိုခွဲနိုင်မည်။ ဂျန်သည် ဒုံးပျံမျ အင်ဖရားရက်ဒ်ဒိုင်ကွက်တွင် မြင်ရလိမ့်မည်။ ဂျန်သည် လေယာဉ်ကို ဆက်လက် အမြင့်သို့ တက်လျက်ရှိပြီး လေယာဉ်လမ်းကြောင်းကိုလည်း ပြောင်းလိုက်လေသည်။

www.burmeseclassic.com



ဂျန်ကို ယှဉ်ပြိုင်ရန် သူရောက်ရှိနေသည်ကို ဂျန်တစ်ယောက်လုံးဝသိပုံမပေါ်ဟု တရက်သ်ဆော့ဖ်ယုံကြည်မိသည်။ ဂျန်၏ လေယာဉ်သည် သူညာဘက်ခြမ်းတွင်ရှိနေသော အင်ဖရားရက်ဒ် ဒိုင်ကွက်တွင် သူ့အား ရှာဖွေတွေ့မည်မဟုတ်ချေ။ ထို့ကြောင့် သူ့အရှေ့ လေယာဉ်အမြီးပိုင်းရှိရာ လမ်းကြောင်းအတွင်း အမြန်ဆုံးဝင်ရောက်ပြီး ဒုံးပျံများပစ်လွှတ်ရန် အခွင့်အရေး သူစောင့်မျှော်နေသည်။ ဂျန်၏ လေယာဉ်သည် မျှသန်းလျက်ရှိသော အမြင့်ပေ (၇၀၀၀၀) အထက်သို့ ဆက်လက်မြင့်လျက်ရှိသည်။ တရက်သ်ဆော့ဖ်လည်း သူ၏ လေယာဉ်ကို လမ်းကြောင်းပြောင်းပြီး ဂျန်နောက်သို့ ထပ်ချပ်မကွာ လိုက်တက်သည်။ သူ၏ လေယာဉ်ဒိုင်ကွက်တွင် လိမ္မော်ရောင်အကွက်သည် တည့်မတ်စွာ လေယာဉ်လမ်းကြောင်းအတိုင်း ရောက်ရှိလာသောအခါ စိတ်အာရုံပစ်ခတ်ရေးစနစ်မှ အလိုအလျောက် 'အာနစ်ဖ်' ဒုံးပျံနှစ်လုံးကို ဂျန်လေယာဉ်ဆီသို့ ပစ်လွှတ်လိုက်လေသည်။ ပစ်မှတ်သို့ တည့်မတ်စွာ သွားရောက်နေကြောင်း ဒိုင်ကွက်တွင် တရက်သ်ဆော့ဖ်တွေ့ရလေသည်။

'အီး၊ စီ၊ အမ်' ကိရိယာသည် ချက်ချင်းပင် ဂျန်၏နားကြပ်ခွက် အတွင်းမှ သတိပေး နှိုးဆော်လိုက်သည်။ ဒိုင်ခွက်တွင် သူ့လေယာဉ်ဆီသို့ တည့်မတ်စွာ ဦးတည်လာနေသော ဒုံးပျံနှစ်လုံးကို လိမ္မော်ရောင်အကွက် နှစ်ကွက်ကပြလျက်ရှိသည်။ ဂျန်သည် အကြီးအကျယ်အံ့ဩမိသည်။ သူ့မျက်စိကိုပင် သူမယုံကြည်မိချေ။ ဒုံးပျံနှစ်လုံးမှာ အမှန်တကယ်ပင် သူ့နောက်သို့ လိုက်လာလျက်ရှိသည်။ အင်ဖရားရက်ဒ်ဒုံးပျံမှ လွတ်ရန်မှာ တစ်လမ်းသာရှိသည်။

ထိုနည်းကို ခြောက်ရက်ကြာ စစ်ပွဲတွင် အစ္စရေးလေယာဉ်မှူးများနှင့် ဗီယက်နမ်တိုက်ပွဲတွင် အမေရိကန်တို့ အသုံးပြုခဲ့ဖူးလေသည်။ ထိုနည်းမှာ ယခုလို အခြေအနေမျိုး၌ လေယာဉ်ကို အမှတ်မထင် လျှပ်တစ်ပျက်လမ်းကြောင်း ပြောင်းပစ်ရန်ဖြစ်သည်။ ထိုအခါ လေယာဉ်ထိပ်ဖူးတွင်ရှိသော အပူငွေ့အာရုံခံနိုင်သည့် ကိရိယာသည် လေယာဉ်မှ အပူဓာတ်ငွေ့ လျှပ်တစ်ပျက်ပျောက်ကွယ်သွားသဖြင့် လေယာဉ်နောက်သို့ အဆက်အသွယ်ပြတ်ကာ ဆက်လိုက်နိုင်စွမ်းရှိမည်မဟုတ်ပေ။

ဂျန်သည် လေယာဉ်စက်ကို မြှင့်တင်ပြီး လေယာဉ်ကို ကောင်းကင်ပေါ်သို့ မောင်းနေသည့် လမ်းကြောင်းမှနေ၍ ထောင့်ကျဉ်းအနေထားပြီး ရုတ်တရက်ချိုးဝင်လိုက်သည်။

တစ်ချိန်တည်းမှာပင် လေယာဉ်ကို ညာဘက်သို့စောင်းလိုက်ပြီး လှမ့်ချလိုက်သည်။ ဂျန်၏ လေယာဉ်ဦးသည် အောက်သို့စိုက်ကျပြီး ဒုံးပျံများလမ်းကြောင်းအောက်သို့ ရောက်ရှိသွားလေသည်။ ကမ္ဘာမြေကြီး၏ ဆွဲငင်အားကြောင့် ဂျန်၏ မြင်ကွင်းမှာ ကျဉ်းမြောင်းသွားသည်။ ကမ္ဘာမြေကြီး၏ ဆွဲငင်အားကို တိုင်းတာသည့်ဒိုင်ကွက်တွင် အပေါင်းလက္ခဏာ (+) (+၀) ဂျီအတိုင်းအတာကို ပြလျက်ရှိသည်။ (+၁၀) ဂျီ အထိ ရောက်ခဲ့ပါက 'ဂျန်' အနေဖြင့် သတိလစ်သွားနိုင်ပြီး လေယာဉ်ကို ထိန်းနိုင် တော့မည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေ။ သူဝတ်ထားသည့် ဂျီ ဝတ်စုံမှာ ဖောင်းကြွပြီး ခြေထောက်နှင့် ဝမ်းပိုက် ကို တင်းကြပ်စွာ ဖိညှပ်ထားလေသည်။

ဒုံးပျံနှစ်လုံးသည် သူ့လေယာဉ်ခြေရာပျောက်သွားသဖြင့် ယခင်လမ်းကြော အတိုင်း ဆက်လက်သွားနေသည်ကို ဒိုင်ကွက်ပေါ်တွင် ဂျန်မြင်နေရသည်။ ဒုံးပျံ အတွင်းရှိ လောင်စာများ ကုန်ခမ်းသွားသည့်အခါ ပင်လယ်ထဲသို့သာ ထိုးကျသွား

လေယာဉ်ကို ဂျန် ထိန်းလိုက်သည်။ သူ့မြင်ကွင်းလည်း တခဏချင်း ကြည်လင်ပြတ်သားလေသည်။ လေယာဉ်၏ ပျံသန်းနှုန်းမှာ ကျဆင်းလျက်ရှိ သူသည်အတွေ့အကြုံနည်းသော သူငယ်လေးပမာ အငိုက်မိခံလိုက်ရသည်။ ရေ ခွက်ပေါ်တွင် ယခုထက်တိုင် ဘာမျှ ရှာမတွေ့သေးချေ။ သူ၏လေယာဉ်နောက် အင်ဖရားရက်ခ်ဒိုင်ကွက်ပေါ် မဖော်ပြနိုင်သော မျက်ကွယ်ရာအကွက်တွင် တရ ဆော့ဖ် ကပ်ပါလိုက်လာနေသည်ကို ဂျန် လုံးဝမသိလိုက်ချေ။ ဂျန်မှာ တုန်လှုပ်ခ ခြားသွားသည်။ သူ့မျက်စိအမြင်ဖြင့် ရှာဖွေရမည်။ သို့မဟုတ်ပါက သူ့အနေဖြင့် ရှာဖွေနိုင်စွမ်းရှိမည်မဟုတ်ပေ။ ရန်သူမှာ မည်သူဖြစ်သည်ကို ခန့်မှန်းမိသော် အတည်မပြုနိုင်သေးချေ။

လေယာဉ်နောက်ဘက်ကြည့်မှန်တွင် ကြည့်လိုက်ရာ အရာဝတ္ထုတစ် နေရောင်ဟပ်သဖြင့် အရောင်လက်သွားသည်။ ဂျန်သတိထားမိလေသည်။ ရေ ဘာမှရှာမတွေ့သေးဘဲရှိသည်။ ယခုမှ သူခန့်မှန်းထားသည့်အတိုင်း မှန်ကန်ကြော သိရလေသည်။

ဘဲလ်ယာဒ်စခန်းရှိ လေယာဉ်ယန္တရားရုံကို မီးရှို့ခဲ့စဉ်က၊ ဒုတိယ မစ် လေယာဉ်ကို လုံးဝမဖျက်ဆီးနိုင်ခဲ့ပေ။ ထို့ကြောင့် လေယာဉ်ကို အမြန်ဆုံးပြ သူ့နောက်သို့ လွှတ်တင်နိုင်ခဲ့ခြင်းကို ဂျန်သဘောပေါက်သည်။ ဂျန်တစ်ကိုယ်လုံး ချေ ဖြင့်စိုနေသည်။ သူ့နောက်မှ လိုက်နေသည့်လေယာဉ်မှာ သူ့လေယာဉ်၏ အမွှာညီအ ဖြစ်သည်သာမက လေယာဉ်မှူးမှာလည်း သူ့ထက်ပိုပြီး ကျွမ်းကျင်သူဖြစ်သည် ယုံကြည်လေသည်။

ဂျန်သည် လေယာဉ်အရှိန်မြင့်တင်လိုက်သည်။ လေယာဉ်မှာ မြှားတစ်စင်း လွှတ်လိုက်သကဲ့သို့ ရှေ့သို့ ထိုးထွက်သွားသည်။ တစ်ချိန်တည်းမှာပင် လေယာ ဘယ်ဘက်သို့ ရုတ်တရက်ထိုးကွေ့လိုက်ပြီး ကောင်းကင်ပေါ်သို့ ထောင်တက်လိုက်သ သူ၏ ကျောနှင့် မြေမျက်နှာပြင်မှာ တစ်ပြေးတည်းဖြစ်သွားသည်။

နောက်ဘက်ကြည့်မှန်တွင် ရုရှားသည် သူ့နောက်သို့ ဆက်လိုက်လာကြော တွေ့ရသည်။ ရုရှားလေယာဉ်မှူးတွင် ဒုံးပျံနှစ်လုံး ပစ်လွှတ်ခဲ့ပြီးဖြစ်သဖြင့် သူ့ နှစ်လုံးသာ ကျန်ရှိသောကြောင့် စက်သေနတ်ဖြင့် ပစ်ရန် ရည်ရွယ်နေမည်ကို ဂျန် မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုရှားလေယာဉ်မှူးသည် လူတော်တစ်ဦးဖြစ်ကြောင်း ဂျန်ဝန်ခံသည်။ သူ၏ လေယာဉ်ကို ပစ်မှတ်စက်ကွင်းအတွင်း ဝင်အောင် နောက်မှလိုက်နေခြင်းဖြစ်သည်။ ဂျန်လေယာဉ် ရေဒါဒိုင်တွက်တွင် လိမ္မော်ရောင်အကွက်ပေါ်လာသည်။ သူ့နောက်မှ လိုက်နေသော လေယာဉ်အကြောင်းကို သိနှင့်ပြီဖြစ်သဖြင့် မတုန်လှုပ်တော့ချေ။

ဂျန်သည် ဘယ်ဖက်သို့တဖန်ကွေ့ချလိုက်ပြီး လေယာဉ်ကို အောက်သို့ နှိမ့်ချလိုက်သည်။ ရုရှားလေယာဉ်မှ သူ့ကို စက်သေနတ်ဖြင့် ပစ်နေကြောင်း ရေဒါဒိုင်တွက်တွင် လိမ္မော်ရောင်အစက်ကလေးများ တွေ့ရသဖြင့် သိရလေသည်။

လေယာဉ်မှာ အောက်သို့တစ်ပါတ်ချင်း လှမ့်ချနေသောကြောင့် စက်သေနတ်ကျည်ဆံများ မထိမှန်ခဲ့ချေ။

ဂျန်သည် ဆက်ပြီး လေယာဉ်ကို (၉၀) ဒီဂရီ အနေအထားဖြင့် လှမ့်ချပြန်သည်။ ဖိုင်းယားဖော့စ်မှာ ကိုယ်ထည်အလျားလိုက် တုန်ခါနေသည်။ ဂျန်၏ ဝမ်းဗိုက်ကြွက်သားများလည်း ကြုံ့သွားလေသည်။ သူ၏မြင်ကွင်းမှာ တစ်ဖက်ကျဉ်းမြောင်းသွားကာ "ဂျီ" ဒိုင်ကွက်တွင် (-၉) ဂျီ ပြလျက်ရှိသည်။ BURMESE CLASSIC .com

လေယာဉ်ကို လှမ့်နေရာမှ ပြန်ထိန်းလိုက်သောအခါ သူ့ရှေ့တွင် ရုရှားလေယာဉ်ကို တွေ့လိုက်သည်။ ဂျန်သည် သူ့လေယာဉ်ကို အရှေ့တွင် ရောက်နေသော ရုရှားလေယာဉ်အမြီးလမ်းကြောင်းအတွင်း အနီးကပ်ဝင်လိုက်သည်။ ယခုအခါ ပစ်မှတ်အကွာအဝေးမှာ ကိုက် (၆၀၀) တွင်ရှိသည်။ ဂျန် စဉ်းစားလိုက်သည်။ တစ်ချိန်တည်းမှာပင် ဒုံးပျံနှစ်လုံးသည် အလိုအလျောက် ရုရှားလေယာဉ်ဆီသို့ ဦးတည်ထွက်ခွာ သွားလေသည်။ ဒုံးပျံများ ပစ်လွှတ်ရန် ထိန်းသိမ်းသည့် စက်ကိရိယာစနစ်သည် ရေဒါနှင့်သာ ဆက်သွယ်မှုရှိပြီး "အင်ဖရားရက်ဒ်" စနစ်ဖြင့် လုံးဝမဆက်သွယ်ချေ။

ရုရှားလေယာဉ်မှူးသည် သူရှောင်ခဲ့သည့်အတိုင်းပင် ပထမလေယာဉ်ကို လျှပ်တစ်ပြက် မိုးပေါ်သို့ ထောင်တက်လိုက်ပြီး ညာဘက်သို့တဖန် လှမ့်ချလိုက်သည်။ ဒုံးပျံများမှာ ခြေရာပျောက်သွားသော လေယာဉ်ပျံသန်းခဲ့သည့်လမ်းကြောင်းအတိုင်း ထွက်သွားလေသည်။ ဂျန်သည် သူ၏ လေယာဉ်ကို ညာဘက်သို့လှိမ့်ချပြီး ရုရှားလေယာဉ် နောက်သို့ လိုက်ပြန်လေသည်။ မြေကြီးဆွဲငင်အားကြောင့် သူ၏ ဦးနှောက် ထိုင်းမှိုင်းလာပြီး မြင်ကွင်းမှာလည်း နီးကပ်လျက်ရှိသည်။ လေယာဉ်အရှိန်ကို ဂျန် လျှော့ချလိုက်သည်။ သူ့ ဦးခေါင်းအောက်တွင် အာတိတ်သမုဒ္ဒရာပြင်ကြီးသည် တွဲလောင်း ယိမ်းယိုင်နေသည်ကို တွေ့ရလေသည်။

ဂျန်မှာ ကြောက်လန့်တကြား ရုရှားလေယာဉ်ကို ရှာဖွေနေပြန်သည်။ အဘယ်ကြောင့်ဆိုသော် ရုရှားလေယာဉ်ကို သူတဖန် မျက်ခြေပြတ်ခဲ့သည်။ လေယာဉ်မှန်မှ ဂျန် မျက်လုံးသို့ အရောင်ပြန်ဟပ်လိုက်သည်။ ရုရှားကို သူရှာတွေ့လိုက်သည်။ ရုရှားလေယာဉ်မှူးမှာ သူသုံးခဲ့သော လှည့်ကွက်အတိုင်း လေယာဉ်ကို လှမ့်ချပြီး ယခုသူ၏ နောက်တွင် ရောက်ရှိနေပေသည်။ ဤတစ်ကြိမ်တွင် သူ့အတွက် အသက်ရှင်လမ်းမရှိတော့ဟု



www.burmeseclassic.com

www.burmeseclassic.com



ဂျန် တွေးမိလေသည်။

ဘယ်ဘက်ခလုတ်ကို ဂျန်နင်းချလိုက်ပြီး လက်တံကို အထက်သို့မတင်လိုက် သဖြင့် ဖိုင်းယားဖော့စ်သည် ဘယ်ဘက်သို့ကွေ့ထွက်သွားသည်။ ထိုသို့ ပြုလုပ်စဉ် ရှေ့ လေယာဉ်မှ ဒုံးပျံတစ်လုံး ပစ်လွှတ်လိုက်သည်ကို ဂျန်တွေ့ရလေသည်။ ရေဒါဒိုင်ကွက် ပေါ်တွင် လင်းထိန်နေသော လိမ္မော်ရောင်အကွက် ထွက်ပေါ်လာသည်။

ဂျန်သည် လက်တံကို လျှင်မြန်စွာ ဆွဲချလိုက်သည်။ ကမ္ဘာမြေကြီးဖိအားသည် သူ့ကိုယ်ကို ထိုင်ခုံအတွင်း ကန်သွင်းလိုက်သကဲ့သို့ ခံစားရပြီး အလွန်ကြီးမားသော ဖိအား သည် သူ၏ခြေထောက်နှင့် ဝမ်းဗိုက်အပေါ် ကျရောက်လျက်ရှိသည်။ သူဆောင်းထား သည့် ဦးထုပ်တွင် ကပ်ဆင်ထားသော မျက်နှာအကာသည် အသားအရေများကို ဆွဲထု နေသကဲ့သို့ ခံစားနေရလေသည်။

လေယာဉ်သည် ပက်လက်အနေအထားဖြင့် လည်ပတ်ကာ အောက်သို့ကျ သည်။ ဒုံးပျံသည် သူ့အထက်တွင် ခြေရာပျောက်ကျန်ခဲ့သဖြင့် စိတ်သက်သာမှု ရခဲ့သော် လည်း 'ဂျီ' ဒိုင်ကွက်တွင် (၈ ½) မှ (၉) ဂျီသို့ ရွေ့တက်လာသဖြင့် ဂျန် ထိတ်လန့်သွား သည်။ လေယာဉ်ပျံနှုန်းမှာလည်း (၁၀၀) နော့သ်အထိ ကျဆင်းသွားခဲ့သည်။

လေယာဉ်မှာ လည်ပတ်ကာ ကျနေသဖြင့် "တာဘိုင်" အင်ဂျင်စက်များအတွင်း လေဝင်မဖူလုံသောကြောင့် စက်မသေသွားအောင် အော်တိုမစ်တစ် စက်နှိုးစနစ်သည် စက္ကန့်သုံးဆယ်တိုင် စက်နှိုးပေးလျက်ရှိသည်။ ယခုအခါ စက်လည်ပတ်နှုန်းမှာ ၆၀% ရှိသည်။ အဖြစ်အပျက်ကို သဘောပေါက်သည့်အချိန်တွင် လေယာဉ်မှာ ပေ (၈၀၀ အမြင့်မှ နိမ့်ဆင်းခဲ့ပြီး ဖြစ်သည်။ လေယာဉ်သည် ထပ်မံနိမ့်ဆင်းလျက်ရှိသည်။ ရုရှား လေယာဉ်ကို ဂျန်မျက်ခြေပြတ်ခဲ့သော်လည်း ရုရှားလေယာဉ်မှူးသည် ဂျန်၏ အပြုအမူ ကို စောင့်ကြည့်လျက် ၎င်းလေယာဉ်ကို အောက်သို့ထိုးဆင်းခဲ့သည်။ ဂျန်မှာ ရုရှား လေယာဉ်မှူးအတွက် ပစ်မှတ်အတွင်း အဆင်သင့်ဖြစ်နေလေသည်။

လေယာဉ်ဦးခေါင်းကို အောက်သို့ ညွှတ်ချခြင်းဖြင့် လေဝင်လမ်းကြောင်း ပိုကောင်းလာမည်ဖြစ်ကာ ပျံသန်းနှုန်းမြင့်တင်နိုင်မည်သာမက လေယာဉ်ကိုလည်း ပြန်ထိန်းနိုင်မည်ဖြစ်သည်။ လေယာဉ်ဦးခေါင်းကို အောက်သို့ နှိမ့်ချလိုက်သည်။

လေယာဉ်သည် လုံးဝတုန့်ပြန်ခြင်းမရှိဘဲ ယခင်အတိုင်း လည်ပတ်ကာနိမ့် ကျလျက်ရှိသည်။ ယခုအခါ ပေ (၁၀၀၀၀) အထိ နိမ့်ဆင်းခဲ့ပြီးဖြစ်၍ ဆက်လက် နိမ့်ဆင်းနေလေသည်။ ဂျန်သည် စိုးရိမ်ထိတ်လန့်စွာဖြင့် တဖန်ကြိုးစားလိုက်ပြန်သည်။ ဤအကြိမ်တွင် လေယာဉ်အမြီး ထောင်တက်သွားပြီး လေယာဉ်ဦးခေါင်း ရုတ်တရက် အောက်သို့ ညွှတ်ကျသွားသည်။ လေယာဉ်သည် ဦးစိုက်လည်ပတ်ကာ နိမ့်ဆင်းနေပြန် သည်။ မျက်နှာချင်းဆိုင်တက်မနင်းချပြီး ခလုတ်ကို ဖွင့်လိုက်သည်။ ပေ (၂၀၀၀ အရောက်တွင် လေယာဉ်စက်ကို ဂျန် ပြန်ထိန်းနိုင်တော့သည်။ လေယာဉ်သည် ပုံမှန်အနေအထားသို့ ရောက်ရှိသွားသည်။ ဂျန်တစ်ယောက် ယခုမှ အသက်ရှူနိုင်



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

ဒိုင်ကွက်တွင် လင်းထိန်နေသောအကွက်ကို မြင်ရသောအခါ ဂျန်၏ မျက်လုံးများ ပြူးကျယ်သွားလေသည်။ ရုရှားလေယာဉ်မှာ (၁. ၆) မက်ခ် နှုန်းသာသာနှင့် သူ့နောက်သို့ တည့်မတ်စွာ လာနေသည်။ ဂျန်တွေ့ရလေသည်။ နောက်ကြည့်မှန်တွင် ရုရှားလေယာဉ် နီးကပ်လာကြောင်း ကောင်းစွာမြင်နေရသည်။

ဂျန်မှာ ရုရှားလေယာဉ်မှူး၏ လက်ခုပ်အတွင်း ကျရောက်နေလေပြီ။ ရုရှားလေယာဉ်မှူးသည် နီးကပ်လာမှ ဂျန်ကို ခြေမှုန်းရန် ဆုံးဖြတ်ထားဟန်တူသည်။

ရုရှားလေယာဉ်ထံမှ လိမ္မော်ရောင်အကွက်ကလေးများ ပစ်လွှတ်နေသည်ကို နောက်ကြည့်မှန်တွင် ဂျန်တွေ့ရသည်။ သူ့အား စက်သေနတ်ဖြင့် ပစ်နေကြောင်း သိလိုက်သည်နှင့် လေယာဉ်ကို တစ်ဖက်သို့ လမ်းကြောင်း ပြောင်းလိုက်သည်။ ရုရှား လေယာဉ်မှူးလည်း ဂျန်ပြောင်းသွားသည့် ဘက်သို့ ရွှေ့ဝင်ပြီး လေယာဉ်အမြီးပိုင်းမှ ထွက်နေသော အပူငွေ့လမ်းကြောင်းအတွင်း ဝင်ရောက်ခဲ့လေသည်။ ရုရှားလေယာဉ်မှူး၌ ဒုံးပျံတစ်လုံးသာ ကျန်တော့သဖြင့် စိတ်ချယုံကြည်ရမည့်အနေအထားမျိုးရောက်မှ ပစ်လွှတ်ရန် ကြံစည်ထားပုံရလေသည်။

ဂျန် အကြီးအကျယ် တုန်လှုပ်မိသည်။ သူ့ဦးနှောက်အတွင်း နောက်မှ လိုက်နေသော လေယာဉ်ကို ပစ်ချနိုင်ရန် နည်းလမ်းများကို ရှာဖွေလျက်ရှိသည်။ စိတ်အာရုံစနစ်ဖြင့် အလိုအလျောက် အလုပ်လုပ်ဆောင်ပေးလိုက်သည်။ လေယာဉ်အမြီးပိုင်းရှိ လျှို့ဝှက်စက်ကိရိယာ ခုံအခန်းမှ လေယာဉ်အနောက်ဘက်သို့ ဘော်လုံးတစ်လုံး တွန်းထုတ်လိုက်လေသည်။ ဘော်လုံးမှာ လေယာဉ်မှ ထွက်လာပြီး လေထုထဲ အရောက်တွင် အဟုန်ကြီးစွာ မီးထလောင်ပြီး လေထဲတွင် ရပ်တည်လျက်ရှိကာ လောင်ကျွမ်းတော့လေသည်။

BURMESE CLASSIC .com

မီးလုံးကြီးကို လေယာဉ်နောက်ကြည့်မှန်တွင် မျက်စိကျိန်းလုမတတ် ဂျန်မြင်ရသည်။ ထိုအခိုက် မီးလုံးကြီးမှာ မိုးအထိ ထိုးတက်သွားသလို မြင်လိုက်ရပြီး ဂျန်၏ လေယာဉ် တုန်ခါသွားလေသည်။ ပေါက်ကွဲသံ ဟိန်းထွက်သွား၏။ ဂျန်သည် လေယာဉ်ကို အမြန်ဦးလှည့်လိုက်ပြီး စက်ကို ပုံမှန်ထိန်းလိုက်သည်။ သူ့တစ်ပါတ် ပါတ်ခဲ့သော စက်ဝိုင်းအတွင်း ဘာမှ ရှာမတွေ့ခဲ့ချေ။ လိမ္မော်ရောင် မီးတောက်မှ အခိုးများ ကောင်းကင်ပေါ်သို့ မဲမှောင်ထိုးတက်လျက်ရှိသည်။ ပြောင်လက်သော သတ္တုအပိုင်းအစများသည် မီးတောက်အတွင်းမှ ဖြာထွက်လာလေသည်။

ဂျန် လေယာဉ်မှ ထုတ်လွှတ်လိုက်သည့် မီးလုံးကြီးသည် သူ့လေယာဉ် နောက်တွင် ကပ်လိုက်လာသော ရုရှားလေယာဉ်ကို လေဖြင့် စုတ်ယူလိုက်သဖြင့် ချက်ချင်း ပေါက်ကွဲသွားလေသည်။

အခြေအနေအရပ်ရပ်ကို သဘောပေါက်သောအခါ ဂျန်သည် ပျော့တက်လာပြီ



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းအကာအတွင်း ထိုးအံလေ၏။ ဦးခေါင်းအကာအတွင်းအံပတ်များပြည့်ပြီး အသက်ရှူကြပ်သွားသဖြင့် ဆက်မအံရန် ထိန်းထားလိုက်လေသည်။

သူ၏ စိတ်အာရုံခံစားမှုသည် သူ့တစ်ကိုယ်လုံးကို လွှမ်းမိုးထားခဲ့သည်။ သူ့တစ်ကိုယ်လုံး တုန်ခါလျက် ရှိနေသည်ကို သတိထားမိလေ၏။

ဂျန်သည် သူ့စိတ်ကို ပြန်ထိန်းလိုက်သည်။ လေယာဉ်စက်ခုံရှိ အော်တိုပိုင်းလော့ ခလုတ်ကို နှိပ်ချလိုက်သည်။ နောက်ဆုံးလေယာဉ် လမ်းကြောင်းခရီးစဉ်အတိုင်း ကြိုးစား ပြီး စဉ်းစားယူခဲ့ရလေသည်။ ကွန်ပျူတာစက်အတွင်း သူလိုလားသည့်ခရီးစဉ်များ ဖြည့် စွက်လိုက်သည်။

ဖိုင်းယားဖော့စ်လေယာဉ်သည် တစ်ဘက်သို့ ကွေ့ထွက်သွားပြီး လေယာဉ် စက် တစ်ဖန် တည်ငြိမ်သွားကာ ဖင်လန်ကမ်းခြေသို့ ဦးတည်လျက်။ ဂျန်တစ်ယောက် အားအင်ကုန်ခမ်းပြီး ရင်များ တုန်လျက် တစ်ကိုယ်လုံးလန့်နေသည်။

သူမကြာခင် သက်သာလာမည်ကို ယုံကြည်မိ၏။ ထိုအခါကျမှ လေယာဉ်ကို တဖန် ကိုယ်တိုင် ထိန်းကျောင်းတော့မည်။ လောလောဆယ်တော့ မဖြစ်သေးဘူးဟု ရေရွတ်လိုက်၏။

ဖိုင်းယားဖော့စ်ဟု နေတိုးအဖွဲ့မှ စကားဝှက်ဖြင့် အမည်ပေးထားသော ကမ္ဘာ့ မဟာဗျူဟာအမြောက်ဆုံး တစ်စင်းတည်းသော လေယာဉ်ဖြစ်ပြီး တန်ဖိုးမဖြတ်နိုင်သည့် မစ် (၃၁) တိုက်လေယာဉ်သည် ပေ (၈၀၀၀၀) အမြင့်တွင်၊ မက်ဂျ် (၃. ၇) မိုင်နှုန်းဖြင့် ညို့ညို့မှိုင်းမှိုင်း ဖင်လန်ကမ်းခြေသို့ ဦးတည်ပျံသန်းလျက် ရှိလေသတည်း။

ပြီး ပြီ

ဝင်း မြင့် အောင်

ဂန်ကုန်မြို့။

၁၉၈၃-ခုနှစ်၊ ဇွန်လ (၂) ရက်



www.burmeseclassic.com